www.burmeseclassic.com

တက္ကသိုလ်

# သိဟငအောင်

ဝမ်အင်းဓရိလ်

## သူရဲကောင်းနှင့်မေတ္တာပုစ္ဆာ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

## သိပ္ပံအောင်

# သူရဲကောင်းနှင့်မေတ္တာပန်းခြံ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၁၀၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၈၂၀၉၀၉

၂၀၀၉ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com



## သွေးလင်းနို့

လဆန်းငါးရက်…

ကောင်းကင်ပေါ်၌ လကွေးလေး ရှိနေသည်။

ကြယ်ကလေးများလည်း နေရာယူထားပြီး ကြယ်ရောင် လရောင်က မှုန်ပျပျ လင်းနေ၏။

ချင်းယန်မြို့သို့ သွားသော တောလမ်းကလေးအတိုင်းလူတစ်ယောက် လျှောက်လှမ်းသွားနေ၏။

ထိုလူသည် အဖြူရောင်ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားရာ သိုင်းလောကသားတစ်ယောက် ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်ပေသည်။

သိုင်းလောကသားတို့သည် အကြောက်အရွံ့ကင်းမဲ့သည်ဟုဆိုသည့် စကားအတိုင်း မကောင်းဆိုးဝါးများ ကျင်လည်ကျက်စားနေသည်ဆိုသော ချင်းယန်မြို့ အနောက်ဘက် တောလမ်းအတိုင်း လျှောက်လှမ်းလာနေခြင်း ဖြစ်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုတောလမ်းသည် သချိုင်းမြေတစ်ခု အနီးမှ ဖြတ်သန်းသွားရသေးသည် မဟုတ်ပါလား။

ထိုလူ ခပ်သုတ်သုတ် လျှောက်လှမ်းလာယင်း ရုတ်တရက် ခွေးအူသံများ ကြားလိုက်ရလေသည်။

"ဝုတ်..ဝုတ်..ဝူး"

တိတ်ဆိတ်နေသော ညဉ့်ယံတွင် ခွေးအူသံများ ကြားလိုက်ရသည်မှာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှပေတော့သည်။

အဖြူရောင်ဝတ်ထားသူ ခြေလှမ်းရပ်သွားလေသည်။

ခွေးအူသံများ ထွက်ပေါ်လာရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ခွေးအူသံများကြားရသော်လည်း ခွေးများကို မတွေ့ရပါ။

တောင်ကုန်းလေးတစ်ခု အနီးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုတောင်ကုန်းလေး အနီး၌ သစ်ပင်ချုံနွယ်များ ကျဲပါးသွားပြီး မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုသချိုင်းမြေသည် ချင်းယန်မြို့နှင့် မနီးမဝေး၌ ရှိနေခြင်း ဖြစ်သည်။

သချိုင်းမြေကို တွေ့မြင်လိုက်ရခြင်းကြောင့် ချင်းယန်မြို့ကလေးနှင့် နီးကပ်လာပြီ ဖြစ်ကြောင်း သိနိုင်၏။

ထိုလူက ရှေ့ဆက်လျှောက်သွားလိုက်၏။

သချိုင်းမြေနှင့် တစ်စထက်တစ်စ နီးကပ်သွားလေသည်။



ထိုစဉ်...

"ဂစ်"

ညဉ့်ငှက်တစ်ကောင်၏ ရူးရူးဝါးဝါး အော်မြည်သံ ထွက်ပေါ်လာလေသည်။

အဖြူရောင်ဝတ်ဆင်ထားသူ ခြေလှမ်းရပ်သွားပြန်သည်။

ဟိုဟိုသည်သည် ကြည့်လိုက်သည်။

ထိုအခါမှ ထူးခြားမှုတစ်ခု ဖြစ်ပေါ်နေကြောင်း တွေ့လိုက်ရလေသည်။

သချိုင်းမြေထဲမှ အုတ်ဂူတစ်ခုပေါ်၌ လင်းနို့များ ပျံဝဲနေသည်ကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

အဖြူရောင်ဝတ်ထားသူ မျက်မှောင်ကျုံ့သွားလေသည်။

"ချင်းယန်မြို့က ဗျိုမိတ်ဆွေစွမ်းထုံက ခုတလော သိုင်းလောကမှာ ထကြွသောင်းကျန်းလာတဲ့ 'သွေးလင်းနို့ဂိုဏ်း'က ဂိုဏ်းသားတစ်ယောက်ကို ရင်ဆိုင်သုတ်သင်ပြီး သွေးလင်းနို့ဂိုဏ်းသားရဲ့ အလောင်းကို သည်သချိုင်းမြေထဲမှာ မြှုပ်နှံခဲ့တာပဲ"

ချင်းယန်မြို့မှ သိုင်းသမားစွမ်းထုံမှာ အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်သည်။

မကောင်းသူပယ် ကောင်းသူကယ် အများအကျိုး ဆောင်ရွက်သူ ဖြစ်၍ အများပြည်သူ လေးစားကြည်ညိုကြလေသည်။

ယခုတလေ သိုင်းလောကအား နှောင့်ယှက်နေသည့်သွေးလင်းနို့ဂိုဏ်း ပေါ်ပေါက်လာသည်။

လူသတ် ဓားပြတိုက် မကောင်းတာ အကုန်လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးလင်းနို့ဂိုဏ်း၏လက်ချက်ဖြင့် ဒုက္ခရောက်ရသူ များပြားလာသောအခါ အဖြူရောင်သိုင်းသမားများသည် 'သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းဖို့ ကြိုးစားကြလေသည်။

သိုင်းသမားစွမ်းထုံသည် ချင်းယန်မြို့သို့ ကျူးကျော်လာသော သွေးလင်းနို့ဂိုဏ်းသားတစ်ယောက်အား ဖော်ထုတ်ဆုံးမနိုင်ခဲ့လေသည်။

သွေးလင်းနို့ဂိုဏ်းက စွမ်းထုံကို ရန်ငြိုးထားကာ အကောက်ကြံလိမ့်မည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

သွေးလင်းနို့ဂိုဏ်း၏လက်ချက်ဖြင့် ထိပ်တန်းသိုင်းသမားကြီးများပင် လုပ်ကြံခံရသည် ဖြစ်ရာ စွမ်းထုံက စိုးရိမ်စိတ်ဝင်ပြီး သူ၏သွေးသောက်မိတ်ဆွေ လျှုရင်းထံသို့ အကြောင်းကြား အကူအညီ တောင်းခဲ့သည်။

လျှုရင်းက ချင်းယန်မြို့သို့ ချက်ချင်း ထွက်လာခဲ့သော်လည်း လမ်းခရီး၌ သူစီးနင်းလာသော မြင်းသည် ချိုင့်ခွက်ထဲကျကာ ခြေကျိုးသွားခြင်းကြောင့် ခြေကျင်ဆက်၍ လာခဲ့ရသဖြင့် နောက်ကျသွားပြီး မိုးချုပ်မှ ချင်းယန်မြို့အနီးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတော့သည်။

အဖြူရောင်ဝတ်ဆင်ထားသူမှာ လျှုရင်း ဖြစ်လေသည်။

လျှုရင်းသည်လည်း ဓားနှစ်လက်သိုင်းဖြင့် ထင်ရှားကျော်ကြားနေသူ ဖြစ်ပါသည်။

လျှုရင်းက အုတ်ဂူပေါ်၌ ပျံ့ဝဲနေသော လင်းနို့များကို မျက်မှောင်ကုပ်ပြီး ကြည့်လိုက်သည်။



"လင်းနို့တွေဟာ သေဆုံးသွားတဲ့ သွေးလင်းနို့ဂိုဏ်းသားကို လာပြီး ဂုဏ်ပြုနေကြတာလေ"

ရုတ်တရက် အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်။

"ဟင်"

လျှုရင်း ချာခနဲ လှည့်ကြည့်လိုက်သည်။

မလှမ်းမကမ်း၌ လူတစ်ယောက် ရှိနေသည်။

ထိုလူသည် အနက်ရောင်ဝတ်ထားကာ မျက်နှာတွင် လင်းနို့တစ်ကောင်အသွင် ပုံဖော်ထားသော မျက်နှာဖုံးတစ်ခု စွပ်ထားလေသည်။

သွေးလင်းနို့ဂိုဏ်းသားတစ်ယောက် ဖြစ်လေသည်။

လျှုရင်း မဲ့ပြုံးပြုံးလိုက်သည်။

"သွေးလင်းနို့ဂိုဏ်းကို သိုင်းလောကသားတွေက ဖော်ထုတ်ချေမှုန်းဖို့ ကြိုးစားနေကြတာကို ခင်ဗျား မကြားမိသေးဘူး ထင်တယ်"

သွေးလင်းနို့ဂိုဏ်းသားက...

"ကျုပ်တို့ ဂိုဏ်းသားတစ်ယောက်ကို သတ်ပစ်လိုက်ယင်၊ အဲသည် လူရဲ့ တစ်မိသားစုလုံးကို ကျုပ်တို့က ပြန်ပြီး လက်စားချေရမှာပဲ၊ သည်မှာ လျှုရင်း၊ ခင်ဗျားက စွမ်းထုံကို ကူညီဖို့ မကြိုးစားဘဲ နောက်ကြောင်းလှည့်ပြန်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ဟုခြိမ်းခြောက်လိုက်လေသည်။

"ဟား...ဟား...ဟား"

www.burmeseclassic.com



လျှုရှင်း ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်က ခြိမ်းခြောက်တိုင်း ကြောက်တတ်တဲ့လူမှ မဟုတ်တာဘဲ၊ နောက်ကြောင်းလှည့်မပြန်တဲ့အပြင် သွေးလင်းနို့ဂိုဏ်းကို ချေမှုန်းပစ်ဦးမယ်ဆိုတာ မှတ်ထားပါ"

သွေးလင်းနို့ဂိုဏ်းသားက...

"ကောင်းပြီ၊ ခင်ဗျား ဘယ်လောက် တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

သူ၏စကားဆုံးသည်နှင့် သွေးလင်းနို့ဂိုဏ်းသားများ အမှောင်ရိပ်ထဲမှ ရုတ်တရက် ထွက်ပေါ်လာကြကာ လျှုရှင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

"ခြိမ်း"

လျှုရှင်းကလည်း ဓားနှစ်လက် ဆွဲထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

သချိုင်းမြေနှင့် မလှမ်းမကမ်းရှိ တောလမ်းပေါ်၌ တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

သွေးလင်းနို့ဂိုဏ်းသားများသည် အမှောင်ရိပ်ထဲ၌ ကျွမ်းကျင်စွာ ကျင်လည်ကျက်စားနိုင်ကြသူများ ဖြစ်ကြပြီး သိုင်းပညာ မခေကြပါချေ။

ထို့အပြင် တစ်ချက်တစ်ချက် လက်နက်ပုန်းကလေးများဖြင့်



ပစ်ခတ်တိုက်ခိုက်ကြလေသောကြောင့် လျှုရှင်း အခက်ကြုံလာလေတော့သည်။

တဆက်တည်းမှာပင် ချင်းယန်မြို့၌ ရှိနေမည့် မိတ်ဆွေစွမ်းထုံအတွက်လည်း စိုးရိမ်ပူပန်လာလေသည်။

သူက စွမ်းထုံကို ကူညီဖို့ လာခဲ့ခြင်း ဖြစ်သည်။

သူ့အား သွေးလင်းနို့ဂိုဏ်းသားများက လမ်းခုလတ်မှ ကြားဖြတ်တားဆီးခဲ့ခြင်းဖြင့် စွမ်းထုံထံသို့ အချိန်မီ ရောက်သွားနိုင်တော့မည် မဟုတ်ပါ။

သွေးလင်းနို့ဂိုဏ်းသားများသည် စွမ်းထုံကိုလည်း ဒုက္ခပေးကြတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

"စွမ်းထုံ အခြေအနေမှ ကောင်းပါ့မလား"

လျှုရှင်း တွေးတောနေစဉ်မှာပင်...

"ဟိတ်"

"ယား"

"သေပေတော့"

သွေးလင်းနို့ဂိုဏ်းသားများက ညာသံပေးကာ တရကြမ်း တိုက်ခိုက်လာကြလေသည်။

"သေလိုက်ကြစမ်း"

လျှုရှင်းကလည်း ကြုံးဝါးယင်း ဓားနှစ်လက် ဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်ပစ်လိုက်သည်။

သူ၏ဓားနှစ်လက်သိုင်းမှာ ထူးခြားဆန်းပြားသော သိုင်းကွက်များ ဖြစ်ရကား တခဏအတွင်းမှာပင် သွေးလင်းနို့ဂိုဏ်းသား

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးယောက် ထိခိုက်ဒဏ်ရာ ရရှိသွားကြတော့သည်။

လျှုရှင်း ရင်ကော့လိုက်သည်။

“ဓားနှစ်လက်လျှုရှင်းက သွေးလင်းနို့ဂိုဏ်းကို ချေမှုန်းပြမယ်”

ဟုထပ်မံ ကြုံးဝါးလိုက်လေသည်။

ထိုအချိန်မှာပင် သူ၏ဝဲဘက်ပခုံး၌ ပျားတုပ်ခံလိုက်ရသည့်အလား စစ်ခနဲ နာကျင်သွားပြီး ချက်ချင်း ထုံကျဉ်လာသည်ဟု ခံစားလိုက်ရလေသည်။

လျှုရှင်း မျက်နှာပျက်သွား၏။

လက်နက်ပုန်းတစ်ခု ထိမှန်သွားပြီ ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

လက်နက်ပုန်း ပစ်လွှင့်လာရာ လမ်းကြောင်းကို ကြည့်လိုက်ရာ သူ့အား ပထမဆုံး တားဆီးခဲ့သော သွေးလင်းနို့ဂိုဏ်းသားကို တွေ့လိုက်ရလေသည်။

ထိုလူသည် ရိုးရိုးဂိုဏ်းသားတစ်ယောက် မဟုတ်ဘဲ ခေါင်းဆောင်တစ်ယောက်ကဲ့သို့ အဆင့်အတန်းရှိသူ၊ သိုင်းပညာ အဆင့်မြင့်သူဖြစ်ကြောင်းလည်း တွေးမိလိုက်လေသည်။

ထိုလူက…

“လျှုရှင်း၊ ခင်ဗျားဟာ စွမ်းထုံဆီကို ဘယ်တော့မှ ရောက်သွားနိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘာမှ မပူပါနဲ့ဗျာ၊ ခင်ဗျားတို့နှစ်ယောက် မကြာခင် ရေပြည်မှာ ပြန်ဆုံကြမှာပါ”

လျှုရှင်းက ခေါသတကြီး ပြန်လည်အော်ဟစ်လိုက်လေ



သည်။ သို့သော် သူ၏စကားသံ ထွက်ပေါ်မလာတော့ပါ။

သူ၏တစ်ကိုယ်လုံး အကြောအချဉ်များ ဆိုင်းကာ တောင့်တင်းနေ၏။

ပခုံး၌ ထိမှန်ခဲ့သော လက်နက်ပုန်း၌ အဆိပ်သုတ်လိမ်းထားကြောင်း ထင်ရှားလေသည်။

ထိုအဆိပ်လက်နက်ပုန်းလေးတစ်ခုကပင် လျှုရှင်း၏ဘဝကို ပြောင်းလဲသွားစေခဲ့ခြင်း ဖြစ်သည်။

ထိုလူက…

“သူ့ကို သုတ်သင်လိုက်ကြ”

ဟုအမိန့်ပေးလိုက်လေသည်။

သွေးလင်းနို့ဂိုဏ်းသားများက ဓားများ ဝင့်ကာ ရှေ့တိုးလာကြလေသည်။

လျှုရှင်းသည် တဖြည်းဖြည်း နီးကပ်လာသည့် သွေးလင်းနို့ဂိုဏ်းသားများကို မျက်လုံးကြီးပြူးကာ ကြည့်နေမိ၏။

ရုတ်တရက် သွေးလင်းနို့ဂိုဏ်းသားတစ်ယောက်၏ ဓားကိုင်ထားသော လက်က အပေါ်မြောက်တက်သွားလေသည်။

ထို့နောက် လျှုရှင်း၏မြင်ကွင်းတစ်ခုလုံး အမှောင်ဖုံးသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"တုံ..တုံ..တုံ"

အဝေးမှ အုန်းမောင်းခေါက်သံ သုံးချက် ထွက်ပေါ်လာသည်။

ညဉ့်သုံးချက်တီးအချိန်ပင် ရောက်ရှိလာပြီ ဖြစ်သည်။

သို့သော် စွမ်းထုံ အိပ်မပျော်နိုင်သေးပါချေ။

ဒွေးလင်းနို့ဂိုဏ်းသည် သူ၏ဂိုဏ်းသားတစ်ယောက်ကို ဆုံးမလိုက်ခြင်းကြောင့် သူ့အား အခဲမကျေဖြစ်ကာ လုပ်ကြံသတ်ဖြတ်လိမ့်မည်ဟု သတင်းများ ထွက်ပေါ်နေသည် မဟုတ်ပါလား။

ဝါကျင်ကျင်မီးအိမ်မှ မီးရောင်က အခန်းတွင်း၌ ဖြာကျနေ၏။

စွမ်းထုံက စားပွဲတစ်လုံး၌ ထိုင်နေသည်။

စားပွဲပေါ်၌ အရက်တစ်အိုးနှင့် စုတ်တံတစ်ချောင်း ရှိနေ၏။

စုတ်တံသည် နှစ်ပေခွဲခန့် ရှည်ပြီး အကောင်းစား သံမဏိဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

စာပေရေးသားဖို့ထက် တိုက်ပွဲဝင်လက်နက်တစ်မျိုးအဖြစ် အဓိက ရည်ရွယ်ကာ ပြုလုပ်ထားသော စုတ်တံမျိုး ဖြစ်သည်။

စွမ်းထုံသည် သံမဏိစုတ်တံလက်နက်ဖြင့် ထင်ရှားနေသော သိုင်းသမားတစ်ယောက် မဟုတ်ပါလား။

အခန်းတွင်း၌ စွမ်းထုံတစ်ယောက်ထဲ မဟုတ်ပါ။

စားပွဲ၌ စွမ်းထုံနှင့် မျက်နှာချင်းဆိုင် ထိုင်နေသူတစ်ဦး ရှိနေပါသေး၏။

ထိုလူမှာ 'ကျောက်ရီ' ဖြစ်သည်။



ကျောက်ရီသည်လည်း စွမ်းထုံ၊ လျူရှင်းတို့ကဲ့သို့ ထင်ရှားသော အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ကျောက်ရီ၏သိုင်းပညာက စွမ်းထုံနှင့် လျူရှင်းတို့ထက် ပို၍ အဆင့်မြင့်ပေသည်။

စွမ်းထုံက လျူရှင်းကို အကူအညီတောင်းထားသကဲ့သို့ ကျောက်ရီကိုလည်း အကူအညီ တောင်းထားခြင်း မဟုတ်ပါ။

ကျောက်ရီနှင့် ယနေ့ညနေခင်းကမှ သိကျွမ်းခဲ့ကြခြင်း ဖြစ်သည်။

ကျောက်ရီသည် 'ကျောက်စိမ်းလက်'အား လိုက်လံရှာဖွေရင်း ချင်းယန်မြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

စွမ်းထုံနှင့် ဒွေးလင်းနို့ဂိုဏ်း ပြဿနာကို ကြားသိရသောအခါ စွမ်းထုံနှင့် လာရောက်တွေ့ဆုံပြီး အကူအညီပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

စွမ်းထုံက အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြီးမှ...

"အုန်းမောင်းသုံးချက်ခေါက်ပြီ ဒွေးလင်းနို့ဂိုဏ်းက လူတွေရဲ့ အရိပ်အရောင်တောင် မတွေ့ရသေးဘူး။ မိတ်ဆွေကြီးကျောက်ရီ ရောက်နေတယ်ဆိုတဲ့ သတင်းကြားပြီး မလာရဲကြတော့ဘူး ထင်ပါတယ်ဗျာ"

မာရယ်ကာမောကာ ပြောလိုက်လေသည်။

ကျောက်ရီကလည်း ရယ်မောလိုက်သည်။

"ဒွေးလင်းနို့ဂိုဏ်း အတော်သတင်းကြီးလာတယ် သူတို့ ဘတ်ချက်နဲ့ ဒုက္ခရောက်ရတဲ့လူတွေ တစ်နေ့တခြား များလာတော့

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက သူတို့ကို ချေမှုန်းပစ်ဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့လေ၊ သိုင်းလောကတစ်ခုလုံးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မလွယ်ဘူးဆိုတာ သွေးလင်းနို့ဂိုဏ်းက မသိဘဲ နေမှာ မဟုတ်ဘူး၊ ဒါကြောင့် ပိုပြီး လျှို့ဝှက်သွားတော့မှာပဲ"

သွေးလင်းနို့ဂိုဏ်းအား သိုင်းလောကတစ်ခုလုံး သိရှိထားကြသော်လည်း မည်သည့်နေရာ၌ စခန်းပြု တည်ဆောက်ထားကြောင်း၊ မည်သူများက ဂိုဏ်းဝင်များ ဖြစ်ကြောင်း၊ မည်သူက ဦးဆောင်နေကြောင်း သွေးလင်းနို့ဂိုဏ်းနှင့် ပတ်သက်သမျှ ဘာမှ မသိရပါချေ။

သွေးလင်းနို့ဂိုဏ်းသည် အလွန်ထူးဆန်းလျှို့ဝှက်သော ဂိုဏ်းတစ်ခု ဖြစ်နေပါသည်။

စွမ်းထုံက မမျှော်လင့်တဲ့ သွေးလင်းနို့ဂိုဏ်းသားတစ်ဦးအား သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး ထိုလူမှာ တစ်ချိန်က ရှောင်လင်ကျောင်းမှ ဖြစ်ပြီး ဆိုးသွမ်းမိုက်မဲမှုကြောင့် မောင်းထုတ်ခံခဲ့ရသူ ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကျောက်ရီ စကားဆက်လိုက်လေသည်။

"ရှောင်လင်ကျောင်းက မောင်းထုတ်ခံထားရတဲ့ လူတစ်ယောက်က သွေးလင်းနို့ဂိုဏ်းသား ဖြစ်နေတယ်ဆိုတော့ စိတ်ဝင်စားစရာ ကောင်းသွားတယ်၊ သူက သေဆုံးခါနီးမှာ သွေးလင်းနို့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေ ခင်ဗျားကို ပြောပြသွားတယ်ဆိုတာက ကောဗျာ"

ဟုလည်း မေးလိုက်လေသည်။



စွမ်းထုံက...

"တချို့ လူရိုးသေ ရှင်ရိုးသေ အဖြူရောင်သိုင်းသမားကြီးတွေတောင် သွေးလင်းနို့ဂိုဏ်းမှာ ပါဝင်နေတယ်လို့ ပြောသွားတာပါဗျာ"

"သည်ထက်ပိုပြီး ခင်ဗျား ဘာမှ မသိခဲ့ရဘူးလားဗျ"

စွမ်းထုံ ခေါင်းခါယမ်းလိုက်လေသည်။

"မသိခဲ့ရပါဘူးဗျာ၊ ဒါပေမယ့် ဒါကို အခြေခံပြီး သွေးလင်းနို့ဂိုဏ်းအကြောင်း ဖော်ထုတ်ဖို့ ကျုပ်စဉ်းစားထားပါတယ်၊ သူတို့ဟာ မျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေတာကိုက လူမြင် မခံဝံ့လို့ မဟုတ်လားဗျာ"

ကျောက်ရီ သက်ပြင်းချလိုက်သည်။

"အင်း လူမြင်မခံဝံ့ဘူးဆိုကတည်းက သူတို့ဟာ သိုင်းလောကမှာ လူသိများ ထင်ရှားတဲ့လူတွေ ဖြစ်ဖို့ သေချာနေတာပေါ့လေ"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်လည်း အဖြူရောင်သိုင်းသမားတွေ ထူးခံထားပေမယ့် နောက်ကွယ်မှာ မကောင်းမှုတွေ လုပ်နေတယ်လို့ သင်္ကာစရာကောင်းတဲ့ လူတွေကို စောင့်ကြည့်သွားမယ်လို့ စဉ်းစားထားပါတယ်ဗျာ"

ကျောက်ရီက စွမ်းထုံအား စိုက်ကြည့်လိုက်သည်။

"မသင်္ကာစရာကောင်းတဲ့ လူတစ်ယောက်ယောက်ကိုများ ခင်ဗျား တွေ့ထားပြီလား"

စွမ်းထုံ ခေါင်းခါယမ်းလိုက်သည်။

"ခုထိတော့ မတွေ့သေးပါဘူးဗျာ"

ကျောက်ရီ သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

"တုံတုံ…တုံတုံ"

အုန်းမောင်းခေါက်သံ လေးချက် ထွက်ပေါ်လာလေသည်။

မကြာမီ မိုးလင်းလာတော့မည် ဖြစ်သည်။

ယနေ့ညအဖို့ သွေးလင်းနို့ဂိုဏ်းသားများ ရောက်လာစရာအကြောင်း မရှိတော့ပါ။

စွမ်းထုံ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသည်ဟု ခံစားလိုက်ရ၏။

ကျောက်ရီက…

"အုန်းမောင်းလေးချက်တီးပြီ မကြာခင် မိုးလင်းတော့မယ်၊ ကျုပ်လည်း သွားပြီး အနားယူလိုက်ဦးမယ်"

"ကောင်းပါပြီဗျာ၊ ကျုပ်အတွက် မိတ်ဆွေ အိပ်ရေးပျက်ပြီး ပင်ပန်းသွားရတာ အားနာစရာကောင်းနေပါပြီ၊ မနက်ဖြန် မနက်စာနဲ့ ကျုပ်ဂုဏ်ပြုဧည့်ခံချင်ပါတယ် ကြွခဲ့ပါဗျာ"

"ကောင်းပြီ…ကောင်းပြီ"

ကျောက်ရီက မငြင်းဘဲ လက်ခံလိုက်လေသည်။

သူက တည်းခိုခန်းတစ်ခုအား တည်းခိုနေခြင်း ဖြစ်သည်။

မကြာမီ မိုးလင်းလာတော့မည်မို့ စွမ်းထုံကို နှုတ်ဆက်ကာ ပြန်သွားလေသည်။

စွမ်းထုံက အိမ်ရှေ့သို့တိုင် လိုက်လံပို့ဆောင်ပေးလိုက်၏။

ကျောက်ရီ အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားသည်ကို အတန်ကြာအောင် ငေးကြည့်နေမိသည်။



တဖန် သက်ပြင်းချကာ…

"လူကြီးလူကောင်း ဟန်ဆောင် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်မှာ မကောင်းမှု လုပ်နေတဲ့ လူတွေ ရှိသလိုပဲ၊ ကျောက်ရီတို့လို ပင်ပန်းဆင်းရဲခံ ဒုက္ခခံပြီး သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်နေတဲ့ သိုင်းသမားကောင်းတွေလည်း ရှိနေတာ၊ သိုင်းလောကအတွက် အားတက်စရာပါပဲ"

ဟုတီးတိုး ရေရွတ်လိုက်လေသည်။

ထို့နောက် အိမ်ထဲ ပြန်ဝင်လိုက်သည်။

ယခုမှ တစ်ညလုံး မအိပ်ရသေးသဖြင့် ပင်ပန်းနွမ်းနယ်သလို ခံစားလာရသည်။

ဝါးခန် သမ်းဝေလိုက်သည်။

"တစ်ရေးတော့ အိပ်လိုက်ဦးမှပဲ"

တံခါးပေါက်ကို ကျောခိုင်းကာ အတွင်းဘက် လှည့်လိုက်သောအခါ ရုတ်တရက် အိပ်ချင်စိတ်များ၊ ပင်ပန်းနွမ်းနယ်မှုများ ချက်ခြင်း ပျောက်ကွယ်သွားလေသည်။

အကြောင်းမှာ အခန်းထဲ၌ လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ကာ၊ လင်းနို့မျက်နှာဖုံး စွပ်ထားသူ ဖြစ်လေသည်။

လင်းနို့ဂိုဏ်းသားတစ်ယောက် ဖြစ်ပါတော့သည်။

စွမ်းထုံ မျက်လုံးပြူးသွားလေသည်။

"မင်း…"

www.burmeseclassic.com

www.burmeseclassic.com



သူစကားဆုံးအောင် မပြောလိုက်ရပါ။

ဓားတစ်လက်က သူ၏ရင်ဝကို ထိုးဖောက်စိုက်ဝင်လာခြင်းကြောင့် ဖြစ်လေသည်။

စွမ်းထုံမှာ ထိပ်တန်းသိုင်းပညာ ရှိသူ ဖြစ်ပါသည်။

သွေးလင်းနိဂုဏ်းသား၏ တိုက်ခိုက်မှုကို မရှောင်နိုင်စရာအကြောင်း မရှိပါချေ။

သို့သော် သူ၏လှုပ်ရှားမှုများ လေးလံထုံထိုင်းနေသည်။

ထို့ကြောင့် ဓားဦးက ရင်ဝသို့ ထိုးဖောက်သွားသည်ကို တွေ့လိုက်ရသော်လည်း သည်အတိုင်း ကြည့်နေလိုက်ရသည်။

ရင်ဝ၌ ပြင်းပျသော နာကျင်မှုဝေဒနာတစ်ရပ် ဖြစ်ပေါ်လာသည်။

ထို့နောက် ကြမ်းပြင်ပေါ် ဒူးထောက်ကျသွား၏။

ထိုစဉ် သူ၏ဦးခေါင်းထဲ အသိတစ်ခု ဝင်ရောက်လာ၏။

သူအဆိပ်မိထားသည်။

မည်သည့်နေရာက အဆိပ်မိခဲ့ပါသနည်း။

အရက်...

သူက အရက်တစ်ခွက် သောက်ခဲ့သေးသည် မဟုတ်ပါလား။

အရက်ထဲ၌ အဆိပ်ခတ်ထားခြင်း ဖြစ်ရပေမည်။

မည်သူက အရက်ထဲ အဆိပ်ခတ်ခဲ့ပါသနည်း။

သွေးလင်းနိဂုဏ်းသားများနှင့် ရင်ဆိုင်ရနိုင်သည် ဖြစ်၍ အိမ်သားများ၊ အလုပ်သမားများ အားလုံးကို ရှောင်နိုင်းထားခဲ့သည်။



ယနေ့မှ ရောက်လာသော ကျောက်ရီနှင့် တစ်ချိန်လုံး အတူရှိနေခဲ့ခြင်း ဖြစ်သည်။

စွမ်းထုံ ဆက်မတွေးနိုင်တော့ပါ။

ကြမ်းပြင်ပေါ် တအိအိ လဲကျကာ အသက်ပျောက်သွားသတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## သခင်လေး

ရှောင်ကြွားရယ်၏လောင်းကစားဂေဟာသည် အလွ ကြေးကြီးသော ထိပ်တန်းဂေဟာကြီး ဖြစ်သည်။

သူဋ္ဌေးသူကြွယ်၊ ကုန်သည်ပွဲစားကြီးများမှသာလျှင် ဝ ရောက်လောင်းကစားနိုင်အောင် ကြေးကြီးလှပေသည်။

သခင်လေးကြုံးဝမ်သည် အမိက ဖောက်သည်တစ်ဦး ဖြ သည်။

သခင်လေးကြုံးဝမ်လောက် မည်သူမျှ ကြေးအကြီးဆုံ လောင်းကစားနိုင်ခြင်း မရှိဟုလည်း သတင်းကြီးလေသည်။

သို့သော် သခင်လေးကြုံးဝမ်သည် သုံးလမှ တစ်ကြိမ် လ ရောက်လောင်းကစားတတ်သည်။

လူအများကလည်း သဘောမနောကောင်းပြီး ငွေကို ရေ သုံးနိုင်သည့် သခင်လေးကြုံးဝမ်နှင့်မှ လောင်းကစားလိုကြပေသည်



သခင်လေးကြုံးဝမ်သည် လောင်းကစားဂေဟာ၌ မြင်း ချည်းတစ်စီးတိုက် ရွှေတုံးများ ရှုံးခဲ့ဖူးသည်။

လောင်းကစားဝိဇ္ဇာနှစ်ယောက်က လိမ်ကောက်အနိုင်ယူ သွားခြင်းကြောင့် ဖြစ်သည်။

မျှားမကြာမီ ထိုလောင်းကစားဝိဇ္ဇာနှစ်ယောက်အား ဘုံ ကျောင်းတစ်ခုရှေ့၌ တောင်းရမ်းစားသောက်ရသည့် လက်နှစ်ဘက် ပြတ် ဒုက္ခိတများအဖြစ် တွေ့မြင်ရလေသည်။

ထိုအချိန်မှစ၍ သခင်လေးကြုံးဝမ်အား လိမ်ကောက်ဖို့ စည်သူကမျှ မကြိုးစားဝံ့ကြတော့ချေ။

ယနေ့…

ယနေ့သည် သခင်လေးကြုံးဝမ် ရောက်လာမည့်နေ့ ဖြစ် သည်။

ထို့ကြောင့် ကြေးကြီးကြီး လောင်းကစားလိုကြသူများလည်း များရောက်ရှိလာခဲ့ကြလေသည်။

ပိုင်ရှင်ရှောင်ကြွားရယ်သည် ယနေ့တော့ ပွဲကြီးပွဲကောင်း တွေ့ရတော့မည်ဟု နားလည်ထား၏။

လောင်းကစားဂေဟာ၌ တစ်နေ့လုံး တစ်ညလုံး စည်ကား သိုက်မြိုက်နေတော့မည် ထင်မိသည်။

သို့သော် ပွဲကြီးပွဲကောင်း ကြည့်ရမည်ဟု ယူဆခဲ့သည်မှာ မှန်သော်လည်း စည်ကားသိုက်မြိုက်နေမည်ဟု ယူဆခဲ့သည်မှာ မှားကြီး မှားယွင်းသွားခဲ့လေသည်။

သခင်လေးကြုံးဝမ် ရောက်လာချိန်၌ လောင်းကစားမည့်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲသာ ကျန်ရစ်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠

လောင်းကစားဂေဟာထဲ၌ အပ်ကျသံ ကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ဂေဟာရှေ့သို့ မြင်းဖြူကြီးခြောက်ကောင်ဆွဲသော အမိုးတန်ဇီရှိ မြင်းလှည်းတစ်စင်း ဆိုက်ရောက်လာသည်။

မြင်းလှည်းမောင်းလာသူမှာ အဖြူရောင်ဝတ်ထားပြီး ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သာမန်မြင်းလှည်းထက် ပို၍ ကြီးမားပြီး အိမ်ကြီးတစ်ဆောင်နှင့်တူသော မြင်းလှည်းကြီးကို မောင်းနှင်လာရသော်လည်း သက်တောင့်သက်သာပင် ရှိနေသည်။

မြင်းလှည်းရပ်သွားသည်နှင့် တံခါးပွင့်သွားပြီး မိန်းကလေး ရှစ်ယောက် ဆင်းလာကြလေသည်။

မိန်းကလေးများသည် အနီရောင်ကော်ဇောတစ်ချပ်ကို လောင်းကစားဂေဟာ တံခါးဝသို့ ရောက်သည်အထိ ခင်းလိုက်ပြီး အသင့်ယူလာသော ပန်းခြင်းတောင်းထဲမှ ပန်းများ ကြဲလိုက်ကြ၏။

မွှေးကြိုင်သော ပန်းရနံ့များက ဝန်းကျင်တစ်ခုလုံး လွှင့်ပျံ့သွားလေသည်။

ထိုအချိန်မှာပင် မြင်းလှည်းပေါ်မှ ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦး ဆင်းလာလေသည်။



ထိုလူရွယ်မှာ သခင်လေးကြုံးဝမ် ဖြစ်လေသည်။

သခင်လေးကြုံးဝမ်က လက်နှစ်ဘက်နောက်ပစ်ကာ ပန်းကြဲထားသော အနီရောင်ကော်ဇောပေါ်မှ ဖြတ်ကာ လောင်းကစားဂေဟာဆီသို့ လှမ်းသွားလိုက်လေသည်။

ပိုင်ရှင်ရှောင်ကြွားရယ်က ပျာပျာသလဲ ဆီးကြိုလိုက်သည်။

"သခင်လေးကြွပါဗျာ၊ သခင်လေး ရောက်လာမှာမို့ ကျုပ်တာ အားလုံး လိုလေသေးမရှိအောင် အသင့်ပြင်ဆင်ထားပါတယ်"

"ကောင်းတယ်..ကောင်းတယ်"

သခင်လေးကြုံးဝမ် သဘောကျသွား၏။

ရှောင်ကြွားရယ်နှင့်အတူ ဂေဟာထဲ လှမ်းဝင်လိုက်လေသည်။

ဂေဟာထဲ၌ တိတ်ဆိတ်ငြိမ်သက်နေပြီး လူရှင်းနေ၏။

ခါတိုင်း သခင်လေးကြုံးဝမ် ရောက်လာလျှင် အုံးအုံးကျက်ကျက် စည်ကားနေတတ်သော်လည်း ယနေ့တော့ တိတ်ဆိတ်ငြိမ်သက်နေသည်မှာ အဘယ်ကြောင့်ပါနည်း။

သခင်လေးကြုံးဝမ်ကိုယ်တိုင်လည်း အံ့သြသွားလေသည်။

ဟိုဟိုသည်သည် ကြည့်လိုက်ရာ လောင်းကစားခန်းမထဲ၌ အစိမ်းရောင်ဝတ်ထားသည့် လူရွယ်တစ်ဦးသာ ရှိနေသည်ကို တွေ့ရလေသည်။

သခင်လေးကြုံးဝမ် မျက်မှောင်ကုပ်ကာ ရှောင်ကြွားရယ်ကို မေးလိုက်လေသည်။

"လူရှင်းနေပါလား၊ ဘယ်လို ဖြစ်တာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြွားရယ်က ရှင်းပြသည်။

"သခင်လေးနဲ့ လောင်းကစားချင်တဲ့ လူတွေဟာ မနေ့က တည်းက စာဖွဲ့ဖွဲ့ ရောက်လာကြပါတယ်၊ သခင်လေးကို စောင့်ယင်း သူတို့ အချင်းချင်း အပျင်းပြေ လောင်းကစားကြပါတယ်"

သခင်လေးကျုံးဝမ် ခေါင်းညိတ်လိုက်သည်။

"လောင်းကစားသမားဆိုတာ မလောင်းရဘဲ မနေနိုင်ကြဘူးပေါ့လေ"

ရှောင်ကြွားရယ် စကားဆက်လိုက်သည်။

"သည်လိုနဲ့ အချိန်ကြာလာတာနဲ့အမျှ လောင်းကြေးက တစ်စထက်တစ်စ မြင့်တက်လာတယ်၊ ကြေးကြီးလာပါတယ် သခင်လေး"

သခင်လေးကျုံးဝမ် ပြုံးလိုက်သည်။

ရှောင်ကြွားရယ်က...

"လောင်းကစားဝိုင်းမှာ လူရွယ်တစ်ယောက်က လောင်းတိုင်း အနိုင်ရနေပါတယ်၊ သည်လိုနဲ့ တစ်ယောက်ပြီးတစ်ယောက် ရှုံးသွားတာ၊ မနက်မိုးလင်းတော့ လူတစ်ရာကျော် ရောက်လာတဲ့ အထဲက ခြောက်ဆယ်လောက်က တစ်ပြားတစ်ချပ်မှ မကျန်တော့လို့ ပြန်သွားကြပါတယ်"

"နောက်ကော"

သခင်လေးကျုံးဝမ် ပို၍ စိတ်ဝင်စားလာသည်။

ရှောင်ကြွားရယ်က...

"နေ့လည်လောက်ကျတော့ လေးငါးယောက်လောက်ပဲ



ကျန်ခဲ့ပြီး ခုတော့ သူတစ်ယောက်ပဲ ကျန်ခဲ့တော့တာပါ သခင်လေး"

တစ်ယောက်ထဲ မလှုပ်မယှက် ထိုင်နေသည့် အစိမ်းရောင် ဝတ်ထားသော လူရွယ်ကို ညွှန်ပြလိုက်လေသည်။

သခင်လေးကျုံးဝမ်က...

"သူတစ်ယောက်ထဲ နိုင်သွားတာ ဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး"

"တယ်ဟုတ်ပါလား"

"ဟာ အနည်းဆုံး လျှံငွေငါးသိန်းကျော်လောက် ရသွားတာ ပေါ့ သခင်လေးရယ်"

သခင်လေးကျုံးဝမ် အနည်းငယ် စဉ်းစားပြီး မေးလိုက်လေသည်။

"သူက သည်လောက် အနိုင်ရထားတာတောင် ထွက်မသွားသေးတာ ဘာသဘောလဲ"

ရှောင်ကြွားရယ် ပြုံးလိုက်သည်။

"သခင်လေးနဲ့ လောင်းကစားချင်လို့ စောင့်နေတာပါ"

"ဪ"

သခင်လေးကျုံးဝမ် သဘောကျစွာ ပြုံးလိုက်လေသည်။

"ကောင်းတယ်..ကောင်းတယ်"

ထို့နောက် အစိမ်းရောင်ဝတ်ထားသော လူရွယ်ထံသို့ [illegible] သွားလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်ဝတ်ထားသော လူရွယ်သည် အသက်သုံးဆယ်ခန့်ရှိမည် ထင်ရ၏။

အမျိုးသမီးတစ်ယောက်ကဲ့သို့ နွဲ့နွဲ့နှောင်းနှောင်း ရှိနေသည်။

ထိုလူ၏ရှေ့ စားပွဲပေါ်၌ ငွေလွှဲလက်မှတ်တစ်စောင် ချထား၏။

ငါးသိန်းတန် ငွေလွှဲလက်မှတ် ဖြစ်လေသည်။

ရှောင်ကြွားရယ်က သခင်လေးကြုံးဝမ်အတွက် နေရာထိုင်ခင်း စီစဉ်ပေးလိုက်လေသည်။

သခင်လေးကြုံးဝမ်က လူရွယ်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

"နောင်ကြီးက ကျုပ်နဲ့ လောင်းကစားချင်လို့ စောင့်နေတာလားဗျာ"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ၊ ကျုပ်လက်ခံပါတယ်"

ထို့နောက် နှစ်ယောက်သား လောင်းကစားလိုက်ကြ၏။

လူရွယ်က...

"ကျုပ်က သည်ငွေလွှဲလက်မှတ်နဲ့ လောင်းမယ်"

သခင်လေးကြုံးဝမ်က...

"ငွေအားလုံးကို တစ်ကြိမ်တည်း လောင်းမှာလား"

"ဟုတ်တယ်"



"ကောင်းတယ်ဗျို့"

သခင်လေးကြုံးဝမ် လက်ခံလိုက်သည်။

နှစ်ယောက်သား လောင်းကစားလိုက်ကြရာ လူရွယ်က သုံးကြိမ်ဆက်တိုက် အနိုင်ရသွားလေသည်။

အလွန်ကြေးကြီးသော လောင်းကစားပွဲ ဖြစ်နေသည်။

ပိုင်ရှင်ရှောင်ကြွားရယ် တစ်ယောက်ထိုသော နံဘေး၌ ရပ်ကြည့်နေသူဟူ၍ ရှိနေသည်။

လူရွယ်က ငွေငါးသိန်းကို လောင်းကြေးတင်လိုက်၏။

အနိုင်ရသောအခါ နှစ်ဆ၊ ငွေဆယ်သိန်း ဖြစ်သွားသည်။

ငွေဆယ်သိန်းကို လောင်းကြေးထပ်တင်ပြီး ဒုတိယအကြိမ် အနိုင်ရပြန်ရာ လျှံငွေ သိန်းနှစ်ဆယ် ဖြစ်သွား၏။

တတိယအကြိမ် ထပ်မံ အနိုင်ရလိုက်ရာ လျှံငွေ သိန်းလေးဆယ် ဖြစ်သွားလေသည်။ လူရွယ်က...

"သည်ငွေအားလုံးကို လောင်းကြေးတင်တယ်"

ဟုပြောလိုက်သည်။

"ဟား..ဟား..ဟား"

သခင်လေးကြုံးဝမ် ဟားတိုက်ရယ်မောလိုက်လေသည်။

ပိုင်ရှင်ရှောင်ကြွားရယ် မျက်နှာပျက်နေ၏။

ဆင်းရဲနွမ်းပါးသူတစ်ယောက်အတွက် လျှံငွေသိန်းလေးဆယ်ဆိုသည်မှာ အိပ်မက်ပင် မမက်ဘူးသည့် ငွေပမာဏ ဖြစ်ပေလိမ့်မည်။

သခင်လေးကြုံးဝမ်ကား အပြုံးမပျက်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တော်တော်သတ္တိကောင်းတာပဲ၊ အင်း ကျုပ်က လူတွေ အများကြီးနဲ့ စည်စည်ကားကား လောင်းကစားရတာကို သဘောကျခဲ့တယ်၊ ဒါပေမယ့် ခုလို အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ တစ်ယောက်ချင်း လောင်းကစားရတာကလည်း အင်မတန် သဘောကျစရာကောင်းတယ်ဆိုတာ ကျုပ် သည်ကနေ့ နားလည်လိုက်တယ်၊ ကျုပ်ရှုံးသွားပေမယ့် ကျေနပ်ပါတယ်ဗျာ"

ရောင်ကြွားရယ် သက်ပြင်းချလိုက်လေသည်။

သခင်လေးကြုံးဝမ်သည် သူ့အား လိမ်ညာအနိုင်ယူသည်ဟု သဘောထားကာ လူရွှယ်အား သုတ်သင်ပစ်လိမ့်မည်ဟု ယူဆထားလေသည်။

သို့သော် သခင်လေးကြုံးဝမ်က လူရွှယ်နှင့် ရင်းရင်းနှီးနှီး ပြောဆို ဆက်ဆံနေသောကြောင့် စိတ်သက်သာသွားခြင်း ဖြစ်လေသည်။ သခင်လေးကြုံးဝမ် ဆက်ပြောလိုက်လေသည်။

"နောင်ကြီးရဲ့ လောင်းကစား စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ကျုပ်တို့နှစ်ယောက် တွေ့ဆုံသိကျွမ်းရတဲ့ အထိမ်းအမှတ်နဲ့ ကျုပ်က ကျွေးမွေးပြုစုချင်ပါတယ်ဗျာ"

လူရွှယ်က လက်ခံလိုက်လေသည်။

"ကောင်းသားပဲ"

ထို့နောက် သခင်လေးကြုံးဝမ်နှင့်အတူ လူရွှယ်က လိုက်ပါသွားလေတော့သည်။

♠ ♠ ♠



"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေသည်။

သခင်လေးကြုံးဝမ်၏မြင်းလှည်းသည် ဗိုင်းဝါရေကန်ဆီသို့ ဦးတည်မောင်းနှင်သွားလေသည်။

ဗိုင်းဝါရေကန်မှာ ထင်ရှားကျော်ကြားသော ရေကန်ကြီး တစ်ခု ဖြစ်သည်။

အလွန်သာယာလှပပြီး အေးချမ်းလှသော ရေကန်ကြီး တည်း ဖြစ်လေသည်။

ဗိုင်းဝါရေကန်ဟု ခေါ်တွင်ခြင်းမှာ ရေကန်ကြီးနှင့် မလှမ်း ကမ်း၌ ရှိနေသော ဗိုင်းဝါစံအိမ်ကြောင့် ဖြစ်သည်။

ဗိုင်းဝါစံအိမ်ပိုင်ရှင်မှာ သိုင်းလောက၏နာယကဆယ်ဦး၌ ...င့်သော ထိပ်သီးပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။

သခင်လေးကြုံးဝမ်၏မြင်းလှည်းသည် ရေကန်ကြီးအား ...ာ်နှာမူထားသော ရှုခင်းသာစားသောက်ဆိုင်ရှေ့၌ ရပ်တန့်သွား ...

သခင်လေးကြုံးဝမ်နှင့် အစိမ်းရောင်လူရွှယ်တို့သည် မြင်း ...ည်းပေါ်မှ ဆင်းကာ စားသောက်ဆိုင်ထဲသို့ ဝင်သွားကြသည်။

ဆိုင်လုလင်များက စားသောက်စရာများ အဆင်သင့် ပြင် ...င်ထားလေသည်။

သခင်လေးကြုံးဝမ် ရောက်လာခြင်းကြောင့် အခြားသည် ...ည့် ဧည့်သည်ကိုမှ လက်မခံတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားခန့်ညားလှသော စားသောက်ဆိုင်ကြီးထဲ၌ သခင်လေးကြိုးဝမ်နှင့် လူရွှယ်တို့နှစ်ယောက်သာ ရှိသည်ဟု ဆိုနိုင်၏။

သခင်လေးကြိုးဝမ်က ညှော်ခံကျွေးမွေးလိုက်လေသည်။

"ကဲ ကျုပ်တို့နှစ်ယောက် မိတ်ဆွေ ဖြစ်ကြတဲ့ အနေ့ ကျုပ်က ကျွေးမွေးပြုစုပါရစေ အားမနာတမ်း သုံးဆောင်နိုင်ပါတယ်ဗျာ"

လူရွှယ် ပြုံးလိုက်သည်။

"ကျေးဇူးပဲ"

အရက်တစ်ခွက်သောက်ကာ ဟင်းလျာ အနည်းငယ် ဇွ လိုက်လေသည်။

သခင်လေးကြိုးဝမ်လည်း အရက်တစ်ခွက် သောက်လိုက် ၏။

ပြီးလျှင်...

"မိတ်ဆွေရဲ့ လောင်းကစားစိတ်ဓာတ်ကို လေးစားပါတယ် ဗျာ"

ဟုချီးကျူးလိုက်လေသည်။

လူရွှယ်က...

"ကျုပ်က သခင်လေးကို မမီသေးပါဘူးဗျာ"

"ကျုပ်ကို မမီသေးဘူး ဟုတ်လား၊ နောင်ကြီးက ရယ်စရာ ပြောနေပြန်ပါပြီ၊ ကျုပ်က နောင်ကြီးကို မယှဉ်နိုင်ဘဲ ရှုံးခဲ့တာ မဟုတ်လား"

"ကျုပ်က လိမ်ညာပြီး လောင်းကစားခဲ့တယ်လို့ သခင်လေး



ထင်နေတာလား"

"နောင်ကြီးလို ရိုးရှင်းတဲ့ လောင်းကစားသမားမျိုး ကျုပ် မတွေ့ဖူးပါဘူး၊ ကျုပ်တို့နှစ်ယောက် လောင်းကစားကြရာမှာ နောင်ကြီး ဘာတစ်ခု မလိမ်ညာခဲ့ဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ"

လူရွှယ် သက်ပြင်းချလိုက်သည်။

"သခင်လေးက ကျုပ်ကို ချီးကျူးနေပေမယ့် ကျုပ်က လောင်းကစားသမားတစ်ယောက် မဟုတ်ပါဘူးဗျာ"

သခင်လေးကြိုးဝမ်က...

"နောင်ကြီးကလည်း ရယ်စရာ ပြောနေပြန်ပါပြီ"

"ကျုပ် တကယ် ပြောနေတာ"

"နောင်ကြီးက..."

"ကျုပ် လောင်းကစားခဲ့တယ်ဆိုတာ သခင်လေးကြိုးဝမ်နဲ့ ခုလို တစ်ယောက်ချင်း တွေ့ချင်လို့ပါပဲ"

သခင်လေးကြိုးဝမ် အကဲခတ်လိုက်ရာ လူရွှယ်၏မျက်နှာ တည်သွားသည်ကို သတိပြုမိလိုက်လေသည်။

ထို့အပြင် လူရွှယ်၏မျက်လုံးများလည်း အရောင်တဖိတ် ဖိတ်ဝင်းလက်တောက်ပနေသည်ကို တွေ့လိုက်ရ၏။

"ကျုပ်နဲ့ ဘာကြောင့် တစ်ယောက်ချင်း တွေ့ချင်ရတယ်ဆို တာ ပြောပါဦးဗျာ"

လူရွှယ်က...

"လူတစ်ယောက် အကြောင်း မေးချင်လို့ပါပဲ"

"ဘယ်သူများလဲဗျ၊ နောင်ကြီးက ဘယ်သူ့အကြောင်း မေး

www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာလဲ”

သခင်လေးကြီး၀မ်က ပြန်မေးလိုက်လေသည်။

လူရွယ်က…

“လွန်ခဲ့တဲ့ ခြောက်လလောက်က သခင်လေးဟာ လောင်းကစားရုံမှာ လူတစ်ယောက်နဲ့ တစ်ယောက်ချင်း လောင်းကစားခဲ့တယ်လို့ သိရပါတယ်”

“ဪ”

သခင်လေးကြီး၀မ် မျက်နှာပျက်သွားလေသည်။

လူရွယ်က…

“သခင်လေးတို့နှစ်ယောက်ဟာ ရွှေငွေတွေနဲ့ မဟုတ်ဘဲ အသက်ချင်းထပ်ပြီး လောင်းကြေးတင်ခဲ့ကြတယ်လို့ သိရတယ်”

သခင်လေးကြီး၀မ်က…

“ဒါ ကျုပ်တို့နှစ်ယောက်ထဲ သိတဲ့ကိစ္စပဲဗျ”

“လောင်းကစားဂေဟာရှင် ရှောင်ကြွားရယ်လဲ သိထားပါတယ်လေ”

“လက်စသပ်တော့ ရှောင်ကြွားရယ်က ပြောပြလိုက်တာကိုး”

“သူက သေရမှာကို စိုးရိမ်နေတာယ်လေ”

သခင်လေးကြီး၀မ်း သက်ပြင်းချလိုက်လေသည်။

“ခင်ဗျားက ကျုပ်တို့ အကြောင်းကို ဘယ်လောက်များ သိထားလို့လဲဗျာ ပြောပါဦး”

ထိုလူက…



“သခင်လေး ကံဆိုးသွားတယ်၊ သခင်လေး ရှုံးသွားတယ်ဆိုတာကို ကျုပ်သိထားပါတယ်”

သခင်လေးကြီး၀မ်က…

“ဟုတ်တယ်၊ ကျုပ်ရှုံးသွားတယ်”

“အဲသည် လူဟာ သခင်လေး အသက်ကို ပိုင်သွားပြီ မဟုတ်လား”

“ကျုပ်က..”

“သူက သခင်လေးရဲ့ အသက်ကိုတောင် ပိုင်ထားပြီးပြီဆိုထင်..”

ထိုလူသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ သခင်လေးကြီး၀မ်အား စိုက်ကြည့်လိုက်လေသည်။

သခင်လေးကြီး၀မ် အေးတိအေးစက် ဖြစ်သွားလေသည်။

“ခင်ဗျား ဘာပြောချင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါဗျာ”

“ကျုပ်က အဲသည် လူကို တွေ့ချင်ပါတယ်”

“ဪ..”

“ကျုပ်က သူနဲ့ လောင်းကစားချင်ပါတယ်ဗျာ”

သခင်လေးကြီး၀မ်၏မျက်နှာ ပြုံးယောင်သန်းလာသည်။

“လက်စသပ်တော့ သူနဲ့ လောင်းကစားချင်တာကိုး”

“ဟုတ်တယ်”

“လောင်းကြေးက”

“အသက်ပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့"

သခင်လေးကြူးဝမ် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ေ…

သည်။

"တစ်ခုတော့ ရှိတယ်ဗျ"

"ပြောပါ"

"ခင်ဗျား သေသေချာချာ စဉ်းစားဖို့တော့ လိုလိမ့်မယ်"

ထိုလူက…

"ကျုပ်ဆုံးဖြတ်ပြီးပါပြီဗျာ"

သခင်လေးကြူးဝမ်က…

"ခင်ဗျားရဲ့သဘောက သည်လူနဲ့ တွေ့ရအောင် ကျုပ်… ကြားခံဆောင်ရွက်ပေးစေချင်တယ် ဟုတ်လား"

"သည်သဘောပါပဲ"

"ကောင်းပြီ ခင်ဗျား သည်မှာ ခဏစောင့်ပါ"

သခင်လေးကြူးဝမ် ထိုင်ရာမှ ထကာ စားသောက်ဆိုင်… အပြင်ဘက် ထွက်သွားလေတော့သည်။

♠ ♠ ♠

အရည်အချင်း

သခင်လေးကြူးဝမ် ထွက်သွားပြီ ဖြစ်ပါသည်။

ထိုလူက မလှုပ်မယှက် ထိုင်နေ၏။

သခင်လေးကြူးဝမ် ပြန်ရောက်လာမည့် အချိန်ကို စောင့်…ာ်နေခြင်း ဖြစ်လေသည်။

သခင်လေးကြူးဝမ် ပြန်ရောက်လာပါဦးမည်လော။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာပြီး မြင်းလှည်း…ာင်းသည့် မိန်းကလေးက ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့လိုက်…လသည်။

ထိုမိန်းကလေးသည် လူရွယ်အား ဦးညွှတ်လိုက်ပြီး…

"သခင်လေးက အပြင်ထွက်လာဖို့ ဖိတ်ခေါ်လိုက်ပါတယ်…ရှင်"

ဟုပြောလာလေသည်။

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



လူရွှယ် ထိုင်ရာမှ ထကာ အပြင်ဘက် ထွက်လိုက်၏။

စားသောက်ဆိုင်နှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် မြင်းလှည်း ရပ်ထားလေသည်။

စားသောက်ဆိုင်တံခါးပေါက်မှ နေ၍ မြင်းလှည်းဆီသို့ သွားရာလမ်း၌ အဖြူရောင်ဝတ်ထားသော မိန်းကလေးရှစ်ယောက်က လေးယောက်တစ်တွဲ ခွဲကာ ရပ်တန့်နေကြသည်။

ထိုမိန်းကလေးများ ရပ်နေပုံမှာ သိုင်းဟန်မျိုး ရှိနေကြောင်း လူရွှယ် သတိပြုမိလိုက်လေသည်။

လူရွှယ်က အမှုမထားဘဲ မြင်းလှည်းရှိရာသို့ လှမ်းသွားလိုက်လေသည်။

ထိုစဉ်...

"ဖုစ်...ဖုစ်...ဖုစ်"

နောက်ကျောဘက်၌ ရှိနေသည့် သူအား လာရောက် ဖိတ်ခေါ်ခဲ့သော မိန်းကလေးက လက်နက်ပုန်းကလေးများဖြင့် တိုက်ခိုက်လာလေသည်။

လက်နက်ပုန်းကလေးများသည် လူရွှယ်၏နောက်ကျောသို့ ဦးတည်ကာ ပစ်လွှင့်လာလေသည်။

လူရွှယ် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို သည်လို အကောက်ကြံလို့ မရဘူး"

အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်ရာ ဟူးခနဲမြည်ကာ လေပွေလှိုင်းများ ထွက်ပေါ်လာပြီး လက်နက်ပုန်းကလေးများ လာလမ်းအတိုင်း ပြန်လည် ပစ်လွှင့်သွားတော့သည်။



ပစ်လွှင့်သွားသော အချိန်မှာ ပစ်ခတ်လိုက်သည့် အချိန် အတော်ပင် ပို၍ လျင်မြန်ကာ အားမာန်ပါနေသည်။

လက်နက်ပုန်းကလေးများဖြင့် ပစ်ခတ်လိုက်သော မိန်းကလေးကိုယ်တိုင် ရင်ထိတ်သွား၏။

ကပျာကယာ ရှောင်တိမ်းဖို့ ကြိုးစားလိုက်သည့် တိုင်အောင် မလွတ်နိုင်ဘဲ ဖြစ်သွားတော့သည်။

လက်နက်ပုန်းအချို့က မိန်းကလေးအား ထိမှန်သွားရာ...

"အမယ်လေး"

စူးရှစွာ အော်ဟစ်ယင်း မြေပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

မြေပေါ် ရောက်သွားသည်နှင့် သူမ၏တစ်ကိုယ်လုံး မည်းနက်ပြာနှမ်းသွားလေတော့သည်။

လူရွှယ်သည် မိန်းကလေး၏လက်နက်ပုန်းလေးများအား ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်ရသဖြင့် မိန်းကလေးရှစ်ယောက်ကြားသို့ ရောက်ရှိသွားတော့သည်။

မိန်းကလေးရှစ်ယောက်သည် လေးယောက် ဝဲယာခွဲကာ လူရွှယ်အား နှစ်ဘက်ညှပ်ပြီး တိုက်ခိုက်လိုက်ကြလေသည်။

လူရွှယ်လည်း ခန္ဓာကိုယ်ယိမ်းနွဲ့ ရှောင်တိမ်းပြီး ခြေလက်များ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လူရွှယ်သည် မိန်းကလေးရှစ်ယောက်နှင့် ရင်ဆိုင်ယှဉ်ရင်း လှမ်း ကြည့်လိုက်ရာ မြင်းလှည်းအိမ်တံခါး ဖွင့်ထားသည်ကိုလည်းကောင်း။ မြင်းလှည်းပေါ်၌ အခန့်သားထိုင်ကာ အကဲခတ်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် သခင်လေးကြိုးဝမ်ကိုလည်းကောင်း တွေ့လိုက်ရလေသည်။

လူရွှယ် မကျေမနပ် ဖြစ်သွားလေသည်။

သူ၏ခြေလက်များ လှုပ်ရှားမှုက ပိုမိုသွက်လက် မြန်ဆန်လာလေသည်။

ပို၍ ပြင်းထန်လာလေသည်။

မိန်းကလေးရှစ်ယောက်၏ တိုက်ခိုက်မှုကြား၌ ပို၍ လျင်မြန် စွာ လှုပ်ရှားသွားလိုက်ရာ မိန်းကလေးရှစ်ယောက်မှာ အချင်းချင်း ပြန်လည် တိုက်ခိုက်မိလိုက်ကြလေတော့သည်။

"အား"

"အမယ်လေး"

"အွန့်"

မိန်းကလေးရှစ်ယောက် ညည်းတွားယင်း တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေတော့သည်။

♠ ♠ ♠

မိန်းကလေးရှစ်ယောက် မြေပေါ် လဲကျသွားကြပြီ ဖြစ်သည်။

လူရွှယ်သည် မိန်းကလေးများအား အမှုမထားတော့ဘဲ မြင်းလှည်းဆီသို့ လှမ်းသွားလိုက်၏။

သခင်လေးကြိုးဝမ် ပြုံးလိုက်သည်။

"မဆိုးဘူး၊ မြင်းလှည်းပေါ်တက်ပါဗျာ၊ ကျုပ်တို့ သွားကြ



စို့ပေါ့"

"ကောင်းပြီ"

လူရွှယ်က မြင်းလှည်းပေါ် တက်လိုက်၏။

မြင်းလှည်းပေါ် ရောက်သွားသည်နှင့် သခင်လေးကြိုးဝမ်က စောင်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ထဲ၌ ယပ်တောင်တစ်ချောင်း ကိုင်ထားပါသည်။

ယပ်တောင်ပေါ်၌...

"သိုင်းဘုရင် ဝမ်မင်းသား"

ဟုရေးထားလေသည်။

သခင်လေးကြိုးဝမ်သည် ထိပ်တန်းသိုင်းပညာရှိပြီး သိုင်းလောကအား လွှမ်းမိုးလိုသူတစ်ယောက်၊ ဒေါသမာန်မာနကြီးသူတစ်ယောက် ဖြစ်ကြောင်း လူတိုင်း သိကြလေသည်။

အဖြူရောင်သိုင်းသမားများက သခင်လေးကြိုးဝမ်သည် လူသားအပ်သူတစ်ယောက်ဟု သတ်မှတ်ထားကြ၏။

သခင်လေးကြိုးဝမ်က ယပ်တောင်ဖွေယမ်းလိုက်လျှင်...

"ရှိုး..ရှိုး..ရှိုး"

လက်နက်ပုန်းကလေးများသည် လူရွှယ်ထံသို့ ပစ်လွှင့်သွားသည်။

မြင်းလှည်းအိမ်ထဲ၌ ဖြန့်ကျက်ပစ်လွှင့်လာသည့် လက်နက်ကလေးများအား လူရွှယ် ရုတ်တရက် ရှောင်တိမ်းဖို့ မလွယ်ပါချေ။

လူရွှယ်ကလည်း ရှောင်တိမ်းခြင်း မပြုပါချေ။

အကျီလက်ဖြင့် လိပ်ကာ ဖမ်းဆီးထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးကြိုးဝမ် ပြုံးလိုက်သည်။

"မခိုးဘူး"

သူ၏ယပ်တောင်ကို ထပ်မံဝှေ့ယမ်းလိုက်ရာ…

"ဟူး"

အနီရောင်အခိုးအငွေ့များက လူရွှယ်ထံ လွင့်ပျံ့သွားပြန်သည်။

အဆိပ်မှုန့်ကလေးများဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သခင်လေး၏တိုက်ခိုက်မှုမှာ တစ်ကွက်ပြီးတစ်ကွက် ဝိုး၍ပြင်းထန်လာလေသည်။

"ဟား…ဟား…ဟား"

လူရွှယ်က တဟားဟား ရယ်မောလိုက်လေသည်။

"သခင်လေး သည်လို မကျီစယ်ပါနဲ့ဗျာ"

သူ၏ယာဘက်လက်ကို ဆန့်ထုတ်လိုက်သည်။

လက်ညှိုးတစ်ချောင်းဖြင့် ရေကို မွှေသကဲ့သို့ ဝှေ့ယမ်းလိုက်လျှင် အနီရောင်အဆိပ်မှုန့်ကလေးများသည် လူရွှယ်၏လက်ညှိုး၌ ကပ်ငြိပေကျုံသွားလေတော့သည်။

အလွန်ကြောက်မက်ဖွယ်ကောင်းသော အဆိပ်မှုန့်များသည် လူရွှယ်အား ဒုက္ခပေးနိုင်ခြင်း မရှိတော့ပါ။

ထူးဆန်းသည်ကား လူရွှယ်၏လက်ညှိုးမှာ အစိမ်းရောင်သန်းနေခြင်း ဖြစ်သည်။

သခင်လေးကြိုးဝမ် ရင်ထိတ်သွားလေသည်။

"ခင်ဗျားက…"



သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ လူရွှယ်၏မျက်နှာ၌လည်း စိမ်းဖန့်ဖန့်အရောင်သန်းလာသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

သခင်လေးကြိုးဝမ် မျက်နှာပျက်သွားလေသည်။

ခက်ထန်မောက်မာခြင်း၊ မာနကြီးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းစသည့် အသွင်သဏ္ဌာန်များ ပျောက်ကွယ်သွားပြီး ကြောက်ရွံ့ထိတ်လန့်သည့်အသွင် ဖြစ်ပေါ်လာသည်။

မျက်နှာတစ်ခုလုံး သွေးရောင်ကင်းမဲ့ကာ ဖြူဖတ်ဖြူလျော်ဖြစ်သွားလေသည်။

"ကျောက်စိမ်းလက်ညှိုး"

ဟုရေရွတ်လိုက်လေသည်။

လူရွှယ်က…

"ခင်ဗျား ပြောမြမယ် မဟုတ်လားဗျာ"

ဟုထပ်မေးလိုက်လေသည်။

သခင်လေးကြိုးဝမ် သက်ပြင်းချလိုက်သည်။

"ကျောက်စိမ်းလက်ညှိုးနဲ့ တွေ့ရမှတော့ ကျုပ် မပြောဘဲ နေဝံ့တော့ပါဘူးဗျာ"

ဟုညည်းတွားလိုက်လေသည်။

ကျောက်စိမ်းလက်ညှိုး…

ကျောက်စိမ်းလက်ညှိုးသိုင်းသည် အလွန်ထူးခြားသော သိုင်းပညာ ဖြစ်လေသည်။

ကျောက်စိမ်းလက်ညှိုးသည် အများအကျိုး၊ သိုင်းလောက

www.burmeseclassic.com

www.burmeseclassic.com



အကျီး သည်ပိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်သည်။

သူ၏ကျောက်စိမ်းလက်ပညာသည် အလွန်ထူးခြား ထက်မြက်လှပြီး အနက်ရောင်ထိပ်သီးသိုင်းသမားကြီးများပင်လျှင် ရင်မဆိုင်ဝံ့ဘဲ အဝေးမှ ရှောင်ရှားလေ့ ရှိကြပေသည်။

ယခု...

အနက်ရောင်သိုင်းသမားများအတွက် ကြောက်မက်ဖွယ်ကောင်းလှသော 'ကျောက်စိမ်းလက်'နှင့် ရင်ဆိုင်လိုက်ရပြီး ဖြစ်ရကား သခင်လေးကြူးဝမ် ထိတ်လန့်သွားရလေတော့သည်။

လူရွယ်(ဝါ)ကျောက်စိမ်းလက်က...

"ခင်ဗျားရဲ့အသက်ကို လောင်းကြေးအဖြစ် အနိုင်ရသွားတဲ့ လူက ဘယ်သူလဲဆိုတာ ပြောပြပါဗျာ"

ဟုထပ်မေးလိုက်လေသည်။

သခင်လေးကြူးဝမ်က...

"သူက.."

စကားဆုံးအောင် မပြောရသေးဘဲ ယပ်တောင်ဖြင့် ထိုးနှက်တိုက်ခိုက်လိုက်လေသည်။

"ဖောက်"

လူရွယ်၏ကျောက်စိမ်းလက်မှ လက်ညှိုးသိုင်းကွက်သည် ယပ်တောင်ကို ထိုးဖောက်လိုက်သည်။

လက်ညှိုးထိပ်ဖျားသည် သခင်လေးကြူးဝမ်၏သွေးကြောတစ်နေရာကို ထောက်ချမိလိုက်လေသည်။



"အင့်"

သခင်လေးကြူးဝမ်၏လက်ထဲမှ ယပ်တောင် လွတ်ကျကာ ရှေ့ပ်မယှက် ဖြစ်သွားလေသည်။

လူရွယ်(ဝါ)ကျောက်စိမ်းလက်က...

"ကဲ ပြောပါ"

သခင်လေးကြူးဝမ် ခေါင်းမမာရဲတော့ပါချေ။

"သူက.."

သူ၏အသက်ကို လောင်းကြေးအဖြစ် အနိုင်ရသွားသူ မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလိုက်လေတော့သည်။

♠ ♠ ♠

ရေကန်ကြီးနှင့် မလှမ်းမကမ်းတွင် ဗျိုင်းကြီးတစ်ကောင်၏ ပုံသဏ္ဌာန်ရှိသော တောင်ကြီးတစ်လုံး ရှိသည်။

ထိုတောင်ကြီးပေါ်၌ လျှမ်းလျှမ်းတောက် ကျော်ကြားသော ဗျိုင်းဝါစံအိမ် တည်ရှိလေသည်။

ဗျိုင်းဝါစံအိမ်ပိုင်ရှင်ဟွကိုဖုံးသည် သိုင်းလောက၏နာယကကြီးဆယ်ဦးတွင် ပါဝင်သူ ဖြစ်လေသည်။

သိုင်းလောကသားတိုင်း ကြည်ညိုလေးစားရသည့် သိုင်းဆရာကြီးလည်း ဖြစ်သည်။

ယနေ့...

ဗျိုင်းဝါစံအိမ်သို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြီးဝမ်အား အနိုင်ယူခဲ့သည့် လူရွယ်(ဖါ)[illegible] ဖြစ်လေသည်။

ရှိုင်းဝါစံအိမ်မှာ နန်းတော်ကြီးအလား ခမ်းနားထည်ဝါလှပေသည်။

သို့သော် စံအိမ်ရှေ့၌လည်းကောင်း၊ အနီးပတ်ဝန်းကျင်၌လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါချေ။

စံအိမ်ထဲ၌လည်း လူရိပ်လူရောင် မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။

ကျောက်စိမ်းလက်က စံအိမ်ရှေ့၌ ခြေလှမ်းရပ်ကာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ် လူငယ်တစ်ယောက်က စံအိမ်ထဲမှ လှမ်းထွက်လာလေသည်။

ထိုလူငယ်က ကျောက်စိမ်းလက်ကို ဂါရဝပြုလိုက်လေသည်။

"ရောက်လာမှတော့ အထဲကို ဝင်ခဲ့ပါလို့ ဆရာကြီးဟွကိုဖုံးက မှာလိုက်ပါတယ် ခင်ဗျာ"

ကျောက်စိမ်းလက် ပြုံးလိုက်လေသည်။

"ကောင်းသားပဲ၊ ကျုပ်က ဆရာကြီးကို ဂါရဝပြုချင်ပါသေးတယ်"

"ကြွပါ ခင်ဗျာ"

လူငယ်က ဖိတ်ခေါ်သွားရာ ကျောက်စိမ်းလက်လည်း လိုက်သွားလေသည်။



စံအိမ်ကြီးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေဝါသည်။

ဧည့်ခန်းမဆောင်ကြီးမှာ ခမ်းနားထည်ဝါလှသည်။

ကြီးမားသော စားပွဲကြီးတစ်လုံး၌ အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ထိုအဘိုးအိုမှာ ရှိုင်းဝါစံအိမ်ပိုင်ရှင်ဟွကိုဖုံး ဖြစ်လေသည်။

လူရွယ်က ဦးညွှတ်လိုက်သည်။

"ဧည့်သည် ရောက်လာပါပြီ ခင်ဗျာ"

ဟွကိုဖုံးက...

"ကောင်းပြီလေ၊ မင်းက ဧည့်သည်ကို ဧည့်ခံဖို့ လုပ်ပါ"

"ဟုတ်ကဲ့"

လူငယ်က အတွင်းဘက် ဝင်သွားလေသည်။

"ထိုင်ပါ"

ဟွကိုဖုံးက လူရွယ်(ဇီ)ကျောက်စိမ်းလက်ကို နေရာထိုင်ခင်းပေးလိုက်လေသည်။

ကျောက်စိမ်းလက်က ဟွကိုဖုံးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

လူငယ်က အရက်နှင့် စားစရာအချို့ ယူလာပေးလေသည်။

"သုံးဆောင်လိုက်ပါဦး"

ဟွကိုဖုံးက ပြောလိုက်သည်။

ကျောက်စိမ်းလက်က...

"ကျုပ်က စားသောက်ဖို့လာခဲ့တာ မဟုတ်ဘူးဆိုတာ ဆရာကြီး သိပါတယ်"

www.burmeseclassic.com



ဟွကိုဖုံး သက်ပြင်းချလိုက်လေသည်။

"မင်းက သခင်လေးကြုံးဝမ်နဲ့ တွေ့ခဲ့ပြီးပြီဆိုတာ ကျုပ်
ပါတယ်"

"သူက သည်ကို လမ်းညွှန်လိုက်တာပါပဲ"

"အင်း အမှန်အတိုင်း ပြောရယင် ကြုံးဝမ်ဟာ သူ့ရဲ့အသ
ကို နှမြောနေစရာ အကြောင်းမရှိပါဘူးလေ၊ သူ့ရဲ့အသက်
အလောင်းအစားလုပ်တာ ရှုံးသွားပြီ၊ ကျုပ်က ပိုင်ဆိုင်သွာ
မဟုတ်လား"

သခင်လေးကြုံးဝမ်နှင့် အသက်ကို လောင်းကြေးထပ်
လောင်းကစားခဲ့သူမှာ ဖိုးင်းဝါစံအိမ်ပိုင်ရှင်ဟွကိုဖုံး ဖြစ်လေသည်

လောင်းကစားဝါသနာပါသော သခင်လေးကြုံးဝမ်
မငြင်းဘဲ လက်ခံလောင်းကစားခဲ့သည်။

နောက်ဆုံး သခင်လေးကြုံးဝမ် ရှုံးသွားကာ သူ၏အသ
ကို ဟွကိုဖုံးက ပိုင်ဆိုင်သွားလေသည်။

ဟွကိုဖုံးက...

"သူက ကျုပ်စကား နားထောင်ရမယ်၊ ကျုပ်ခိုင်းတာ လု
ရမယ်၊ ကျုပ်က သေဆိုသေ ရှင်ဆိုရှင်ရမယ်၊ ဟုတ်တယ် မဟု
လား၊ မင်းက သူ့ကို သတ်ပစ်လိုက်မယ်ဆိုယင်တောင် ကျုပ်
သစ္စာမဖောက်ရဘူး"

ကျောက်စိမ်းလက် ပြုံးနေသည်။

"အနက်ရောင်သိုင်းလောကမှာ ကတိသစ္စာဆိုတာ ရှိ
လားရှင်၊ ဘယ်သူကများ တန်ဖိုးထားကြလို့လဲ ပြောပါဦးရှင်"



လူရွယ်(ဝါ)ကျောက်စိမ်းလက်သည် အမျိုးသမီးတစ်ဦး ဖြစ်
နေပါသည်။

သူမသည် ယောကျ်ားတစ်ယောက်အသွင် ဝတ်ဆင်ကာ
သခင်လေးကြုံးဝမ်နှင့် ရင်ဆိုင်ခဲ့ခြင်း ဖြစ်လေသည်။

အကယ်၍ သူမအား ကျောက်စိမ်းလက် ဖြစ်ကြောင်း သိပါ
က သခင်လေးကြုံးဝမ်သည် လက်ခံလောင်းကစားမည် မဟုတ်ဘဲ
လူချင်း အတွေ့ခံမည် မဟုတ်ဘဲ ရှောင်တိမ်းသွားမည်သာ ဖြစ်လေ
သည်။

သခင်လေးကြုံးဝမ်မှာ အဖြူမကျ အနက်မကျ သိုင်းသမား
တစ်ဦး ဖြစ်သည်။

ထိပ်တန်းသိုင်းပညာ ရှိသော်လည်း သိုင်းလောက၌ ပြိုင်
ဘက်ကင်း အဆင့်ရှိသူတစ်ယောက်တော့ မဟုတ်ပါ။

သူ၏ဖခင် မြို့စားကြီးကြုံးရှုသည် ထင်ရှားသော အဖြူ
ရောင်သိုင်းသမားကြီးတစ်ဦး ဖြစ်ခဲ့သည်။

အများအကျိုး ဆောင်ရွက်သဖြင့် လူတိုင်း ကြည်ညိုလေး
စားခြင်း ခံရသူလည်း ဖြစ်သည်။

မြို့စားကြီးကြုံးရှုက တစ်ဦးတည်းသောသား ကြုံးဝမ်ကို
အလိုလိုက်ထားခြင်းကြောင့် နောက်ပိုင်းတွင် ကြုံးဝမ်က ဖျက်စီးလာ
ပြီး လောင်းကစားသမား ဖြစ်လာသည်။

မြို့စားကြီးကြုံးရှု ကွယ်လွန်သွားပြီးသည့် နောက်ပိုင်းတွင်
အထိန်းအကွပ် မရှိတော့ဘဲ ထင်ရာစိုင်းကာ အဖြူမကျ အနက်မကျ
သိုင်းသမားဟု သတ်မှတ်ခံလာရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးကြိုးရှမှာ အချိန်အခါ ကြီးမားသူ ဖြစ်သလို မိတ်ဆွေသင်္ဂဟ ပေါများသူ ဖြစ်၍ သိုင်းလောကသားများက သခင်လေးကြိုးဝမ်အား လှစ်လျူရှုထားခဲ့ကြသည်ဟု ဆိုနိုင်လေသည်။

ဖွကိုဖုံးက...

"ကြိုးဝမ်ဟာ လောင်းကစားသမားတစ်ယောက် ဖြစ်တာက လွဲပြီး ဘာမှ အထင်ကြီးစရာ မရှိတဲ့ လူတစ်ယောက်ပါ၊ ကျုပ်က သူ့ကို စည်းရုံးသိမ်းသွင်းခဲ့တာက သူ့အဖေရဲ့ မိတ်ဆွေသင်္ဂဟတွေ ရှိနေလို့ပါပဲ"

ကျောက်စိမ်းလက်က ခေါင်းစည်းကြိုးကို ဖြုတ်လိုက်လေ သည်။

ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ရာ ရှည်လျားသော ဆံပင် များက ပခုံးပေါ် ဝဲကျလာလေသည်။

ယခု ကျောက်စိမ်းလက်သည် လှပချောမောသော အမျိုး သမီးတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်လာပြီ ဖြစ်လေ သည်။

ထို့အတူ ဖွကိုဖုံးက သခင်လေးကြိုးဝမ်အား အသုံးချလို သောကြောင့် စည်းရုံးသိမ်းသွင်းခဲ့ခြင်း ဖြစ်ကြောင်းလည်း ပေါ်ပေါ် လာလေသည်။

ကျောက်စိမ်းလက်က...

"ခုတလော သိုင်းလောကမှာ ဒေသွးလင်းနို့ဂိုဏ်း ပေါ်ပေါ် လာတယ်၊ လူသတ် ဓားပြတိုက် မကောင်းမှုတွေကို ရက်ရက်စ ရော ကျူးလွန်ကြတယ်၊ သွေးလင်းနို့ဂိုဏ်းဝင်တွေဟာ အများအ



... လူဆိုးဓားပြတွေ ဖြစ်နေကြပေမယ့် ခေါင်းဆောင်ပိုင်းကတော့ ...ကို ဖော်မပြကြဘူး၊ လူသိများ ထင်ရှားတဲ့ အဖြူရောင်သိုင်း ...တွေပဲ ဖြစ်ရမယ်လို့ ဝေဖန်ပြောဆိုနေကြတယ်လေ၊ ဒါကြောင့် ...လည်း စိတ်ဝင်စားတာနဲ့ စုံစမ်းကြည့်လိုက်တော့ လုယက်တိုက် ...ထားတဲ့ ပစ္စည်းတွေကို လောင်းကစားဂေဟာတွေကတဆင့် ...လင်းနို့ဂိုဏ်းကို ပေးပို့နေကြတယ်ဆိုတာ သဲလွန်စ ရလိုက်ပါ ...ရှင်"

သူမသည် သွေးလင်းနို့ဂိုဏ်းနှင့် ပတ်သက်ပြီး သက်သေ ...င်း ဖြစ်ခဲ့ပုံကို ဆက်လက်ရှင်းပြလိုက်လေသည်။

"လောင်းကစားဂေဟာတွေကတဆင့် တိုက်ရာပါပစ္စည်း ...ကို တာဝန်ယူသယ်ဆောင်သွားတဲ့လူကို တွေ့ရယင် သွေးလင်း ...ကို ဖော်ထုတ်နိုင်မယ်လို့ ကျွန်မ ယုံကြည်ခဲ့တယ်လေ၊ ဒါနဲ့ ...င်းကစားဝိုင်းတွေကို စောင့်ကြည့်နေတဲ့အခါ သခင်လေးကြိုးဝမ် ...သတိထားမိလိုက်တာပဲ၊ သူ့ရဲ့မြင်းလှည်းက အတော့်ကို ကြီးမား ... လောင်းကစားဝိုင်းတွေမှာ သူအနိုင်ရပြီး ငွေတွေကို တနင့် ... သည်ဆောင်သွားတာချည်းပဲ၊ သည်တော့ သွေးလင်းနို့ဂိုဏ်း ...တွေဟာ သူတို့ တိုက်ခိုက်ထားတဲ့ ငွေတွေကို တမင် အရှုံးခံ ...င်းကစားပြီး သခင်လေးကြိုးဝမ်က တဆင့် သွေးလင်းနို့ဂိုဏ်း ...ဆောင်ပေးနေတာလို့ ကျွန်မ ရိပ်မိလိုက်တာပေါ့ရှင်"

ဖွကိုဖုံး ရယ်မောလိုက်လေသည်။

"ဒုစရိုက်သမားတွေကို ချေမှုန်းနှိမ်နင်းတဲ့ နေရာမှာ ...စိမ်းလက်က အတော်နာမည်ကြီးတာကို ကျုပ်ကြားဖူးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ်နဲ့ လက်တွဲလိုက်မယ်ဆိုယင် သိုင်းလောကကို လွှမ်း နိုင်လိမ့်မယ်လို့ အာမခံပါတယ်၊ ဘယ့်နယ်လဲ"

ကျောက်စိမ်းလက် ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ လက်ခံမှာ မဟုတ်ဘူးဆိုတာ ဆရာကြီး သိမှာ ရှင်"

ဟွကိုဖုံးက…

"ကျုပ်ကို ဖျောင်းဖျမယ်ဆိုယင်လည်း ကျုပ်က လက်ခံ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်"

"ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် တိုင်ပင်ညှိနှိုင်း မရနိုင်ဘူးဆိုတာ ထင်ရှားနေပါပြီ"

"မှန်ပါတယ် မိန်းကလေး"

ကျောက်စိမ်းလက်က တည်ကြည်သော မျက်နှာထား ပြောလိုက်လေသည်။

"ဒါဖြင့် ကျွန်မတို့ လောင်းကစားလိုက်ကြယင် ကောင်းမ ထင်တယ်"

ထိုစကားကြားလျှင် ဟွကိုဖုံးသည် ဟန်မဆောင်နိုင်တေ ဘဲ အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠



"ဟား…ဟား…ဟား"

ဟွကိုဖုံး၏ရယ်မောသံသည် ကျယ်ဝန်းလှသော ခန်းမ ဆောင်ကြီးထဲ၌ ပဲ့တင်ထပ်ဟိန်းထွက်လာလေသည်။

ဟွကိုဖုံးသည် သိုင်းလောကဦးသျှောင် နာယကကြီးသုံးဦး၌ ပါဝင်ခဲ့သူ ဖြစ်လေသည်။

အားလုံးက ကြည့်ညိုလေးစားခဲ့ကြသည်။

သို့သော်…

ဟွကိုဖုံး၌ ချို့ယွင်းချက်တစ်ခု ရှိနေခဲ့ပြီး နောက်ပိုင်း လူသိ ရှင်ကြားပေါ်ပေါက်လာခဲ့လေသည်။

လောင်းကစားဝါသနာပါခြင်း ဖြစ်လေသည်။

ဟွကိုဖုံးသည် ရုပ်ဖျက်၍ လောင်းကစားဝိုင်းများသို့ သွား သည်။ ကြေးကြီးကြီး လောင်းကစားခဲ့သည်။

အကြီးအကျယ် ရှုံးနိမ့်သောအခါ သူပိုင်ဆိုင်သည့် ပစ္စည်း များ ဆုံးရှုံးသွားလေသည်။

အလုပ်သမားများ၊ အိမ်စေများကိုဝင် လစာရိက္ခာ ပေး နိုင်ခြင်း မရှိတော့ပါ။

တပည့်တပန်း လက်အောက်ငယ်သားများကိုလည်း ထောက်ပံ့ကူညီနိုင်ခြင်း မရှိတော့ပါ။

သို့တိုင် အရှုံးကို ချေဖျက်နိုင်ဖို့ ဆက်လက်လောင်းကစား ၍ ငွေကို ရသည့်နည်းဖြင့် ရှာဖွေလာခဲ့လေတော့သည်။

ဟွကိုဖုံးသည် နောက်ကွယ်၌ ဒုစရိုက်သမားတစ်ဦးဖြစ်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားပြမှုတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သင်္ကာမကင်
ဖြစ်ခဲ့ရပြီး နောက်ပိုင်း အများက အကြည်ညိုပျက်သွားကြလေသည်
ဟွကိုဖုံးသည်လည်း သိုင်းလောက နာယကအဖွဲ့မှ နု
ထွက်ခဲ့ရလေသည်။

အပေါင်းအသင်း မိတ်ဆွေများကလည်းကောင်း၊ တပ
တပန်းများကလည်းကောင်း စွန့်ခွာသွားကြလေသည်။

ဟွကိုဖုံးတစ်ယောက်ထဲ အထီးကျန်ဘဝ ရောက်ခဲ့ရ
တော့သည်။

ဟွကိုဖုံး၏ရယ်မောသံ တိတ်ဆိတ်ပျောက်သွားလေသ

သူ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

လက်နှစ်ဘက် ဝှေ့ယမ်းကာ ပြောလိုက်၏။

"တစ်ချိန်က ကျုပ်ဟာ လျှမ်းလျှမ်းတောက် ကျော်ကြား
လူတစ်ယောက် ဖြစ်ခဲ့တာပေါ့၊ ဘာဆိုဘာမှ လိုလေသေး မရှိခဲ့
ခုများ ကြည့်စမ်းပါဦး၊ ကျုပ်က အသက်ရှင်လျက် သေဆုံးသွား
လူတစ်ယောက်လို ဖြစ်နေပြီ၊ ကျုပ်ရဲ့ နန်းတော်ကြီးလို ခမ်း
ထည်ဝါလှတဲ့ အဆောက်အဦးကြီးကလည်း သချိုင်းဂူကြီးတစ်
ဖြစ်နေပြီ၊ ကျုပ်က လောင်းကစား ဝါသနာပါခဲ့တာ၊ ကျုပ်ကိုယ်က
ဖျက်ဆီးလိုက်သလိုပါပဲလေ၊ ဒါပေမယ့် ကျုပ်ပြုလုပ်ခဲ့တဲ့ ကောင်း
လုပ်ရပ်တွေကို ထောက်ထားသင့်တာပေါ့၊ သိုင်းလောက နာယ
အဖွဲ့က ကျုပ်ထွက်လိုက်ရတာဟာ ကျန်းမာရေးမကောင်းလို့ အ
ယူလိုက်တယ်လို့ သတင်းထုတ်ပြန်ခဲ့ပေမယ့် တကယ်တော့ ကျ
နာယကတွေက ကျုပ်ကို အပြစ်တင်ပြီး မောင်းထုတ်လိုက်ကြတာ



သူ၏ရင်ထဲမှ ခံစားချက်၊ နာကျည်းချက်များကို ထုတ်ဖော်
ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

ကျောက်စိမ်းလက်က...

"ဆရာကြီးက ကိုယ့်ရဲ့ ချို့ယွင်းချက်ကို ပြုပြင်ဖို့ မကြိုးစား
ဘဲ သူများကို အပြစ်တင်ပြီး ဆက်လက်မိုက်မဲချင်တာကိုး၊ တဲ ဒါတွေ
ထားလိုက်ပါတော့လေ၊ ကျွန်မတို့ လောင်းကစားလိုက်ကြတာပေါ့"

ဟွကိုဖုံး ပြုံးလိုက်သည်။

"မင်းက ကျုပ်ကို ပြုပြင်ဖို့ ပြောပြီး ခုတော့ ကျုပ်နဲ့
လောင်းကစားချင်သေးတာ ဘယ်လိုသဘောလဲ"

"ကျွန်မက သွေးလင်းနို့ဂိုဏ်းနဲ့ ပတ်သက်ပြီး လောင်း
ကစားချင်တာပါရှင်"

"ပြောပါဦး"

ကျောက်စိမ်းလက်က တည်ကြည်သော မျက်နှာထားဖြင့်
ပြောလိုက်လေသည်။

"သွေးလင်းနို့ဂိုဏ်းမှာ အဓိကခေါင်းဆောင်သုံးယောက် ရှိ
တယ်လို့ သိရပါတယ်"

"အဲသည်တော့"

"ဆရာကြီးအမြင် ကျန်တဲ့နှစ်ယောက်က ဘယ်သူတွေလဲ
ဆိုတာ ပြောပြဖို့ပါ"

"ဪ"

ဟွကိုဖုံး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"မင်းက သည်ကိစ္စကို အလောင်းအစား လုပ်ချင်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အနိုင်ရမယ်ဆိုယင် ဆရာကြီး ပြောပြရပါလိမ့်မယ်၊ ကျွန်မ ရှုံးသွားမယ်ဆိုယင်တော့ ကိစ္စ မရှိပါဘူးရှင်"

"ကောင်းသားပဲ၊ မိန်းကလေးရဲ့သတ္တိကိုတော့ ကျုပ်သဘောကျသွားပြီ"

"ဆရာကြီး လက်ခံတယ် မဟုတ်လား"

"လက်မခံနိုင်စရာ အကြောင်း မရှိပါဘူး၊ မိန်းကလေးကပဲစပြီး တိုက်ခိုက်ဖို့လည်း ကျုပ်ခွင့်ပြုပါတယ်"

"ဒါဖြင့် သတိထားပါရှင်"

စကားဆုံးလျှင် ကျောက်စိမ်းလက်သည် ထိုင်ရာမှ ကြွတက်ကာ ဟွကိုဖုံးအား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

ဟွကိုဖုံးသည် နာယကအဖွဲ့မှ နုတ်ထွက်လိုက်ပြီ ဖြစ်သော်လည်း သူ၏သိုင်းပညာမှာ ထက်မြက်နေဆဲ ဖြစ်လေသည်။

"ဟူး"

လေတိုးသံများ ထွက်ပေါ်လာကာ ကျောက်စိမ်းလက်က စားပွဲပေါ် ခုန်တက်ကာ တိုက်ခိုက်လိုက်လေသည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ"

ဟွကိုဖုံးက အော်ငေါက်ယင်း လက်ဝါးဖြင့် ဆီးကြို့ရိုက်ချလိုက်လေသည်။

ဟွကိုဖုံးသည် အတွင်းအား အလွန်ကောင်းသည့် သိုင်း



ကြီးတစ်ယောက် ဖြစ်လေသည်။

သူ၏လက်ဝါးရိုက်ချက်သည် ကျောက်တုံးကျောက်ခဲကြီးတိုင်ပင် စိစိညက်ညက် ကြေမွသွားစေနိုင်လောက်အောင် ပြင်းန်လှသည်။

ကျောက်စိမ်းလက်ကဲ့သို့ မိန်းမရွယ်တစ်ယောက် အနေဖြင့် ကိုဖုံး၏အတွင်းအားကို ယှဉ်နိုင်ဖို့ လွယ်မည် မဟုတ်ပါချေ။

ကျောက်စိမ်းလက်သည် စားပွဲပေါ် လက်ထောက်ကာ ပေါ် ခုန်တက်လိုက်လေသည်။

ဟွကိုဖုံးကလည်း ချက်ခြင်း လေထဲ ခုန်တက်လာပြီး သိုင်း ကွက်ပြောင်းလဲလိုက်သည်။

သူ၏လက်ချောင်းကလေးများသည် မျိုင်းနှုတ်သီးပမာ စု ကာ အပေါ်စီးမှ နေ၍ ကျောက်စိမ်းလက်ကို ထိုးနှက်လိုက်၏။

မျိုင်းအစာကောက်သိုင်းကွက်ကို အတွင်းအား အပြည့်အဝ ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

နှစ်ယောက်သား လေထဲ ရောက်ရှိနေကြပြီး တစ်ယောက် တစ်ယောက် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ခန်းမဆောင်၏ခေါင်မိုးထုတ်တန်း အနီးသို့ ရောက်သည့် အောင် ထိုးတက်သွားကြပြီး တစ်ယောက်ကိုတစ်ယောက် အပြန် တိုက်ခိုက်ယင်း ကျောက်စိမ်းလက်က မျိုင်းတစ်ကောင်နှုတ် ဆိတ်သည့်ပမာ လက်ချောင်းကလေးများဖြင့် ထိုးနှက်လာ ကို လက်ဝါးဖြင့် ခံပေးလိုက်လေသည်။

ဟွကိုဖုံး၏လက်ချောင်းကလေးများသည် ကျောက်စိမ်း

www.burmeseclassic.com

www.burmeseclassic.com



လက်၏လက်ဝါးပြင်တစ်ခုလုံး သွေးချင်းချင်း နီရဲသွားစေမည့်အပြ[…] လက်ချောင်းအရိုးများ ကျိုးကြေသွားအောင် တိုက်ခိုက်ပစ်လိုက်လိ[…] မည် ဖြစ်လေသည်။

သို့တိုင် ကျောက်စိမ်းလက်က ရှောင်တိမ်းခြင်း မပြု[…] လက်ဝါးဖြင့် ခုခံပေးလိုက်လေသည်။

သူမ၏လက်ဝါးနှင့် ဟွကိုဖုံး၏လက်ချောင်းကလေးမျ[…] ထိပ်တိုက်ရင်ဆိုင်မိလိုက်ပြီး နှစ်ယောက်သား အောက်ဘက်[…] တဖြည်းဖြည်း နိမ့်ဆင်းကျလာလေတော့သည်။

"ဝုန်း"

စားပွဲခုံကြီးပေါ်သို့ နှစ်ယောက်သား ရောက်ရှိသွားကြ[…]

ဟွကိုဖုံး၏လက်နှစ်ဘက်သည် ကျောက်စိမ်းလက်၏လ[…] ဝါးပြင်ကို ထိုးနှက်သည့် အနေအထားဖြင့် ထိတွေ့နေ၏။

ကျောက်စိမ်းလက်၏လက်ဝါးကလည်း မှိုင်းနှတ်[…] သဏ္ဍာန် ဟွကိုဖုံး၏လက်ချောင်းကလေးများကို ခုခံကာထွယ်ထ[…] ပုံမျိုး ရှိနေသည်။

ထူးခြားသည်ကား ကျောက်စိမ်းလက်၏လက်ဝါးနှစ်ဘ[…] စလုံး အစိမ်းရောင်သန်းလာခြင်း ဖြစ်လေသည်။

ကျောက်စိမ်းလက်၏သိုင်းပညာမှာ ထူးခြားလှသည်။

လက်ဝါးနှစ်ဘက်စလုံး အစိမ်းရောင်သန်းသွားသကဲ့[…] အေးစိမ့်သော အငွေ့အသက်များလည်း ထွက်ပေါ်လာလေ[…] သည်။

ထိုအေးစိမ့်သော အငွေ့အသက်များသည် မှိုင်းနှတ်[…]



သဏ္ဍာန် လက်ချောင်းကလေးများမှတစ်ဆင့် ဟွကိုဖုံး၏လက်မောင်း တစ်လျှောက် စီးဝင်သွားလေသည်။

ထို့နောက် ခန္ဓာကိုယ်ထဲ ထိုးဖောက်ဝင်သွားရာ ဟွကိုဖုံး၏ တစ်ကိုယ်လုံး အေးစိမ့်လာလေတော့သည်။

ဟွကိုဖုံး၏တစ်ကိုယ်လုံး ချမ်းစိမ့်လာလေတော့သည်။

သူ၏အတွင်းအားများကို ဖျက်ဆီးပစ်လိုက်သည့်အပြင် အေးစိမ့်သော လှိုင်းများက ရင်တွင်းမှ ကလီစာများကို ထိခိုက်လာ လေတော့သည်။

ဟွကိုဖုံး ထိတ်လန့်လာလေတော့သည်။

သူ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာပြီး...

"ဝုန်း"

စားပွဲပေါ်မှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ တလိမ့်ကောက်ကွေး ပြုတ်ကျသွားလေတော့သည်။

♠ ♠ ♠

ဟွကိုဖုံး ရှုံးသွားပြီ ဖြစ်လေသည်။

သူ၏နဖူးပေါ်၌ ချွေးများ စို့ရွှဲနေသည်။

ကျောက်စိမ်းလက်ကို မျက်လုံးကြီးပြူးကာ ကြည့်လိုက် လေသည်။

ကျောက်စိမ်းလက်က...

"ဆရာကြီး ရှုံးသွားပါပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟွကိုဖုံ သက်ပြင်းချလိုက်လေသည်။

"ကျောက်စိမ်းလက်ဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားနေတာထက်တောင် ပိုပြီး အစွမ်းထက်နေပါသေးတယ်၊ ချီးကျူးပါတယ်လေ"

ကျောက်စိမ်းလက်က...

"ဆရာကြီး ရှုံးသွားပြီဆိုတော့ သွေးလင်းနို့ဂိုဏ်းက ခေါင်းဆောင်တွေ အကြောင်းကို ပြောပြမယ် ထင်ပါတယ်"

ဟွကိုဖုံးက...

"ကျုပ်ကို သိုင်းလောကသားတွေက အထင်သေးခဲ့တယ်၊ ကဲ့ရဲ့ရှုံ့ချခဲ့တယ်၊ ဝိုင်းပယ်ထားခဲ့ကြတယ်၊ ကျုပ်က စီးပွားပျက်ခဲ့ရတဲ့အပြင် အထီးကျန်ဘဝ ရောက်ခဲ့ရတယ်၊ သည်အချိန်မှာ ကျုပ်ကို သွေးလင်းနို့ဂိုဏ်းက ကူညီစောင့်ရှောက်ခဲ့တယ်"

ကျောက်စိမ်းလက် ခေါင်းခါယမ်းလိုက်လေသည်။

"သူတို့က ဆရာကြီးကို ကူညီစောင့်ရှောက်တယ်ဆိုတာထက် ပွဲလန့်တုန်း ဖျာခင်းတဲ့ သဘောပါ၊ ဆရာကြီးကို စည်းရုံးသိမ်းသွင်းပြီး သူတို့ အကျိုးအတွက် အသုံးချမယ့် သဘောပါရှင်"

"ဘာပဲဖြစ်ဖြစ် ကျုပ်ဘက်က ရပ်တည်ခဲ့တာပဲလေ"

"ဒါက ဆရာကြီးကို ပြုပြင်ပေးမယ်ဆိုတဲ့ စေတနာ မရှိဘဲ မီးလောင်ရာလေဝင့်တဲ့ သဘောပဲရှင်"

"ထားပါတော့လေ၊ ကျုပ်က လင်းနို့ဂိုဏ်းအကြောင်းကို မပြောဘူးဆိုယင်ကော"

"ဆရာကြီးရှုံးသွားပြီလေ"



"ကျုပ်က.."

"ပြောပြဖို့ ကျွန်မ မေတ္တာရပ်ခံပါတယ်"

ဟွကိုဖုံး သက်ပြင်းချလိုက်သည်။

"သွေးလင်းနို့ဂိုဏ်းကို သစ္စာမဖောက်ချင်ပါဘူး၊ ဒါပေမယ့် လောင်းကစားသမားတစ်ယောက်ပါ၊ ကျုပ်ရှုံးသွားပြီဆိုတော့ ကတိအတိုင်း ပြောပြပါ့မယ်"

"ကျေးဇူးပါပဲရှင်"

ကျောက်စိမ်းလက်က ကျေးဇူးတင်စကား ပြောလိုက်၏။

ဟွကိုဖုံးက...

"သွေးလင်းနို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်က အရိပ်မဲ့ကျေးရွာပိုင်ရှင်ပါ၊ ကျုပ်က လက်ဝဲရံဖြစ်ပြီး လက်ယာရံက ချန်းကျန်းဂိုဏ်းချုပ်ပါပဲ"

ကျောက်စိမ်းလက် သက်ပြင်းချလိုက်သည်။

"တကယ့်ကို ကြည်ညိုလေးစားစရာကောင်းတဲ့ သိုင်းဆရာကြီးတွေကိုယ်တိုင် သွေးလင်းနို့ဂိုဏ်းနဲ့ ပတ်သက်နေကြတာကိုး"

ဟုလည်း မှတ်ချက်ချလိုက်လေသည်။

ဟွကိုဖုံးက...

"ကျုပ်အကြောင်း ပေါ်ပေါက်သွားသလို သွေးလင်းနို့ကို သစ္စာဖောက်သလို ဖြစ်နေပြီဆိုတော့.."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ချိုင်းနှုတ်သီးသဏ္ဌာန် လက်ချောင်းကလေးများဖြင့် ယေသ်ကို ထိုးစိုက်ချလိုက်သည်။

သူ၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်း နီရဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းလက် သက်ပြင်းချလိုက်သည်။

သူမသည် အရိပ်မဲ့ကျေးရွာသို့ သွားရန် ဆုံးဖြတ်ကာ ထွက်လာခဲ့လေသည်။

မှိုင်းဝါစံအိမ်မှ ထွက်လာပြီး မကြာမီ သတင်းတစ်ခု ကြားလိုက်ရလေသည်။

သူမ၏မောင် ဖြစ်သူမှာ ရန်သူများနှင့် တိုက်ပွဲ ဖြစ်ပွားရာ၌ သေလုမျောပါး ဒဏ်ရာရသွားသည်ဟူသော သတင်း ဖြစ်လေသည်။

ကျောက်စိမ်းလက် တုန်လှုပ်သွားလေသည်။

"ငါတို့မှာ မောင်နှမနှစ်ယောက်ပဲ ရှိတယ်၊ ငါ့ရဲ့မောင်လေး ဒုက္ခရောက်နေတာကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး"

မောင်ဖြစ်သူအား ကူညီနိုင်ရန် အရိပ်မဲ့ကျေးရွာသို့ မသွားဖြစ်တော့ချေ။

သွေးလင်းနိုဂုဏ်အား ချေမှုန်းဝစ်ဖို့ သူမ ဆက်လက်ကြိုးစားအားထုတ်လိုက်ရခြင်း မရှိတော့ချေ။

♠ ♠ ♠



## ကျင်းဗွားတောင်

ကျင်းဗွားတောင်သည် ပန်းပေါင်းစုံပွင့်ဖူးကာ အလွန်သာယာလှပသော တောင်တစ်လုံး ဖြစ်လေသည်။

တောင်ခြေမှသည် တောင်ထိပ်တိုင်အောင် ရောင်စုံပန်းများ ဖုံးလွှမ်းထားပြီး ဆယ့်နှစ်ရာသီ မွှေးကြိုင်သင်းပျံ့၍ နေလေသည်။

ဒေသခံများသည် ကျင်းဗွားတောင်မှ ပန်းများကို နှစ်သက်သဘောကျကာ လာရောက်ခူးယူလေ့ ရှိကြသည်။

သို့သော်...

ပန်းဝတ်ရည်စုပ်ယူရန် အဆိပ်ပြင်းသော တောများကြီးများ ပေါက်လာကြပြီး ပန်းခူးသူများကို အန္တရာယ်ပြုကြခြင်းကြောင့် နောက်ပိုင်းတွင် ပန်းခူးသူများ မလာဝံ့ကြတော့ချေ။

www.burmeseclassic.com



ကျင်းဗွားတောင်သည် လူသူ အရောက်အပေါက် မရှိသေ... တောင်တစ်လုံး ဖြစ်လာသောအခါ ဒုစရိုက်သမားများက မျက်စိ... လာကြတော့သည်။

အဆိပ်များကြီးများကို နှိမ်နင်းပြီး ကျင်းဗွားတောင်၌ ... ကုပ်ယူကြတော့သည်။

သို့ဖြင့်...

ချီအင်းသည် ကျင်းဗွားတောင်သို့ သွားဖို့ အကြောင်းဖန်... လေတော့သည်။

♠ ♠ ♠

ချီအင်းသည် သိုင်းသမားလူငယ်တစ်ဦး ဖြစ်လေသည်။

အနက်ရောင်သိုင်းသမား၊ ဒုစရိုက်သမားများအား ဆုံးမ... နင်း၍ အဖြူရောင်သိုင်းသမားဘွဲ့ထူး ခံယူထားသူလည်း ဖြစ်... သည်။

သိုင်းလောက၌ မကောင်းသူပယ် ကောင်းသူကယ်... တဖြည်းဖြည်း နာမည်ရလာခဲ့လေသည်။

ယခုလည်း ကျင်းဗွားတောင်၌ လူဆိုးဓားပြများ စုရုံး... သည်ဟု သတင်းကြားမိသဖြင့် လာခဲ့လေသည်။

ကျင်းဗွားတောင်နှင့် မနီးမဝေး၌ မြို့ကလေးတစ်မြို့ ရှိ... ၏။

ထိုမြို့ကလေးသို့ ချီအင်း ရောက်ရှိလာသောအခါ ရွှေ...



...စားသောက်ဆိုင်ကို ရှာဖွေလိုက်လေသည်။

ရွှေဘဲစားသောက်ဆိုင်၌ သူ၏မိတ်ဆွေလုဖန်းဆိုသူနှင့် ...ချိန်းထားသည် မဟုတ်ပါလား။

လုဖန်းက ကျင်းဗွားတောင်၌ လူဆိုးဓားပြများ ခိုအောင်းနေ...သည့်သတင်းကို ပထမဆုံး ကြားသိခဲ့ခြင်းဖြစ်ပြီး ချီအင်းကို သတင်း...ပေးခဲ့သူ ဖြစ်လေသည်။

ချီအင်းသည် မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ယင်း ...တစ်နေရာသို့ အရောက်တွင် သူရှာဖွေနေသော ရွှေဘဲစားသောက်...ဆိုင်ကို တွေ့လိုက်ရလေသည်။

ချီအင်း ဝမ်းသာသွားသည်။

ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားလိုက်ပြီး ဆိုင်ထဲ လှမ်းဝင်...လိုက်လေသည်။

နံနက်စာ စားချိန်ကို ကျော်လွန်သွားပြီ ဖြစ်ရာ ဆိုင်ထဲ၌ ...ရှင်းနေပါတော့သည်။

ချီအင်း ဆိုင်ထဲ ရောက်သွားသည်နှင့်...

"ချီအင်း၊ ငါ သည်မှာကွ"

ချောင်ကျကျ စားပွဲတစ်လုံး၌ ထိုင်ကာ စားသောက်နေသူ ...တစ်ဦးက လှမ်းခေါ်လာလေသည်။

ထိုလူမှာ ချီအင်းနှင့် ချိန်းထားသည့် လုဖန်း ဖြစ်လေသည်။

ချီအင်း လှမ်းသွားပြီး လုဖန်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချ...လိုက်လေသည်။

"အရက်နဲ့ ဘဲကင် ထပ်ယူလာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



လုဖန်း ဆိုင်လုလင်တစ်ယောက်အား လှမ်းမှာ လိုက်သည်။

အရက်နှင့် ဘဲကင် ရောက်လာလျှင်…

"ချီအင်း၊ မင်းလည်း ခရီးပန်းလာတယ်၊ အေးအေးဆေးဆေးအနားယူ စားသောက်လိုက်ဦး"

ဟုပြောလေသည်။

"ဟုတ်တယ်၊ ငါ ဗိုက်ဆာနေပြီကွ"

ချီအင်းလည်း ဆာဆာနှင့် စားသောက်လိုက်လေသည်။

ထိုစဉ် အနက်ရောင်ဝတ်ထားသူသုံးယောက်က ဆိုင်ထဲ ဝင်လာပြီး စားပွဲတစ်လုံး၌ နေရာယူ စားသောက်လိုက်ကြလေသည်။

ဘဲကင်နှင့် အရက်မှာ ချီအင်းကို ကောင်းကောင်းကြီး ခံတွင်းတွေ့စေခဲ့လေသည်။

ချီအင်း အားရပါးရ စားသောက်ပြီးမှ…

"ကဲ လုဖန်း၊ ဗိုက်တော့ပြည့်ပြီ၊ ကျင်းဗှားတောင်အကြောင်း သိရဖို့ပဲ ကျန်တော့တယ်"

ဟုပြောလိုက်သည်။

လုဖန်း ပြုံးလိုက်သည်။

"ငါပြောပြလိုက်ယင် မင်းအံ့သြသွားပြီး ဘာမှ စားနိုင်တော့မှာ မဟုတ်လို့ မင်းကို အယင်စားခိုင်းလိုက်တာ"

"သည်လောက်တောင်ပဲလား"

"မင်းနားထောင်ကြည့်ပေါ့"

"ကောင်းပြီ"

လုဖန်းက သူကြားသိထားသည့် ကျင်းဗှားတောင် အကြောင်းကို ပြောပြလိုက်လေသည်။



"ကျင်းဗှားတောင်မှာ ခိုအောင်းနေတဲ့ လူဆိုးဓားပြတွေဟာ သာမန်ဓားပြလူတွေ မဟုတ်ဘူး၊ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သွေးလင်းနို့ဂိုဏ်းကပဲကွ"

"ဟေ"

သွေးလင်းနို့ဂိုဏ်းဟူသော အမည်ကြောင့် ချီအင်း မျက်လုံးပြူးသွားလေသည်။

လုဖန်းက…

"သွေးလင်းနို့ဂိုဏ်းက လူတွေဟာ ကျင်းဗှားတောင်မှာ လာ၍ ဂိုဏ်းစခန်းချနေကြတာ ငါ မမျှော်လင့်ဘဲ သိလိုက်ရတာ"

သူက ကျင်းဗှားတောင်သို့ ရောက်သွားပုံကို ပြောပြလိုက်သည်။

တစ်ညှ…

လုဖန်းသည် မမျှော်လင့်ဘဲ ကျင်းဗှားတောင်အနီးသို့ ရောက်ရှိသွားခဲ့လေသည်။

"ကျင်းဗှားတောင်မှာ အဆိပ်ပျားတွေ မင်းမူနေတယ်၊ ငါ ဖြတ်သွားမှပဲ"

တောင်ခြေတစ်နေရာမှ ခပ်သုတ်သုတ် လျှောက်လာစဉ်…

"ရပ်လိုက်စမ်း"

ရုတ်တရက် သစ်ပင်ချုံနွယ်များကြားမှ လူတစ်ယောက် ခုန်ထွက်လာကာ ဟန့်တားလိုက်လေသည်။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



လုဖန်း ရင်ထိတ်သွားလေသည်။

လူသူ အရောက်အပေါက် မရှိသော ကျင်းဂူအားတောင်အ

၌ လူတစ်ယောက်အား တွေ့လိုက်ရသည် မဟုတ်ပါလား။

မကောင်းဆိုးဝါးတစ်ကောင်အား တွေ့လိုက်ရသည်ဟု

ဆကာ လန့်ဖြန့်သွားလေသည်။

တန့်တားလာသူမှာ အနက်ရောင်ဝတ်ထားပြီး နားရွက်က

ကား ရှိနေသည် မဟုတ်ပါလား။

လရောင်အောက်၌ ထိုလူသည် လင်းနို့တစ်ကောင်နှင့်

တူနေပါတော့သည်။

လုဖန်းက ထိုလူအား မျက်လုံးပြူးကာ ကြည့်လိုက်သည

"ခင်ဗျားက မကောင်းဆိုးဝါးတစ်ကောင်လား။ ဒါမှမဟု

လင်းနို့တစ်ကောင်လား"

ဟုမေးလိုက်၏။

ထိုလူက အဖြေမပေးဘဲ ပြန်မေးလိုက်၏။

"မင်းကကော ဘယ်သူလဲ၊ သည်နေရာကို ဘာလာလုပ်တ

လဲ၊ မင်းကို ဖမ်းခေါ်သွားရလိမ့်မယ်၊ ငါ့နောက်ကို အေးအေးဆေ

ဆေးလိုက်ခဲ့"

"ကျုပ် မလိုက်ဘူးဆိုယင်ကော"

"မင်းသေသွားမှာပေါ့"

ထိုလူက ခါးမှ ဓားကို ခြိမ်းခြောက်မြည်အောင် ဆွဲထုတ်လိုက်

လေသည်။

"ခင်ဗျားက လူတစ်ယောက်ပဲ"



လုဖန်း ဦးခေါင်းတညိတ်ညိတ် ပြောလိုက်၏။

"ကျုပ်သိပြီ၊ ခင်ဗျားဟာ သွေးလင်းနို့ဂိုဏ်းက လူတစ်

ယောက်ပဲ ဖြစ်ရမယ်"

"ကြော် ငါ့အကြောင်း မင်းသိသွားပြီကိုး။ သေဖို့သာ ပြင်

ထားပေတော့"

ထိုလူ ဓားငွေယမ်းကာ တိုက်ခိုက်လာလေသည်။

လုဖန်း သိုင်းပညာ တတ်မြောက်ထားမှန်း မသိဘဲ အထင်

သေးစွာ တိုက်ခိုက်လာခြင်း ဖြစ်လေသည်။

"သည်လိုနဲ့ ဘယ်ရမလဲ"

လုဖန်း ရှောင်တိမ်းပြီး ထိုလူ၏လက်ထဲမှ ဓားကို လုယူကာ

ထိုသည်ထိုးစိုက်ချလိုက်လေသည်။

"အား"

ထိုလူ ပုံလျက်သား လဲကျကာ အသက်ပျောက်သွားလေ

သည်။

ထိုလူ၏ရှုးရှသော အော်ဟစ်သံ ကျယ်လောင်စွာ ထွက်ပေါ်

လာလေသည်။

"ဘာဖြစ်တာလဲဟေ"

"မြန်မြန်သွားကြည့်စမ်း"

စကားသံများ မလှမ်းမကမ်းမှ ထွက်ပေါ်လာလေသည်။

ပြေးလွှားလာကြသော ခြေသံများကိုလည်း ကြားလိုက်ရ

သည်။

လုဖန်း ရင်ထိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်စသပ်တော့ ကျောင်းတော်ပေါ်မှာ သွေးလင်
ဝိုင်းထား လူတွေ ရှိအောင်းနေကြတာကိုး"

သွေးလင်းနီဂိုဏ်းအား သူတစ်ယောက်ထဲ ရင်ဆိုင်နိုင်မ
မဟုတ်ကြောင်း လှဖန်း နားလည်ထားလေသည်။

ထို့ကြောင့် သွေးလင်းနီဂိုဏ်းသားများ ရောက်မလာ
ထွက်ပြေးရှောင်တိမ်းလာခဲ့လေတော့သည်။

လှဖန်းက သွေးလင်းနီဂိုဏ်းအကြောင်း ပြောပြလိုက်ပြီး
လေသည်။

ချီအင်း စိတ်ဝင်စားသွားသည်။

"သွေးလင်းနီဂိုဏ်းက သိုင်းလောကကို ဒုက္ခပေးနေ
ကြာပြီ၊ သူတို့က ကျောင်းတော်မှာ လျှို့ဝှက်စခန်း ချထားကြ
ကိုး"

လှဖန်းက...

"မင်း ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်လေသည်။

ချီအင်း ပြုံးလိုက်သည်။

"ဘာလုပ်ရမလဲ၊ ကျောင်းတော်ကို သွားရမှာပေါ့"

လှဖန်း သက်ပြင်းချလိုက်သည်။

"မင်းတို့က သွေးလင်းနီဂိုဏ်းကို ချေမှုန်းဖို့ ကြိုးစားနေ
ကို ငါသိတယ်၊ ကျောင်းတော်ရဲ့ သတင်းကြားယင် ကျိန်းသေ
မယ်ဆိုတာ ငါသိတာပေါ့"

"မင်းကော မလိုက်ဘူးလား"



"မင်းသွားမယ်ဆိုယင် ငါလိုက်မှာပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား ကျောင်းတော်သို့ သွားရန် ဆုံးဖြတ်
လိုက်လေသည်။

ထိုအချိန်တွင် ဆိုင်ထဲသို့ စားသောက်မည့်သူများ ထပ်မံ
ရောက်ရှိလာကာ စည်စည်ကားကား ဖြစ်လာလေသသည်။

ချီအင်းက တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဆိုင်ထဲ ရောက်လာကြသူများမှာ ရိုးရိုးစားသောက်သူများ
မဟုတ်ကြဘဲ သိုင်းသမားများ ဖြစ်ကြောင်း ထင်ရှားနေသည်။

ချီအင်း ပြုံးလိုက်သည်။

"ငါတို့ ကျောင်းတော်ကို သွားစရာ မလိုတော့ဘူး ထင်
တယ်"

"ဘာဖြစ်လို့လဲကွ"

"ငါတို့ကို ပြုစုဧည့်ခံမယ့်လူတွေ ဆိုင်ထဲမှာ ရောက်နေကြ
ပြီလေ"

လှဖန်းက တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ထိုစဉ်မှာပင် ဦးဆုံးဝင်ရောက်လာခဲ့ကြသည်၊ အနက်ရောင်
ဝတ်ထားသူသုံးယောက် ထိုင်ရာမှ ထလာကြသည်ကို တွေ့မြင်လိုက်
ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ထားသူသုံးယောက် ထိုင်ရာမှ ထကာ လှမ်းလာကြလေသည်။

သူတို့၏မျက်နှာများ ခက်ထန်တင်းမာနေ၏။

မျက်လုံးများကလည်း အရောင်တဖိတ်ဖိတ် တောက်ပနေ၏။

ရက်စက်ကြမ်းကြုတ်မည့်သူများ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ချီအင်းက...

"သတိထား"

လုဖန်းအား တီးတိုးသတိပေးလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူသုံးယောက်က အနီးသို့ ရောက်ရှိလာသည်နှင့်...

"ခွမ်း...ခွမ်း...ခွမ်း"

ဓားများ ဆွဲထုတ်ကာ ဘာမပြော ညာမပြောဘဲ တိုက်ခိုက်လိုက်ကြလေတော့သည်။

ချီအင်းနှင့် လုဖန်းတို့ ထိုင်ရာမှ ခုန်ထကာ ရှောင်တိမ်းလိုက်ကြလေသည်။

အနက်ရောင်ဝတ်ထားသူသုံးယောက်၏ ဓားသုံးလက်သည် စားပွဲထိုင်ခုံများပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွားလေသည်။

"ဝုန်း"

"ခွမ်း"

စားပွဲထိုင်ခုံများ အပိုင်းပိုင်းဖြတ်ကာ ကျိုးပဲ့ပျက်စီးသွားတော့သည်။



အရက်အိုးနှင့် ပန်းကန်များလည်း ကြမ်းပြင်ပေါ် ကျကွဲသွားလေတော့သည်။

ချီအင်းနှင့် လုဖန်းတို့က ခုန်ထွက်ရှောင်တိမ်းပြီး အနက်ရောင်ဝတ်ထားကြသူများနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

စားသောက်ဆိုင်ထဲ ရောက်နေကြသူများက ထိုင်ရာမှ ခုန်ထကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

လင်းနို့ဂိုဏ်းမှ သိုင်းသမားနှစ်ဆယ်ခန့် ရောက်ရှိနေကြခြင်း ဖြစ်သည်။

ကျွင်းဗွားတောင်ခြေ၌ သွေးလင်းနို့ဂိုဏ်းသားတစ်ယောက် သေဆုံးလိုက်ရပြီးနောက် လက်သည်တရားခံကို လိုက်လံရှာဖွေရင်း လုဖန်းကို ခြေရာခံမိသွားကြခြင်း ဖြစ်လေသည်။

ယခု...

သွေးလင်းနို့ဂိုဏ်းမှ လက်မရွံ့လူသတ်သမားများ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

သွေးလင်းနို့ဂိုဏ်းသားများသည် ချီအင်းနှင့် လုဖန်းတို့အား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ချီအင်းနှင့် လုဖန်းတို့ကလည်း လက်တွဲပြီး ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

စားသောက်ဆိုင်ထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဖန်းသည် လက်နက်ပုန်းကလေးများကို ကျင်လည်စွာ အသုံးချနိုင်သူ ဖြစ်လေသည်။

"လဲကျလိုက်ကြစမ်း"

လက်နှစ်ဘက်ဝှေ့ယမ်းကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လျှင် ရှေ့ဆုံးမှ တိုက်ခိုက်လာကြသည့် အနက်ရောင်ဝတ် ဆင်ထားသူသုံးယောက် ထိမှန်ကာ လဲကျသွားလေတော့သည်။

"အား"

"အွန့်"

"အမယ်လေး"

ချီအင်းကလည်း ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်ရာ ကျွ... သွေးလင်းနို့ဂိုဏ်းသားများ အထိနာသွားကြလေတော့သည်။

ချီအင်းနှင့် လုဖန်းတို့အား သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်သည့်အပြင် ထိခိုက်ဒဏ်ရာ ရရှိသွားပြီး ဖရိုဖရဲ ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

"ဟား..ဟား..ဟား"

"ဟား..ဟားဟား"

ချီအင်းနှင့် လုဖန်းတို့ သဘောကျစွာ ရယ်မောလိုက်ကြ... သူတို့အား လုပ်ကြံဖို့ ကြိုးစားလာကြသည့် သွေးလင်းနို့ ဂိုဏ်းသားများအား ဆုံးမနိုင်လိုက်ကြသည် မဟုတ်ပါလား။



ချီအင်းက...

"ကျင်းဟွားတောင်ကို သွားကြမယ်"

"ကောင်းပြီ"

လုဖန်း သဘောတူလိုက်လေသည်။

နှစ်ယောက်သား စားသောက်ဆိုင်ထဲမှ လှမ်းထွက်လိုက်ကြလေသည်။

ထိုစဉ် လူတစ်ယောက်က မလှမ်းမကမ်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် အနီရောင်ဝတ်ဆင်ကာ အနက်ရောင်ဝတ်ရုံ လွှမ်းခြုံထားပြီး လင်းနို့မျက်နှာဖုံးစွပ်ထားလေသည်။

ချီအင်းနှင့် လုဖန်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

လုဖန်းက...

"သွေးလင်းနို့ဂိုဏ်းက အရေးပါတဲ့ လူတစ်ယောက် ဖြစ်မယ်ထင်တယ်"

ချီအင်း ပြုံးလိုက်သည်။

"ကောင်းတာပေါ့ကွာ၊ ငါကလည်း ငယ်သားတွေနဲ့ စာယင် ခေါင်းဆောင်ကိုမှ ဆုံးမချင်တာ"

နှစ်ယောက်သား ရယ်မောလိုက်ကြလေသည်။

ထို့နောက် အနီရောင်ဝတ်ထားသူနှင့် ရင်ဆိုင်လိုက်ကြလေသည်။

အနီရောင်ဝတ်ထားသူ၏ခါး၌ ဓားတစ်လက် ချိတ်ထား၏။

ထိုဓားသည် ပုံသဏ္ဌာန် ထူးခြားသော ဓားတစ်လက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓားလက်ကိုင်၊ ဓားကိုယ်ထည်မှာ မထူးခြားသော်လည်း ဓားဖျားကား အခြားမည်သည့် ဓားမျိုးနှင့်မှ မတူဘဲ ထူးခြားနေပါသည်။

ဓားဖျား၌ ဓားသည့် နှစ်ခြမ်းကွဲကာ ဝဲယာသို့ ကွေးသွား၏။

ထိုဓားမျိုး ကိုင်ဆောင်သူ သိုင်းလောက၌ မတွေ့ရသလောက် ဖြစ်လေသည်။

ချီအင်းနှင့် လုဖန်းတို့ ရှေ့တိုးလိုက်ကြလျှင် သွေးလင်းနို့ဂိုဏ်းသားများ ရုတ်တရက် ထွက်ပေါ်လာကြပြီး ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

"ဟိတ်"

"ယား"

ချီအင်းတို့ကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်ကြရာ ဓားသောက်ဆိုင်ရှေ့ မြေကွက်လပ်၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာပြန်လေတော့သည်။

ချီအင်းနှင့် လုဖန်းတို့၏ လက်တွဲညီစွာ တိုက်ခိုက်လိုက်ကြမှုကြောင့် သွေးလင်းနို့ဂိုဏ်းသားများ အထိနာသွားကြပြန်လေတော့သည်။

တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြပြန်လေတော့သည်။

လုဖန်း၏လက်နက်ပုန်းကလေးများကလည်း ထိရောက်မှုရှိနေသည် မဟုတ်ပါလား။

သွေးလင်းနို့ဂိုဏ်းသားများ နောက်ဆုတ်သွားသည်နှင့် အနီရောင်ဝတ်ထားသူက ရှေ့တိုးလာလေသည်။

"ခွမ်း"



ခါးမှ ဓားသည် ထိုလူ၏လက်ထဲ ရောက်ရှိလာ၏။

ထိုလူသည် လုဖန်းနှင့် ချီအင်းတို့ အနီးသို့ ရိပ်ခနဲ ရောက်ရှိလာလေသည်။

လုဖန်းက...

"ရှောင်နိုင်ယင် ရှောင်လိုက်စမ်း"

လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

ထိုလူမှာ သွေးလင်းနို့ဂိုဏ်းမှ အရေးပါသူတစ်ယောက်ဖြစ်နိုင်ခြင်းကြောင့် သတိထားကာ လက်နက်ပုန်းခုနစ်မျိုး အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လက်နက်ပုန်းကလေးများသည် မျှားဝိတုန်းကလေးများအလား အနီရောင်ဝတ်ဆင်ထားသူ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားတော့သည်။

ချီအင်းကလည်း...

"သတိသာထားပေတော့"

ကြုံးဝါးကာ တိုက်ခိုက်လိုက်လေသည်။

အနီရောင်ဝတ်ထားသူက ပုံသဏ္ဌာန် ထူးခြားသော ဓားကို ဝှေ့ယမ်းကာကွယ်လိုက်၏။

ထိုဓားသည် ညှို့ငင်ဖမ်းစားနိုင်စွမ်း ရှိသည့်အလား လက်နက်ပုန်းကလေးများသည် ထိုဓား၌ သွားရောက်ကပ်ငြိသွားလေတော့သည်။

ထိုလူက ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်လျှင် ကပ်ငြိနေသော လက်နက်ပုန်းလေးများသည် လုဖန်းထံသို့ ပြန်လည်ပစ်လွင့်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

"ဟင်"

လုဖန်း ရင်ထိတ်သွားလေသည်။

ကဟုကာ နောက်သို့ ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်သော်လည်း လက်မတင်လေး နောက်ကျသွားရာ လက်နက်ပုန်းအချို့မှာ သူ၏ခန္ဓာကိုယ်ပေါ်၌ ထိမှန်သွားတော့သည်။

"အား"

လုဖန်း မြေပေါ်လဲကျသွားတော့သည်။

"ဟာ"

ချိုအင်း ထိတ်လန့်သွားလေသည်။

လုဖန်းအား ဖေးမရန် ဟန်ပြင်လိုက်၏။

သို့သော်...

"မင်းကော ဘာတတ်နိုင်မှာလဲ"

အော်ငေါက်ယင်း ပုံသဏ္ဍာန် ထူးခြားသော ဓားဖြင့် တိုက်ခိုက်လိုက်ရာ ချိုအင်း အခက်ကြုံသွားတော့သည်။

လက်ထဲမှ ဓားဖြင့် ကမန်းကတန်း ခုခံလိုက်ရ၏။

"ခြွမ်း...ခြွမ်း"

ဓား၊ ဓားချင်း ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

ချိုအင်း၏ဓားကိုင်ထားသော လက်ဖဝါးတစ်ခုလုံး အက်ကွဲမတတ် ထုံကျဉ်သွားလေသည်။

ချိုအင်း ထိတ်လန့်သွား၏။



"အစောင်ကြောက်စရာကောင်းတဲ့လူပဲ"

နောက်ဆုတ်ဖို့ ကြိုးစားလိုက်သော်လည်း ဆုတ်ခွင့်မရနိုင်တော့ပါ။

ထိုလူက ဖိ၍ တိုက်ခိုက်လာသည် မဟုတ်ပါလား။

အလွန်ကြောက်စရာကောင်းသော ထိပ်သီးသိုင်းသမားကြီးတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ကြောင်း သတိပြုမိလိုက်သကဲ့သို့ သူက မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်းလည်း သိလိုက်လေသည်။

ထိုလူက ဖိ၍ တိုက်ခိုက်ယင်း...

"သွေးလင်းနို့ဂိုဏ်းကို အံတုလို့ ရမယ်ထင်ယင် မင်းမှားမှာပေါ့"

သူ၏ဓားကို ဝှေ့ယမ်းလိုက်ရာ ချိုအင်း၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက် ရရှိသွားလေတော့သည်။

ချိုအင်း ပိုပြီး ထိတ်လန့်လာသည်။

လုဖန်းကို မကြည့်နိုင်အားတော့ပါ။

လုဖန်း မြေပေါ်၌ မလှုပ်မယှက် ဖြစ်နေခြင်းကြောင့် သေသွားပြီ ဖြစ်ကြောင်း သိနိုင်ပေသည်။

ချိုအင်း ခံပြင်းဒေါသထွက်နေသည့်တိုင် ထိုလူနှင့် ဆက်ရင်ဆိုင်နေခြင်းက အကျိုးယုတ်ဖို့သာ ရှိကြောင်း နားလည်သဘောပေါက်မိသဖြင့် ရှောင်ထွက်သွားရန် ကြိုးစားလိုက်၏။

"ကျင်းတုံးတောင်မှာ သွေးလင်းနို့ဂိုဏ်းက လူတွေစခန်းချထား ငါသိထားပြီမဲ၊ သည်သတင်း သိုင်းလောကသားတွေ သိ

www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောဖြစ်နိုင်ယင် သူတို့ကို ချေမှုန်းနိုင်ဖို့ သေချာလိမ့်မယ်"

အနီရောင်ဝတ်ထားသူ၏လက်ချက်ဖြင့် လုဖန်း သေဆုံး သွားပြီး သူလည်း သေဆုံးသွားရမည်ဆိုပါက သွေးလင်းနို့ဂိုဏ်း အ ကြောင်း မည်သူမျှ သိနိုင်ကြတော့မည် မဟုတ်ပါ။

ချီအင်းက ညာသံပေးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက် လိုက်လေသည်။

ထို့နောက်...

"ဟိတ်"

ညာသံပေးကာ မြေပေါ်ခြေဆောင့်ပြီး ခုန်ထွက်သွား

"မင်းပြေးလို့ ရမလား"

အနီရောင်ဝတ်ထားသူက ညာသံပေးကာ အလွတ်မပေး လိုက်လံတိုက်ခိုက်လေသည်။

ချီအင်းက ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွား သည့်တိုင်အောင် ထိုလူက ဖက်ကြပ်မကွာ လိုက်လံတိုက်ခိုက် သဖြင့် နောက်ထပ် ဒဏ်ရာများ ရရှိသွားပြန်လေတော့သည်။

ချီအင်း ပိုပြီး ထိတ်လန့်သွား၏။

အနီရောင်ဝတ်ထားသူ၏လက်ချက်ဖြင့် သေဆုံးရတော့ မည်ဟုပင် ထင်မှတ်လာလေသည်။

ထိုစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

လမ်းပေါ်၌ မြင်းစီးသမားတစ်ယောက် ခရီးနှင်လာ သည်ကို တွေ့လိုက်ရလေသည်။



ချီအင်း ဝမ်းသာသွားသည်။

မြင်းစီးသမားထံသို့ ပြေးသွားပြီး...

"ခင်ဗျားရဲ့မြင်းကို ခဏငှားပါရစေ၊ ခင်ဗျား ကျေးဇူးကို မမေ့ပါဘူး"

ပြောယင်း မြင်းစီးလာသူအား မြင်းပေါ်မှ တွန်းချလိုက်၏။

"ဟေ့...ဟေ့ ဘယ်လိုလုပ်လိုက်တာလဲ"

ထိုလူ အော်ပြောယင်း မြင်းပေါ်မှ ဝုန်းခနဲ ပြုတ်ကျသွား တော့သည်။

ချီအင်းက မြင်းပေါ်ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွား လေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

ရုတ်ရုတ်သဲသဲ ဖြစ်သွားခြင်းကြောင့် မြင်းညိုကြီးလည်း ထိတ်လန့်ကာ ဒုန်းစိုင်းပြေးသွားတော့သည်။

"တောက်"

အနီရောင်ဝတ်ထားသူ ဒေါသထွက်ကာ မြေပေါ်ခြေဆောင့် လိုက်သည်။

ချီအင်းနောက်သို့ လိုက်မမီတော့သဖြင့် လက်ပိုက်ကြည့်နေ လိုက်ရသည်။

ချီအင်းလည်း ကံကောင်းထောက်မကာ လွတ်မြောက်သွား လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးရှင်

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ချီအင်းက မြင်းဒုန်းစိုင်းကာ ထွက်ပြေးလာခဲ့သည်။

သူ၏တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရရှိကာ သွေး ချင်းနီရဲနေပြီ ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှ စီးကျလာသော သွေးစက်များသည် ပြေးလွှားရာ လမ်းတစ်လျှောက် မြေပေါ်ကျ ကျန်ရစ်ခဲ့လေသည်။

ချီအင်း မောဟိုက်နွမ်းနယ်လာသည်။

အသက်ရှူ မွန်းကြပ်ကာ မျက်လုံးများ ပြာဝေလာသည်။

သူ၏တစ်ကိုယ်လုံး ဒဏ်ရာဗရပွ ဖြစ်နေ၏။



ကံကောင်းထောက်မကာ အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်လေသည်။

ချီအင်းသည် အနီရောင်ဝတ်ထားသူ လိုက်လာမည်ကို စိုးရိမ်ပူပန်နေမိလေသည်။

ထိုလူ၏လက်မှ လွတ်မြောက်နိုင်ဖို့ မြင်းကို မရပ်မနား ဒုန်းစိုင်းနှင်နေသည်။

ကြာသော် သူစီးနင်းလာသည့် မြင်းညိုကြီးသည်လည်း မောဟိုက်ကာ ပါးစပ်မှ အမြှုပ်တစီစီ ထွက်လာလေတော့သည်။

မပြေးနိုင်တော့ဘဲ တလှမ်းချင်း လှမ်းသွားယင်း နောက်ဆုံး၌ လှမ်းရပ်သွားလေတော့သည်။

ချီအင်းလည်း မဟန်နိုင်ဘဲ...

"ဝုန်း"

မြင်းပေါ်မှ ပြုတ်ကျသွားလေသည်။

ချီအင်း တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွား၏။

သို့သော် အားတင်းကြိုးစားကာ ထရပ်လိုက်၏။

အနီရောင်ဝတ်ထားသူ လိုက်လာမည်ကို စိုးရိမ်ပူပန်နေမိသည်။

ထိုလူ လိုက်လာပါက အသက်ရှင်စရာလမ်း မမြင်နိုင်ပါချေ။

ချီအင်းက ဒယီးဒယိုင်ဖြင့် လှမ်းသွားလိုက်လေသည်။

ထိုစဉ်...

"ခွပ်ခွပ်...ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ထွက်ပေါ်လာကာ မြင်းစီးသမား[…]ယောက် ရောက်ရှိလာလေသည်။

ချီအင်း အံကြိတ်လိုက်သည်။

"ကျုပ် ဘယ်တော့မှ အရှုံးမပေးဘူးဗျ"

မြင်းစီးသမားအား တိုက်ခိုက်လိုက်လေသည်။

ရှိသမျှ အင်အားကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း[…]သည်။

"ချဲ့သြီ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

လူစိမ်းတစ်ယောက်၏ စကားသံကို ကြားလိုက်ရ၏။

ချီအင်းသည် လူမှားပြီး တိုက်ခိုက်မိပြီ ဖြစ်ကြောင်း […]လည်လိုက်သည်။

ထိုလူ မည်သူမည်ဝါ ဖြစ်ကြောင်း ကြည့်လိုက်သော်လ[…]ပြာဝေနေသော သူ၏မျက်လုံးများက ဘာကိုမှ သဲသဲကွဲကွဲ မမြ[…]ပါ။

ခွန်အားကုန်ခမ်းကာ ဒူးများ ပျော့ခွေလာပြီး...

"ဝုန်း"

မြေပေါ်လဲကျကာ သတိလစ် မေ့မျောသွားလေ[…]သည်။

♠ ♠ ♠



အချိန်မည်မျှ ကြာသွားမှန်းမသိ။

ချီအင်း သတိရလာသောအခါ နွေးထွေးသော အိပ်ရာထက်[…] ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူ၏ဒဏ်ရာများကိုလည်း ဆေးကြောသန့်စင်ကာ ဆေး[…]ပေးထားကြောင်း တွေ့ရလေသည်။

ချီအင်း ဝမ်းသာသွား၏။

"ငါက်ကောင်းသွားတာပဲ၊ တစ်ယောက်ယောက်က ငါ့ကို[…]တင်ပြီး ဆေးကုပေးထားတာပဲ ဖြစ်မယ်"

သူတွေးတောနေစဉ် အဘိုးအိုတစ်ယောက်က အခန်းထဲ[…]ရောက်လာလေသည်။

ထိုအဘိုးအိုသည် ကြင်နာသနားတတ်သူတစ်ဦးအသွင်ရှိ[…]သည်။

ချီအင်း သတိရနေသည်ကို တွေ့ရလျှင်...

"မောင်ရင်လေးတောင် သတိရနေပြီကိုး၊ ဝေဒနာတွေ[…]သာတယ် မဟုတ်လားကွယ်"

ဟုမေးလာလေသည်။

ချီအင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သက်သာပါတယ် ခင်ဗျာ၊ ဒါထက် ကျွန်တော်[…]ကို ရောက်နေတယ်ဆိုတာ သိပါရစေ"

အဘိုးအိုက...

"ဒါကျုပ်အိမ်ပေါ့၊ ဒဏ်ရာတွေ ရပြီး သေလုမျော[…] ဖြစ်နေ[…]င်းကို လူတစ်ယောက်က ခေါ်လာတာ၊ ကျုပ်က မင်းကို ဆေး

www.burmeseclassic.com



ကုပေးထားတာလေ"

"ဦးက ဆေးဆရာကြီးကိုး"

"သည်အရပ်ဒေသမှာ ဘယ်သူပဲဖြစ်ဖြစ် ရောဂါဝေဒနာ ခံစားရပြီဆိုတာနဲ့ ကျုပ်ဆီကို ပြေးလာကြတာပါပဲ၊ ကျုပ်ကလည်း ဝေဒနာတွေ ပျောက်ကင်းချမ်းသာသွားအောင် စေတနာထား ကုသ ပေးခဲ့တာချည့်ပါပဲကွယ်"

ချီအင်း ဦးညွှတ်လိုက်လေသည်။

"ဘာဘရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး ခင်ဗျာ"

ထို့နောက် သူ့အား ကယ်တင်လာသူကို တွေ့ချင်လာ သည်။

"ကျွန်တော့်ကို ခေါ်လာတဲ့လူကိုကော တွေ့ခွင့်မရနိုင်ဘူး လား ခင်ဗျာ"

ဆေးဆရာက...

"သူက ကိစ္စရှိလို့ဆိုပြီး မင်းကို ထားခဲ့ပြီး ထွက်သွားတာပဲ တကာယ်လို့ မင်းကျန်းမာလာယင် လူယန်မြို့က စွမ်းအားအယ ဆိုင်ကို လှွတ်လိုက်ဖို့ မှာသွားတယ်"

"ဒါဖြင့် ကျွန်တော်..."

"မင်းသွားလို့ မဖြစ်သေးဘူးကွဲ့၊ မင်းရဲ့ဒဏ်ရာတွေက မ သက်သာကာစ ရှိသေးတယ်၊ ခုချိန်မှာ ခရီးသွားမယ်၊ လှုပ်ရှားမှု ရှား လုပ်မယ်ဆိုယင် တော်တော်နဲ့ ပျောက်ကင်းတော့မှာ မဟုတ်ဘူး ဒါကြောင့် အနည်းဆုံး သုံးလေးလလောက် ဆေးကုသခံပြီး အနား



ယူမယ်ကွဲ့"

ချီအင်း ရင်မောသွားလေသည်။

သူက အလောတကြီး ပြုလုပ်မည်ဆိုလျှင် အခြေအနေ သွားမည်ဟု နားလည်မိလေသည်။

သိုင်းပညာကိုပါ အသုံးမပြုနိုင်တော့လျှင် ခက်မည်ဟု တွေး အတိုးအိုထိ၍ ဝေဒနာ သက်သာပျောက်ကင်းသည်အထိ နေထိုင် ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠

သုံးလ...

သုံးလဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ဆေးဆရာကြီး၏ဆေးစွမ်းကြောင့် ချီအင်း၏ဒဏ်ရာများ သာပျောက်ကင်းသွားလေသည်။

သူ့အား ကယ်တင်လာခဲ့သူက ဆေးဖိုးအပြင် ကျွေးမွေး ရောက်ထားရန် ငွေများ ပေးခဲ့သဖြင့် ချီအင်း မပူပင်ခဲ့ရခြင်း သည်။

ဝေဒနာများ သက်သာပျောက်ကင်းသွားသည်နှင့် ဆေး ကြီးကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ချီအင်းသည် သိုင်းလောကအကြောင်း၊ သွေးလင်းနီဂိုဏ်း ကြောင်းကို လျစ်လျူရှုထားခဲ့လေသည်။

ယခုလောလောဆယ်တွင် သူ၏အသက်ကို ကယ်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးစူးရှင်အား သွားရောက်တွေ့ဆုံကာ ဂါရဝပြုဖို့က သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေပါတော့သည်။

ချီအင်းက လုယန်မြို့သို့ဦးတည်ကာ ခရီးထွက်လာခဲ့သည်။

လမ်းခရီးတစ်လျှောက်၌ အချိန်ရတိုင်း သူ၏သိုင်းပညာကို ပြန်လည်လေ့ကျင့်မဲ့၏။

သို့ဖြင့် သုံးလေးရက်ခန့် ခရီးနှင်ပြီးသောအခါ မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။

ချီအင်း ရောက်သွားချိန်မှာ နေဝင်မိုးချုပ်နေပြီ ဖြစ်၍ တစ် ညတာ အိပ်စက်အနားယူရန် တည်းခိုခန်းတစ်ခုသို့ သွားလိုက်၏။

ထိုတည်းခိုခန်းမှာပင် ညစာ စားသောက်ပြီး အိပ်စက် အနားယူလိုက်လေသည်။

နံနက်မိုးလင်းလျှင် ချီအင်းက ခရီးဆက်ရန် ပြင်ဆင်လိုက် လေသည်။

တည်းခို၊ စားသောက်ခ ကျသင့်ငွေကို ဆိုင်တာဝန်ခံထံ သွားပေးလိုက်၏။

တာဝန်ခံ ရယ်ရယ်မောမောဖြင့် ငြင်းလေသည်။

"အစ်ကိုလေး ပေးစရာ မလိုတော့ပါဘူး၊ လူတစ်ယောက် က ပေးပြီးသွားပါပြီ"

"ဗျာ"

ချီအင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျုပ်အတွက် လူတစ်ယောက်က စိုက်ထုတ်ပေးသွား တယ် ဟုတ်လား"



"ဟုတ်ပါတယ်"

"ဘယ်သူများလဲဗျာ"

"ဘယ်သူဘယ်ဝါရယ်လို့ ပြောမသွားပါဘူး။ အစိမ်းရောင် ဝတ်ထားတဲ့ လူရွယ်တစ်ဦးပါပဲ"

ချီအင်း တွေဝေသွားလေသည်။

အစိမ်းရောင်ဝတ်ထားသောလူရွယ် မည်သူမည်ဝါဆိုသည် ကို သူမသိပါ။

အဘယ်ကြောင့် သူ့အတွက် ကုန်ကျငွေ စိုက်ထုတ်ပေးသွား သည်ကိုလည်း မသိပါ။ မတွေးတတ်ပါ။

"တစ်ခုခုပဲ"

ချီအင်း ခေါင်းကုပ်မိသည်။

ထိုအစိမ်းရောင်ဝတ်ထားသူကို တွေ့လိုစိတ်များလည်း ဖြစ်ပေါ်လာလေသည်။

"သူက သည်ဆိုင်မှာပဲ တည်းခိုနေတာလားဗျာ"

တာဝန်ခံ ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူး မနေ့က ဆရာလေး ရောက်လာပြီး မရှေး မနှောင်းမှာပဲ သူရောက်လာတာပါ။ ဆရာလေးအကြောင်း မေးမြန်း ပြီး ကုန်ကျငွေကို ထုတ်ပေးသွားတာပါ"

ချီအင်း ရှေ့ဆက်မေးနေ၍လည်း အကြောင်းထူးမည် မ ဟုတ်ဟုတွေးပြီး ဆိုင်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။

တာဝန်ခံက...

"မိတ်ဆွေလေးက သူ့ကို တွေ့ချင်တယ်ဆိုရင် မြို့တောင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဘုံကျောင်းကို လာခဲ့ဖို့တော့ မှာသွားပါတယ်”

ဟုပြောလာသည်။

ချီအင်း ဝမ်းသာသွားလေသည်။

“သည်လို စောစောက ပြောရောပေါ့ဗျာ”

ထို့နောက် တာဝန်ခံကို နှုတ်မဆက်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

♠ ♠ ♠

မြို့တောင်ဘက်၌ လူနေအိမ်ခြေ ကျဲပါးပြီး အများပြည်သူ အပန်းဖြေ အနားယူနိုင်ရန် ပန်းဥယျာဉ်ကြီးတစ်ခုလည်း နေရာယူထားလေသည်။

ထိုပန်းဥယျာဉ်ကြီးနှင့် မလှမ်းမကမ်း၌ ဘုံကျောင်းလေးတစ်ခု ရှိလေသည်။

ချီအင်းက ပန်းဥယျာဉ်ကြီးအနီးသို့ ရောက်လာသောအခါ လူရှင်းနေပြီး အဘိုးအိုတစ်ယောက်က ဟိုဟိုသည်သည် ကြည့်နေသည်ကို တွေ့ရလေသည်။

ချီအင်းကို တွေ့မြင်သွားအခါ ထိတ်လန့်သော အမူအရာဖြင့် လှမ်းပြောလာလေသည်။

“မောင်ရင်လေးက ဘုံကျောင်းဘက်ကို သွားမယ်ဆိုယင် သတိထားသွားပါ၊ အဲသည်မှာ လူဆိုးတွေ ရောက်နေကြတယ်ကွဲ့

ဗျာ”



ချီအင်း အံ့သြသွားရပြန်သည်။

“လူဆိုးတွေ ဟုတ်လား”

“ဟုတ်တယ်၊ သူတို့ ရောက်လာကြတာ မကြာသေးဘူး၊ ...တွေ လှံတွေနဲ့ တာကယ့်ကို ရက်စက်ကြမ်းကြုတ်မယ့် လူတွေပဲ”

ချီအင်း တွေဝေသွား၏။

ရှေ့ဆက်သွားရကောင်းနိုး၊ မသွားဘဲ လှည့်ပြန်ရကောင်း... ဆုံးဖြတ်မရ ဖြစ်သွားလေသည်။

သို့သော် သူ့အား ကူညီခဲ့သူ မည်သူမည်ဝါ ဖြစ်ကြောင်း ...သိသေးသဖြင့်...

“ဒါထက် အစိမ်းရောင်ဝတ်ထားတဲ့ လူတစ်ယောက်ကို ...ာ မတွေ့မိဘူးလား ခင်ဗျာ”

ဟုမေးလိုက်လေသည်။

ပန်းခြံစောင့်အဘိုးအိုက...

“ကျုပ်သတိမထားမိလိုက်ပါဘူးကွယ်၊ ကျုပ်လည်း မြို့ထဲ...သွားပြီး ရှောင်နေလိုက်ဦးမယ်၊ ညနေမှပဲ ပြန်လာတော့မယ်”

ပြောပြောဆိုဆို ထွက်သွားတော့သည်။

ချီအင်း အခက်ကြုံသွား၏။

သိုင်းသမားတစ်ယောက်ပီပီ ထူးခြားသော အခြေအနေကို ...င်စားမိလေသည်။

“ငါသွားကြည့်တာ မမှားပါဘူးလေ၊ ဘာကြောင့်လည်းဆို... သိရမှာပေါ့”

ဟုတွေးပြီး ရှေ့ဆက်လှမ်းသွားလိုက်ရာ ဘုံကျောင်းလေး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ ရောက်ရှိသွားလေတော့သည်။

ဘုံကျောင်းရှေ့၌ လူရှင်းနေပါသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ချီအင်းက ဘုံကျောင်းထဲ ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ် ဘုံကျောင်းထဲမှ လူတစ်ယောက် ထွက်လာပြီး အော်ငေါက်မောင်းထုတ်လာလေတော့သည်။

"ဟေ့ မင်း မသေချင်ယင် သည်နေရာက မြန်မြန်ထွက်သွားစမ်း"

"ဘာဗျ"

ချီအင်း မကျေမနပ် ဖြစ်သွားလေသည်။

ထိုလူအား စေ့စေ့ကြည့်ယင်း...

"သည်နေရာဟာ လူတိုင်း လာလို့ရတဲ့ နေရာပဲ၊ ခင်ဗျားတောင်လာနိုင်ယင် ကျုပ်က ဘာကြောင့် မလာနိုင်ရမှာလဲဗျ"

"မင်း"

ထိုလူလည်း ချက်ချင်းပင် ချီအင်းအနီးသို့ ရောက်ရှိလာလေတော့သည်။

ချီအင်းအား ထိုးမည်ကြိတ်မည် ဟန်ပြင်လိုက်သည်။

"မင်းသွားမလား၊ မသွားဘူးလား၊ လက်သီးစာ မိသွားချင်သလား"

ထိုစဉ်...

"ဘာဖြစ်နေကြတာလဲဟေ့"

မေးမြန်းသံနှင့်အတူ လူရွယ်တစ်ဦး ဦးဆောင်သော လူ



တစ်စု လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ချီအင်းအား မောင်းထုတ်နေသူက...

"အစ်ကိုကျောက်၊ သည်ကောင်က မဆီမဆိုင် လာရှုပ်နေတယ်၊ ထွက်သွားပါလို့ ပြောတာလဲ မရဘူး"

ချီအင်းကို ညွှန်ပြကာ ပြောလေသည်။

အစ်ကိုကျောက်ဆိုသော လူရွယ်က ချီအင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

တဖန်...

"မင်းမှာ ကိစ္စရှိလို့လား"

ဟုမေးလာ၏။

ချီအင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က လူတစ်ယောက်ကို လာရှာတာ၊ တခြားကိစ္စ မရှိဘူး"

"မင်းက ဘယ်သူ့ကို လာရှာတာလဲ"

"ဘယ်သူဘယ်ဝါဆိုတာ ကျုပ်လည်း မသိဘူး၊ အစိမ်းရောင်ဝတ်ထားတယ်လို့ ပြောတာပဲဗျ"

ချီအင်း အမှန်အတိုင်း ပြောနေခြင်း ဖြစ်လေသည်။

သို့သော်...

"သည်ကောင် အူကြောင်ကြောင် လာလုပ်နေတာပဲ အစ်ကိုကျောက်"

လူရွယ်၏နံဘေးမှ လူတစ်ယောက်က မကျေမနပ် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကျော့ာက်တို့လူစုတွင် အစိမ်းရောင်ဝတ်ဆင်ထားသူ တစ်ယောက်မှ မပါချေ။

အစ်ကိုကျော့ာက် ပြုံးလိုက်သည်။

ချီအင်းအား မောင်းထုတ်ခဲ့သူကို လှမ်းပြောလိုက်၏။

"သည်ကောင်ကို ရှင်းပစ်လိုက်"

ထိုစကားကြောင့် ချီအင်း မျက်လုံးပြူးသွားလေသည်။

အစ်ကိုကျော့ာက်တို့လူစုမှာ လူတစ်ယောက်၏အသက်တစ် ချောင်းကို လုံးဝတန်ဖိုးမထားကြသူများ ဖြစ်နေသည် မဟုတ်ပါ လား။

မောင်းထုတ်ခဲ့သူကလည်း...

"မင်းသေဖို့သာ ပြင်ထား"

အော်ငေါက်ယင်း ဓားဆွဲထုတ်လိုက်လေသည်။

သို့သော် ဓားကို ဓားအိမ်မှ တစ်ဝက်တစ်ပျက်သာ ထုတ်နိုင် ပြီး ဆက်မထုတ်နိုင်တော့အောင် မလှုပ်မယှက် ဖြစ်သွားလေသည်။

ထိုလူ ကျောက်ရုပ်ပမာ တောင့်တောင့်ကြီး ဖြစ်သွားသည် ကို ကြည့်ကာ တစ်စုံတစ်ယောက်က လက်နက်ပုန်း အသုံးပြု၍ သွေး ကြောပိတ်လိုက်ခြင်း ဖြစ်ကြောင်း အစ်ကိုကျော့ာက်တို့ ရိပ်မိလိုက်ကြ လေသည်။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သတ္တိရှိယင် ထွက်ခဲ့စမ်း"

အော်ငေါက်ယင်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

လူသုံးယောက်က ချက်ချင်း ခုန်ထွက်လာပြီး ချီအင်းအား



တိုက်ခိုက်လိုက်ကြလေသည်။

"လက်စသပ်တော့ ခင်ဗျားတို့ဟာ လူဆိုးတွေကိုး၊ ကောင်း ပြီလေ၊ ကျုပ်က ဆုံးမရသေးတာပေါ့"

ထိုလူသုံးယောက်အား ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ အစိမ်း ရောင်ဝတ်ဆင်ထားသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက် ရလေတော့သည်။

♠ ♠ ♠

အစိမ်းရောင်ဝတ်ထားသူသည် ရိပ်ခနဲ ရောက်ရှိလာပြီး ချီ အင်းအား ရန်ပြုနေသူသုံးယောက်အား တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏ခြေလက်လှုပ်ရှားပုံမှာ အလွန်လျင်မြန်နေသဖြင့် လူဆိုးသုံးယောက် ခုခံရန် အချိန်မရဘဲ အဝေးသို့ လွင့်စင်သွားကြလေ တော့သည်။

အစ်ကိုကျော့ာက် ဒေါသွသွားပြီး...

"ဘာလုပ်နေကြတာလဲ"

သူ၏လူများကို အော်ငေါက်လိုက်လေသည်။

ထိုအခါမှ အားလုံး သတိဝင်လာကြပြီး အစိမ်းရောင်ဝတ် ထားသူအား ဝိုင်း၍ တိုက်ခိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်ဝတ်ထားသူက...

"ကျုပ်နဲ့ တွေ့တာ မင်းတို့ ကံဆိုးသွားပြီ"

လက်နှစ်ဘက် ဆန့်တန်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ချီအင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကလည်း လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူးဗျာ"

ဟုကြုံးဝါးယင်း အစိမ်းရောင်ဝတ်ထားသူဘက်မှ ပါဝင်ကူညီလိုက်လေသည်။

ဘုံကျောင်းလေးရှေ့၌ တိုက်ပွဲ ဖြစ်ပေါ်လာကာ အခြေအနေ ရှုပ်ထွေးသွားလေတော့သည်။

♠ ♠ ♠

ချီအင်းသည် ခက်ထန်ကြမ်းတမ်းသူများနှင့် အလွန်သတိထားပြီး ရင်ဆိုင်လိုက်ရလေသည်။

သူ၏ဒဏ်ရာဝေဒနာများ သက်သာပျောက်ကင်းသွားသည်မှာ မကြာသေးပါ။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ အနည်းငယ် အခက်အခဲရှိနေပါတော့သည်။

ရန်သူများကလည်း လူစုလူဝေးဖြင့် ဝိုင်းဝန်းတိုက်ခိုက်လာကြသည် မဟုတ်ပါလား။

"ဝုန်း...ဝုန်း"



"အား"

သူ၏လက်ချက်ကြောင့် ရန်သူသုံးလေးယောက် အထိနာသွားသကဲ့သို့ ရန်သူတစ်ယောက်၏ခြေထောက်ကန်ချက်မိကာ ချီအင်းလည်း လွင့်စင်သွားလေသည်။

အစိမ်းရောင်ဝတ်ထားသူက အော်ပြောလိုက်လေသည်။

"မင်းတော်တော် အသုံးမကျပါလား"

ချီအင်း မခံချင်စိတ်များ ဖြစ်ပေါ်လာလေသည်။

အစိမ်းရောင်ဝတ်ထားသူက...

"မင်းရဲ့ မတောက်တခေါက် ပညာလေးနဲ့ သိုင်းလောကမှာ ဘယ်လိုကျက်စားချင်သေးတယ်၊ ကိုယ့်ကိုကိုယ် အထင်ကြီးပြီး မော်မြင့်နေတာပဲ"

ချီအင်းလည်း ပြန်လည်အော်ပြောလိုက်လေသည်။

"ကျုပ်က သူတို့ကို ဆုံးမနိုင်သေးတယ်ဆိုတာ ခင်ဗျားကြည့်ထားစမ်းပါ"

ချက်ချင်းပင် သူ၏လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းထားသည့် ဝှက်ထားသော သိုင်းပညာတစ်ရပ်ကို ထုတ်ဖော်လိုက်လေသည်။

အရိုးအဆစ်များ တဖျောက်ဖျောက်မြည်သံ ထွက်ပေါ်လာသည်။

သူ၏လက်ဝါးနှစ်ဘက်သည် သွေးရောင်သန်းနေရာမှ ပြာနှမ်းညှော် ဖြစ်သွားသည်။

တဖန် တဖြည်းဖြည်းချင်း အစိမ်းဖျော့ဖျော့အရောင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

တိုအစိမ်းရောင်သည် ပို၍ပို၍ စိမ်းလာပြီး လက်ဝါးပြင်တ
ခုလုံး စိမ်းဖန့်ဖန့်အရောင် ပြောင်းလဲသွားလေတော့သည်။

"ယား"

ချီအင်း ဉာဏ်သံပေးကာ ဆရာကျောက်ဆိုသူ၏နောင်
လိုက်များအား တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ဝါးနှစ်ဘက်မှ အေးစိမ့်သော လေပွေလှိုင်းမျ
ထွက်ပေါ်လာလေသည်။

ဝန်းကျင်တစ်ခုလုံး တဟူးဟူး မြည်သော လေတိုးသံမျ
က ဖုံးလွှမ်းသွားလေသည်။

ထို့နောက်...

"ဝုန်း"

"အမယ်လေး"

အထိတ်တလန့် အော်ဟစ်သံများနှင့်အတူ ဆရာကျေ
၏လူသုံးယောက် အဝေးသို့ လွင့်စင်သွားကြလေတော့သည်။

"ဟား...ဟား...ဟား"

ချီအင်း ရယ်မောလိုက်လေသည်။

"ကဲ ကျုပ်ပညာက ဘယ်လိုလဲဗျ"

အစိမ်းရောင်ဝတ်ထားသူအား လှမ်းမေးလိုက်လေသည်

အစိမ်းရောင်ဝတ်ထားသူ ခေါင်းခါယမ်းလိုက်သည်။

"ဘာမဟုတ်တဲ့ လူတွေကို အနိုင်ယူနိုင်တာလော
ကိုယ့်ကိုကိုယ် အထင်ကြီး မနေစမ်းပါနဲ့"



"ဘာဗျာ"

"သည်လူတွေဟာ သွေးလင်းနိုင်ဂိုဏ်းက နောက်လိုက်တွေ
ပါ။ သူတို့ရဲ့ခေါင်းဆောင်တွေနဲ့ ရင်ဆိုင်ရယင် မင်းတတ်နိုင်ပါ့မလား"

"ကျုပ် ဘာကြောင့် မတတ်နိုင်ရမှာလဲ"

"သိပ်လည်း အပြောမကြီးပါနဲ့လေ"

ချီအင်းသည် ထိုလူက သူ့အား အထင်သေးနေခြင်းကြောင့်
ဒေါသထွက်သွားလေတော့သည်။

"သူက ဘာကြောင့် ငါ့ကို စော်ကားချင်နေရတာလဲ"

သို့သော် တည်းခိုခန်းခနှင့် စားသောက်ခ ကျသင့်ငွေ ပေး
ချေသွားသူမှာ အစိမ်းရောင်ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်
ကြောင်း သိခဲ့ရခြင်းကြောင့် ထိုလူပေလော်ဟု တွေးကာ ဒေါသစိတ်
ကို ထိန်းထားလိုက်လေသည်။

"တည်းခိုခန်းမှာ ငါ့ကို ကူညီခဲ့တာ သည်လူဆိုယင်တော့
သူ့မှာ အကြောင်းတစ်ခုခု ရှိနေမှာ သေချာတယ်"

ထိုစဉ်...

"သေဖို့ပြင်ထား"

ဆရာကျောက်က ဉာဏ်သံပေးကာ ခုန်ဝင်လာလေသည်။

ချီအင်းလည်း ခုခံရင်ဆိုင်လိုက်၏။

သူက အစိမ်းရောင်သန်းနေသော လက်ဝါးဖြင့် ရိုက်ချလိုက်
ခြင်း ဖြစ်လေသည်။

ဆရာကျောက်က...

"မင်းပညာ ဒါအကုန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးချင်း ရင်ဆိုင်ရန် ဟန်ပြင်ပြီးမှ ရုတ်တရက် လက်ချောင်းကလေးများဖြင့် ချီအင်း၏လက်ကောက်ဝတ်ကို ကုပ်ဆွဲလိုက်လေသည်။

"ဟင်"

ချီအင်း ထိတ်လန့်ကာ နောက်ဆုတ်လိုက်ရတော့သည်။

အစိမ်းရောင်ဝတ်ထားသူ နှာခေါင်းရှုံ့လိုက်သည်။

"ဒါကြောင့် မင်းကို အသုံးမကျသေးဘူးလို့ ငါပြောတာပေါ့"

ထို့နောက် လက်နှစ်ဘက်ကို ချားရဟတ်ပမာ ဝှေ့ယမ်းလိုက်လေသည်။

လေတိုးသံများ တဝှီးဝှီးလည်ကာ ထွက်ပေါ်လာလေသည်။

သူ၏လက်နှစ်ဘက်သည် လက်ရိပ်ပေါင်းများစွာ ဖြစ်ပေါ်လာလေသည်။

ထိုလက်ရိပ်များမှ ထွက်ပေါ်လာသည့် အရိပ်အရောင်ကား ကျောက်စိမ်းရောင်သန်းနေ၏။

အေးစိမ့်သော အငွေ့အသက်များက ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ထို့နောက် ဆရာကျောက်၏လူများ တိုက်ခိုက်ခံလိုက်ကြရပြီး...

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေ



တော့သည်။

ဆရာကျောက်၏လူများသည် လေပြင်းမုန်တိုင်း တိုက်ခတ်လိုက်ရသည့်အလား အဝေးသို့ လွင့်စင်သွားကြလေတော့သည်။

"ဟာ"

ဆရာကျောက် ထိတ်လန့်သွားလေသည်။

အစိမ်းရောင်ဝတ်ထားသူက လက်ဝှေ့ယမ်းမှုကို ရပ်တန့်လိုက်ရာ ပြင်းထန်သော လေပွေလှိုင်းများသည်လည်း ရပ်တန့်သွားတော့သည်။

မိုးမှောင်ကြီး ကျရောက်လာသလို လေပြင်းမုန်တိုင်း တိုက်ခတ်လာသလို ရှိခဲ့ရာမှ ပကတိ ငြိမ်သက်သွားလေသည်။

ဆရာကျောက်က ထီးထီးမားမား ရပ်လျက် ကျန်ရစ်ခဲ့သည်။

သူ၏လူများကား အတုန်းအရုန်း လဲကျသွားကြပြီ ဖြစ်လေသည်။

ချီအင်း ပါးစပ်အဟောင်းသား ဖြစ်နေသည်။

အစိမ်းရောင်ဝတ်ထားသူကို မျက်လုံးကြီးပြူးကာ ကြည့်နေသည်။

ဆရာကျောက်လည်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

အစိမ်းရောင်ဝတ်ထားသူ ရယ်မောလိုက်လေသည်။

"မင်းပညာက သည်လို မဟုတ်လား"

ချီအင်းက...

"ခင်..ခင်ဗျားက ကျောက်စိမ်းလက်ပညာကို တတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ် ဟုတ်လား"

ကျောက်စိမ်းလက်ပညာသည် အလွန်ထူးခြား ဆန်းပြား သော လက်သိုင်းပညာ ဖြစ်ပါသည်။

ဝါရင့်ထိပ်သီးသိုင်းသမားကြီးများကိုပင် ကောင်းစွာ ယှဉ် ပြိုင်နိုင်သော ပညာတစ်ရပ်ဟု ချီးကျူးခံရသည်။

ထိုပညာကို တတ်မြောက်ထားသူမှာ 'ကျောက်စိမ်းလက်' တစ်ယောက်ထဲသာ ရှိလေသည်။

အစိမ်းရောင်ဝတ်ထားသူက ကျောက်စိမ်းလက်ပညာကို အဘယ့်ကြောင့် တတ်မြောက်နေပါသနည်း။

ထိုလူက ဆရာကျောက်ကို စိုက်ကြည့်လိုက်သည်။

"ကျောက်ရီ၊ ခင်ဗျားဟာ သွေးလင်းနို့ဂိုဏ်းဝင်တစ် ယောက် ဖြစ်နေပြီ မဟုတ်လား"

ဟုလည်း မေးလိုက်သည်။

ဆရာကျောက်ဆိုသူမှာ လူသိများ ထင်ရှားသော သိုင်း သမား 'ကျောက်ရီ' ဖြစ်လေသည်။

အစိမ်းရောင်ဝတ်ထားသူက...

"ခင်ဗျားက လျှို့ရင်းနှင့် စွမ်းထုံတို့ကို ကူညီမလို့နဲ့ သစ္စာ ဖောက်ပြီး သုတ်သင်ရှင်းလင်းပစ်လိုက်တာ မဟုတ်လား"

ဟုထပ်မေးလိုက်လေသည်။

သွေးလင်းနို့ဂိုဏ်းဝင်တစ်ယောက် ဖြစ်နေသော ကျောက် တဟားဟား ရယ်မောလိုက်လေသည်။

"စွမ်းထုံက သွေးလင်းနို့ဂိုဏ်းကို ဖော်ထုတ်ဖို့ ကြိုးစား



တယ်၊ လျှို့ရင်းက ကူညီချင်တယ်၊ ဒါကြောင့် စွမ်းထုံဆီကို လာတဲ့ ရှင်းကို လမ်းခုလတ်ကနေ ရှင်းပစ်လိုက်တယ်၊ ပြီးတော့ ကျုပ် စွမ်းထုံဆီကို ခရီးသွားလမ်းကြုံသဘောနဲ့ ဝင်တွေ့ခဲ့တာ"

"စွမ်းထုံက ခင်ဗျားကို သင်္ကာမကင်း မဖြစ်မိတော့ အလွယ် တကူ သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့တာပေါ့ ဟုတ်လား"

"ဟဲ..ဟဲ၊ စွမ်းထုံက သွေးလင်းနို့ဂိုဏ်းသားတွေ မလာ ဘူးလို့ စိတ်ချလိုက်တော့ ကျုပ်လုပ်ကြံရတာ လွယ်ကူသွားတာ ပေါ့ဗျာ"

ဆရာကျောက် ရယ်မောလိုက်လေသည်။

အစိမ်းရောင်ဝတ်ထားသူက...

"ကဲ ကျောက်ရီ၊ သွေးလင်းနို့ဂိုဏ်းအကြောင်း ပြောပြ သား အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကို ရွေးပါ"

"ကျုပ်က မင်းကို မကြောက်သေးဘူး"

ကျောက်ရီက ရုတ်တရက် ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေ သည်။

အစိမ်းရောင်ဝတ်ထားသူက ရှောင်တိမ်းခြင်း မပြုပါချေ။

လက်ဆန့်ထုတ်ပြီး လက်ညှိုးတစ်ချောင်းဖြင့် ဆတ်ခနဲ ထိုး လိုက်၏။

ကျောက်ရီ၏ရင်ဝ၌ အပေါက်ကလေး ဖြစ်သွားကာ သွေး စီးကျလာတော့သည်။

ကျောက်ရီက ခေါင်းငုံ့ကြည့်လိုက်၏။

သွေးများ စီးကျနေသော ရင်ဝမှ ဒဏ်ရာကို မြင်လျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ..ဒါ ကျောက်စိမ်းလက်"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး...

"ဝုန်း"

မြေပေါ် လဲကျသွားလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ကျောက်ရီတို့လူစုမှာ မြေပေါ် အတုန်းအရုန်း လဲကျကာ မလှုပ်မယှက် ဖြစ်နေကြလေသည်။

မားမားမတ်မတ် ရပ်နေနိုင်သူဟူ၍ အစိမ်းရောင်ဝတ်ထား သူနှင့် ချီအင်းတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြလေသည်။

ချီအင်းက ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ခင်..ခင်ဗျားက ကျောက်စိမ်းလက်ပညာကို တတ်မြောက် ထားတယ် ဟုတ်လား"

ထိုလူ ရယ်မောလိုက်သည်။

"မင်းတစ်ယောက်ထဲ သည်ပညာကို တတ်မြောက်ထား တယ်များ ထင်နေသလား"

"နေပါဦး၊ သည်ပညာကို တတ်မြောက်ထားတဲ့လူ သိုင်း လောကမှာ တစ်ယောက်ထဲ ရှိတယ်၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး တတ်မြောက်ခဲ့တာလဲ၊ 'ချီမမ'နဲ့ ဘယ်လိုပတ်သက်နေသလဲ"



"ဘယ်လို ပတ်သက်သလဲ သိချင်ယင် သည်မှာ ကြည့်ပေ တော့"

သူ၏လက်တစ်ဘက်က မျက်နှာကို သပ်ချလိုက်၏။

မျက်နှာဖုံးတုတစ်ခု ကွာကျသွားလေသည်။

ဦးခေါင်းခါယမ်းလိုက်ရာ ရှည်လျားသော ဆံပင်များ ဖွာခနဲ ပခုံးနှစ်ဘက်သို့ ကျလာ၏။

မျက်စိတမှိတ် လျှပ်တပြက် အတွင်းမှာပင် ထိုလူသည် ချောမောလှပသော အမျိုးသမီးတစ်ယောက်အသွင် ပြောင်းလဲသွား လေတော့သည်။

"ဟာ"

ချီအင်း လွှတ်ခနဲ ရေရွတ်လိုက်၏။

ထိုအမျိုးသမီးအား သူကောင်းစွာ သိထား၏။

ထိုအမျိုးသမီးသည် ချီမမ(ဝါ)ချီရှန်းကျင်း ဖြစ်သည်။

ချီရှန်းကျင်းသည် ချီအင်း၏အစ်မအရင်းပင် မဟုတ်ပါ လား။

ချီအင်းနှင့် ချီရှန်းကျင်းတို့ မောင်နှမနှစ်ယောက်သည် သိုင်း လောက၌ လူသိလည်းများ မကောင်းသူပယ် ကောင်းသူကယ် အများ အကျိုး ဆောင်ရွက်နေကြသူများ ဖြစ်လေသည်။

သူတို့၏ဖခင်မှာ သိုင်းဆရာချီ ဖြစ်သည်။

သိုင်းဆရာချီသည် သိုင်းသမားဆိုးများ၏လက်ချက်ဖြင့် သေဆုံးသွားစဥ်က ချီအင်းတို့ မောင်နှမနှစ်ယောက်မှာ ခပ်ငယ်ငယ် ပင် ရှိကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ ဖြစ်သွားခြင်းကြောင့် ဆွေနီးမျိုးစပ်တော်သူတစ်ဦးထံ၌ မှီခိုနေထိုင်ခဲ့ကြရလေသည်။

တစ်နေ့တွင် သိုင်းဆရာချို၏မိတ်ဆွေတစ်ယောက် ရပ်ဝေးမှ ရောက်ရှိလာပြီး ချိုရှန်းကျင်အား သိုင်းပညာ သင်ပေးဖို့ ခေါ်ဆောင်သွားခဲ့လေသည်။

ထိုရပ်ဝေးမှ သိုင်းဆရာက ၎င်းတီထွင်ထားသော ကျောက်စိမ်းလက်သိုင်းကို ချိုရှန်းကျင်အား သင်ကြားပေးခဲ့လေသည်။

ချိုအင်းကလည်း သိုင်းပညာ ဝါသနာပါသည့်အလျောက် ဖခင်၏မိတ်ဆွေများထံ၌ အကူအညီတောင်းကာ သင်ကြားခဲ့လေသည်။

သူတို့မောင်နှမနှစ်ယောက်သည် တစ်နှစ်တစ်ကြိမ် တွေ့ဆုံခဲ့ကြပြီး ချိုရှန်းကျင်က ကျောက်စိမ်းလက်ပညာကို ချိုအင်းအား ပြန်လည်သင်ကြားပေးခဲ့လေသည်။

သို့ဖြင့် မောင်နှမနှစ်ယောက် အရွယ်ရောက်လာကြသောအခါ သိုင်းလောကသို့ ဆင်းကာ အများအကျိုး ဆောင်ရွက်ခဲ့ကြလေသည်။

ချိုရှန်းကျင်က ကျောက်စိမ်းလက်ပညာဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားလာခဲ့သော်လည်း ချိုအင်းကား မထင်မရှား ဖြစ်ခဲ့လေသည်။

ယခု မောင်နှမနှစ်ယောက် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေသည်။

ချိုအင်း ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။



"မမ"

ချိုရှန်းကျင်က...

"ချိုအင်း၊ မင်းက ရန်သူတွေနဲ့ တိုက်ခိုက်ခဲ့တာ ဒဏ်ရာရခဲ့တယ်ဆို"

"ကျွန်တော်.."

"သွေးလင်းနို့ဂိုဏ်းသားတွေ မဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

ချိုအင်းသည် အစ်မဖြစ်သူ၏ဆူပူကြိမ်းမောင်းခြင်း ခံရတော့မည် ဖြစ်၍ ခေါင်းငုံ့ထားလိုက်လေသည်။

ချိုရှန်းကျင်က...

"သွေးလင်းနို့ဂိုဏ်းက အတော်ကြောက်စရာကောင်းတယ်၊ ထိပ်ထိပ်ကျဲ အဖြူရောင်သိုင်းသမားကြီးတွေတောင် ပါဝင်ပတ်သက်နေကြတယ်၊ ငါ့မောင်က သူတို့နဲ့ သွားပြီး ရင်ဆိုင်ခဲ့တာကိုး"

ချိုအင်းက...

"သွေးလင်းနို့ဂိုဏ်းက သိုင်းလောကကို ဒုက္ခပေးနေတာကြောင့် ကျွန်တော်လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ရင်ဆိုင်မိတာပါ[illegible]"

"အေး မင်းထက် သိုင်းပညာတော်တဲ့ လူတွေတောင် သွေးလင်းနို့ဂိုဏ်းရဲ့ လက်ချက်နဲ့ ဒုက္ခရောက်ခဲ့ကြတယ်၊ မင်း ခုလို အသက်ရှင်နေတာ ကံကောင်းတယ်လို့ ပြောရမှာပဲ၊ မမလည်း သူတို့နဲ့ ရင်ဆိုင်ဖို့ စီစဉ်ထားတာ၊ ဒါပေမယ့် မင်းကို စိတ်မချတော့ဘူး၊ [illegible] တို့မောင်နှမနှစ်ယောက်ပဲ ရှိတော့တာ၊ မင်းတစ်ခုခု ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ယင် မမဖြေလို့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် သွေးလင်းနို့ဂိုဏ်း ကိစ္စ
အသာထားပြီး ငါ့မောင်ကို ခေါ်သွားရလိမ့်မယ်”

ချီအင်း အံ့သြသွားလေသည်။

“ကျွန်တော့်ကို ဘယ်ခေါ်သွားမှာလဲဗျာ”

ချီရှန်းကျင်းက...

“တို့မောင်နှမနှစ်ယောက် အေးချမ်းတဲ့ တစ်နေရာကို သွား
ကြမယ်၊ မောင်လေးကို ကျောက်စိမ်းလက်ပညာ ကျွမ်းကျင်လာ
အောင် ထပ်သင်ပေးမယ်၊ သည်ပညာကို ကျွမ်းကျင်ထားမယ်ဆို
ယင် အနည်းဆုံး ကိုယ့်ကိုကိုယ် ကာကွယ်စောင့်ရှောက်နိုင်မှာပဲ”

အစ်မဖြစ်သူက သူ့အတွက် အလွန်ပင် စိုးရိမ်ပူပန်နေလေ
သောကြောင့် ချီအင်း ဘာမှ မပြောသာဘဲ ဖြစ်သွားလေသည်။

သူက အသက်ကယ်ခဲ့သည့် ကျေးဇူးရှင် ရှိရာ လုယန်မြို့သို့
သွားဖို့ ရည်ရွယ်ထားသည် မဟုတ်ပါလား။

ချီရှန်းကျင်းက...

“မောင်လေးကို ခေါ်သွားပြီး ကျောက်စိမ်းလက်ပညာကို
ထပ်သင်ပေးမယ်၊ ပြီးယင် နယ်ခြားမှာ အခြေချနေတဲ့ မမရဲ့ ဆရာ
သွားတွေ့ရဦးမယ်၊ ဆရာဟာ အသက်ကြီးရင့်လာတဲ့အပြင် မကျန်း
မမာ ဖြစ်နေတယ်လို့ သတင်းကြားရတယ်၊ ဆရာ့ကို တစ်လှည့် ပြု
ပြီး ပြုစုစောင့်ရှောက်ဖို့ မမမှာ တာဝန်ရှိနေတယ်၊ ဆရာ နေကောင်း
သွားမှပဲ၊ ပြန်လာနိုင်မှာဆိုတော့ မောင်လေးကို တော်တော်နဲ့ ပြန်
တွေ့နိုင်ဦးမှာ မဟုတ်ဘူး”

ချီအင်းသည် လုယန်မြို့သို့ သွားရမည့် ကိစ္စကို မပြောဖြ



တော့ချေ။

အစ်မဖြစ်သူက နယ်ခြားသို့ သွားမည်ဖြစ်ရာ တော်တော်
နှင့် ပြန်ဆုံဆည်းနိုင်တော့မည် မဟုတ်၍ လုယန်မြို့သို့ နောက်မှ
သွားတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

“ဒါထက် သွေးလင်းနို့ဂိုဏ်းနဲ့ ပတ်သက်ပြီး မမ ဘယ်လို
ခဲ့မယ် စိတ်ကူးထားသလဲဟင်”

ဟုမေးလိုက်လေသည်။

ချီရှန်းကျင်း ပြုံးလိုက်လေသည်။

“အမှန်ကို ပြောရယင် သွေးလင်းနို့ဂိုဏ်းနဲ့ ပတ်သက်ပြီး
ယင်ကလောက် မမ စိတ်မပူတော့ပါဘူး၊ သူတို့ကို ဆုံးမမယ့် သူရဲ
ကောင်းသိုင်းသမားတစ်ယောက် ထွက်ပေါ်လာပြီလေ၊ သူ့ရဲ့ အစွမ်း
နဲ့ သွေးလင်းနို့ဂိုဏ်းကို ချေမှုန်းပစ်နိုင်မှာ သေချာသလောက်ပါ
ဒါကြောင့် မောင်လေးအတွက် စိတ်ချရယင် နယ်ခြားကို သွားဖို့
ဆုံးဖြတ်လိုက်တာပေါ့”

ချီအင်း စိတ်ဝင်စားသွားသော်လည်း သူရဲကောင်း သိုင်း
သမားမှာ မည်သူမည်ဝါဖြစ်ကြောင်း မမေးတော့ပါ။

ချီရှန်းကျင်းက...

“ကဲ တို့သွားကြစို့”

“ကောင်းပါပြီ မမ”

ချီအင်းလည်း အစ်မဖြစ်သူနှင့်အတူ လိုက်ပါသွားလေတော့
သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## လှပန်းတစ်ပွင့်

နံနက်ခင်း နေခြည်က နွေးနွေးထွေးထွေး ရှိနေ၏။

လမ်းပေါ်၌ အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြ
များက ဥဒဟို သွားလာနေကြလေသည်။

ပန်းရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေးတစ်
ယောက်က မင်းလမ်းမကြီးအတိုင်း ဟိုဟိုသည်သည် ကြည့်ကာ လှ
လာခဲ့လေသည်။

ထိုမိန်းကလေးသည် ငယ်ရွယ်နုပျိုပြီး နုတ်မိမယ်လေး
အလား ချောမောလှပသူလေး ဖြစ်လေသည်။

လမ်းသွားလမ်းလာများက သူမအား ငေးမောကြည့်သွား
ကြပြီး သူမ၏အလှကို တီးတိုးဝေဖန် ချီးကျူးနေကြသည်ကိုပင် သတိ
မပြုမိပါချေ။



မိန်းကလေးသည် တစ်နေရာသို့ ရောက်သောအခါ ထူးခြား
သော မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

တွေ့လိုက်ရသည့် မြင်ကွင်းက နံနက်ခင်း အလှကို ဖျက်ဆီး
ပစ်လိုက်သလို ရှိနေပါသည်။

အဘွားအိုတစ်ယောက်နှင့် ရှစ်နှစ်ခန့်ရှိ ကလေးမလေးတစ်
ယောက်တို့သည် အထုပ်ကလေးတစ်ထုပ်စီ ပိုက်ကာ အိမ်တစ်လုံး
ရှေ့၌ ထိုင်ကာ မှိုင်နေကြခြင်း ဖြစ်သည်။

အဘွားအိုတို့အား ကြည့်လိုက်သည်နှင့် ဒုက္ခသည်များ ဖြစ်
ကြောင်း သိနိုင်၏။

လမ်းသွားလမ်းလာများသည်လည်း အဘွားအိုနှင့် ကလေး
လေးကို ကြည့်ကာ ဂရုဏာသက်သည့်အလား စုပ်တသပ်သပ် ရှိ
နေကြ၏။

ပန်းရောင်မိန်းကလေးသည် မြေးဘွားနှစ်ယောက်ကို စိတ်
ဝင်စားသွားပြီး လမ်းသွားလမ်းလာတစ်ယောက်အား မေးကြည့်
လိုက်လေသည်။

"သည်မြေးအဘွားနှစ်ယောက်က ဘယ်လို အဖြစ်မျိုးနဲ့ ကြုံ
တွေ့နေရလို့လဲရှင်"

"သည်အဘွားကြီး ကံဆိုးပါတယ်၊ သူ့ရဲ့သားက လုပ်ကျွေး
နေတာလေ၊ သားနဲ့ ချွေးမ ခရီးထွက်ယင်း မော်တော်ကားမှောက်ချက်နဲ့
သေသွားကြတယ်၊ သူ့သားက ကုန်သည်တွေဆီက ပစ္စည်းတွေ
အကြွေးနဲ့ ယူသွားတာလေ၊ ပစ္စည်းတွေ ဆုံးရှုံးသွားတော့ ကုန်သည်
တွေကို ပြန်ပြီး လျော်ပေးရတယ်၊ လူလိမ်လူကောက်တွေကလည်း

www.burmeseclassic.com



ဝိုင်းပြီး လိမ်ညာကြတော့ နောက်ဆုံး အကြွေးရှင်တွေက ရှိတဲ့ပစ္စည်း နဲ့ အိမ်ကိုသိမ်းလိုက်လို့ လမ်းပေါ် ရောက်သွားကြတာပေါ့"

ပန်းရောင်မိန်းကလေးက အကဲခတ်လိုက်ရာ အဘွားအို၏ အိမ်သည်လည်း ဟောင်းနွမ်းယိုယွင်းနေပြီ ဖြစ်သည်ကို တွေ့ရလေ သည်။

ချမ်းသာကြွယ်ဝသူများ မဟုတ်ကြဘဲ ကြိုးစားလုပ်ကိုင် စား သောက်နေကြရသူများ ဖြစ်ကြောင်း ပေါ်လွင်နေ၏။

"အဘွားကြီးက အသက်ကြီးပြီ ဘယ်မှာ သွားနေရမှာလဲ မြေးမလေးကိုကော ဘယ်လို စောင့်ရှောက်နိုင်မှာလဲ"

ပန်းရောင်မိန်းကလေးက တွေးယင်း ရင်လေးသွားလေ သည်။

ထိုစဉ် အိမ်ထဲမှ ဝဝဖိုင့်ဖိုင့်လူကြီးတစ်ယောက် ထွက်လာ လေသည်။

ထိုလူဝကြီးက အဘွားအိုတို့ မြေးအဘွားအိမ်ရှေ့၌ ထိုင်နေ သည်ကို မြင်လျှင် အော်ငေါက်မောင်းထုတ်လိုက်လေသည်။

"သည်အိမ်ဟာ ခင်ဗျားတို့နဲ့ မဆိုင်တော့ဘူး သွားကြေ တော့"

အဘွားအိုက တောင်းပန်လိုက်လေသည်။

"သွားပါ့မယ်ကွယ်၊ ဘယ်ကို သွားရမလဲ စဉ်းစားနေလို့ပါ ကွယ်"

တုန်တုန်ယင်ယင်ဖြင့် ဘယ်သွားရ ဘယ်လာရမှန်း မသိ ဖြစ်နေသည်မှာ ပန်းရောင်မိန်းကလေးအား စိတ်ထိခိုက်သွားစေပါ



တော့သည်။ သူမ မနေနိုင်တော့ဘဲ ခပ်သွက်သွက် လှမ်းသွားပြီး လိုက်လေသည်။

"ရှင်က သည်အိမ်ကို အကြွေးနဲ့ သိမ်းလိုက်တာလားဟင်"

လူဝကြီးသည် မိန်းမချောလေးတစ်ယောက် ရုတ်တရက် ရောက်လာပြီး ချိုလွင်သာယာသော အသံလေးဖြင့် မေးလိုက်ခြင်း ကြောင့် အံ့ဩသွား၏။

ပန်းရောင်မိန်းကလေးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး သွန် သဘောမနော‌ကောင်းသည့် လေသံဖြင့် ပြောလေသည်။

"ကျုပ်က သူတို့အပေါ် ရက်စက်တာ မဟုတ်ပါဘူးဗျာ၊ သူ့ သားက ကျုပ်ရဲ့ ကုန်ပစ္စည်းတွေကို ရပ်ဝေးမှာ သွားရောင်းပြီး စီးပွား တယ်၊ အမြတ်ငွေ လေးပုံတစ်ပုံပဲ ကျုပ်ယူတာ၊ သူတို့မိသားစုမှာ ရေးအကြောင်း ပေါ်လာယင် ကျုပ်ကူညီထောက်ပံ့ခဲ့တာ လူတိုင်း ပါတယ်၊ ခုလည်း သူ့သား ဓားပြလက်ချက်နဲ့ သေသွားပြီး ကျုပ် ည်းတွေလည်း အတော်များများ ဆုံးရှုံးသွားတယ်၊ ကျုပ်ကလည်း ားဆီက တဆင့် ယူထားရတာဆိုတော့ သူတို့လည်း နည်းနည်း း စိုက်ရှော်မှဖြစ်မယ် မဟုတ်လား"

အိမ်နှင့် ပစ္စည်းများကို အကြွေးနှင့်သိမ်းရသည့် အကြောင်း ကို ရှင်းပြလေသည်။

"သူတို့ရဲ့ ပစ္စည်းနဲ့ အိမ်ကို ရောင်းလိုက်ယင် ငွေငါးထောင် င် ရဖို့မလွယ်ဘူး၊ ကုန်ပစ္စည်းဖိုးတွေကို ကျုပ်စိုက်ရဦးမှာ"

ပန်းရောင်မိန်းကလေး သက်ပြင်းချလိုက်သည်။

"ရှင့်ရဲ့ အခက်အခဲကိုလည်း ကျွန်မနားလည်ပါတယ်ရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ရှင့်ကို အကြေးဘယ်လောက်တောင် ပေးရမယ်ဆိုတာ ပြော ပါဦး"

လူဝကြီးက...

"ငွေရှစ်ထောင်ကျော်တယ်၊ ဒါပေမယ့် သူတို့လည်း ဒု ရောက်နေတော့ ကျုပ်က ငါးထောင်လောက် ပြန်ရယင် တော်ပါပြီ"

"သည်အိမ်ကို ရှင်က ငါးထောင်နဲ့ တခြားလူကို ရောင်းလို မယ်ပေါ့"

"ဟုတ်တယ်လေ၊ ဒါတောင် ဝယ်မယ့်လူ ရှိမှရမှာ၊ ရောင်း ထွက်အောင် ဘယ်လောက်ကြာကြာ စောင့်ရဦးမယ် မဆိုနိုင်ဘူး ဒါပေမယ့် ကျုပ်ပေးရမယ့်လူတွေ ကျေနပ်အောင် ကျုပ်လက်ထဲမှာ တစ်ခုခုတော့ လက်ဆုပ်လက်ကိုင်ထားရမှာပဲလေ"

ပန်းရောင်မိန်းခလေးက...

"ဘာပဲဖြစ်ဖြစ် ငါးထောင်ရယင် ရှင်ကျေနပ်တာပေါ့"

"ဒါပေါ့"

"ကောင်းပြီ၊ ရှင် ခဏစောင့်ပါ၊ ကျွန်မ ငွေငါးထောင်ယူ မယ်"

"ဟင်"

လူဝကြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပန်းရောင်မိန်းကလေးအား စိုက်ကြည့်လိုက်သည်။

"မိန်းကလေး စိုက်ပေးမယ် ဟုတ်လား"

"ဟုတ်တယ်၊ သည်အိမ်နဲ့ ပစ္စည်းတွေကို သူတို့ကို ပြန် ရမယ်"



"အို ငွေငါးထောင်ရယင် ပြီးတာပဲ၊ သူတို့အိမ်ကို ကျုပ် ဘာ ...ရမှာလဲ၊ ဘာမှ ရစရာ မရှိလို့ ရအောင် ယူထားတဲ့ သဘောပါ ..."

"ဒါဖြင့် ခဏစောင့်ပါရှင်၊ ကျွန်မ ပြန်လာခဲ့ပါ့မယ်"

"မိန်းကလေးက..."

"ရှင် ဘာမှမပူနဲ့၊ ကျွန်မ အခုပဲ ပြန်လာခဲ့မှာပါ"

ပန်းရောင်မိန်းကလေး ထွက်သွားသောအခါ လူဝကြီး ...မက မြေးအဘွားနှစ်ယောက်ကပါ တအံ့တသြ ကြည့်ယင်း ကျန် ...ခဲ့ကြလေတော့သည်။

♠ ♠ ♠

ပန်းရောင်မိန်းကလေးသည် မြို့လယ်ပိုင်းသို့ ပြန်လည် ...ရောက်ရှိသွားလေသည်။

ဒုက္ခရောက်နေသော မြေးအဘွားနှစ်ယောက်ကို ကူညီရန် ...ဖြစ်ပြီးပြီ ဖြစ်ရကား သူမ၏လုပ်ရပ် မှားသည် မှန်သည် ဝေဖန် ...စားမနေတော့ပါချေ။

သူသည် အပေါင်ဆိုင်တစ်ဆိုင်ရှေ့၌ ခြေလှမ်းရပ်လိုက် ...သည်။

ဝဲဘက်လက်၌ စွပ်ထားသော ကျောက်စိမ်းလက်ကောက် ...ကို ပွတ်သပ်လိုက်မိလေသည်။

ထိုကျောက်စိမ်းလက်ကောက်သည် မိဘများ ... သူတို့

www.burmeseclassic.com



ညီအစ်မနှစ်ယောက်အား တစ်ယောက်တစ်ကွင်း ပြုလုပ်ပေးထား ခြင်း ဖြစ်သည်။

သူမ၏မိဘများလည်း ကွယ်လွန်သွားကြပြီ ဖြစ်လေသည်

မိဘ အမွေအနှစ်ပစ္စည်း ဖြစ်၍ သူမ နှမြောမိလေသည်

"ဒုက္ခရောက်နေတဲ့ မြေးအဘွားနှစ်ယောက်ကို ကူညီချင်လို့ သမီးကို ခွင့်လွှတ်ကြပါ"

မိဘနှစ်ပါးအား စိတ်ထဲမှ တိုင်တည်တောင်းပန်လိုက်လေ သည်။

ထို့နောက် အပေါင်ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။

အပေါင်ဆိုင်ထဲ၌ လူရှင်းနေ၏။

တာဝန်ခံဖြစ်သူက ပန်းရောင်မိန်းကလေးအား ဖိတ်ခေါ် လိုက်လေသည်။

"မိန်းကလေး ဘာကိစ္စများလဲကွယ်"

ပန်းရောင်မိန်းကလေးက ကျောက်စိမ်းလက်ကောက်လေး ကို ချွတ်ပေးလိုက်သည်။

"သည်ပစ္စည်းလေး ပေါင်ချင်လို့ပါရှင်"

"ကောင်းပြီ"

တာဝန်ခံသည် ကျောက်စိမ်းလက်ကောက်ကို ယူ အသေးစိတ် စစ်ဆေးလိုက်လေသည်။

ပြီးမှ...

"လက်ကောက်လေးကို ထုလုပ်ထားတာ လက်ရာမြော ပေမယ့် ကျောက်စိမ်းကတော့ တတိယတန်းစား အရည်အသွေး



မိန်းကလေး ယူမယ်ဆိုယင်တော့ ငွေနှစ်ထောင်လောက်ပဲ ရမယ်" ဟုပြောလာလေသည်။

ပန်းရောင်မိန်းကလေးမှာ မြေးအဘွားနှစ်ယောက်ကို ကူ ညီဖို့ ငွေငါးထောင် လိုအပ်နေပါသည်။

သူမထံ၌ ငွေအနည်းအကျဉ်းသာ ရှိသဖြင့် ငွေနှစ်ထောင် သာ ထပ်မံလိုအပ်နေပါတော့သည်။

"သည်ထက်ပိုပြီး မရနိုင်ဘူးလားရှင်"

တာဝန်ခံ ခေါင်းခါယမ်းလိုက်သည်။

"မရနိုင်ပါဘူးဗျာ၊ သည်လက်ကောက်မျိုးကို သွားဝယ်မယ် ဆိုယင် ငွေသုံးထောင်ထက် ပိုမပေးရနိုင်ပါဘူး၊ ကျုပ်ငွေနှစ်ထောင် ပေးတာတောင် များနေပါပြီ၊ တကယ်လို့ မိန်းကလေး မရွေးဖြစ်လို့ ကျုပ်တို့ ပြန်ရောင်းထုတ်ရမယ်ဆိုယင်တောင် နှစ်ရာ သုံးရာလောက် အမြတ်ရအောင် မနည်းရောင်းရမှာပါ"

တာဝန်ခံသည် သူတို့၏တာဝန်၌ ကျွမ်းကျင်လိမ္မာသူ ဖြစ် ပါတော့သည်။

ပန်းရောင်မိန်းကလေး ညည်းတွားလိုက်သည်။

"တိုးပေးနိုင်ယင် တိုးပေးပါလားရှင်"

"မဖြစ်နိုင်လို့ပါကွယ်"

"ဒါဖြင့် ကျွန်မ အပြတ်ရောင်းမယ်ဆိုယင်ကော"

"ဝမ်းနည်းပါတယ်၊ မိန်းကလေး၊ ကျုပ်တို့က အပေါင်ခံတာ ပစ္စည်းလက်ခံဝယ်ယူတာ မဟုတ်ပါဘူး"

"ကျွန်မကို ကူညီပါလားရှင်၊ ကျွန်မ ငွေလိုနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်မိန်းကလေးသည် ဒုက္ခသည်မြေးအသွားအာ ညီလိုခြင်းကြောင့် လာရောက်ရခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်လေ သည်။

တာဝန်ခံ သက်ပြင်းချလိုက်လေသည်။

"မိန်းကလေးရဲ့ စေတနာကို လေးစားပါတယ်၊ ဒါကြော ငွေနှစ်ထောင်ငါးရာ ပေးလိုက်ပါ့မယ်၊ ဒါအစွမ်းကုန်ပါပဲ"

"ငါးထောင်ပေးပါလားရှင်၊ ကျွန်မရဲ့ လက်ကောက်ကို အ မခံအနေနဲ့ ယူထားပါ၊ သုံးရက်အတွင်း ကျွန်မ လာယူပါ့မယ်"

"မဖြစ်နိုင်လို့ပါကွယ်"

ပန်းရောင်မိန်းကလေး တောင်းပန်နေသော်လည်း တာဝ က တွင်တွင်ငြင်းလေသည်။

သူတို့ ပြောဆိုနေကြသည့် နေရာနှင့် ကပ်လျက် ဝဲဘ ခြမ်း၌ အပေါင်ဆိုင်ပိုင်ရှင်၏အခန်း ရှိလေသည်။

ပန်းရောင်မိန်းကလေးတို့ ပြောဆိုနေကြစဉ် အခန်းတံ ကျွီခနဲမြည်ကာ လူနှစ်ယောက် လှမ်းထွက်လာကြလေသည်။

အသက်သုံးဆယ်ကျော်ခန့်ရှိ ဥပဓိရုပ်ကောင်းသော လူ တစ်ဦးနှင့် အသက်ငါးဆယ်ကျော်ခန့် ရှိသည့် လူကြီးတစ်ဦးတို့ ဖြ လေသည်။

တာဝန်ခံ ပျာပျာသလဲ ဖြစ်သွားလေသည်။

"ဆရာကြီးလူဖုံးကို ဂါရဝပြုပါတယ် ခင်ဗျာ"

လူဖုံးဆိုသည့် အသက်ငါးဆယ်ကျော်ခန့်ရှိ လူကြီးမှ အပေါင်ဆိုင်ပိုင်ရှင် ဖြစ်လေသည်။



အသက်သုံးဆယ်ခန့်ရှိ လူရွယ်မှာ လူဖုံး၏တူတော်မောင် လူရှိတန် ဖြစ်လေသည်။

လူဖုံးတို့သည် ဆွေစဉ်မျိုးဆက် အပေါင်ဆိုင်ဖွင့်ကာ စီးပွား ရှာခဲ့ကြသူများ ဖြစ်လေသည်။

လူဖုံးတို့သည် တာဝန်ခံနှင့် ပန်းရောင်မိန်းကလေးတို့ ပြော ဆိုနေကြသော စကားများကို ကြားရသဖြင့် အခန်းတွင်းမှ ထွက်လာ ကြခြင်း ဖြစ်လေသည်။

လူဖုံးက ပန်းရောင်မိန်းကလေးကို ပြောလိုက်သည်။

"မိန်းကလေး၊ ကျုပ်ရဲ့တာဝန်ခံဟာ ပစ္စည်းတန်ဖိုးကို အကဲ ဖြတ်တဲ့ နေရာမှာ အမှန်ကန်ဆုံး ဖြစ်စေခဲ့တာချည့်ပါပဲကွယ်၊ မိန်း ကလေးရဲ့ လက်ကောက်ကို ငွေနှစ်ထောင်ငါးရာထက် ပိုပေးနိုင်မှာ မဟုတ်ပါဘူး။ မိန်းကလေးက သည့်ထက် ပိုပြီး လိုချင်တယ်ဆိုယင် တော့ တခြားတစ်နေရာကို သွားပြီး စုံစမ်းကြည့်ပါလား"

ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်သော်လည်း သူ၏စကား က ပြတ်သားလှပေသည်။

ကျောက်စိမ်းလက်ကောက်ကိစ္စနဲ့ ဆိုင်ရှင်ကိုယ်တိုင် ဝင်ပါ လာရခြင်းကြောင့် တာဝန်ခံ မျက်နှာပူနေတော့သည်။

ပန်းရောင်မိန်းကလေးက...

"ကျွန်မ လက်ကောက်ဟာ ကျွန်မလိုချင်သလောက် တန် ဖိုးမရှိဘူးဆိုယင်တောင် အာမခံပစ္စည်းအနေနဲ့ ခဏထားခဲ့ချင်ပါ တယ်၊ သုံးရက်အတွင်း ကျွန်မပြန်လာယူပါ့မယ်"

"မဖြစ်လို့ပါ မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



လှဖုံးက ငြင်းလိုက်သည်။

ပန်းရောင်မိန်းကလေး အခြားနေရာသို့ သွားဖို့လည်း မဖြစ်နိုင်ပါချေ။

ဤမြို့ကလေး၌ လှဖုံး၏အပေါင်ဆိုင်တစ်ဆိုင်သာ ရှိသည်မဟုတ်ပါလား။

လှဖုံး၏တူတော်မောင် လှရှိတန်က ကြားဝင်လိုက်လေသည်။

"လက်ကောက်ကို ကျွန်တော် ခဏလောက် ကြည့်ပါရစေဗျာ"

"ကြည့်ပါရှင်"

လှရှိတန်သည် မိန်းကလေး၏ကျောက်စိမ်းလက်ကောက်ကို ယူကာ စစ်ဆေးကြည့်လိုက်လေသည်။

တာဝန်ခံ ပြောသကဲ့သို့ မြန်လည်ရောင်းချလျှင် ငွေသုံးထောင်ပင် ရဖို့ မလွယ်ကြောင်း နားလည်လိုက်သည်။

သို့သော်...

"ကျောက်စိမ်းက ထိပ်တန်းအရည်အသွေး မဟုတ်ပေမယ့် လက်ကောက်ထုလုပ်ထားတဲ့ လက်ရာ အတော်မြောက်ပါတယ်၊ သည်လို လက်ရာမျိုးကို နှစ်သက်သဘောကျတတ်တဲ့ မိတ်ဆွေတစ်ချို့ ကျွန်တော့်မှာ ရှိပါတယ်"

လှရှိတန်က မှတ်ချက်ချယင်း ဦးရီးတော်လှဖုံးဘက်သို့ လှည့်ကာ ဆက်ပြောလိုက်လေသည်။

"ဦးရီးတော်၊ သည်လက်ကောက်ကို ကျွန်တော် လက်ခံ



ထားလိုက်မယ်ဆိုယင်ကော သဘောတူတယ် မဟုတ်လား"

"ဌါတွေက..."

လှဖုံးသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ငါ့တူ သဘောပဲ"

ဟုလိုက်လျောလိုက်လေသည်။

လှရှိတန်က...

"ကျုပ်လက်ခံထားလိုက်ပါ့မယ်၊ ညီမက ငွေငါးထောင်ဆိုယင် ကျေနပ်တယ် မဟုတ်လား"

ဟုမေးလိုက်ရာ ပန်းရောင်မိန်းကလေး ဝမ်းသာသွားလေတော့သည်။

"အို ကျေးဇူးတင်လိုက်တာရှင်၊ သုံးရက်ပြည့်တာနဲ့ ဆက်ဆက်လာရွေးပါ့မယ်ရှင်"

လှရှိတန်က...

"ညီမကို တစ်ခုတော့ ပြောစရာ ရှိပါတယ်"

"ဟုတ်ကဲ့ ပြောပါရှင်"

"ညီမရဲ့ နာမည်နဲ့ နေရပ်လိပ်စာကို ပြောပြခဲ့ရပါလိမ့်မယ်၊ ဒါမှ ကျုပ်တို့ စာရင်းမှတ်ထားလို့ ရမှာပါ"

"အို ရပါတယ်ရှင်၊ ကျွန်မနာမည် ယိစင်းဖန်းလို့ ခေါ်ပါတယ်"

ပန်းရောင်မိန်းကလေးက သူမ၏အမည်နှင့် နေရပ်လိပ်စာကို ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရှိဖန် မှတ်သားထားလိုက်ပြီး ငွေငါးထောင် ထုတ်ပေးလိုက်၏။

ပန်းရောင်မိန်းကလေး(ဂါ)ယိစင်းဖန်းက ငွေကို လက်ခံယူယင်း ကျေးဇူးတင်စကား ပြောလေသည်။

"အစ်ကိုကြီးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင် ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ညီမ"

ယိစင်းဖန်းသည် လူရှိတန်ကို နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

♠ ♠ ♠

ယိစင်းဖန်း ထွက်သွားပြီ ဖြစ်လေသည်။

လူဖိုးနှင့် လူရှိတန်တို့လည်း သီးသန့်အခန်းထဲ ပြန်လည် ရောက်သွားကြလေသည်။

တာဝန်ခံမှာ ကြုံတွေ့လိုက်ရသော အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

"သခင်လေးလူရှိတန်က ပစ္စည်းတန်ဖိုးဖြတ်တဲ့ နေရာမှာ သူ့ဦးလေးလူဖိုးထက်တောင် တော်သေးတယ်၊ ပြန်ရောင်းယင် ငွေသုံးထောင်ပြည့်အောင် မရနိုင်တဲ့ ပစ္စည်းကို ဘာကြောင့်များ ငွေငါးထောင်ပေးလိုက်ရတာလဲ၊ ဘာကြောင့်များ သည်လောက်တောင် သဘောကောင်းနေရတာလဲ"



ဟုလည်း ညည်းတွားလိုက်လေတော့သည်။

သီးသန့်အခန်းတွင်း၌လည်း လူဖိုးက တူတော်မောင် လူရှိတန်ကို နားမလည်နိုင်စွာ ကြည့်နေ၏။

"ငါ့တူ သူပြန်မရွေးယင် မင်းရှုံးပြီဆိုတာ နားလည်ရဲ့လား" ဟုမေးလိုက်လေသည်။

လူရှိတန် ပြုံးလိုက်သည်။

"ကျွန်တော် အလုပ်လုပ်ခဲ့တာ အတော်ကြာပါပြီ၊ တစ်ခါမှ ရှုံးခဲ့ဖူးပါဘူး၊ တခါတလေတော့ ရှုံးသွားယင် ဘယ်လိုနေမလဲဆိုတာ သိချင်လို့ပါ"

လူဖိုး ခေါင်းခါယမ်းလိုက်သည်။

"ရှုံးတယ်ဆိုတာ ဘယ်တော့မှ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး၊ မင်းဟာ ဘယ်တော့မဆို အမြတ်ထွက်တာနဲ့ အနိုင်ရတာမျိုးကိုပဲ အာသာငမ်းငမ်း ရှိခဲ့တဲ့ လူတစ်ယောက် မဟုတ်လား၊ ခုတော့ ဘယ်လိုဖြစ်ရတာလဲ၊ ငါတော့ မယုံနိုင်အောင် ဖြစ်နေမိတယ်"

လူရှိတန် ရယ်မောလိုက်လေသည်၊ လူဖိုးက...

"ငါ့တူကို ကြည့်ရတာ သိပ်တော့ မရိုးသားဘူး ထင်တယ်၊ ယိစင်းဖန်းဆိုတဲ့ မိန်းခလေးက တော်တော်ချောတယ်ဆိုတာ ငါ သတိပြုမိတာပေါ့"

လူရှိတန် ခေါင်းညိတ်လိုက်သည်။

"အခန်းအပြင်မှာ ပြောဆိုနေတဲ့ သူ့အသံကို ကြားကတည်းက ကျွန်တော်လည်း ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါဘူး ဦးလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး လောကပေါ်မှာ ကြောက်စရာအကောင်းဆုံးဟာ မိန်းမဆိုတာ မင်းဘယ်တော့မှ မမေ့နဲ့"

"ကျွန်တော် သိပါတယ်၊ ဦးလေးရာ၊ ယိစင်းဖန်းကတော့ သည်လို မိန်းကလေး မဟုတ်ပါဘူး"

လူဖုံးသည် ဆက်ပြော၍လည်း အကြောင်းထူးမည် မဟုတ်ကြောင်း နားလည်ထားသဖြင့် ဘာမှ မပြောဘဲ နေလိုက်တော့သည်။

လူရှိတန် ထိုင်ရာမှ ထလိုက်လေသည်။

"ဦးလေး ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်"

ဦးလေးဖြစ်သူကို နှုတ်ဆက်လိုက်လေသည်။

"အေး...အေး မင်းရဲ့ဆိုင်ကို ဂရုစိုက်ပါ။ ငါ့ဆီကိုလည်း မကြာမကြာ လာခဲ့ဦး"

"ဟုတ်ကဲ့"

လူရှိတန် ထွက်သွားသောအခါ လူဖုံးက ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



လူရှိတန် ထွက်သွားပြီ ဖြစ်လေသည်။

လူဖုံး သက်ပြင်းချလိုက်သည်။

စားပွဲပေါ်ရှိ အရက်အိုးထဲမှ အရက်တစ်ခွက် ငှဲ့သောက်လိုက်လေသည်။

အရက်ဝင်သွားသည်နှင့် သူ၏မျက်နှာကြီး နီရဲလာပြီး ခက်ထန်ကြမ်းတမ်းသည့် အသွင် ဖြစ်ပေါ်လာ၏။

လူဖုံးနှင့် လူရှိတန်တို့ နှစ်ယောက်စလုံး သိုင်းပညာ ထူးချွန်ကြသူများ ဖြစ်သည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ကြဖူးသူများ ဖြစ်သည်။

သို့သော် သိုင်းလောကသားအဖြစ် မခံယူကြဘဲ မိရိုးဖလာ အပေါင်ဆိုင်လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကာ ဘဝကို ရပ်တည်နေကြလေသည်။

လူဖုံးသည် အပေါင်ဆိုင်ပိုင်ရှင်၊ ချမ်းသာကြွယ်ဝသော လူကြီးလူကောင်းတစ်ယောက် ဖြစ်သော်လည်း တခါတရံတွင် သူ၏ သိုင်းသိက္ခာကိုပင် ငဲ့ကွက်ထောက်ထားခြင်း မပြုဘဲ တဇွတ်ထိုး အဓောက်ကန်း လုပ်တတ်သူ ဖြစ်လေသည်။

ဆိုင်အလုပ်သမားတစ်ယောက်က မချေမငံ ပြောဆိုခဲ့သည်ဆို၍ သေလုမျောပါး ရိုက်နှက်နှိပ်စက်ခဲ့ဖူးသည့် သာဓက ရှိလေသည်။

လူဖုံး သည်းခံအလိုလိုက်သူဟူ၍ လူရှိတန်တစ်ယောက်သာ ရှိလေသည်။

လူရှိတန်မှာ လူဖုံး၏ညီမက မွေးဖွားခဲ့သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူဖုံး၏ညီမသည် လူရှိတန်အား မွေးဖွားယင်း မီးတွင်းထဲမှာပင် သေဆုံးသွားခဲ့လေသည်။

လူပျိုကြီးဖြစ်သော လူဖုံးက မိဘမဲ့နေသော လူရှိတန်ကို ငယ်စဉ်ကပင် သားသမီးပမာ ပြုစုစောင့်ရှောက်ခဲ့ရလေသည်။

လူရှိတန်၏ဖခင်မှာ လူရှိတန် ကိုယ်ဝန်ရှိစဉ်ကပင် သေဆုံးသွားခဲ့သည်။

ထို့ကြောင့် လူရှိတန်သည် ဂြိုလ်မွှေသော ကလေးတစ်ယောက်ဟု အများက စကားတင်းဆိုကြလေသည်။

လူဖုံးက လက်မခံပါ။

လူရှိတန်အား ဂြိုလ်ကောင်လေးဟု ပြောမိသူတိုင်းကို သည်းမခံဘဲ ရန်ရှာခဲ့လေသည်။

လူဖုံး၏ဒေါသနှင့် တဇောက်ကန်းစိတ်ဓာတ်ကို ထိတ်လန့်ကြသဖြင့် နောက်ပိုင်းတွင် မည်သူမျှ ဝေဖန်ပြောဆိုခြင်း မပြုဝံ့ကြတော့ချေ။

လူဖုံးက လူရှိတန်ကို သားအရင်းပမာ သဘောထားကာ ပြုစုစောင့်ရှောက်ခဲ့သည်။

လူရှိတန် ကြီးပြင်းလာသောအခါ ဒေါသကြီးပြီး တဇွတ်ထိုး တဇောက်ကန်း လုပ်သည့်နေရာ၌ ဦးလေး၏ခြေရာနင်းကာ အမွေဆက်ခံနိုင်သူဟု ပြောစမှတ် ဖြစ်လာလေတော့သည်။

လူရှိတန်ကော လူဖုံးကော အများဝေဖန် ပြောဆိုကြသည့် စကားများကို အရေးမစိုက်ကြချေ။

သူတို့ မှန်သည်ထင်လျှင် ဘာမဆို လုပ်ဖို့ ဝန်မလေးကြချေ။



လူရှိတန် အရွယ်ရောက်လာသောအခါ လူဖုံးက အပေါင်ဆိုင်တစ်ဆိုင် ခွဲဖွင့်စေသည်။

သူတို့ မျိုးရိုး၏လုပ်ငန်းကို အမွေဆက်ခံစေခြင်း ဖြစ်သည်။

ယခု လူရှိတန်က ယိစင်းဖန်းဆိုသော မိန်းကလေးအား စိတ်ဝင်စားနေကြောင်း ဖုံးမရဖိမရ ပေါ်လွင်နေသည်။

လူဖုံး သက်ပြင်းချမိသည်။

"သည်မိန်းကလေးဟာ ကိုယ့်ရဲ့လက်ကောက်ကို ချွတ်ပြီး ခေါင်နှံ့တယ်၊ သူတစ်ပါးကို ကူညီတယ်၊ အင်း သည်လို မိန်းကလေးနဲ့ သာ လက်တွဲရမယ်ဆိုယင် ငါ့တူရဲ့ ရှေ့ရေး ရင်လေးစရာ ဖြစ်နေမှာပဲ"

ဟုလည်း ညည်းတွားလိုက်လေသည်။

မည်သို့ဆိုစေ လူငယ်ဘဝမှ ဖြတ်သန်းလာခဲ့သူ ဖြစ်ရကား လူရှိတန်အား ဟန့်တား၍ ရမည် မဟုတ်ကြောင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်နေလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဝက်ဝံဖြူ

သုံးရက်...

သုံးရက်အတွင်း ကျောက်စိမ်းလက်ကောက်လေးအား ပြ
ရွေးယူပါမည်ဟု ယိစင်းဖန်း ကတိပြုသွားလေသည်။

သူမ အမှန်တကယ် လာရွေးယူမည် ဖြစ်ကြောင်း
တန် ယုံကြည်ထားလေသည်။

ယိစင်းဖန်းက ကျောက်စိမ်းလက်ကောက်ကို ရွေးယူသွား
ဆိုလျှင် သူတို့နှစ်ယောက် ပတ်သက်ရန် အကြောင်း မရှိတော့ပါ

ထို့ကြောင့် သုံးရက်မပြည့်မီ ယိစင်းဖန်းထံသို့ အရော
သွားရန် ဆုံးဖြတ်လိုက်လေသည်။



"သူက လိပ်စာအမှန် ပေးသွားတာ ဖြစ်ပါစေ"
ဟုလည်း ဆုတောင်းမိလေသည်။

မြင်းတစ်စီးဖြင့် ယိစင်းဖန်း လိပ်စာပေးထားသည့်အတိုင်း
ထွက်သွားမိလေသည်။

ယိစင်းဖန်း၏အိမ်မှာ အလွန်သာယာလှပသော ခြံဝင်းကြီး
ခုအတွင်း၌ ရှိနေခြင်း ဖြစ်သည်။

ခြံဝင်းကြီးမှာ အေးချမ်းငြိမ်သက်နေ၏။

လူရှိတန် မြင်းပေါ်မှ ဆင်းကာ ခြံဝင်းထဲ ဝင်လာခဲ့သည်။

အနီရောင်ပန်းပွင့်များ ပွင့်နေသော ပန်းရုံတစ်ခုအနီးမှ
ဖြတ်သန်းသွားလိုက်စဉ်...

"ရှင် ဘယ်သူလဲ ကျွန်မတို့ ခြံဝင်းထဲကို ခွင့်မတောင်းဘဲ
ဘာကြောင့် ဝင်လာရတာလဲ"

စကားသံနှင့်အတူ ပန်းရုံကြီးတစ်ဘက်မှ မိန်းကလေးတစ်
ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

"ယိစင်းဖန်း"

လူရှိတန် လွှတ်ခနဲ ခေါ်လိုက်ပြီးမှ လူမှားသွားကြောင်း
သတိပြုမိလိုက်၏။

ထိုမိန်းကလေးမှာ ယိစင်းဖန်း မဟုတ်ဘဲ အခြားမိန်းက
လေးတစ်ယောက် ဖြစ်နေသည်။

ယိစင်းဖန်းနှင့် မျက်နှာပေါက်ချင်း ဆင်နေသဖြင့် တနည်း
တော့ ပတ်သက်မည်ဟု လူရှိတန် ယုံကြည်လိုက်လေသည်။

မိန်းကလေးက လူရှိတန်အား ခြေဆုံးခေါင်းဆုံး အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

"ကျွန်မ အစ်မနာမည်ကို ခေါ်လိုက်တာလား၊ ရှင်က မမနဲ့ သိသည်လား"

လူရှိတန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က လူရှိတန်ပါ"

"ကျွန်မက ယိဖုံးပါရှင်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ယိစင်းဖန်း ရှိတယ် မဟုတ်လား"

ယိဖုံးဆိုသောမိန်းခလေး ခေါင်းခါယမ်းလိုက်သည်။

"မမ မရှိဘူးရှင် အပြင်သွားတယ်"

"ဪ"

"မမက တစ်နေ့တစ်နေ့ ဘယ်သူ့ကို ကူညီရမလဲဆိုတာပဲ စဉ်းစားနေတာရှင်၊ ခုလည်း တောင်ဘက်ပိုင်းမှာ နေမကောင်း ဖြစ်နေတဲ့ လူတစ်ယောက်အတွက် ဆေးဝါးတွေ သွားပို့နေတယ်လေ"

လူရှိတန် ပြုံးလိုက်လေသည်။

ယိစင်းဖန်းအား ပို၍ သဘောကျသွားလေသည်။

သူက လူကို မမြင်ရခင် အသံကြားကတည်းက စိတ်ဝင်စားခဲ့လေသည်။

နတ်မိမယ်လေးအလား ချောမောလှပသော မိန်းကလေး တစ်ယောက် ဖြစ်နေကြောင်း တွေ့လိုက်ရသောအခါ အစွဲလန်းကြီး စွဲလွန်းသွားလေတော့သည်။



လူရှိတန်သည် မိန်းမချောလေး များစွာကို တွေ့မြင်ခဲ့ဖူး သော်လည်း ယိစင်းဖန်းနှင့် ဆုံရသကဲ့သို့ မခံစားရပါချေ။

ယိစင်းဖန်းကို အရူးအမူး ဖြစ်သွားသည်။

ယိစင်းဖန်း၏မေတ္တာကို ရယူဖို့ ကြိုးစားရန် ဆုံးဖြတ်လိုက် သည်။

ယိဖုံးက...

"အစ်ကိုကြီး ကိစ္စရှိလို့လား"

ဟုမေးလာလေသည်။

လူရှိတန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူနဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာ ရှိပါ"

"ဒါဖြင့် ခဏလောက် စောင့်ပါဦး၊ အိမ်ထဲဝင်ပါဦးလား"

"ကျေးဇူးပဲ"

လူရှိတန်သည် ယိစင်းဖန်း ပြန်ရောက်လာမည့် အချိန်ကို စောင့်ဆိုင်းနေရန် ဆုံးဖြတ်လိုက်၏။

ယိဖုံးက ဧည့်ခန်းထဲ ခေါ်သွားပြီး နေရာထိုင်ခင်းပေးကာ ရေနွေးကြမ်းဖြင့် ဧည့်ခံလေသည်။

လူရှိတန် ကြာကြာ မစောင့်လိုက်ရပါချေ။

ယိစင်းဖန်း ပြန်လည် ရောက်ရှိလာလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"မမ ဧည့်သည် ရောက်နေတယ်"

ယိဖုံး၏စကားကြောင့် ယိစင်းဖန်း အံ့သြသွားလေသည်

သူမသည် ဧည့်ခန်းထဲ လှမ်းဝင်လာယင်း လူရှိတန်ကို ေ လိုက်ရလျှင် ပိုပြီး အံ့သြသွားလေသည်။

အပေါင်ဆိုင်တွင် သူမအား ကူညီခဲ့သူ ဖြစ်ကြောင်းလည် မှတ်မိလိုက်လေသည်။

"ရှင်ကို၊ ကျောက်စိမ်းလက်ကောက် ကိစ္စနဲ့ လိုက်လာတ လားရှင်"

လူရှိတန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"သည်ကနေ့မှ နှစ်ရက်ပဲ ရှိသေးတယ်၊ ကျွန်မက မန ဖြန်မှ လာရွေးမလို့ရှင်၊ ရှင်ရောက်လာတော့လည်း တစ်ခါထဲ ေ ထားလိုက်ပါမယ်"

ယိစင်းဖန်းသည် ညီမဖြစ်သူယိဖုံးအား လှမ်းပြောလို လေသည်။

"ညီမလေး၊ မမ အခန်းထဲမှာ ငွေငါးထောင် သွားယူလို ပါ"

"ဟုတ်ကဲ့ မမ"

ယိဖုံး ထွက်သွားရန် ဟန်ပြင်လိုက်သောအခါ လူရှိတန် ဟန့်တားလိုက်လေသည်။

"ခဏနေပါဦး"

ယိဖုံး ခြေလှမ်းရပ်သွားလေသည်။



လူရှိတန်က ယိစင်းဖန်းကို ပြုံးပြလိုက်သည်။

"ကျုပ်က ကျောက်စိမ်းလက်ကောက်ကို ညီမ လာမရွေး င် ကျုပ်ငွေ ဆုံးသွားမှာ စိုးရိမ်ပြီး လိုက်လာတာလို့ မထင်စေချင် ဘူး"

ယိစင်းဖန်းက...

"ဒါဖြင့် ဘယ်လိုကြောင့် လိုက်လာတာလဲရှင်"

"ညီမကို ပြန်ပေးချင်လို့ပါ"

"လက်ကောက် ကျွန်မကို ပြန်ပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ညီမက ကိုယ်ကျိုးစွန့် အနစ်နာခံပြီး သူ ိပါးကို ကူညီခဲ့တဲ့ စိတ်ဓာတ်ကို လေးစားတာကြောင့် ငွေတစ်ပြား ်ချပ်မှ မယူဘဲ လက်ကောက်ကို ပြန်ပေးမလို့ပါ"

"ရှင်"

ယိစင်းဖန်း အံ့သြသွားလေသည်။

"ငွေမယူဘဲ ပြန်ပေးမလို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ညီမရဲ့ စိတ်ဓာတ်ကို လေးစားလို့ ကျုပ် ်ပြားတစ်ချပ်မှ မယူတော့ပါဘူး"

လူရှိတန်က အသင့်ယူလာသော ကျောက်စိမ်းလက် ာက်ကို ထုတ်ပေးလိုက်သည်။

ယိစင်းဖန်းက...

"ရှင့်စေတနာကတော့ လေးစားစရာပဲ၊ ဒါပေမယ့် ကျွန်မ ်ရတော့ ပြောချင်ပါတယ်"

"ပြောပါ ညီမ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ယိစင်းဖန်းက တည်ကြည်သော မျက်နှာထားဖြင့် ပြော
သည်။

“အပေါင်ဆိုင်လုပ်ငန်း လုပ်ကိုင်တဲ့ လူမိသားစုဟာ
မတန် စည်းကမ်းကြီးတယ်၊ ခေါင်းမာတယ်၊ တဇွတ်ထိုးနိုင်တ
စီးပွားရေးကိုလည်း ဦးစားပေးကြတယ်လို့ ကျွန်မ ကြားပြီးပါ

လူရှိတန် ပြုံးလိုက်လေသည်။

ယိစင်းဖန်းက...

“သူတို့ဟာ အပေါင်ဆိုင်လုပ်ငန်းနဲ့ ပတ်သက်လာယင်
ကျပြတ်သားတယ်၊ ဘယ်သူ့မျက်နှာမှ မထောက်ဘူးဆိုတာ
သိထားပါတယ်”

“ဒါကတော့...”

“အပေါင်ခံထားတဲ့ လက်ကောက် ကျွန်မကို ပြန်လာ
တာ ရှင်တို့ အပေါင်ဆိုင်စည်းကမ်းနဲ့ မညီညွတ်ဘူး ထင်ပါတယ်

လူရှိတန်က...

“ညီမ ပြောတာ မှန်ပါတယ်၊ လက်ကောက်ကိစ္စကလေး
တခြားကိစ္စတွေနဲ့ မတူပါဘူး၊ ကျုပ်လက်ခံထားတဲ့ ပစ္စည်းဖြ
ညီမကို လေးစားလို့ ကျုပ်က ပေးတာ၊ ချီးကျူးဂုဏ်ပြုတဲ့ သဘော
မျိုးပါ၊ ကျုပ် ဦးလေး လက်ခံထားတဲ့ ပစ္စည်းဆိုယင်တော့ တစ်မျိုး
လေ”

ထိုသို့ ရှင်းပြလိုက်သည့်တိုင်အောင် ယိစင်းဖန်း ဘဝင်
သေးပါချေ။

ရိပ်မိလိုက်သော လူရှိတန်က ဆက်ပြောလိုက်သည်။



“ညီမနဲ့ တွေ့ကတည်းက ညီမရဲ့စိတ်ထား မှန်ပြတ်မှုကို
လေးစားတာနဲ့ တန်ဖိုးကို မတွက်ဘဲ ကျုပ်လက်ခံလိုက်တာပါ၊ သည်
လိုမှ မဟုတ်ယင် ကျုပ်ဝင်ပါစရာအကြောင်း မရှိပါဘူး”

ယိစင်းဖန်း တဖြည်းဖြည်း လက်ခံသွားတော့သည်။

“ကျွန်မအပေါ် နားလည်နိုင်တာကို ကျေးဇူးတင်ပါတယ်
ရှင်၊ ဒါပေမယ့် လက်ကောက်ကို သည်အတိုင်း ပြန်မယူပါရစေနဲ့၊
ငွေငါးထောင် ပြန်ပေးပါရစေရှင်”

လူရှိတန်က...

“ညီမ လက်ခံမှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်
လည်း တစ်ခု ပြောပါရစေ”

“ပြောပါရှင်”

“ကျုပ်ကို ပြန်ပေးမယ့်အစား သည်ငွေတွေကို အခက်အခဲ
ဒုက္ခရောက်နေသူတွေအတွက် ညီမပဲ တာဝန်ယူပြီး အသုံးပြုပေးပါ
လို့ မေတ္တာရပ်ခံချင်တာပါ”

ယိစင်းဖန်း ငိုင်သွားလေသည်။

လူရှိတန်က...

“ညီမ လက်ခံမယ် မဟုတ်လားဟင်”

ဟုမေးလိုက်၏။

ယိစင်းဖန်း သက်ပြင်းချလိုက်သည်။

“အစ်ကိုဟာ လူမိသားစုဝင်တစ်ယောက်နဲ့ မတူဘဲ ထူးခြား
နေတယ်၊ ဘာပဲဖြစ်ဖြစ် အစ်ကို့စေတနာကို လေးစားတဲ့ အနေနဲ့
လက်ခံပါတယ်ရှင်”

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ညီမရယ်"

လှရှီတန် ဝမ်းသာအားရ ဖြစ်သွားလေသည်။

ယိစင်းဖန်းကို ရွှန်းရွှန်းစားစား ကြည့်ကာ မေးလိုက်သည်

"ညီမ ကျုပ်တို့နှစ်ယောက် မိတ်ဆွေ ဖြစ်ကြပြီပေါ့နော်"

ယိစင်းဖန်းက ခေါင်းညိတ်ပြလိုက်လေသည်။

♠ ♠ ♠

လှရှီတန်သည် ကျောက်စိမ်းလက်ကောက်ကို အကြောင်းပြု၍ ကာ ယိစင်းဖန်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြလေသည်။

လှရှီတန်က လက်ဆောင်ပစ္စည်းများ ယူဆောင်ကာ မကြာခဏ ရောက်လာသည်။

ယိစင်းဖန်းနှင့်အတူ အမျိုးအကျိုးပြု လုပ်ငန်းများ လက်တွဲဆောင်ရွက်သည်။

ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေသူများအား ကူညီထောက်ပံ့သည်။

သို့ဖြင့် နှစ်ယောက်သား ပို၍ ရင်းနှီးကျွမ်းဝင်လာကြလေသည်။

ယိဖုံးသည် လှရှီတန်က အဘယ်ကြောင့် ချောင်းပေါက်မတတ် ရောက်လာနေသည်ကို ရိပ်မိထား၏။

ထို့ကြောင့်...



"မမ၊ အစ်ကိုကြီးလှရှီတန်က မမကို မေတ္တာရှိနေတာ သေချာတယ်၊ ဘာမဆို အလိုလိုက် အကြိုက်ဆောင်တယ်၊ အနစ်နာခံတယ်၊ ကျွန်မကတော့ မမတို့နှစ်ယောက်ကို သဘောတူတယ်"

ဟုပြောလျှင် ယိစင်းဖန်းက ရယ်မောလိုက်လေသည်။

"မရယ်နဲ့ မမ၊ မမတို့နှစ်ယောက်ဟာ တကယ့်ကို ရှေ့သွားနောက်လိုက်ညီကြတာ"

ယိစင်းဖန်းက...

"ကဲပါ ညီမရယ်၊ တစ်နေ့ မမ အိမ်ထောင်ဖက်ရွေးမယ်ဆိုရင် အစ်ကိုကြီးလှရှီတန်ကို ဦးစားပေးမယ် ဟုတ်ပြီလား၊ ကျေနပ်ပြီနော်"

"ကောင်းပါပြီရှင်"

ယိဖုံး ကျေနပ်သွားတော့သည်။

အကယ်၍ ယိစင်းဖန်းနှင့် လှရှီတန်တို့နှစ်ယောက်အား သဘောတူခဲ့မိခြင်းကြောင့် နောင်တစ်ချိန်၌ ပြဿနာ ပေါ်ပေါက်လာမည်ကိုသာ ယိဖုံး ကြိုတင်သိနိုင်ခဲ့မည်ဆိုပါလျှင်...

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်

လူရှိတန်က တောလမ်းအတိုင်း မြင်းကို အသားကျ စီးနှင်လာခဲ့လေသည်။

သူက ယိစင်းဖန်း၏အိမ်မှ ပြန်လာခဲ့ခြင်း ဖြစ်သည်။

နှစ်ယောက်သား ရင်းရင်းနှီးနှီး ဖြစ်လာခဲ့ကြပြီးနောက် လူ ရှိတန်က အရဲစွန့်ကာ ယိစင်းဖန်း၏မေတ္တာကို တောင်းခံခဲ့လေသည်

ယိစင်းဖန်းက စိတ်မဆိုးဘဲ သူမ လက်ခံစဉ်းစားပေးမည့် အကြောင်း၊ အိမ်ထောင်ဘက်ရွေးလျှင် ဦးစားပေးမည်ဖြစ်ကြောင်း ပြောလိုက်သဖြင့် လူရှိတန် ဝမ်းသာအားရ ဖြစ်ခဲ့ရလေသည်။

အပြန်လမ်း၌ လူငယ်လေးတစ်ယောက်ပမာ ပျော်ရွှင်မြူးတူးနေမိလေတော့သည်။

လူရှိတန်သည် တောလမ်းမှ ဖြတ်လာယင်း တစ်နေရာ အရောက်တွင်...

"ကယ်တော်မူကြပါ"

အထိတ်တလန့် အော်ဟစ်အကူအညီတောင်းသံများ ထွက် ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရှိတန် ရင်ထိတ်သွား၏။

မြင်းကို ချက်ခြင်းရပ်ကာ အော်ဟစ်သံ ထွက်ပေါ်လာရာ သို့ ကြည့်လိုက်လျှင် လူသုံးယောက် ပြေးလွှားလာနေကြသည် တွေ့လိုက်ရလေသည်။



ထိုလူသုံးယောက် ကြောက်လန့်တကြား အသက်လုကာ ပြေးလွှားလာခဲ့ကြရပုံ ရှိလေသည်။

သူတို့၏အဝတ်အစားများ စုတ်ပြဲကာ သွေးချင်းချင်း နီရဲနေပါတော့သည်။

လူရှိတန် မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

ထိုစဉ်...

"ဂရား"

ကျယ်လောင်သော မာန်ဖီသံကြီးနှင့်အတူ အဖြူရောင် အရိပ်တစ်ခုသည် လျင်မြန်စွာ ပြေးလွှားလာပြီး ထိုလူသုံးယောက် အား တိုက်ခိုက်လိုက်လေသည်။

"မိစ္ဆာကောင်ကြီး"

"ချေပေတော့"

ထိုလူသုံးယောက်ကလည်း သွေးရူးသွေးတန်းဖြင့် ပြန်လည် တိုက်ခိုက်ကြလေသည်။

"ဂရား"

ဖြူဖြူအရိပ်ကြီးက မာန်ဖီယင်း တိုက်ခိုက်လိုက်လျှင်...

"အား"

"အမယ်လေး"

လူနှစ်ယောက်ထဲ ကျသွားတော့သည်။

"ဟာ"

လူရှိတန် ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူအကောင်ကြီးမှာ အလွန်ကြီးမားသော ဝက်ဝံဖြူကြီးတစ်ကောင် ဖြစ်နေသည် မဟုတ်ပါလား။

ဝက်ဝံဖြူကြီး မာန်ဖီလိုက်သောအခါ အစွယ်ဖွေးဖွေးများ အတိုင်းသား ပေါ်လာ၏။

လက်သည်းရှည်ကြီးများကလည်း ဓားသွားကဲ့သို့ ချွန်မြနေသည်။

ဝက်ဝံဖြူကြီး၏လက်သည်းရှည်ကြီးများက လူနှစ်ယောက်၏တစ်ကိုယ်လုံး ဓားဖြင့် မွှန်းထားသကဲ့သို့ ဖြစ်သွားပြီး ဝမ်းဗိုက်ကိုလည်း ထက်ခြမ်းကွဲသွားစေသည် မဟုတ်ပါလား။

ကျန်တစ်ယောက်သည် အရူးကြီးတစ်ယောက်ပမာ အော်ဟစ်ပြေးလွှားလာရာ လူရှိတန်၏အနီးသို့ ရောက်ရှိလာလေတော့သည်။

"ကျုပ်..ကျုပ်ကို ကယ်ပါဗျာ"

အားကိုးတကြီး အကူအညီ တောင်းလာလေသည်။

လူရှိတန် ကယ်တင်လိုသည့်တိုင်အောင် ကယ်တင်နိုင်လိမ့်မည် မဟုတ်ပါချေ။

ဝက်ဝံဖြူကြီး၏လက်ချက်ဖြင့် ရရှိထားသော ဒဏ်ရာဒဏ်ချက်များကြောင့် မဟာန်နိုင်တော့ဘဲ ဝုန်းခနဲ လဲကျသွားတော့သည်။

အော်ဟစ်အကူအညီ တောင်းခဲ့သူသုံးယောက်စလုံး ဝက်ဝံဖြူကြီး၏လက်ချက်ဖြင့် သေဆုံးသွားကြပြီ ဖြစ်လေသည်။

ဤတွင် ဝက်ဝံဖြူကြီးက လူရှိတန်ဘက်သို့ မျှားဦးလှည့်လာလေတော့သည်။



"ဂရား"

ကြောက်စရာကောင်းသော သတ္တဝါဆိုးကြီးနှင့် ရင်ဆိုင်လိုက်ရသည် ဖြစ်ရာ လူရှိတန် တုန့်ဆိုင်းမနေတော့ချေ။

"ယား"

ညာသံပေးကာ မြင်းပေါ်မှ ခုန်ထွက်လိုက်လေသည်။

"ခြွမ်း"

လေထဲ ကျွမ်းတစ်ပတ်ပစ်ယင်း ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

ဝက်ဝံဖြူကြီး၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားသည့်အခိုက်တ အချိန်လေးမှာပင် ဝက်ဝံဖြူကြီး၏လည်ဂုတ်ကို ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

ထို့နောက် ရှေ့ဆက်ခုန်ထွက်သွားပြီး မြေပေါ်သို့ ညင်သာစွာ ခုန်ဆင်းလိုက်လေသည်။

လူရှိတန် မြေပေါ် ခြေချမိလိုက်ချိန်မှာပင်...

"ဝုန်း"

ဝက်ဝံဖြူကြီး လဲကျသွားတော့သည်။

"အမယ်လေး၊ ကျုပ်ကောင်ကြီးတော့ သေပါပြီ"

လူတစ်ယောက်၏ကြေကွဲစွာ အော်ပြောလိုက်သော အသံကိုလည်း ကြားလိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးယောက်က မြေပေါ်လဲကျကာ အသက်ပျောက်နေ
[illegible]

ဝက်ဝံဖြူကြီးလည်း သေဆုံးသွားပြီ ဖြစ်လေသည်။

လူရှိတန် ကြည့်လိုက်သောအခါ ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို ကြားလိုက်ရလေသည်။

ထိုလူက ဝက်ဝံဖြူ၏နံဘေး၌ ဒူးထောက်ချလိုက်သည်။

"ဝက်ဝံဖြူကြီး မင်းကံဆိုးသွားပြီ၊ ငါက မင်းကို ကြိုးချည်မထားမိတာ မှားတာပဲ၊ ငါ့အမှားကြောင့် မင်း ခုလို ဖြစ်ရတာ"

မချိတင်ကဲ ပြောဆိုလိုက်လေသည်။

တဖန် လူရှိတန်ဘက်သို့ လှည့်လိုက်သည်။

"ကျုပ်ကောင်ကြီးကို ဘာကြောင့် ရက်ရက်စက်စက် သတ်ပစ်လိုက်ရတာလဲဗျာ"

လူရှိတန်က...

"ကျုပ် မသတ်ယင် သူက ကျုပ်ကို သတ်ပစ်လိုက်မှာပေါ့၊ ဟိုလူသုံးယောက် ဘယ်လို ဖြစ်သွားတယ်ဆိုတာလဲ ကြည့်ပါဦးဗျ"

ထိုလူက...

"သူတို့က လူကောင်းတွေမှ မဟုတ်တာ"

လူရှိတန် မျက်မှောင်ကုတ်သွားလေသည်။

"လူကောင်းတွေ မဟုတ်ယင် ဘယ်လိုလူစားတွေလဲ ပြောပါဦး"

"ဓားပြတွေဗျ"



လူရှိတန်က လဲကျသေဆုံးနေသူသုံးယောက်ကို ကြည့်လိုက်လေသည်။

ထိုလူက...

"သူတို့သုံးယောက် ကျုပ်ဆီက တိရစ္ဆာန် သားရေတွေကို ကြာခဏ လာခိုးနေကြတာ၊ သည်နေ့တော့ ကျုပ်ကောင်ကြီးနဲ့ တွေ့သွားတာ"

လူရှိတန်က...

"နေပါဦး၊ ခင်ဗျားက မုဆိုးတစ်ယောက်လား"

"သိပ်မှန်တာပေါ့"

ထိုလူသည် တောတောင်ထဲ၌ အမဲလိုက်ကာ အသက်မွေးကျောင်းပြုသူ ဖြစ်လေသည်။

ဖမ်းဆီးရမိသည့် တိရစ္ဆာန်သားရေများကို သိမ်းဆည်းထားရာ ဓားပြများက မကြာခဏ လာရောက် ခိုးယူကြလေသည်။

ယနေ့တွင် ထိုလူ မွေးထားသည့် ဝက်ဝံကြီးကို လွှတ်ထားခြင်းနှင့် ကြုံကြိုက်ပြီး ဓားပြသုံးယောက် ဒုက္ခရောက်သွားခဲ့ကြခြင်း ဖြစ်လေသည်။

"သည်လို ဝက်ဝံဖြူကြီးမျိုးက သိပ်ရှားတယ်ဗျ၊ သူတို့ကို ငယ်ငယ်ကတည်းက မွေးပြီး လိမ္မာယဉ်ကျေးအောင် သင်ကြားပေးလို့ ရတယ်၊ ကိုယ့်ဥစ္စာကို ခိုင်းစေလို့လဲရတယ်၊ ကျုပ်က ခက်ခက်ခဲခဲ ရှာဖွေဖမ်းဆီးပြီး လိမ္မာအောင် သင်ပေးထားတာ၊ ခုတော့ သွားပါပြီဗျာ"

လူရှိတန် သက်ပြင်းချလိုက်လေသည်။

"ဟိုလူတွေဟာ ဓားပြတွေမှန်းလည်း မသိဘူး၊ ဝက်ဝံဖြူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက ရှုံးမြဲမယ်လို့ ထင်မိတာနဲ့ တိုက်ခိုက်လိုက်မိတာပါ။ ခင်ဗျားရဲ့ ဝက်ဝံဖြူကြီးအတွက် ကျုပ်အလျှော်ပေးပါ့မယ်"

မုဆိုးကြီးက...

"လျှော်မယ်ဆိုယင် ငွေတစ်သောင်းတော့ အနည်းဆုံး ပေးရမှာနော်"

"ရပါတယ်ဗျာ"

လူရှိတန်က ငွေတစ်သောင်းကို အမှုမထားချေ။

မုဆိုးကြီးအား စိုက်ကြည့်ကာ မေးလိုက်သည်။

"သေသွားတဲ့ ဝက်ဝံဖြူကြီးတစ်ကောင်ဟာ ငွေတစ်သောင်းလောက် တန်တယ်ဆိုယင် အသက်ရှင်နေတဲ့ ဝက်ဝံဖြူကြီးတစ်ကောင်ဆိုယင် ဘယ်လောက်တန်ကြေး ရှိမလဲဗျာ"

မုဆိုးကြီးက...

"များပါးပြီး ဖမ်းရခက်တယ်ဗျ၊ ငွေသုံးသောင်းလောက် တန်မယ် ထင်တာပဲ"

"ကျုပ်က ငါးသောင်းပေးမယ်ဆိုယင်ကော"

"ငါးသောင်း ဟုတ်တယ်"

"ဟာ ငါးသောင်းရမယ်ဆိုယင် ကျုပ်က နှင်းတောင်ဘက်ကို ချက်ချင်း ခရီးထွက်ပြီး သွားဖမ်းလိုက်မှာပေါ့ဗျာ"

မုဆိုးကြီးက အားတက်သရော ပြောလေသည်။

လူရှိတန်က...

"ဒါဖြင့် ကျုပ်အတွက် သွားဖမ်းပေးပါဗျာ"

ရွှေတုံးကလေးများ ထုတ်ပေးလိုက်လေသည်။



မုဆိုးကြီး ပျော်ရွှင်သွားလေတော့သည်။

"စိတ်ချ၊ ကျုပ်ရအောင် ဖမ်းပေးမယ်၊ လိမ္မာယဉ်ကျေးပြီး နာခိုင်းလို့ရအောင် ဘယ်လိုသင်ကြားပေးရမယ်ဆိုတာလည်း ပြမယ်"

"ခင်ဗျား ဖမ်းလို့ ရပ့ါမလား"

"ကျုပ်ရအောင် ဖမ်းပေးမယ်၊ နှင်းတောင်မှာ သည်ကောင်ကြီးတွေကို တွေ့ရတတ်ပါတယ်"

"ကောင်းပြီလေ၊ ဖမ်းမိပြီဆိုယင် ခင်ဗျားဆီမှာပဲ လောလောဆယ် ထားပါ၊ နောက်တော့ ကျုပ်လာယူပါ့မယ်"

"မိတ်ဆွေ ကြိုက်သလို လုပ်ပါဗျာ"

မုဆိုးကြီးသည် ဝက်ဝံဖြူကြီးတစ်ကောင် ရအောင် ဖမ်းပေးခဲ့မည် ဖြစ်သည်။

လူရှိတန်က အဘယ်ကြောင့် လိုချင်ခဲ့ရပါသနည်း။

အဘယ်ကြောင့် ဝက်ဝံဖြူကြီးတစ်ကောင်ကို စိတ်ဝင်စားသွားရပါသနည်း။

လူရှိတန်က မုဆိုးကြီးအား နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## သိုင်းလောကတာဝန်

သွေးလင်းနို့ဂိုဏ်း…

သိုင်းလောကအား အမျိုးမျိုး ဒုက္ခပေးနေသည့် သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းပစ်ရန် သိုင်းလောကသားများက ဝိုင်းဝန်းကြိုးပမ်းနေကြပြီ ဖြစ်လေသည်။

ကျောက်စိမ်းလက်က လောင်းကစားဂေဟာမှတဆင့် ဗျိုင်းဝါစံအိမ်ပိုင်ရှင်မှာ သွေးလင်းနို့ဂိုဏ်းမှ ထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ခဲ့လေသည်။

သို့ဝှက်လှသော သွေးလင်းနို့ဂိုဏ်းနှင့် ပတ်သက်၍ ဗျိုင်းဝါစံအိမ်မှ အစပြု၍ သဲလွန်စ ထွက်ပေါ်လာရကား သိုင်းလောကသားများ အားတက်လာကြသည်။



ဗျိုင်းဝါစံအိမ်နှင့် ပတ်သက်နေသူများကို အမိကထား စုံစမ်းရာမှ သွေးလင်းနို့ဂိုဏ်းသားများအား ဖော်ထုတ်လာနိုင်ခဲ့တော့သည်။

သွေးလင်းနို့ဂိုဏ်းသားများနှင့် သိုင်းလောကသားများ၏ တိုက်ပွဲများလည်း ဖြစ်ပေါ်လာလေတော့သည်။

သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းရာ၌ သူရဲကောင်းသိုင်းသမားတစ်ယောက် ထင်ရှားကျော်ကြားလာခဲ့လေသည်။

♠ ♠ ♠

စည်ကားသိုက်မြိုက်နေသော မြို့ကလေး၏အရှေ့ဘက်၌ မြေနီလမ်းကလေးတစ်ခု ရှိသည်။

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် ထိုမြေနီလမ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့လေသည်။

မြေနီလမ်းကလေး၏ ဝဲယာတစ်ဘက်တစ်ချက်၌ အိမ်ကလေးများ အစီအရီ ရှိနေသည်။

ကလေးများက လမ်းပေါ်၌ ပြေးလွှားဆော့ကစားနေကြလေသည်။

အဖြူရောင်လူရွယ်က အိမ်တစ်လုံးရှေ့၌ ရပ်နေသူတစ်ဦးအား မေးလိုက်လေသည်။

"သည်လမ်းအတိုင်း သွားယင် သွေးသောက်အိမ်ကို ရောက်တယ် မဟုတ်လားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပါတယ်၊ လမ်းဆုံးယင် ချောင်းကူးတံတားလေးကို တွေ့လိမ့်မယ်၊ တစ်ဘက်ကမ်းကို ကူးပြီး ဝဲဘက်ကို ဝါးသုံးရိုက်လောက် သွားလိုက်တာနဲ့ သွေးသောက်စံအိမ်ကို ရောက်သွားပါလိမ့်မယ်"

"ကျေးဇူးပါပဲဗျာ"

အဖြူရောင်ဂျူရှယ်က နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

ဆော့ကစားနေသော ကလေးများကို ရှောင်ကွင်းပြီး ဆက်သွားလိုက်ရာ ချောင်းကူးတံတားလေးသို့ ရောက်သွားလေသည်။

လူရှယ်က တံတားပေါ် လှမ်းတက်လိုက်စဉ်...

"မောင်ရင်လေး ဘယ်သွားမလို့လဲ"

ချောင်းနံဘေး၌ ထိုင်ကာ ငါးမျှားနေသော အဘိုးအိုတစ်ယောက်က လှမ်းမေးလာလေသည်။

လူရှယ်က...

"သွေးသောက်စံအိမ်ကို သွားမလို့ပါဗျာ"

"ဒါဆို မြန်မြန်လှည့်ပြန်သွားတာ ကောင်းမယ်"

"ဘာဖြစ်လို့လဲဗျာ"

"သွေးသောက်စံအိမ်မှာ ပြဿနာတွေ ဖြစ်ပေါ်နေသလို၊ မိုးလင်းကာစက အနက်ရောင်ဝတ်ထားတဲ့ လူတစ်စု သွားခဲ့ကြတာကို တွေ့ရတယ်၊ ဓားလှံ လက်နက်တွေ ဆောင်ထားကြတာ၊ လူဆိုးတွေ ဖြစ်နိုင်တယ်ကွဲ့"

လူရှယ် မျက်မှောင်ကုပ်သွားလေသည်။

သွေးသောက်စံအိမ်သည် သွေးသောက်သိုင်းသမားသုံးယောက်၏စံအိမ် ဖြစ်သည်။



သွေးသောက်သိုင်းသမားသုံးယောက်သည် အများအကျိုးဆောင်ရွက်နေကြသည့် အဖြူရောင်သိုင်းသမားများ ဖြစ်ကာ သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းရာ၌ တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသူများ ဖြစ်လေသည်။

သွေးလင်းနို့ဂိုဏ်းကလည်း သူတို့၏ရန်သူများကို အပြင်းအထန် တုန့်ပြန်ကာ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်နေကြ၏။

သွေးသောက်သိုင်းသမားသုံးယောက်သည် သွေးလင်းနို့ဂိုဏ်းမှ လုပ်ကြံသတ်ဖြတ်လိုသည့် အမိက ပစ်မှတ်များ၌ ပါဝင်လာခဲ့ကြလေသည်။

မကြာသေးမီက သွေးလင်းနို့ဂိုဏ်းက သွေးသောက်သိုင်းသမားသုံးယောက်အား လုပ်ကြံသတ်ဖြတ်ပစ်မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့လေသည်။

ထို့ကြောင့် သွေးသောက်သိုင်းသမားသုံးယောက်အား ကူညီဖို့ လူရှယ် လာခဲ့ခြင်း ဖြစ်လေသည်။

ငါးမျှားနေသည့် အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ လူရှယ် စိတ်လှုပ်ရှားသွားလေသည်။

အဘိုးအိုအား ဘာမှ မပြောနိုင်တော့ဘဲ ချောင်းကူးတံတားပေါ် ခုန်တက်ကာ ပြေးလွှားသွားတော့သည်။

ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

အဘိုးအို ပါးစပ်အဟောင်းသား ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လူမှ ဟုတ်ရဲ့လား"

ဟုလည်း တအံ့တသြ ရေရွတ်လိုက်လေတော့သည်။

ကိုယ်ဖျော့ပညာ အသုံးပြုကာ ပြေးလွှားသွားသော လူရွယ်မှာ မျက်စိတမှိတ် လျှပ်တပြက်အတွင်း တောအုပ်ထဲ၌ ရှိနေသော အဆောက်အဦးကြီးတစ်ခုသို့ ရောက်ရှိသွားလေသည်။

သွေးသောက်စံအိမ် ဖြစ်သည်။

သွေးသောက်စံအိမ်မှ သွေးသောက်သိုင်းသမားသုံးယောက်မှာ ကျင်းတီ၊ ကျင်းရှုတ်နှင့် ကျင်းဟွီးတို့ ဖြစ်လေသည်။

လူရွယ် ရောက်သွားချိန်၌ သွေးသောက်စံအိမ်၌ တိုက်ပွဲများ ဖြစ်ပေါ်နေသည်။

အနက်ရောင်ဝတ်ထားကြသူများက စီးနင်းတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

သွေးသောက်စံအိမ်မှ သိုင်းသမားများသည် အနက်ရောင်ဝတ်ထားသူများ၏လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားနေ၏။

အနက်ရောင်ဝတ်ထားကြသူများ အသာစီးရသွားပြီး စံအိမ်ကြီးထဲ ထိုးဖောက်ဝင်ရောက်နေကြပြီ ဖြစ်လေသည်။

လူရွယ် လက်ပိုက်ကြည့်မနေနိုင်ပါတော့ချေ။

"ဖူး"

မြေပေါ်ခြေဆောင့်ကာ လေထဲခုန်တက်ပြီး ငှက်ကလေးတစ်ကောင် ပျံဝဲသွားသည့်အလား ပေါ့ပါးစွာဖြင့် စံအိမ်ထဲ ဝင်ရောက်သွားလေတော့သည်။



စံအိမ်ထဲ၌ တိုက်ပွဲများ ပြင်းထန်နေသည်။

ကျင်းတီ၊ ကျင်းရှုတ်နှင့် ကျင်းဟွီးတို့သည် တပည့်ငယ်သား းနှင့်အတူ ရန်သူကို အကြောက်အကန် ရင်ဆိုင်နေကြ၏။

သို့တိုင် သူတို့ အငိုက်မိသွားကြသည့်အပြင် ရန်သူက အင် းကောင်းနေခြင်းကြောင့် အရေးနိမ့်သွားကြလေသည်။

အနက်ရောင်ဝတ်ထားသူများအား ခေါင်းဆောင်လာသူ ည် ပျံလွှားအမြီးသဏ္ဍာန် ထိပ်ဖျား၌ နှစ်ခွဖြစ်နေသော ပုံသဏ္ဍာန် ျားသည့် ဓားတစ်လက် ကိုင်ဆောင်ထားလေသည်။

ထိုလူ၏ဓားချက်ကြောင့်…

"အား"

"အမယ်လေး"

"ဝုန်း"

သွေးသောက်စံအိမ်မှ သိုင်းသမားများ တစ်ယောက်ပြီး န်ယောက် လဲကျသွားလေသည်။

သွေးသောက်သိုင်းသမားသုံးယောက် ဖြစ်သော ကျင်းတီ၊ င်းရှုတ်နှင့် ကျင်းဟွီးတို့က ထိုလူအား ရင်ဆိုင်လိုက်ကြလေသည်။

ထိုလူက…

"မင်းတို့သုံးယောက်ဟာ သူရဲကောင်းလုပ်ပြီး သွေးလင်းနို င်းကို တိုက်ခိုက်ခဲ့ကြတာ သေချင်ကြလို့ပဲ ဖြစ်မယ်"

အော်ပေါက်ငြိမ်းခြောက်ယင်း ပုံသဏ္ဍာန် ထူးဆန်းသော ဖြင့် ကျင်းတီတို့အား တိုက်ခိုက်လိုက်လေသည်။

"ကျုပ်တို့က ခင်ဗျားကို ကြောက်နေရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"သေဖို့ပြင်ထား"

ကျင်းတီတို့ကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

သို့သော် ထိုလူ၏ဓားပညာ ထက်မြက်နေခြင်းကြော ကျင်းတီတို့ မယှဉ်နိုင်ဘဲ ဖြစ်သွားကြသည်။

"ခြွမ်း..ခြွမ်း"

သုံးယောက်သား ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

"မင်းတို့ ဘာတတ်နိုင်မှာလဲ"

ပျံလွှားဓားပိုင်ရှင်က လှောင်ပြောင်ပြောဆိုလိုက်သည်။

ကျင်းတီတို့ ခံပြင်းသွားကြသည်။

အချင်းချင်း တိုင်ပင်လိုက်ကြပြီး သုံးယောက် ပူးပေါင်း ဓားကွက်ကို အသုံးပြုရန် ဆုံးဖြတ်လိုက်ကြလေသည်။

သွေးသောက်သုံးဖော်၏ စုပေါင်းဓားကွက်မှာ ကြော မက်ဖွယ်ကောင်းအောင် အစွမ်းထက်လေသည်။

ထိပ်သီးသိုင်းသမားကြီးများကိုပင် ကောင်းစွာ ယှဉ်ပြိုင် အနိုင်ယူစွမ်း ရှိသည့် သိုင်းကွက်မျိုး ဖြစ်သည်။

"ယား"

ကျင်းတီတို့သုံးယောက် လက်တွဲကာ ထိုလူအား ပြင်းပြ ထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

သုံးယောက်ပေါင်းသိုင်းကွက်က စွမ်းပကား ထက်မြက်လ ပြီး သူတို့၏ ဓားချက်များသည် ထိုလူ၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွား



လေတော့သည်။

ထိုလူ ရင်ထိတ်သွား၏။

ကျင်းတီတို့အား လွယ်လွယ်နှင့် အနိုင်ယူနိုင်မည် မဟုတ်ကြောင်း နားလည်သွားလေသည်။

သို့သော် ထိုလူသည် နောက်မဆုတ်သည့်အပြင် ရှေ့တိုးလိုက်လေသည်။

ကျင်းတီတို့အား မကြောက်မရွံ့ ရင်ဆိုင်သွားမည် ဖြစ်ပြီး နောက်ဆုံးတွင် သူကသာ အနိုင်ရမည်ဟု ယုံကြည်ထားပုံမျိုး ဖြစ်လေသည်။

ထိုလူ ရှေ့တိုးလိုက်ခြင်းကြောင့် တိုက်ပွဲမှာ ပို၍ ပြင်းထန်လာသည်ဟု ဆိုနိုင်တော့သည်။

ကျင်းတီတို့သုံးယောက်လည်း သဘောကျသွားကြလေသည်။

"သူ့ကို ဆုံးမကြဟေ့"

ညာသံပေးကာ ဖိ၍ တိုက်ခိုက်လိုက်ကြလေသည်။

ထိုအချိန်တွင် ကျင်းတီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး တိုက်ခိုက်မှု အရှိန်လျော့ကျကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ကျင်းရှုတ်နှင့် ကျင်းဟွီးတို့ အံ့သြသွားကြသည်။

"ကျင်းတီ၊ မင်း ဘယ်လို ဖြစ်သွားတာလဲ"

ဟုလှမ်းမေးလိုက်ကြသည်။

ကျင်းတီမှာ လက်နက်ပုန်း ထိမှန်ခံလိုက်ရပုံမျိုး ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်မိကြလေသည်။

ကျင်းတီ နောက်ဆုတ်လိုက်ခြင်းကြောင့် သုံးယောက်စုဖေါင်းတိုက်ကွက် ရုတ်တရက် ပျက်ပြားသွားတော့သည်။

ပွဲလွှားစားပိုင်ရှင်က အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"သေလိုက်စမ်း"

ဓားမြှောင်းက ပြင်းထန်စွာ တိုက်ခိုက်လိုက်လျှင်...

"အား"

"အမယ်လေး"

ကျင်းရှုတ်နှင့် ကျင်းဟွီးတို့ ဓားချက်ထိမှန်ကာ လဲကျသွားကြလေတော့သည်။

ထိုအချိန်မှာပင် အဖြူရောင်လူရွယ် ရောက်ရှိလာခြင်း ဖြစ်လေသည်။

♠ ♠ ♠

အဖြူရောင်လူရွယ် ရောက်ရှိလာသည်နှင့် တိုက်ပွဲ အခြေအနေ တစ်မျိုး ပြောင်းလဲသွားလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

အနက်ရောင်ဝတ်ထားကြသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။



အဖြူရောင်ဝတ်ထားသူသည် အနက်ရောင်ဝတ်ထားသူများ အလယ်သို့ ခုန်ဝင်သွားပြီး ဓားမြှောင်းလိုက်ရာ မရှုမလှ ခံသွားခြင်း ဖြစ်လေသည်။

အနက်ရောင်ဝတ်ထားကြသူများ အထိတ်တလန့် ဖြစ်သွားကြလေသည်။

ဖရိုဖရဲ နောက်ဆုတ်သွားကြတော့သည်။

အဖြူရောင်လူရွယ်က...

"သွေးလင်းနို့ဂိုဏ်းကို သိမ်းဖောက္ကထဲက ကျူပ်ဖယ်ရှားသွားမှာပါဗျာ"

ကြုံးဝါးယင်း ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

အနက်ရောင်ဝတ်ထားကြသူများလည်း အချင်းချင်း စုရုံးကာ ပြန်လည်ရင်ဆိုင်လိုက်ကြပြန်လေသည်။

သို့သော် အဖြူရောင်လူရွယ် ဓားရေးထက်မြက်နေသည်ရကား ထပ်မံ အရေးနိမ့်သွားကြပြန်လေတော့သည်။

အနက်ရောင်ဝတ်ထားသူများ ကြမ်းပြင်ပေါ် အတုန်းအရုန်း ကျသွားလေသည်။

"ဟင်"

"ဟာ"

အနက်ရောင်ဝတ်ထားသူများ(ဝါ)သွေးလင်းနို့ဂိုဏ်းသားသည် အဖြူရောင်လူရွယ်အား မကောင်းဆိုးဝါးမိစ္ဆာတစ်ကောင်အား ထင်မှတ်မှားသွားကြသည်။

မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



နားလည်သွားကြပြီး ကပျာကယာ နောက်ဆုတ်သွားကြ၏။

ထို့နောက် စံအိမ်အပြင်ဘက်သို့ ဒရောသောပါး ပြေးလွှား သွားကြလေတော့သည်။

အဖြူရောင်လူရွယ်က လိုက်လံတိုက်ခိုက်ဖို့ စိတ်မကူးပါချေ။ ပျံလွှားဓားပိုင်ရှင်ဘက်သို့ လှည့်လိုက်လေသည်။

“ယား”

ပျံလွှားဓားပိုင်ရှင်သည်လည်း ကျင်းတီအား လှစ်လျူရှုကာ အဖြူရောင်လူရွယ်အား တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

သွေးလင်းနို့ဂိုဏ်းသားများအား ဦးဆောင်လာသည့် အဖြူ နှစ်ခွ ပျံလွှားငှက်နှင့် သဏ္ဍာန်တူသော ဓားကို ကိုင် ဆောင်ထားသူ သည် အဖြူရောင်လူရွယ်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက် လေသည်။

“ဝှစ်...ဝှစ်”

ဝင်းလက်သော ဓားရောင်များနှင့်အတူ အေးစိမ့်သော ဓား ၏အငွေ့အသက်များသည် အဖြူရောင်လူရွယ်အား ဖုံးလွှမ်းသွား လေသည်။

ထိုလူ၏ဓားချက်ကြောင့် လူရွယ် ဒုက္ခရောက်သွားမည် ထင် ရတော့သည်။

ကျင်းတီက လဲကျသေဆုံးနေသော ကျင်းရှုတ်နှင့် ကျင်းသျှ



တို့အား တစ်ချက်ကြည့်လိုက်သည်။

တဖန် တိုက်ပွဲကို လှမ်းကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံ၌ ထူးခြားသော အရိပ်အရောင်များ ဖြစ် ပေါ်နေလေသည်။

အဖြူရောင်လူရွယ်သည် ကျင်းတီ မျှော်လင့်ထားသလို လဲ ကျမသွားသေးပါချေ။

သူ၏ဓားသိုင်းကို တစ်ကွက်ချင်း ဖော်ထုတ်ယင်း ပျံလွှား ဓားပိုင်ရှင်အား ခုခံလိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်သောအခါ လူရွယ်၏သိုင်းကွက် များသည် ပို၍ အားမာန်ပါသည့်အပြင် ပညာသားပါကာ ပျံလွှားဓား ပိုင်ရှင်ထက် သာနေကြောင်း ပေါ်လွင်လာလေတော့သည်။

နှစ်ယောက်သား ရင်ဆိုင်ယင်း ပျံလွှားဓားရှင်၏ဓားကွက် များသည် တစ်ကွက်ပြီးတစ်ကွက် ပျက်ပြားသွားပြီး လူရွယ်၏ဓား ကွက်များက အသာစီးယူကာ လွှမ်းမိုးထားလိုက်လေတော့သည်။

ပျံလွှားဓားရှင် အခက်ကြုံလာလေသည်။

ဆက်လက်တိုက်ခိုက်သွားပါက သူဒုက္ခရောက်တော့မည် ဖြစ်ကြောင်း နားလည်လာသည်။

အဖြူရောင်လူရွယ်ကိုလည်း အံ့သြနေမိလေသည်။

“အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့ရဲ့သိုင်းပညာက ကြောက် စရာကောင်းအောင် ထက်မြက်နေပါလား”

ထိုအချိန်မှာပင် ဓားရိပ်များကြားမှ လူရွယ်၏ဓားဖျား ထိုး ထွက်ပေါ်လာကာ ရင်ဝသို့ တိုးဝင်လာသည်ကို ပျံလွှားဓား

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင် တွေ့လိုက်ရလေသည်။

"ဟာ"

ထိုလူ အထိတ်တလန့် အော်လိုက်သည်။

ကြောက်လန့်တကြားဖြင့် ဓားလွတ်ချကာ ရှောင်တိမ်း ကြိုးစားလိုက်၏။

ထိုစဉ်…

"လူယုတ်မာ သေပေတော့"

ကျင်းတီက ညာသံပေးကာ ခုန်ဝင်လာလေသည်။

လူရွယ် စိုးရိမ်သွား၏။

ရုတ်တရက် ကြားဝင်လာသည့် ကျင်းတီအား ထိခိုက်သွားမည်ကို စိုးရိမ်ကာ သူ၏ဓားကို ကမျာကယာ ရုပ်သိမ်းလိုက်ရလေတော့သည်။

ပျံလွှားဓားပိုင်ရှင်သည် အခွင့်အရေးကို လက်လွှတ်မခံဘဲ…

"ဟိတ်"

အသံတစ်ချက်ပြုကာ ကြမ်းပြင်ပေါ် ခြေဆောင့်ပြီး နောက်ကျွမ်းပစ်ကာ ရှောင်ထွက်သွားလေသည်။

"ဟူး…ဟူး"

သူ၏ခန္ဓာကိုယ် အပေါ် မြောက်တက်သွားပြီး ကျွမ်းသုံးလေးပတ် ပစ်လိုက်သည်နှင့် အဆောက်အဦး အပြင်ဘက် ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ပျံလွှားဓားပိုင်ရှင် ဦးဆောင်သော သွေးလင်းနို့ဂိုဏ်းသားများ ဆုတ်ခွာထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ကျင်းတီက လူရွယ်ကို ဦးညွှတ်လိုက်သည်။

"မိတ်ဆွေလေးသာ ရောက်မလာဘူးဆိုယင် ကျုပ်တို့ သွေးသောက်စံအိမ် သည်ကနေ့ ပျက်စီးသွားမှာ သေချာပါတယ်ဗျာ၊ မိတ်ဆွေလေးရဲ့ ကျေးဇူး ကြီးမားလှပါတယ်"

လူရွယ် ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ သွေးလင်းနို့ဂိုဏ်းက ဒုက္ခပေးလိမ့်မယ်ဆိုတဲ့ သတင်းကြားလို့ ကျုပ်လိုက်လာတာ၊ နည်းနည်းနောက်ကျသွားလို့ ခုလို ဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ၊ ဒါထက် ခင်ဗျားကို သက်နတ်မှုန်းတစ်ခုခု ထိမှန်သွားတာလား"

ကျင်းတီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာမှ မဖြစ်ပါဘူးဗျာ"

လူရွယ်က ကျင်းတီကို စိုက်ကြည့်လိုက်လေသည်။

သူ၏အကြည့်မှာ ထူးခြားနေသည်ကို ကျင်းတီ သတိမပြုမိလိုက်ပါချေ။

လူရွယ်က ကြမ်းပြင်ပေါ် ကျနေသော ပျံလွှားဓားကို ကောက်ယူလိုက်သည်။

"တော်တော်ထူးဆန်းတဲ့ဓားပဲ၊ သည်ဓားမျိုး ကိုင်ဆောင်တဲ့ လူ သိုင်းလောကမှာ အတော်ရှားလိမ့်မယ်"

ကျင်းတီက…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ၊ သူ့ရဲ့ဓားက ထူးခြားသလို သူ့ရဲ့ဓားသိုင်းကလည်း အင်မတန် ကြောက်စရာကောင်းပါတယ်ဗျာ"

လူရွယ်က...

"သူ့အကြောင်း ဖော်ထုတ်နိုင်မယ်ဆိုယင် သွေးလင်းနို ဂိုဏ်းကို ဘယ်သူတွေ ဦးဆောင်နေတယ်ဆိုတာ သဲလွန်စ ရနိုင်တယ်၊ သူကိုယ်တိုင်က ထိပ်တန်းအဆင့်ရှိတဲ့ လူတစ်ယောက် ဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ်ဗျ"

လူရွယ်က တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျုပ်မှာ လက်နက်ဆန်းတွေ အကြောင်း နားလည်တဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ဆီကို သွားပြီး သည်ဓားကို ပြကြည့်လိုက်ယင် အကျိုးအကြောင်း သိရမှာပဲ"

ကျင်းတီက လူရွယ်ကို စိုက်ကြည့်လိုက်သည်။

ပြီးမှ...

"သည်လိုဆိုယင် ကျုပ်လည်း မိတ်ဆွေလေးနဲ့အတူ လိုက်ခဲ့ချင်ပါတယ်ဗျာ"

ဟုပြောလိုက်လေသည်။

လူရွယ်က...

"ခင်ဗျားလိုက်လို့ ဖြစ်ပါ့မလား၊ သည်မှာက.."

"ကျုပ်ရဲ့ သွေးသောက်နှစ်ယောက် သေဆုံးသွားကြပြီဆိုတော့ သွေးသောက်စံအိမ်လည်း ပျက်စီးသွားပြီလို့ ဆိုနိုင်ပါတယ်ဗျ။ ဒါကြောင့် သည်မှာ အရေးမကြီးတော့ပါဘူး၊ အရေးကြီးတာက ကျုပ်



မိတ်ဆွေနှစ်ယောက်ကို သတ်ပစ်လိုက်တဲ့လူကို ဖော်ထုတ်ဆုံးမနိုင်ဖို့ပဲ၊ ဒါကြောင့် ကျုပ်ကို လိုက်ခွင့်ပြုဖို့ မေတ္တာရပ်ခံတာပါဗျာ"

လူရွယ် သက်ပြင်းချလိုက်သည်။

"ခင်ဗျား ဘယ်လိုခံစားရမယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါကြောင့် လိုက်မယ်ဆိုယင်လည်း မိတ်ဆွေရဲ့သဘောပါပဲ"

ကျင်းတီက လိုက်ခွင့်ပြုလိုက်ခြင်းကြောင့် ဝမ်းသာသွားလေတော့သည်။

♠ ♠ ♠

တုချင်းက စနွမတော်ပါ။

ရုပ်ရည်ချောမောခြင်းလည်း မရှိပါ။

ထို့အပြင် ငွေကြေးချမ်းသာကြွယ်ဝသူလည်း မဟုတ်ဘဲ အခြေအနေမဲ့တစ်ယောက် ဖြစ်လေသည်။

သူ့အား မည်သူကမှ အထင်မကြီးကြပါ။

သို့သော် လူတစ်ယောက်တော့ သူ့အကြောင်း သိထားပြီး အထင်ကြီး လေးစားမှု ရှိလေသည်။

တုချင်းသည် တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လက်နက်ပါရဂူ၏အိမ်၌ အိမ်ဖော်လုပ်ခဲ့ဖူးသည် မဟုတ်ပါလား။

လက်နက်ပါရဂူသည် သိုင်းလောကကို ကျောခိုင်းစွန့်ခွာသွားသောအခါ တုချင်းအား ရင်းနှီးစားသောက်ဖို့ ငွေများ ပေးခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တုချင်းလည်း အလွန်များပြားသော ငွေများ ပိုင်ဆိုင်လိုက်ရသောအခါ အရက်သောက်၊ ဖဲရိုက်၊ အပျော်အပါးလိုက်ခြင်းဖြင့် ပျက်စီးခဲ့တော့သည်။

နောက်ဆုံး သူ့ထံ၌ တစ်ပြားတစ်ချပ်မျှ မကျန်တော့သောအခါ မြို့လယ်ဈေး၌ သူတစ်ပါး တောက်တိုမယ်ရ ခိုင်းစေသမျှ လုပ်ကိုင်၍ ထမင်းရှာစားရသည့်ဘဝ ရောက်ခဲ့တော့သည်။

လူရွယ်နှင့် ကျင်းတီတို့ ရောက်ရှိသွားကြသောအခါ တုချင်းက ဈေးရှေ့ သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ ငိုက်မြည်းနေသည်ကို အခန့်သင့် တွေ့လိုက်ရလေသည်။

လူရွယ်က...

"တုချင်း၊ ကျုပ်က မင်းကို လာရှာတာ၊ ကဲ ထစမ်းပါဦး"

ဟုပြောလိုက်မှ မျက်လုံးဖွင့်ကာ ဝါးခနဲ သမ်းဝေလိုက်လေသည်။

တဖန် လူရွယ်ကို ပြုံးပြယင်း...

"အစ်ကိုလေးဟန်ပါလား၊ ကျွန်တော့်ကို လာရှာတာဆိုတော့ အင်း သည်နေ့တော့ ဟင်းကောင်းကောင်း စားရတော့မှာသေချာနေပြီ"

"အေး မင်းကို အရက်ပါတိုက်ဦးမှာ"

အစ်ကိုလေးဟန်ဆိုသောလူရွယ်က ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်လေသည်။

"ဟား...ဟား...ဟား"

တုချင်းက ငွေတုံးလေးကို ယူပြီး ကျေနပ်အားရစွာ ရယ်



လိုက်လေသည်။

အစ်ကိုလေးဟန်က...

"ဟောသည် ဓားကို ကြည့်စမ်းပါဦး"

ပုံလွှားဓားကို ပြလိုက်သည်။

တုချင်းက ဓားကို ယူကာ စစ်ဆေးကြည့်လိုက်လေသည်။

အစ်ကိုလေးဟန်က...

"မင်းက သည်ဓားကို သိတယ် မဟုတ်လား"

"ပြပါဦးဗျာ"

တုချင်းက ပုံလွှားဓားကို ယူကာ စစ်ဆေးကြည့်လိုက်သည်။

အစ်ကိုလေးဟန်နှင့် ကျင်းတီတို့က အကဲခတ်ကြည့်နေကြသည်။

တုချင်းသည် ဓားကို အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်လိုက်ပြီးမှ...

"သည်လိုဓားမျိုး မရှိသလောက်ပဲ၊ ချန်းကျန်းဂိုဏ်းက 'အမုန်းဓား' ဖြစ်နိုင်တယ်"

ဟုမှတ်ချက်ချလေသည်။

အစ်ကိုလေးဟန်က...

"အမုန်းဓား ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး၊ အမုန်းဓားဆိုတဲ့နာမည်နဲ့ လိုက်အောင် ဓားထိသွားယင် ဒဏ်ရာနှစ်ချက် ရမယ်၊ ခန္ဓာကိုယ်ရဲ့ ဘယ်နေရာကိုပဲ ထိထိ ဒဏ်ရာတစ်ချက်နဲ့တစ်ချက်က သုံးလက်မလောက်ကွာနေတော့ အရေးကြီးတဲ့ သွေးကြောတွေကို နှစ်နေရာ ဖြတ်ဆီးခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို ဖြစ်သွားတာကြောင့် ဆေးကုဖို့ မလွယ်တော့ဘူး၊ ဆေ ကွင်းသေကွက်ကို မထိယင်တောင် ဒုက္ခတိ ဖြစ်ရမှာ သေချာတယ် ပြိုင်ဘက်ကို ရက်ရက်စက်စက် တိုက်ခိုက်တဲ့ဆေး ဖြစ်လို့ 'အမုန်းဆေး' လို့ အမည်ပေးထားတာ၊ သည်ဆေးမျိုးကို ဟိုတုန်းက ချန်းကျန်းဂိုဏ်း က အသုံးပြုခဲ့တယ်၊ နောက်ပိုင်းမှာ ဝေဖန်ပြောဆိုခံရတာကြောင့် မသုံးတော့တာ”

အစ်ကိုလေးဟန် ဝမ်းသာသွားလေသည်။

ဘွေးလင်းနို့ဂိုဏ်းသားများအား ဦးဆောင်လာသူမှာ ချန်းကျန်းဂိုဏ်းနှင့် ပတ်သက်နေသူတစ်ယောက် ဖြစ်ကြောင်း သဲလွန်စ ရလိုက်ပြီ မဟုတ်ပါလား။

အစ်ကိုလေးဟန်သည် တုချင်းအတွက် ငွေတုံးကလေးတစ်တုံး ထပ်ပေးလိုက်လေသည်။

“ရော့ ဒါက မင်းကို ဆုချတာ၊ မင်းဘာသာ ကြိုက်တာ သုံးပေတော့”

“ကျေးဇူးပဲ အစ်ကိုလေး”

တုချင်းလည်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

အစ်ကိုလေးဟန်က...

“ကျုပ်တို့ ချန်းကျန်းဂိုဏ်းကို သွားကြတာပေါ့”

ဟု ကျင်းတီကို ပြောလိုက်လေသည်။

“ကောင်းတာပေါ့ဗျာ”

ကျင်းတီလည်း သဘောတူလိုက်လေတော့သည်။

♠ ♠ ♠



ချန်းကျန်းဂိုဏ်း...

အစ်ကိုလေးဟန်နှင့် ကျင်းတီတို့သည် ချန်းကျန်းဂိုဏ်းသို့ ဦးတည်ထွက်လာခဲ့ကြလေသည်။

ချန်းကျန်းဂိုဏ်းသည် ထင်ရှားသော အဖြူရောင်ဂိုဏ်းကြီး တစ်ခု ဖြစ်သည်။

သိုင်းလောကတစ်ခုလုံး၏ ကြည်ညိုလေးစားခြင်း ခံရသော ဂိုဏ်းကြီးလည်း ဖြစ်လေသည်။

ချန်းကျန်းဂိုဏ်းချုပ်နှင့် သိုင်းလောကမှ အနားယူသွားသော ဗျိုင်ဝါးစံအိမ်ပိုင်ရှင်ဟွာကိုဖုံးတို့မှာ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေများလည်း ဖြစ်ကြလေသည်။

ချန်းကျန်းဂိုဏ်း ပိုင်နက်ထဲသို့ ရောက်လာလျှင် ကျင်းတီက သဘောထားတစ်မျိုး ပြောင်းလဲသွားလေတော့သည်။

နှစ်ယောက်သား မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ ခင်း စားသောက်ဆိုင်လေးတစ်ဆိုင်ရှေ့သို့ ရောက်လျှင် ကျင်းတီက ခြေလှမ်းရပ်လိုက်လေသည်။

အစ်ကိုလေးဟန် မျက်မှောင်ကုပ်သွား၏။

“ဘာဖြစ်လို့လဲဗျ”

ကျင်းတီ သက်ပြင်းချလိုက်သည်။

“ကျုပ်ရှေ့ဆက် မလိုက်ချင်တော့ဘူး”

“ခင်ဗျားက ချန်းကျန်းဂိုဏ်းနဲ့ ရင်ဆိုင်ရမှာကို စိုးရိမ်ပြီး နေတာလားဗျာ”

“ဒါအမှန်ပါပဲဗျာ”

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးဟာန်က ရှင်းပြလိုက်သည်။

"ကျုပ်က ချန်းကျန်းဂိုဏ်းမှာ ပျံလွှားခေါင်းပိုင်ရှင် အကြောင်းကို သွားပြီး စုံစမ်းမလို့ပါဗျာ၊ သူတို့နဲ့ ရင်ဆိုင်ဖို့ မဟုတ်ပါဘူး၊ သူ့လောက်လည်း စိတ်မပူပါနဲ့ဗျာ"

ကျင်းတီ ငြိမ်သွားပြီးမှ…

"အင်း ကျုပ်ရဲ့ သွေးသောက်မိတ်ဆွေတွေနှစ်ယောက် အသတ်ခံလိုက်ရတဲ့ ကိစ္စကို ကျုပ်မမေ့သွားမှာ မဟုတ်ပါဘူး၊ ပျံလွှားခေါင်းပိုင်ရှင်ကို ရင်ဆိုင်သွားမှာပါ၊ ကျုပ်လိုက်ခဲ့ပါ့မယ်ဗျာ"

ဟုသဘောတူလိုက်လေသည်။

တဆက်တည်းပင်…

"ကျုပ်က စိတ်မောလူမော ဖြစ်နေတယ်၊ ခရီးလည်း ဝေးနေတော့ ခဏလောက် အနားယူလိုက်ချင်တယ်၊ မိတ်ဆွေလေး ဘယ်လိုသဘောရသလဲ"

ဟုမေးလာလေသည်။

အစ်ကိုလေးဟာန် ပြုံးလိုက်သည်။

"ကောင်းသားပဲ၊ သည်ဆိုင်မှာပဲ ခဏ အနားယူလိုက်ကြတာပေါ့ဗျာ"

ထို့နောက် နှစ်ယောက်သား အနီးရှိ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်ကြလေတော့သည်။

♠ ♠ ♠



နံနက်စာ စားချိန် ဖြစ်သော်လည်း ဆိုင်ထဲ၌ လူရှင်းနေ၏။ ဆိုင်ရှင်အဘိုးအိုနှင့် ဆိုင်လုလင်တစ်ယောက်သာ ရှိနေ၏။ ကျင်းတီနှင့် အစ်ကိုလေးဟာန်တို့က စားပွဲတစ်လုံး၌ ထိုင်ကာ အရက်နှင့် စားစရာများ မှာကြားလိုက်လေသည်။

"သောက်ပါဗျာ"

ကျင်းတီက အရက်တစ်ခွက် ငှဲ့ပေး၏။

"ကျေးဇူးပါပဲဗျာ"

အစ်ကိုလေးဟာန်က အရက်ခွက်ကို ယူကာ မော့ချလိုက်၏။

ကျင်းတီ ပြုံးလိုက်သည်။

"ဘယ်လိုလဲ အရက်က သောက်လို့ ကောင်းတယ် မဟုတ်လားဗျာ"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ဩော် အဆိပ်ခတ်ထားတဲ့ အရက်က ပိုပြီး သောက်လို့ကောင်းတယ်ဆိုတာ ကျုပ်ကြားဖူးထားလို့ပါ"

"ဘာဗျ"

အစ်ကိုလေးဟာန် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူသောက်ခဲ့သည့် အရက်ခွက်ကို ငုံ့ကြည့်လိုက်၏။

ကျင်းတီက…

"မင်းရဲ့အရက်ခွက်ထဲမှာ အဆိပ်ခတ်ထားတယ်ဆိုတာ မင်းမသိဘူးလား"

အရက်ခွက်ကို ဆွဲယူပြီး စားပွဲပေါ် မှောက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွက်ထဲ၌ အကပ်အသပ် ကျန်နေသော အရက်လေးငါးစက် စားပွဲပေါ် ကျသွား၏။

ထိုအခါ အရက်စက်ကျသွားသည့် နေရာ၌ ချက်ချင်း မည်းနက်သွားပြီး အခိုးအငွေ့များ ထွက်လာလေသည်။

အရက်ထဲ၌ အလွန်ပြင်းထန်သော အဆိပ်များ ခတ်ထားကြောင်း ထင်ရှားနေပါတော့သည်။

ကျင်းတီက...

"သည်အဆိပ်ကို အူပြတ်အဆိပ်လို့ ခေါ်တယ်၊ အဆိပ်အရက် သောက်မိလိုက်တာနဲ့ အူပြတ်ပြီး သေရမှာပဲ၊ ဖြေဆေး မရှိဘူးလေ"

အစ်ကိုလေးဟန်က...

"ခင်ဗျားက အဆိပ်ခတ်လိုက်တာလား"

"ဟုတ်တယ်လေ၊ မင်းကို အရက်ငှဲ့ပေးယင်း အဆိပ်ခတ်လိုက်တာပေါ့"

ကျင်းတီက ဝင့်ကြွားစွာ ပြောနေ၏။

အစ်ကိုလေးဟန်အား ဒုက္ခပေးရသည်ကို ကျေနပ်ပျော်ရွှင်နေပုံ ရှိလေသည်။

အစ်ကိုလေးဟန်က...

"သွေးသောက်စံအိမ်မှာ ခင်ဗျားတို့ အခက်ကြုံနေတော့ ကျုပ်ဝင်ပြီး ကူညီခဲ့တယ်၊ ခင်ဗျားရဲ့ရန်သူတွေကို နှိမ်နင်းပေးခဲ့တယ်၊ ကျုပ်ကို ကျေးဇူးတင်ရမယ့်အစား ဒုက္ခပေးဖို့ ကြိုးစားတာ ဘယ်လိုသဘောလဲဗျာ"



ဟုမေးလိုက်လေသည်။

ကျင်းတီက...

"မင်းက သွေးလင်းနီဂိုဏ်းကို ချေမှုန်းမယ့် သူရဲကောင်းသိုင်းသမား 'ဟန်ထင်းရီ'ဆိုတာ ကျုပ်သိထားလို့ပေါ့လေ"

"ဗြော်"

"ဟန်ထင်းရီဟာ ထိပ်သီးဂိုဏ်းကြီးခုနစ်ဂိုဏ်းမှာ ထိပ်တန်းသိုင်းပညာတွေ လေ့လာဆည်းပူးခဲ့တယ်၊ နန်းတွင်းမှာ ကျင်းပခဲ့တဲ့ သိုင်းပြိုင်ပွဲမှာ ပထမစွဲခဲ့တယ်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သိုင်းလောကက အနားယူသွားတဲ့ ခွန်လွန်အဘိုးအိုနဲ့အတူ မြောက်ပိုင်းဒေသမှာ သွားနေခဲ့တယ်၊ ပြီးတော့.."

"တော်ပါတော့ဗျာ၊ သည်လောက်ဆိုယင် ရပါပြီ"

အစ်ကိုလေးဟန်(ဝါ)သူရဲကောင်းသိုင်းသမားဟန်ထင်းရီက ဟန့်တားလိုက်လေသည်။

ကျင်းတီ ရယ်မောလိုက်သည်။

"မတော်နိုင်သေးဘူးကွ၊ သူရဲကောင်းဟန်ထင်းရီကို ထိပ်သီးဂိုဏ်းကြီးဆယ်ဂိုဏ်းက ဂိုဏ်းချုပ်တွေကတောင် သူတို့ပညာထက် သာတယ်လို့ ဝန်ခံချီးကျူးကြတယ်"

ဟန်ထင်းရီက...

"ခုတော့ ဟန်ထင်းရီကို ခင်ဗျားက အူပြတ်အဆိပ်နဲ့ အကောက်ကြံနိုင်လိုက်ပြီပေါ့၊ ဟန်ထင်းရီဟာ ခင်ဗျားကို မယှဉ်နိုင်တဲ့ လူတစ်ယောက် ဖြစ်သွားပြီပေါ့ဗျာ"

"ဟား..ဟား..ဟား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတီ၏ရယ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ဟန်ထင်းရီ ပြုံးလိုက်သည်။

"တစ်ချိန်က နယ်ခြားမှာ ဆိုးသွမ်းသောင်းကျန်းခဲ့တဲ့ ဓားပြကြီးတစ်ဦးဟာ အင်မတန် အစွမ်းထက်တဲ့ 'အူပြတ်အဆိပ်'ကို အစိုးထား အသုံးပြုလေ့ ရှိတယ်၊ နောက်ပိုင်းမှာ အကြောင်းတစ်စုံတစ်ရာ မသိရဘဲ အဲသည် ဓားပြကြီးဟာ စုပ်စမြုပ်စ ပျောက်ကွယ်သွားခဲ့တယ်၊ သူဟာ သိုင်းလောကထဲ ရောက်လာပြီး သွေးသောက်သိုင်းသမား 'ကျင်းတီ'အဖြစ် ရပ်တည်နေခဲ့တာကို လူတွေ သတိမထားမိကြဘူးဗျာ"

ကျင်းတီ မဲ့ပြုံးပြုံးလိုက်သည်။

"ဩော် မင်းကလည်း ငါ့အကြောင်း သိနေတာကိုး"

ဟန်ထင်းရီက...

"ကျင်းရှုတ်နဲ့ ကျင်းဟွီးတို့က ခင်ဗျားရဲ့ အကြောင်းကို မသိဘဲ ကျင်းမျိုးနွယ် ဖြစ်တာနဲ့ ခင်ဗျားကို သွေးသောက်မိတ်ဆွေအဖြစ် လက်ခံခဲ့ကြတယ်၊ 'ရှောင်ကုချူး'နဲ့ တိုက်ခိုက်တဲ့အချိန်မှာ ခင်ဗျားတို့သုံးယောက်ရဲ့ စုပေါင်းတိုက်ကွက်က အသာရနေတာကြောင့် 'ရှောင်ကုချူး' ဒုက္ခရောက်သွားမှာကို စိုးရိမ်ပြီး ခင်ဗျားက ထိခိုက်ဒဏ်ရာရချင်ဟန် ဆောင်လိုက်တယ်၊ ဒါကြောင့် စုပေါင်းတိုက်ကွက်ပျက်ပြီး ကျင်းရှုတ်နဲ့ ကျင်းဟွီးတို့ဟာ ရှောင်ကုချူး လက်ချက်နဲ့ သေဆုံးခဲ့ရတာပဲ"

ကျင်းတီက...



"မင်းက ရှောင်ကုချူးကိုလည်း သိနေတာကိုး"

ဟန်ထင်းရီ ခေါင်းညိတ်လိုက်သည်။

"ချန်းကျန်းဂိုဏ်းမှာ ပျံလွှားငှက်အမြီးလို ထူးဆန်းတဲ့ပုံသဏ္ဌာန်ရှိတဲ့ ဓားကို အသုံးပြုရတဲ့ ဓားသိုင်းကျမ်း ရှိတယ်၊ ဓားကွက်တွေက ရက်စက်ကြမ်းကြုတ်လွန်းလို့ နောက်ပိုင်းမှာ လေ့ကျင့်သင်ကြားခြင်း မပြုဖို့ ပိတ်ပင်ခဲ့တယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်နဲ့ ဒုဂိုဏ်းချုပ်ကတော့ ချန်းကျန်းဂိုဏ်းရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ ခြွင်းချက်အဖြစ် လေ့လာနိုင်တဲ့ ခြွင်းချက် ရှိတာ လူသိနည်းတယ်၊ ကျင်းရှုတ်နဲ့ ကျင်းဟွီးကို သတ်ပစ်ခဲ့တဲ့လူဟာ ချန်းကျန်းဒုဂိုဏ်းချုပ် ရှောင်ကုချူးပေါ့ဗျာ"

ကျင်းတီ ပခုံးတွန့်လိုက်သည်။

"မင်းသိတာ တော်တော်များတာပဲ၊ ဒါပေမယ့် အူပြတ်အဆိပ်အရက်ကို သောက်ထားပြီးမှတော့ မင်း ဘာများတတ်နိုင်ဦးမှာလဲ"

ဟန်ထင်းရီက...

"ခင်ဗျားရဲ့ အူပြတ်အဆိပ်က တကယ်ပဲ အစွမ်းထက်ရဲ့လားဗျာ"

"ဘယ်လိုပြောလိုက်တာလဲ သိဝ်ကို အစွမ်းထက်တာပေါ့၊ အဆိပ်မိသွားတဲ့လူ တစ်ယောက်မှ အသက်ရှင်ခဲ့ဖူးတာ မရှိဘူးကွ"

"ဒါဖြင့် ကျုပ်က ဘာကြောင့် မသေသေးတာလဲ"

"မင်း..."

ကျင်းတီ မျက်နှာပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အုပ္ပြတ်အဆိပ်မိပြီးနောက် ပြင်းထန်သော ဝေဒနာ ခံစားရကာ လဲကျသေဆုံးသွားရမည် ဖြစ်လေသည်။

ယခု...

ဟန်ထင်းရီက ဘာမှ မဖြစ်သည့်အပြင် ရယ်ရယ်မောမော ပြောဆိုနိုင်သေးသည်ကို တွေ့မြင်နေရသည် မဟုတ်ပါလား။

ဟန်ထင်းရီက...

"ကျုပ်က ခွန်လွန်အဘိုးအိုနဲ့အတူ မြောက်ပိုင်းဒေသမှာ ငါးနှစ်လောက် နေခဲ့တယ်လေ"

ခွန်လွန်အဘိုးအိုသည် သိုင်းလောကၡ ပြိုင်ဘက်မရှိသော သိုင်းဆရာကြီးတစ်ဦး ဖြစ်လေသည်။

သိုင်းပညာအပြင် ဆေးပညာလည်း တစ်ဘက်ကမ်းခတ် ကျွမ်းကျင်သူ ဖြစ်လေသည်။

ဟန်ထင်းရီသည် ခွန်လွန်အဘိုးအိုနှင့် ငါးနှစ်နေခဲ့ပြီးနောက် သိုင်းပညာအပြင် ဆေးပညာနှင့် ဆေးဝါးများ ရရှိခဲ့ကြောင်း ထင်ရှားနေပါတော့သည်။

"မင်း..မင်းက ကျုပ်ရဲ့ အုပ္ပြတ်အဆိပ်ကို မကြောက်ဘူး ဟုတ်လား"

"ကျုပ်က မမှုလို့ သည်လိုနေတာပေါ့ဗျာ"

ကျင်းတီ အံကြိတ်လိုက်လေသည်။

"အဆိပ်ကို မမှုတော့ကော ဘာဖြစ်သလဲ၊ ကျုပ်က မင်းကို ကြောက်နေမယ်များ ထင်နေသလား"

ဟန်ထင်းရီက...



"ခင်ဗျားဟာ လူဆိုးဓားပြတစ်ယောက် ဖြစ်ခဲ့တဲ့အပြင် ယုံကြည်စိတ်ချမိတဲ့ မိတ်ဆွေတွေအပေါ် သစ္စာဖောက်ခဲ့လို့ ခင်ဗျားကို ချမ်းသာမပေးနိုင်ပါဘူးဗျာ"

သွေးသောက်စံအိမ်၌ ကျင်းတီ ဝင်ရှုပ်ခဲ့ခြင်းကြောင့် ရှောင်ဘုချူး လွတ်မြောက်သွားခဲ့ခြင်း ဖြစ်ပေသည်။

ကျင်းတီ ထိုင်ရာမှ ခုန်ထကာ တိုက်ခိုက်လာသောအခါ ဟန်ထင်းရီက ခန္ဓာကိုယ်သိမ်းရှဲ့ ရှောင်တိမ်းပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျင်းတီ၏တိုက်ခိုက်မှုကို ဟန်ထင်းရီ ရှောင်တိမ်းနိုင်ခဲ့သော်လည်း ဟန်ထင်းရီ၏လက်ဝါးကိုမူ ကျင်းတီ ရှောင်တိမ်းနိုင်ခြင်း ရှိခဲ့ချေ။

"ဝုန်း"

"အား"

ကျင်းတီ အဝေးသို့ လွင့်စင်သွားပေတော့သည်။

♠ ♠ ♠

ကျင်းတီမှာ ကြမ်းပြင်ပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်နေ၏။

ဟန်ထင်းရီက ကျင်းတီကို အမှုမထားတော့ပါ။

ဆိုင်ရှင်အဘိုးအိုနှင့် အလုပ်သမားဆိုင်လုလင်ကို လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင် သက်ပြင်းချလိုက်သည်။

"ကျင်းတီက လူဆိုးလူမိုက်ဘဝက လာတာဆိုတော့ ဉာဏ်နည်းတယ်၊ သူက မင်းကို လွယ်လွယ်နဲ့ ဂျမယ်လို့ ယူဆနေခဲ့တာပဲ"

ဟန်ထင်းရီက မေးလိုက်သည်။

"ခင်ဗျားကတော့ သည်လို မယူဆဘူးပေါ့ ဟုတ်ရဲ့လားဗျာ"

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

"မင်းဟာ ပေါ့ပေါ့တန်တန် လူတစ်ယောက်ဆိုယင် သူရဲကောင်းသိုင်းသမားအွဲ့ထူးကို ဘယ်လိုလုပ် ခံယူနိုင်မှာတဲ့လဲ"

"ခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟန်ထင်းရီသည် ထိုင်ရာမှ ထကာ ဆိုင်ရှင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ချန်းကျန်းဂိုဏ်းဟာ ဂုဏ်သိက္ခာရှိတဲ့ ဂိုဏ်းတစ်ခုပါ၊ ခုမှ ဂိုဏ်းချုပ်တစ်ယောက်က ဆိုင်ရှင်တစ်ဦးလို ရုပ်ဖျက်ထားတာ ရက်စရာကောင်းမနေဘူးလားဗျာ"

ဆိုင်ရှင်ကား ချန်းကျန်းဂိုဏ်းချုပ် ဖြစ်လေသည်။

ဆိုင်လုလင်မှာ ဒုဂိုဏ်းချုပ်ရှောင်ကုချူး ဖြစ်သည်။

ချန်းကျန်းဂိုဏ်းချုပ်က...

"ဗိုလ်ချုပ်ဝါတောင်ကို ကျောက်စိမ်းလက်က ဖျက်ဆီးလိုက်တယ်၊ ကျုပ်တို့က ချန်းကျန်းဂိုဏ်းမှာ ဘယ်လိုလုပ်ပြီး နေလို့ ရတော့မှာတဲ့လဲ"

ရှောင်ကုချူးက...



"ဟန်ထင်းရီ၊ မင်း သည်ဆိုင်ထဲက ထွက်သွားလို့ရမယ် ထင်နဲ့တော့"

ပြောယင်း ရှေ့သို့ လှမ်းထွက်လာလေသည်။

ချန်းကျန်းဂိုဏ်းချုပ်နှင့် ဒုဂိုဏ်းချုပ်ရှောင်ကုချူးတို့သည် ချန်းကျန်းဂိုဏ်းကို ကျောခိုင်းကာ ဤနေရာ၌ လာရောက်ပုန်းခိုနေခြင်း ဖြစ်လေသည်။

ကျင်းတီက ဟန်ထင်းရီအား လုပ်ကြံဖို့ ထောင်ချောက်ဖဲ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သူတို့ ထောင်ချောက်မိသွားခြင်း ဖြစ်ကြောင်း ရှောင်ကုချူးတို့ နားလည်လိုက်ကြလေသည်။

မည်သို့ဆိုစေ ရှောင်တိမ်းသွားရန် မဖြစ်နိုင်တော့ခြင်း ကြောင့် ဟန်ထင်းရီနှင့် ရင်ဆိုင်လိုက်ကြခြင်း ဖြစ်သည်။

"ယား"

ရှောင်ကုချူးက လက်နှစ်ဘက်ဆန့်တန်းကာ ခုန်အုပ်လိုက် [illegible]

ဟန်ထင်းရီ ရှောင်တိမ်းခြင်း မပြုဘဲ ပျံလွှားဓားဖြင့် ထိုးခွင်းလိုက်ရာ...

"အား"

ရှောင်ကုချူး ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကုချူး သေဆုံးသွားပြီ ဖြစ်သည်။

ဟန်ထင်းရီက ချန်းကျန်းဂိုဏ်းချုပ်အား စိုက်ကြည့်လိုက်...

"သွေးလင်းနို့ဂိုဏ်းချုပ်က ဘယ်သူလဲဆိုတာ ပြောပြ... မေတ္တာရပ်ခံပါတယ်ဗျာ"

ဟုလည်း တောင်းပန်လိုက်လေသည်။

ချန်းကျန်းဂိုဏ်းချုပ်က…

"သူရဲကောင်း သိုင်းသမားဟန်ထင်းရီရဲ့ သိုင်းပညာ... ကျုပ်က လက်တွေ့လေ့လာကြည့်ချင်တယ်၊ ကျုပ်အရေးနိမ့်သွားမယ် ဆိုယင် မင်းသိချင်တာကို ပြောပြဖို့ ဝန်မလေးပါဘူး"

ဟန်ထင်းရီ ရွေးချယ်စရာလမ်း မရှိတော့ပါ။

"ကောင်းပါပြီဗျာ"

ချန်းကျန်းဂိုဏ်းချုပ်က လက်ဝါးနှစ်ဘက်၌ အတွင်းအား... အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

ဟန်ထင်းရီကလည်း လက်ဝါးနှစ်ဘက်ကိုပင် အသုံးပြုလိုက်... သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်…

"ဝုန်း"

ချန်းကျန်းဂိုဏ်းချုပ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား... လေတော့သည်။

♠ ♠ ♠

## မိတ်ဆွေ

ရှီအင်းက ဟိုကြည့်သည်ကြည့်ဖြင့် စည်ကားသိုက်မြိုက်နေ... သော မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။

သူ၏အစ်မသည် ဆရာဖြစ်သူထံသို့ ထွက်သွားပြီ ဖြစ်သည်။

သူ့အား ကျောက်စိမ်းလက်သိုင်းကို ထပ်မံသင်ကြားပေးပြီး ...တ်ချသွားတော့မှ လမ်းခွဲသွားခြင်း ဖြစ်သည်။

သူမအား တော်တော်နှင့် ပြန်တွေ့ရတော့မည် မဟုတ်ပါ။

မောင်နှမအရင်းများ ဖြစ်ကြသော်လည်း သိုင်းလောက ...တာဝန်များ ထမ်းဆောင်ယင်း ကွဲကွာနေကြဦးမည် ဖြစ်လေသည်။

ရှီအင်းသည် တစ်ချိန်က သူ၏အသက်ကို ကယ်တင်ခဲ့သူနှင့် ...သွားရောက်တွေ့ဆုံ ဂါရဝပြုရန် ဆုံးဖြတ်ကာ ထွက်လာခဲ့ခြင်း ဖြစ်... လေသည်။

ရှီအင်းက ဆိုင်တစ်ဆိုင်ရှေ့၌ ခြေလှမ်းရပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်၏ဆိုင်းဘုတ်ကို မော့ကြည့်လိုက်သည်။

"စွမ်းအားအပေါင်ဆိုင်"

ချီအင်း ကျေနပ်သွားလေသည်။

အပေါင်ဆိုင်ထဲ လှမ်းဝင်လိုက်၏။

အပေါင်ဆိုင်တာဝန်ခံက ခရီးဦးကြိုပြုလေသည်။

"ဆရာလေး၊ ကျုပ် ဘာအကူအညီ ပေးရမလဲ ပြောပါဗျာ ကျုပ်တို့ စွမ်းအားအပေါင်ဆိုင်ဟာ တခြားဆိုင်တွေထက် အတိုးနှုန်း ပိုသက်သာပြီး ပစ္စည်းတန်ဖိုးဖြတ်တဲ့ နေရာမှာလည်း သာပါတယ် ဗျာ"

သူ့အား ပစ္စည်းလာပေါင်သူတစ်ယောက်ဟု အထင်မှား ကာပြောဆိုနေခြင်း ဖြစ်၍ ချီအင်း ရှက်သွားလေသည်။

"ကျုပ်က ဆိုင်ပိုင်ရှင်နဲ့ တွေ့ဖို့ လာခဲ့တာပါဗျာ"

တာဝန်ခံလည်း ချက်ချင်း တောင်းပန်လေတော့သည်။

"ကျုပ်စကားပြောမှားသွားတာကို ခွင့်လွှတ်စေချင်ပါတယ် ဆိုင်ရှင်ကို သွားပြီး အကြောင်းကြားပေးပါ့မယ်"

"ကောင်းပါပြီဗျာ"

ချီအင်းက အပေါင်ဆိုင် ဧည့်ခန်းထဲ၌ ထိုင်စောင့်နေလိုက် လေသည်။

မကြာပါချေ။

တာဝန်ခံနှင့်အတူ လူတစ်ယောက် လိုက်ပါ လာလေသည်။

ထိုလူမှာ လူရှီတန် ဖြစ်ပါသည်။

တာဝန်ခံက...



"သခင်လေးကို တွေ့ချင်တယ်လို့ ပြောတာ သူပါ ခင်ဗျာ"

ချီအင်းအား ညွှန်ပြကာ ပြောလိုက်လေသည်။

ချီအင်း ထိုင်ရာမှထပြီး ဂါရဝပြုပါတယ် ခင်ဗျာ"

လူရှီတန် မျက်မှောင်ကုပ်သွားလေသည်။

"မင်းကို ကျုပ် မသိပါလား"

ချီအင်း ပြုံးလိုက်သည်။

"နောင်ကြီးဟာ စွမ်းအားအပေါင်ဆိုင်ပိုင်ရှင် မဟုတ်လား ဗျာ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"နောင်ကြီးက ခရီးသွားယင်း ဒုက္ခရောက်နေတဲ့ လူတစ် ယောက်ကို ကယ်တင်ပြီး ဆေးဆရာတစ်ယောက်ဆီကို ပို့ပေးခဲ့တယ် မဟုတ်လားဗျာ"

လူရှီတန် ယခုမှ သတိရသွားလေတော့သည်။

"ကျုပ်ခရီးသွားယင်း ဒဏ်ရာတွေနဲ့ သေလုမျောပါး ဖြစ်နေ တဲ့ လူတစ်ယောက်ကို တွေ့ရလို့ ဆေးဆရာကြီးတစ်ယောက်ဆီကို ပို့ပေးခဲ့တယ်"

"အဲဒါ ကျွန်တော်ပါပဲ"

လူရှီတန်က ချီအင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေ သည်။

"လက်စသပ်တော့ မင်းကို"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း မင်းရဲ့ ဒဏ်ရာတွေကြောင့် သေသွားမယ်လို့တောင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ထင်မိတာ၊ ခုလို အသက်ရှင်ကျန်းမာလာတာ ဝမ်းသာစရာပါ"

ချီအင်း ဦးညွှတ်လိုက်သည်။

"နောင်ကြီးရဲ့ အသက်ကယ်တဲ့ ကျေးဇူးကြောင့်ပါဗျာ နောင်ကြီးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးဗျာ"

လူရှီတန် ရယ်မောလိုက်လေသည်။

"ကဲ ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့"

"ဟုတ်ကဲ့"

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

တာဝန်ခံက အလိုက်သိစွာဖြင့် ရေနွေးကြမ်းနှင့် သစ်သီးများ ယူလာပေးလေသည်။

"သုံးဆောင်လိုက်ပါဦး"

"ဟုတ်ကဲ့"

ချီအင်းသည် သူ၏အသက်သခင်ကျေးဇူးရှင်မှာ အလွန်ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်ကြောင်း နားလည်လိုက်လေသည်။

လူရှီတန်က...

"ငါ့ညီက လူဆိုးတွေနဲ့ တွေ့ခဲ့တာလား"

ဟုမေးမြန်းစုံစမ်းလာလေသည်။

ချီအင်း ပြုံးလိုက်သည်။

"ကျွန်တော်က မတော်တစ်ခေါက် ပညာလေးနဲ့ ဖြ ကျယ်မိသလို ဖြစ်သွားပါတယ်"

အရှက်ပြေ ပြောလိုက်လေသည်။

သိုင်းသမားတစ်ယောက်သည် တိုက်ပွဲများနှင့် ရင်ဆိုင်ရ



တွေ့နေရမည်သာ ဖြစ်ပါသည်။

ထိခိုက်ဒဏ်ရာရမှုများ၊ ရှုံးနိမ့်မှုများကိုလည်း ကြုံတွေ့ရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ရန်သူအား အရေးနိမ့်ခြင်းသည် ရှက်စရာ မဟုတ်သော်လည်း သူက ရှောင်တိမ်းထွက်ပြေးမိခဲ့ခြင်းကြောင့် ရှက်စိတ် ဖြစ်ပေါ်လာရလေသည်။

သွေးလင်းနို့ဂိုဏ်းကလည်း နာမည်ကြီးလှသည် မဟုတ်ပါလား။

လူရှီတန်က...

"ငါ့ညီကို ကြည့်ရတာ ညံ့ဖျင်းမယ့် လူတစ်ယောက်တော့ ဖြစ်နိုင်ဘူးဆိုတာ ကျုပ်ရိပ်မိပါတယ်၊ ကိုယ့်ထက် အင်အားကြီးတဲ့သူနဲ့ ရင်ဆိုင်ရလို့သာ ဖြစ်ရမယ်ဆိုတာလည်း ကျုပ်နားလည်ပါတယ်"

"ကျွန်တော်က သွေးလင်းနို့ဂိုဏ်းနဲ့ ရင်ဆိုင်ခဲ့တာပါ ခင်ဗျာ"

လူရှီတန် အံ့သြသွားလေသည်။

"လက်စသတ်တော့ သွေးလင်းနို့ဂိုဏ်းနဲ့ ရင်ဆိုင်ခဲ့ရတာကိုး၊ အင်း သွေးလင်းနို့ဂိုဏ်းဟာ သိုင်းလောကကို ဖျက်ဆီးပစ်မယ့်ဂိုဏ်းဆိုတောင် သတင်းကြီးနေတာ"

ချီအင်းက...

"ကျွန်တော်လည်း သူတို့နဲ့ ဆက်ပြီး ရင်ဆိုင်သွားမှာပါ၊ နေကောင်းသွားတာနဲ့ နောင်ကြီးကို လာပြီး ဂါရဝပြုတာပါ၊ ပြီးတော့..."

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက် ခြေသံပြင်းပြင်းနင်းကာ ဆိုင်ထဲ လှမ်းဝင်လာခြင်းကြောင့် ဖြစ်သည်။

ထိုလူသုံးယောက်သည် ဆိုင်ထဲ ရောက်လာသည်နှင့် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ အော်ငေါက်ကြိမ်းမောင်းလိုက်ကြလေသည်။

"အားလုံး ငြိမ်ငြိမ်နေ ခုခံမယ် မကြံနဲ့ သေသွားမယ်"

"ရှိသမျှ ပစ္စည်းတွေ အကုန်ထုတ်စမ်း"

"မြန်မြန်လုပ်"

လူဆိုးသုံးယောက်က ဓားပြလာတိုက်ကြခြင်း ဖြစ်ပါတော့သည်။

တာဝန်ခံ တုတ်တုတ် မလှုပ်ချေ။

လူရှိတန်ကလည်း ငြိမ်နေသည်။

ချီအင်း မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျားတို့ တော်တော် စော်ကားပါလား၊ သည်နေရာက မြန်မြန်ထွက်သွားယင် ကောင်းမယ်"

ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ မောင်းထုတ်လိုက်လေသည်။

"ဘာကွ"

"မင်းသေချင်လို့လား"

ဓားပြသုံးယောက်က ချီအင်းအား တိုက်ခိုက်လိုက်ကြလေတော့သည်။

ချီအင်း အံကြိတ်လိုက်သည်။

သူ့အပေါ်၌ ကျေးဇူးရှိနေသည့် လူရှိတန်အား ကူညီမည်ဟု



ဆုံးဖြတ်ကာ လူဆိုးသုံးယောက်နှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

အစ်မဖြစ်သူနှင့် တွေ့ဆုံရပြီးနောက် သူ၏သိုင်းပညာ ပို၍ တိုးတက်လာပြီ ဖြစ်လေသည်။

ကျောက်စိမ်းလက်ပညာကို ထုတ်ဖော်အသုံးမပြုရဘဲ လူဆိုးသုံးယောက်ကို ဆုံးမအနိုင်ယူနိုင်ခဲ့လေတော့သည်။

"ဝုန်း...ဝုန်း"

"အား"

လူဆိုးသုံးယောက် ဆိုင်အပြင်ဘက် လွင့်စင်သွားလေတော့သည်။

ထို့နောက် ဆိုင်ထဲ ဝင်လာကြခြင်း မရှိတော့ပါ။

ကြောက်လန့်တကြား ထွက်ပြေးသွားကြပုံ ရလေသည်။

"ဖျောင်း...ဖျောင်း...ဖျောင်း"

လူရှိတန်က လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်လေသည်။

"ငါ့ညီ သိပ်တော်တာပဲ၊ လူဆိုးတွေတော့ ကျုပ်ဆိုင်ကို လာပြီး နှောင့်ယှက်ဝံ့တော့မှာ မဟုတ်ဘူး"

ချီအင်းက...

"ကျွန်တော်က နောင်ကြီးကို ကူညီနိုင်တာကြောင့် ဝမ်းသာပါတယ်ဗျာ၊ နောင်ကြီးက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်တယ်ဆိုတော့ လူဆိုးဓားပြရန်က ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ သိုင်းသမားအချို့ကို ငှားရမ်းထားသင့်တယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုအကြံပေးလိုက်လေသည်။

လူရှိတန် ခေါင်းညိတ်လိုက်၏။

"ကျုပ်ကလည်း သိုင်းသမားတစ်ချို့ ငှားထားမယ်လို့ စိတ်ကူးရှိပါတယ်"

ချီအင်းကို အကဲခတ်ကြည့်ပြီး ဆက်ပြောလိုက်သည်။

"ညီလေးမှာ ထက်မြက်တဲ့ သိုင်းပညာ ရှိတာပဲ၊ ကျုပ်ရဲ့ ဆိုင်မှာ အလုပ်လာလုပ်ပါလား၊ ညီလေးအတွက် လိုလေသေး မရှိအောင် တာဝန်ယူပါ့မယ်၊ လစာလည်း ကောင်းကောင်းပေးမယ် လေ"

ချီအင်း ဦးညွှတ်လိုက်သည်။

"နောင်ကြီးရဲ့ စေတနာကို လေးစားပါတယ် ခင်ဗျာ၊ ကျွန်တော်က သိုင်းလောကသားတစ်ယောက် ဖြစ်လို့ လွတ်လွတ်လပ်လပ် နေချင်ပါတယ်၊ ဒါကြောင့် လက်မခံပါရစေနဲ့ ခင်ဗျာ၊ နောင်ကြီးရဲ့ စေတနာကို စော်ကားတယ်လို့လဲ မထင်စေချင်ပါဘူး"

လူရှိတန် ရယ်မောလိုက်လေသည်။

"ငါ့ညီသဘောထား ဘယ်လိုရှိတယ်ဆိုတာ ကျုပ်သဘော ပေါက်ပါတယ်၊ ခုချိန်မှာ လက်မခံနိုင်သေးလည်း၊ တစ်ချိန်ချိန်မှာ တော့ လက်ခံဖို့ စဉ်းစားစေချင်တယ်၊ ဘယ်လိုသဘောရသလဲ"

"ဟုတ်ကဲ့၊ ကျွန်တော် စဉ်းစားပါ့မယ် ခင်ဗျာ"

ချီအင်းသည် လူရှိတန် ကျေနပ်စေရန် ကတိပေးလိုက်လေ သည်။

လူရှိတန်က...



"သည်လို ကြားရတာ ဝမ်းသာပါတယ်ကွာ၊ ကဲ ကျုပ်ဆီကို ရောက်တုန်း အေးအေးဆေးဆေးပေါ့"

ထို့နောက် ချီအင်းအား အကျော်ကြားဆုံး စားသောက်ဆိုင် ကြီးတစ်ဆိုင်သို့ ခေါ်သွားကာ ကျွေးမွေးပြုစုလိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာ

ယိစင်းဖန်း...

ယိစင်းဖန်းသည် သဘောမနောကောင်းပြီး စိတ်ထားဖြူစင်သူ၊ သူတစ်ပါးအား အကူအညီပေးလိုသူ ဖြစ်လေသည်။

ထို့ကြောင့် လူရှီတန်သည် ယိစင်းဖန်း အလိုကျ ဆောင်ရွက်ပေးခဲ့ရလေသည်။

ယိစင်းဖန်းက ပိုင်ဆိုင်သည့် ငွေများ သာမက ပစ္စည်းများကိုလည်း နှမြောတွန့်တိုခြင်း မရှိပါချေ။

ယိစင်းဖန်း စိတ်ကြိုက်ဖြစ်စေရန် လူရှီတန် ဆောင်ရွက်ခဲ့ရာ၌ ငွေကြေး အကုန်အကျ အလွန်များခဲ့လေသည်။

သို့သော် လူရှီတန် ဆုံးရှုံးသွားသည်ဟု မထင်မိခဲ့ပါ။

ယိစင်းဖန်း၏မေတ္တာကို ရရှိလိုက်ခြင်းကြောင့် ဖြစ်ပါသည်။



တစ်နေ့...

လူရှီတန်သည် ယိစင်းဖန်း၏အိမ်သို့ ရောက်ရှိသွားသောအခါ ယိဖုံးက အပြင်သွားနေ၍ ယိစင်းဖန်းတစ်ယောက်ထဲသာ ရှိရအား အခွင့်အရေးရပြီဟု ယူဆလိုက်လေတော့သည်။

လူရှီတန်က အခွင့်အရေးကို လက်လွှတ်မခံတော့ပါ။

"ညီမ၊ ကျုပ်က ညီမနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ ကြာပါပြီ"

ယိစင်းဖန်း ပြုံးလိုက်လေသည်။

"အစ်ကိုက ဘာများ ပြောချင်လို့လဲရှင်"

"ကျုပ် ဘာပြောမယ်ဆိုတာ ညီမ သိပါတယ်"

"ဟင် ကျွန်မသိတယ် ဟုတ်လား"

"ညီမရယ် မသိချင်ဟန် ဆောင်မနေပါနဲ့၊ ကျုပ်က ညီမအပေါ် မေတ္တာသက်ဝင်နေတယ်ဆိုတာ ညီမ သိပါတယ်လေ"

ယိစင်းဖန်း ရယ်မောလိုက်လေသည်။

"သည်လိုကိုး၊ ကျွန်မကတော့ အစ်ကိုကြီးတစ်ယောက်လိုသဘောထားပြီး ရင်းရင်းနှီးနှီး ဆက်ဆံနေတာ၊ အလိုလိုက်အကြိုက်ဆောင်နေတာလို့ ထင်မိတာရှင်"

"ညီမရယ်"

လူရှီတန် ညည်းတွားလိုက်လေသည်။

ယိစင်းဖန်းက...

"ခုတော့ အစ်ကိုကြီးရဲ့ သဘောထားကို ကျွန်မ သိသွားပြီ

ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ကျုပ်ကို စိတ်ဆိုးသွားတာလားဟင်"

ယိစင်းဖန်း စိတ်ဆိုးသွားမည်ကိုတော့ လူရှီတန် စိုးရိမ်ပူပန်နေပါတော့သည်။

ယိစင်းဖန်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ စိတ်မဆိုးပါဘူး၊ ဘာကြောင့်လဲဆိုယင် တစ်ေ... အိမ်ထောင်ဘက်ရွေးချယ်တဲ့အခါ အစ်ကိုကြီးကို ဦးစားပေးဖို့ စဉ်းစားထားလို့ပါရှင်"

"ညီ..ညီမ တကယ် ပြောတာနော်"

"ဒါဟာ နောက်ပြောင်ကျီစယ်ရမယ့် ကိစ္စမျိုးမှ မဟုတ်တာဘဲရှင်"

လူရှီတန် ဝမ်းသာသွားလေသည်။

"ညီမရယ် ကျုပ်ဝမ်းသာရမယ့် စကားမျိုး ကြားပါရစေနော်"

"အစ်ကိုက ဘယ်လို စကားမျိုး ကြားချင်လို့လဲ"

"ကျုပ်က.."

လူရှီတန် တကယ်တမ်း ပြောမထွက်ဘဲ ဖြစ်သွား၏။

ယိစင်းဖန်းက...

"အစ်ကို့မေတ္တာကို လက်ခံပါတယ်ဆိုတဲ့ အဖြေစကားမျိုး ကြားချင်တာ မဟုတ်လား"

"ဒါအမှန်ပါပဲ"

"ဒါဖြင့် အစ်ကို ကြားရပြီလို့ မှတ်ထားလိုက်ပါတော့ရှင်"

"ဘယ်လို ညီမ ဘယ်လိုပြောလိုက်တာလဲ"



လူရှီတန် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယိစင်းဖန်း ရှက်ပြုံးလေး ပြုံးလိုက်သည်။

ထိုင်ရာမှ ဆတ်ခနဲထကာ အတွင်းဘက် ပြေးဝင်သွားလေသည်။

လူရှီတန်လည်း ငေါက်ခနဲ ထရပ်လိုက်မိသည်။

ယိစင်းဖန်းက သူ၏မေတ္တာကို လက်ခံလိုက်ပြီ မဟုတ်ပါလား။

ဝမ်းသာလွန်းသဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါတော့သည်။

"ညီမရေ လက်ထပ်ဖို့ ကျုပ်အမြန်ဆုံး စီစဉ်လိုက်တော့မယ်"

အော်ပြောယင်း အပြင်ဘက် ပြေးထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လူဖုံး၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

သူ၏ရှေ့သို့ ရောက်လာသော လူရှိတန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"လူရှိတန်၊ မင်းကို ကြည့်ရတာနဲ့ ငါတောင် အလိုလိုနေယင်း မောလာပြီ၊ အရေးကြီးတဲ့ကိစ္စ ရှိနေပြီ ဟုတ်လား"

လူရှိတန် ဦးညွှတ်လိုက်လေသည်။

"ဟုတ်ပါတယ် ဦးလေး"

"ဘာလဲ မင်းရဲ့ စွမ်းအား အပေါင်ဆိုင် အရှုံးပေါ်နေပြီလား"

"မဟုတ်ပါဘူး ဦးလေး"

"အရှုံးမပေါ်ဘူးဆိုယင် အမြတ်ကော ရှိရဲ့လား"

"ဟုတ်ကဲ့၊ သည်နှစ်ပိုင်းမှာ အမြတ်ငွေများများ ရလိုက်ပါတယ်"

လူဖုံးက…

"အမြတ်ငွေရယင် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ယင်း ပိုပြီး ကြီးထွားလာအောင် လုပ်ရမှာပေါ့၊ ဒါပေမယ့် ငါကြည့်ရတာက အပေါင်ဆိုင်လုပ်ငန်းကို မင်းသိပ်ပြီး စိတ်မဝင်စားသလိုပဲ"

"ကျွန်တော်.."

"အပေါင်ဆိုင်မှာ မင်းနေတာထက် အပြင်ထွက်နေတာ ပိုများတယ်ဆိုတာ ငါသိထားပြီးပါပြီ၊ ဘာလဲ မင်းက တခြားလုပ်ငန်းတစ်ခုခု ပြောင်းပြီး လုပ်ကိုင်ဖို့ ကြိုးစားနေတာလား"

"ဟာ သည်လို မဟုတ်ပါဘူး"

လူရှိတန် ကပျာကယာ ငြင်းလိုက်လေသည်။



လူဖုံးသည် ခက်ထန်မောက်မာသူ၊ ဒေါသကြီးသူ၊ ခွကျသူ တစ်ယောက်ဖြစ်ကြောင်း လူတိုင်း သိထားကြ၏။

ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားသော်လည်း သိုင်းလောက၌ ကျင်လည်ကျက်စားခြင်း မပြုပါ။

ဘိုးကျိုတက် ချမ်းသာကြွယ်ဝသည့်တိုင် အခြားသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုဘဲ မိရိုးဖလာ အပေါင်ဆိုင်လုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ခဲ့သည်။

"တို့ လူမျိုးနွယ်ရဲ့ စီးပွားနဲ့ ဂုဏ်သိက္ခာကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရလိမ့်မယ်၊ ငါတို့ မျိုးရိုးမှာ မင်းတစ်ယောက်ပဲ ကျန်တော့တာ၊ ဒါကြောင့် မင်းမှာ ပိုပြီး တာဝန်ရှိတယ်"

ထိုစကားမျိုးကို လူဖုံး မကြာခဏ ပြောတတ်သည်။

အပေါင်ဆိုင်လုပ်ငန်းကို ပစ်ပယ်ကာ အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု ပြောင်းလဲလုပ်ကိုင်မည်ဆိုလျှင် လူဖုံး ကျေနပ်မည် မဟုတ်ဘဲ ကန့်ကွက်မည်သာ ဖြစ်ကြောင်း လူရှိတန် နားလည်ထားလေသည်။

လူဖုံးက…

"လူရှိတန်၊ ခုတလော မင်းအသုံးအစွဲ ကြီးလွန်းတယ်ဆိုတာ တာဝန်ခံဆီကတစ်ဆင့် ငါသိပြီးပြီ၊ မင်း ဘာတွေ လျှောက်လုပ်နေသလဲ၊ ငါ့ကို ပြောစမ်းပါဦး"

"ကျွန်..ကျွန်တော်.."

လူရှိတန် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပါသည်။

လူဖုံးက…

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို စီးပွားခွဲပေးပြီး ကိုယ်ပိုင် အပေါင်ဆိုင် ဖွင့်ခိုင်းလိုက်ပေမယ့် ငါက စိတ်ချမယ်များ မှတ်နေသလား၊ မင်းကို လျစ်လျူ ထားမယ်များ မှတ်နေသလား၊ မျက်ပသီးဒေါက်ထောက် ကြည့်နေ တယ်ဆိုတာ မှတ်ထားစမ်းပါ"

လှရှိတန် ခေါင်းငုံ့ထားလိုက်လေသည်။

လှဖုံး ထိုင်ရာမှ ထလိုက်သည်။

လက်နှစ်ဘက် နောက်ပစ်ကာ ခေါက်တုန့်ခေါက်ပြန် လျှောက်လိုက်သည်။

လှရှိတန်ကား ကျောက်ရုပ်ပမာ မလှုပ်မယှက် ရှိနေ သည်။

လှဖုံးက လှရှိတန်၏ရှေ့၌ ရပ်လိုက်သည်။

"မင်းက မိန်းကလေးတစ်ယောက်အတွက်နဲ့ အချိန်ကုန် ကုန် လူပမ်း ဖြစ်နေတယ်ဆိုတာ ငါသိထားပြီးပြီ၊ ကဲ မင်း ဘာပြော ချင်သေးသလဲ"

လှရှိတန် သက်ပြင်းချလိုက်သည်။

ခေါင်းမော့ကာ ဦးလေးဖြစ်သူနှင့် မျက်နှာချင်းဆိုင်လိုက် လေသည်။

"ဦးလေး ပြောတာ မှန်ပါတယ်၊ ခုတလော ကျွန်တော် စီးပွားရေး လုပ်ငန်းကို လျစ်လျူရှုပြီး မိန်းကလေးတစ်ယောက် တွက်နဲ့ အချိန်ကုန် လူပမ်း ငွေတွေ ကုန်နေတာ မှန်ပါတယ် ခင်ဗျာ"

လှဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုဆိုတော့လည်း မင်းက ကိုယ့်အမှား ကိုယ်သိသား ပဲကွ၊ အေး အမှားကို သိပြီဆိုယင် ပြုပြင်ရတယ်ကွ၊ ကဲ ပြောပါဦး၊ အခု ငါ့ဆီကို လာခဲ့တာ မင်းရဲ့ အမှားကို ဖြေရှင်းဖို့ အကြံဉာဏ်လာ တောင်းတာ မဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျာ"

"မဟုတ်ဘူး၊ ဟုတ်လား"

"ကျွန်တော်က အိမ်ထောင်ပြုတော့မှာပါ၊ ဦးလေးကို လာ ပြီး အသိပေးတာပါ"

"ဘာကွ"

လှဖုံး မျက်လုံးကြီးပြူးကာ စိုက်ကြည့်လိုက်လေသည်။

လှရှိတန်က....

"ကျွန်တော် အိမ်ထောင်ပြုပါတော့မယ်၊ ကျွန်တော်တို့ မျိုး ဆက်ရေရှည်တည်တံ့ခိုင်မြဲနိုင်အောင် ကျွန်တော် အိမ်ထောင်ပြုရ မယ်လို့ ဦးလေးပဲ မကြာခဏ တိုက်တွန်းခဲ့တာပဲ မဟုတ်လား"

"အေးလေ..ငါက သင့်တော်မယ်ထင်တဲ့ မိန်းကလေးတွေပြ တော့လည်း မင်း ဘယ်တုန်းက သဘောကျလို့လဲ၊ အားလုံးကို ခေါင်း ခါခဲ့တာပဲ မဟုတ်လား"

"အခု ကျွန်တော် နှစ်သက်သဘောကျပြီး လက်ထပ်ဖို့ ဆုံး ဖြတ်ထားတဲ့ မိန်းကလေးတစ်ယောက် ရှိနေပါပြီခင်ဗျာ"

လှဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"ငါ သဘောမတူဘူးဆိုယင်ကော"

"ကျွန်တော်ကတော့ သူ့ကိုလက်ထပ်ဖို့ ဆုံးဖြတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



လူရှိတန်ကလည်း ပြတ်သားစွာ ပြောလေသည်။

ခက်ထန်ပြီး ခေါင်းမာသော တူဝရီးနှစ်ယောက် ထိပ်တိုက် တွေ့ကြခြင်းဖြစ်သည်။ လူဖုံးက…

"မင်းကို ငါက တစ်သက်လုံးပြုစုစောင့်ရှောက်လာခဲ့တာ မင်းရဲ့အိမ်ထောင်ရေးကိစ္စကို ငါပဲစီစဉ်မယ်၊ မင်းနာခံရမယ်၊ ဒါမှ ဟုတ်ယင်တော့ ငါသည်းခံမှာ မဟုတ်ဘူး"

သူ၏အသံ ခက်ထန် ကျယ်လောင်နေပါတော့သည်။

လူရှိတန်က…

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ခင်ဗျာ"

ဟု ထပ်ပြောလိုက်လေသည်။ လူဖုံးက…

"မင်းသဘောနဲ့ မင်းလုပ်ချင်ရာလုပ်ဖို့ ဆုံးဖြတ်ပြီးမှ ငါ့ကို ဘာကြောင့် သတိရနေတာလဲ ပြောစမ်းပါဦး"

"ကျွန်တော့်မှာ တာဝန်ရှိလို့ လာပြီးအကြောင်းကြားတာပါ ခင်ဗျာ"

"မလိုပါဘူး"

လူဖုံးက ကြမ်းပြင်ပေါ် ခြေဆောင့်ပြီး ဆက်ပြောလိုက်လေ သည်။

"လူရှိတန် ငါ့စကားနားမထောင်တဲ့အပြင် ငါ့ကို မရှိမသေ လုပ်တဲ့မင်းကို ငါက တူသားတစ်ယောက်လို သဘောမထားနိုင်တော့ ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းထိုက်နဲ့မင်းကံပဲ၊ ငါနဲ့ဘာမှ ပတ်သက်စရာ အကြောင်း မရှိတော့ဘူး၊ ကဲ မင်းသွားပေတော့"

"ကောင်းပါပြီ ဦးလေး"



လူရှိတန် ထိုင်ရာမှထလိုက်သည်။

လူဖုံးကို ဦးညွှတ်ဂါရဝပြုပြီး ချာခနဲလှည့် ထွက်သွားလေ တော့သည်။

♠ ♠ ♠

လူရှိတန် ထွက်သွားပြီဖြစ်လေသည်။

လူဖုံးက ထိုင်ခုံ၌ ပြန်ထိုင်ချလိုက်သည်။

ဆေးတံကို မီးညှိကာ ဖွာရှိုက်လိုက်လေသည်။

တစ်ယောက်အပေါ်တစ်ယောက် သံယောဇဉ်ကြီးလွန်းကြ သောတူဝရီးနှစ်ယောက်မှာ အိမ်ထောင်ရေးကိစ္စနှင့် သဘောထားကွဲ ကာ လမ်းခွဲလိုက်ကြပြီ ဖြစ်လေသည်။

ခြေသံအချို့ ထွက်ပေါ်လာပြီး တာဝန်ခံ ဝင်ရောက်လာ သည်။

အကောင်းစား လွှက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်း ယူလာလေသည်။

ရေနွေးကြမ်းအိုးချပေးလိုက်သောအခါ…

"အတော်ပဲ"

လူဖုံးက ဆေးတံကို ချပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ မှုတ်သောက်လိုက်လေသည်။

တာဝန်ခံက မလှုပ်မယှက် ရပ်နေလိုက်၏။

လူဖုံးက ရေနွေးကြမ်းတစ်ခွက် သောက်ပြီးမှ တာဝန်ခံကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လေသည်။

တာဝန်ခံသည် သူ့ထံ၌ အမှုထမ်းခဲ့သည်မှာ နှစ်ပေါင်း ဆယ်နှီးပါး ရှိပြီ ဖြစ်သည်။

အလွန်သစ္စာရှိသော လူယုံတော်တစ်ယောက်လည်း ... လေသည်။

လူဖုံးက...

"လူရှိတန်က အိမ်ထောင်ပြုတော့မယ်"

တာဝန်ခံ ဦးညွတ်လိုက်သည်။

"သူ့အသက် မငယ်တော့ပါဘူး သခင်ကြီး"

"အင်း သူသဘောကျတဲ့ မိန်းကလေးတစ်ယောက်ကို ... ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလေ"

"ကျုပ်တို့ဆိုင်မှာ ကျောက်စိမ်းလက်ကောက် လာ... မိန်းကလေး ဖြစ်မယ် ထင်ပါတယ်"

"ဒါပဲပေါ့"

တာဝန်ခံ သက်ပြင်းချလိုက်သည်။

"သည်မိန်းကလေးနဲ့ ဆိုယင် သခင်လေး အတော့်ကို ... စိုက်ရမယ် ထင်ပါတယ်"

လူဖုံး ပြုံးလိုက်သည်။

"ဒါပေါ့ သူ ဂရုမစိုက်ယင် စီးပွားပျက်မယ်၊ စိတ်ဆင်... မယ်၊ မိန်းကလေးက ရှာဖွေစုဆောင်းဖို့ထက် သူတစ်ပါးကို ... ပေးကမ်းစွန့်ကြဲဖို့လောက်ပဲ စိတ်ကူးနေတာ"

တာဝန်ခံက...



"သခင်ကြီး တားဆီးသင့်တယ် ထင်ပါတယ်"

ဟုအကြံပေးလိုက်လေသည်။

လူဖုံး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်တားသင့်ပေမယ့် မတားပါဘူး၊ လူရှိတန်က လုပ်ချင်... တစ်ခုရှိယင် ဘယ်သူမှ တားဆီးလို့ မရဘဲ ဖွတ်အတင်းလုပ်တတ် ... ကျုပ်တို့မျိုးနွယ်က သက်ဆင်းလာတဲ့လူ ပီသမှာပေါ့"

တာဝန်ခံ ပါးစပ်ပိတ်ထားလိုက်လေသည်။ လူဖုံးက...

"သူလုပ်ချင်တာကို ဖြစ်အောင် လုပ်တတ်ရမယ်၊ ခေါင်းမာ... ...ယ်၊ တဇွတ်ထိုး လုပ်တတ်ရမယ်၊ ကဲ ဘာကျန်သေးသလဲ သိ... ...လား"

တာဝန်ခံ ဦးညွတ်လိုက်သည်။

"ကျုပ် မပြောတတ်ပါဘူး သခင်ကြီး"

လူဖုံးက...

"ဒေါသကြီးတတ်ရမယ်၊ အတ္တဆန်ရမယ်၊ မျိုးနွယ်ကို စောင့်... ...န်းပြီး စီးပွားရှာတတ်ရမယ်လေ"

သူက ရယ်မောပြီး စကားဆက်လိုက်လေသည်။

"လူရှိတန်က ကျုပ်တို့ မျိုးနွယ်ရဲ့ စရိုက်ကို ဖော်ပြတဲ့ အနေ... ...နဲ့ သူလိုချင်တာကို ရအောင် ယူဖြီးပြီ၊ ရှေ့ဆက်ပြီးလည်း ကျုပ်တို့ရဲ့ ...ရိုက်တွေအတိုင်း ကျင့်ကြံသွားမှာ မြေကြီးလက်ခတ်မလွဲဘူးလေ၊ ...ကြောင့် သူက ဘယ်သူနဲ့ပဲယူယူ အရေးမကြီးတော့ပါဘူး"

တာဝန်ခံက...

"ဒါဖြင့် သခင်ကြီး သဘောတူတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သဘောမတူပါဘူး"

"ဗျာ"

"ကျုပ်က လူရှိတန်ရဲ့ မျိုးနွယ်စရိုက်ကို သဘောကျတာ ကျုပ်နဲ့ မပတ်သက်ရဘူးလို့ ဘာကြောင့် ပြောလိုက်သလဲ၊ သူ့ မောင်းထုတ်လိုက်ရသလဲ သိသလား၊ ဒါမှ သူက ကိုယ့်ကိုကိုယ် အ ကိုးတော့မှာလေ"

လူဖုံးသည် အလွန်ပရိယာယ်များသူ ဖြစ်ရကား အနီး နေထိုင်ခဲ့သည့် တာဝန်ခံပင် ဩချရလေတော့သည်။ လူဖုံးက—

"သူက ဘယ်လို မိန်းခလေးကိုပဲယူယူ အချိန်တန် သူ့စိတ်ကြိုက် ပုံသွင်းနိုင်လိမ့်မယ်၊ သူ့ရဲ့ဩဇာကို နာခံလာရ မယ်၊ လူရှိတန်က အပေါင်ဆိုင်လုပ်ငန်း တိုးတက်အောင်မြင်အော လုပ်နိုင်လိမ့်မယ်"

တူဖြစ်သူအပေါ် အလွန်ယုံကြည်စိတ်ချထားကြောင်း ရှားနေပါတော့သည်။ လူဖုံးက တာဝန်ခံကို စိုက်ကြည့်လိုက်သ

"တကယ်လို့ သူ့ရဲ့ဇနီးသည်ဟာ သူပုံသွင်းသလို မ ယင် ဘာတွေ ဖြစ်လာမလဲ သိလား"

တာဝန်ခံ ဘာမှ မပြောပါ။

လူဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

မျက်လုံးများသည်း အရောင်တဖိတ်ဖိတ် ဝင်း တောက်ပြောင်လာလေသည်။

"လူရှိတန် ဒေါသထွက်လာလိမ့်မယ်၊ သူ့ရဲ့အတ္တ ထွက် လာလိမ့်မယ်၊ သူဟာ ကျုပ်တို့မျိုးဆက်ပဲ မဟုတ်လား၊ ကျုပ်



အတွင်းသဘောကို မခန့်မှန်းနိုင်ခဲ့ယင်တော့ အဲသည်လူ ကျိန်းသေ ဒုက္ခရောက်ရလိမ့်မယ်"

တာဝန်ခံသည် လူဖုံး၏စကားများကို နားထောင်ယင်း ကြက်သီးထလာလေသည်။ လူဖုံးက...

"အခု သူပြန်သွားပြီ၊ သူ့အိမ်ကို ပြန်ရောက်သွားတာနဲ့ ပထမဆုံး ဘာလုပ်မလဲဆိုတာကော သိသလား၊ သူက အပေါင်ဆိုင် တာဝန်ခံကို ပထမဆုံး မောင်းထုတ်ပစ်လိမ့်မယ်၊ ပြီးတာနဲ့ သူ့ရဲ့ မင်္ဂလာကိစ္စကို အမြန်ဆုံး အကျဉ်းချုံး စီစဉ်လိမ့်မယ်၊ ကျုပ်ပြောတာ မယုံယင် စောင့်ကြည့်လိုက်ပေတော့"

စကားဆုံးလျှင် အလွန်သဘောကျသွားသည့်အလား တ ဟားဟား ရယ်မောလိုက်လေတော့သည်။

♠ ♠ ♠

စွမ်းအားအပေါင်ဆိုင်...

လူရှိတန်သည် အပေါင်ဆိုင်သို့ ပြန်ရောက်လာပြီ ဖြစ်လေသည်။ ဆိုင်ထဲ ရောက်သည်နှင့် တာဝန်ခံကို ခေါ်ယူတွေ့ဆုံလိုက်လေသည်။

"ကဲ တာဝန်ခံကြီး၊ ကျုပ်ဆိုင်ရဲ့ အခြေအနေကို ပြောပါဦး"

တာဝန်ခံ ဦးညွှတ်လိုက်သည်။

"ကျုပ်လည်း သခင်လေးကို အစီရင်ခံဖို့ပါပဲ၊ ခုတလော ငွေ အရင်းအနှီးများများ မထုတ်နိုင်တာကြောင့် အမြတ်ငွေ ရသင့်သ

www.burmeseclassic.com

www.burmeseclassic.com



လောက် မရှော် ဖြစ်နေပါတယ်၊ လုပ်ငန်းအေးနေတာမျိုး မဟုတ်ပါဘူး၊ ငွေထုတ်နိုင်ယင် ထုတ်နိုင်သလို အကျိုးဖြစ်ထွန်းမှာပါပဲ"

လူရှိတန် ပြုံးလိုက်သည်။

"ကျုပ်က အပြင်မှာ အကုန်အကျ များနေပြီ၊ ဆိုင်ထဲမှာ ထပ်ပြီး ရင်းနှီးမြှုပ်နှံဖို့ လျစ်လျူရှုထားတယ်လို့ ခင်ဗျားဆိုလိုချင်တာလား"

ထိုအမေးကြောင့် တာဝန်ခံ ထိတ်လန့်သွားလေသည်။

"သည်...သည်လို သဘောမျိုး မဟုတ်ပါဘူး သခင်လေး ကျုပ်က လုပ်ငန်းသဘာဝကို ပြောပြတာပါ"

လူရှိတန်က...

"ကျုပ်တို့မှာ အပေါင်ဆိုင်လုပ်ငန်းကို မျိုးနဲ့ရိုးနဲ့ လုပ်ကိုင်ခဲ့ကြတဲ့ လူတွေဆိုတာ ခင်ဗျားမေ့နေပြီလား၊ လုပ်ငန်း အကြောင်းကို ကျုပ်နားမလည်ဘူးများ ထင်နေသလား၊ ကျုပ်ကို အကြံပေးလမ်းညွှန်ပြရမယ်လို့များ ထင်နေသလား၊ သည်ဆိုင်ဟာ ကျုပ်ရဲ့ဆိုင်လား၊ ခင်ဗျားရဲ့ဆိုင်လား ပြောစမ်းပါဦး"

တာဝန်ခံ တောင်းပန်လိုက်လေသည်။

"ကျုပ်မှားသွားပါတယ်၊ သခင်လေးက ဆိုင်ရှင်ပါ၊ ကျုပ်က အလုပ်သမားတစ်ယောက်မို့ အပေါင်ဆိုင်လုပ်ငန်းကို သခင်လေး ကျုပ်ထက် ပိုပြီး နားလည်ပါတယ်ဗျာ"

ထိုတာဝန်ခံသည် လူရှိတန်က ဆိုင်ခွဲတော့မည်ဆိုသော အခါ လူဖုံး စိတ်ကြိုက်ရွေးချယ်ပေးလိုက်သူ ဖြစ်သည်။

လူဖုံး၏လက်ရုံးတာဝန်ခံ၏ လက်ထောက်အဖြစ် လုပ်ကိုင်



ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်ပြီး အလွန်ယုံကြည် စိတ်ချရသူလည်း ဖြစ်လေသည်။

လူဖုံးက...

"ခင်ဗျားက အလုပ်သမားဆိုယင် ကိုယ့်ကိုကိုယ် ဘယ်လို နေထိုင်ရမယ်ဆိုတာ သိရမှာပေါ့၊ ကျုပ်ကို ဆရာလာလုပ်တာ၊ ကျုပ် သဘောကျမယ်များ ထင်နေသလား၊ ကျုပ် ဘယ်တော့မှ လက်မခံဘူးဆိုတာ မှတ်ထားပါ၊ ဒါ ခင်ဗျား အထုပ်ပြင်ပေတော့၊ ကျုပ်ဆိုင်မှာ ခင်ဗျားကို ဆက်မထားနိုင်တော့ဘူး"

ခပ်ပြတ်ပြတ်ပင် မောင်းထုတ်လိုက်တော့သည်။

သူက ဘယ်သူ့မျက်နှာကိုမှ ထောက်ထားခြင်း မရှိပါချေ။

ဒေါသကြီးသူ၊ အတ္တကြီးသူ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

လူဖုံး ပြောခဲ့သည့် စကားများလည်း သွေးထွက်အောင် မှန်ကန်နေလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ရှေးကြမ္မာ

ချီအင်းသည် လူရှီတန်အား ဂါရဝပြု နှုတ်ဆက်ပြီး ထွက်လာခဲ့လေသည်။

အစ်မဖြစ်သူ ချီရှန်းကျင်းနှင့် တွေ့ခဲ့ရသလို အသက်ကယ်သည့် ကျေးဇူးရှင် လူရှီတန်နှင့်လည်း တွေ့ခဲ့ရပြီး ဖြစ်သည်။

သူ၏သိုင်းပညာ တိုးတက်လာခြင်းကြောင့် သွေးလင်းနို့ဂိုဏ်းနှင့် ဆက်လက်ရင်ဆိုင်ရန်သာ ရှိတော့သည် မဟုတ်ပါလား။

သိုင်းလောကတစ်ခုလုံးကလည်း သွေးလင်းနို့ဂိုဏ်းအား ဖော်ထုတ်ချေမှုန်းနေကြပြီ ဖြစ်လေသည်။

အထူးသဖြင့် သူရဲကောင်းသိုင်းသမား ဟန်ထင်းရီ၏ လုပ်ဆောင်မှုများက အထင်အရှားဖြစ်လေသည်။

ဟန်ထင်းရီက ချန်ကျန်းဂိုဏ်းမှာ သွေးလင်းနို့ဂိုဏ်းနှင့် ပတ်သက်နေကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

သွေးလင်းနို့ဂိုဏ်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ချန်ကျန်းဂိုဏ်းချုပ်အား ဆုံးမနိုင်ခဲ့လေသည်။



သိုင်းလောကအား ဒုက္ခပေးခဲ့သော သွေးလင်းနို့ဂိုဏ်းမှာ တစ်စတစ်စ အရေးနိမ့်လာသည်။

သွေးလင်းနို့ဂိုဏ်းသားများ အကျအဆုံးများကာ ဖရိုဖရဲဖြစ်လာခဲ့ကြလေသည်။

သို့တိုင် အခွင့်အရေးရလျှင်ရသလို အလစ်အငိုက်ဖမ်းကာ သိုင်းလောကအား ဒုက္ခပေးရန် ကြိုးစားနေကြဆဲ။

ထို့ကြောင့်လည်း ချီအင်းက သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းရာ၌ တတပ်တအား ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ချီအင်း ခရီးထွက်လာခဲ့ရာ မြို့ကလေးတစ်မြို့သို့ရောက်လျှင် လမ်းဆုံလမ်းခွတစ်နေရာ၌ လူအများ စုရုံး စုရုံးရှိနေသည်ကို တွေ့လိုက်ရလေသည်။

ချီအင်း စိတ်ဝင်စားသွားလေသည်။

"ဘာများ ဖြစ်နေတာပါလိမ့်"

ခပ်သွက်သွက် လှမ်းသွားပြီး အကဲခတ်လိုက်မိသည်။

ထိုအခါ မိန်းမချောလေးတစ်ယောက်က ဆင်းရဲနွမ်းပါးသူများအား ငွေစ အဝတ်အထည်နှင့် မုန့်ခြောက်များဝေငှပေးနေသည်ကို တွေ့လိုက်ရလေသည်။

"စေတနာရှင် မိန်းကလေးတစ်ယောက်ပါလား"

ထိုမိန်းမချောလေးကိုကြည့်ယင်း ချီအင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

မည်မျှကြာအောင် ငေးကြည့်နေမိမှန်းမသိ သူ့ သတိဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ လှုရှင်းသွားပြီး မိန်းမချောလေးတစ်ယောက်ထဲ ကျန်ရစ်ခဲ့သည်ကို တွေ့ရလေသည်။

မိန်းမချောလေးက သူငေးကြည့်နေသည်ကို သတိပြုမိသွားပြီး ပြုံးပြလေသည်။

"ကျွန်မက ဆင်းရဲနွမ်းပါးတဲ့လူတွေကို တတ်နိုင်သလောက် ကူညီနေတာပါရှင်"

ဟုလည်း ပြောလေသည်။ ချိုအင်း ဦးညွှတ်လိုက်သည်။

"ညီမရဲ့ မွန်မြတ်တဲ့ စေတနာကို လေးစားပါတယ်၊ ကျုပ်က ချိုအင်းပါ"

ယခုမှတွေ့ရသော မိန်းကလေးတစ်ယောက်အား နာမည်ပြောပြမိသည်အထိ သတိလက်လွတ်ဖြစ်သွားလေတော့သည်။

သူက နာမည်ပြောပြလိုက်သဖြင့် မိန်းမချောလေးကလည်း ယဉ်ကျေးမှုအရ သူမ၏နာမည်ကို ပြန်ပြောပြလေသည်။

"ကျွန်မက ယိစင်းဖန်းပါရှင်"

ချိုအင်း ရယ်မောလိုက်သည်။

"ကျုပ်က နာမည်ပြောပြပြီး ညီမရဲ့နာမည်ကို သိရအောင် လုပ်သလို ဖြစ်နေပါပြီ၊ ကျုပ်ကို ဘယ်လိုမှ သဘောမထားစေချင်ဘူး၊ စေတနာကောင်းလှတဲ့ ညီမလိုမိန်းကလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရယင် ကောင်းမယ်လို့ တွေးမိလိုက်လို့ပါ"

မိန်းမချောလေး (ဝါ) ယိစင်းဖန်းလည်း ရယ်မောလိုက်၏။

"ဟော...ပြောယင်းဆိုယင်း နောက်တဆင့် တက်လာပြန်ပြီပေါ့"



သူမသည် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူ၊ ပျော်ပျော်နေတတ်သူဖြစ်ကြောင်းလည်း ပေါ်လွင်နေတော့သည်။

ချိုအင်း ဦးညွှတ်လိုက်သည်။

"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်ကို အခွင့်အရေးသမားတစ်ယောက်လို့ မထင်စေချင်ပါဘူး"

တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်လေသည်။

"ကျုပ်က အရိပ်မဲ့ကျေးရွာကို သွားမလို့ ခရီးထွက်လာခဲ့တာပါ"

"ဩော်"

မိန်းမချောလေး ယိစင်းဖန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အရိပ်မဲ့ကျေးရွာပိုင်ရှင်ဟာ သွေးလင်းနိုဂိုဏ်းချုပ်ဖြစ်တယ်လို့ သတင်းကြီးနေတာ၊ သိုင်းလောကသားတွေက ချေမှုန်းဖို့ သွားနေကြပြီ၊ ကျွန်မလည်း သွားဖို့စိတ်ကူးရှိပါတယ်၊ ဒါပေမယ့် တခြားတိစ္ဆတွေနဲ့ အလုပ်ရှုပ်နေတာကြောင့် မသွားနိုင်ခဲ့ဘူး"

သူမသည် သိုင်းပညာတတ်မြောက်အားသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း ချိုအင်း သိလိုက်ရလေသည်။

ယိစင်းဖန်းက...

"ရှင်က အရိပ်မဲ့ကျေးရွာကို သွားမယ်ဆိုတော့ သူရဲကောင်းတစ်ယောက်ပါပဲ၊ ချီးကျူးပါတယ်ရှင်"

သူမ လေးလေးစားစား ရှိနေခြင်းကြောင့် ချိုအင်း ကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ ထိုစဉ်...

"မိန်းကလေး ကျုပ်တို့ကိုကော မစွန့်ကြဲချင်ဘူးလားဗျာ"

စကားသံနှင့်အတူ လူနှစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

♠ ♠ ♠

အရက်မူးသမား နှစ်ယောက်ဖြစ်လေသည်။

ထိုလူများ အနီးသို့ရောက်ရှိလာကြသောအခါ အရက်နံ့တထောင်းထောင်း ထနေခြင်းကြောင့် ချီအင်းနှင့် ယိစင်းဖန်းတို့ စိတ်ပျက်သွားကြလေသည်။

အရက်သမားနှစ်ယောက်အနက် တစ်ယောက် ရီသွဲ့သွဲ့ပြောလေသည်။

"ညီမလေးက စေတနာသဒ္ဓါတရား သိပ်ကောင်းတယ်လို့ လူတွေက ပြောနေကြတယ်၊ ကျုပ်တို့အတွက်လည်း အရက်ဖိုးလေး ဘာလေး မစပါဦး"

ကျန်တစ်ယောက်က...

"ညီမလေးကိုယ်တိုင် လိုက်ပြီးကျွေးမွေးပြုစုမယ် ဆိုယင်တော့ အတိုင်းထက်အလွန်ပေါ့လေ"

ပြောပြီး တဝါးဝါးတဟားဟား ရယ်မောလိုက်ကြလေသည်။ ယိစင်းဖန်းအား တမင် လာရောက်နှောင့်ယှက်ကြခြင်း ဖြစ်ပေတော့သည်။



ယိစင်းဖန်း မျက်နှာလေးရဲသွားသည်။

"ကျွန်မကို မနှောင့်ယှက်ကြပါနဲ့ရှင်"

သူမ တောင်းပန်လိုက်မှ အရက်သမားနှစ်ယောက်က ပိုကဲလာကြတော့သည်။

"ညီမလေးကို နှောင့်ယှက်တာ မဟုတ်ပါဘူးလေ၊ညီမလေး တသိုလ်ရသွားအောင် ကျုပ်တို့က အရက်ဖိုးတောင်းတာပါ"

"သိပ်သဘောကောင်းတဲ့ ညီမလေးကို ကျုပ်တို့က ဘာကြောင့်နှောင့်ယှက်ရမှာလဲကွယ် ဟဲ ဟဲ"

ဆွဲလားရမ်းလား လုပ်ကြမည့် အသွင်လည်းဖြစ်လာသည်။

"သိပ်သဘောကောင်းတဲ့ ညီမလေး ကျုပ်တို့နဲ့လိုက်ခဲ့ပါလား"

"ကျုပ်တို့ ဧည့်ကျူးဂုဏ်ပြုချင်လို့ပါ"

ယိစင်းဖန်း စိတ်ဆိုးသွားလေသည်။

သို့သော် သူမ စိတ်ထိန်းယင်း ချီအင်းအား နှုတ်ဆက်လိုက်သည်။

"ကျွန်မ သွားတော့မယ်"

သူမ ထွက်သွားရန် ဟန်ပြင်လိုက်ရာ အရက်သမားနှစ်ယောက်က ဟန့်တားလိုက်ကြသည်။

"မင်း သည့်အတိုင်း ထွက်သွားလို့ရမလား"

ချီအင်း လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

"ခင်ဗျားတို့ တရားလွန်နေပြီ၊ အေးအေးဆေးဆေး ထွက်သွားကြယင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



အရက်သမားနှစ်ယောက်က ချီအင်းအား ဟန့်တားရ ကောင်းလားဟု ရန်မူကြတော့သည်။

"မင်း ဘာရှုပ်တာလဲ"

"သေချင်ပြီထင်တယ်"

ချီအင်းလည်း တောင်းပန်၍မရနိုင်မှန်း နားလည်ကာ ဆုံးဖ လိုက်လေတော့သည်။

"ဖုန်း"

"ခွပ်"

"အား"

အရက်သမားနှစ်ယောက်မှာအထိနာသွားကြတော့မှ ထိတ် လန့်ပြီး ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွား ကြလေတော့သည်။

ချီအင်းနှင့်ယီစင်းဖန်းတို့ ရယ်မောလိုက်ကြသည်။

အရက်သမားနှစ်ယောက် နှောင့်ယှက်လာကြသည့်ကို အ ကြောင်းပြုကာ တစ်ယောက်နှင့်တစ်ယောက် ပို၍ရင်းနှီးလာကြလေ တော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
**သီဟအောင်**

# သူရဲကောင်းနှင့်မေတ္တာပဇ္ဆာ

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၁၀၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၈၂၀၉၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်လမ်း

တာ့စန်းတောင်တန်း…။

တာ့စန်းတောင်တန်းသည် အလွန်သာယာလှပသော ာင်တန်းကြီးတစ်ခု ဖြစ်ပါသည်။

တာ့စန်းတောင်တန်း၌ တောင်ခုနစ်လုံး ပါဝင်လေသည်။

ဆက်သွယ်နေသော တောင်ကြီးခုနစ်လုံးအား တာ့စန်း ာင်တန်းဟု ခေါ်ကြခြင်းလည်းဖြစ်လေသည်။

တာ့စန်းတောင်တန်း၌ ပါဝင်သော တောင်ကြီးခုနစ်လုံးအ ်တတိယတောင်နှင့် စတုတ္ထတောင် နှစ်လုံးကြား၌ ကျယ်ပြော ာချိုင့်ဝှမ်းတစ်ခုရှိနေသည်။

ထိုချိုင့်ဝှမ်းအတွင်း၌ သိုင်းလောက၌ ထင်ရှားသော အရိပ် ျေား၍ တည်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မဲ့ကျေးရွာပိုင်ရှင်မှာ 'ခိုးကျက်စူး' ဖြစ်သည်။

သိုင်းလောက၌ ကိုယ်ဖော့ပညာနှင့် ပတ်သက်လျှင် ဖြ ဘက်ကင်းသည်ဟု အားလုံးလက်ခံထားရသည့် သိုင်းဆရာကြီး ဦးလည်း ဖြစ်လေသည်။

ခိုးကျက်စူး၏ အရိပ်မဲ့ကျေးရွာသည် ရှေးယခင်ကပင် သို လောကနှင့် ခပ်ကင်းကင်းနေခဲ့ကြလေသည်။

သိုင်းလောကသားများက သွားရောက်နှောင့်ယှက်ခြ ပြုကြသလို အရိပ်မဲ့ကျေးရွာမှ သိုင်းသမားများကလည်း သိုင်း တသို့ဆင်းကာ ကျင်လည်ကျက်စားခြင်း မရှိသလောက် ရှား

မယခုတော့ သီးခြားကမ္ဘာလေးကဲ့သို့ နေထိုင်ခဲ့သော အ မဲ့ကျေးရွာသည် သိုင်းလောကအားလွှမ်းမိုးရန် ကြိုးစားအား နေကြသော သွေးလင်းနို့ဂိုဏ်းဌာနချုပ်အဖြစ် ပြောင်းလဲသွား သည်။

ခိုးကျက်စူးက သွေးလင်းနို့ဂိုဏ်းချုပ်အဖြစ် ခံယူကာ သို ငလောကအား လှို့ဝှက်စွာ ဒုက္ခပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ် ကြပြီဖြစ်လေသည်။

ဤတွင် သိုင်းလောကသားများသည် အရိပ်မဲ့ကျေးရွာ ချေမှုန်းရန် ဦးတည်သွားနေကြပြီ ဖြစ်စီလေသည်။

♠ ♠ ♠



ချီအင်းသည် အရိပ်မဲ့ကျေးရွာသို့ ဦးတည်ခရီးနှင်လာယင်း တာ့စန်းပထမတောင်ခြေသို့ ရောက်ရှိလာလေသည်။

တောင်ခြေ၌ စည်ကားနေသော ရွာကလေးတစ်ရွာရှိလေသည်။

ခရီးပြင်းနှင်လာခဲ့သော ချီအင်းသည် ထိုရွာကလေးသို့ ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်မှာ ဝင်ရောက်အနားယူ စားသောက်လိုက်လေသည်။

ထမင်းဆိုင်ထဲ၌ သိုင်းလောကသားများဖြင့်စည်ကားနေ၏။

အရိပ်မဲ့ကျေးရွာအကြောင်း ဝေဖန်ပြောဆိုသံများလည်း ဖုံးလွှမ်းနေသည်။

ချီအင်း၏စားပွဲနှင့် ကပ်လျက်စားပွဲတစ်လုံး၌ အညိုရောင် အင်္ကျီရှည်ဝတ်ဆင်ထားသူ ငါးယောက် ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြလေသည်။

ထိုလူများမှာ မြောက်ပိုင်း၌ ထင်ရှားသော သံမဏိဂိုဏ်းသားများဖြစ်ကြလေသည်။

အရိပ်မဲ့ကျေးရွာအား ချေမှုန်းရန် အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများ ရောက်လာကြသကဲ့သို့ သံမဏိဂိုဏ်းမှ လက်ရွေးစင်သိုင်းသမား ငါးယောက်လည်း ရောက်လာခဲ့ကြခြင်းဖြစ်လေသည်။

သံမဏိဂိုဏ်းမှ သိုင်းသမားငါးယောက်က စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ယင်း အရိပ်မဲ့ကျေးရွာအကြောင်း ဝေဖန်ပြောဆိုနေကြလေသည်။

"အရိပ်မဲ့ကျေးရွာဟာ ရေမြေတောတောင်သဘာဝက
ခံတပ်ကြီးတစ်ခုလို အကာအကွယ်ပေးထားတာကြောင့် သိုင်းလော
ကကိုတောင် ဂရုမစိုက်ဘဲ စိမ်ခေါ်နိုင်ကြတာ"

"အင်း...အရိပ်မဲ့ကျေးရွာကိုသွားတဲ့ သိုင်းသမားတွေဟာ
ကျောက်တောင်တွေ၊ တောအုပ်တွေကို ခက်ခက်ခဲခဲ ဖြတ်သန်းသွား
ရတာ လမ်းခရီးမှာ အရိပ်မဲ့ကျေးရွာကလူတွေ ချောင်းမြောင်းတို
ခိုက်တာခံရလို့ အတော်ကို အထိနာနေတယ်၊ ခုထိ တတိယတော
ခြေတာနေ ရှေ့မတိုးနိုင်ကြသေးဘူး"

"တတိယတောင်မှာ အဆိပ်ဆူးတောကြီး ဖုံးလွှမ်းနေ
မြေခိုးတွေလည်း ပေါများလှတယ်၊ လွယ်လွယ်နဲ့တော့ သွားလို့ရ
ဘူး"

သူတို့စိတ်ပျက်စွာ ညည်းတွားနေကြခြင်းဖြစ်ပါတော့သည်။

အရိပ်မဲ့ကျေးရွာအား ချေမှုန်းဖို့ကြိုးစားနေသော သိုင်း
လောကသားများမှာ မျှော်မှန်းမထားသော အန္တရာယ်များနှင့် ကြုံ
တွေ့နေရပြီး ထိခိုက်ကျဆုံးမှုများ ရှိနေ၏။

တတိယတောင်ခြေမှနေ၍ ရှေ့မတိုးနိုင်အောင် ဖြစ်နေကြ
သည်။

တတိယတောင်ခြေကို ဖြတ်ကျော်ပြီးသည်နှင့်အရိပ်မဲ့ကျေး
ရွာတည်ရှိသည့် ချိုင့်ဝှမ်းအစပ်သို့ ရောက်ရှိသွားမည် ဖြစ်လေသည်။



ထို့နောက် ဆက်လက်ပြီး အရိပ်မဲ့ကျေးရွာကို ချေမှုန်းနိုင်
မိမည်ဖြစ်လေသည်။

တတိယတောင်ပေါ်သို့ပင် မတက်နိုင်ကြသေးသောအခါ။

ချီအင်းသည် သံမဏိဂိုဏ်းမှ သိုင်းသမားငါးယောက် ပြော
နေကြသည်ကို ကြားသောအခါ စိတ်ပျက်သွားလေသည်။

သို့သော်...

"အရိပ်မဲ့ကျေးရွာဟာ သွေးလင်းနို့ဂိုဏ်းအမည်ခံပြီး ဒုက္ခ
းနေမှတော့ သူတို့ကို ချေမှုန်းရမှာပဲ၊ ကြုံတွေ့ရတဲ့ အခက်အခဲ
န္တရာယ်မှန်သမျှကို ကျော်လွှားနိုင်အောင် ကြိုးစားရမှာပဲ"

ကိုယ့်ကိုကိုယ် အားပေးလိုက်လေသည်။

"စားသောက်ပြီးလျှင် ကျသင့်ငွေပေးချေကာ ဆိုင်ထဲမှ
က်လာခဲ့လေသည်။

လမ်းပေါ်သို့ရောက်လျှင် သံမဏိငါးဖော်လည်း ဆိုင်ထဲမှ
က်လာကြသည်ကို တွေ့ရလေသည်။

သံမဏိငါးဖော်မှ တစ်ယောက်က ချီအင်းအား လှမ်းမေး
က်လေသည်။

"မိတ်ဆွေက အရိပ်မဲ့ကျေးရွာကို သွားမလို့လား"

ချီအင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် တစ်ယောက်ထဲ သွားတာထက် ကျုပ်တို့နဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဗိုကောင်းလိမ့်မယ်၊ အရိပ်မဲ့ကျေးရွာကလူတွေက လမ်းရိုးမှာ အလစ်ချောင်းပြီး ဒုက္ခပေးနေကြတာ၊ အငိုက်မိသွားရင် သိုင်းသမားနှစ်ဆယ်ကျော်နေပြီ"

ထိုလူက စေတနာနှင့်ပြောမှန်းသိ၍ ချီအင်း သဘောကျ လိုက်လေသည်။

"ကောင်းပါပြီဗျာ၊ နောင်ကြီးတို့နဲ့အတူ လိုက်ခွင့်ရတာ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ကဲ သွားစို့"

"ဟုတ်ကဲ့"

ချီအင်းလည်း သံမဏိသိုင်းသမားငါးယောက်နှင့် အတူ ကာ လိုက်သွားလေသည်။

တထိယတောင်သို့ ဦးတည်ခရီးနှင်ကြယင်း သစ်ပင်ချုံ ထူထပ်သော တောလမ်းတစ်နေရာသို့ရောက်လျှင်...

"သတိထား၊ သည်နေရာမျိုးက ချုံခိုတိုက်ခိုက်လို့ကောင်း တဲ့နေရာမျိုးပဲ"

သံမဏိသိုင်းသမားများက အချင်းချင်း သတိပေးလိုက်ကြ ၏။

ထိုစဉ်...

"ကယ်တော်မူပါ"

အထိတ်တလန့် အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြား



လိုက်ရလေသည်။

ချီအင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သူတို့ကြည့်လိုက်ကြရာ လူတစ်ယောက် ဒရောသောပါး ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ပြင်းထန်စွာ ဒဏ်ရာရထားပြီဖြစ်ပါသည်။

ထိုလူသည်လည်း ချီအင်းတို့အား တွေ့မြင်သွားပြီး အားကိုး တကြီး အကူအညီတောင်းလိုက်လေသည်။

"အရိပ်မဲ့ကျေးရွာကလူတွေ..."

ပြင်းထန်သော ဒဏ်ရာများကြောင့် ဆက်မပြောနိုင်တော့ဘဲ ဝုန်းခနဲ လဲကျကာ အသက်ပျောက်သွားတော့သည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

သံမဏိသိုင်းသမားငါးယောက်က လက်နက်ကိုယ်စီဆွဲ ထုတ်လိုက်ကြလေသည်။

ချီအင်းလည်း ရန်သူနှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက် သည်။

ထိုအချိန်မှာပင်...

"ဘာဖြစ်တာလဲဟေ့"

မေးမြန်းသံနှင့်အတူ အဘိုးအိုတစ်ယောက် ပြေးလွှား ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုမှာ ပိန်ပိန်ပါးပါး အသားမည်းကြုတ်ကြုတ်ရှိလေသည်။

သိမ်ဂဏီသိုင်းသမားတစ်ယောက်က...

"အရိပ်မဲ့ကျေးရွာကလူတွေ ချောင်းမြောင်းတိုက်ခိုက်ကြလို့ဗျ"

အဘိုးအိုက လဲကျသေဆုံးသွားသူအား စစ်ဆေးကြည့်လိုက်ပြီး...

"ချင်းအော်ဂိုဏ်းက လူတစ်ယောက်ပဲ"

ဟု မှတ်ချက်ချလိုက်သည်။

တဖန် သိမ်ဂဏီငါးဖော်ကိုကြည့်ကာ..

"မင်းတို့ကတော့ သိမ်ဂဏီဂိုဏ်းက ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"သိမ်ဂဏီဂိုဏ်းက ချီးကျူးစရာကောင်းပါတယ်၊ ဒါပေမဲ့ အရိပ်မဲ့ကျေးရွာကို ရင်ဆိုင်နိုင်လောက်တဲ့ အရည်အချင်းမရှိသေးပါဘူး"

"ဘာဗျ"

သိမ်ဂဏီဂိုဏ်းအား စော်ကားသည်ဟု မကျေမနပ်ဖြစ်သွားကြလေသည်။

အဘိုးအိုက...

"မင်းတို့မယုံယင် ကြည့်ထား"



ဟုပြောပြီး လျှပ်တပြက် တိုက်ခိုက်လိုက်ရာ...

"အား"

သိမ်ဂဏီဂိုဏ်းမှ သိုင်းသမားတစ်ယောက် လဲကျသွားလေတော့သည်။

အဘိုးအိုက ထိုလူ၏လက်ထဲမှဓားကို လုယူကာ ထိုလူ၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုသည် တိုက်ခိုက်ပြီးသည်နှင့် လှစ်ခနဲ ထွက်ပြေးသွားလေတော့သည်။

♠ ♠ ♠

သိမ်ဂဏီဂိုဏ်းမှသိုင်းသမားများ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

အဘိုးအို မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ သတိဝင်လာကြလေသည်။

"သည်အဘိုးကြီး အကောက်ကြံသွားတာပဲ"

"ချင်းအော်ဂိုဏ်းကလူတွေကို တိုက်ခိုက်ခဲ့တာလည်း သူပဲဖြစ်မယ်"

"သူ ပြေးလွှားသွားတဲ့ ကိုယ်ဖော့ပညာ အရေးကိုထက်မြက်တယ်၊ အရိပ်မဲ့ကျေးရွာပိုင်ရှင် ခုံးကျက်စုံးဖြစ်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အယ်သူပဲဖြစ်ဖြစ်၊ ငါတို့လူတစ်ယောက်ကို တိုက်ခိုက်သွားတာ သည်းမခံနိုင်ဘူး"

"ဟုတ်တယ်၊ လိုက်ကြမယ်"

လေးယောက်သား ပြေးလွှားသွားကြလေသည်။

ချီအင်း ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠

ချီအင်း သတိဝင်လာသောအခါ သံမဏိသိုင်းသမားများ မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

အသားမည်းအဘိုးအိုနောက်သို့ လိုက်သွားကြခြင်းဖြစ်သည်။

ချီအင်း သက်ပြင်းချမိသည်။

"အရိုပ်မဲ့ကျေးရွာကိုသွားတဲ့လမ်းက တကယ့်အန္တရာယ်ခရီးလမ်းပါပဲလား"

မည်သို့ဆိုစေ သူက နောက်ကြောင်း လှည့်ပြန်သွားမည်မဟုတ်ပါချေ။

ချီအင်း သတိဖြင့် ရှေ့ဆက်ခဲ့လေသည်။

လမ်းတလျှောက်တွင် လဲကျသေဆုံးနေသော သိုင်းသမားများကို တွေ့ရလေသည်။



အရိပ်မဲ့ကျေးရွာက လမ်းခရီးမှ ကြားဖြတ်တိုက်ခိုက်ကာ ဒုက္ခပေးနေခြင်းဖြစ်ကြောင်း လက်တွေ့သိမြင်လိုက်ရ၏။

ချီအင်း ထမင်းတစ်အိုးချက်ခန့် ကြာအောင် လျှောက်လာခဲ့ရာ ကျောက်တုံးကျောက်ခဲများ စုပုံနေသောနေရာသို့ရောက်လျှင် လဲကျသေဆုံးနေသော သံမဏိသိုင်းသမားလေးယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

"တောက်"

ချီအင်း စိတ်မကောင်းဖြစ်ကာ တက်ခေါက်လိုက်မိလေသည်။

"တော်တော် ရက်စက်တဲ့အဘိုးကြီးပဲ"

ဟု ရေရွတ်မိလေသည်။

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာလေသည်။

ချီအင်း ကြည့်လိုက်သောအခါ ကျောက်တုံးကြီးတစ်တုံးပေါ်၌ထိုင်ကာ ရယ်မောနေသော အသားမည်းအဘိုးအိုအား တွေ့လိုက်ရလေသည်။

"ခင်...ခင်ဗျား"

အဘိုးအိုက...

"မင်းက အရိပ်မဲ့ကျေးရွာကို သွားမလို့လား"

"ဟုတ်တယ်၊ ခင်ဗျားဟာ အရိပ်မဲ့ကျေးရွာက လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟုတ်လား"

"သေချာတာပေါ့ကွာ"

အဘိုးအို၏မျက်နှာ ခက်ထန်သွားလေသည်။

"သိုင်းလောကသားတွေက ငါ့ရဲ့ကျေးရွာကို ဖျက်ဆီး ရောက်လာကြတော့ ငါ့လူတွေကထွက်ပြီး ရင်ဆိုင်ခဲ့ကြတယ်လေ တိုက်ပွဲတွေက နေ့ကောညပါ အဆက်မပြတ်ဖြစ်ပွားခဲ့တော့ ငါ့လူ တွေ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားလို့ နောက်ဆုံး ကိုယ်တိုင် ထွက်လာခဲ့ရတာပေါ့"

ချီအင်း မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားဟာ အရိပ်မဲ့ကျေးရွာပိုင်ရှင် ခုံးကျက်စူးဟုတ်လား"

"သေချာတာပေါ့ကွာ"

အရိပ်မဲ့ကျေးရွာပိုင်ရှင် ခုံးကျက်စူး မဲ့ပြုံးပြုံး၍ စကားဆို လိုက်လေသည်။

"ငါက သိုင်းလောကသားတွေကို ကြားဖြတ်တိုက်ခိုက် မလိုက်တယ်၊ တတိယတောင်ခြေကနေပြီး ရှေ့ဆက်မတိုးလာနိုင် အောင် ဝက်ပါထောင်ချောက်ဆင်ထားလိုက်တယ်၊ စုရုံးပိတ်မိနေကြ တဲ့လူတွေကို မကြာခင် အဆိပ်ငွေ့နဲ့ရှင်းပစ်ဖို့ ငါစီစဉ်ပြီးပြီ"

"ခင်..ခင်ဗျား ယုတ်မာလှချည်လား"

ချီအင်း ဒေါသဖြစ်သွားလေသည်။

ခုံးကျက်စူးက ရယ်မောလိုက်သည်။



"သိုင်းလောကမှာ ဝင့်ကြွားမောက်မာချင်တဲ့ချန်ကျန်းဂိုဏ်း ချုပ်နဲ့ အားလုံးကို စိတ်နာနေတဲ့ မျိုးဝါစ်အိမ်ပိုင်ရှင် ဟွကိုဖုံးတို့ကို ကျုပ်သတိပြုမိခဲ့တယ်၊ သူတို့နှစ်ယောက်ကို စည်းရုံးသိမ်းသွင်းပြီး အရိပ်မဲ့ကျေးရွာရဲ့အင်အားနဲ့ ပေါင်းလိုက်ယင် သိုင်းလောကကို လွှမ်း မိုးနိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်လေ"

ချီအင်းက...

"ခင်ဗျား မျှော်လင့်သလို ဘယ်တော့မှဖြစ်လာနိုင်မှာ မ ဟုတ်ပါဘူးဗျာ"

"မင်း မဆိုးဘူး၊ ချန်ကျန်းဂိုဏ်းချုပ်နဲ့ ဟွကိုဖုံးတို့ အသုံးမ ကျလို့ ငါဒုက္ခရောက်ရတော့မယ်ဋ်လေ၊ အေး သိုင်းလောကသားတွေ တိုလည်း ငါက ကောင်းကောင်းကြီးဒုက္ခပေးသွားမယ် မှတ်ထားပါ"

"ခြွမ်း"

ချီအင်းက ဓားဆွဲထုတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ဟန့်တားသွားမှာပဲ"

ခုံးကျက်စူး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ကလည်း မင်းကို ချမ်းသာမပေးပါဘူး"

ကျောက်တုံးကြီးပေါ်မှနေ၍ ငှက်ကြီးတစ်ကောင်အလား ခုန်ထွက်လာပြီး ချီအင်းအားတိုက်ခိုက်လိုက်လေသည်။

"ယား"

ချီအင်းလည်း ညာသံပေးကာဓားငွေ့ယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မဲ့ကျေးရွာပိုင်ရှင် ခုံးကျက်ရှူး(ဝါ) သွေးလင်းနို့ဂိုဏ်းချုပ်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရပြီဖြစ်သည်။

ချီအင်း ယှဉ်ပြိုင်အနိုင်ယူနိုင်ပါမည်လော။

ရုတ်တရက် ခုံးကျက်ရှူးသည် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

"ဟင်"

ချီအင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ကျုပ်ကို ရှာနေတာလား"

နောက်ကျောဘက်မှ ထွက်ပေါ်လာသောစကားသံကြောင့် ချီအင်း ကျောချမ်းသွားလေသည်။

ခုံးကျက်ရှူးက ပြိုင်ဘက်ကင်းသော ကိုယ်ဖျောက်ပညာ အသုံးပြုကာ နောက်ကျောဘက် ရောက်ရှိနေပြီဖြစ်ရာ သူ အရေးနိမ့်ချေပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ခုံးကျက်ရှူး ခင်ဗျားရဲ့မကောင်းတဲ့ လုပ်ရပ်တွေကိုရပ်တန့်ကရစ်လိုက်ပါတော့ဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ခုံးကျက်ရှူး မျက်နှာပျက်သွား၏။

"သိုင်းလောကသူရဲကောင်း ဟန်ထင်းရီ"



မာရေရွတ်လိုက်သည်။

ထိုနောက် ချီအင်းအား တိုက်ခိုက်ဖို့ မကြိုးစားတော့ဘဲ ချာခနဲ လှည့်ကာ ထွက်ပြေးသွားတော့သည်။

"ခင်ဗျား ပြေးလို့မလွတ်ပါဘူးဗျာ"

ချီအင်းကြည့်လိုက်ရာ လူရိပ်နှစ်ခုသည် မီးခိုးတန်းပမာ ရွေ့လျားသွားပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားကြလေတော့သည်။

♠ ♠ ♠

အရိပ်မဲ့ကျေးရွာ(ဝါ) သွေးလင်းနို့ဂိုဏ်းနှင့် သိုင်းလောကသားများ၏ တိုက်ပွဲများကား ကြောက်ခမန်းလိလိ ပြင်းထန်လှလေသည်။

အရိပ်မဲ့ကျေးရွာပိုင်ရှင် ခုံးကျက်ရှူးက သိုင်းလောကသားများအား လမ်းခုလတ်မှ ကြားဖြတ်လုပ်ကြံခဲ့သော်လည်း သိုင်းလောကသူရဲကောင်းဟန်ထင်းရီ ရောက်ရှိလာသောအခါ ခုံးကျက်ရှူး အရှုံးကြီးရှုံးသွားတော့သည်။

သိုင်းလောကသား အဆိုအရ ဟန်ထင်းရီနှင့် ခုံးကျက်ရှူးတို့၏တိုက်ပွဲမှာ သုံးရက်သုံးညတိတိ ကြာမြင့်ခဲ့သည်ဟု ချီအင်းသိခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဟန်ထင်းရှိ အနိုင်ရသွားခဲ့သည်။

ခုံးကျက်စူး သေဆုံးသွားပြီး အရိပ်မဲ့ကျေးရွာ ပျက်စီးသွားသည်။

သွေးလင်းနို့ဂိုဏ်းလည်း ပျက်စီးပျောက်ကွယ်သွားလေတော့သည်။

သွေးလင်းနို့ဂိုဏ်းအား ချေမှုန်းနိုင်လိုက်ပြီဖြစ်၍ သိုင်းလောကလည်း အေးချမ်းသာယာသွားလေသည်။

ချီအင်းသည် ခုံးကျက်စူးနှင့် ကိုယ်တိုင်ရင်ဆိုင်ခဲ့ရခြင်းမျိုးသော်လည်း အရိပ်မဲ့ကျေးရွာကို ချေမှုန်းရာ၌ ပါဝင်နိုင်ခဲ့ခြင်းကြောင့် ကျေနပ်နှစ်သိမ့်မိလေသည်။

ရှေ့ဆက်ပြီး သိုင်းလောကအကျိုး အများအကျိုး သည်မျိုးဆောင်ရွက်သွားမည်ဟုလည်း သန္နိဋ္ဌာန်ချခဲ့လေတော့သည်။

♠ ♠ ♠

## နောက်ကျတဲ့လူ

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

မြင်းစီးသမားတစ်ယောက်သည် မြင်းညိုကြီးကို အသားကျစီးနင်းကာ ပန်းပေါင်းစုံဖြင့် လှပနေသောခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူကား ချီအင်းဖြစ်ပေသည်။

အရိပ်မဲ့ကျေးရွာ ပျက်စီးသွားကာ သိုင်းလောက အေးချမ်းသာယာသွားပြီးနောက် ချီအင်းက အနားယူနေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်မင်ရင်းနှီးခဲ့သော ယိစင်းဖန်းထံသို့ အလည်အပတ်လာခဲ့ခြင်းဖြစ်လေသည်။

ချီအင်းက ခြံဝင်းရှေ့သို့ရောက်လျှင် မြင်းပေါ်မှဆင်းကာ ခြံဝင်းထဲ လမ်းလျှောက်ဝင်လာခဲ့လေသည်။

ထိုစဉ်…

"ဘယ်သူ့ကို တွေ့ချင်လို့လဲရှင်"

မေးမြန်းသံထွက်ပေါ်လာခြင်းကြောင့် ကြည့်လိုက်ရာ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ချီအင်းက…

"ကျုပ်က ယိစင်းဖန်းနဲ့ တွေ့ချင်လို့ပါ"

မိန်းကလေးက…

"မမနဲ့တွေ့ချင်လို့ကိုး၊ မမ မရှိဘူးရှင့်"

"ဩော်…သူက အပြင်သွားတာလား"

"မဟုတ်ဘူးရှင့်၊ သတို့သားဆီကိုသွားတာ"

"ဗျာ"

မိန်းကလေး၏စကားကြောင့် ချီအင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"သတို့သားဆိုတာက…"

"မမနဲ့ လက်ထပ်မယ့်လူပေါ့"

"ဗျာ"



"မမက သတို့သမီးလေ"

ချီအင်း ငေးငိုင်သွားလေတော့သည်။

ယိစင်းဖန်း…။

ယိစင်းဖန်းသည် သတို့သမီးဖြစ်နေချေပြီ။

သူမနှင့်လက်ထပ်ရမည့်သတို့သားရှိနေပြီ ဖြစ်သည်။

သူက ယိစင်းဖန်းကို မြင်သည့်နှင့်သံယောဇဉ်ဖြစ်မိခဲ့သည်။

သို့သော်…

သူ နောက်ကျနေပြီတကား။

ချီအင်း သက်ပြင်းချမိသည်။

"အင်း…သူလို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကိုလက်ထပ်ချင်တဲ့လူတွေ ပေါများတာ မဆန်းပါဘူးလေ၊ သူကလည်း ဖူးစာဘက်ကို ရွေးချယ်ပြီးပြီဆိုတော့ ငါ့ဘာတတ်နိုင်တော့မှာလဲ၊ သူ့ကို ညီမလေးတစ်ယောက်လို မိတ်ဆွေတစ်ယောက်လိုပဲ သဘောထား ဆက်ဆံသွားရတော့မှာပေါ့လေ"

စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

ယိစင်းဖန်း၏ မေတ္တာကို မမျှော်လင့်တော့ပါ။

ယိစင်းဖန်းကလည်း ဖူးစာရှင်ရှိနေပြီဖြစ်၍ သူ့အား စိတ်ထားရိုးသားသန့်ရှင်းစွာဖြင့် မိတ်ဆွေတစ်ဦးကဲ့သို့သာ သဘောထားလိမ့်မည်ဖြစ်လေသည်။

သူတို့နှစ်ယောက် ဖြူစင်ရိုးသားသော မိတ်ဆွေများအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ရင်းရင်းနှီးနှီးနေသွားနိုင်ကြသည် မဟုတ်ပါလား။

ချီအင်းသည် ယိစင်းဖန်း၏ မိတ်ဆွေဘဝကိုလည်း ကျော်နိုင်မည် ဖြစ်ပါသည်။

ယိစင်းဖန်းအပေါ် ထားနိုင်သည့်မေတ္တာတရားကလည်း ဖြူစင်သည် မဟုတ်ပါလား။

"ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

မိန်းကလေးအား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

နောက်ကျောဘက်မှနေ၍ မိန်းကလေးက တစ်စုံတစ်ရာ ပြောလိုက်သော်လည်း ချီအင်းမကြားနိုင်တော့ချေ။

ခြံဝင်းအပြင်ဘက်ရောက်လျှင် မြင်းပေါ် ခုန်တက်ကာ ခပ်သွက်သွက် မောင်းနှင်သွားလိုက်လေတော့သည်။

♠ ♠ ♠

သိုင်းလောက အေးချမ်းသာယာသွားပြီဖြစ်၍လည်း ကောင်း၊ ယိစင်းဖန်းက အိမ်ထောင်ပြုတော့မည်ဖြစ်၍လည်းကောင်း ချီအင်းမှာ သွားစရာမရှိဘဲ ပျင်းယိနေလေသည်။

တစ်နေ့တစ်နေ့ အိပ်လိုက်စားလိုက်ဖြင့် အချိန်ကုန်ရ လေသည်။

သို့ဖြင့် တစ်နေ့တွင် သူ့ထံသို့ လူတစ်ယောက် ရောက်၍



လာလေသည်။

ထိုလူက စာတစ်စောင် လာပို့ပေးခြင်းဖြစ်သည်။

ချီအင်းက စာကိုယူကာ ဖတ်ကြည့်လိုက်ရာ...

"ညီလေးချီအင်း

ကျုပ်ရဲ့ မင်္ဂလာပွဲကို အမြန်ဆုံးနဲ့ အကျဉ်းရုံးကျင်းပဖို့ စီစဉ်ထားလို့ လဆန်းငါးရက်နေ့အရောက် လာခဲ့စေချင်တယ်။

လူရှီတန်"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ချီအင်း ပြုံးလိုက်မိလေသည်။

"အစ်ကိုကြီးလူရှီတန်က အိမ်ထောင်ပြုတော့ မလို့ကိုး၊ ဒါကသာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်မယ်ကြံကာရှိသေး တယ်၊ အရှုံးပေးလိုက်ရတယ်၊ အစ်ကိုကြီးကတော့ တယ်ကံပါလား"

လူရှီတန်ထံသို့ သွားဖို့ ဆုံးဖြတ်လိုက်လေတော့သည်။

အကယ်၍...

လူရှီတန်နှင့်လက်ထပ်မည့် သတို့သမီးမှာ သူ့သံယောဇဉ် ရှိသော ယိစင်းဖန်းဖြစ်နေသည်ကိုသာ သိနိုင်မည်ဆိုပါလျှင်။

ချီအင်းက ခရီးထွက်ရန် ပြင်ဆင်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအား အပေါင်ဆိုင်...။

ယနေ့ အပေါင်ဆိုင်ပိတ်ထားလေသည်။

ဘယ်တုန်းကမှ မပိတ်ခဲ့သော အပေါင်ဆိုင်ပိတ်ထားသည်မှာ ဆိုင်ရှင် လူရှိတန်၏ မင်္ဂလာကိစ္စရှိနေခြင်းကြောင့်ဖြစ်လေ သည်။

လူရှိတန်သည် ဦးရိုးတော်လူဖုံးနှင့် အဆင်မပြေဖြစ်ပြီး နောက် သူ၏မင်္ဂလာကိစ္စကို အမြန်ဆုံးဆောင်ရွက်ခဲ့လေသည်။

ယခုစင်းဖန်းကလည်း လက်ခံလိုက်ပြီဖြစ်ရာ အပေါင်ဆိုင် ပင်မင်္ဂလာပွဲကို အကျဉ်းရုံးစီစဉ်ကျင်းပလိုက်ခြင်းဖြစ်သည်။

သူ၏မင်္ဂလာပွဲသို့ တက်ရောက်လာသူ များများစားစား မ ရှိပါချေ။

ချီအင်းနှင့် အမှုထမ်းဝတ်စုံ ဝတ်ဆင်ထားသူတို့နှစ်ယောက် သာရှိလေသည်။

စွမ်းအား အပေါင်ဆိုင်၏ဧည့်ခန်းထဲ၌ စားပွဲဝိုင်းကြီးမှာ စားသောက်ဖွယ်ရာများ ပြင်ဆင်ထားလေသည်။

လူရှိတန်၊ ချီအင်းနှင့် အမှုထမ်းတို့သုံးယောက်သာ ဝိုင်း ထိုင်နေကြလေသည်။

လူရှိတန်က မိတ်ဆက်ပေးလိုက်သည်။

"ဆရာဝမ်ယုႏ ဒါ ကျုပ်နဲ့ညီအစ်ကိုလို ခင်မင်ရင်းနှီးတဲ့ ချီ အင်းပါ"



"ညီလေး...ဒါက မြို့စားကြီးရဲ့လက်ရုံး အမှုထမ်းဝမ်ယုပါ။ မြို့စားကြီးက သိပ်ပြီး မကျန်းမာတော့ ကျုပ်တို့မြို့မှာ ရုံးတော်နဲ့ ပတ်သက်တဲ့ကိစ္စတွေအားလုံး ဆရာဝမ်ယုကိုပဲ တာဝန်လွှဲပေးထား တယ်လေ"

ချီအင်း ဦးညွှတ်လိုက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဝမ်ယုက...

"ကျုပ်တို့မြို့ကိုရောက်တုန်း လိုအပ်တဲ့အကူအညီရှိယင် ပြောပါဗျာ၊ ဘာမှအားမနာပါနဲ့"

"ကျေးဇူးပါပဲ"

"ကျုပ်က မြို့စားကြီးကိုယ်စား သည်မင်္ဂလာပွဲကို တက် ရောက်ပြီး အသိအမှတ်ပြုပေးတာပါ၊ ကျုပ်မှာ တခြားအရေးကြီးတဲ့ ကိစ္စတွေရှိနေတာကြောင့် ကြာကြာမနေနိုင်တာ နားလည်ခွင့်လွှတ် စေချင်တယ်ဗျာ"

ဝမ်ယုက ချီအင်းကို အသိအမှတ်ပြုယင်း မအားလပ်သည့် အကြောင်း လူရှိတန်ကို ဆက်၍ပြောပြလိုက်လေသည်။

လူရှိတန်က...

"ကျုပ်တို့မြို့က ကျယ်ဝန်းပြီး လူနေထူထပ်သလောက် ပြ ဿနာတွေလည်း များပါတယ်၊ ဆရာဝမ်ယုက မြို့ရွာအေးချမ်းရေး အတွက် ကြိုးပမ်းဆောင်ရွက်နေတာကို ချီးကျူးပါတယ်ဗျာ၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြပါဦး"

ထို့နောက် သုံးယောက်သား တပျော်တပါး စားသော[illegible] လိုက်ကြလေသည်။

ချီအင်းက သတို့သမီးကို မတွေ့ရသေးသဖြင့် အား[illegible] အားမရဖြစ်နေ၏။

ဆရာဝမ်ယုကမူ သတို့သမီးကို သိရှိထားပြီးဖြစ်ပုံ[illegible] သည်။

"သတို့သမီး ရောက်လာယင် ကျုပ်က နှုတ်ဆက်ခဲ့[illegible] လို့ပြောပေးပါဗျာ၊ ကဲ ကျုပ်ကို ခွင့်ပြုကြပါဦး"

"ကောင်းပါပြီဗျာ..ကောင်းပါပြီ"

အမှုထမ်းဝမ်ယု နှုတ်ဆက်ပြီး ပြန်သွားသောအခါ ချီအင်း နှင့်လူရှိတန်တို့နှစ်ယောက်ထဲ ကျန်ရစ်ခဲ့ကြလေသည်။

လူရှိတန်က...

"ဆရာဝမ်ယုဟာ တကယ်တော်တဲ့ အမှုထမ်းတစ်[illegible] ပါပဲ"

ဟု ချီးကျူးစကား ဆိုလိုက်လေသည်။

ချီအင်းက...

"ဒါထက် သတို့သမီးကောဗျ"

ဟုမေးလိုက်သည်။

လူရှိတန် သက်ပြင်းချလိုက်လေသည်။



"သူက အိမ်ပြန်သွားတယ်"

"ဗျာ"

"သူတို့ညီအစ်မနှစ်ယောက်က ဖခင်ကြီးနဲ့ အတူနေကြတာ [illegible]ခင်ကြီးက ဘုံကျောင်းတွေကို သွားပြီး တရားကျင့်နေတာ များပါ[illegible]ယ်၊ သူ့သမီးမင်္ဂလာတိစ္စကိုတောင် တရားသမားပီပီ ဝင်မပါခဲ့ဘူး [illegible]ပေမယ့် တိုက်တိုက်ဆိုင်ဆိုင် နေမကောင်းဖြစ်တာနဲ့ အိမ်ပြန် [illegible]က်လာတာ၊ အဲဒါ သွားပြုစုနေတယ်လေ"

ချီအင်း စိတ်မကောင်းဖြစ်သွားလေသည်။

"အစ်ကိုကြီးရဲ့ မင်္ဂလာပွဲက သတို့သမီးမပါတော့ ပျင်း [illegible]ခြောက်ခြောက်ကြီး ဖြစ်နေတာပေါ့"

လူရှိတန် ရယ်မောလိုက်သည်။

"မင်္ဂလာပွဲ မဟုတ်ပါဘူးကွာ၊ ဧည့်ခံပွဲပါ"

"ဗျာ ဒါဖြင့် မင်္ဂလာပွဲက.."

"တို့နှစ်ယောက်က သတို့သမီးအဖေနဲ့ မြို့စားကြီးရှေ့မှာ [illegible]ထပ်ပြီးပါပြီ၊ ဆုံးစံအရ ဧည့်ခံပွဲကျင်းပရမှာဆိုတော့ ညီလေး [illegible]ဆို ဖိတ်ခေါ်လိုက်ရတာပါ"

လူရှိတန်က ရှင်းပြလိုက်လေသည်။

ချီအင်းက...

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက ကျုပ်ကို သတိရတာ ကျေး [illegible]ဇူးတင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ညီအစ်ကိုများအလား ခင်မင်ရင်း
နေကြပြီ ဖြစ်ပါသည်။

ထိုစဉ် လူတစ်ယောက်သည် ဒယီးဒယိုင်ဖြင့် အတွင်းအ
အခန်းမှ ထွက်လာလေသည်။

ထိုလူထံမှ အရက်နံ့များ လှိုင့်ပျံ့လာ၏။

လူရှိတန် မျက်နှာထားတင်းသွားသည်။

"ကျင်းပွဲ...ဘာကိစ္စလဲ"

ကျင်းပွဲ ဆိုသူက...

"ဆရာတို့အတွက် အရက်လိုသေးသလားလို့ လာမေး
ပါ"

"မလိုဘူး၊ မင်းကော ဘယ်လိုဖြစ်နေတာလဲ၊ အရက်
တထောင်းထောင်း ထနေတော့တာပဲ"

လူရှိတန် ငေါက်လိုက်သောအခါ ကျင်းပွဲက ဦးညွှတ်
လေသည်။

"ကျုပ်က ဆရာရဲ့ မင်္ဂလာနေ့ထူးနေ့မြတ်မှာ ပျော်ရွှင်
လို့ အရက်သောက်မိတာပါ၊ နောက်ကို ဆင်ခြင်ပါ့မယ်ဗျာ"

"မင်းကို ပြောလိုက်ယင် သည်လိုချည်းပဲ၊ ကဲ သည်
ဘာမှမလိုဘူး၊ မင်းသွားတော့"

"ဟုတ်ကဲ့"

ကျင်းပွဲက အတွင်းအခန်းသို့ ပြန်ဝင်သွားလေသည်။



မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ချီအင်းက မေးလိုက်
လေသည်။

"သူက ဘယ်သူလဲဗျာ၊ တစ်ခါမှလည်း မတွေ့ဖူးပါလား"

လူရှိတန် သက်ပြင်းချလိုက်သည်။

"ကျုပ်က တာဝန်ခံကို သဘောမကျတာနဲ့ အလုပ်ထုတ်
ပစ်လိုက်တာ၊ ဆိုင်က အလုပ်များတော့ ကျုပ်တစ်ယောက်ထဲ
မနိုင်တာနဲ့ သူ့ကိုခေါ်ထားရတာ၊ ဒါပေမယ့် သူလည်း ဘာမှအသုံး
မကျတဲ့ ကဖော်သမားတစ်ယောက်ပါပဲ"

ကျင်းပွဲဆိုသူအား သဘောမကျဖြစ်နေကြောင်း ထင်ရှား
လေသည်။

"ဟိုတလောကတောင် ကျုပ်ရဲ့ဇနီးသည်ဆီကို ဖခင်ကြီး
အကြောင်းလာပြောတဲ့ ခယ်မလေးကို အရက်မူးမူးနဲ့ ရှိသွဲ့သွဲ့လုပ်
နေသေးတယ်၊ သူ့ကို ကျုပ်ဇနီးကလည်း သဘောကျတာ မဟုတ်
ဘူး၊ မကြာခင် အလုပ်ထုတ်ပစ်ရမှာပဲ"

ချီအင်း ပခုံးတွန့်လိုက်လေသည်။

"အလုပ်သမား မကောင်းယင် အလုပ်ရှင်စိတ်ညစ်ရတတ်
တယ်ဆိုတာမျိုး ဖြစ်နေတာကိုး"

"သိပ်မှန်တာပေါ့ ညီလေးရာ၊ ခုချိန်မှာ ကျုပ်ဆိုင်မှာ အ
လုပ် လာလုပ်မယ့်အလုပ်သမားတစ်ယောက်ရဖို့ မလွယ်သေးတော့
ကျင်းပွဲကို သည်းခံနေရတာ၊ မင်္ဂလာကိစ္စတွေ အားလုံးပြီးစီးသွား

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အားလုံး စနစ်တကျဖြစ်သွားအောင် ကျုပ်ပြန်ပြီး စီစဉ်မှာပါ ဒါထက် ညီလေးကို မေးချင်သေးတယ်"

"ဟုတ်ကဲ့ မေးပါ အစ်ကိုကြီး"

"ခုချိန်မှာ သိုင်းလောကလည်း အေးချမ်းသာယာနေတယ် ဆိုတော့ ညီလေး အားလပ်နေမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ညီလေး တခြားဘာမှလုပ်စရာမရှိသေးဘူးဆိုရင် ကျုပ်ဆိုင်မှာ အလုပ်လာလုပ်နိုင်မလား"

ချီအင်း ပြုံးလိုက်သည်။

"ကျုပ်က အားလပ်နေတယ်ဆိုတော့ လုပ်မယ်ဆိုယင် လုပ် နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်မကျွမ်းကျင်တဲ့အလုပ်ဖြစ်နေတော့"

"မပူပါနဲ့ကွာ၊ ကျုပ်သင်ပြပေးမှာပေါ့၊ ဒါပေမယ့် ရ မယ်လို့ အတင်းအကြပ်ကြီး ဆိုလိုတာ မဟုတ်ပါဘူး၊ ညီလေး စားလို့ရပါတယ်"

ချီအင်းက...

"ကောင်းပြီလေ၊ ကျုပ်စဉ်းစားပြီး အကြောင်းပြန်ပါ့မယ်"

လူရှိတန်က...

"မင်းသာ ကျုပ်ဆိုင်မှာ အလုပ်လုပ်မယ်ဆိုယင် ကျုပ် အချိန်မရွေး တံခါးဖွင့်ပြီး ကြိုဆိုနေမှာပါ"

မင်္ဂလာဧည့်ခံပွဲမှသည် အလုပ်ကိစ္စအကြောင်း ရောက်



၏။ လူရှိတန်က အပေါင်ဆိုင်လုပ်ငန်းဖြင့် စီးပွားရေးတိုးတက် လာစေရန် မည်သို့မည်ပုံစီစဉ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြော ပြလေသည်။

ချီအင်းလည်း စိတ်ဝင်စားသွားသည်။

တစ်နေ့တွင် လူရှိတန်၏ အပေါင်ဆိုင်၌ အလုပ်လာလုပ်ပြီး လူရှိတန်အား ကျေးဇူးဆပ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် နှစ်ယောက်သား စားသောက်ကြပြီး ညနေ ဆည်းဆာအချိန်ရောက်မှ ချီအင်း နှုတ်ဆက်ကာ ပြန်သွားလေတော့ သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အပြောင်းအလဲ

နွေ၊ မိုး၊ ဆောင်း။

ရာသီအလီလီ ပြောင်းလဲသွားလေသည်။

တစ်နှစ်တာသောအချိန်သည် မျက်စိတမှိတ် လျှပ်တပြက်
ကွင်း ကုန်ဆုံးသွားခဲ့သည်။ *

ထို့အတူ လူရှိတန်က ကဇော်သမားကျင်းပွဲအား သူ
မောင်းထုတ်ခဲ့ပြီဖြစ်သည်။

ကျင်းပွဲနေရာ၌ ချိုအင်းက ဝင်ရောက်လုပ်ကိုင်ဆော
နေပြီဖြစ်လေသည်။

အံ့ဩစရာကောင်းသည်ကား ယိစင်းဖန်းဖြစ်သည်။





ချိုအင်းက အပေါင်ဆိုင်၌ အလုပ်လုပ်မည်ဟု ဆုံးဖြတ်ကာ
လူရှိတန်အား ကတိပေးလိုက်သည်။

လူရှိတန့်ထံသို့ သူရောက်လာသောအခါ လူရှိတန်က
အပေါင်ဆိုင်တစ်ဆိုင်၏ ကိစ္စအဝဝကို သွန်သင်ပြသပေးလေသည်။

ပြီးမှ...

"လာဟေ့ မင်းကို ကျုပ်ရဲ့ဇနီးသည်နဲ့ မိတ်ဆက်ပေးရဦး
မယ်"

ချိုအင်းအား ခေါ်သွားပြီး ဇနီးသည်နှင့် မိတ်ဆက်ပေးခဲ့
လေသည်။

လူရှိတန်၏ ဇနီးသည်ကို တွေ့မြင်လိုက်ရသောအခါ...

"ဟင်...ညီမ"

ချိုအင်း တအံ့တဩဖြစ်သွားလေတော့သည်။

အကြောင်းကား လူရှိတန်၏ဇနီးသည်မှာ သူသံယောဇဉ်
ရှိခဲ့မိသည့် ယိစင်းဖန်းဖြစ်နေပါတော့သည်။

ယိစင်းဖန်းကတော့ အံ့ဩခြင်း မဖြစ်မိပါချေ။

"အစ်ကိုကြီးပြောကတည်းက ရှင်ပဲဖြစ်ရမယ်လို့ ကျွန်မရိပ်
မိနေပါတယ်ရှင်"

ပြုံးပြုံးကလေး ပြောလေသည်။

လူရှိတန်လည်း တအံ့တဩဖြစ်ရလေသည်။

"မင်းတို့နှစ်ယောက်က သိနေကြတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

"ဘယ်လို သိကြတာလဲ ပြောပါဦးကွ"

"သည်လိုပါဗျာ"

ချီအင်းက ရှင်းပြလိုက်လေသည်။

လူရှိတန်သည် ချီအင်းကိုတလှည့် ဇနီးသည်ကိုတလှည့် ကြည့်နေ၏။

ယိစင်းဖန်းက မည်သို့မျှ သဘောမထားပါ။

ချီအင်းကတော့ လူရှိတန်၏အကြည့်မှာ ထူးခြားနေသည် ဟု သတိပြုမိခဲ့လေသည်။

နောက်ပိုင်းတွင် လူရှိတန်သည်လည်း ယခင်နှင့်မတူ ဘဲ ပြောင်းလဲနေပြီဖြစ်သည်ကို သိလိုက်ရလေတော့သည်။

♠ ♠ ♠

ကျေးဇူးရှိသော လူရှိတန်နှင့် သံယောဇဉ်ဖြစ်မိသော စင်းဖန်းတို့ လက်ထပ်ခဲ့ကြပြီးသူတို့ထံ၌ ချီအင်းက အလုပ်လုပ်ခဲ့သော သည်။

သုံးယောက်သား ရင်းနှီးပြီးသားဖြစ်၍ ပျော်ပျော်ရွှင်ရွှင် မည်ထင်ရ၏။

သို့သော် ပြောင်းလဲနေသော လူရှိတန်ကြောင့် မျှော်လင့်



ပိုဖြစ်မလာတော့ပါ။

ကဇော်သမား ကျင့်ပဲ့အား မောင်းထုတ်လိုက်သည့်ကိစ္စ ွင် လူရှိတန်က ပြတ်သားလှသည်။

ခယ်မဖြစ်သော ယိစင်းဖန်း၏ညီမ ယိဖုံးအား နှောင့်ယှက် ည်။ အရက်သောက်သည်။ တာဝန်မကျေဟု စွပ်စွဲကာ လုပ်ခ ခ်ပြားတစ်ချပ်မျှ မပေးဘဲ မောင်းထုတ်လိုက်ခြင်းဖြစ်လေသည်။

ကျင့်ပဲ့က..

"လူရှိတန်ကို ဘယ်တော့မှ မကျေနပ်ဘူး"

ဟုကြုံးဝါးလေသောကြောင့် ချီအင်းနှင့် ယိစင်းဖန်းတို့ စိုး ိုးပန်ရလေသည်။

တဖန်...

လူရှိတန်သည် အပေါင်ဆိုင်သို့ ရောက်လာသူများ၏ပစ္စည်း ကို ဈေးနှိမ်ခြင်း အတိုးကြီးယူခြင်း၊ အဖိုးတန်ပစ္စည်းများဆိုလျှင် တ်မှတ်ထားသည့်ရက် မပြည့်သေးဘဲ အပေါင်ဆုံးပြီဟု ကြေငြာ ဖ မတရားသိမ်းယူခြင်းများ ပြုလုပ်ခဲ့လေသည်။

ချီအင်းက အကျိုးအကြောင်း ပြောသောအခါ...

"ကျုပ်က ယိစင်းဖန်းကိုရဖို့ ကြိုးစားတုန်းက သူ့ကို ဆိုလိုက်အကြိုက်ဆောင်ပြီး သူတပါးကို ကူညီပေးကမ်းစွန့် သို့ ဆုံးရှုံးသွားတဲ့ငွေတွေ မနည်းဘူး၊ သည်ငွေတွေ အားပြန်ရ ထင်ရာရမှာပဲ၊ အပေါင်ဆိုင်လုပ်ငန်းအကြောင်းဟု ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမသိဘဲ ဘာမှမပြောတာ အကောင်းဆုံးပဲ”

ဟု၍ ပြစ်ပြစ်ခါခါ မြောခဲ့လေသည်။

ထို့အပြင်...

လူရှိတန့်သည် ခက်ထန်မောက်မာသူ၊ ဒေါသကြီးသူ၊ အစွ

ဆန်လွန်းသူဖြစ်ကြောင်းလည်း လက်တွေ့သိရှိလာခဲ့ရလေသည်။

ချီအင်း အကြီးအကျယ် စိတ်ပျက်သွားလေသည်။

အလုပ်ထွက်ကာ လူရှိတန်နှင့် ၎ွမ်းခွဲရန် ဆုံးဖြတ်လိုက်

ထိုအခါ...

♠ ♠ ♠

ည...။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

ညဉ့်နက်ပြီဖြစ်သော်လည်း ချီအင်း အိပ်မပျော်နိုင်သေး

ချေ။

သူက အလုပ်ထွက်ဖို့ ဆုံးဖြတ်ပြီးပြီဖြစ်သော်လည်း လူရှိ

တန်ကို မပြောရသေးပါချေ။

နေ့လည်က လူရှိတန်နှင့် ဇနီးသည်ယိစင်းဖန်းတို့ ခွန်းပြ

ခွန်းငယ် စကားများခဲ့ကြောင်း သိရ၍ဖြစ်သည်။

လူရှိတန်တို့ ဇနီးမောင်နှံ စကားများနေချိန်၌ အလုပ်သမ



ည့်အကြောင်း သွားမပြောလိုပါချေ။

“သူတို့ ဘာကြောင့်စကားများခဲ့ကြတာလဲ”

ချီအင်း အတွေးများဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရလေ

တော့သည်။

အိပ်ရာထဲ တလူးလူးတလိမ့်လိမ့်ရှိနေစဉ် ရုတ်တရက် သူ၏

းထဲသို့ ငိုရှိုက်သံသဲ့သဲ့ တိုးဝင်လာသည်ကို ကြားလိုက်ရလေသည်။

ချီအင်း ရင်ထိတ်သွား၏။

“ဘယ်သူပါလိမ့်”

အခန်းထဲမှထွက်ကာ အကဲခတ်လိုက်ရာ အပြင်ဘက်ရှိ

သစ်ပင်တစ်ပင်အောက်၌ထိုင်ကာ ငိုကြွေးနေသော မိန်းကလေးတစ်

ယောက်ကို တွေ့လိုက်ရလေသည်။

“ယိစင်းဖန်းပါလား”

ချီအင်းသည် ချက်ချင်းပင် ယိစင်းဖန်းအနီးသို့ ရောက်ရှိ

သွားလေသည်။

“ညီမ...ဘယ်လိုဖြစ်တာလဲ ညီမရယ်”

ယိစင်းဖန်းက မျက်ရည်သုတ်ကာ ခေါင်းမော့ကြည့်လိုက်

...

တဖန် ခေါင်းခါယမ်းလိုက်လေသည်။

“ဘယ်လိုမှ မဖြစ်ပါဘူးရှင်”

ချီအင်းက...

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုမှမဖြစ်ဘဲ ညီမ ငိုနေစရာအကြောင်း မရှိပါဘူး ကျုပ်တို့ ပြောပြပါလား၊ ကျုပ်ကူညီနိုင်ယင် ကူညီပါရစေ”

ယိစင်းဖန်း ဘာမှမပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

ချီအင်း သက်ပြင်းချလိုက်သည်။

“နောင်ကြီးလူရှိတန်ကြောင့် မဟုတ်လား”

ယိစင်းဖန်း ဆတ်ခနဲ ခေါင်းပြန်ထောင်လာသည်။

ချီအင်းကို ရင်းရင်းနှီးနှီးရှိနေသည့်အလျှောက် ဖွင့်ဟပြောဆိုလိုက်လေတော့သည်။

“အစ်ကိုကြီးလူရှိတန်က အပြောင်းလဲကြီး ပြောင်းလဲသွားပြီဆိုတာ ရှင်သိသလား”

ချီအင်း သက်ပြင်းချလိုက်လေသည်။

ယိစင်းဖန်းက...

“အယင်ကဆို ကျွန်မနဲ့လက်တွဲပြီး ဆင်းရဲဒုက္ခရောက်နေတဲ့လူတွေကို ကူညီတယ်၊ စေတနာထားတယ်၊ သဘောကောင်းတယ်၊ အခုတော့ သည်လိုမဟုတ်ဘူးရှင့်၊ အင်မတန် အတ္တဆန်တယ်၊ ဒေါသလည်းကြီးလိုက်တာ လွန်ပါရော၊ ကျွန်မကိုလည်း တစ်ချိန်လုံး အပြစ်မရှိအပြစ်ရှာပြီး ဆူပူကြိမ်းမောင်းနေတော့တာပဲ၊ သူ့ဘာကိုမှ အလိုမကျတော့ဘူးရှင်”

ချီအင်း ခေါင်းညိတ်လိုက်သည်။

“သူက ကျုပ်သိခဲ့တဲ့ လူရှိတန်မှ ဟုတ်သေးရဲ့လား



...ောင် တစ်ခါတစ်ခါ စဉ်းစားမိပါသေးတယ်၊ ပွင့်ပွင့်လင်းလင်းပြောယင် ကျုပ်လည်း မပျော်တော့ပါဘူး၊ အလုပ်ထွက်ဖို့တောင် ဆုံး...တ်ပြီးပါပြီ”

“ဟင်”

ယိစင်းဖန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“ရှင် အလုပ်မထွက်ပါနဲ့လို့ ကျွန်မ တောင်းပန်ပါတယ်ရှင် ...စ်ကိုကြီးလူရှိတန်က အံ့သြစရာကောင်းအောင် ပြောင်းလဲသွား ...တော့ ကျွန်မလည်း အလိုလိုနေယင်း အထီးကျန်သလို ဖြစ်နေပါ ...ရှင်၊ ရှင်သာ ထွက်သွားမယ်ဆိုယင် ကျွန်မဘဝ မတွေးဝံ့အောင် ...ပဲ”

သူမ ဗျာပျာသလဲ တောင်းပန်လိုက်သည်နှင့် ချီအင်း အ...တ်ကြုံသွားလေတော့သည်။

ရေနစ်နေသူတစ်ယောက်သည် ကောက်ရိုးတမျှင်ကိုပင် ...းကိုးအားထားရာအဖြစ် ဆွဲငင်ယူတတ်သေးသည် မဟုတ်ပါလား။

အတ္တကြီးသူ၊ ဒေါသကြီးသူ၊ ရန်လိုသူအဖြစ် အံ့သြစရာ...ောင်းအောင် ပြောင်းလဲသွားသော လူရှိတန်ကြောင့် အားလုံးစိတ်...ခ်နေရပြီဖြစ်လေသည်။

လူရှိတန် အဘယ်ကြောင့် ဤမျှပြောင်းလဲသွားရသည်ကို ...ည်း နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ချီအင်းက...

www.burmeseclassic.com

www.burmeseclassic.com



"သူက အပေါင်ဆိုင်လုပ်ငန်းတွေကိုလည်း ခါတိုင်းလို စိတ်မဝင်စားတော့ဘူး၊ အပေါင်ဆိုင်မှာရှိတဲ့ အလုပ်သမားတွေလည်း တစ်ယောက်ပြီးတစ်ယောက် အလုပ်ကထွက်ကုန်ကြပြီ၊ အတိုးနှုန်းလည်းကြီးတယ်၊ ပစ္စည်းတွေကို မတာရှားယူတယ်ဆိုပြီး နာမည်လည်းပျက်နေပြီ၊ လူတွေ သိပ်မလာကြတော့လို့ ဝင်ငွေထိခိုက်နေတာအမှန်ပဲ၊ ကြာယင် အပေါင်ဆိုင်ကိုတောင် ပိတ်ပစ်လိုက်ရမယ်ထင်တယ်၊ ဒါပေမယ့် ညီမ သိပ်လည်းစိတ်မပူပါနဲ့ဦး သူ့မှာအကြောင်းတစ်ခုခုတော့ ရှိမှာပါ၊ ကျုပ် ဖျောင်းဖျကြည့်ပါဦးမယ်"

ယိစင်းဖန်း ကျေးဇူးတင်သွားလေသည်။

"ကျွန်မတော့ ရှင့်ကိုပဲ အားကိုးရတော့မှာပဲ"

ချီအင်းသည် ယိစင်းဖန်းအား ငှဲညာလိုက်ခြင်းကြောင့် လူရှိတန်ထံမှ ရုတ်တရက် ထွက်မသွားဖြစ်တော့ချေ။

ထို့ကြောင့်လည်း နောက်ပိုင်းတွင် ဆိုးဝါးသော အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရလေတော့သည်။

♠ ♠ ♠



အပေါင်ဆိုင်မှ သန့်ရှင်းရေးအလုပ်သမားများနှင့် ချီအင်း ရောက်လာပြီးမှ ကူဖော်လောင်ဖက်အဖြစ် ခေါ်ယူထားသော အလုပ်သမားများမှာ လူရှိတန်၏ အသားလွတ်ဆူပူကြိမ်းမောင်းမှုများကြောင့် ဒဏ်မခံနိုင်တော့ဘဲ အလုပ်မှ ထွက်ကုန်ကြလေသည်။

လူရှိတန်၏ အတ္တကြီးမှုကြောင့် နာမည်ပျက်ကာ အပေါင်ဆိုင်သို့ လူမလာတော့ပါ။

တစ်မြို့လုံးကလည်း လူရှိတန် လောဘကြီးကြောင်း၊ ဒေါသကြီးကြောင်း ဝေဖန်ပြောဆိုနေကြတော့သည်။

လူရှိတန်နှင့်ယိစင်းဖန်းတို့၏ အိမ်ထောင်ရေးလည်း အဆင်မပြေတော့ဘဲ နေ့စဉ်နှင့်အမျှ တကျက်ကျက်ဖြစ်နေတော့၏။

လူရှိတန်က အရွဲ့တိုက်ကာ ပို၍ဒေါသကြီးပြသည်။ ပို၍ဆူပူကြိမ်းမောင်း မာန်မဲသည့်အပြင် အရက်ကိုလည်း အလွန်အကျွံသောက်လာလေတော့သည်။

ချီအင်း ဖျောင်းဖျပြောဆိုလိုသော်လည်း အခွင့်အရေးမရတော့ပါ။

လူရှိတန်က သူ့ကိုပင် ဟက်ဟက်ပက်ပက် မဆက်ဆံတော့ဘဲ လျစ်လျူရှုထားခြင်းကြောင့် ဖြစ်လေသည်။

ချီအင်းက အဘယ်ကြောင့် မယုံနိုင်စရာကောင်းအောင် ပြောင်းလဲသွားရသည်ကို စဉ်းစားကြည့်သောအခါ...

"ငါနဲ့ ယိစင်းဖန်း ငြိစွန်းနေတယ်လို့များ သင်္ကာမကင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထင်ရာစိုင်းနေတာများလား”

ဟု တွေးလာမိလေတော့သည်။

သို့သော်...

လူရှိတန်က သူ့အား အထင်မှားမည်မဟုတ်ဟု ကိုယ့်သိက္ခာကိုယ် ယုံကြည်မှုဖြင့် ထိုအတွေးကို ဖယ်ရှားပစ်ခဲ့လေသည်။

ယိစင်းဖန်းကလည်း သူ့ကိုပို၍ အားကိုးအားထားပြုလာ၏။

ယခင်ကထက်ပို၍ လက်ပွန်းတတီးရှိလာသည်။

အချိန်ရတိုင်း နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ လူရှိတန်အကြောင်း တိုင်ပင်ဆွေးနွေးမိကြလေသည်။

လူရှိတန်နှင့် ဝေးကွာသွားပြီး ချီအင်းနှင့် ယိစင်းဖန်းတို့ ပို၍နီးကပ်သလိုရှိလာသည်ကို ကာယကံရှင်များဖြစ်ကြသော ချီအင်းနှင့်ယိစင်းဖန်းတို့ အမှုမဲ့အမှတ်မဲ့ဖြစ်ခဲ့ကြ၏။

ကိုယ့်အပူနှင့်ကိုယ် ဖြစ်လေသည်။

ပတ်ဝန်းကျင်ကား ထိုသို့မဟုတ်ပါချေ။

ချီအင်းနှင့် ယိစင်းဖန်းတို့ တတွဲတွဲရှိနေကြသည်ကို အမျိုးမျိုးဝေဖန်ပြောဆိုလာကြလေသည်။

ဤသို့ဖြင့် အခြေအနေ ပို၍ဆိုးဝါးသွားခဲ့ရလေတော့သည်။

♠ ♠ ♠



တစ်နေ့တွင် လူရှိတန်က ချီအင်းအားခေါ်ယူတွေ့ဆုံခဲ့လေသည်။ ချီအင်း ဦးညွှတ်လိုက်သည်။

“ကျုပ်ကိုခေါ်တယ်ဆိုလို့ ဘာများခိုင်းစရာ..”

သူ၏စကား မဆုံးမီ လူရှိတန်က ကြားဖြတ်ပြောလိုက်၏။

“ဘာမှခိုင်းစရာမရှိဘူး၊ အပေါင်ဆိုင်က အရှုံးပြနေပြီ။ လာပြီးပေါင်နှံမယ့်လူလည်း မရှိတော့ဘူး၊ ဒါကြောင့် ဆိုင်ကိုပိတ်ထားလိုက်ရတော့မယ်”

ချီအင်း စိတ်မကောင်းဖြစ်သွား၏။

နှစ်ယောက်သား အေးအေးဆေးဆေး တွေ့ဆုံရလျှင် အကျိုးအကြောင်း မေးမြန်းကာ ဖွောင်းဖွပြောဆိုမည်ဟူသော စိတ်ကူးလေးများပင် ကြွက်ပျောက်ငှက်ပျောက် ပျောက်သွားရတော့သည်။ ထို့အပြင်..

လူရှိတန်၏ စီးပွားပျက်ပြီး လူအများပြစ်တင်ပြောဆိုခံနေရချိန်၌ ထားရစ်ခဲ့ပြီး ထွက်မသွားသင့်ဟု ယူဆမိလေသည်။

ယိစင်းဖန်းအတွက်လည်း ရှိနေသေးခြင်းကြောင့် အလုပ်ထွက်မည့်စကားကိုလည်း မပြောဖြစ်တော့ပါ။ လူရှိတန်က...

“လောလောဆယ် အပေါင်ဆိုင်ပိတ်ထားလိုက်မယ်၊ ပြီးယင် ကျုပ်ခရီးသွားမယ်၊ ကျုပ်ပြန်လာမှ ဘာဆက်လုပ်ကြမယ်ဆိုတာ တိုင်ပင်ကြတာပေါ့”

“နောင်ကြီးက ခရီးထွက်မယ် ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သိပ်မကြာပါဘူး၊ ကျုပ် ခရီးထွက်တုန်း ဟိ
စင်းဖန်းကို စောင့်ရှောက်ထားဖို့ မှာချင်လို့ မင်းကိုခေါ် လိုက်တာ"

"စိတ်ချပါ၊ ယိစင်းဖန်းအတွက် ကျုပ်တာဝန်ယူပါ့မယ်များ"

ချီအင်းက ထိုသို့ပြောလိုက်ပြီးမှ လူရှီတန် ပြုံးနေသည်
တွေ့လိုက်ရသဖြင့် ရင်ထိတ်သွားလေသည်။

လူရှီတန်၏အပြုံးမှာ လျှို့ဝှက်သောအပြုံးမျိုးမဟုတ်
လား။

အရက်အလွန်အကျွံသောက်ခြင်း၊ ဘိုသီဘတ်သီ နေ
ခြင်းနှင့် ဒေါသကြီးခြင်းတို့ကြောင့် လူရှီတန်၏အသွင်မှာ ကြော
စရာကောင်းသော လူတစ်ယောက်အသွင်မျိုး ပြောင်းလဲနေ
ပါသည်။

မြို့သူမြို့သားများကလည်း လူရှီတန်ကိုကြည့်ကာ ထိ
လန့်နေကြပြီ ဖြစ်လေသည်။ လူရှီတန်က ချီအင်း၏ပခုံးကိုပုတ်

"မင်းကို ငါစိတ်ချပါတယ်ကွာ"

ဟုပြောလိုက်လေသည်။

သူက စိတ်ချသည်ဆိုခြင်းမှာ မည်သည့်အဓိပ္ပါယ်ရှိသည်
ချီအင်း မတွေးတတ်ပါ။

သူ့အား ညီရင်းအစ်ကိုပမာ စိတ်ချယုံကြည်ခြင်းမျိုးသာ
ပါစေဟု ဆုတောင်းလိုက်ရလေတော့သည်။

♠ ♠ ♠

## ပတ်သက်လာသူများ

ယခုတလော အပေါင်ဆိုင်လုပ်ငန်း တိုးတက်လာသဖြင့်
ရှုဖုံး ကျေနပ်မိလေသည်။

အလုပ်များပြီး မအားမလပ်ဖြစ်ခဲ့ရသော်လည်း ပင်ပန်း
သည်ဟု သဘောမထားပါ။

ငွေရဖို့က အဓိကမဟုတ်လား။

လူဖုံးသည် စားပွဲပေါ်၌ တပုံတပင်ရှိနေသော အပေါင်
ပစ္စည်းများကိုကြည့်ပြီး...

"ခုတလော တကယ့်အဖိုးတန်ပစ္စည်းတွေချည်း လာပေါင်
နေတယ်၊ ငွေရှင်းများသလို အတိုးများများရနိုင်တော့ ကျေနပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်လိုက်သည်။

အားရကျေနပ်မှုရှိလာသောအခါ လူတစ်ယောက်ကိုလည်း သတိရလာလေသည်။

လှရှိတန် ဖြစ်သည်။

တူသားတစ်ယောက်ဖြစ်၍ သူက ဝမ်းသာစရာရှိလျှင် သူ လှရှိတန်ကိုလည်း ဝမ်းသာစေလိုသည်။

သူ၏လုပ်ငန်း တိုးတက်အောင်မြင်ပုံကို လှရှိတန်အား ပြလိုသည်။

သို့သော် လှရှိတန်က သူ့အား အဆက်အသွယ်ဖြတ် လေသည်။

"သူကော အဆင်ပြေပါ့မလား"

လှရှိတန်က ခေါင်းမာသော်လည်း သူက ဥပေက္ခာ ပါချေ။

လှရှိတန်၏သတင်းကို အမြဲနားစွင့်နေခဲ့လေသည်။

ကြားရသည့်သတင်းများကား စိတ်ပျက်စရာကောင်း သည်။

လှရှိတန်သည် အလုပ်ကို မယ်မယ်ရရမလုပ်ဘဲ ချည်းသောက်နေသည်ဟုလည်းကောင်း၊ ဆိုင်သို့လာသော များအပေါ်၌ မောက်မာရိုင်းပျစွာ ဆက်ဆံသည်ဟူ၍လည်း ဆိုင်အလုပ်သမားများအပေါ် နိုင်ထက်စီးနင်း ဆက်ဆံပြီး



ကာမောင်းထုတ်တတ်သလို ဇနီးသည်နှင့်လည်း တကျက်ကျက်ရန်ဖြစ်ကာ အိမ်ထောင်ရေးမသာယာဟူသော သတင်းများကိုလည်းကောင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိခဲ့ရလေသည်။

လှရှိတန် လူဆိုးကြီးတစ်ယောက်ကဲ့သို့ ဖြစ်သွားသည်ကို နားမလည်နိုင်အောင် ဖြစ်မိလေသည်။

"သူက ငါ့ကိုအရွဲ့တိုက်ခဲ့တာပဲ"

လူဖိုးက ထိုသို့တွေးခဲ့လေသည်။

ယခုတော့ လှရှိတန်၏အခြေအနေကား အဖတ်ဆည်မရအောင်ဆိုးဝါးနေချေပြီ။

လူဖိုး တွေးတောနေစဉ် တာဝန်ခံရောက်ရှိလာ၏။

"သခင်ကြီးအတွက် စာတစ်စောင် ရောက်လာပါတယ်"

ယူလာသော စာတစ်စောင်ကို ကမ်းပေး၏။

လူဖိုးက စာကိုယူပြီး မဖတ်သေးဘဲ...

"အခြေအနေ ဘယ်လိုလဲ"

ဟုမေးလိုက်သည်။

တာဝန်ခံက...

"အဖိုးတန်ပစ္စည်းတွေက တဖွဲဖွဲရောက်လာပါတယ်၊ တချို့ပစ္စည်းတွေဟာ တန်ဖိုးဖြတ်ဖို့ ခက်ခဲတာကြောင့် ကျုပ်ကို ခွင့်လွှတ်စေချင်ပါတယ်၊ သခင်ကြီးကိုယ်တိုင် ဆုံးဖြတ်ပေးမှဖြစ်မှာပဲ"

လူဖိုး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်မျက်ရတနာတွေဟာ လက်ရာမြောက်တယ်၊ အတုအပပေါတယ်၊ သေသေချာချာ စစ်ဆေးအကဲခတ်ပြီး တန်ဖိုးဖြတ်နိုင်မှဖြစ်မှာ ဘာမှမပူပါနဲ့ ကျုပ်ဘယ်မှမသွားပါဘူး၊ သွားစရာလည်း မရှိပါဘူးလေ"

"ဒါဆို ပိုပြီးအဆင်ပြေသွားမှာပါ သခင်ကြီး"

"ကဲ..ကဲ..ခင်ဗျား လုပ်စရာရှိတာ သွားလုပ်ပေတော့"

"ဟုတ်ကဲ့"

တာဝန်ခံ လှည့်ထွက်သွားသောအခါ လူဖုံးက စာကိုဆောင်ဖတ်လိုက်လေသည်။

စာဖတ်ယင်း မျက်လုံးပြူးသွားပြီး တံခါးဝသို့ရောက်နေပြီဖြစ်သည့် တာဝန်ခံအား လှမ်းခြောလိုက်သည်။

"ခင်ဗျား ခဏနေဦး"

တာဝန်ခံ လှည့်ကြည့်လိုက်လျှင်...

"ကျုပ် အရေးတကြီး ခရီးထွက်မှဖြစ်မယ်၊ ဆိုင်ကို ခင်ဗျားပဲတာဝန်ယူထားလိုက်ပေတော့"

ဟု ပြောလိုက်လေတော့သည်။

♠ ♠ ♠



လုယန်မြို့ ညနေခင်း..။

မိုးမှောင်ကြီးကျနေသဖြင့် တစ်မြို့လုံး အုံ့မှိုင်းညို့ဆိုင်းနေသည်။

ကျောက်စရစ်ခဲများ အစီအရီခင်းထားသော လမ်းမကြီးအတိုင်း အနက်ရောင်မြင်းလှည်းတစ်စီးသည် အပြင်းမောင်းနှင်လာသည်။

မြင်းလှည်းကို မောင်းနှင်လာသူမှာလည်း အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။

လမ်းမကြီးပေါ်မှ သားနားထည်ဝါသော ဝင်းခြံတစ်ခုရှေ့ရောက်တွင် မြင်းလှည်းကို ရပ်တန့်လိုက်သည်။

မြင်းလှည်းရပ်တန့်မသွားမီမှာပင် အနက်ရောင်ဝတ်စုံရှင်ကမြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီးဖြစ်သည်။

ထိုမြင်းလှည်းမောင်းသမား ဝတ်စုံနက်၏ လှုပ်ရှားမှုကမြန်ဆန်လွန်းသည်။

လမ်းသွားလမ်းလာများကပင် သူ့ကို လူထူးဆန်းသဖွယ်သိမသာ အကဲခတ်ကြည့်သွားကြသည်။

ဝတ်စုံနက်သည် အနီးပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်ပါချေ။

သူက သွက်လက်သောခြေလှမ်းများဖြင့် ဝင်းခြံတံခါးဆီသို့လျှောက်သွားသည်။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း..ဒုန်း..ဒုန်း"

အဆက်မပြတ် တံခါးကို တအားလွဲရိုက်နေ၏။

လမ်းသွားလမ်းလာများက သူ၏ကြမ်းတမ်းသော လှုပ်ရှားမှုကိုကြည့်ပြီး ပြုံးသူပြုံး၊ ရယ်သူရယ် သွားကြသည်။

မည်သို့ပင်ဖြစ်စေ ဝတ်စုံနက်ကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ပါချေ။

သူ အာရုံပြုနေသည်က တံခါးပွင့်လာရေးပင် ဖြစ်သည်။

တံခါးကို သံကွင်းဖြင့် တဒုန်းဒုန်းမြည်အောင် ရိုက်နေသော်လည်း ကစား တံခါးဖွင့်ပေးမည့်သူက အချိန်မီ ပေါ်မလာ။

ထိုဝတ်စုံနက်က ခြံဝင်းတံခါးရှေ့တွင် အတန်ကြာသည်အထိ ရပ်စောင့်နေသည်။

သို့သော်...

သူ့ကိုကြည့်ရသည်မှာ စိတ်ရှည်ဟန်မတူချေ။

တစ်စုံတစ်ခုကို စိတ်စောနေဟန်ရှိသည်။

ဝတ်စုံနက်၏ အပြုအမူမှာ ရိုင်းစိုင်းလွန်းသဖြင့် တချို့သော လမ်းသွားလမ်းလာများက အထူးအဆန်းသဖွယ် ရပ်တန့်ကြည့်ကြသည်။

ရပ်တန့်ကြည့်နေသော လမ်းသွားလမ်းလာတစ်ဦးက မှတ်ချက်ပြုလိုက်သည်။

"အင်း..သည်လူဟာ 'ဗွမ်းအား' အပေါင်ဆိုင်အကြောင်း



မသိသေးဘူးနဲ့တူတယ်၊ အပေါင်ဆိုင်လုပ်ငန်းတွေ ရပ်ဆိုင်းသွားတာ သုံးလလောက်တောင် ရှိသွားပြီပဲ'

"ခင်ဗျား သည်လိုစကားမျိုးပြောယင် နည်းနည်းပါးပါးဆင်ခြင်ပါ၊ အဲသည် အပေါင်ဆိုင်က ဦးစီးဦးဆောင်တဲ့ လူရှီတန်ဆိုတဲ့သူ ကြားသွားယင် ခင်ဗျားမလွယ်ဘူး သည်လူက ကြောက်ဖို့ကောင်းတယ်"

လူရှီတန်၏အကြောင်းကို သိထားသော လူတစ်ယောက်က ဝင်ရောက်ပြီး သတိပေးသလိုဖြင့် အတင်းအဖျင်းပြောလိုက်ခြင်းဖြစ်သည်။

အားကျမခံ ဝတ်စုံနက်ကိုရပ်ကြည့်နေသူ လမ်းသွားလမ်းလာတစ်ဦးကလည်း သူသိသမျှကို ပြောနေပြန်သည်။

"ဟုတ်တယ်..ခင်ဗျားပြောသလိုပဲ၊ အဲသည်လူရှီတန်ဆိုတဲ့လူဟာ သိပ်ကြောက်ဖို့ကောင်းတယ်၊ ခြံဝက ဝတ်စုံနက်နဲ့လူကိုသေသေချာချာ ကြည့်လိုက်စမ်း၊ လူရှီတန်နဲ့ မတူဘူးလား"

"အေးဗျာ၊ တကယ်ပါပဲ၊ လူရှီတန်နဲ့ချွပ်စွပ်ပဲဗျို့၊ တကယ်လို့ လူရှီတန်သာဖြစ်ခဲ့ယင် ကျွန်တော်တို့ သည်နေရာက ခပ်မြန်မြန်ထွက်မှဖြစ်မယ်"

တစ်စုံတစ်ယောက်သောသူက ဝင်ရောက်ပြောလိုက်၏။

"ဟုတ်တယ်..သူ့ရဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ချီအင်းဆိုတဲ့ကောင် သူ့ဒဏ်မခံနိုင်လို့ လမ်းခွဲခဲ့ရတယ်၊ အဲသည်လူက ဘယ်

www.burmeseclassic.com



လောက်ဆိုးသလဲဆိုတာ အပေါင်ဆိုင်လုပ်ငန်း ဗိတ်ရတာကို ကြည့်တော့"

"ကျုပ်သိသလောက် ပြောရရင် ခင်ဗျားပြောတဲ့ ချိအင်

တဲ့လူက လူရှိတန်ရဲ့ မိန်းမကို ကြာခိုသွားတယ်လို့ သိရတယ်"

"ဟုတ်မှလည်းပြောပါ၊ ခင်ဗျားက လူရှိတန်ရဲ့ မိန်း တွေ့ဖူးလို့လား၊ သိလို့လား"

"သိပ်သိတာပေါ့။ သူ့နာမည်က ယိစင်းဖန်းလို့ခေါ်တယ်"

"ဟုတ်လား၊ ခင်ဗျားက အဲသည်အမျိုးသမီးရဲ့ အခြေအ ကိုဘယ်လိုလုပ်သိသလဲ၊ ပြီးတော့ သူမက လှကောလှရဲ့လား"

"ဘယ့်နှယ်ပြောလိုက်တာလဲဗျာ၊ ယိစင်းဖန်းဆိုတဲ့ မိန်း လေးက သိပ်ချောသိပ်လှတာပေါ့။ သူ့ရဲ့ အလှကို မိန္နိင်တဲ့မိန်းမ မျိုး ကျွန်တော်မတွေ့ဖူးသေးဘူး။ ဒါပေမယ့် ကြောက်ဖို့ကောင်း သူဟာ သိုင်းပညာမှာ ပြိုင်ဘက်ကင်းလောက်အောင် တတ်ခဲ့ တယ်၊ ပညာထက်တဲ့ အမျိုးသမီးဆိုတော့ ကြောက်ဖို့ကောင်း ပေါ့၊ မဟုတ်ဘူးလား"

"သည်မိန်းကလေးကိုတော့ ကျွန်တော် ခင်ဗျားမြင် မမြင်ဖူးဘူး၊ ကျွန်တော်သိရသလောက်ဆိုရင် သူမဟာ အ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဒါကြောင့် ချိ အတွဲညီတယ်လို့ အများက ပြောနေကြသေးတယ် မဟုတ်လား"

"ဟုတ်ပြီ..ဟုတ်ပြီ..ဒါကြောင့်ကိုး၊ ယိစင်းဖန်းကို



ယောက်ျားလူရှိတန်နဲ့ အတွဲမညီဘဲ ချိအင်းနဲ့မှ အတွဲညီတယ်လို့ အများကသမုတ်နေကြတော့ ချိအင်းကြာခိုသွားတယ်ဆိုတဲ့ သတင်းဟာလည်း သည်ကစပြီး အခြေခံတယ်နဲ့တူတယ် ဟား ဟား ဟား"

လမ်းသွားလမ်းလာ သုံးလေးဦးသည် ကိုယ့်တိစ္ဆမဟုတ်ပါဘဲလျက် ခြံဝမှဝတ်စုံနက်ကိုကြည့်ယင်း ပြောလိုက် ကြသည့်စကားတွေ စုံသွားသည်။

အားပါးတရ ပြောနေကြသည်။

ထို့နောက်...

သဘောကျစွာဖြင့် တဟားဟားရယ်မောနေကြ

ခြံတံခါးကို ခေါက်သော်လည်း တံခါးဖွင့်သူပေါ်မလာသဖြင့် ဝတ်စုံနက်က စိတ်တိုလာဟန်ရှိသည်။

သူသည် တံခါးကို ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်း ထုရိုက်လိုက်ပြန်သည်။

ပြီးနောက် ဝတ်စုံနက်သည် ခေါင်းပေါ်ရှိ မြင်းမောက်ဦးထုပ်ကို ဆွဲချွတ်ပစ်လိုက်ပြီး အမှုမဲ့ အမှတ်မဲ့ ထမ်းတောင်သို့ လှည့်ကြည့်လိုက်သည်။

"အလို..လူရှိတန်မှ လူရှိတန်ပါလား၊ ကျွန်တော်တို့သွားရင် မဟုတ်ယင်တော့ ခေါင်းပြုတ်သွားလိမ့်မယ်၊ သွားကြစို့"

လမ်းမပေါ်တွင် ရပ်ပြောနေသော လူတစ်စုသည် သူတို့ကိုယ်သူတို့ မလုံမလဲဖြစ်ပြီး တကြိုးတည်းသုတ်ခြေတင် ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြလေတော့သည်။

လူရှိတန်က ရုတ်တရက် လူစုခွဲသွားသော လူများကိုကြည့်ပြီး အံ့သြနေ၏။

သူ၏မျက်လုံးအစုံက ထိုလူစုနောက်သို့ လိုက်ကြည့်မိ၏။

နောက်ဆုံး ထိုလူများသည် မိမိ၏အထင်တွေ ပြောနေကြသလောဟူ၍ ရိပ်စားမိလိုက်လေသည်။

ထိုစဉ်မှာပင် ခြံတံခါးပွင့်လာ၏။

ခြံစောင့်ဟု ထင်ရသော အဘိုးအိုတစ်ဦးက ထွက်လာ၏။

လူရှိတန်သည် ထိုအဘိုးအိုအား မီးတောက်နေသော မျက်လုံးအစုံဖြင့် စူးစူးရဲရဲကြည့်နေ၏။

ထို့နောက်...

တစ်စုံတစ်ရာ စကားမပြောဘဲ သူ၏လက်တစ်ဘက်အား လှုပ်ရှားသွားသည်။

အဘိုးအိုမှာ မရှောင်သာ မတိမ်းသာဘဲ အရိုက်ခံလိုက်ရသည်။

အဘိုးအိုသည် တစ်စုံတစ်ရာမပြောရဲဘဲ ခေါင်းငိုက်စိုက်ချလျက် ငြိမ်ကုပ်နေသည်။

တကယ်ဆိုလျှင် အဘိုးအိုသည် ဤခြံတွင် အစောင့်ဟာသည်ကျနေသူတစ်ယောက်ဖြစ်သည်။

ထိုအခြင်...



သူတို့ထံ အစေအပါးအဖြစ်နှင့် နေခဲ့သည်မှာ ယခုဆိုလျှင် အဘိုးအို အသက်ခြောက်ဆယ့်တစ်နှစ်ကျော်လွန်ခဲ့ပေပြီ။

လူရှိတန်ဆိုသည့်လူကလည်း တကယ့်ကိုကြမ်းတမ်းသူ တစ်ယောက်ဖြစ်သည်။

ဒေါသလည်း အလွန်ကြီးသည်။

ဒေါသနှင့်အတူ သူ၏လက်ကလည်း ပါတတ်စမြဲဖြစ်သည်။

ပြီးတော့ လှုပ်ရှားမှုကလည်း မြန်သည်။

ယခုလည်း မိမိအား တံခါးဖွင့်ပေးတာ နောက်ကျရမည်လားဆိုပြီး ကိုယ့်ထက်အသက်အရွယ် ကြီးရင့်သူတစ်ဦးကိုပင် စိတ်လိုက်မာန်ပါ လုပ်လိုက်သည်။

ရွယ်တူတန်းတူဆိုလျှင် ပြောဖွယ်ရာမရှိတော့။

သူ့အကြောင်းကို ထိုအဘိုးအိုက ကောင်းကောင်းသိထားသည်။

ထို့ကြောင့် တစ်စုံတစ်ရာ ပြန်မပြောဘဲ ခေါင်းငုံ့နေခြင်းဖြစ်သည်။

"အဘိုးကြီးရူးချုံ...မြင်းလည်းကိုခြံထဲဆွဲသွင်းလိုက်"

လူရှိတန်၏ ကိုယ်အမူအရာသာ ကြမ်းတမ်းသည်မဟုတ်ပါချေ။

နှုတ်ကလည်း ကြမ်းသည်။

"ဟုတ်ကဲ့...ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက အမိန့်ကိုနာခံယင်း ခြံအပြင်သို့ အပြေးကလေး ထွက်သွား၏။

မြင်းလှည်းကို ခြံတွင်းသို့ ဆွဲသွင်းလာခဲ့သည်။

"ဝူး...ဝူး"

ကြောက်စရာ တိရစ္ဆာန်တစ်ကောင်၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

အသံမှာ မြင်းလှည်းနောက်ဘက်တံခါးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အဘိုးအိုသည် မြင်းလှည်းနောက်ဘက်တံခါးမှ အတွင်းသို့ ငုံ့စောင်းကြည့်လိုက်သည်။

"အလိုလေး...ဝက်ဝံဖြူကြီးပါလား"

အဘိုးအိုသည် ကြောက်လန့်တကြား နှုတ်မှရေရွတ်လိုက်မိသည်။

"အိုဗျာ ဝက်ဝံများ ကြောက်စရာလား"

လူရှိတန်က ပြောပြောဆိုဆိုပင် မြင်းလှည်းနောက်တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ဆွတ်ဆွတ်ဖြူသော ဝက်ဝံတစ်ကောင်သည် မြင်းလှည်းအတွင်းမှ ဝုန်းခနဲ ခုန်ဆင်းလာတော့သည်။

ဝက်ဝံ၏တစ်ကိုယ်လုံးသည် ဖွေးဖွေးဖြူနေ၏။

လည်ပင်းတွင် သံကွင်းတစ်ခုစွပ်ထားပြီး ယင်းသံကွင်း



သံကြိုးတစ်ချောင်းဖြင့် ချည်နှောင်ထားသည်။

ဝက်ဝံက အရိုင်း၊ လူစိမ်းမြင်တော့ ချွန်ထက်ဖြူဖွေးသော သွားများဖြဲပြီး ဝူးခနဲအော်လိုက်သည်။

ပြီးလျှင် စူးရှသော မျက်လုံးနီနီကလေးဖြင့် လူရှိတန်ကို စူးစိုက်ကြည့်ယင်း မာန်ဖီနေ၏။

"ဝုန်း"

ဝက်ဝံကလည်း ဒေါသအလွန်ကြီးသည်။

ဒေါသကြီးလွန်းပါသည်ဆိုသော လူရှိတန်ကို အတင်းခုန်အုပ်လိုက်သည်။

လူရှိတန်ကလည်း မြန်သည်။

သူ၏လက်တွင်းရှိ ခမောက်ဦးထုပ်ကို ဝက်ဝံ၏ပါးစပ်အတွင်းသို့ အတင်းထိုးသွင်းပေးလိုက်ပြီး တဟဲဟဲဖြင့် ရယ်မောနေသည်။

သူ၏ရယ်သံက ရယ်ချင်လွန်း၍ ရယ်မောသံမဟုတ်။

မရယ်ချင်ဖါဘဲနှင့် သက်သက်မဲ့ရယ်နေခြင်း။

သို့မဟုတ် ကြောက်စရာကောင်းသည့် ရယ်မောခြင်းမင် ဖြစ်သည်။

လူရှိတန်သည် ဘယ်ဘက်မှ ကိုင်ထားသော သံဆူးကြိုးကို ဝက်ဝံ၏ပါးစပ်အတွင်း ရစ်ပတ်ထားလိုက်ပြီး တအားကုန်ဆောင့်ဆွဲ တုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂူး"

ဝက်ဝံသည် တစ်ချက်သာ အော်လိုက်နိုင်သည်။

မြေပြင်ပေါ်သို့ ဝုန်းခနဲ ဘုန်းဘုန်းလဲကျသွားလေတော့သည်။

လူရှိတန်၏ လက်သီးချက်များသည် ဝက်ဝံ၏မျက်နှာပေါ်သို့ ဆက်တိုက်ရောက်ရှိသွားပြန်သည်။

လက်သီးဖြင့် အားမရနိုင်တော့ချေ။

ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ပြန်သည်။

ဝက်ဝံသည် တောရိုင်းတိရစ္ဆာန်တစ်ကောင်။ ဒေါသကြီးသည်။ ရက်စက်ကြမ်းကြုတ်သည်။

သို့သော်..

သူ့ထက်ကြမ်းတမ်း ရက်စက်ရမ်းကားသော လူရှိတန်နှင့်တွေ့တော့ ဝပ်သွားသည်။

အမြီးကုပ်ပြီး မြေပြင်တွင် ဝပ်နေသည်။

မကြာခဏဆိုသလိုပင် ဂူးခနဲ ဂူးခနဲဖြင့် လူရှိတန်ကိုမကျေနပ်ကြောင်း ဆန္ဒပြနေ၏။

"မင်းလို တိရစ္ဆာန်တစ်ကောင်က ငါ့ကိုများ အန်တုချင်လို့လား။ ဘယ်ရမလဲကွာ"

လူရှိတန်သည် ဝက်ဝံအားချည်နှောင်ထားသော ကြိုးကိုတအားဆွဲယူလိုက်ပြီး လက်တစ်ဘက်မှ ခမောက်ဦးထုပ်ကို မြေကြီးပေါ်ပစ်လွှင့်လိုက်၏။



"မင်းတော့လား၊ နောက်ကို သည့်ထက်နာဖို့ရှိသေးတယ်"

လူရှိတန်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ဝက်ဝံကို ဓာန်မဲနေ၏။

ဝက်ဝံမှာမူ လူရှိတန်ကိုကြောက်ရွံ့ပြီးမြေပြင်တွင်ဝပ်နေ၏။

ညှို့မှု ကြမ်းတမ်းသော ဝက်ဝံဝင်လျှင် လူရှိတန်ကို ပြန်ကြောက်နေရသည့်အဖြစ်။

အဘိုးကြီးဂူချုံးအနေဖြင့် လူရှိတန်အား မည်သို့အန်တုရဲပါမည်နည်း။

လူရှိတန်၏မျက်နှာက တင်းမာခက်ထန်နေသည်။

သူသည် မြေပြင်မှာ ပြားပြားဝပ်နေသော ဝက်ဝံမျက်လုံးနီနီကလေးကို စူးစူးရဲရဲဖြင့် ကြည့်နေသည်။

သူ၏လက်တစ်ဘက်သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထား၏။

သူ၏ခြေလှမ်းများက ဝက်ဝံရှိရာသို့ တဖြည်းဖြည်းလှမ်းသွားသည်။

ဝက်ဝံကလည်း ကြောက်သည်။

တဖြည်းဖြည်း နောက်သို့ဆုတ်သွားသည်။

လူရှိတန်ကလည်း မရပ်။

ဝက်ဝံထံသို့သာ တိုးကပ်သွားသည်။

ဝက်ဝံနောက်ဆုတ်ရန် နေရာမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မြင်းလှည်းနက်ကြီးက ခံထားသည်။

ဆုတ်သာတိုးသာမရှိတော့သည့် အခြေအနေတွင် ဝက်ဝံရိုင်းသည် မိမိ၏ကံကြမ္မာကို သိဟန်တူသည်။

လျင်မြန်သော အရှိန်အဟုန်ဖြင့် ဝုန်းခနဲ လူရိုင်းတန်ထံသို့ ခုန်အုပ်လိုက်လေတော့သည်။

သို့သော်...

သူ့ထက်မြန်သော လူရိုင်းတန်၏လက်သီးချက်ကို မရှမလှ ခံလိုက်ရသည်။

ပြင်းထန်သော လူရိုင်းတန်၏ ဘယ်ညာလက်သီးအစုံသည် လျှပ်ပြက်သကဲ့သို့ ဝက်ဝံ၏မျက်နှာကို ထိုးချလိုက်၏။

တောတွင်းသတ္တဝါဝက်ဝံရိုင်းသည် လဲကျသွားတော့၏။

ပါးစပ်အတွင်းမှ သွေးများယိုစီးကျလာပြီး မြေပေါ်တွင် ခြေကားယား လက်ကားယားကျပြီး အသံဝင်မထွက်နိုင်တော့ချေ။

သေလုမြောပါး ခံလိုက်ရသည်။

ဝက်ဝံသည် မြေပြင်တွင် သွေးအလိမ်းလိမ်းဖြင့် မချိမဆန့် ခံနေရသည်။

မျက်လုံးအိမ်မှ သွေးများယိုစီးကျလာသည်။

အဘိုးအိုက စိတ်မကောင်းစွာဖြင့် ဝက်ဝံ၏အဖြစ်ကို ကြည့်နေသည်။

"သြော်..အမြတ်တနိုး မွေးဖို့ဝယ်လာတဲ့ ဘာမှမသိတဲ့ တိရစ္ဆာန်ကိုတောင် မျက်စိကန်းအောင် ရက်စက်လိုက်ပါကလား"

အဘိုးအိုက ဂရုဏာသက်စွာဖြင့် စိတ်တွင်းမှ ရေရွတ်နေမိသည်။

ဝက်ဝံသည် ဤတစ်ကြိမ်တွင် နာကျဉ်လွန်းသဖြင့် တအီး အီးအော်နေသည်။

ဝက်ဝံသည် ဒေါသကြီးသော သတ္တဝါ၊ မိမိ၏ရန်သူကို သေသည်အထိ တန်ပြန်တိုက်ခိုက်တတ်သည်။

ယခုလည်း လက်သည်းကြီး တဖားဖားထုတ်နေမြဲ လသည်။

သို့သော်...

သူ့ထက်မိုက်ကန်းသည့် လူရိုင်းတန်နှင့်တွေ့တော့ ဘာမျှမ တတ်နိုင်တော့ချေ။

လူရိုင်းတန်က လက်ထဲမှသံကြိုးဖြင့် တအားကုန်လွှဲရိုက်လိုက် လသည်။

ဝက်ဝံသည် နောက်သို့ ကျွမ်းတစ်ပတ်လည်ပြီး ကျသွား တော့သည်။

သံကြိုးဖြင့် လွှဲရိုက်ခံလိုက်ရသဖြင့် သည်တစ်ချီတွင် ဝက်ဝံ သည် ပြန်မထနိုင်တော့ချေ။

မြေပြင်တွင်ဝပ်တွားလျက် တအီးအီးသာ အော်နေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

လူရှိတန်က ခြောက်ကပ်သောအသံဖြင့် မရယ်ချင့်ရယ်ချင် ရယ်ချလိုက်သည်။

"မင်းလို တိရစ္ဆာန်က ငါ့လိုလူကို အန်တုမယ်ကြံသလား သေသွားမယ် မှတ်ထား"

လူရှိတန်က ခြောက်ကပ်သောအသံဖြင့် ကြိမ်းဝါးပြောဆို ယင်း အနီးရှိအဘိုးအိုမှာ ငှက်ဖျားတက်နေသူပမာ တစ်ကိုယ်လုံး တုန်ယင်သွားတော့၏။

ထိုအဖြစ်ကိုကြည့်ပြီး လူရှိတန်က ကျေနပ်သွားပုံရလေ သည်။

သူသည် အဘိုးအိုအား ခြေဟန်လက်ဟန်ဖြင့် မြင်းလှည်း ကိုနေရာတကျ ထားခိုင်းလိုက်သည်။

အဘိုးအိုကလည်း အလိုက်သိစွာပင် မြင်းလှည်းကိုဆွဲ၍ သွားပြီး နေရာတကျထားလိုက်သည်။

လူရှိတန်၏ဒေါသက အရှိန်ပြေသွားချေ၏။

သူ၏ဒေါသရောင်လွှမ်းနေသော မျက်လုံးအစုံဖြင့် ဝက်ဝံ ရှူးစိုက်ကြည့်နေပြန်သည်။

"သည်လောက်ရှားပါးတဲ့ ဝက်ဝံမျိုးကို လိုချင်လွန်းလို့ ဈေး ကြီးပေးပြီး ဝယ်လာခဲ့တာ၊ ဟင်း ဟင်း မှတ်ထား၊ မင်းက ငါ့ကို အန်တုဦးမယ်ကြံယင် သည်တစ်ခါ မင်းသေပြီအောက်မေ့၊ အခု



တခြား အသားတခြားဖြစ်သွားမယ်၊ ကြပ်ကြပ်မှတ်ထားစမ်း"

လူရှိတန်က လူစကား နားမလည်သော တိရစ္ဆာန်တစ် ကောင်အား လက်ညှိုးတငေါက်ငေါက်ထိုးပြီး ကြိမ်းမောင်းပြော ဆိုနေ၏။

အဘိုးအိုကတော့ ကျိတ်ပြုံးမိသည်။

"အင်း..ဒါလောက်ရိုင်းစိုင်းတဲ့ တိရစ္ဆာန်ကိုမှ ဈေးကြီးပေးပြီး ဝယ်ခဲ့တယ်၊ ငါတော့ ဘယ်လိုမှကြည့်လို့မရဘူး"

အဘိုးအိုက စိတ်တွင်းမှ မှတ်ချက်ပြုနေသည်။

"မင်းကို ငါက ဈေးကြီးကြီးနဲ့ဝယ်ခဲ့တာ၊ မင်းကငါ့ကို မခင် တွယ်တဲ့အပြင် အန်တုမယ်ကြံတယ်၊ တစ်နေ့တော့ မင်းဟာ ယဉ်ပါး မလာခဲ့ယင်တော့ သည့်ထက်နာမယ်မှတ်ထား"

လူရှိတန်က ဝက်ဝံကိုသာ ဖိပြီးကြိမ်းနေသည်။

အဘိုးအိုကတော့ အကြောင်းသိ၏။

ဝက်ဝံကို အဘယ်ကြောင့် အမုန်းကြီးမုန်းနေရသည်ဆို သည့်ကို ကောင်းကောင်းသိ၏။

ဝက်ဝံကို အဘယ်ကြောင့် အကြောင်းမဲ့ နှိပ်စက်နေရလေ သနည်း။ အကြောင်းတစ်ခုတော့ ရှိပေသည်။

အတွင်းသိမို့ အဘိုးကြီးက ရိပ်စားမိလိုက်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



'စွမ်းအား' အပေါင်ဆိုင်အဆောက်အအုံအတွင်းမှ ကျယ်ဝန်းသော ခန်းမကြီးတစ်ခု။

ယင်းခန်းမကြီးသို့ လူရှိတန် မရောက်သည်မှာ ကြာခဲ့ပြီ။

ယခုမှဖန် ထိုခန်းမကြီးအဟွင်းသို့ လူရှိတန် ပြန်ရောက်လာခဲ့ပြန်သည်။

ယခင်ကမူ ထိုခန်းမကြီးသည် လူရှိတန်၏သိုင်းလေ့ကျင့်သည့် ခန်းမကြီးဖြစ်ခဲ့သည်။

သို့သော်...

သူ၏အပေါင်းအဖော်များနှင့် လမ်းခွဲခဲ့ပြီးနောက်ပိုင်းတွင် ထိုခန်းမဆောင်ကြီးကို အသုံးမပြုဘဲထားလိုက်သည်။

တစ်ခေါက်တလေမျှ ယောင်ပြီး မရောက်ဖြစ်တော့ပါ။

ထိုအချိန်မှစပြီး လူရှိတန်သည် ယခင်ကထက် စိတ်တိုတ[illegible]သည်။ ဒေါသလည်းကြီးလာသည်။

တစ်ချိန်က ဆူဆူညံညံရှိသော အဆောက်အအုံကြီးတစ်[illegible]လုံးသည်လည်း လူသူကင်းမဲ့လျှက် တိတ်ဆိတ်ငြိမ်သက်နေသည်။

သူ၏ဖနီးယိစင်းဖန်းသည် ခြံ၏အနောက်ဘက်တွင် [illegible]သိုင်းလေ့ကျင့်နေသည်။

ကျယ်ဝန်းကြီးမားရှုံခမ်းနားလှသော သိုင်းလေ့ကျင့်[illegible]ကြီး၀.၁၁နှလုံးအသည် ယခုအခါ ဝက်ဝံမွေးမြူရေးအခန်းကြီး ဖြစ်[illegible]သည်။



လူရှိတန်က ဝက်ဝံကို တိုင်တစ်တိုင်တွင် သံကြိုးဖြင့် ချည်နှောင်ထားသည်။

အစာရေစာများကိုလည်း ဝက်ဝံ၏အနီးအနားတွင် ချထားကျွေးမွေးထားသည်။

ပြီးနောက် သူနှိပ်စက်ထားသော ဒဏ်ရာဒဏ်ချက်များကို ဖြင့်ဆေးကြောသုတ်သင်ပြီး ဆေးထည့်ပေးနေပြန်သည်။

စိတ်ထင်ရာ လျှောက်လုပ်နေသူတစ်ယောက်ပင်။

သို့သော်..

ထိုဝက်ဝံကို သူဘာလုပ်ဦးမည်နည်း။

ဝက်ဝံကမူ လူရှိတန်လုပ်သမျှကို အသာပင်ငြိမ်ခံနေသည်။

လူရှိတန် ပြုသမျှ နုရမည့်ဘဝပင်။

ယခုတော့ အနိမတုရဲတော့ပေ။

ငြိမ်ခံနေရသည်။

ဝက်ဝံ၏မျက်လုံးနှစ်ဘက်ကို ပိတ်ဖြုဖြင့်စည်းနှောင်ပေးထားသည်။

ဝက်ဝံ၏အဖြစ်ကိုကြည့်ပြီး လူရှိတန်က သဘောကျနေ၏။

သူသည် မည်သို့အတွေးပေါက်လေသည်မသိ။

ဝက်ဝံစားနေသော အစာခွက်ကို ခြေဖြင့်ကန်ကျောက်လိုက်သည်။

ဝက်ဝံ ဒေါပွလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တဂွီးဂွီးဖြင့် ဒေါကန်နေသည်။

သို့သော် လူရှိတန်ကို အန်တုယှဉ်ပြိုင်ရန်မဝံ့တော့ အစား သာအန့်ခံ၍ လိုက်ရှာစားသောက်နေသည်။

အဘိုးအိုက ထိုအချင်းအရာကိုကြည့်ပြီး စိတ်ထဲတွင် တ တမည်ခံစားနေရသည်။

"အင်း...ဘယ်လိုလူစားပါလိမ့်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ သည်တိရစ္ဆာန်ဝက်ဝံကိုမှ ရွေးပြီးမွေးရသလဲမသိဘူး၊ စိတ်မှကောင်း ပါသေးရဲ့လား၊ အန္တရာယ်ရှိတဲ့သတ္တဝါကိုမှ မွေးမြူတယ်၊ ဖြီးဆေး နှိပ်စက်တယ်၊ မျက်စိလည်း ကန်းသွားပြီ၊ ဘာဆက်လုပ်ဦးမ မသိဘူး၊ ဒီလောက်တောင် နှိပ်စက်လွန်းတော့ ကြိုးသာဖြုတ်ပေး လိုက်ယင် သူ့ကိုကိုက်သတ်မှာ သေချာပေါက်ပဲ၊ အင်း အန္တရာယ် များလိုက်ပါဘိတော့တယ်"

အဘိုးကြီးက သူ၏ခံစားချက်ကို ထုတ်ဖော်ပြောပြခြင်း မဝံ့ရဲပါချေ။

စိတ်တွင်းမှသာ မချင့်မရဲဖြင့် မှတ်ချက်ပြုနေရှာသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ဒုက္ခများလိမ့်မည်ဟု အဘိုးအိုက ကြိုတင်တွက်ဆထားခဲ့သည်။

အဖြစ်အပျက်ဆန်းများ ဖြစ်ပျက်လိမ့်ဦးမည်ဟုလည်း မြင်ယောင်မိသည်။

မည်သို့ဖြစ်စေ သူမတတ်နိုင်ချေ။



သည်အိမ်တွင် လူရှိတန်သည် အရှင်သခင်။

သူ့အား လွန်ဆန်နိုင်သူမရှိပါချေ။

♠ ♠ ♠

လုယန်မြို့၏ ညဥ့်လယ်သန်းခေါင်ယံ။

မြို့လယ် ကျောက်စရစ်ခင်းလမ်းမကြီးပေါ်တွင် လူသွားလူ လာ ကင်းမဲ့နေ၏။

ညဥ့်နက်လုပြီဖြစ်သည့်အတွက် လမ်းသွားလမ်းလာများ င်းလင်းသွားခြင်းဖြစ်သည်။

ထိုအချိန်တွင် ကျောက်စရစ်ခင်း လမ်းမကြီးပေါ်တွင် လူ စ်ယောက် ဒယီးဒယိုင်ဖြင့် လျှောက်လာသည်။

အရက်မူးသမားတစ်ယောက်တော့ မဟုတ်ချေ။

သူက လုယန်မြို့မှ သူဌေးသားတစ်ယောက်။

သူ့နာမည်က ကျုန်းစွန်း...။

အချိန်မတော် ညဥ့်နက်သန်းခေါင်၌ လူသူကင်းမဲ့သော မ်းမပေါ်တွင် ဒယီးဒယိုင်ဖြင့် မည်သည့်အတွက် လမ်းလျှောက် နေရသနည်း။

အမှန်စင်စစ် ကျုန်းစွန်းသည် နတ်မိမယ်ဂေဟာမှ ပြန်လာ ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်မိမယ်ဂေဟာဆိုသည်မှာ လုယန်မြို့တွင် နာမည်

ကြေးတန်းစားမယ်ဂေဟာတစ်ခုပင် ဖြစ်သည်။

ယခု...

သူ၏အိတ်ထဲတွင် ငွေစဆိုလို့ တစ်ပြားတစ်ချပ်မျှမရှိ။

သူသည် ငွေရှာသည့်အတတ်ပညာကို မတတ်။

ငွေဖြုန်းတီးရမည့်ကိစ္စကိုသာ သူသိသည်။

ငွေဖြုန်းရမည်ဆိုလျှင် နှစ်ယောက်မရှိ။

သူ၏ဖခင်ကြီး ချမ်းသာကြွယ်ဝသလောက် ငွေရှာ

သလောက် သူကလည်း ငွေဖြုန်းသည့်ဘက်တွင် သူမတူ

တော်သည်။

ကျွန်းစွန်းသည် လူရှင်းသောလမ်းမကြီးတလျှောက်

တစ်ယောက်တည်း လျှောက်ချင်သလိုလျှောက်လာခဲ့သည်။

ထိုစဉ်...

လမ်းတစ်ဘက်မှ မည်းမည်းသဏ္ဍာန်လူရိပ်တစ်ခုကို

မြင်လိုက်ရသည်။

မည်းမည်းသဏ္ဍာန်လူရိပ်သည် သူ့ထံသို့ တရွေ့ရွေ့

ကပ်လာသည်ကိုတွေ့ မြင်ရသည်။

ထို့ကြောင့် ကျွန်းစွန်းက အလန့်တကြားဖြင့် မေးမြန်း

၏။

"ဟေ့...ဘယ်သူလဲ"



"ငါပါကွ"

မျက်နှာဖုံးစွပ်ထားသော ဝတ်စုံနက်နှင့်လူက ပြန်ဖြေလိုက်

သည်။

"မင်းရဲ့ မျက်နှာဖုံးကိုချွတ်လိုက်ပါ။ သည်အတိုင်း မင်းမျက်

နှာကိုမမြင်ဘဲနဲ့ မင်းကိုငါ ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ"

"မင်း ငါ့ရဲ့ မျက်နှာကို မြင်ချင်ယင်လည်း ပြရမှာပေါ့၊ ဒါပေ

မယ့် သည်နေရာမှာတော့ မပြနိုင်သေးဘူး"

"ဒါဖြင့် ဘယ်ကိုရောက်မှ မင်းမျက်နှာကိုပြမှာလဲ"

"မင်း သေရမယ့်အချိန်ကိုရောက်တော့မှ ငါပြပါ့မယ်၊ စိတ်

သာချ"

မျက်နှာဖုံးစွပ်နှင့် ဝတ်စုံနက်က ပြောယင်းဆိုယင်း ရှေ့တိုး

ကပ်လာသည်။

သူ၏အခြေအနေမှာ ဒုက္ခပေးတော့မည်ကို ကျွန်းစွန်းနား

လည်လိုက်သည်။

ကျွန်းစွန်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်သို့ ခြေတစ်

လှမ်းပြန်ဆုတ်လိုက်သည်။

"ဟေ့..ဟေ့..မင်းသည်လိုမလုပ်နဲ့လေ၊ မင်းနဲ့ငါ ဘယ်လို

ရန်ငြိုးမှလည်း မရှိပါလား"

ကျွန်းစွန်း ပျာပျာသလဲ ပြောလိုက်၏။

"ဟုတ်တယ်..ဘာရန်ငြိုးမှ မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးစွပ်နှင့် ဝတ်စုံနက်နှင့်လူ၏ စကားကြောင့် ကျန်းစွန်းအံ့သြသွားမိသည်။

သူက ဝတ်စုံနက်ကို တစ်ချက်အကဲခတ်ကာ ကြည့်လိုက်လေသည်။

"သည်လိုဆိုလည်း ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ ရန်မူနေရတာလဲ"

"ဒါက ငါ့ရဲ့အလုပ် မင်းသိဖို့လိုသေးလို့လား"

"ဒါဖြင့် ခင်ဗျားရဲ့ရည်ရွယ်ချက်က ဘယ်လိုလဲ၊ ကျွန်တော် ဖြင့် နားမလည်နိုင်အောင်ပါပဲဗျာ"

ကျန်းစွန်းက ညည်းညည်းညူညူဖြင့် ပြန်ပြောလိုက်သည်။

"သည်မှာကိုယ့်လူ မင်းကို အကျိုးအကြောင်း ရှင်းပြခဲ့ပြီး ယင် မင်းကို သတ်ပစ်မှဖြစ်မယ်"

ကျန်းစွန်း မျက်လုံးပြူးသွားသည်။

တုန်တုန်ချိချိဖြင့် အထိတ်တလန့် ဖြစ်နေယင်း...

"အို တကယ်ပဲလားဗျာ"

ကျန်းစွန်းက ငိုသံပါကြီးဖြင့် မေးလိုက်သည်။

"တကယ်ပြောနေတာပေါ့၊ ကလေးကစားနေတာမှ မဟုတ်ဘဲ"

ဝတ်စုံနက်နှင့်လူက အေးစက်သောလေသံဖြင့် ပြောလိုက် ယင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။



"နေပါဦး မိတ်ဆွေ...နေပါဦး၊ ကျွန်တော့်ကို အကျိုးအကြောင်းလေးလောက်တော့ ပြောပြပါဦး"

ကျန်းစွန်းက စိတ်ထိန်းပြီး အချိန်ဆွဲကာ မေးနေလေသည်။

"အေး...ကောင်းပြီ၊ ငါပြောပြမယ်၊ အခုလောလောဆယ် မင်းကို ငါမသတ်သေးဘူး"

"ဗျာ...ဘယ်လိုရည်ရွယ်ချက်နဲ့များလဲ"

ကျန်းစွန်းသည် နားမလည်သလို ဝတ်စုံနက်အားကြောင်တိကြောင်တောင်ကြည့်ယင်း အထိတ်တလန့် မေးလိုက်လေသည်။

လောလောဆယ် မသတ်သေးဘူးဆို၍ စိတ်နည်းနည်း အေးရပေမယ့် သတ်တော့သတ်မှာပဲဆိုသည့်သဘော။

ကျန်းစွန်းမှာ မတွေးဝံ့အောင် ဖြစ်နေပါသည်။

ထိုအခါ...

ဝတ်စုံနက်၏ ကြောက်မက်ဖွယ်ရာ အေးစက်သောအသံကြီး ထွက်ပေါ်လာပါသည်။

"မင်းသိချင်ယင် ဇာင်းကောင်းနားထောင်၊ အခု မင်းကို တစ်နေရာကို ခေါ်သွားရလိမ့်မယ်၊ ရုတ်တရက်တော့ မသတ်သေးဘူး၊ ချုပ်ထားရလိမ့်မယ်၊ မင်းကို မသတ်သေးဘူး နားလည်ပြီလား"

"ဩော်...ဟဲ ဟဲ ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါကြောင့်ကိုး၊ ခင်ဗျားက ကျွန်တော့်ကို ပြန်ပေးဆွဲပြီးတော့ ကျွန်တော့်ရဲ့အဖေဆီက ငွေယူမယ်ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစွန်းက သူ့အတွေးပေါက်သလို ခပ်မြှုံးမြှုံးပင်မေး မြန်းနေသည်။

ဝတ်စုံနက်က တစ်စုံတစ်ရာ အဖြေမပေးဘဲ ကျွန်းစွန်းကို သာလူထူးလူဆန်းသဖွယ် ကြည့်နေသည်။

ကျွန်းစွန်းကမူ သူ့အတွေးမှန်ပြီဟု ယူဆပြီး အားတက်သရောဖြစ်သွားသည်။

ဝတ်စုံနက်နှင့်လူက တစ်စုံတစ်ရာ အဖြေပြန်မပေးခဲ့သော်လည်း သူကဆက်လက်၍ရှင်းပြနေပြန်သည်။

"သည်ကိစ္စကတော့ လွယ်ပါတယ်၊ ခင်ဗျားအကြံကိုတော့ လက်ခံပါတယ်၊ ခင်ဗျားနဲ့ကျွန်တော် နားလည်မှုတစ်ခုတော့ လုပ်ရ လိမ့်မယ်၊ ခင်ဗျားက ငွေဘယ်လောက်လိုချင်တာလဲ၊ ခင်ဗျားကို သလောက်ငွေထက် တစ်ဝက်ပိုပြီး တောင်းရလိမ့်မယ်၊ အဲသည် တစ်ဝက်ကို ကျွန်တော့်ကိုပေးရမယ် ဘယ့်နှယ်လဲ"

အရေးထဲ ကျွန်းစွန်းက အကြံစကားပြောလာသဖြင့် ဝတ်စုံ နက်နှင့်လူက တအံ့တသြဖြစ်လျှင် သြော်ဟူ၍သာဆိုယင်း ငိုအား ထက်ရယ်အားသန်နေပါသည်။

သို့သော်…

သူ မရယ်နိုင်ပါ။

ကျွန်းစွန်းကမူ သူ့အစီအစဉ်ကို အားတက်သရော ဆက် လက်ပြောနေပြန်ပါသည်။



"သည်မှာ မိတ်ဆွေ အံ့သြသွားသလား၊ ထူးဆန်းတယ်ထင် ထင် ခင်ဗျားနဲ့တွေ့တာ ကျွန်တော့်အဖို့ အဆင်ပြေသွားတယ်၊ အခု တလော ကျွန်တော့်မှာ ငွေပြတ်နေတယ်၊ အဘိုးကြီးက ကျွန်တော့် ကို အကန့်အသတ်နဲ့လုပ်နေတယ်ဗျာ၊ ကျွန်တော် ဘယ်လိုမှ မကြံ တတ်အောင်ဖြစ်နေတယ်၊ အခုလို ခင်ဗျားနဲ့အခွင့်ကောင်းကြုံတုန်း တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့ဗျာ၊ ခင်ဗျားရဲ့အလိုဆန္ဒကိုလည်းဖြည့် စွမ်းယင်း ကျွန်တော့်ရဲ့လိုအပ်ချက်ဝါ တစ်ခါတည်း ကူညီခဲ့စေလို တယ်ဗျာ၊ ခင်ဗျားအတွက် အကျိုးမယုတ်စေရပါဘူး။ ကျွန်တော် ကူညီပါ့မယ်၊ သည်တော့ ခင်ဗျားအနေနဲ့သည်လောက်ဆိုယင် သဘောပေါက်လောက်ပါတယ်နော်"

"အို မရှိပါဘူး၊ ဘာတွေလျှောက်ပြောနေတာလဲ"

မျက်နှာဖုံးစွပ် ဝတ်စုံနက်နှင့်လူက စိတ်မရှည်တော့ဘဲ ခပ် ထန်ထန်ပြောလိုက်သည်။

ကျွန်းစွန်း တစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

"ဘာကို ဆိုလိုတာလဲ၊ ခင်ဗျားက ကျွန်တော်နဲ့ တပါတည်း ပူးပေါင်းဖို့ကြံစည်တာလား၊ ရှင်းရှင်းပြောစမ်းပါဗျာ"

ဝတ်စုံနက်က မျက်နှာဖုံးမှဖောက်ထားသော မျက်လုံး ပေါက်မှနေ၍ ကျွန်းစွန်းကို စိုက်ကြည့်နေ၏။

ထိုအခါမှ သူ၏စူးရှသော အေးစက်မာကျောသည့်အကြည့် ကြောင့် ကျွန်းစွန်းမှာ ကြက်သီးမွေးညင်းပင်ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



၀တ်စုံနက်၏အကြည့်စူးစူးကို ရင်မဆိုင်ရဲတော့ဘဲ ချက်ချင်းပင်ဆွံ့အသူပမာ နှုတ်ဆိတ်ကာ ခေါင်းငုံ့ကာ တစ်ကိုယ်လုံးမှာလည်း တုန်ခါနေပါသည်။

ထိုအခါ၊

၀တ်စုံနက်၏ ကြောက်ခမန်းလိလိအသံ တိုးတိုးကလေးက ခပ်သြသြပေါ်ထွက်လာသည်။

"သည်မယ်ကိုယ့်လူ ရှင်းရှင်းပဲပြောမယ်၊ ငါလိုချင်တာက ငွေမဟုတ်ဘူးကွ၊ မင်းရဲ့အသက်၊ မင်းရဲ့အသက်ကို ငါလိုချင်တာ"

၀တ်စုံနက်သည် ပြောပြောဆိုဆို သူ၏လက်တစ်ဘက်က လေထဲတွင် လှုပ်ရှားသွားသည်။

ဤတွင် ကျန်းစွန်းသည် ကြောက်အားလန့်အားနှင့် တစ်ဘက်သို့လှည့်ကာ ပြေးယင်း...

"ကယ်ကြပါဗျို့"

ပါးစပ်ကလည်း အထိတ်တလန့်နှင့် ငယ်သံပါအောင်အော်ယင်း ပြေးရန်ကြိုးစားသော်လည်း မလွတ်ပါချေ။

သူ၏လှုပ်ရှားမှုထက် ၀တ်စုံနက်၏လှုပ်ရှားမှုက မြန်ဆန်သည်။

သူက ကျန်းစွန်းနောက်သို့ မလွတ်တမ်းလိုက်လာပြီး လက်တစ်ဘက်က ကျန်းစွန်း၏ပါးစပ်ကို လှမ်းချုပ်ပိတ်လိုက်ပြီး ညာဘက်လက်သီးက ကျန်းစွန်း၏နောက်ကျောသို့ ခပ်ပြင်းပြင်းထိုးသွင်းလိုက်



လေသည်။

ကျန်းစွန်းသည် ဆက်လက်မအော်နိုင်တော့ချေ။

ခွေခနဲ လမ်းပေါ်သို့ လဲကျသွားသည်။

ထိုသို့ ကျန်းစွန်းလဲကျသွားစဉ်မှာပင် ၀တ်စုံနက်၏လက်ဝါးစောင်းတစ်ချက်က ကျန်းစွန်း၏ကုပ်ပိုးကို ထိထိမိမိ ရိုက်ထည့်လိုက်သည်။

ကျန်းစွန်းတစ်ယောက် လောကကြီးနှင့် အဆက်ပြတ်သွားတော့သည်။

လုံး၀ သတိလစ်မေ့မြောသွားတော့၏။

မျက်နှာဖုံးစွပ် ၀တ်စုံနက်နှင့်လူသည် ကျန်းစွန်းအား ပခုံးပေါ်ထမ်းလျက် လမ်းကြားတစ်ခုအတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ပျောက်ဆုံးခြင်း

ကျန်းစွန်းတစ်ယောက် ပျောက်ဆုံးသွားသည်မှာ သုံးလေးရက်ပင် ကျော်လွန်ခဲ့ပေပြီ။

သို့တိုင်အောင် သတင်းအစအန မရရှိခဲ့ချေ။

သူ၏ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများကလည်း သူသွားလာတတ်သည့် နေရာများသို့ လိုက်လံရှာဖွေခဲ့သည်။

သတင်းအစအနပင် မရပေ။

ထူးခြားမှုလည်း မရှိပေ။

ထို့ကြောင့် သူ၏ဖခင်ကျန်းပုချန်းမှာ သောကပင်လယ်ဝေနေပါသည်။



သူ၏အပေါင်းအသင်းများကလည်း အသိအကျွမ်းမှန်သမျှကိုအကူအညီတောင်းပြီး ကျန်းစွန်းသတင်းကို စုံစမ်းကြသည်။

ကျန်းစွန်းသည် ကျန်းပုချန်း၏ အချစ်ဆုံးသော သားတစ်ယောက်ဖြစ်သည်။

သူ့တွင် သားသုံးယောက်ရှိ၏။

သားအကြီးဆုံးဖြစ်သူသည် ဦးနှောက်မကောင်းဘဲ ရူးနေရှာသည်။

ဒုတိယသားတစ်ယောက်ကတော့ လေဖြတ်ပြီး အောက်ပိုင်းသေနေသည့် ဒုက္ခသည်တစ်ယောက်။

နောက်ဆုံး သားအငယ်ဆုံးဖြစ်သူ ကျန်းစွန်းတစ်ယောက်သာ သန်သန်မာမာရှိသည်။

သို့သော် ငွေအလွန်ဖြုန်းသည်။

မိန်းမမူ ပွေသည်။

အစစအရာရာ အလိုလိုက်ခဲ့သောကြောင့် အခြေအနေဆိုးသွားခဲ့သည်။

ထို့ကြောင့် သူ၏ဖခင်သည် ခါတိုင်းလို ငွေများဖောဖောသီသီမပေးဘဲ အကန့်အသတ် အတိုင်းအဆဖြင့် သုံးစေခဲ့သည်။

ထိုသို့ စည်းကမ်းဘောင်အတွင်းသို့ သားဖြစ်သူကို ပြန်သည်ဆွဲယူနေစဉ်ကာလမှာပင် ကျန်းစွန်း ပျောက်ဆုံးခဲ့ရတော့သည်။

သို့အတွက် အပေါင်းအသင်းများနှင့်မိမိအနိုင်အထက်များကို

www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်၍ သတင်းစုံစမ်းခိုင်းသော်လည်း အစအနပင် မရခဲ့ရှိနေခဲ့သည်။

မတတ်သာသည့်အဆုံးတွင် ကျန်းပုချန်းသည် သားဖြစ်သူ သွားတတ်သော နာမည်ကြီးဂေဟာဖြစ်သော နတ်မိမယ်ဂေဟာသို့ ကိုယ်တိုင်သွားရောက်စုံစမ်းခဲ့သည်။

ဤတွင် သတင်းအစအနကို ခြေရာခံရရှိခဲ့သည်။

သူ၏သားကျန်းစွန်းသည် လွန်ခဲ့သော သုံးလေးရက်ခန့်က ညဥ့်သန်းခေါင်ယံတွင် တစ်ယောက်တည်းပြန်ထွက်သွားခဲ့သည်ဟူသောသတင်းစကားကို ကြားခဲ့ရသည်။

ထို့နောက်..

သူတောင်းစား အဘွားအို၏ သတင်းပေးချက်အရ ကျန်းစွန်းအား ဝတ်စုံနက်နှင့်လူတစ်ယောက်က ရိုက်နှက်ခေါ်ဆောင်သွားခဲ့ကြောင်း သိလိုက်ရလေတော့သည်။

ဤတွင် သူဌေးကြီးကျန်းပုချန်းသည် သူ၏သားအား ဖြစ်ပေးဆွဲသွားသည်ဟု တထစ်ချတွက်ဆမိလိုက်သည်။

ထို့ကြောင့် မင်းမှုထမ်းသို့ အကူအညီပေးပါရန် တိုင်ကြားလိုက်လေသည်။

သူဌေးကြီးကျန်းပုချန်း၏ တိုင်ကြားချက်အရ လုယန်မြို့စားသည်ကျန်းစွန်းပျောက်ဆုံးသည့်ကိစ္စကို အထူးကိစ္စတစ်ရပ်အနေဖြင့် အထောက်တော်များစေလွှတ်ပြီး စုံစမ်းထောက်လှမ်းရန် အမိန့်ပေး



လိုက်လေသည်။

ကျန်းစွန်းသည် လုယန်မြို့၏ မြို့မျက်နှာဖုံးသူကြွယ်ကြီး တစ်ဦး၏သားဖြစ်သည်။

ထို့ကြောင့် ကျန်းစွန်းပျောက်ဆုံးသည့်ကိစ္စကို အရေးတယူဖြင့်မင်းမှုထမ်းများက မြေလှန်ရှာကြသည်။

စုံစမ်းကြသည်။

သို့သော် အချည်းနှီးသာဖြစ်ခဲ့သည်။

ပင်လယ်ထဲသို့ ခဲတစ်လုံးပစ်ချသည်ကမှ အသံမြည်ပေဦးမည်။

ကျန်းစွန်းပျောက်ဆုံးသည့်ကိစ္စမှာ စုပ်စုပ်မြုပ်နေသည့်

မည်သည့်သတင်းအစအနကလေးမျှ စုံစမ်းရှာဖွေမရဖြစ်နေလေသည်။

ဤအမှုမှာ မြို့မျက်နှာဖုံး၏သားတစ်ယောက် ပျောက်ဆုံးနေသည့်အမှု။

သည်တော့ လုယန်မြို့စားကိုယ်တိုင်က စိတ်ပါဝင်စားပြီး တွန်းအားပေးနေသည့်အမှုလည်းဖြစ်သည်။

ထို့ကြောင့် မင်းမှုထမ်းများအဖို့ အခက်အခဲနှင့်ကြုံတွေ့နေရပေသည်။

မင်းမှုထမ်းအဖွဲ့၏ ခေါင်းဆောင်မှာ ဝမ်ယုဖြစ်သည်။

သူသည် အမှုထမ်းလုပ်ငန်းများကို လက်တွေ့စုံစမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်သာမက အတွေ့အကြုံလည်း ရင့်ကျက်သူဖြစ်ပေသည်။

စုံစမ်းဖော်ထုတ်ရာတွင် ထူးချွန်သူ လုပ်သက်ဝါရင့်သူတစ်ယောက်လည်းဖြစ်သည်။

ဝမ်ယုသည် ရဲရင့်သည်။

ဘယ်နေရာမှာမဆို သတ္တိလည်းရှိသည်။

လျှင်မြန်ဖျတ်လတ်မှု အပြည့်ရှိသည်။

ပြဿနာတစ်ရပ်ကို အချိန်ပိုင်းအတွင်း မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိသူ တစ်ယောက်လည်းဖြစ်သည်။

သို့သော်...

ယခုကိစ္စတွင် အမှုကို ဘယ်ကအစ လိုက်ရှာရမည်ကိုပင် မသိနိုင်အောင် အကြပ်ရိုက်နေခဲ့သည်။

ထို့ပြင် အမှုကို မြို့စားမင်းကိုယ်တိုင် စိတ်ပါဝင်စားသောကြောင့် သူ့မှာ အခက်တွေ့နေရပေသည်။

အရပ်သားများထံမှလည်း မည်သည့်သတင်းစကားမျှ မရဘဲဖြစ်နေ၏။

ထောက်လှမ်းရန်လည်း အစမပေါ်။

အကြီးအကျယ် အကြပ်ရိုက်နေတော့သည်။

ဤတွင် အရေးကြုံသဖြင့် သူ၏အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ကို သတိရမိတော့၏။

ဝမ်ယု၏မိတ်ဆွေအမည်မှာ ဟန်ထင်းရှီဖြစ်သည်။



ဟန်ထင်းရှီသည် သိုင်းလောကတွင် လတ်တလော နာမည်ကျော်သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူ၏ဂုဏ်သတင်းက မွှေးပျံ့နေသည်။

ဟန်ထင်းရှီသည် ဒုစရိုက်လောကသားများကို အထူးရွံ့မုန်းပေသည်။

ဟန်ထင်းရှီသည် မတရားမှုမှန်လျှင် သူနှင့်သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သည်သာဖြစ်သည်။

အထူးသဖြင့် ဒုစရိုက်လောကသားများ၏ မုန်းတီးခြင်းကို ခံရသူတစ်ယောက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လူကောင်းသူကောင်းများ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်သော ဆင်းရဲသားများ ယုံကြည်အားကိုးခြင်း၊ ချစ်ခင်လေးစားခြင်းကိုမူ အပြည့်အဝရခဲ့ပေသည်။

ယေဘုယျအားဖြင့် လူများစု၏ ချစ်ကြောက်ရိုသေခြင်းကို ခံရသောလူငယ်သိုင်းသမား အကျော်အမော်တစ်ယောက်ပင် ဖြစ်ပေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လှယန်မြို့၏ ညနေဆည်းဆာသည် သာယာလှပေစွ။

မြို့တွင်း၌လည်း စည်စည်ကားကားရှိနေ၏။

အထူးသဖြင့် ညဈေးတန်းတွင် ကြိတ်ကြိတ်တိုး ကြက်ပျံမကျစည်ကားလျက်ရှိ၏။

ဤတွင် လူငယ်သိုင်းသမားဟန်ထင်းရှီသည် ရည်မွန်ချောကင်းမဲ့စွာဖြင့် ညဈေးတန်းဘက်သို့ ခြေဆန့်လျက် လျှောက်သွားနေခဲ့သည်။

ပစ္စည်းမျိုးစုံ ရောင်းဝယ်ဖောက်ကားနေသော ဆိုင်များကိုကြည့်ပြီး လျှောက်သွားနေခြင်းဖြစ်သည်။

ဤတွင် ခေါ်သံတစ်ခုကို ကြားလိုက်ရသည်။

အသံလာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ မြင်းစီးလူရွယ်တစ်ယောက်ကို တွေ့ရသည်။

သေချာစွာ ကြည့်လိုက်သောအခါမှ ထိုလူရွယ်သည် သူ၏မိတ်ဆွေကြီးဝမ်ယုဖြစ်နေသည်ကို အမှတ်ရမိတော့သည်။

ဝမ်ယုက မြင်းပေါ်မှ ကပျာကယာဆင်းလိုက်ပြီး လူငယ်သိုင်းသမားဟန်ထင်းရှီအား ပြေး၍ဖက်လိုက်၏။

"ဟာ..အစ်ကိုကြီးဝမ် မမျှော်လင့်ဘဲ အစ်ကိုကြီးနဲ့တွေ့ရတာ ကျွန်တော်ဖြင့် သိပ်ဝမ်းသာမိတယ်"

ဟန်ထင်းရှီက ဝမ်ယုအား ဝမ်းသာအားရပြန်လည်ဖက်လိုက်ယင်း အားရပါးရ ပြောလိုက်၏။



"ဒါနဲ့ နေစမ်းပါဦး၊ အစ်ကိုကြီးက သည်မြို့ကို ဘယ်လိုရောက်လာတာလဲ"

ဟန်ထင်းရှီက သိလိုဇောဖြင့် မေးနေပြန်သည်။

"အိုကွာ၊ အကြောင်းစုံကိုတော့ နောက်မှပြောပြမယ်၊ အမှန်ပြောရယင် မင်းကို သတိရနေတာ မင်းအသက်ရှည်ဦးမယ်ဟေ့"

ဝမ်ယုကလည်း လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရပြောယင်း ဟန်ထင်းရှီအား အနီးအနားရှိ စားသောက်ဆိုင်တစ်ခုသို့ ဆွဲခေါ်သွားခဲ့၏။

ထို့နောက်...

ဆိုင်တွင်းမှ ပြတင်းပေါက်အနီးရှိ စားပွဲတစ်ခုတွင် နေရာယူထိုင်လိုက်ကြသည်။

"ကဲ ဆိုစမ်းပါဦး အစ်ကိုကြီး၊ အစ်ကိုကြီးက သည်မြို့ကိုဘယ်ပုံဘယ်နည်းနဲ့ ရောက်လာခဲ့ရတယ်ဆိုတာ ပြောစမ်းပါဦး"

"ရောက်လာတဲ့အကြောင်းက ဘာဆန်းလို့လဲ ငါ့ညီရာ တာဝန်အရ နန်းတွင်းကနေ ပြောင်းရွှေ့လာတဲ့သဘောပေါ့"

ဝမ်ယုက သူ၏အကြောင်းကို ခပ်တိုတိုနှင့် လိုရင်းကို ပြောပြလိုက်၏။

"အင်း...ဟုတ်ပြီ၊ သည်လိုပဲဖြစ်ရမှာပေါ့ အစ်ကိုကြီးတို့လိုအမည်ကျော်ဝါရင့်အမှုထမ်းတစ်ယောက်ကို သည်မြို့က အထူးပဲလိုအပ်နေတာပေါ့၊ သည်မြို့က လှပတယ်၊ စည်ကားတယ်၊ ပြီးတော့

www.burmeseclassic.com



ဒုစရိုက်မှုဓါများတယ်၊ ဒုစရိုက်လောကသားတွေ ပျော်မွေ့ရာဆိုတော့ အစ်ကိုကြီးတော့ အလုပ်ရှုပ်နေမှာ အသေအချာပဲ”

လူငယ်သိုင်းသမားဟန်ထင်းရီက သူ၏ထင်မြင်ချက်ကို ဖွင့်ပြောလိုက်၏။

ဟန်ထင်းရီ၏စကားကြောင့် ဝမ်ယု ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

“ငါ့ညီပြောတာ သိပ်မှန်တာပေါ့၊ အခုလည်း စိတ်ရှုပ်ရှုပ်နဲ့မြို့ထဲထွက်လာခဲ့တာ၊ အခု မမျှော်လင့်ဘဲ ငါ့ညီကိုတွေ့လိုက်ရတော့ အစ်ကိုကြီးခေါင်းရှုပ်နေတဲ့ကိစ္စကိုတောင် မေ့လျော့သွားခဲ့တယ်”

ဝမ်ယုက သူ့ရင်ထဲရှိသည့်အတိုင်း ပြောလိုက်၏။

“တို့အစ်ကိုကြီး တစ်ယောက်လုံးကိုတောင် ခေါင်းရှုပ်အောင်လုပ်နိုင်တဲ့သူဟာ ဘယ်ဆိုးလို့တုန်း၊ ဆိုစမ်းပါဦး၊ ဘယ်လိုအရေးကိစ္စတွေများ ခေါင်းရှုပ်နေရတယ်ဆိုတာ ညီလေးကိုလည်း ပြောပြီးရောပေါ့၊ ဒုစရိုက်မှုဆိုယင် ကူညီပေးပါ့မယ်”

“ဒုစရိုက်မှုလို့ ထင်ရတဲ့ လူပျောက်မှုပါပဲ”

ဝမ်ယုက ပြောယင်း ခေတ္တရပ်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဟန်ထင်းရီသည်လည်း မျက်နှာတင်းမာလာကာ ဝမ်ယု၏စကားမဆက်ခင် သူဖြတ်ပြောလိုက်သည်။



“ဒုစရိုက်မှုဆိုယင် ကျွန်တော် အချိန်မရွေးကူညီမယ် အစ်ကိုကြီး၊ ဒုစရိုက်မှုဆိုယင် ကျွန်တော် သိပ်မုန်းတာ အစ်ကိုကြီးလည်း သိပါတယ်၊ အထူးသဖြင့် ဒုစရိုက်လောကထဲ ရောက်သွားတဲ့ သိုင်းသမားဆိုယင် ကျွန်တော် စိတ်အနာဆုံးပဲ၊ သူတို့ကြောင့် သိုင်းလောကနာမည်ပျက်နေတာ၊ သည်လိုလူတွေကို ကျွန်တော် အပြတ်ချေမှုန်းပစ်မယ် အစ်ကိုကြီး”

ဝမ်ယုသည် ဟန်ထင်းရီကို တလေးတစားကြည့်ယင်း သူစကားဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ မြင်ကွင်းတစ်ရပ်ကြောင့် စကားကို ဆက်မပြောသေးဘဲ သူ၏စူးရှသော မျက်လုံးအစုံ ပြတင်းပေါက်မှတဆင့် လမ်းမလယ်ဘက်သို့ ရောက်သွားသည်။

လမ်းမပေါ်တွင် လူတစ်ယောက်က သိုင်းကွက်နင်း၍ လျှောက်သွားသည်။

တလောကလုံး သူတစ်ယောက်တည်းဖြစ်သည့်အလား တစ်လမ်းလုံးအပြည့် လျှောက်လာသည်။

လမ်းမ၏ ဟိုဘက်မှသည်ဘက်၊ သည်ဘက်မှဟိုဘက်သို့ ဒယီးဒယိုင်ဖြင့် လျှောက်လာနေသည်။

လဲကျမသွားစေရန် သူ့ကိုယ်သူ အတော်ပင်ထိန်းလျှောက်လာရဟန်ရှိသည်။

ထိုလူ၏မျက်နှာမှာ မြင်းရုပ်နှင့် ခပ်ဆင်ဆင်ပုံ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က စုတ်ဖွား၊ မျက်နှာကရှည်ရှည်၊ ပါးစပ်က တစ်ဘက်သို့ ရွဲ့စောင်းနေသေးသည်။

ကျက်သရေ လုံးဝမရှိသည့် လူတစ်ယောက်ပင်။

ဝမ်ယုက အမူထမ်းစီစီ မယုံသင်္ကာသည့်မျက်လုံးများဖြင့် ထိုသူ၏လှုပ်ရှားမှုကို အကဲခတ်ကြည့်နေသည်။

ဤသည်ကို လူငယ်သိုင်းသမား ဟန်ထင်းရီက သဘောပေါက်နားလည်ခဲ့သည်။

"အစ်ကို သူ့ကိုသိသလား"

ဝမ်ယု ခေါင်းခါယမ်းယင်း..

"မသိဘူး"

ဟုပြောလိုက်၏။

"သည်လိုဆိုယင် သည်လူ့ကိုသွားတွေ့လိုက်ကြရအောင်လားဗျာ"

"သည်လူ့ကိုကြည့်ရတာ မသင်္ကာစရာပဲ"

သူတို့နှစ်ယောက် လမ်းမပေါ်သို့ ထွက်ခဲ့၏။

သိုင်းကွက်နင်းလာသော မြင်းမျက်နှာနှင့်လူ၏ ပခုံးကို ဝမ်ယုက ခပ်ဆတ်ဆတ်ကလေး ပုတ်လိုက်သည်။

"ဟေ့..သည်မှာလာပြီး ရှုပ်ရှုပ်ယှက်ယှက် လုပ်မနေနဲ့၊ သောက်တတ်ယင် တချောင်ချောင်မှာ သွားထိုင်သောက်နေထား။ အကောင်းဆုံးပဲ"



ထိုလူသည် ဝမ်ယု၏အနားကပ်လာပြီး လေသံသဲ့သဲ့ဖြင့် ပြောလာသည်။

"ကျွန်တော် ဆရာ့ကို သတင်းပေးစရာ ရှိလို့ပါ"

"ကဲ..ဒါဖြင့် ပြောစမ်း၊ ဘာကိစ္စလဲ"

"ဟုတ်ကဲ့ ကျွန်တော်ဟာ အရက်မူးနေတယ်လို့ ဆရာတို့က ထင်မယ်၊ တကယ်တော့ ကျွန်တော် အရက်မမူးပါဘူး၊ ဆရာကြီးသည်ကိုရောက်နေတာသိလို့ တမင်သတ်သတ် မူးချင်ဟန်ဆောင်ပြီး လာခဲ့တာပဲ"

"မြန်မြန်ပြောစမ်းပါ"

"ဟုတ်ကဲ့ တိုတိုပြောရယင် လူသတ်မှုဖြစ်လိမ့်မယ်၊ ဒါကို ကျွန်တော်က ကြိုပြီးမြင်ထားတယ်"

"ဟင် လူသတ်မှုဖြစ်မယ်၊ အခု မဖြစ်သေးဘူးဆိုပါတော့၊ ဆိုစမ်းပါဦး၊ ဘယ်သူက ဘယ်သူ့ကိုသတ်မှာလဲ"

ဝမ်ယု၏မျက်လုံးအစုံသည် တောက်ပြောင်သွားပြီး စိတ်ဝင်စားသွားသည်။

"အမျိုးသမီးတစ်ယောက် သိပ်ချော သိပ်လှတယ်"

"ဟုတ်ပြီ သတ်မယ့်လူကကော ဘယ်သူလဲ"

"အင်မတန်ဆိုးသွမ်းတဲ့ ယောကျ်ားကြီးတစ်ယောက်"

"သူတို့နှစ်ယောက်စလုံးရဲ့ နာမည်ကဘယ်လိုခေါ်သလဲ၊ ဘယ်မှာဖြစ်ပွားမှာလဲ မြန်မြန်ပြောစမ်းပါဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



"အို ဗျာ ဒါကတော့ ကျွန်တော်သိသလောက်တော့ ဒါပဲပဲ လူကြီးမင်းဟာ အမှုထမ်းတစ်ယောက်ပဲ မဟုတ်လား၊ သည်လောက် သတင်းရယင် တော်ရောပေါ့"

"မင်းက ဘယ်လိုနည်းနဲ့ သည်အကြောင်းတွေကိုသိခဲ့လဲ"

"ဒါကတော့ သွားယင်းလာယင်း လှုပ်ရှားယင်းနဲ့ ကြားခဲ့တဲ့ သတင်းပဲ၊ ဘယ့်နှယ်ကြောင့် ကျွန်တော့်ကို တရားခံစစ် စစ်ဆေးမေး မြန်းနေရတာလဲ၊ ကျွန်တော် သိသလောက် သတင်းပေးတာကို မကျေနပ်ဘူးလား"

ဝမ်ယုက ထိုသူ့ကို စူးစိုက်ကြည့်နေ၏။

အမှန်စင်စစ် ထိုသူ၏အပြုအမူကို သိပ်ပြီးမကြိုက်လှပါ ချေ။

မထိတထိစကားကြောင့် ဝိုးဝါးဖြစ်မိသည်။

"ဟိတ်..မင်းဘယ်သူလဲ၊ မင်းကိုလည်း ငါမသိဘူး"

"သည်မှာ လူကြီးမင်းခင်ဗျား ကျွန်တော်ပြောတာတွေဟာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ယုံချင်မှယုံ၊ မယုံချင်လည်း နေနိုင်တယ်၊ အဲဖြစ်ရှာချင်တယ်ဆိုယင် ရှာကြည့်နိုင်တယ်"

"မင်း တော်တော်ကြီးကျယ်ပါလား။ မင်းနာမည်က ဘယ် လိုခေါ်သလဲ"

"ကျွန်တော့်နာမည် ကျင်းပွဲ"

"ဘယ်မှာနေသလဲ"



"မြို့အပြင်ဘက်က လောင်းကစားဝိုင်းမှာ နေပါတယ်"

"မင်းရဲ့ အလုပ်အကိုင်ကကော"

"အလုပ်က ကြေးစားလူမိုက်၊ မယုံယင် အဲသည်ကစားဝိုင်း မှာသွားမေးနိုင်ပါတယ်၊ ဒါလောက်ဆိုယင်တော့ ပြည့်စုံပြီလို့ထင်ပါ တယ်"

ကျင်းပွဲက ယိုင်ထိုးယိုင်ထိုးဖြင့် ထွက်ခွာသွားလေတော့ သည်။

"အစ်ကိုကြီး ဘယ်လိုသဘောရသလဲ"

ဟန်ထင်းရိက ရုတ်တရက်မေးလိုက်သည်။

"သည်ကျင်းပွဲဆိုတဲ့လူ ပေးတဲ့သတင်းက မှန်ချင်လည်းမှန် မယ်၊ အရက်မူးပြီး ပြောချင်ရာပြောတာလည်း ဖြစ်နိုင်တယ်"

"ဒါဖြင့် အစ်ကိုကြီးက ဘယ်လိုဆုံးဖြတ်မလဲ"

"အေး..ငါ့ညီမေးသလိုပဲ အစ်ကိုကြီးလည်း စဉ်းစားဆုံးဖြတ် သုံးသပ်ကြည့်နေတာပဲ"

"ဒါဆိုယင်လည်း ကျွန်တော့်အမြင်ကို တင်ပြပါရစေ၊ အခု လိုအချိန်ဖြုန်းနေမယ့်အစား ကျင်းပွဲကို နောက်ယောင်ခံလိုက်ကြည့် တာက အကျိုးရှိလိမ့်မယ် ထင်တယ်"

ဝမ်ယုက ပြောရမှာ တုန့်နှေးနေသည်။

"အင်း..ကောင်းပါတယ်၊ ဒါပေမယ့်"

"ဘာလဲ အစ်ကိုက ကျွန်တော့်ကို အားနာနေသလား၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် သည့်မြို့ကိုရောက်နေပြီပဲ၊ အစ်ကိုတွေ့ချင်တယ်ဆိုယင် တည်းခိုခန်းကို လာနိုင်တာပဲ မဟုတ်လား”

“ဘာလဲ ငါ့ညီက လမ်းခွဲပြီး တစ်ယောက်တည်းကျင်းခဲ့ နောက် လိုက်မလို့ မဟုတ်လား”

ဟန်ထင်းရီ ဖြုံးပြလိုက်သည်။

“ကိုင်း..ကျွန်တော်တို့ လိုက်ကြရအောင်”

သူတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် နောက်မှ လိုက်နေစဉ်မှာပင် ရှေ့မှသွားနေသော ကျင်းပွဲမှာ လမ်းချိုးတစ်ခု ကိုချိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

“အစ်ကိုကြီး မြန်မြန်လိုက်မှ ဖြစ်တော့မယ်၊ ကျင်းပွဲတစ် ယောက် ကျွန်တော်တို့ကို ခြေရာဖျောက်သွားပြီ”

လူငယ်သိုင်းသမားဟန်ထင်းရီက ဝမ်ယုအား လှမ်း၍သတိ ပေးစကားပြောလိုက်၏။

သူတို့နှစ်ယောက် ကျင်းပွဲနောက် အမီလိုက်သွားကြ လေသည်။

“သည်ကောင်ကြီး သည်အနီးအနားတဝိုက်မှာပဲ ရှိမှာပါ ပြီးတော့ သူလည်း သတင်းလာပေးတယ်၊ တိတိကျကျလည်း မပြော ဘူး။ အဲဒါ ငါ့ညီဘယ်လိုသဘောရလဲ”

“ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော့်အထင်ပြောရရင် ကျင်းပွဲဟာ အဲသည်လူနှစ်ယောက်စလုံးကို မုန်းတီးနေတဲ့ပုံပဲ။ ဒါ



ကြောင့် ကျွန်နှစ်ကောင်ခတ်တာကိုလည်း သူကကြည့်ချင်သေးတယ်၊ ဘာပဲဖြစ်ဖြစ် သည်အမှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တား ဆီးနိုင်အောင်တော့ ကျွန်တော်တို့ ကြိုးစားကြတာပေါ့”

“မှန်တယ်၊ ငါ့ညီပြောသလို ရာဇဝတ်မှုကို မဖြစ်ပွားအောင် တားဆီးဖို့လိုတယ်၊ ကဲ တို့မြန်မြန်လိုက်ကြရအောင်”

နှစ်ယောက်သား ပြောယင်းဆိုယင်း ဆွေးနွေးယင်းနှင့် သုတ်ခြေတင်လိုက်သွားကြသည်။

အလင်းရောင်သည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ် လျှက် အမှောင်ထုက တစ်စထက်တစ်စ ကြီးစိုးမင်းမူနေပေသည်။

သည်ကနေ့ကျမှပင် ကောင်းကင်ပြင်တစ်ခုလုံး မည်းမှောင် လျှက်မိုးမှောင်ကျနေသည်။

မြို့တွင်း၌ လူများသွားလာလှုပ်ရှားလျှက် စည်ကားနေ သော်လည်း မြို့ပြင်မှာမူ မီးများသည် ညအမှောင်ထုကို အတင်းထိုး ဖောက်လျှက်ရှိသည်။

ရှေ့မှသွားနေသော ကျင်းပွဲသည် သူ၏နောက်တွင် လူ လိုက်လာသည်ကို သိရှိပါလျှက် တစ်ချက်ကလေးမျှ နောက်သို့လှည့် ကြည့်ချေ။

ခပ်တည်တည်ဖြင့် ရှေ့သို့သာ တွင်တွင်ကြီးသွားနေလေသည်။

ဝမ်ယုနှင့်ဟန်ထင်းရီတို့ နှစ်ယောက်ကလည်း မျက်ခြည်အ ပြတ်မခံချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် လိုက်မြဲလိုက်နေခဲ့၏။

ကျင်းပွဲသည် ရှေ့မှသွားယင်း ဝင်းခြံနံရံကို ခြေထောက်ဖြင့် ပြေးကန်လိုက် လက်ဖြင့်ဆွဲလိုက်ဖြင့် သူရူးတစ်ယောက်သဖွယ် လုပ်ချင်ရာကို လျှောက်လုပ်နေသည်။

"ဦးလေး ဟန်ထင်းရီ သူ့ကိုကြည့်ရတာ စိတ်မမှန်ရဲ့လား"

"အစ်ကိုကြီးကလည်း အဲသည်လိုမထင်လိုက်နဲ့နော်၊ သူ့အ တော်တော် ဉာဏ်များတဲ့လူတစ်ယောက် ရူးသလိုပေါသလို ဉာဏ် ဆင်နေတာဖြစ်ချင်ဖြစ်မယ်၊ သတိထား သည်ကောင် ကျွန်တော်တို့ ကို လမ်းစဖျောက်လိမ့်မယ်"

ဟန်ထင်းရီ၏ စကားပင် မဆုံးသေးချေ။

ကျင်းပွဲသည် ရုတ်တရက် လမ်းကြားတစ်ခုအတွင်းသို့ လှ ခနဲပြေးဝင်သွားလေတော့သည်။

"တော..သွားပြီ၊ အစ်ကိုကြီး လာ လာ အမြန်လိုက်မှ"

ဟန်ထင်းရီက ဝမ်ယုကို သတိပေးယင်းကျင်းပွဲနောက်သို့ လိုက်လာလေတော့သည်။

လမ်းမကြီးတစ်ခုပေါ်သို့ အရောက်တွင် မြင်းလှည်းတစ် သည် တရကြမ်း တအားမောင်းနှင်လာသည်နှင့် ကြုံတွေ့လိုက် သည်။

"ဘေးကို..ဘေးကို"

မြင်းလှည်းမောင်းသမားက ကြာပွတ်ကို တရွှီးရွှီးဖြင့်



အားလွှဲရိုက်ယင်း နှုတ်ကလည်း လမ်းဖယ်ပေးရန် တကြော်ကြော် အော်ယင်း မောင်းနှင်သွားသည်။

သူသည် အလွန်အလွန် အရေးကြီးသောကိစ္စတစ်ခုကြောင့် တရကြမ်းမောင်းနှင်သွားနေခြင်း ဖြစ်ဟန်တူသည်။

"သည်လောက်တောင် မြင်းလှည်းကိုမောင်းရသလား"

ဝမ်ယုက သူ၏နံဘေးမှ အရှိန်အဟုန်ပြင်းစွာဖြင့် ဖြတ်သန်း မောင်းနှင်သွားသော မြင်းလှည်းမောင်းသမားကို လှမ်း၍ကျိန်ဆဲ လိုက်မိသည်။

မည်သို့ပင်ဖြစ်စေ။

မြင်းလှည်းကို သတိမထားနိုင်ဘဲ ကျင်းပွဲနောက်သို့လိုက်ဖို့ က အရေးကြီးသည်။

ထို့ကြောင့်...

ကျင်းပွဲသွားသည်ဟု ထင်ရသောလမ်းမအတိုင်း ဆက် လက်လျှောက်ခဲ့သည်။

မကြာမီ တောင်ကုန်းကလေးတစ်ခုပေါ်မှ တဲစုတ်ကလေး တစ်ခုသို့ ရောက်ရှိလာသည်။

တဲစုတ်အတွင်း၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ရှေ့သို့ဆက်လက် လိုက်ခဲ့ကြပြန်သည်။

တွေ့ချေပြီ။

ကျင်းပွဲ ဘယ်နည်းနဲ့မှ သူတို့ကို လမ်းစဖျောက်၍မရတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပွဲကို တွေ့နေရပေပြီ။

သူသည်ကြီးမားကျယ်ဝန်းသော ခြံကြီး၏ဝင်းခြံဝတွင် ကပ်လျှက်ရပ်နေသည်ကို တွေ့ရသည်။

တစ်စုံတစ်ခုအား အကြံထုတ်နေသည်ဟု ထင်ရပေသည်။

သူ၏မျက်လုံးအစုံသည် ကျီးကန်းတောင်းမှောက် ကြည့်နေသည်။

အတွင်းဘက်သို့လည်း ချောင်းမြောင်းကြည့်နေသည်။

အတွင်းဘက်သို့ ဝင်မည်လော။

သို့မဟုတ် လမ်းစဖျောက်လိုက်၍လော။

"သည်လူ တစ်ခုခုတော့ လုပ်မယ့်ပုံပဲ အစ်ကိုကြီး"

ဟန်ထင်းရီ နှုတ်မှလွှတ်ခနဲ ပြောလိုက်သည်။

ထိုစဉ်မှာပင် ကျင်းပွဲသည် လူနှစ်ရပ်စာလောက်မြင့်မား သော ဝင်းခြံတံခါးကို ကြောင်တစ်ကောင်အလား ပေါ့ပါးလျင်မြန်စွာ ခုန်ဝင်သွားတော့သည်။

ကျင်းပွဲ၏သိုင်းပညာကလည်း ခေလှသည် မဟုတ်ပါ

သူ၏ကိုယ်ဖော့ပညာမှာ အထူးကောင်းမွန်လှသည်။

ထို့ကြောင့်...

ကျင်းပွဲ၏သိုင်းပညာအဆင့်သည် မြင့်မားပေလိမ့်မည် ခန့်မှန်းတွက်ဆနိုင်ပေသည်။

"သည်လူကိုကြည့်ရတာ အခုဝင်သွားတဲ့ ခြံဟာ သူနေ



တဲ့နေရာတော့ မဟုတ်နိုင်ဘူး၊ ဘယ်သူ့ခြံဝင်းဆိုတာကော အစ်ကို သိသလား"

ဟန်ထင်းရီက မေးလိုက်သည်။

ဝမ်ယုက ပျာပျာသလဲ ခေါင်းခါယမ်းပြလိုက်၏။

"အစ်ကိုကြီးလည်း မသိဘူးကွ"

"သည်လိုဆိုယင် ကျွန်တော်တို့လည်း ဝင်းခြံထဲဝင်လိုက် သွားကြရအောင်"

"ကောင်းသားပဲ"

သူတို့နှစ်ယောက်သည်လည်း ကိုယ်ဖော့ပညာကို တတ် မြောက်ထားသူများပီပီ ကျင်းပွဲကဲ့သို့ပင် ဝင်းကိုကျော်လျှက် ခုန်ဝင် လေသည်။

"တို့နှစ်ယောက်ကိုတော့ အိမ်ရှင်က သူခိုးအောက်မေ့နေ တာမှာပဲ"

ဝမ်ယုက လွှတ်ခနဲ ပြောလိုက်သည်။

"အစ်ကိုကြီးကလည်း တယ်လည်း သတိမေ့တတ်တာကိုး၊ အစ်ကိုကြီး ကိုယ့်ကိုကိုယ် ပြန်ကြည့်စမ်းပါဦး၊ အမှုထမ်းဝတ်စုံကို ဝတ်ဆင်ထားတယ် မဟုတ်လား၊ ဘယ်သူက အစ်ကိုကြီးကို သူခိုး ထင်မှာလဲ"

"ဟော..ဟုတ်ပါ့ကွာ၊ မေ့နေလိုက်တာ"

သူတို့နှစ်ယောက်သည် အသံထွက်အောင် ရယ်မိစေရန်

www.burmeseclassic.com

www.burmeseclassic.com



မနည်းချုပ်တည်းနေလိုက်ရသည်။

ထိုစဉ်...

စူးဝါးနက်ကျောသော အော်သံတစ်ခုကို ကြားလိုက်ရ သည်။

အော်သံထွက်ပေါ်လာရာဆီသို့ အပြေးအလွှားဝင်လို သွားခဲ့သည်။

မှောင်မည်းနေသော အခန်းတစ်ခုအတွင်းမှ လူရိပ်သဏ္ဍာ တစ်ခု ပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူရိပ်သဏ္ဍာန်သည် တခြားလူတစ်ယောက်မဟု ကျင်းပွဲဖြစ်နေသည်။

ကျင်းပွဲ၏မျက်လုံးအစုံသည် ပြူးတူးကြောင်တောင်နှင့် ၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အရောင်များ လွှမ်းနေသည့်ကို အကဲခတ်မိလိုက်သည်။

"ဟိတ်..ကျင်းပွဲ ဘာဖြစ်လာပြန်ပြီလဲ"

အခန်းတွင်းမှ ပြေးထွက်လာသော ကျင်းပွဲအား အဝင် ဝမ်ယုက တားဆီးမေးမြန်းလိုက်သည်။

ကျင်းပွဲက ဝမ်ယု၏အမေးကိုကြားဟန်မတူ၊ မကြား ယောင်ဆောင်သွားသလားဟု အသေအချာမပြောနိုင်။

"ဟိုမှာ ဝက်ဝံကြီး၊ ဟိုမှာ ဝက်ဝံကြီး"

တုန်လှုပ်ချောက်ချားသော အသံဖြင့် အော်ဟစ်ပြောဆို



လွတ်ရာသို့ ထွက်ပြေးသွားသည်။

မှန်ပေသည်။

ဝက်ဝံကြီးက ကျင်းပွဲနောက်သို့ အတင်း အရေသောပါး ပြေးလိုက်သွားပြန်သည်။

ဝက်ဝံ၏ကိုယ်တွင် သွေးများစွန်းပေနေ၏။

ပါးစပ်ကြီးကိုဖြဲလျှက် ဖြူဖွေးသောအစွယ်များတွင်လည်း သွေးများပေကျံနေသည်။

ဝက်ဝံ၏ကိုယ်တွင် သံကြိုးပြတ်အပိုင်းတစ်ခု တန်းလန်းပါ သွားသည်။

သည်တစ်ခါတွင် ကျင်းပွဲလွယ်တော့မည် မဟုတ်ပါချေ။

တစ်နေရာအရောက်တွင် မည်သည့်နည်းနှင့်မဆို ကျင်းပွဲကို မိသွားလိမ့်မည်မှာ မလွဲတော့ဟု ခန့်မှန်းလိုက်ရသည်။

မှန်ပေသည်။

ကျင်းပွဲသည် ဝက်ဝံ၏လက်မှလွတ်အောင် ပြေးနိုင်ဖွယ်မ ရှိပါချေ။

အသေဆိုးနှင့်သေရမည်မှာ အမှန်မုချ။

"သည်ဝက်ဝံဟာ လူတစ်ယောက်ယောက်ကိုတော့ ဒုက္ခ ပေးသွားပြီနဲ့တူတယ်"

ဝမ်ယုက မှတ်ချက်ပြုလိုက်သည်။

"ဟုတ်တယ် ကျွန်တော်တို့အထဲကိုဝင်ကြည့်ရင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဒါမှမဟုတ် ကျင်းပွဲနောက်ကိုလိုက်ပြီး ကယ်ရယင်ကောင်းမလား"

သိုင်းသမားဟန်ထင်းရီက အလော်သုံးဆယ် ဝမ်ယုကို မေးမြန်းလိုက်၏။

"အိုကွာ..ကျင်းပွဲဟာ လျင်ပါတယ်၊ အေး တစ်ခုတော့ရှိတယ်၊ သူသာ အကင်းမပါးယင် ဒါမှမဟုတ် ပြေးယင်းလွှားယင်း လဲနေမယ်ဆိုယင်တော့ ဝက်ဝံရဲ့အစာဖြစ်မှာ သေချာတယ်၊ သူ့အသက်ကိုတော့ သူနဲ့မြော်မှာပါ၊ တို့ အခန်းထဲဝင်ကြည့်ရအောင်"

ဝမ်ယုက အခန်းတွင်းသို့ ဝင်ရောက်ရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်မှာပင် အခန်းတွင်းမှ ငယ်သံပါအောင် အော်လိုက်သည့် အမျိုးသမီးတစ်ဦး၏ စူးစူးဝါးဝါးအော်သံကို ကြားလိုက်ရပြန်သည်။

ထိုအော်သံကြောင့် ဝမ်ယု၏ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေသည်။

အော်သံမှာ စူးစူးဝါးဝါး ကြောက်ခမန်းလိလိ အော်သံဖြစ်၍ တွေးပင်မတွေးဝံ့အောင် ဖြစ်နေတော့၏။

သူတို့နှစ်ယောက်သည် မှောင်မည်းနေသော အခန်းတွင်းသို့ သတိပရိယဖြင့် တစ်လှမ်းချင်း ဝင်ရောက်သွားကြသည်။

♠ ♠ ♠



စူးဝါးသော မိန်းကလေးတစ်ဦး၏ အော်သံကြောင့် ဝမ်ယုနှင့်ဟန်ထင်းရီတို့နှစ်ဦးသည် သုတ်သုတ်ပျာပျာဖြင့် အခန်းတွင်းသို့ ပြေးဝင်သွားကြ၏။

အခန်းတွင်းမှာ မှောင်မည်းနေ၏။

ထိုအခန်းမှထွက်လိုက်ပြီး ညာဘက်သို့ချိုးကွေ့လိုက်သည်တွင် ခန်းမဆောင်ကြီးတစ်ခုကို တွေ့ရသည်။

ထိုခန်းမဆောင်တွင် မီးအိမ်များထွန်းညှိထား၏။

အခန်း၏အလယ်ဗဟိုတွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။

"သိုင်းလေ့ကျင့်ခန်းမဆောင်"

ဟူ၍ရေးသားထားသည်။

သိုင်းလေ့ကျင့်ခန်းမဆောင်အတွင်း၌ လှုပ်ရှားနေသောလူများမတွေ့ရ။

ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။

အခန်းဝတွင် လူနှစ်ယောက် မတ်တတ်ရပ်လျက် အသက်ညှာဉ်ကင်းမဲ့နေသည့်အလား မလှုပ်မယှက်ငြိမ်သက်နေ၏။

တစ်ယောက်သောသူက မိန်းကလေးတစ်ယောက်၊ လှပချောမောသည်။

ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်သည်။

ကျန်တစ်ယောက်က လူရွယ်တစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



သူက အရပ်ထောင်ထောင်မောင်းမောင်းနှင့် သန်မာထွားကျိုင်းသည်။

ဥပမိရုပ်ခန့်ညားပြီး မိန်းကလေးနှင့်ယှဉ်လိုက်လျှင် အတွဲညီသည်ဟု ဆိုရပေမည်။

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားလျက် မတုန်မလှုပ် ကျောက်ရုပ်ပမာ ငေးကြောင်နေသည်။

ထို့သော်...

သူတို့၏မျက်လုံးအစုံက အခန်းတွင်းသို့ စူးစိုက်ကြည့်နေသည်ကိုတွေ့ရသည်။

နှစ်ယောက်စလုံး၏ မျက်နှာပြင်တွင် ဖြူဖပ်ဖြူရော်သွေးမရှိတော့သည့်အလား တုန်လှုပ်ချောက်ချားနေသည့် လက္ခဏာများက လွှမ်းမိုးထားသည်။

သူတို့နှစ်ယောက်အနီးသို့ ဝမ်ယုနှင့် ဟန်ထင်းရီတို့ရောက်လာသည်ကိုပင် သတိမထားမိဘဲ ကြက်သေသေနေကြ၏။

"ဘယ်လိုဖြစ်ကြတာလဲ"

ဝမ်ယုက စတင်၍ စူးစမ်းယင်း မေးလိုက်သည်။

ဝမ်ယု၏အသံကြောင့် အမျိုးသမီးနှင့် အမျိုးသားတို့ လှုပ်လှုပ်ရှားရှားဖြစ်လာကာ အမျိုးသမီးသည် အတိတ်ကာလနှင့်ရောက်ဆုတ်ကာ...



"ရှင်..ရှင်တို့က ဘယ်သူလဲ"

အမျိုးသမီးက အံ့အားသင့်သည့်လေသံနှင့် မေးလိုက်သော်လည်း သူမ၏ကိုယ်နေဟန်မှာ သတိအနေအထားသို့ ချက်ချင်းပြောင်းလဲရပ်လိုက်သည်။

"ကျွန်တော့်နာမည်က ဝမ်ယုပါ"

"ဪ..ဟုတ်တဲ့ ကျွန်တော် နာမည်ကိုကြားဖူးပါတယ်၊ နန်းတွင်းကလာတာ မဟုတ်လား၊ လူကိုသာ မတွေ့ဖူးတာ"

အမျိုးသားက ကြားဝင်ပြောလိုက်ခြင်း ဖြစ်သည်။

သူက ဝမ်ယု၏ဝတ်စုံကိုကြည့်ခြင်းအားဖြင့် နန်းတွင်းမှလာသော အမှုထမ်းတစ်ဦးဖြစ်သည်ကို သိလိုက်သည်။

"ဘာဖြစ်ကြတာလဲ"

ဝမ်ယုက ဒုတိယအကြိမ် ထပ်မံမေးလိုက်ပြန်သည်။

"ဆရာတို့ကိုယ်တိုင်ပဲ အထဲဝင်ကြည့်ပါတော့ဗျာ"

ထိုလူက အခန်းတွင်းသို့ လက်ညှိုးထိုးပြယင်း ပြောလိုက်သည်။

ဝမ်ယုနှင့်ဟန်ထင်းရီတို့သည် အခန်းတွင်းသို့ ခေါင်းငုံ၍ကြည့်လိုက်သည်။

အခန်းတွင်းမှမြင်ကွင်းက သူတို့နှစ်ဦးစလုံး စကားပင်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားစေသည်။

တွေ့လိုက်ရသည့်မြင်ကွင်းက တုန်လှုပ်ချောက်ချားဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည်။

အသည်းငယ်သူများဆိုလျှင် ယခု ချက်ချင်းနေရာတွင်ပင် သေသွားစေနိုင်သော အကျည်းတန်လှသည့် မြင်ကွင်းဆိုးကြီးပင် ဖြစ်သည်။

ဝမ်ယုနှင့်သိုင်းသမားဟန်ထင်းရီလို ယောကျ်ားရင့်မကြီးများပင် ကြက်သီးမွေးညင်းထသွားမိသည်။

အခန်းတွင်း၌ လူတစ်ယောက် သွေးအိုင်ထဲတွင် လဲလျက် မရှုမလှသေဆုံးနေသည်ကို တွေ့လိုက်ရသည်။

သို့သော်...

ထိုသူ၏သေပုံကား ချောက်ချားဖွယ်ရာကောင်းလှသည်။ ဖော်မပြဝံ့လောက်အောင် ရက်စက်လှသည့်မြင်ကွင်းကြီးဖြစ်သည်။

သိုင်းလှေကျင့်ခန်းမဆောင်ကြီးအလယ်တွင် လူကြီးတစ်ယောက် ပက်လက်လန်လျက် လဲကျသေနေ၏။

ဝမ်ယုသည် လူသေကောင်ကို အသေသအချာလှေ့လာကြည့်ရာတွင် အလောင်းမှာ မကြာသေးသော အချိန်အတွင်းတွင် သေဆုံးသွားခြင်းဖြစ်ဟန်တူသည်။

လောလောလတ်လတ် သေဆုံး သွားခဲ့သည်ဆိုက ပိုမှန်မည်။

သာမန်အားဖြင့် ဝက်ဝံကိုက်ခြင်း၊ ကုတ်ခြင်းခံရပြီး မရှုမလှ သေဆုံးသွားသည်ကို မျက်မြင်ထင်ရှားတွေ့နေရသည်။



ဝမ်ယုနှင့် ဟန်ထင်းရီတို့သည် လူသေအလောင်းကို အတန်ကြာစေ့စေ့စပ်စပ် လေ့လာကြည့်ရှုနေခဲ့ပြီး စိတ်မကောင်းဟန်ဖြင့် သူ့ဦးခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းလိုက်ပြီး အခန်းဝတွင် ရပ်နေသော အမျိုးသမီးနှင့် အမျိုးသားတို့ထံသို့ လှမ်း၍အကဲခတ်ကြည့်လိုက်လေသည်။

သူတို့နှစ်ယောက်သည်လည်း အကြောက်မပျက်သေးဘဲ မျက်စိမျက်နှာပျက်လျက်ရှိသည်။

အမျိုးသမီးက အမျိုးသား၏လက်မောင်းကို ဖက်တွယ်ဆုပ်ကိုင်ထားသည်။

ဝမ်ယု၏မျက်လုံးအစုံက ထိုအမျိုးသမီးနှင့် အမျိုးသားတို့ထံမှမခွာချေ။

ဘယ်လိုလဲဟူသော အဖြေ ရှာဖွေနေသည့်သဘောပင်။

၎င်းသည်ကို အမျိုးသားက သတိထားမိပြီး...

"အဲသည်လူဟာ ဝက်ဝံပိုင်ရှင်ပါပဲ"

သူက ဝမ်ယု ဘာမှမမေးခင်မှာပင် ကပျာကယာဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ တောရိုင်းဝက်ဝံတစ်ကောင်ကိုမှရွေးပြီးမွေးထားတယ်၊ ဝက်ဝံဆိုတာမျိုးဟာ အင်မတန်ရိုင်းစိုင်းတဲ့သတ္တဝါမျိုးပဲ၊ သည်လောက်ကြောက်စရာကောင်းတဲ့ တောရိုင်းတိရစ္ဆာန်ကိုမှရွေးပြီး မွေးတာကို ကျွန်မဖြင့် နားမလည်နိုင်အောင်ပါပဲရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကိုအတန်တန်တားမြစ်ပါတယ်၊ ဖျောင်းဖျပြောပါတယ် မရဘူးရှင်၊ အခုတော့ အစ်ကိုကြီးတို့မြင်တဲ့အတိုင်းပဲ သူမွေးတဲ့ ဝက်ဝံက သူ့ကိုမရှုမလှ ကိုက်သတ်သွားခဲ့ပြီ မဟုတ်လားရှင်"

အမျိုးသမီးက ဝမ်ယုကို ဝင်ရောက်ရှင်းလင်းကာပြောပြနေ၏။

"ဝက်ဝံက ပိုင်ရှင်ကို ကိုက်သတ်သွားခဲ့တယ်ဆိုတော့ ပိုင်ရှင်က ဘယ်သူလဲ"

"သူပဲရှင့်"

အမျိုးသမီးက ကယောင်ကတမ်းဖြင့် အခန်းတွင်းမှ ရုပ်ပျက်ဆင်းပျက် လဲကျသေဆုံးနေသော အလောင်းကောင်ကို လက်ညှိုးညွှန်ပြယင်း ပြန်ပြောလိုက်သည်။

သို့သော်....

သူမ၏အဖြေက မပြည့်စုံချေ။

ထို့ကြောင့် သူမ၏ဘေးမှ ထိုလူကြီးက ဖြည့်စွက်ပြောလိုက်ရ၏။

"သူလား၊ သူဟာ လူရှီတန်ဆိုတဲ့လူပဲခင်ဗျာ"

ဝမ်ယုက မိန်းကလေးဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ယင်း မေးလိုက်ပြန်သည်။

"လူရှီတန်ဆိုတော့ သူဟာ စွမ်းအားအပေါင်ဆိုင်ရဲ့ ဦးစီးလူကြီးတစ်ယောက် မဟုတ်လား"



"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားကကော"

"ကျွန်တော့်အမည်က ချီအင်း"

"သြော်...သြော်...ဟုတ်ပြီ ဟိုတုန်းက သည်ဆိုင်မှာ အမှုထမ်းခဲ့တယ်ထင်တယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဖြင့် သည်ဆိုင်က ခွဲသွားတာကော ဘယ်လောက်ကြာသွားပြီလဲ"

ဝမ်ယု၏အမေးကြောင့် ချီအင်း တအံ့တသြဖြစ်သွားလေသည်။

သူ၏မျက်နှာတွင် သွေးမရှိတော့သည့်အလား ဖြူဖပ်ဖြူရော်ဖြစ်ကာ စိုးရိမ်ကြောင့်ကြမှု အရိပ်အယောင်များ ယှက်သန်းသွားပါသည်။

သို့သော်...

ချက်ချင်း ဣန္ဒြေဆည်လိုက်ပါသည်။

ဤသို့ ချီအင်းမျက်နှာပျက်သွားသည်ကို အမျိုးသမီးက မလိုလားဟန်နှင့် တစ်ချက်လှမ်းကြည့်လိုက်သည်ကို ဝမ်ယုက ရိပ်ခနဲလှမ်းမြင်လိုက်သည်။

"သည်က ခွဲသွားတာ ကိုးလလောက်ရှိသွားပါပြီ ဒါ့ထက် စကားမစပ် မေးစမ်းပါရစေ၊ လူကြီးမင်းက ကျွန်တော်တို့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်တောင် အတွင်းကျကျ ဘယ်လိုကြောင့် သိနေရတာလဲ"

ချီအင်းက တတ်နိုင်သလောက် အသံထိန်းယင်း မေးလိုက်ပါသည်။

"သြော်..မင်းက အံ့သြနေသလား၊ ဒါတွေက မဆန်းပါဘူးကွ၊ မင်းတစ်ယောက်တည်း မပြောနဲ့၊ မင်းတို့အားလုံးရဲ့ ကိုယ်ရေးရာဇဝင်တွေ ကျွန်တော့်ဆီမှာ ရှိနေတယ်"

"သြော်..ဒါကြောင့် သိနေတာကိုး"

"အေး..မင်းနဲ့လူရှိတန်တို့ဟာ သွေးသောက်တွေဖြစ်တယ်ဆိုတာ ဟုတ်သလား"

ချီအင်း ခေါင်းညိတ်ပြလိုက်သည်။

သူတို့အကြောင်းကို ခုလိုအတွင်းကျကျသိသဖြင့် စိတ်ထဲမှာ အောင့်သက်သက်နိုင်လှပေသည်။

"ဟုတ်ပါတယ်၊ ဒါနဲ့ဆရာတို့က သည်ကိစ္စဖြစ်နေတာကို ဖြစ်ဖြစ်ခြင်း သည်လောက်မြန်မြန်ဆန်ဆန် ဘယ်လိုလုပ်သိရတာလဲ"

ချီအင်းက လေသံချိုချိုနှင့် ပြောလိုက်သော်လည်း သူ့ပုံစံမှာ မရှိသွားဖြပုံစံဖြစ်သည်မှာ ထင်ရှားစေသည်။

ဝမ်ယုက မထိတထိ ပြုံးလိုက်သည်။

ထို့နောက်...

ချီအင်း၏မျက်နှာကို တစ်ချက် စူးစူးစိုက်စိုက် အကဲခတ်လိုက်သည်။



"ဟုတ်တယ်..မင်း အံ့သြနေသလား၊ အဆင်သင့်လို့ပါ၊ တို့ကကျန်းပုချန်းရဲ့သား ပျောက်ဆုံးမှုကို စုံစမ်းယင်း တိုက်တိုက်ဆိုင်ဆိုင်သည်ကို ရောက်လာတာပဲကွ"

ဝမ်ယု၏စကားကြောင့် ချီအင်း၏မျက်နှာသည် တစ်ချက်ကွက်ခနဲ ပျက်သွားသည်ကို သတိပြုမိလိုက်သည်။

"အဲ ကျန်းပုချန်း သားအဖတို့ ကြားဖူးပါတယ်၊ ဒါပေမယ့် သူ့ရဲ့သား ပြန်ပေးအဆွဲခံရတဲ့သတင်းကို အခုမှသိရတယ်၊ ကျွန်တော်က သည်မြို့မှာမနေတော့ သည်သတင်းတွေကို မကြားနိုင်ဘူးပေါ့ခင်ဗျာ"

"ဒါဖြင့် မင်းက အခုဘယ်မှာနေသလဲ"

"အခုလား မြို့ကနေ မိုင်နှစ်ဆယ်လောက်ဝေးတဲ့ရွာမှာ ကျွန်တော် အိမ်တစ်အိမ်ဝယ်ပြီး နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ အေးချမ်းတဲ့ ပတ်ဝန်းကျင်ကို နှစ်သက်လို့ပါပဲဗျာ"

"တကယ်ဆိုယင် မင်းနဲ့သည်လုပ်ငန်းနဲ့ မအပ်စပ်ဘူးလို့ဆိုရမယ်"

"ကျွန်တော် ဝန်ခံပါတယ်"

"ဒါနဲ့တောင် သည်အပေါင်ဆိုင်လုပ်ငန်းမှာ မင်းက ဘာကြောင့်ဝင်ရောက်လုပ်ကိုင်ရသလဲ"

ဝမ်ယုက မရှင်းလင်းသည့်ဟန်ဖြင့် မေးလိုက်ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ကျွန်တော် ဝင်ရောက်လုပ်ကိုင်ခဲ့သလဲဆိုတာကို ကျွန်တော် ရှင်းပြပါ့မယ်၊ သည်လိုပါ၊ လူရှိတန်ဟာ အပေါင်ဆိုင်လုပ်ငန်းကို ဖွဲ့စည်းတည်ထောင်လိုက်တယ်၊ အဲသည်အခါမှာ သူက အပေါင်ဆိုင်လုပ်ငန်းကို ဝင်ရောက်ကူညီဖို့ ကျွန်တော့်ကိုပြောလာပါတယ်၊ အဲသည်အချိန်မှာ ကျွန်တော့်အနေနဲ့ လောလောဆယ် အလုပ်အကိုင်ကလည်း မရှိသေးဘူး၊ ဒါကြောင့် လူရှိတန်ရဲ့ဆန္ဒအတိုင်း ဝင်ရောက်ကူညီလုပ်ကိုင်ခဲ့တာပါ"

"သည်အတိုင်းဆိုတော့ အပေါင်ဆိုင်လုပ်ငန်းကို လူရှိတန် တစ်ဦးတည်းပိုင်တာပေါ့နော်"

ဝမ်ယုက ပိုမိုရှင်းလင်းသွားအောင် မေးလိုက်ခြင်းဖြစ်[illegible]

"ဟုတ်ပါတယ်၊ လူရှိတန်ဟာ ကျွန်တော့်ရဲ့ လုပ်ရည်ကိုင်ရည်ကို သဘောကျပြီး ဆိုင်နာမည်ကိုတောင် ပြောင်းလဲခေါ်ခဲ့တယ်"

"ဪ..ဪ..သည်လိုဆိုတော့လည်း မင်းတို့က တစ်ယောက်နဲ့တစ်ယောက် အတော်သံယောဇဉ်ရှိကြသားပဲ"

"လူရှိတန်ရဲ့ကျေးဇူးက ကျွန်တော့်အပေါ် တင်ရှိနေခဲ့တယ်၊ သူဟာ ကျွန်တော့်ရဲ့အသက်သခင်ပါ၊ တစ်ချိန်က ကျွန်တော့်ရဲ့အသက်ကို ကယ်ခဲ့ဖူးပါတယ်၊ တိုတိုပြောရရင် တစ်ခါက [illegible] ကြီးတစ်ခုအတွင်းမှာ ဝက်ဝံတစ်ကောင်နဲ့ ပက်ပင်းတိုးမိခဲ့တယ် [illegible] တော့်ရဲ့သွားရာလမ်းပိတ်ဆို့ထားပြီး ကိုက်တော့တာပါပဲ၊ အဲသည်[illegible]



မှာလူရှိတန်က အတင်းဝင်တိုက်ပြီး ကျွန်တော့်ရဲ့အသက်ကို ကယ်ဆယ်ခဲ့ဖူးပါတယ်"

"ဟင်..သည်လိုဆို ဘာကြောင့် မင်းက သူနဲ့လမ်းခွဲခဲ့ရတာလဲ"

"ကျွန်တော်ဟာ လမ်းခွဲမထွက်လိုပေမယ့် လမ်းခွဲခဲ့ရတယ် ဘာကြောင့်လဲဆိုတော့ သူက ကျွန်တော့်ကို သက်ာမကင်းဖြစ် လွန်းအားကြီးလို့ပါပဲ"

"ဘယ်လိုကွ သူက မသင်္ကာဘူးဟုတ်လား၊ ဘာကိုမ သင်္ကာရတာလဲ"

"သူ့ဇနီးနဲ့ကျွန်တော့်ကို မသင်္ကာဘူး၊ ဖောက်ပြန်တယ်လို့ အတင်းစွပ်စွဲတယ်"

ချီအင်း၏ပွင့်လင်းသော စကားကြောင့် လူရှိတန်၏ဇနီးဆို သူမိန်းကလေးက ရှက်ကိုးရှက်ကန်းဖြင့် ချီအင်း၏လက်မောင်းကို ဖက်ထားသော သူ၏လက်ကို လွှတ်လိုက်မိလေသည်။

သူမ၏မျက်နှာပြင်တွင် ရှက်သွေးယှက်သန်းသွားသဖြင့် နီမြန်းလျက်ရှိသည်။

ဆရာဝမ်ယုကလည်း လျှင်သည်။

ရုတ်တရက် စကားလမ်းကြောင်း လွှဲလိုက်သည်။

"အခု သေဆုံးတဲ့လူရှိတန်နဲ့ သည်သူငယ်မနဲ့က ဘယ်လို ဆက်စပ်မှုရှိသလဲ၊ သူမ နာမည်က ဘယ်လိုခေါ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယု၏မေးခွန်းကို ကာယကံရှင် မိန်းကလေးက မဖြေချေ။

ချီအင်းကပင် အဖြေပေးလိုက်၏။

"သူက သေဆုံးသူ လူရှီတန်ရဲ့ဇနီးပါ။ သူမအမည်က ယိစင်းဖန်းလို့ခေါ်ပါတယ်"

"ဟင်"

BURMESE CLASSIC

ချီအင်းနှင့်ယိစင်းဖန်းတို့နှစ်ယောက်၏ မျက်နှာမထားတတ်အောင် ရှက်နေကြသည်။

ဤတွင် ဟန်ထင်းရှိက လူငယ်ပီပီ ဖျတ်ဖျတ်လတ်လတ်ကြားဝင်ပြောရတော့သည်။

"ဘာမှ ရှက်မနေပါနဲ့၊ သည်လောက်တောင် ကြောက်စရာကောင်းတဲ့ အနိဋ္ဌာရုံမြင်ကွင်းကို မြင်ရယင် မိန်းကလေးမပြောနဲ့ ကျွန်တော်တောင် ကြောက်လန့်တကြား မကြည့်ရဲအောင်ဖြစ်သွားခဲ့တယ်။ သည်အတွက် ဘာမှစိတ်ထဲမထားပါနဲ့"

ဟန်ထင်းရှိက အရှက်ပြေစေရန် စကားဆိုလိုက်ရသည်။

"ကျွန်တော်တို့နှစ်ယောက်ဟာ အများထင်သလို ဖောက်ပြားခဲ့ခြင်း အလျဉ်းမရှိပါဘူး အစ်ကိုကြီးလူရှီတန်အပေါ်မှာ တကယ်သစ္စာထားခဲ့ပါတယ်"

ချီအင်းက အတည်ပေါက်ဖြင့် လေးနက်စွာပြောနေပါသည်။

"သည်လိုမှပေါ့ကွ၊ သစ္စာတရားဆိုတာ လူတိုင်းစောင့်ထိန်း



လိုက်နာရမယ့်တာဝန်တစ်ရပ်ပဲ၊ ဒါနဲ့ မင်းတို့လမ်းခွဲပြီးတဲ့နောက် သည်အိမ်ကို ဘယ်နှစ်ခါ ပြန်ရောက်လာခဲ့ဖူးသလဲ"

ဆရာဝမ်ယုက စူးစမ်းသလို မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်လား အခုအကြိမ်ဟာ ပထမဆုံး ပြန်ရောက်လာခြင်းပါပဲ၊ ယခင်က တစ်ခေါက်မှ ပြန်မရောက်ခဲ့ပါဘူး။ လာစရာလည်း ဘာအကြောင်းမှမရှိခဲ့ပါဘူး"

ချီအင်းက ဖြေရှင်းသလို ရှင်းလင်းတင်ပြနေသည်။

"ကောင်းပြီ၊ ဒါဖြင့် မင်းက သည်ကို ဘယ်လိုကိစ္စနဲ့ရောက်လာရတာလဲ"

"အမှန်က ကျွန်တော်ရောက်လာတာဟာ ဘာမှမကြာသေးဘူး"

"မင်း ဘာကြောင့်လာတယ်ဆိုတာကိုသာ ဖြေပါ၊ မင်းရောက်လာတာ မကြာသေးဘူးဆိုတာငါသိတယ်၊ မြင်းလှည်း တစ်စီးကို ခုန်းစိုင်းမောင်းနှင်သွားတာ ငါတို့တွေ့လိုက်ပါတယ်"

"ကျွန်တော်လာခဲ့တဲ့အကြောင်းက အစ်ကိုကြီးလူရှီတန်ဆီက စာတစ်စောင်ရခဲ့လို့ပါပဲ၊ ဆရာဖတ်ကြည့်နိုင်ပါတယ်"

ချီအင်းက အိတ်တွင်းမှ စာတစ်စောင်ကို ဆွဲထုတ်ပြီး ဝမ်ယု၏လက်သို့လှမ်းပေးလိုက်သည်။

ဝမ်ယုကလည်း အလိုက်သင့်ပင် လှမ်းယူဖတ်ရှုကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ ခုနှစ်လပိုင်းက လပြည့်နေ့ညက ပြောခဲ့တဲ့စကား ကိုမှတ်မိသေးရဲ့လား"

သူရေးသားထားသည့်စာမှာ ဤမျှသာ။

ဖြူဖွေးသော စာအိတ်ပေါ်တွင် ရေးသားထားခြင်းဖြစ်လေသည်။

"ဟင်း..သည်စာက ဘယ်လည်းထူးဆန်းပါလား၊ ရေးသူအမည်လည်းမပါ၊ ဘယ်သူ့ဆီရေးမှန်းလည်းမသိ၊ ဘယ်လိုလုပ်ပြီး သည်စာကို မင်းရခဲ့တာလဲ"

ဆရာဝမ်ယုက ချိုအင်း၏မျက်နှာရိပ်မျက်နှာကဲကို အထဲခတ်ကြည့်ယင်း မေးမြန်းလိုက်၏။

"သည်စာကို သူ့ရဲ့ဇနီးကိုယ်တိုင်က လာရောက်ပေးခဲ့တာပါ"

ချိုအင်းက ထပ်မံ ရှင်းလင်းပြောပြပြန်သည်။

သူ့ ထပ်ရှင်းတော့မှ ပိုဆိုးလာသည်။

ဝမ်ယုက ပို၍အုံ့ဩသွားလို မယုံသင်္ကာလည်း ဖြစ်သွားသည်။

ဝမ်ယုက ယီစင်းဖန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

ဝမ်ယု၏ စူးရှအေးစက်သောအကြည့်ကြောင့် ယီစင်းဖန်းမှာ တုန်လှုပ်ချောက်ချားပြီး မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားတော့၏။



"ဘယ့်နှယ်လဲ၊ မိန်းကလေး မင်းကိုယ်တိုင် သွားပေးခဲ့တာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"လူရှိတန်ကိုယ်တိုင်က သည်စာကို ချိုအင်းထံ မင်းကိုယ်တိုင်သွားပို့ရမယ်လို့ ခိုင်းစေခဲ့သလား"

ယီစင်းဖန်းက နှုတ်ဖြင့်မပြောချေ။

ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ကောင်းပြီ၊ မင်းတို့နှစ်ယောက်ကို သူကိုယ်တိုင်တာသေကာ ဘူးမဟုတ်လား။ ဒါနဲ့တောင် 'လူရှိတန်က သူမသင်္ကာတဲ့လူတစ်ယောက်ဆီကို သူ့ရဲ့ဇနီးကိုစေလွှတ်တယ်ဆိုတော့ စဉ်းစားစရာပဲ"

ယီစင်းဖန်း၏မျက်နှာ ညှိုးကျသွားသည်။

"ကျွန်မ ရှင်းပြပါရစေရှင်၊ သူဟာ ကျွန်မကို သည်အိမ်မှာ မရှိစေလိုတဲ့သဘောနဲ့ ကျွန်မကို ခိုင်းလိုက်တာလို့ပဲထင်တယ်၊ ကျွန်မ အပြင်သွားနေခိုက်မှာ သူတစ်ယောက်တည်း အိမ်မှာကျန်ခဲ့တယ်၊ အဲသည်အခါမှာ သူကိုယ်တိုင် မွေးထားတဲ့ ဝက်ဝံကို ကြိုးဖြတ် လွှတ်ပေးပြီး သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်လို့ပဲ ကျွန်မထင်မိပါတယ်ရှင်"

ယီစင်းဖန်း၏ပြောပြချက်ကို ဆရာဝမ်ယုက အသေအချာနားထောင်လိုက်ပြီးမှ သူကပြုံးလိုက်သည်။

"မိန်းကလေးဆိုလိုတာက မင်းရဲ့ခင်ပွန်းသည်ဟာ သူ့

www.burmeseclassic.com



ကိုယ်သူ လုပ်ကြံသတ်သေတယ်လို့ ဆိုလိုတာလား"

ယိစင်းဖန်းက အပေါ်နှုတ်ခမ်းပါးလေးကို ရှေ့သွားဖြင့် ... လိုက်ယင်း အတန်ကြာ စဉ်းစားနေသည်။

ဝမ်ယုနှင့်ဟန်ထင်းရှီတို့ကလည်း သူမ၏အဖြေကို ငံ့လင့်နေကြသည်။

"ဟုတ်ကဲ့..ကျွန်မအထင်တော့ သူ့ကိုယ်သူ လုပ်ကြံတယ်လို့ပဲထင်ပါတယ်၊ အဲသည်အချိန်မှာ ကျွန်မတစ်ယောက်တည်းကိုသာ အပြင်ကို ပ,ထုတ်ခဲ့တာ မဟုတ်ပါဘူး၊ အိမ်မှာရှိတဲ့လူတွေကိုလည်း နှင်ထုတ်လိုက်ပါတယ်"

ယိစင်းဖန်း၏စကားကြောင့် ဝမ်ယုတစ်ယောက် တွေသွားတော့သည်။

"အဲသည်အခိုင်းအစေတွေကကော ဘယ်ရောက်နေကြလဲ"

"သူတို့အားလုံးကို နှင်လွှတ်လိုက်ပြီးရှင့်၊ မြို့ပြင်က ... ဆီပြန်သွားကြတယ်၊ သည်ကိစ္စမပေါ်မီက ကျွန်မစိတ်တွေ သိမ်... လေးမိတယ်၊ အထူးသဖြင့်ကတော့ ချီအင်းကို အခေါ်လွှတ်တဲ့အ... မှာ ကျွန်မစိတ်ထဲမှာ ထာမျိုးကြီးပဲခံစားမိတယ်၊ စိုးရိမ်မိတယ်"

"ဒါနဲ့တောင် မိန်းကလေးက မငြင်းဘူးသား"

ယိစင်းဖန်းက မသက်မသာဖြင့် သက်ပြင်းတစ်ချက် ... ထုတ်လိုက်သည်။



ပြီးမှ သူမက ဝမ်ယု၏အမေးကို ပြန်ဖြေခဲ့သည်။

"ကျွန်မငြင်းယင်လည်း အပိုပဲ၊ သူက အတင်းအဓမ္မစေခိုင်းနေတယ်"

ဝမ်ယုသည် မည်သို့သဘောပေါက်သွားလေသည် မသိပါချေ။

သူ၏ဦးခေါင်းကို တွင့်တွင့် ခါယမ်းလိုက်သည်။

"ဘယ်ဟုတ်ပါ့မလဲကွယ်၊ မင်းက ခေါ်းမာမာနဲ့ငြင်းဆန်နေခဲ့ယင် သူဘာများ တတ်နိုင်မှာလဲ"

ဤတွင် ယိစင်းဖန်း၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားတော့သည်။

"သည်လိုသာ လုပ်ခဲ့ယင် သူ့ရဲ့ကြာပွတ်စာမိမှာ သေချာတယ်၊ သူက စိတ်မထင်ယင် မထင်သလို လက်တွေ့လုပ်တတ်တဲ့လူတစ်ယောက်၊ သည်တော့ ကျွန်မအနေနဲ့ ဘယ်လိုမှ မလွန်ဆန်ပါဘူးရှင်"

ယိစင်းဖန်းက သဘာဝကျကျ တင်ပြလိုက်၏။

"အင်း..ဒါလည်းဟုတ်တာပဲ၊ သူဟာ ဒေါသ အင်မတန်ကြီးတယ်ဆိုတာ ကြားဖူးပါတယ်၊ လူတွေကိုလည်း အမြဲတစေကြိမ်းမောင်းတတ်တယ်လို့ ပြောကြတယ် ဟုတ်ရဲ့လား"

ထိုမေးခွန်းကို ချီအင်းက ကြားဝင်ပြောဆိုလေသည်။

"ဟုတ်ပါတယ်၊ စိတ်ကြမ်းလူကြမ်းပါ၊စိတ်ထဲထင်တဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ကလည်းပါတယ်၊ စိတ်နောက်ကိုယ်ပါတဲ့ လူတစ်ယောက်ပါ။ ကျွန်တော်နဲ့သူဟာ အင်မတန်ရင်းနှီးတဲ့သူတွေပဲ၊ ဒါပေမယ့် သူ့ရဲ့ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ အမြူအမူမျိုးကိုတော့ လုံးဝမကြိုက်ဘူး"

"အေးပေါ့၊ သည်အချက်ကြောင့်ပဲ မင်းတို့နှစ်ယောက် လမ်းခွဲကြတာ မဟုတ်လား"

သည်မေးခွန်းကိုတော့ ပြန်မဖြေချေ။

ချီအင်းက ခေါင်းငုံ့၍သာနေသည်။

ဝမ်ယုက ဆက်လက် မေးခွန်းထုတ်ပြန်သည်။

"လူရှီတန်ဟာ သည်လိုအကျင့်မျိုးတွေကို ဘယ်တုန်းက စတင်ဖြစ်ခဲ့တယ်ဆိုတာကော သတိထားမိရဲ့လား"

"ဒါကတော့ မွေးရာပါအကျင့်တွေပဲလို့ ပြောရတော့မှာပဲ"

"သူဟာ ဝက်ဝံကြီးကိုကော အမြဲနှိပ်စက်နေတာပဲလား"

ယီစင်းဖန်းက ကြားဝင်၍အဖြေပေးလေသည်။

"ဟုတ်ပါတယ်ရှင်၊ သူဟာ အမြဲနှိပ်စက်ရုံတင်မကပါဘူး သက်သက် မတရားညှဉ်းပန်းနှိပ်စက်ပါတယ်၊ ဒါကြောင့်လည်း ဝက်ဝံကသူ့ကို အမုန်းကြီးမုန်းတာပေါ့၊ သူက တမင်သက်သက် ဝက်ဝံမုန်းတီးအောင် လုပ်နေတယ်လို့တောင် ကျွန်မ ထင်မိတယ်"

ဝမ်ယုသည် မယုံတဝက်ယုံတဝက်နှင့် ဒွိဟဖြစ်နေသည်။

"သူရေးတဲ့စာထဲက ပြီးခဲ့တဲ့ ခုနစ်လပိုင်းလပြည့်နေ့ညက ပြောခဲ့တဲ့စကားကို မှတ်မိသေးရဲ့လားဆိုတာ ဘာလဲ၊ ဘယ်လို



ဓိပ္ပါယ်လဲ"

ဝမ်ယုက ချီအင်းဘက်သို့လှည့်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

ချီအင်းက ဝမ်ယု၏အဖြေကို ရှင်းလင်းပြောပြရန် ချောင်းတစ်ချက်ဟန့်လိုက်ပြီး လည်ချောင်းရှင်းလိုက်လေသည်။

"သည်အကြောင်းကို ကျွန်တော် ပြောမလို့ပါပဲ၊ သည်လိုပါ ပြီးခဲ့တဲ့နှစ်တုန်းကပေါ့၊ ခုနစ်လပိုင်းလပြည့်နေ့ညမှာ သူနဲ့ကျွန်တော် ဟာကီစွတစ်ခုကို တာဝန်ယူပြီး ခရီးသွားကြရာက အဲသည်မှာ ဓားပြတွေနဲ့ပက်ပင်းတိုးမိပါလေရော၊ ဓားပြတွေနဲ့ တိုက်ပွဲဖြစ်ပြီး အကြီးအကျယ် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့ကြရတယ်၊ အဲသည်ပွဲမှာ ကျွန်တော်တို့က နိုင်လိုက်တယ်၊ ဒါပေမယ့် လူရှီတန်ရဲ့လက်နှစ်ချောင်း ရန်သူရဲ့သံကြိုးဒဏ်ကြောင့် ကျိုးခဲ့ရတယ်၊ သည်နေ့အထိ ကုသပေမယ့် လက်မက မူလအတိုင်း ပြန်ကောင်းမလာခဲ့ဘူး၊ ဒါကြောင့် သူ့ရဲ့အဆိပ်လက်နက်ကိုပစ်ယင် ယခင်က တစ်ချက်ဆို ဆိုသလောက် ပစ်ခတ်လို့မလွဲခဲ့ဘူး၊ တပြိုင်တည်းပစ်မှတ်လေးခုကို ပစ်နိုင်တယ်၊ အခုတော့ သူလက်မက သိပ်မကောင်းတဲ့အတွက် သုံးချောင်းသာ ပစ်နိုင်တော့တယ်၊ အဲသည်စာကို ရယင်ရချင်း ကျွန်တော်လည်း အချိန်မီ အမြန်ဆုံး အရောက်လာခဲ့တာပဲ၊ ဒါပေမယ့် သည်ရောက်တော့ လွန်ကုန်ပြီ၊ ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ဘူးပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သိုင်းသမား ဟန်ထင်းရီက အလောင်းကောင်ကို သေချာစွာ သွားရောက်စစ်ဆေးကြည့်ရှုနေသည်။

မှန်ပေသည်။

ချီအင်းပြောသည့်အတိုင်း သေသူ၏လက်မသည် အမှန်ပင်ကျိုးနေသည်ကို တွေ့ရသည်။

သည်အတိုင်းဆိုလျှင် သေသူမှာ လူရိုတန်ဖြစ်သည်မှာ သေချာသလောက်ပင်။

"သည်ဝက်ဝံဟာ သေသူရဲ့အလစ်မှာ လည်ပင်းကိုကိုက်လိုက်ပြီး သံကြိုးပြုတ်ထွက်သွားတာလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ ဝက်ဝံကို နိုင်နေကျဆိုတော့ အထင်သေးပြီး ပေါ့ဆလို့လည်းဖြစ်နိုင်တယ်"

ချီအင်းက ထင်မြင်ချက်ကို ပြောပြနေ၏။

ဟန်ထင်းရီကမူ တွင်တွင်သာ ခေါင်းခါယမ်းယင်း သံကြိုးပြတ်ကိုကိုင်တွယ်ကြည့်ယင်း...

"ကျွန်တော့်အထင် ပြောရယင် တစ်အချက် သေသူဟာ အကြီးအကျယ် ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ ပုံစံအနေအထား မတွေ့ရဘူး နှစ်အချက်ကတော့ တကယ်လို့သာ မိမိကိုယ်ကို သေကြောင်းကြံစည်တယ်ဆိုယင် သံကြိုးကို ဖြေပေးလိုက်ရုံပဲ မဟုတ်လား၊ အခုတော့ သံကြိုးပြတ်ထွက်သွားတဲ့ပုံဖြစ်နေတယ်၊ သုံးအချက် အဲသည်အချက်ကတော့ သည်လောက်ကြီးတဲ့ သံကြိုးကို ဘယ်နည်းနဲ့မှ မရုန်းနိုင်



ဘူး၊ လူတစ်ယောက်ယောက်က ကြိုတင်စီစဉ်ပြီး ဖြတ်ထားလို့သာ ဖြစ်နိုင်တယ်လို့ ယူဆစရာရှိတယ်"

"အလောင်းကိုတော့ လောလောဆယ် မီးသင်္ဂြိုလ်လို့ မဖြစ်သေးဘူး၊ သက်ဆိုင်ရာဆေးဘက်ကျွမ်းကျင်သူတွေနဲ့ စစ်ဆေးကြည့်ရဦးမယ်၊ ပြီးတော့ ရင်ခွဲတိုက်ကိုပို့ရမယ်"

"မှတ်ကဲ့"

ယိစင်းဖန်းက စိုးရိမ်ပူပန်သောမျက်လုံးများဖြင့် ဆရာဝမ်ယုကိုကြည့်နေ၏။

ဟန်ထင်းရီက...

"အစ်ကိုကြီး လုပ်စရာရှိတာ ဆက်လုပ်ပေတော့၊ အမှုထမ်းချုပ်ကို ပြန်ယင်လည်းပြန်၊ ကျွန်တော် သည်ကစောင့်ကျန်ရစ်ခဲ့မယ်"

"ဒါကြောင့် ငါ့ညီကိုအားကိုးနေရတာ၊ ကျေးဇူးပဲညီလေးရေ အစ်ကိုကြီး ခဏပြန်ပြီး အစီအစဉ်လုပ်လိုက်ဦးမယ်"

ချက်ချင်းပင် ဝမ်ယုက ချာခနဲ လှည့်ထွက်သွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မှောင်မည်းနေသော အခန်းတွင်းမှ လူရိပ်တစ်ခု ရုတ်တရက်ရုန်းထွက် ရောက်ရှိလာသည်။

လူရိပ်၏လှုပ်ရှားမှုက မြန်ဆန်လွန်းလှသည်။

သူသည် အိမ်အပြင်ရောက်သည်နှင့် ဝင်းခြံတံခါးပေါက်ဆီသို့လျှင်မြန်ပေါ့ပါးစွာ ဆက်လက်ပြေးသွားပြီး ဝင်းခြံတံခါးကိုပင် ဖွင့်ရန်အချိန်မရဘဲ ကိုယ်ဖော့ပညာဖြင့် မြင့်မားသောဝင်းခြံကို ပေါ့ပါးစွာ ခုန်ထွက်ခဲ့သည်။

ထိုသူကား ကျင်းပွဲဖြစ်သည်။

သူ့နောက်မှ ရိပ်ခနဲ အရိပ်တစ်ခု ခုန်လွှားရောက်ရှိလာသည်။

ဝက်ဝံကြီးပင် ဖြစ်သည်။

ကျင်းပွဲက ဝက်ဝံသည် မျက်စိကန်းနေသဖြင့် သူ့နောက်သို့မည်သို့မျှ လိုက်နိုင်လိမ့်မည် မထင်ခဲ့။

ဝက်ဝံသည် မျက်စိကန်းနေသော်လည်း အနံ့ခံပြီးသူ၏နောက်သို့ မလွှတ်တမ်းလိုက်နေသည်။

ညအမှောင်တွင် ဝက်ဝံ၏လည်ပင်းမှ သံကြိုးနှင့် မြေပြင်ကိုထိတိုက်သံသည်နှင့် အလွန်ပင် နီးကပ်နေသည်ကို ကြားသိရသည့်အတွက် ကျင်းပွဲမှာ အပန်းမဖြေနိုင်ဘဲ ဆက်၍ပြေးနေရသည်။

သံကြိုးသံကြားလေ ကြောက်ရွံ့တုန်လှုပ်မှုတို့က ကျင်းပွဲရင်ထဲတွင် ကြီးမားလာလေဖြစ်ခဲ့သည်။



ကျင်းပွဲ အလွန်အမင်း မောပန်းလာလေပြီ။

ရှင်းရှင်းပြောရလျှင် ကျင်းပွဲ ဆက်လက်ပြေးနိုင်စွမ်းမရှိတော့ချေ။

ကျင်းပွဲသည် တောင်ကုန်းတစ်ခု၏ ချောက်ကမ်းနဖူးတွင် ဟပ်ထိုးလဲကျသွားရာမှ တောင်ခြေအောက်သို့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားခဲ့လေသည်။

ကျင်းပွဲနောက်သို့ ထပ်ကြပ်မကွာ ပြေးလိုက်လာသော ဝက်ဝံမှာလည်း ထိုနေရာမှပင် တောင်အောက်သို့ ကျင်းပွဲနည်းတူပင် ကျသွားခဲ့သည်။

ဝက်ဝံမှာ မျက်စိကန်းနေသည့်အတွက် တောင်အောက်သို့ လိမ့်ကျရာတွင် သေကာသာလှပေ။

အထိနာသွားပြီး လုံးဝမထနိုင်အောင် ကျောက်တောင်တစ်ခုဖြင့် ထိခိုက်သွားခဲ့သည်။

ဝက်ဝံသည် နာကျဉ်လွန်းသည်ကတစ်ကြောင်း၊ မောပန်းလွန်းသည်ကတစ်ကြောင်းတို့ဖြင့် ရောက်နေသည့်နေရာမှပင် မထနိုင်ဘဲရှိနေ၏။

ကျင်းပွဲမှာ အသိဉာဏ်ရှိသော လူတစ်ယောက်ဖြစ်၍ အကျ တော်သွားသည်။

သူက အမောအပန်းဖြေနေ၏။

ဝက်ဝံမှာ ရန်သူကိုပင် တိုက်ခိုက်နိုင်စွမ်းမရှိတော့ဘဲ အ

www.burmeseclassic.com

www.burmeseclassic.com



မောသိုက်နေ၏။

ဝက်ဝံ၏အခြေအနေကို သိနေသော ကျင်းပဲ့က ဝက်ဝံအနီးသို့ ချဉ်းကပ်သွားခဲ့သည်။

“ဘယ်လိုလဲကွာ၊ မင်းကိုလည်း ငါဒုက္ခမပေးခဲ့ရပါလား။ ဘယ့်နှယ်ကြောင့် ငါ့ကို အသေအလဲလိုက်ပြီး တိုက်ခိုက်ရတာလဲကွ”

ကျင်းပဲ့က ဝက်ဝံကို နားမလည်လေဟန်ဖြင့် စကားပြောလိုက်၏။

ဝက်ဝံ၏အခြေအနေသည် စောစောပိုင်းကကဲ့သို့ မဟုတ်တဲ့ အနည်းငယ်ယဉ်ပါးသယောင်ရှိသည်ကို သိမြင်လာသည်။

ထို့ကြောင့်.....

ကျင်းပဲ့က ဝက်ဝံအနီးသို့ ထပ်မံတိုးကပ်သွားပြန်သည်။

ကျင်းပဲ့က ဝက်ဝံ၏ဦးခေါင်းကို လက်တစ်ဘက်ဖြင့် အရဲစွန့်ပြီးပွတ်သပ်ပေးယင်း ကျန်လက်တစ်ဘက်ကလည်း ကျောက်ခဲတစ်လုံးကို အဆင်သင့်ကိုင်ဆောင်ထားလေသည်။

အကယ်၍ ဝက်ဝံက အကြမ်းဘက်လာမည်ဆိုလျှင် ဝက်ဝံကို ကျောက်တုံးဖြင့် ကိစ္စတုံးပစ်ရန် ရည်ရွယ်ထားခဲ့သည်။

ဝက်ဝံသည် မိမိ၏ဦးခေါင်းကို ပွတ်သပ်ပေးနေသောသူသည် မိမိအား ဒုက္ခပေးမည့်သူတစ်ယောက် မဟုတ်သည်ကို သိသွားဟန်ဖြင့် ငြိမ်သက်စွာဖြင့် ပွတ်သပ်ပေးခြင်းကို ခံနေလေသည်။

ဤတွင် ကျင်းပဲ့သည် အားတက်သွားပြီး ဝက်ဝံ၏လည်



ပင်းမှ သံကြိုးကို အသာအယာ ဆွဲကိုင်လိုက်၏။

ကျင်းပဲ့သည် သတိဝီရိယကြီးစွာဖြင့် အခြေအနေကို စူးစိုက်ကြည့်လိုက်ပြီး အရဲစွန့်လျှက် ဝက်ဝံကို သစ်ပင်တစ်ပင်ဆီသို့ အသာအယာဆွဲခေါ်သွားပြီး သစ်ကိုင်းတစ်ခုနှင့် ချည်နှောင်ထားလိုက်၏။

ကျင်းပဲ့သည်ထိုအခါကျမှ စိတ်သက်သာမှုရသွားတော့၏။

ကျင်းပဲ့သည် ဝက်ဝံအနီးတွင် စိတ်ချလက်ချ ထိုင်ချလိုက်သည်။

ပြီးမှ သူက ဝက်ဝံကို သေချာစူးစိုက် အကဲခတ်လိုက်၏။

“ဟေ့ကောင်ကြီး မင်းဘယ်လိုဖြစ်ပြီး မျက်စိကန်းသွားရတာလဲ”

ဝက်ဝံသည် ကျင်းပဲ့၏အနံ့ကို အာရုံခံလျှက် ငြိမ်သက်နေသည်။

ထိုသတ္တဝါသည် ကျင်းပဲ့၏စကားကို နားလည်နေဟန်တူသည်။

“သည်မှာကွ၊ မင်းနဲ့ငါဟာ သိပ်ပြီးတော့ကွာခြားပါဘူး၊ ငါ့ရဲ့ရုပ်ရည်ဟာ သိပ်ပြီးအကျည်းတန်လှတယ်၊ မင်းဟာလည်း မျက်စိကန်းနေတဲ့ တိရစ္ဆာန်တစ်ကောင်၊ ပြီးတော့ မင်းကကြောင်စရာကောင်းတယ်၊ တို့နှစ်ယောက် ပူးပေါင်းရအောင် မကောင်းဘူးလား”

ကျင်းပဲ့က တိရစ္ဆာန်တစ်ကောင်ကိုပင် လူ့စကားနားလည်

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ကရားရေလွှတ် တတွတ်တွတ်ပြောယင်း ဝက်ဝံ၏ဦးခေါင်းကို ပွတ်ပေးလျှက်ရှိသည်။

တို့နောက်..

တောတွင်းမှ တောသစ်ရွက်နုများကို ရှာဖွေ၍ ဝက်ဝံကို ကျွေးမွေးလေသည်။

ဝက်ဝံကလည်း သူ့အားကျွေးမွေးလာသူ ကျင်းပွဲကို အရှင်သခင်အဖြစ် အသိအမှတ်ပြုလျှက် ယဉ်ပါးသွားတော့သည်။

ထိုအချိန်မှစ၍ ဝက်ဝံနှင့် ကျင်းပွဲတို့သည် တစ်ဦးကိုတစ်ဦး ခင်မင်ကြင်နာသွားကြလေတော့သည်။

♠ ♠ ♠



## ပြဿနာ

အချိန်မှာ စောသေးသော်လည်း မိုးမှောင်သောညဖြစ်၍ ညဉ့်နက်ပြီဟု ထင်ရသည်။

"ကျွန်တော်တို့ အပြင်ထွက်နေကြရအောင်"

သိုင်းလေ့ကျင့်ခန်းအတွင်း လှုသေအလောင်းအနားတွင် ကြာကြာမနေချင်သည့်အတွက် ဟန်ထင်းရိုက ပြောလိုက်လေသည်။

ယိစင်းဖန်းက သူ၏စကားကြောင့် သက်ပြင်းတစ်ချက်ချလိုက်၏။

အတန်ကြာမှ...

"ကောင်းပြီလေ၊ ရှင့်သဘောပါပဲ"

ပြောပြီး ရှေ့ဆုံးမှ ဦးဆောင်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းခြံအတွင်း၌ ဟန်ထင်းရီက လမ်းလျှောက်ယင်း အတွေး များစွာကို တွေးတောလျှက်ရှိနေသည်။

ယိစင်းဖန်းနှင့် ချီအင်းတို့နှစ်ယောက်က ထိုင်ခုံတစ်လုံး တွင် နေရာယူထိုင်နေကြ၏။

နှစ်ယောက်စလုံး စကားမပြောဘဲ ငြိမ်သက်နေ၏။

အတန်ကြာ လမ်းလျှောက်ပြီးနောက် ဟန်ထင်းရီသည် ထိုင် ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ပြီးလျှင် သူက ယိစင်းဖန်းအား တစ်ချက်ကြည့်လိုက်၏။

ဟန်ထင်းရီသည် အမြဲတစေ ပြုံးနေတတ်သူတစ်ယောက် ဖြစ်သည်။

ခပ်ပြုံးပြုံးဖြင့် သူ၏အကြည့်ကို ယိစင်းဖန်း ရင်မဆိုင်ရဲဘဲ ခေါင်းငုံ့သွားလေသည်။

ချီအင်းက စိတ်မသက်မသာစွာဖြင့်...

"အစ်ကိုက ကျွန်တော်တို့ကို မသက်သာဘူးနဲ့တူတယ်"

ဟုပြောလိုက်လေသည်။

ဟန်ထင်းရီက...

"အမှန်ပြောရယင်တော့ မသက်သာဖြစ်နေတာ အမှန်ပဲ မင်းတို့နှစ်ယောက်ဟာ မသက်သာစရာအခြေအနေအတွင်းမှာ ရှိနေ တာကိုး"

မြှောင်ပြောင်တင်းတင်းပင် ပြောလိုက်သည်။



"ရှင်"

သူ၏စကားကြောင့် ယိစင်းဖန်း မျက်နှာပျက်သွားရသည်။

ချီအင်းက...

"ဒီကိစ္စမှာ ကျွန်တော်တို့နဲ့ ဘာမှမသက်ဆိုင်ဘူး"

"ဒါ မင်းတို့နှစ်ယောက်စလုံးက အသိဆုံးဖြစ်မှာပါ။ မင်းတို့နဲ့ မသက်ဆိုင်ယင် ဘာမှပူပန်သောက ဖြစ်နေစရာမလိုဘူး။ အမှန်တ ရားဆိုတာ ဖုံးကွယ်လို့ရတာမှ မဟုတ်တာ၊ တစ်နေ့တော့ ပေါ်လာ မှာပဲ၊ အစ်ကိုကြီးဝမ်ယုဟာ ဒီကိစ္စကို ဖော်ထုတ်နိုင်မယ်လို့ ယုံကြည် ပါတယ်"

ဟန်ထင်းရီက ချီအင်းနှင့်ယိစင်းဖန်းတို့ကို နှစ်သိမ့်စကား ပြောလိုက်၏။

ချီအင်းက စိတ်မကောင်းဟန်ဖြင့်...

"ကျွန်တော့်အတွက်က သိပ်အရေးမကြီးပေမယ့် ယိစင်း ဖန်းကတော့ အထင်အမြင်အလွဲခံရမှာ စိုးရိမ်မိတယ်၊ ကျွန်တော်က အစ်ကိုနဲ့ဆရာဝမ်ယုတို့ကိုပဲ အားကိုးရတော့မယ်"

ဟန်ထင်းရီက...

"မြင်းမျက်နှာနဲ့ ကျင်းမဲ့ဆိုတဲ့လူကို သိလား"

မေးလိုက်လေသည်။

ချီအင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလူဟာ တစ်ချိန်က ကျွန်တော်တို့ရဲ့ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်ပဲ"

"သူ့ရဲ့အကျင့်စာရိတ္တကကော ဘယ်လိုရှိလဲ"

"သူဟာ ရုပ်ရည်ဆိုးသလောက် သူ့ရဲ့အကျင့်ကလည်း မကောင်းဘူးဗျ။ ဒါကြောင့် ကျွန်တော်တို့က သူ့ကိုနှင်ထုတ်လိုက်တာပါ"

"ဘာကြောင့်လဲဗျ"

ယိစင်းဖန်းက သက်ပြင်းချလိုက်၏။

"ဒီကိစ္စကိုတော့ ကျွန်မကပဲ ရှင်းပြပါရစေ"

ဟန်ထင်းရီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ..ပြောပါ"

"ကျွန်မမှာ ညီမတစ်ယောက်ရှိပါတယ်၊ လွန်ခဲ့တဲ့နှစ်လောက်က ကျွန်မဖခင်ကြီး ကွယ်လွန်သွားခဲ့တဲ့အတွက် ညီမလေးကို ကျွန်မကပဲခေါ်ပြီး စောင့်ရှောက်ထားပါတယ်။ ကျွန်မညီမကို ကျင်းပဲ့က မျက်စိကျပြီး အမျိုးမျိုး အနှောင့်အယှက် ပေးခဲ့ပါတယ်၊ နောက်ဆုံးတော့ ကျွန်မညီမကို သူတို့မသိနိုင်တဲ့နေရာတစ်ခုမှာ တိတ်တဆိတ် သွားပို့ထားလိုက်ပါတယ်"

"အဲဒီတော့ ကျင်းပဲ့က မင်းတို့ကို အငြိုးထားပြီး ဒုက္ခမပေးဘူးလား"

ယိစင်းဖန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုတော့ ကျင်းပဲ့ မလုပ်ရဲပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့



ကျွန်မရဲ့ခင်ပွန်း လူရှီတန်ကိုတော့ သူသိပ်ကြောက်တယ်ရှင့်"

"ဪ"

"ဟုတ်တယ်၊ သူဟာ လူရှီတန်ကို သေမလောက်ကြောက်တာဗျ"

ချီအင်းကပါ ဝင်ပြောလိုက်၏။

ထိုစဉ် ခြေနင်းသံ သဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ခြေသံကြားသည်နှင့် ဟန်ထင်းရီက သတိနှင့်နေလိုက်သည်။

ခြေနင်းသံကြောင့် ယိစင်းဖန်း၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

အသံလာရာဆီသို့ သတိအနေအထားဖြင့် ကြည့်လိုက်လေ၏။

ဝမ်ယုတို့လူစုသည်လည်း သည်လောက်မြန်မြန်ပြန်မလာနိုင်သေးသည်ကို ဟန်ထင်းရီက ခန့်မှန်းတွက်ချက်ကြည့်မိသည်။

သို့ဆိုလျှင် ခြေသံရှင်သည် မည်သူဖြစ်မည်နည်း။

ချီအင်းနှင့်ယိစင်းဖန်းတို့ကလည်း ဤသို့ပင် မှန်းဆနေမိသည်။

မကြာပါချေ။

ခြံအတွင်းသို့ မီးအိမ်ကိုင်လူနှစ်ယောက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှ စီးအိမ်ကိုကိုင်ဆောင်လာသူမှာ ဂူချုံးဆိုသော အဘိုးအိုဖြစ်ပြီး၊ နောက်တစ်ယောက်မှာ အသက်ခြောက်ဆယ်ခန့်ရှိ ထွားကျိုင်းသန်မာသော လူကြီးတစ်ယောက်ဖြစ်သည်။

ထိုလူကြီးအား မြင်လျှင် ယိစင်းဖန်း အံ့ဩသွားရ၏။

"ဟင်…ဦးလေးလူဖုံးပါလား"

မှန်ပေသည်။

ထိုအဘိုးကြီးမှာ သူမခင်ပွန်း၏ဦးလေးအရင်း လူဖုံးပင်ဖြစ်သည်။

လူဖုံးမှာ ခေသူတစ်ယောက် မဟုတ်ပါချေ။

လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ပြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက်ဖြစ်သည်။

သူ့အား သိုင်းလောကသားတိုင်းက သိရှိသည်။

သူသည် သိုင်းလောကကို စွန့်ခွာခဲ့ပြီးအရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်းနေခဲ့သူဖြစ်၏။

အဘိုးကြီးဂူချုံးက ယိစင်းဖန်းနှင့် ချီအင်းတို့ကို တစ်ချက် စိုက်ကြည့်လိုက်သည်။

သူ၏မျက်လုံးအိမ်တွင် ဒေါသရောင်များ ဝင်းဝင်းတောက် နေသည်ကို အကဲခတ်သိနိုင်သည်။

မည်သို့ပင်ဆိုစေ အဘိုးကြီးနှစ်ယောက်၏အသွင်သဏ္ဌာန် ကိုကြည့်ခြင်းအားဖြင့် ကောင်းသောလာခြင်းမဟုတ်သည်မှာ ထင်



ရှားနေ၏။

အဘိုးကြီးလူဖုံးသည် ယိစင်းဖန်းနှင့်ချီအင်းတို့အား မျက်ထောက်နီကြီးဖြင့်ကြည့်ကာ…

"မင်းတို့နှစ်ယောက်က ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေရတာလဲ"

သူ၏အသံမှာ ဒေါသသံကြောင့် ကြောက်မက်ဖွယ်ကောင်းအောင်ဟိန်းထွက်နေသည်။

ချီအင်းတို့က မဖြေပါ။

တုတ်တုတ်မျှ မလှုပ်ဘဲငြိမ်သက်နေလိုက်သည်။

လူဖုံးမှာ ပို၍ဒေါပွသွား၏။

"ဘြော်…မင်းတို့တွေက ငါ့ကိုတောင်မမှုချင်တော့ဘူးလား"

ထိုစကားကြောင့် ချီအင်း ထိတ်လန့်သွား၏။

"ဒီ…ဒီလိုမဟုတ်ပါဘူး ဦးလေးရယ်"

လူဖုံးက မျက်မှောင်ကြုတ်ကာ…

"ဒါဖြင့် ဘာကြောင့် ငါမေးတာကို ပြန်မဖြေရတာလဲ"

အဘိုးကြီး ဒေါပွနေသည်ကို သိသည့်အတွက် ချီအင်း က ပျာပျာသလဲ ဖြေလိုက်၏။

"ကျွန်တော် ဖြေခက်နေလို့ပါ၊ ဘယ်လိုလုပ်ပြီးပြောရမယ် ဆိုတာ မသိတော့ပါဘူးဗျာ"

ချီအင်း၏စကား ကြားလိုက်ရသည်တွင် အဘိုးကြီး၏မျက်

www.burmeseclassic.com

www.burmeseclassic.com



လုံးအစုံ ပြုံးကျယ်သွားတော့သည်။

"ဘာ..မင်းဘာပြောတာလဲ၊ ငါ့တူနဲ့ ပတ်သက်နေလို့လား။ အခု သူဘယ်မှာလဲ၊ သူ့ကိုကော မတွေ့ပါလား"

လူဖုံးက အလောတကြီး မေးလိုက်သည်။

ချီအင်းကလည်း မည်သို့အဖြေပေးရမည်ကို မစဉ်းစားတတ်တော့ဘဲ အိမ်တွင်းမှ သိုင်းလေ့ကျင့်ခန်းသို့ လက်ညှိုးထိုးပြလိုက်၏။

လူဖုံးသည် နောက်ထပ်စကားတစ်စုံတစ်ရာမဆိုတော့ဘဲ သိုင်းလေ့ကျင့်ခန်းအတွင်းသို့ ပြေးဝင်သွား၏။

လူဖုံးသည် တုန်လှုပ်ချောက်ချားဖွယ်ရာ မြင်ကွင်းကြောင့် နောက်ကြောင်းသို့ ပြန်လှည့်လာသည်။

ပြီးနောက် ဒေါသတကြီးဖြင့် ချီအင်းကို စိုက်ကြည့်နေသည်။

ချီအင်းက သက်ပြင်းချလိုက်သည်။

"အဲဒါ ဦးလေးရဲ့တူ လူရှီတန်ရဲ့အလောင်းပါပဲ"

လူဖုံးက....

"ငါ့ရဲ့တူကို ဘယ်သူက ရက်ရက်စက်စက် သတ်သွားတာလဲ"

ချီအင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သူ့ကိုသတ်သွားတာဟာ သူကိုယ်တိုင်ကျွေးမွေးထားတဲ့ ဝက်ဝံဖြူကြီးပါပဲ"

ထိုစကားကြောင့် အဘိုးအိုလူဖုံး၏မျက်နှာ မည်းမှောင်



သွားလေသည်။

"မင်းတို့က ငါ့ကို သူငယ်နှပ်စားများ အောက်မေ့နေလား ငါ့ရဲ့တူက ဒီလိုတိရစ္ဆာန်တစ်ကောင်ကိုတောင် မနိုင်ဘူးတဲ့လား၊ မင်းတို့လုပ်ကြံဖတ်ခင်းမနေနဲ့၊ လူရှီတန်ရဲ့အရည်အချင်းကို ငါ ကောင်းကောင်း နားလည်တယ်၊ မင်းတို့ ထင်ရာပြောလို့မရဘူး မှတ်ထား"

ချီအင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဦးလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဦးလေးမြင်တဲ့အတိုင်းပဲ ကျွန်တော်လည်း ဒါထက်ပိုပြီး မသိပါဘူးခင်ဗျာ"

"ဟေ့ ဒီကိစ္စကို မင်းတို့နှစ်ယောက်မှ မသိဘူးဆိုယင် ဘယ်သူတွေက သိနိုင်ဦးမှာလဲ၊ အလကားကောင်တွေ၊ မင်းတို့နှစ်ယောက် သွေးအေးအေးနဲ့ ငါ့တူကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ကြတာ မဟုတ်လား၊ အခုမှ လိမ်လို့မရဘူးကွ၊ ဒီမှာ ကြည့်စမ်း"

ပြောယင်း လူဖုံးက စာတစ်စောင်ကို အိတ်တွင်းမှဆွဲထုတ်ပြလိုက်သည်။

"ဟောဒီစာကို ဂူချုံးကိုယ်တိုင် ငါ့ဆီလာပို့ခဲ့တာပဲ၊ ငါ့တူရဲ့စာထဲမှာ တစ်စုံတစ်ယောက်က သူ့ကိုလာရောက်လုပ်ကြံမှာကို စိုးရိမ်နေတဲ့အတွက် လာရောက်ကယ်တင်ဖို့ အကြောင်းကြားတဲ့စာပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလိုက်လေသည်။

အတန်ကြာမှ ဆက်ပြောလိုက်၏။

"မင်းတို့နှစ်ယောက်က အင်မတန် စက်ဆုပ်ရွံရှာဖို့ကောင်းတယ်၊ မင်းတို့ ဖောက်ပြန်ချင်တိုင်း ငါ့တူကို လုပ်ကြတယ်"

သူ၏တူ သေဆုံးရခြင်းအတွက် ယိစင်းဖန်းနှင့်ချီအင်းတို့အား စွပ်စွဲလိုက်လေသည်။

အနားတွင် ရပ်နေသော ဟန်ထင်းရီက ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ဘေးမှပင် အခြေအနေကို အကဲခတ်ကြည့်နေသည်။

ချီအင်းက...

"ဦးလေး...ကျွန်တော်တို့နှစ်ယောက်ကိုတော့ မစွပ်စွဲပါနဲ့ ဒီလို တာက်သတ်ပြောတာဟာ လွန်လွန်းပါတယ်၊ အမှန်တရားဟာ တစ်နေ့ပေါ်လာမှာပါ"

လူဖိုးက သူတို့နှစ်ယောက်၏စကားကို နားမထောင်တော့ပါ။

သူက အနီးတွင်ရပ်နေသော ဟန်ထင်းရီဘက်သို့ လှည့်လိုက်၏။

သူ၏တူ သေဆုံးရခြင်းအတွက်လည်း များစွာယူကြုံးမရဖြစ်နေ၏။

ခံပြင်းစွာဖြင့် တောက်တစ်ချက် ခေါက်လိုက်သည်။

"တောက်...ကျုပ် ဒီစာကိုရရချင်း ချက်ချင်းလိုက်လာတာ



ပါ။ အခုတော့ နောက်ကျသွားပြီ"

"အို...ဦးလေးရာ၊ ဒီလိုလည်းမဟုတ်သေးပါဘူး၊ နောက်မကျသေးပါဘူး"

ချီအင်းက လေပြေဝင်ထိုးလိုက်၏။

"ဟေ့ကောင်တွေ၊ မင်းတို့အဖို့တော့ ဘယ်နောက်ကျမှာလဲ မင်းတို့အပြစ် မင်းတို့ခံရမယ် နားလည်လား"

ပြောယင်း သူ၏ခါးမှသုံးချောင်းဓားတို့ ဆွဲထုတ်လိုက်သည်။

ချီအင်းနှင့်ယိစင်းဖန်းတို့နှစ်ယောက်မှာ တုန်လှုပ်သွားကြသည်။

အထိတ်တလန့် ဖြစ်သွားကြသည်။

"ဦးလေး...ဒီလို အလောတကြီး မဆုံးဖြတ်ပါနဲ့"

"ငါ့ကို ဘာမှမပြောနဲ့၊ လူတစ်ယောက်ကို သတ်ရဲယင် သေရဲရမယ်ကွ၊ အခု ငါ့တူ လူရှိတန်ရဲ့ သွေးကြွေးကို ပြန်ဆပ်ရမယ်ကွ"

လူဖိုးမှာ ဒေါသတကြီးဖြစ်နေ၏။

သူ၏ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်၏။

ချီအင်းက ကပျာကယာ လက်ကာပြလိုက်သည်။

"ဦးလေး ဒီကိစ္စမှာ ကျွန်တော်တို့နဲ့ ဘယ်လိုမှမပတ်သက်ခဲ့ရပါဘူး၊ ဦးလေး သေချာစဉ်းစားပါဦး"

လူဖိုးမှာ ထိုစကားကြောင့် ပို၍ဒေါသထွက်လာ၏။

"ဟိတ်...မင်းတို့က ငါ့ကို အခုချိန်ထိ လိမ်ချင်နေတုန်းပါ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဟောဒီစာက ငါ့ကို လူရှိတန်ကိုယ်တိုင်ရေး လိုက်တာကွ၊ မင်းတို့ ငါ့ကိုလိမ်လို့ရမယ်များ မှတ်နေသလား"

"ကျွန်တော် တောင်းပန်ပါတယ် ဦးလေး၊ ဦးလေးကို ကျွန်တော်တို့ လိမ်မပြောရဲပါဘူး၊ ဦးလေးရတဲ့စာဟာလည်း အမှန်အတန်ဖြစ်ပါတယ်၊ ဒါပေမယ့်"

ချီအင်း၏စကား မဆုံးသေးခင်မှာပင် လူဖုံးကကြားဖြတ်ပြောလိုက်၏။

"ဘယ်လိုဆင်ခြေမျိုး ပေးချင်သေးလို့လဲ၊ လူသတ်ကောင်ဟာ လူသတ်ကောင်ပဲကွ၊ ဘယ်လိုမှ ရှောင်ပြေးလို့မရဘူး မှတ်လိုက်ပါ၊ မင်းတို့နှစ်ယောက်ဟာ အရှက်မရှိတဲ့လူတွေပဲ၊ မင်းတို့အစားငါရှက်တယ်ကွ"

လူဖုံးသည် ပြောယင်း ဒေါသကိုမထိန်းနိုင်တော့ဘဲ လက်ထဲမှဓားဖြင့် ခုတ်ချလိုက်၏။

"ကဲ..သေပေတော့"

ပါးစပ်မှလည်း အော်ပြောလိုက်၏။

ချီအင်းနှင့်ယိစင်းဖန်းတို့ ထိတ်လန့်သွားသည်။

အထိတ်တလန့် ရှောင်လိုက်ရ၏။

"ဒိုး"

လူဖုံး၏ဓားချက်မှာ လွဲချော်သွားရလေသည်။

ယိစင်းဖန်း၏မျက်နှာမှာ တမုဟုတ်ချင်း တင်းမာခက်ထန်



သွားတော့သည်။

သူမ၏မျက်နှာမှာ ဒေါသကြောင့် နီမြန်းခက်ထန်နေ၏။

"ဒီမှာ ဦးလေး၊ ဒါလောက်တောင် ရှင်းပြနေတဲ့ကြားက ဦးလေးတင်းမာလာတယ်၊ ဘာပဲဖြစ်ဖြစ် လူကြီးတစ်ယောက်မို့ ကျွန်မတို့သည်းခံနေခဲ့တာ၊ ပိုပြီးလွန်မလာပါနဲ့"

လက်ညှိုးထိုး၍ ဒေါသတကြီး ပြောလိုက်၏။

သူမနည်းတူ ချီအင်းကလည်း ပြောရာပြေကြောင်း ပြော၍ပြေလည်မလာသည့်အပြင် ပိုဆိုးလာသည့်အတွက် ဒေါသချောင်းချောင်းထွက်လာမိသည်။

"ဒီမှာ ဦးလေး၊ ဒီလို မတိုက်ခိုက်ပါနဲ့၊ လူကြီးတစ်ယောက်ပဲ၊ ဘာကြောင့် မဆင်မခြင်ဘဲ တရားလက်လွတ် လုပ်နေရတာလဲ၊ ကျွန်တော်တို့တွေဟာ အခုလို တဘက်သတ် တိုက်ခိုက်နေမယ်ဆိုယင်တော့ မကောင်းဘူးထင်တယ်"

ချီအင်းက ဒေါသကို ထိန်းပြီး အတတ်နိုင်ဆုံး ပြေလည်စွာပြောပြလိုက်လေသည်။

သို့သော်...

ထိုစကားများမှာ လူဖုံး၏ဒေါသကို ဆွလိုက်သလိုရှိနေပေတော့သည်။

"မင်းက ငါ့ကိုများ အန်တုမယ်ပေါ့လေ၊ ဟုတ်လား လာခဲ့စမ်း မင်းက ဘာလုပ်ချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချီအင်း၏ မျက်နှာထား ပြောင်းလဲသွားလေသည်။

တမုဟုတ်ချင်း မာကျောခက်ထန်သွား၏။

သူ၏မျက်လုံးအိမ်ဝယ် ဒေါသအခိုးအငွေ့များဖြင့် ပြည့်နှက်နေသည်။

သူ၏ညာဘက်လက်က ဘယ်ဘက်တွင် ချိတ်ဆွဲထားသော ဓားရိုးပေါ်သို့ အဆင်သင့်ရောက်ရှိသွား၏။

"အခုမှတော့ မထူးတော့ပါဘူး၊ ကောင်းပြီလေ၊ ကျွန်တော်တို့ကို သည်လောက်အထိ စွပ်စွဲနေတာ ကျွန်တော်လည်း သည်းမခံနိုင်တော့ဘူး၊ ဦးလေးကြိုက်သလို ဆုံးဖြတ်ပါ"

လူဖုံး ဒေါပွသွား၏။

"ကောင်းတယ်၊ ငါတူကိုလည်း ရက်ရက်စက်စက်သတ်ပစ်တယ်၊ ငါ့ကိုပါ မင်းတို့က အပျောက်ရှင်းချင်တယ်ပေါ့ ဟုတ်လား။ သေဖို့သာ ပြင်ထားကြ"

လက်ထဲမှဓားကို ဝှေ့ယမ်းယင်း ကြုံးဝါးလိုက်၏။

ယိစင်းဖန်းမှာလည်း ဒေါသဖြစ်လွန်းသဖြင့် အသားများတဆတ်ဆတ်တုန်နေ၏။

သူမက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျှက် အံကိုတင်းတင်းကြိတ်လိုက်၏။

သူမ၏အမူအရာကို လူဖုံးက သတိပြုမိလိုက်သည်။

"ဩော်..နင်တပါ အာခံချင်တယ်ပေါ့ ဟုတ်လား၊ ငါတူ့လို



တန်သေတာ နင့်ပယောဂလည်း မကင်းဘူးနင့်ကိုလည်း သတ်ပစ်ရမယ်"

လူဖုံး၏စကားက သူမအသည်းနှလုံးကို အပ်ဖြင့် ထိုးလိုက်သည့်နှယ် ခံစားလိုက်ရသည်။

သည်းခံနိုင်သည့် အတိုင်းအတာထက် လွန်ကဲသွားပြီဖြစ်သည့်အတွက် ယိစင်းဖန်း ဆုံးဖြတ်လိုက်သည်။

ချီအင်းလို တွေဝေစဉ်းစားမနေတော့ပါ။

သူမကပင် စတင်၍ လူဖုံးအား တိုက်ခိုက်လိုက်လေသည်။

သူမကို ကြည့်ရသည်မှာ နွဲ့နွဲ့နှောင်းနှောင်းပျောင်းပျောင်းနှင့် ကြွေရှင် မိန်းကလေးတစ်ယောက်ဟု ထင်ရသည်။

သို့သော်...

ယခုတော့ ယိစင်းဖန်း၏လှုပ်ရှားမှုများမှာ လျင်မြန်သွက်လက်ပြီး ကြမ်းတမ်းလှသည်။

သူမက ဓားကိုဝှေ့ယမ်းပြီး လူဖုံးထံသို့ ပြေးဝင်ခုတ်လိုက်သည်။

သူမ၏ လှုပ်ရှားမှုက မြန်သည်။ သွက်လက်သည်။

လိပ်ပြာမယ်ကလေးပမာ ပေါ့ပါးသွက်လက်၏။

သို့သော် လူဖုံးက ခေသူမဟုတ်ပါ။

သိုင်းအကျော်အမော် တစ်ဦးဖြစ်သည်။

ချီအင်းကလည်း တဘက်မှ ဝင်ရောက်တိုက်ခိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နှင့်တစ်ယောက် တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော ခြံကြီးအတွင်း၌ ဓားစားချင်းထိခတ်သံများက တချွမ်းချွမ်းဖြင့် မြည်လျှက်ရှိသည်။

အထူးသဖြင့် ယိစင်းဖန်း၏ဓားချက်များသည် လျှပ်ပြက်သကဲ့သို့ မြန်ဆန်လှပြီး မိုးသီးမိုးပေါက်ပမာ ပြင်းထန်လှပေသည်။

သို့သော် ချီအင်းမှာ သူမကဲ့သို့ အပြင်းအထန် ပညာထုတ်မသုံးဘဲ အကာအကွယ်သဘောဖြင့်သာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

လူဖုံးမှာမူ အကွက်ကောင်းမိသည်နှင့် အသေသတ်မည့်သဘောပင်။

ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ၏။

အဘိုးကြီးတစ်ယောက်နှင့် လူငယ်နှစ်ယောက်၏ အသက်လုပွဲဖြစ်နေသည်။

တစ်ဦးချင်းသာဆိုလျှင် လူဖုံးအား ယှဉ်ပြိုင်နိုင်ရန် ခဲယဉ်းပေသည်။

လူဖုံး၏ဓားဖျားတွင် အသက်ပါသွားမည်မှာ မလွဲပါချေ။

ယိစင်းဖန်းကလည်း ဒေါသပြင်းထန်သူတစ်ဦးပင်။

လူဖုံးကို အတင်းဝင် အတင်းထိုးခုတ်သည်။

သို့သော် လူဖုံးက သူမ၏ဓားချက်ကို အသာအယာပင်



ဖယ်ထုတ်နိုင်ခဲ့သည်။

ဤတွင် ယိစင်းဖန်းသည် ဒေါသပိုထွက်လာပြီး မိမိ၏အန္တရာယ်ကိုပင် မမြင်တော့ဘဲ အတင်းအဓမ္မလူဖုံးမ၏မျက်နှာကို သူမ၏ဓားဖြင့် တစ်ချက်တည်း အပိုင်ခုတ်ပိုင်းချလိုက်သည်။

လူဖုံးက ပညာသားပါပါဖြင့် သူမ၏အပိုင်ခုတ်ချက်ကို တစ်ဘက်သို့တိမ်း၍ ကိုယ်ကိုခွဲ့ရှောင်ပေးလိုက်ပြီး ဘယ်လက်ဖြင့် သူမ၏လက်မောင်းကို ဖြတ်ခနဲ ဖမ်းဆီးလိုက်သည်။

"အား"

တစ်ချက်သာ အော်နိုင်ပြီး သူမ၏လက်တွင်းမှဓားသည် မြေပေါ်သို့ လွတ်ကျသွားတော့သည်။

လူဖုံးသည် ဘယ်လက်ဖြင့် ယိစင်းဖန်းကို ထိန်းကိုင်ထားပြီးညာဘက်မှဓားဖြင့် သူမ၏ရင်ဝ တည့်တည့်သို့ ထိုးသွင်းလိုက်လေတော့သည်။

ယိစင်းဖန်းကလည်း မိမိ[illegible]ကို ဖမ်းချုပ်ထားခြင်းမှ ရုန်းကန်ရုန်းကြိုးစားသော်လည်း မ[illegible]နိုင်ဘဲ မိမိ၏ရင်ဝတည့်တည့်သို့ ထိုးဝင်လာသောဓားကို မ[illegible]တော့ပါ။

ဓားဦး[illegible]ရင်ဝကို ခိုက်ဝင်လာမည့်အချိန်ကိုသာ မျက်စိမှိတ်စောင့်[illegible]။

တနည်းအားဖြင့် သေရမည့်အချိန်ကိုသာ စောင့်နေရသည်။

ထိုစဉ်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



"ထန်း"

သံသံချင်း ထိတော်သံတစ်ခု ရုတ်တရက်ပေါ်ထွက်လာ၏။

ယိစင်းဖန်း၏ရင်ဝတည့်တည့်သို့ တိုးဝင်နေသော လူဖုံး၏ သုံးမြှောင့်ဓားသည် လွတ်ကျမသွားသည့်တိုင် ဘေးသို့ချော် ထွက်သွားခဲ့ပြီး လူဖုံးကိုယ်တိုင် ယိုင်ထွက်သွားခဲ့သည်။

လူဖုံးသည် မိမိကိုယ်ကို လဲမကျအောင် မနည်းကြိုးစား ယင်း နောက်သို့ခြေလှမ်းလေးငါးလှမ်းခန့် ဆုတ်သွားခဲ့ရသည်။

ယိစင်းဖန်းမှာလည်း သေဘေးမှ သီသီကလေး လွတ် မြောက်သွားခဲ့ရသည်။

သူမသည် ချွေးသီးချွေးပေါက်များ ကျနေသည်။

နောက်ဆုံးအချိန်သို့ ရောက်ရှိလာသည့်အတွက် မနေသာ၍ ဟန်ထင်းရီက ဝင်ရောက်ကယ်ဆယ်လိုက်ခြင်းပင်ဖြစ်သည်။

"ခင်ဗျားတို့အားလုံး ရပ်လိုက်ကြပါ"

အသံထွက်ပေါ်လာရာဆီသို့ သုံးဦးသား လှည့်ကြည့်လိုက် သည်။

တိုက်ပွဲအလယ်သို့ ကျလာသော ဟန်ထင်းရီကို သုံး ယောက်စလုံးက တအံ့တသြကြည့်နေမိသည်။

သူ၏လက်တွင်း၌ တွေ့ရသည်ကား ချွန်ထက်နေသည့် ငွေရောင်တလက်လက် တောက်ပလျှက်ရှိသော သိမဏိစွန်ကုတ် လက်နက်တစ်ခုကို တွေ့လိုက်ရသည်။



ဟန်ထင်းရီသည် အပြင်းအထန် အသက်လုပွဲဆင်နွှဲနေ သောသူများ၏ဓားကို တစ်ချိန်တည်းမှာပင် လွင့်စဉ်သွားအောင် သူ ၏လက်နက်ဖြင့် ရိုက်ထုတ်လိုက်ပြီး တိုက်ပွဲအလယ်သို့ ခုန်ပျံရောက် ရှိလာခြင်းဖြစ်သည်။

ကျွဲရိုင်းသုံးကောင် ခတ်နေသည့် ကြောက်စရာပွဲမျိုးကို တော်ရုံတန်ရုံ သိုင်းပညာရှင်များက ဝင်မပါရဲပါချေ။

အချိန်မရွေး အန္တရာယ်များနိုင်သည်။

အချိန်အဆလွဲမှားခဲ့လျှင် ကြားဝင်ဖျန်ဖြေသူအနေဖြင့် အသက်ပင် ပျောက်သွားနိုင်သည်။

တိုက်ပွဲအလယ်တွင် ဟန်ထင်းရီကတော့ မားမားမတ်မတ် ရပ်နေသည်။

သူတို့သုံးဦးစလုံး ဟန်ထင်းရီကို ကြည့်နေမိသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အမှန်တရား

လူဖုံး၊ ယိစင်းဖန်းနှင့် ချီအင်းတို့သုံးယောက် အသက်လု
ကားပြီးဆုံးသွားလေပြီ။

ကျားရေ့ဒူးယောက်လျက် လဲသူပမာ သူတို့သုံးဦးသ
သည် တိုက်ပွဲအလယ်ရောက်လာသော ဟန်ထင်းရိကို အံ့ဩ
ကြီးဖြင့် ကြည့်နေမိကြ၏။

မိမိထက် အရည်အချင်းသာလွန်ပြီး မယုံကြည်နိုင်လော
အောင်ပင် သိုင်းပညာအဆင့်မြင့်လွန်းသူ တစ်ယောက် ရှေ့ရော
လာသည့်အတွက် မည်သူမျှ တုတ်တုတ်မလှုပ်ရဲကြပါ။

ဟန်ထင်းရိက သူတို့သုံးဦး၏ အခြေအနေကို တစ်ဦး
အကဲခတ်ကြည့်လိုက်၏။



ပြီးနောက် ချီအင်းဘက်သို့လှည့်၍ မေးလိုက်သည်။

“ဒီက မိတ်ဆွေကြီးက ဘယ်သိုင်းပညာအဖွဲ့အစည်းကပါ
လဲ၊ ချိုရှန်းကျင်းနဲ့ ဘယ်လိုများ ပတ်သက်နေပါသလဲ”

ချီအင်းက ပြုံးလိုက်သည်။

“ချိုရှန်းကျင်းဟာ ကျွန်တော့်ရဲ့အစ်မအရင်းပါ”

“ဪ..ဒါကြောင့် မိတ်ဆွေက အစွမ်းထက်တဲ့ ကျောက်
စိမ်းလက်သိုင်းပညာကို တတ်မြောက်ထားတာကိုး၊ အဲဒီသိုင်း
ပညာဟာ တကယ်ပဲဆန်းကြယ်ပြီး အံ့ဩလောက်ပါပေတယ်”

ဟန်ထင်းရိက ချိုရှန်းကျင်း၏မူပိုင်ကျောက်စိမ်းလက်သိုင်း
ပညာကို ချီးကျူးလိုက်၏။

မှန်ပါသည်။

ကျောက်စိမ်းလက်သိုင်းကွက်သည် အံ့မခန်းဖွယ်ကောင်း
သလောက် ကြောက်ဖို့လည်းကောင်းသည်။

ကျောက်စိမ်းလက်သိုင်းကို အသုံးပြုလျှင် အသုံးပြုသူ၏
လက်သည် တကယ် ကျောက်စိမ်းကဲ့သို့ တဖြည်းဖြည်းအရောင်
ပြောင်းလဲသွားသည်ဟု ဆိုလေသည်။

ပြီးနောက် ကိုယ်တွင်း၌ရှိသော အတွင်းအားများအားလုံး
သည် အသုံးပြုသူ၏လက်နှစ်ဘက်သို့ စုရုံးရောက်ရှိသွားတော့၏။

ထိုအချိန်တွင် တစ်ဦးတစ်ယောက်သာ အရိုက်ခံလိုက်ရပါက
နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပညာရပ်ကို ချီရှန်းကျင်းတစ်ယောက်သာ တတ်ကျွမ်းခဲ့သည်။

ချီရှန်းကျင်းသည် တစ်ချိန်က သိုင်းလောကတွင် ပြိုင်ဘက်ကင်းသော ထိပ်တန်းသိုင်းသမီးပျိုတစ်ဦးဖြစ်ခဲ့သည်။

သို့သော်...

ထိုသိုင်းပညာကို တတ်မြောက်ခဲ့သော ချီရှန်းကျင်းသည် ဒုစရိုက်လောကသား မဟုတ်ဘဲ အဖြူရောင်သိုင်းသမားတစ်ယောက်ဖြစ်သည်။

မကောင်းမှု ဒုစရိုက်ကျူးလွန်သူများကို အမြစ်ပါကျေ ဖြိုခွင်းသုတ်သင်ပစ်ခဲ့သည်။

ထို့ကြောင့်ပင် ချီရှန်းကျင်း၏အမည်သည် သိုင်းလောကတွင် နာမည်ကျော်ကြားခဲ့ပြီး လူအများ၏ ချစ်ကြောက်ရိုသေမှုကို ခံယူခဲ့ရသည်။

ချီအင်းသည် သူအသုံးပြုမည့် ကျောက်စိမ်းလက်သိုင်းပညာကို သိရှိနေသော ဟန်ထင်းရီကို အထူးပင်အံ့သြနေမိသည်။

အထင်ကြီးမိသလို လေးစားမိတော့သည်။

"ဒီက မိတ်ဆွေက ကျွန်တော့်ရဲ့အစ်မကို ဘယ်လိုသိခဲ့ပါသလဲ ခင်ဗျာ"

ဤတွင် ဟန်ထင်းရီက ပြုံးလိုက်ပြီး..

"ဘာလဲ..ခင်ဗျားက အံ့သြနေလို့လား"



"ဟုတ်ပါတယ်"

"ကျွန်တော့်အနေနဲ့ ချီရှန်းကျင်းကို မတွေ့ဖူးပါဘူး။ ဒါပေမယ့် သိုင်းလောကထဲဝင်တော့မယ်ဆို ဘယ်ပညာမျိုးပဲဖြစ်ပါစေ၊ ဗဟုသုတရှိထားဖို့ လိုတာပေါ့။ မတတ်ပေမယ့်သိထားရတယ်ပေါ့ဗျာ"

"ဒါဖြင့် မိတ်ဆွေအနေနဲ့ ကျောက်စိမ်းလက်သိုင်းပညာကို ဘယ်လိုလုပ်ပြီး သိနိုင်သလဲ"

"သြော်..ဒါကတော့ စောစောက ကျွန်တော်ပြောပြပြီးပါပြီလေ၊ ကျွန်တော်ဟာ သိုင်းလောကမှာ လက်တွေ့လေ့ကျင့်နေတဲ့ သိုင်းပညာရပ်ဆိုယင် ထူးဆန်းသည်ဖြစ်စေ၊ သမားရိုးကျသိုင်းကွက်ဖြစ်စေ ဖွဲ့ကြီးကြီးနဲ့ လေ့ကျင့်လိုက်စားခဲ့ပါတယ်၊ ကျောက်စိမ်းလက်သိုင်းလို ထူးဆန်းတဲ့ပညာမျိုးတွေကိုလည်း အထူးဂရုစိုက်ပြီး လေ့လာခဲ့ပါတယ်"

ချီအင်းက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ချီးကျူးပါတယ်ဗျာ၊ လူငယ်ပေမယ့် ပညာစုံဗဟုသုတရှိသားတော့ ကောင်းတာပေါ့ဗျာ"

"ခင်ဗျားရဲ့ကျောက်စိမ်းလက်သိုင်းပညာဟာ အရည်အသွေးကောင်းပေမယ့် ကျင့်စဉ်အပိုင်းမှာ အများကြီးလိုသေးတယ်၊ ခင်ဗျားရဲ့အစ်မကိုတော့ မှီဖို့လိုပါသေးတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော့်စော်ကားတဲ့အတွက် မတတ်သာလွန်းလို့ ဒီပညာကို ထုတ်သုံးမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင်းရိုက ပြုံးကာ…

"အေးပေါ့ဗျာ၊ အခု လူရှိတန်သေဆုံးမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တာဝန်ယူပြီး စုံစမ်းပေးပါမယ်၊ ဒါပေမယ့် အခုလိုအပြောရှာနေတုန်းအချိန်မှာ နောက်ထပ် လူသေမှုတွေ ထပ်မံမဖြစ်ပွားအောင်တော့ တားဆီးရလိမ့်မယ်၊ ကျွန်တော့်အနေနဲ့ ဘယ်သူ ဘယ်ဝါရဲ့ မျက်နှာကိုမှ ထောက်မှာ မဟုတ်ဘူး၊ အမှန်တရားဘက်က ရပ်တည်ပေးမယ်ဆိုတာကိုတော့ ယုံကြည်စိတ်ချစေချင်တယ်၊ တစ်ခုပဲပြောပြပါရစေ၊ ဒီကိစ္စအတွက် နောက်ထပ်သွေးထွက်သံယိုမှုများ မရှိပါစေနဲ့လို့ ပြောပါရစေ"

ဟန်ထင်းရိ စကားဆုံးသည်နှင့် လူဖိုးက မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်သည်။

သူက ဒေါသမပြေသေးဟန်ဖြင့်…

"မင်းကကော ဘယ်သူလဲ"

ခပ်မာမာ မေးမြန်းလိုက်သည်။

ဟန်ထင်းရိက…

"ကျွန်တော့်နာမည် ဟန်ထင်းရိပါ"

"ဒီကိစ္စမှာ မင်းနဲ့ဘယ်လိုပတ်သက်နေလို့ ဝင်စွက်ဖက်ရတာလဲ"

ဟန်ထင်းရိက ပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်တယ်လို့လည်း ပြောလို့ရတယ်၊ မပတ်



သက်ဘူးလို့လည်း ပြောလို့ရတယ်"

ဟန်ထင်းရိ၏စကားကြောင့် လူဖိုးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မင်းစကားက ဘယ်လိုအဓိပ္ပါယ်လဲ"

"ဒီလိုပါ၊ ကျွန်တော့်သူငယ်ချင်းက ဝမ်ယုပါ၊ သူဟာ နန်းတွင်းကလွှတ်လိုက်တဲ့ အမှုထမ်းတစ်ယောက်ပါ၊ သူက တာဝန်ပေးခဲ့လို့ ကျွန်တော် ဒီမှာစောင့်ကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် ပတ်သက်ယှင်ရတယ်လို့ ပြောမိတာပါ"

"အခု သူကကော"

"သူ အခုမင်းမှုထမ်းဌာနကို ပြန်သွားတယ်"

"ဒါဖြင့် သူ့အနေနဲ့ ဘယ်လိုယူဆထားသလဲ"

"ဒီကိစ္စကို အမှန်တရားပေါ်အောင် စုံစမ်းရလိမ့်မယ်၊ လုပ်ရာရှိတာတွေကို ဆရာဝမ်ယုက ဆက်လက်လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်"

ဟန်ထင်းရိက သူ၏စကားကို ခေတ္တနားပြီးမှ ဆက်ပြောလိုက်သည်။

"အထူးသဖြင့် ဦးလေးကို ပြောချင်တာက ဦးလေးဟာ ကိုယ့်တူတစ်ယောက်လုံး အခုလိုသေဆုံးရတာဆိုတော့ စိတ်ထိခိုက်မှာကို ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ ကျွန်တော့်ဆရာ ဝမ်ယုကလည်း အမှုထမ်းကောင်းပီသစွာ သည်ဒုစရိုက်မှုကြီးကို အမှန်

www.burmeseclassic.com

www.burmeseclassic.com



ကန်ဆုံးဖော်ထုတ်ပေးမယ်လို့ ကျွန်တော်ယုံကြည်စေချင်ပါတယ်၊ ဦးလေး သည်းခံပါလို့ ကျွန်တော် တောင်းပန်ပါရစေ"

ဟန်ထင်ရီက လေးလေးစားစား မွန်မွန်ရည်ရည်နှင့် တစ်လုံးချင်း လေးလေးနက်နက် ပြောလိုက်သောအခါ ... လက်ခံသည့်အလား ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်၏။

"ကောင်းပြီ..မင်းပြောတဲ့အတိုင်းဆိုယင် အဲဒီ ... ယောက်ဟာ ဥပဒေစက်ကွင်းထဲက ပြေးလွတ်မှာမဟုတ်ဘူး၊ ဒီတော့ သူတို့ကို ရှင်းပစ်ရမယ်"

လှူဖုံးက ပြောယင်းလွတ်ကျ၍ ပြန်ကောက်ယူထားသော သုံးမြောင့်ဓားကို ဖော့ယမ်းယင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ..

ဟန်ထင်ရီသည် လှူဖုံးအား စိတ်ပျက်စွာဖြင့် လှမ်းကြည့်လိုက်သည်။

"ကျွန်တော် သည့်လောက်ရှင်းပြတောင်းပန်တာကို ဦးလေးက ဒေါသကြီးတုန်းဆိုတော့ ကျွန်တော် စိတ်မကောင်းပါဘူး၊ လူကြီးဆိုတာ နေရာတကာ ဒေါသရှေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဘာပဲဖြစ်ဖြစ် သည်းခံခွင့်လွှတ်စိတ်ထားမှလည်း လူတိုင်းရဲ့ လေးစားမှုခံရမှာပေါ့"

ထိုစကားကြားလျှင် လှူဖုံးက မကျေနပ်သေးဘဲ ထပ်မေးလိုက်၏။



"တကယ်လို့ အထောက်အထားရှိပါလျှက်နဲ့ သူတို့နှစ်ယောက်ကို အလွတ်ပေးခဲ့ယင်ကော"

"ကျွန်တော် ပြောပြီးပြီလေ၊ ဒီကိစ္စအတွက် စိတ်မပူပါနဲ့၊ ဆရာဝမ်ယုဟာ အမှန်တရားကို မြတ်နိုးတဲ့အမှုထမ်းကောင်းတစ်ယောက်ပါ၊ အမှန်အတိုင်းဖြစ်အောင် ကျွန်တော်လည်း ဆရာဝမ်ယုနဲ့ ပေါင်းပြီး ဖော်ထုတ်ပေးပါ့မယ်"

ဟန်ထင်ရီသည် ပြောယင်း လှူဖုံးအား အကဲခတ်ကြည့်လိုက်သည်။

သူ၏စကားကို စိတ်ပါဝင်စားစွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောလိုက်၏။

"တကယ်လို့ ဦးလေးပြောတဲ့အတိုင်း ဖြစ်ခဲ့ယင် ကျွန်တော်တို့နှစ်ယောက် ဒီကိစ္စကို ဝင်မစွက်တော့ဘူး၊ အဲဒါကို ကျွန်တော် ကတိပြုပါတယ်"

"နှစ်ယောက်ဆိုတာကကော ဘယ်သူတွေကို ဆိုလိုတာလဲ"

"ကျွန်တော်နဲ့ ဆရာဝမ်ယု"

လှူဖုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ..မင်းရဲ့စကားကို ကျုပ်လိုက်နာမယ်၊ တကယ်လို့ အထောက်အထားမတွေ့ခဲ့ယင် သူတို့နှစ်ယောက်ကို ကျုပ်က ဒုက္ခထပ်မပေးဘူး၊ အခုလို အမှန်တရားဘက်က ရပ်တည်မယ့်သူကို ကျုပ်ကလေးစားပါတယ်၊ သဘောလည်းတူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူဖုံးက အလွယ်တကူပင် လက်ခံလိုက်သည်။

သူ့တွင် မည်သို့သော အကြံအစည်များရှိနေသည်ကိုမူ မည်သူမျှ မသိနိုင်ကြပါချေ။

ညှိကိစ္စများမှာ ကာယကံရှင်နှင့် လူဖုံးကိုယ်တိုင်သာလျှင် သိနိုင်မည်ဖြစ်ပါတော့သည်။

♠ ♠ ♠



## ထင်ယောင်ထင်မှား

တိုက်ပွဲ ရပ်တန့်သွားပြီ ဖြစ်ပါသည်။

မုန်တိုင်းကြီးကျရောက်ပြီးသွားသောအခါ ငြိမ်သက် တိတ်ဆိတ်သွားသကဲ့သို့ လူဖုံးတို့သုံးဦး၏ တိုက်ပွဲရပ်တန့်သွားပြီးနောက် ခြံဝင်းတွင်း၌ လုံးဝတိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မည်သူတစ်ဦးတစ်ယောက်မျှ စကားမပြောကြပါချေ။

အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာ ထိုင်နေကြသည်။

ဟန်ထင်းရှီမှာလည်း တစ်ယောက်တည်း အကြံအိုက်လျက် ခြံတွင်း၌ အပျင်းပြေလမ်းလျှောက်နေသည်။

သူ၏ရင်တွင်း၌မူ အမှုကိစ္စအတွက် အမျိုးမျိုး ပြေးတွေးနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံအစစ်အမှန်ကိုလည်း စဉ်းစားနေခြင်းဖြစ်သည်။

မှန်ပါသည်။

တရားခံသည် မည်သူနည်း။

ပထမအချက်အနေဖြင့် သေသူသည် လူရှိတန်အစစ်မှ ဖြစ်ပါရဲ့လော။

ဤအချက်ကို သံသယဖြစ်နေမိသည်။

သံသယဖြစ်စရာအကြောင်းမှာ ဝက်ဝံဖြူ၏ကုတ်ခြစ်ရာများပင်ဖြစ်သည်။

သာမန်အားဖြင့် ကြည့်လျှင် ဝက်ဝံဖြူဆိုသည့် သတ္တဝါသည် လူတစ်ယောက်၏ရင်ဘတ်လောက်သာ ကုတ်ဖြစ်နိုင်မည်ဖြစ်သည်။

မျက်နှာကို ကုတ်ခြစ်မည်ဆိုစေဦး ထို့မျှ တိကျစွာ ဘယ်ပြန်ညာပြန် ကြက်ခြေခတ်ရှုပ်ထွေးနေအောင် ကုတ်ခြစ်ထားသည်မှာ မယုံကြည်နိုင်စရာပင်ဖြစ်သည်။

အထူးသဖြင့် မည်သူမည်ဝါဖြစ်သည်ကိုပင် ကြည့်ရှုစစ်ဆေးမရစေရန် မျက်နှာပြင်တစ်ခုလုံးကို နေရာအနှံ့ ကုတ်ခြစ်ထားသည်ကို ထောက်ရှုလျှင် ပို၍ပင်သံသယဖြစ်စရာ အကြောင်းရှိနေသည်။

ဒုတိယ ဘဝင်မကျသည့်အချက်မှာကား ဝက်ဝံဖြူ ချည်နှောင်ထားသည့်သံကြိုး အဘယ်ကြောင့် ပြတ်ထွက်သွားရသနည်း။

ဤအချက်မှာလည်း အထူးစဉ်းစားစရာ ကောင်းနေသည်။



ဝက်ဝံဖြူသည် မည်သည့်နည်းနှင့်မျှ သံကြိုးပြတ်ထွက်အောင် ရုန်းမထွက်နိုင်သည်မှာ သေချာသည်။

ဤသို့ဆိုလျှင် လူတစ်ယောက်ယောက်က သက်သက်မဲ့ စီမံထားခြင်းပင်ဖြစ်မည်။

ဝက်ဝံဖြူ ရုန်းကန်သောအခါတွင် လွတ်ထွက်သွားစေရန် သံကြိုးကွင်းဆက်ကို တော့တော့ကလေးပြုလုပ်ထားခြင်းပင် ဖြစ်မည်။

သည်လိုဆိုလျှင် မည်သူက သံကြိုးကို လုပ်ကြံပြီးကွင်းဆက်ကို တော့တော့ကလေးဖြစ်အောင် ဖန်တီးထားခဲ့သနည်း။

သည်လို ရိုင်းစိုင်းသည့် တောတိရစ္ဆာန်အနားသို့ တော်တန်ရုံလူတစ်ယောက်သည် ချဉ်းကပ်ရဲမည်မထင်။

ထို့ကြောင့် ဝက်ဝံဖြူနှင့် နီးစပ်သူ သို့မဟုတ် နိုင်နင်းသူတစ်ယောက်ယောက်ကသာ ဝက်ဝံဖြူတွင် ချည်နှောင်ထားသော သံကြိုးကို တော့ဆက်ကလေးဖြစ်အောင် ပြုလုပ်ထားခြင်းဖြစ်သည်မှာ သေချာသည်။

သံကြိုးကို ဖြတ်သည့် တရားခံသည် မည်သူပေနည်း။

ဖြစ်နိုင်သူမှာ ချီအင်းတစ်ယောက်သာရှိသည်။

သို့သော်...

ချီအင်းသည် မကြာသေးမီကမှ မြင်းလှည်းဖြင့်ရောက်လာသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်၏။

ထို့ကြောင့် တရားခံသည် ချီအင်းဖြစ်နိုင်သော်လည်း မည်

www.burmeseclassic.com

www.burmeseclassic.com



သို့မှု စွပ်စွဲ၍မဖြစ်နိုင်။

ဟန်ထင်းရီသည် စဉ်းစားယင်း အတွေးတွေ ချာချာလည်လာသည်။

ခေါင်းရှုပ်ရုံမှလွဲ၍တရားခံ ရှာမရဖြစ်နေသည်။

နောက်ဆုံးတွင် အတွေးပေါင်းစုတို့ကို သူ၏ဦးနှောက်အတွင်းမှ မောင်းထုတ်လိုက်ပြီး ဆရာဝမ်ယုတို့ ရောက်လာသည်ကို သာစောင့်မျှော်နေမိတော့သည်။

မကြာပါချေ။

ဆရာဝမ်ယုတို့အဖွဲ့ ရောက်လာလေသည်။

အခန်းတွင်း၌ မီးတိုင်မှမီးများကို ထိန်လင်းသွားအောင် ထွန်းညှိလိုက်ကြ၏။

ခရီးရောက်မဆိုက်ပင် အဘိုးအိုတစ်ယောက်ကို သတိထားမိလိုက်သဖြင့် မည်သူမည်ဝါဖြစ်သည်ကို ဝမ်ယုက မေးမြန်းလိုက်သည်။

"ညီလေး..သူက ဘယ်သူလဲ"

ဟန်ထင်းရီက...

"ဒီကဦးလေးက လူ့ရှီတန်ရဲ့ဦးလေးလူဖုံးဆိုတာပဲ၊ သူကလည်း စာရလို့လိုက်လာခဲ့တာ"

ဝမ်ယုက..

"စာထဲမှာ ဘယ်လိုရေးထားလို့လဲ"



"အဲဒီစာကို လူ့ရှီတန်က ရေးလိုက်တာပဲ၊ သူ့စာမှာက မကြာခင်သူ့ဆီမှာ အသက်အန္တရာယ်ဖြစ်နိုင်တဲ့အတွက် အမြန်ဆုံးလာရောက်ကယ်တင်ပါလို့ပဲ ရေးထားပါတယ်"

"ဒါဖြင့် အဘိုးကြီးက ပြဿနာလုပ်သေးလား"

"ဘယ်ပြောကောင်းမလဲ၊ ပွဲကြီးပွဲကောင်းပေါ့"

"ငါ့ညီကတော့ လက်ပိုက်ကြည့်နေမယ် မထင်ပါဘူး"

"ပထမတော့ သူတို့ရဲ့အကြောင်းသိရအောင် အသာ လက်ပိုက်ကြည့်နေခဲ့တယ်၊ နောက်တော့ အသက်အန္တရာယ်ဖြစ်လာမှာစိုးတာနဲ့ တားဆီးလိုက်ရတယ်"

ဝမ်ယုအား ပြောယင်း သတိရသွားဟန်ဖြင့် မေးလိုက်၏။

"သြော်..ဒါနဲ့ ကျင်းမဲ့နောက်ကိုကော လူလွှတ်ကြည့်ခိုင်းထားသေးသလား"

"အေး..လွှတ်လိုက်တယ်၊ အဖွဲ့တစ်ဖွဲ့ကို ကျင်းပဲ့နောက်လိုက်ဖို့ တာဝန်ပေးလိုက်ပြီးပါပြီ"

ထိုအချိန်တွင် အလောင်းကို စစ်ဆေးရာတွင် ဝက်ဝံကုတ်ခြစ်ရာများအပြင် သေသူ၏ ... ရင်နှစ်ဘက်တွင် လက်နက်ပုန်းအပ်ချောင်း စိုက်ဝင်နေသည်ကိုလည်း ထပ်မံစစ်ဆေးတွေ့ရှိရသည်။

ဤတွင် ဝမ်ယုက ချီအင်းဘက်သို့ လှည့်၍မေးခွန်းထုတ်လိုက်သည်။

"သည်လက်နက်ပုန်းကို ဘယ်သူကိုင်ဆောင်တတ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချီအင်း သက်ပြင်းချလိုက်သည်။

"ဒီလက်နက်ပုန်းဟာ ကျွန်တော်ကိုင်ဆောင်တဲ့ လက်နက်ပုန်းတွေပါ၊ ဒါပေမယ့် ကျွန်တော် ဒီအိမ်ကြီးက ထွက်ခွာသွားတော့ တချို့တဝက် ဒီမှာပဲကျန်ခဲ့ပါတယ်"

ဝမ်ယုက...

"လက်နက်ပုန်းကို ဘယ်လိုအမည်ပေးထားသလဲ"

"ခုနစ်စင်ကြယ်လို့ အမည်ပေးထားပါတယ်"

ဝမ်ယုက ချီအင်းအား အလေးအနက် စူးစူးစိုက်စိုက်ကြည့်ယင်းအကဲခတ်ကာ သူသိလိုသည်များကို ဆက်မေးလိုက်သည်။

"ကောင်းပြီ..နောက်ထပ် မင်းအနေနဲ့ ဘာများပြောပြစရာရှိသေးသလဲ"

ချီအင်း ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"

ဝမ်ယုက...

"လက်ရှိ အခြေအနေအရဆိုယင် အချင်းဖြစ်ပွားတဲ့အချိန် မင်းတို့နှစ်ယောက်ကိုတွေ့တယ်၊ နောက်ပြီး မင်းရဲ့ကိုယ်ပိုင်လက်နက်ပုန်းကလည်း သေသူရဲ့ကိုယ်ပေါ်မှာတွေ့တယ်၊ ဒီတော့ အမှန်တရားဖော်ထုတ်နေတဲ့အချိန်မှာ မင်းတို့နှစ်ယောက်ကို ထိန်းထားရလိမ့်မယ်၊ တကယ့်ကို ချုပ်နှောင်ထားမှာ မဟုတ်ဘူး၊ အဖြေမှန်ရှာရအောင် မင်းတို့ကိုထိန်းသိမ်းထားတဲ့သဘောပဲ၊ နားလည်သလား



ဘာပြောချင်သေးသလဲ"

"ကျွန်တော်တို့ ဘာမှပြောစရာမရှိတော့ပါဘူး၊ ဖြစ်လာမှတော့ ရင်ဆိုင်ရတော့မှာပေါ့၊ အစ်ကိုကြီးတို့နှစ်ယောက်ကိုလည်း ကျွန်တော်တို့ လုံးဝယုံကြည်ပါတယ်၊ မကြာမီမှာ တရားခံအစစ်ကို ဖော်ထုတ်နိုင်ပါစေလို့ပဲ ဆုတောင်းပါတယ်"

ယောကျ်ားတစ်ယောက်ဖြစ်သော ချီအင်းအဖို့ မထောင်းသာသော်လည်း ယိစင်းဖန်းမှာ ရှက်လွန်းသဖြင့် မျက်နှာကိုလက်နှစ်ဘက်အုပ်လျက် ငိုကြွေးနေတော့၏။

"ကိုင်း..မင်းတို့က သူတို့နှစ်ယောက်ကို ခေါ်သွားကြတော့"

အနီးရှိ လက်အောက်ငယ်သားနှစ်ဦးအား ဝမ်းယုက အမိန့်ပေးလိုက်သည်။

ချီအင်းနှင့် ယိစင်းဖန်းတို့နှစ်ဦးက ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားတော့၏။

ဝမ်ယုက ဟန်ထင်းရှိဘက်သို့လှည့်ကြည့်လိုက်ယင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ့ညီလည်း အတော် ဦးနှောက်ခြောက်သွားပြီနဲ့တူတယ်ကွ"

"မဟုတ်တာ အစ်ကိုကြီးရဲ့ကိစ္စကို ဒါလောက်တော့ ကူညီရမှာပေါ့"

"တည်းခိုခန်းအရောက် အစ်ကိုကြီးပြန်ပို့ပေးပါ့မယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"တိစ္ဆာမရှိပါဘူး အစ်ကိုကြီးရယ်၊ မနက်ဖြန်ကျယင်သာ ကျွန်တော့်ကိုတွေ့ချင်ယင် တည်းခိုခန်းကို လိုက်ခဲ့ပေါ့"

ဝမ်ယု ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ဪ...ဒါထက် ဝှါညီ ဘာမှမစားရသေးဘူး မဟုတ်လား၊ အစ်ကိုကြီးတို့ဒွာနက်ကိုပဲ တစ်ခါတည်းလိုက်ခဲ့တော့၊ ဟိုမှာ စားစရာတွေ ပြင်ဆင်ထားတယ်ကွ"

ပြောပြောဆိုဆို ဝမ်ယုက ဟန်ထင်းရှီ၏ပခုံးကို ဖက်လျှက် အိမ်တွင်းမှ ထွက်ခွာသွားလေတော့သည်။

လူဖုံးက ဝမ်ယုတို့ထွက်သွားသည်ကို စူးစိုက်ကြည့်ယင်း အံကြိတ်လျှက် ကျန်ရစ်ခဲ့လေသည်။

သူ၏စိတ်တွင်း၌ ချီအင်းနှင့်ယိစင်းဖန်းတို့နှစ်ယောက်အားတရားဥပဒေအရ အရေးယူခြင်းထက် လောလောဆယ်ပင် သူ၏တူအတွက် အသက်ကို အစားပြန်ယူလိုသည်။

"ခင်းတို့ကို လုံးဝမကျေနပ်ဘူး"

လူဖုံး၏ကြိမ်းဝါးသံသည် ခြံတွင်း၌ ပဲ့တင်ထပ်သွားလေတော့သည်။

♠ ♠ ♠

## ကြေးစား

လုယန်မြို့...။

လုယန်မြို့၏ နံနက်ခင်းသည် သာယာလှပပေသည်။

နံနက်ခင်း မိုးနှင်းများအောက်တွင် မြို့သူမြို့သားများ လှုပ်လှုပ်ရွရွ သွားလာနေကြလေပြီ။

သို့သော် အချိန်မှာ စောလွန်းသေးသဖြင့် အထူးစည်ကားလှခြင်းတော့ မရှိသေးပေ။

ထိုစဉ်...

ဟန်ထင်းရှီသည် အစောကြီးနိုးလျှက် ရှိနေပါသည်။

သူသည် ယမန်နေ့ညက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်နေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လူဖုံးတို့သော အဘိုးကြီးကိုသွားပြီး သတိရလိုက်သည်။

လူဖုံး၏ လုပ်ရှားမှုများကို သံသယဖြစ်နေမိသည်။

ထို့ကြောင့် ဟန်ထင်းရီသည် လူဖုံး၏အကြောင်းကို အလေးအနက် ပြန်လည်စဉ်းစားနေမိ၏။

လူဖုံးနှင့်ပတ်သက်၍ သူ့ရင်ထဲမှာ ဘဝင်မကျဖြစ်မိသည်။

လူဖုံးသည် သူမနှစ်မြို့သူ နှစ်ဦးဖြစ်သော ချီအင်းနှင့် ယိစင်းဖန်းတို့အား အမှုထမ်းဝမ်ယုက ဖမ်းဆီးအရေးယူထားပြီးဖြစ်သည့်အတွက် ကျေနပ်ဖို့ကောင်းသည်။

သို့သော် လူဖုံးသည် အကြမ်းဖက်ရန် ဆန္ဒပြင်းထန်လျက်ရှိနေသည်။

အားမတန်၍သာ မာန်လျှော့လျက် အသာကြည့်နေလိုက်ခြင်းသာဖြစ်သည်။

ဤအတွက် လူဖုံး၏သဘောကို နားလည်ရန် ခက်နေသည်။

သည်အမှုကို အတတ်နိုင်ဆုံး ဖျက်ဆီးပစ်မည်မှာ သေချာလှသည်။

အမှုကို စုံစမ်းမရရှိစေရန် လက်ရှိအခြေအနေအတိုင်းသာရှိစေရန် မဖြစ်ဖြစ်သည့်နည်းနှင့် အဟန့်အတားပြုမည်မှာ ကျိန်းသေပေါက်ဖြစ်၏။



သို့မှသာ ချီအင်းနှင့်ယိစင်းဖန်းတို့ ကြိုးစင်တက်ရမည်မဟုတ်ပါလား။

လူဖုံး၏ အဓိကရည်ရွယ်ချက်မှာ ချီအင်းနှင့်ယိစင်းဖန်းတို့ နှစ်ယောက် ဒုက္ခရောက်မှ ကျေနပ်မည့်သဘောပင်ဖြစ်ပေသည်။

အမှုမှန်ပေါ်ပေါက်ရေးကို မလိုလားဘဲ တနည်းနည်းဖြင့် အနှောင့်အယှက်ပေးတော့မည် ဖြစ်သည်။

သို့အတွက် ဟန်ထင်းရီသည် တည်ခိုခန်းအတွင်းရှိ စားသောက်ခန်းမသို့ အစောကြီးဝင်ရောက်လာပြီး ဝမ်းဗိုက်ကို အယင်ဖြည့်ဆည်းလိုက်သည်။

ပြီးနောက် ဆိုင်လုလင်တစ်ဦးအား သူ၏မြင်းကိုယူလာရန် ပြောလိုက်သည်။

ဟန်ထင်းရီသည် အချင်းဖြစ်ပွားရာ အနီးဝန်းကျင်သို့သွားရောက်ပြီး လူဖုံး၏လှုပ်ရှားမှုများကို တစေ့တစောင်း အကဲခတ်ရန် ဆုံးဖြတ်လိုက်သည်။

ဟန်ထင်းရီသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လျက် ဆိုင်အပြင်ဘက်သို့ ထွက်လာခဲ့၏။

ဆိုင်အပြင်ဘက်တွင် တောင့်တင်းကြံ့ခိုင်သော မြင်းညိုကြီးတစ်ကောင်က အဆင်သင့်ရပ်လျက်ရှိနေသည်။

ဟန်ထင်းရီသည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

သူ၏မြင်းညိုကြီးကလည်း မျိုးကောင်းမျိုးသန့် အဖိုးတန်

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်ဖြစ်သည်။

သူ၏သခင် ကျောပေါ်သို့ ရောက်လာသည်နှင့် မဆိုင်းမတွ တရှိန်ထိုးပြေးထွက်သွားတော့သည်။

မြင်းညိုကြီး၏ ဦးခေါင်းသည်လူရှိတန်၏အိမ်ဘက်ဆီသို့ ဦးတည်ပြေးလွှားနေသည်။

လယ်ကွင်း၏ မြူနှင်းမှုန်များအကြား၀ယ် ၀တ်စုံဖြူနှင့် လူလင်တစ်ယောက်သည် မြင်းညိုကြီးကို အပြင်းနှင်စီးသွားသည်ကို ကြည့်ရသည်မှာ တမျိုးပင် ပန်းတင့်လှသည်။

မြင်းညိုကြီးသည် လမ်းတွေ့တစ်ခုသို့ အရောက်တွင် ရုတ်တရက်ရပ်တန့်သွားသည်။

မြင်းပေါ်မှ ၀တ်စုံဖြူနှင့် သိုင်းသမားဟန်ထင်ရှိသည့် အ တန်ငယ် အလှမ်းကွာဝေးသေးသော ၀င်းခြံကြီးဆီသို့ လှမ်းမျှော် ကြည့်လိုက်သည်။

မြူနှင်းမှုန်များ ကျနေသဖြင့် မြင်ကွင်းက ခပ်၀ါး၀ါးဖြစ်နေ သည်။

မည်သို့ပင်ဖြစ်စေ ထို၀င်းခြံကြီးကိုတော့ သူကောင်းစွာ မြင် နေရသည်။

ယင်း၀င်းခြံကြီးသည်ကား လူရှိတန်၏နေထိုင်ရာ အိမ်ဂေ ဟာကြီးပင်ဖြစ်သည်။

ယခုတိုင် ထိုအိမ်ဂေဟာအတွင်း၌ လူရှိတန်၏ဦးလေးလူဖုံး



က စတည်းချနေထိုင်လျှက်ရှိသည့်အပြင် လူရှိတန်အား ၀က်ဝံဖြူ ကိုက်သတ်သွားသယောင်ဖြင့် သတ်ဖြတ်ခြင်းခံရသော အမှုကို အမှန် အတိုင်းမပေါ်ပေါက်စေရန် လူဖုံးသည် နည်းအမျိုးမျိုးနှင့် နှောင့် ယှက်လျှက်ရှိသည်။

မှုက်မြင်သက်သေကျင်းပုံကိုလည်း နှုတ်ပိတ်ရန် ကြံစွယ်နေ ခဲ့သေးသည်။

ပြီးလျှင် လူဖုံးသည် အင်အားကို အလွန်အားကိုးသော လူကြီးတစ်ယောက်ဖြစ်သည်။

အမှုထမ်းများက အရေးယူခြင်းထက် သူမှန်မည်ထင်ရာ သို့မဟုတ် သူ့စိတ်နှင့်သူ့ကိုယ် သတ်ချင်သူကိုသတ်ပစ်ရန်သာ ကြိုး စားနေခြင်းလည်းဖြစ်ပါသည်။

တနည်းအားဖြင့်မူ သူသည် တရားလွှတ်ပြီး မိမိတတ် မြောက်သော သိုင်းပညာဖြင့် လူတွေကို အနိုင်ကျင့်လိုသည့် သ ဘောလည်းရှိသည်။

ဤသည်ကို ယမန်နေ့ညတပင် တွေ့ဆုံခဲ့ကတည်းက ဟန်ထင်းရှီက လူဖုံး၏အတွင်းမနောကို တစေ့တစောင်း သိရှိထား ပြီးဖြစ်သည်။

ထို့ကြောင့် သူ၏လှုပ်ရှားမှုများကို အကဲခတ်ရန် ထွက်လာ ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



လှရှိတန်၏ခြံတွင်းမှ မြင်းတစ်စီး ရိပ်ခနဲ ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

နှင်းမှုန်များကျနေသဖြင့် မြင်းပေါ်တွင် စီးနင်းလိုက်ပါသွားသောမြင်းစီးသမား၏ ရုပ်သွင်ကို ကောင်းစွာ မမြင်လိုက်ရပေ။

မြင်းသည် မြို့၏မြောက်တံခါးဝဆီသို့ ဦးတည်ပြေးလွှားလျက်ရှိသည်ကို တွေ့ရသည်။

ဟန်ထင်းရှိသည် အတန်ကြာ စဉ်းစားနေမိသည်။

ထိုမြင်းစီးသမားနောက်လိုက်၍ နောက်ယောင်ခံရလျှင် ကောင်းမည်လော။

သို့မဟုတ် ကျင်းမဲ့အား စုံစမ်းလျှင် ကောင်းမည်လော။

သို့လော..သို့လောဖြင့် ဟန်ထင်းရှိတစ်ယောက် ဝေခွဲမရဖြစ်နေသည်။

ပြီးမှ သူက ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် မြင်းကြီးအား တစ်ချက်ရိုက်လိုက်၏။

မြင်းညိုကြီး၏ဇက်ကြိုး လွှတ်ပေးလိုက်သည်နှင့် တပြိုင်နက်မြင်းညိုကြီးသည် သခင်၏အလိုဆန္ဒကို သိနေသည့်ပမာ နေရာမှ တဟုန်ထိုးပြေးထွက်သွားလေတော့သည်။

မြို့၏မြောက်ဘက်တံခါးဆီသို့ ပြေးသွားသော မြင်းစီးသမားသည် နှင်းမှုန်များအတွင်းတွင် ပျောက်ကွယ်သွားခဲ့လေပြီ။

ထိုမြင်းစီးသမားနောက်သို့ ဟန်ထင်းရှိက ထပ်ကြပ်မကွာ



နောက်ယောင်ခံလိုက်ခဲ့သည်။

မြောက်ဘက်မြို့ဝင်တံခါးဝသို့ ဟန်ထင်းရှိရောက်သွားချိန်ရှေ့မှ ပြေးလွှားနေသော မြင်းစီးသမားသည် မြို့ပြင်သို့ရောက်သွားပြီကို တွေ့လိုက်ရသည်။

ထိုမြင်းစီးသမားသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူစီးနှင်းသွားသော မြင်းမှာ မြင်းဖြူကြီးတစ်ကောင်ဖြစ်သည်။

ဟန်ထင်းရှိ၏ မြင်းညိုကြီးသည် တခဏအတွင်းမှာပင် ထို မြင်းစီးသမားအား ခြေရာခံမိသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောလမ်းလေးတစ်ခု...။

လမ်းမှာ လူသွားလမ်းသာသာလောက်သာရှိပြီး တစ်ဘက်တစ်ချက်တွင် သစ်ကြီးဝါးကြီးများဖြင့် ပိတ်ဖုံးလျက်ရှိသည်။

တောရိပ်အတွင်း ဝင်လိုက်သည်နှင့်ချမ်းစိမ့်သွားအောင်ပင် အေးချမ်းသွားလေသည်။

တောရိပ်တောင်ခြေက သာယာသည်။

ကြည်နူးဖွယ်၊ လွမ်းမောဖွယ် ကောင်းလှသည်။

နံနက်ခင်း အစာရှာထွက်လာသော ကျေးငှက်သာရကာတို့၏ဘာသာဘာဝ ကျူးရင့်သံကလေးများသည် တောအုပ်ကလေးအတွင်းတွင် ဆူညံလျက်ရှိသည်။

ဟန်ထင်ရှိသည် ရှေ့မှသွားနေသော မြင်းစီးသမားအား အမီလိုက်နိုင်သော်လည်း ခပ်ဆိုင်းဆိုင်း ဖြည်းဖြည်းသာသာဖြင့်သာ နောက်မှလိုက်သွား၏။

မကြာမီ...

ရှေ့မှ အပြေးနှင်နေသော မြင်းစီးသမားသည် မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး သစ်ပင်ကြီးတစ်ပင်ရှေ့တွင် ထိုးရပ်လိုက်သည်ကို တွေ့ရသည်။

ဟန်ထင်ရှိ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

အရှေ့မှ အစိမ်းရောင်မြင်းစီးသမားနှင့် ဝါးတရိုက်ခန့်သာ ဝေးကွာသဖြင့် ထင်ထင်ရှားရှားမြင်နေရသည်။



မြင်းဖြူကြီးပေါ်မှာ အစိမ်းရောင်ဝတ်စုံနှင့်မြင်းစီး သမားသည် ဓားရှည်ကို ခါးတွင်လွယ်ထားသည်။

ကိုယ်ခန္ဓာတောင့်တင်းသန်မာပြီး သိုင်းသမားတစ်ဦးဖြစ်သည်ကို အလွယ်တကူပင် သိသာနိုင်သည်။

အစိမ်းရောင်ဝတ်စုံနှင့် မြင်းစီးသမားသည် မြင်းပေါ်တွင် သက်တောင့်သက်သာဖြင့် ထိုင်လျက် ဘေးဘီကို အကဲခတ်ကြည့်နေသည်။

သူ၏မျက်လုံးအစုံသည် တောက်ပြောင်စူးရှပြီး မျက်နှာထားမှာ ခက်ထန်ပုံရသည်။

သူက အေးဆေးစွာဖြင့် မြင်းပေါ်တွင်ထိုင်ယင်း တောင်ခြောက်လေးပါးကို မျက်စိကစားလျက်ရှိသည်။

ဟန်ထင်ရှိသည် ထိုလူ၏မြင်ကွင်းမှ ပုန်းကွယ်လျက် သစ်ပင်ကြီးတစ်ပင်နောက်မှ အသာအယာ ချောင်းမြောင်းနေမိသည်။

အထူးသဖြင့် အစိမ်းရောင်မြင်းစီးသမား၏ ဟန်မူရာ လှုပ်ရှားမှုကို လေ့လာကြည့်ရှုရသည်မှာ သက်သာမကောင်းဖွယ်ဖြစ်သည်။

ထို့ကြောင့် သူ၏လှုပ်ရှားမှုများကို စောင့်၍အကဲခတ်နေမိခြင်းဖြစ်သည်။

ထိုအစိမ်းရောင်ဝတ်စုံနှင့်လူသည် တစ်စုံတစ်ယောက်သောသူကို စောင့်မျှော်နေဟန်တူသည်။

အတန်ကြာသည်အထိ တစ်စုံတစ်ရာ ထူးခြားမလာပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သူတစ်ဦးတစ်ယောက်မျှ ပေါ်ပေါက်လာခဲ့ခြင်းမရှိပါ။

ထို့ကြောင့် ဟန်ထင်းရှိမှာ စိတ်မရှည်နိုင်အောင်ဖြစ်နေမိတော့သည်။

ဟန်ထင်းရှိသည် တတ်နိုင်သလောက် သူ၏လှုပ်ရှားနေသောစိတ်ကို ထိန်းထားသည်။

သူက မြင်းဇက်ကြိုးကို ဆွဲလိုက်ပြီး တဖြည်းဖြည်းဖြင့် အစိမ်းရောင်ဝတ်စုံနှင့်လူထံသို့ ချဉ်းကပ်သွားလေသည်။

ထိုစဉ်...

အစိမ်းရောင်ဝတ်စုံနှင့်လူက ဟန်ထင်းရှိကို တွေ့သွားသည်။

"ဟင်"

အစိမ်းရောင်ဝတ်စုံနှင့်လူ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ဟန်ထင်းရှိအား စားတော့ဝါးတော့မတတ် စိုက်ကြည့်နေမိသည်။

ဟန်ထင်းရှိကမူ မည်သည်ကိုမျှ အရေးမစိုက်လေဟန်ဖြင့် ဟန်မပျက်ဘဲ ဆက်လက်တိုးကပ်သွားသည်။

"ဟေ့..မင်းက ဘယ်သူလဲ"

အစိမ်းရောင်ဝတ်စုံနှင့်လူက သူ့အနားသို့ရောက်လာသော ဟန်ထင်းရှိအား လှမ်းမေးလိုက်သည်။

သူ၏မျက်လုံးအစုံသည် တောက်ပြောင်လျှက်ရှိသည်။

သူ၏လေသံမှာလည်း မည်သူ့ကိုမျှ မကြောက်ရွံ့သောလေသံမျိုးပင်။



မာတန်သည်။ အထက်စီးနိုင်လှသည်။

ဟန်ထင်းရှိက ထိုအစိမ်းရောင်ဝတ်စုံနှင့်လူ၏ မျက်နှာကို တစ်ချက်စူးစိုက်ကြည့်လိုက်သည်။

သူ့အကြည့်က အေးစက်မာကျောနေသည်။

ပြီးနောက် လုံးဝအမှုမထားဟန်နှင့် ဘာမျှ ပြန်လည်ပြောကြားခြင်း မပြုဘဲ အစိမ်းရောင်ဝတ်စုံနှင့် လက်တစ် ထမ်းအကွာတွင် ရပ်တန့်လိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူ ဒေါသူသွားသည်။

"ဟေ့လူ..မင်းကိုမေးနေတာ မကြားဘူးလား။ မင်းဘယ်သူလဲ"

ထပ်မံ၍ မာထန်စွာမေးလိုက်သည်။

သူ့ကို အဖက်မလုပ်၍ ဝိုပြီးခံပြင်းနေဟန်တူသည်။

ထို့ကြောင့် သူ့စကားသံသည် ပို၍ပင် မာထန်လာသည်။

ဒေါသသံပါလာသည်ကိုလည်း လှေ့လာမိလိုက်သည်။

ဟန်ထင်းရှိက ပြုံးလိုက်သည်။

"မင်းကကော ဘယ်သူလဲ"

ဟန်ထင်းရှိက ဖြေရမည့်အစား သူကပင် ပြန်လည်မေးခွန်းထုတ်လိုက်၏။

အစိမ်းရောင်ဝတ်စုံနှင့်လူမှာ ပို၍ခံပြင်းကာ သူ၏မျက်နှာသည်လည်း ရုတ်ခြည်း မှုပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးအစုံတွင် ဒေါသရောင်များ လွှမ်းခြုံနေသည်။

သူက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"ငါ ဘယ်သူလဲဆိုတာ ပြောနေရဦးမှာလား။ မင်း ငါ့ကို ကြည့်ယင် သိလောက်တယ် ဟဲ ဟဲ"

ပြောယင်း ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

ဟန်ထင်းရီက ပြုံးလိုက်ပြန်သည်

သူက အစိမ်းရောင်ဝတ်စုံနှင့်လူအား ခေါင်းကို အသာအယာ ခါပြယင်း...

"ဘာလဲ..မင်းက ဒီတောအုပ်ထဲရောက်လာတဲ့လူတွေကို အကြမ်းဖက်တိုက်ခိုက်လုယက်နေတဲ့ လူဆိုးတစ်ယောက်လား"

ခနဲ့လိုက်၏။

ထိုစကားကြားလျှင် အစိမ်းရောင်ဝတ်စုံနှင့်လူမှာ ဒေါသပိုထွက်သွားသည်။

သူ၏လက်တစ်ဘက်က နောက်ကျောဆီမှ ဓားဆီသို့အဆင်သင့်ရောက်နှင့်ပြီးသား ဖြစ်သွားသည်။

"မင်း..မင်း ငါ့အကြောင်း မသိသေးဘူးနဲ့တူတယ်၊ သေချင်ပြီလား"

ဟန်ထင်းရီက...

"ဟာ..မသိလို့မေးနေတာပေါ့၊ မင်းက ဘယ်သူလဲ"

ဟန်ထင်းရီက အေးအေးဆေးဆေးပင် မြင်းညိုကြီးပေါ်မှာ ထိုင်ယင်း တစ်ဘက်လူ ဒေါသကိုဆွပေးသကဲ့သို့ အေးစက်စက်လေသံနှင့် ပြောလိုက်သည်။



အစိမ်းရောင်ဝတ်စုံနှင့်လူသည် ယမ်းပုံမီးကျဖြစ်လျှက် ဒေါသအငွေ့များသည် သူ၏မျက်လုံးတွင် ပြည့်လျှံနေတော့သည်။

"မင်း ဘယ်သူလဲဆိုတာ ငါမေးနေတယ်၊ ပြောစမ်း"

သူ၏အသံမှာ ကြောက်စရာကောင်းအောင် ဟိန်းထွက်သွားသည်။

တော်ရုံတန်ရုံလူဆိုလျှင် သူ့ဒေါသသံနှင့် လဲကျသွားနိုင်၏။

ဟန်ထင်းရီကမူ အပြုံးမပျက်ပါချေ။

ထိုအစိမ်းရောင်ဝတ်စုံနှင့်လူအား ကြည့်ကာ..

"မင်းနာမည်ကို အယင်ပြောပါ၊ ကျုပ်က လူတစ်ယောက်ရဲ့နာမည်ကို မသိဘဲနဲ့ ဘယ်တော့မှစကားပြောလေ့မရှိဘူး၊ မင်းနာမည်ကို အယင်ပြောစမ်း"

လေသံအေးအေးဖြင့် ပြောလိုက်၏။

အစိမ်းရောင်ဝတ်စုံနှင့်လူ ဒေါသကို မထိန်းနိုင်တော့ပါချေ။

ဓားရိုးပေါ်မှ သူ၏လက်က လှုပ်ရှားသွားသည်။

"ရွှမ်း"

အသံနှင့်အတူ ဓားအိမ်တွင်းမှဓားထုတ်ပြီးသား ဖြစ်သွား၏။

ဓားထုတ်ပုံက လျင်မြန်သည်။ ဖျတ်လတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို ကြည့်လျှင် အစိမ်းရောင်ဝတ်စုံနှင့်လူသည် စား ရေးကျွမ်းကျင်သော အဆင့်မြင့်သိုင်းသမားတစ်ဦးမှန်း သိနိုင်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူက...

"မင်းလို မလောက်လေးမလောက်စားက ငါ့ကိုများ အန်တုချင်တယ်ပေါ့လေ၊ မင်းနာမည်ကို မပြောမချင်း ဟောဒီတောအုပ်ထဲက မင်းပြန်ထွက်ရလိမ့်မယ်လို့ စိတ်မကူးနဲ့"

ကြုံးဝါးလိုက်လေသည်။

ဟန်ထင်းရှီ၏မျက်နှာတွင် အပြုံးရိပ်သန်းသွားသည်။

"မင်းက တကယ်ပြောတာလား၊ ကျုပ်ကို ဘယ်သူမှ မတားဆီးနိုင်ပါဘူး၊ ကျုပ်သွားချင်ယင် သွားနိုင်တယ်ဆိုတာ မှတ်ထားပါ"

"အေး...ဒါပေမယ့် မင်းကို ဒီတောအုပ်ထဲကနေ ငါက သွားခွင့်မပြုဘူး"

ဟန်ထင်းရှီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်က ဒီတောအုပ်ထဲက ရအောင်ဖြတ်သွားမယ်၊ ကျုပ်ကို တားဖို့ ခင်ဗျားစားကို အဆင်သင့်ပြင်ထား"

ဟန်ထင်းရှီက စိန်ခေါ်လိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူက...

"ကောင်းပြီ၊ ငါမင်းကို တားဆီးနိုင်ခဲ့ယင်ကော"

ပြောပြီး အမိပ္ပါယ်ပါပါဖြင့် ဟန်ထင်းရှီကို ကြည့်လိုက်သည်။



ဟန်ထင်းရှီက...

"ခင်ဗျားက ကျုပ်ကို တားဆီးနိုင်တယ်ဆိုယင် ဟောဒီမှာ ပါလာတဲ့ ကျုပ်ရဲ့မြင်းကို ခင်ဗျားကသိမ်းယူလိုက်၊ ပြီးတော့ ကျုပ်ကို ခင်ဗျားကြိုက်သလို လုပ်ပိုင်ခွင့်ရှိတယ်၊ အဲ ဒါပေမယ့် ခင်ဗျားရှုံးခဲ့ယင် ကျုပ်မေးတာကို အမှန်အတိုင်း မလိမ်ဘဲပြောရမယ်၊ ဘယ်လိုလဲ"

ဟန်ထင်းရှီက အပေးအယူစကား ပြောလိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူသည် ရယ်စရာစကား ကြားလိုက်ရသကဲ့သို့ တဟားဟား ရယ်မောလိုက်သည်။

သူ့အသွင်သဏ္ဌာန်က ဟန်ထင်းရှီကို လူညံ့လူအကလေးတစ်ယောက်အဖြစ် မှတ်ယူနေဟန်တူ၏။ သူက ခပ်ပေါ့ပေါ့ပင်...

"ကောင်းပြီလေ၊ စိန်လိုက်၊ ပြီးတော့မှ နောင်တမရနဲ့"

ဟန်ထင်းရှီက...

"ဒါဆို ခင်ဗျား အယင်စတိုက်ပါ"

အစိမ်းရောင်ဝတ်စုံနှင့်လူက....

"မင်းကို သနားလို့ မတိုက်ခိုက်ချင်တာ၊ မင်းက သေချင်နေမှတော့ ကဲ လာပြီ"

ပြောယင်း ဟန်ထင်းရှီအား စတင်တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တောထမ်းကလေးအတွင်း၌ တိုက်ပွဲတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာသည်။

"ဗိုး"

"ရှမ်း...ရှမ်း"

လေထဲ၌ဓားဖော့ယမ်း၍ ထွက်လာသောအသံက ကျောချမ်းစရာပင်။

အစိမ်းရောင်ဝတ်စုံနှင့်လူမှာ...

"ကျား"

မာန်သွင်းယင်း ဟန်ထင်းရှီအား အသေအကြေ တိုက်ခိုက်လိုက်၏။

ဟန်ထင်းရှီက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ဘာတတ်နိုင်မှာမို့လဲ"

ပြောယင်း ခန္ဓာကိုယ်အား တစ်ချက်လှုပ်ရှားလိုက်၏။

ထိုအခါ...

"ဝုန်း"

"အင့်"

ကျယ်လောင်သောအသံနှင့်အတူ မသဲမကွဲညည်းညူသံတစ်ချက်ထွက်ပေါ်လာ၏။

ဟန်ထင်းရှီ၏ လှုပ်ရှားမှုများက လျှပ်ပြက်သကဲ့သို့ လျှင်မြန်လှသည်။



ရုတ်တရက် အစိမ်းရောင်ဝတ်စုံနှင့်လူအား အံ့ဩမင်သက်သွားရစေ၏။

သူသိလိုက်သည်မှာ သူ၏ဓားကိုင်လက်တစ်ဘက်သည် ကျိုးလုမတတ်ဖြစ်သွားပြီး မြင်းပေါ်မှ မြေပေါ်သို့ကျသွားခဲ့သည်။

ဟန်ထင်းရှီ၏ လျှင်မြန်သော လှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့် အဆင့်လွန်ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက်ဖြစ်သည်ကို အစိမ်းရောင်ဝတ်စုံနှင့်လူက သိလိုက်ပြီဖြစ်သည်။

အမှန်မှာ ဟန်ထင်းရှီသည် ဓားကိုင်သိုင်းသမားတစ်ယောက်အား လက်နက်မဲ့ တိုက်ခိုက်နည်းဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဟန်ထင်းရှီ၏ လှုပ်ရှားမှုသည် သာမန်သိုင်းသမားများ မပြုလုပ်နိုင်သည့် ပညာတစ်ကွက်ကို ပြသလိုက်ခြင်းဖြစ်သည်။

သူက မြင်းပေါ်တွင် ထိုင်နေယင်းမှ ရုတ်တရက် ဓားကိုင်သမားထံသို့ ကိုယ်ဖော့ပညာဖြင့် ခုန်လွှားရောက်ရှိသွားပြီး လေတွင်ဖော့ယမ်းနေသော ဓားကိုင်လက်ကိုသာ ခြေတစ်ဘက်ဖြင့် လှမ်းကန်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

အစိမ်းရောင်ဝတ်စုံနှင့်လူ၏ လက်တစ်ဘက်သည် ညာခြေတစ်ဘက်ခတ်လိုက်သည့်ဒဏ်ကြောင့် ကျိုးသွားပြီး ဓားမှာလွင့်ကျသွားသည်။

ဓားလွတ်ကျသွားသည်နှင့် တပြိုင်နက် အစိမ်းရောင်ဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်လူသည်လည်း မြေပေါ်သို့ လိမ့်ကျသွားခဲ့ရလေသည်။

တန်ထင်းရီသည် အစိမ်းရောင်ဝတ်စုံနှင့်လူ၏ဘေးသို့ ရောက်နေပြီး အေးဆေးစွာဖြင့် ခါးထောက်ရပ်ကြည့်နေသည်။

"ကဲ..ဘယ်လိုလဲ၊ ခင်ဗျားက ကျုပ်ကို တားဆီးနိုင်ဦးမှာလား"

အစိမ်းရောင်ဝတ်စုံနှင့်လူသည် သူ၏ဓားကိုင်လက်ကို ကျန်လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်ထားပြီး နာကျင်မှုဝေဒနာကို ခံစားယင်း ခေါင်းယမ်းပြနေသည်။

သူက ဟန်ထင်းရီအား တားဆီးလို့ရမည်မဟုတ်သည်ကို သိလိုက်ပြီဖြစ်ပါသည်။

သူသည် ဟန်ထင်းရီအားကြည့်ကာ...

"ကျုပ် ကတိတည်ပါတယ်၊ ခင်ဗျား ဘာမေးမှာလဲ မေးပါ"

ဟုပြောလိုက်၏။

ဟန်ထင်းရီက သူ့စကားကိုကြားလျှင် သဘောကျသွားလေသည်။

ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ခင်ဗျားက ဘယ်ကိုသွားမှာလဲ၊ ဘာကိစ္စကြောင့်လဲ အဲဒါ အယင်ပြောပါ"

မေးလိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူက...



"ကျုပ် လူတစ်ယောက်ဆီကိုသွားမယ်၊ စာသွားပေးမလို့"

"ဘယ်သူ့ဆီကို သွားမှာလဲ"

"တန့်ကျွေးရှင်ဆီကို"

"ဟင်...တန့်ကျွေးရှင်က ကြေးစားလူသတ်သမားတစ်ယောက်ပဲကွ"

"ဟုတ်ပါတယ်"

"သူ တစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး၊ သုံးယောက်"

ဟန်ထင်းရီက ပြုံးလိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့်လူက မြေပေါ်မှ လူးလဲထလာသည်။

ဟန်ထင်းရီက...

"ကဲ...ကောင်းပါပြီ၊ ဟောဒီမှာ မင်းရဲ့ဓား၊ မင်းသွားမယ့် ခရီးကို ဆက်သွားနိုင်ပါပြီ"

ပြောလိုက်၏။

အစိမ်းရောင်ဝတ်စုံနှင့်လူသည် မျက်နှာကြီးနီရဲလျက် သူ၏ ဓားကို လှမ်းယူလိုက်ပြီး မြင်းပေါ်သို့ပြန်တက်လိုက်သည်။

ပြီးနောက် သူက ခရီးမဆက်တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်လိုက်သည်။

ထိုစဉ်....

"ခွပ်ခွပ်...ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းခွာသံနှင့်အတူ လူသုံးယောက် ထွက်ပေါ်လာသည်။

သုံးယောက်စလုံးသည် ဆောင်းအကိုယ်စီ ခါးတွင်ချိတ်ဆွဲထားသည်။

အစိမ်းရောင်ဝတ်စုံနှင့်လူက ရှေ့ဆုံးမှ မြင်းစီးသမားတစ်ယောက်ထံသို့ လှမ်းကြည့်လိုက်ပြီး သူ၏မြင်းဖြင့် ထိုသူထံသို့ တိုးကပ်သွားသည်။

"ဘာအကြောင်းထူးသလဲ"

လူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော လူတစ်ယောက်က မေးမြန်းလိုက်သည်။

ထိုလူသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ကျန်လူနှစ်ယောက်က မီးခိုးရောင်ဝတ်စုံနှင့်ဖြစ်သည်။

"အကြောင်းထူးကိုတော့ ဒီစာပဲဖတ်ကြည့်"

အစိမ်းရောင်ဝတ်စုံနှင့်လူက အနက်ရောင်ဝတ်ဆင်ထားသူအား စာတစ်စောင် လှမ်းပေးလိုက်သည်။

ထို့နောက်...

အစိမ်းရောင်ဝတ်စုံနှင့်လူသည် သူ၏မြင်းဇက်ကြိုးကိုဆွဲလျက် တရှိုးတည်းလာလမ်းအတိုင်း ပြန်လှည့်လျက် ဒုန်းစိုင်းထွက်ခွာသွားတော့သည်။

အနက်ရောင်ဝတ်စုံနှင့်လူသည် ယခုမှပင် ဟန်ထင်းရီထံ



အာရုံရောက်သွားသည်။

သူက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဟန်ထင်းရီထံသို့ လျှောက်သွား၏။

မီးခိုးရောင်ဝတ်စုံနှင့် လူနှစ်ယောက်မှာလည်း မြင်းပေါ်မှ ဆင်းကာ ဝတ်စုံနက်နှင့်လူနောက်သို့ လိုက်လာ၏။

အနက်ရောင်ဝတ်စုံနှင့်လူက မယုံသင်္ကာမျက်လုံးအစုံဖြင့် ဟန်ထင်းရီအား ငေးလာကြည့်လျက်ရှိသည်။

"မင်းက ဘယ်သူလဲ"

ဝတ်စုံနက်က စတင်မေးလိုက်သည်။

ဟန်ထင်းရီက ခေါင်းခါပြလိုက်သည်။

"ခင်ဗျားက ကျုပ်နာမည်ကို သိစရာမလိုဘူးနဲ့တူတယ်၊ ခင်ဗျားသာ ဘယ်သူလဲဆိုတာ ပြောပါဦး"

ဟန်ထင်းရီက ပြောပြောဆိုဆိုဖြင့် မြင်းညိုကြီးပေါ်သို့ ခုန်တက်လိုက်သည်။

ဝတ်စုံနက်၏မျက်နှာသည် ဒေါသကြောင့် နီရဲသွားလေသည်။

"မင်း တော်တော် လျှာရှည်တဲ့ကောင်ပဲ၊ ငါ့အကြောင်း မသိသေးဘူးနဲ့တူတယ်"

"ဟုတ်တာပေါ့၊ မင်းအကြောင်းပြောပြစမ်းပါဦး"

ဟန်ထင်းရီက ပြန်လည်မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွ"

ဝတ်စုံနက်မှာ အကြီးအကျယ် ဒေါပွသည်။

သူ၏နောက်မှ လူနှစ်ယောက်သည်ပင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ဝတ်စုံနက်က…

"အေး…မင်းက အေးအေးဆေးဆေး မပြောချင်တာ နာဖို့သာပြင်ထား"

ကြိမ်းဝါးယင်း သူ၏ညာဘက်လက်ကို လှုပ်ရှားလိုက်လေသည်။

ဤတွင်…

"ဗိုး"

လေကိုးသံနှင့်အတူ မည်းမည်းသဏ္ဍာန်လက်နက်ပုန်း တစ်ခုသည် ဟန်ထင်းရှိထံသို့ တိုးဝင်သွားလေသည်။

ဟန်ထင်းရှိ မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုနဲ့ရမှာလား"

ပြောယင်း သူက မရှောင်ဘဲ ဘယ်ဘက်လက်ချောင်း ကလေးများဖြင့် လက်နက်ပုန်းကိုပြန်၍တောက်လွှတ်လိုက်သည်။

ထိုအခါ…

"ဗိုး"

"ဖောက်"



လေတိုးသံနှင့်အတူ ဝတ်စုံနက်ပစ်လွှတ်လိုက်သော အဆိပ်လက်နက်ပုန်းသည် ပစ်လွှတ်လိုက်သူ၏ရှေ့သို့ ပြန်၍သည်ကျရောက်သွားတော့သည်။

"ဟင်"

ဝတ်စုံနက်မှာ အံ့ဩတုန်လှုပ်သွားလေသည်။

သူ၏မျက်လုံးအစုံသည် စိုးရိမ်သော အရိပ်လက္ခဏာများ ပေါ်လွင်နေသည်။

ပြီးမှ သူက ဟန်ဆောင်ကာ တစ်ချက်ပြုံးလိုက်သည်။

"အင်း…မင်းက ဘယ်ဆိုးလို့လဲ"

ဟန်ထင်းရှိက တစ်စုံတရာ ပြောဆိုခြင်းမပြုဘဲ ဝတ်စုံနက်နှင့်ကျန်လူနှစ်ယောက်တို့၏ အခြေအနေကို အကဲခတ်ကြည့်နေသည်။

ဝတ်စုံနက်က ဆက်ပြောပြန်သည်။

"မင်းက ငါပစ်လိုက်တဲ့ လက်နက်ပုန်းကိုတောင် ကာကွယ်နိုင်တယ်ဆိုတော့ မခေဘူး၊ မင်းဘယ်သူလဲ"

ဟန်ထင်းရှိက…

"မေးပြန်ပြီ၊ ကျုပ်ပြောတယ် မဟုတ်လား၊ လူတစ်ယောက်ရဲ့နာမည်ကို ကျုပ်မသိရဘဲနဲ့ ကျုပ်ရဲ့နာမည်ကို ဘယ်သူ့ကိုမှ မပြောဘူး၊ ဒါပေမယ့် ခင်ဗျားနာမည်ကို မခင်ဗျားမပြောလည်းကျုပ် ကသိထားပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင်းရီ၏စကားကြောင့် ဝတ်စုံနက်နှင့်လူက အံ့သြသွားသည်။

သူက ဟန်ထင်းရီအား မယုံကြည်နိုင်စွာကြည့်ကာ…

"ပြောစမ်းပါဦး၊ ကျုပ်နာမည်က ဘယ်သူလဲ"

ဟုမေးလိုက်သည်။

ဟန်ထင်းရီက တစ်ချက်ရယ်မောလိုက်သည်။

"ခင်ဗျားနာမည်က တန့်ကျွေရင်၊ ကြေးစားတစ်ယောက်ပဲ"

ထိုစကားကြောင့် ဝတ်စုံနက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ဟန်ထင်းရီအား တအံ့တသြဖြင့် ကြည့်နေမိသည်။

မှန်ပါသည်။

ဝတ်စုံနက်နှင့်လူသည် အမှန်တကယ်ပင် တန့်ကျွေရင်ဆိုသော ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်ပါသည်။

မိမိတတ်ကျွမ်းသော သိုင်းပညာရပ်ကို အများပြည်သူအတွက် အကျိုးရှိသောနေရာတွင် အသုံးမချဘဲ မကောင်းသော ဒုစရိုက်သားများအတွက် ဒုစရိုက်လုပ်ငန်းများကိုသာ လုပ်ကိုင်နေသော လူတစ်ယောက်ဖြစ်သည်။

သူသည် လူခိုးလူမိုက်များကို စုစည်းထားလျက် မကောင်းမှုမှန်သမျှကို ကြေးစားအဖြစ် လက်ခံလုပ်ကိုင်ပေးသော လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တစ်ယောက်ဖြစ်သည်။



ထို့ကြောင့် တန့်ကျွေရင်ဆိုလျှင် အေ့ဘနလုံးနာကြသည်။

သူနှင့်ရင်ဆိုင်ရလျှင် သေမင်းနှင့် ရင်ဆိုင်ရသည်နှင့် အတူတူပင်ဖြစ်သည်ဟု ယူဆထားသည်။

သူရောက်လာသောအရပ်တွင် သွေးထွက်သံယိုမှုများ ဖြစ်ပွားတော့မည်ကို လူအများက သိရှိနေကြသည်။

အမှန်စင်စစ်လည်း သူသည် အကြောင်းမဲ့ ရောက်မလာတတ်ပါချေ။

ရောက်လာပြန်လျှင်လည်း အလုပ်ကိစ္စတစ်ခုဖြင့် ရောက်ရှိလာစမြဲ။

ထို့ကြောင့် လူအများက သူနှင့်မတွေ့လိုဘဲ ရှောင်ကြခြင်း

လူသတ်ခြင်းသည် သူ၏အကြိုက်ဆုံးသော လက်အတွေ့ဆုံးသော အလုပ်တစ်ခုဖြစ်သည်။

သည့်လိုလူမျိုးကို အမှုထမ်းများက မည်သို့သောအကြောင်းများကြောင့် ခွင့်လွှတ်ထားရပါသနည်း။

အကြောင်းတစ်ခုတော့ ရှိသည်။

မှန်ပါသည်။

ခိုင်လုံသော အကြောင်းရင်း အများအပြားရှိနေသည်။

တနည်းအားဖြင့် ရန်ပွားမည်ကိုစိုးရိမ်သဖြင့်သော်လည်းကောင်း၊ တလွဲစားချေမည်ကို ကြောက်ရွံ့သဖြင့်လည်းကောင်း၊ စကားနည်းရန်စဲ နည်းလမ်းအတိုင်း ရှောင်ရှားပိတ်နေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမှုထင်းများထံသို့ မည်သည့်သတင်းပေးမှုမှ ရောက်ရှိမလာချေ။

ထို့ကြောင့် တန့်ကျွေ့ရှင်သည် ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းနေနိုင်ခြင်း ဖြစ်ပေသည်။

သို့သော်...

ယခု ကျားနှင့်ဆင် လယ်ပြင်တွင် ထိပ်တိုက်တွေ့နေကြလေပြီ။

တန့်ကျွေ့ရှင်သည် သိုင်းပညာကို အဆင့်မြင့်မြင့် တတ်မြောက်သည်။

ပြီးလျှင် ကောက်ကျစ်စဉ်းလဲသည်။

လူသတ်ရန် စိန်မလေးသူတစ်ယောက်။

လက်မရွံ့ဓားသမား တစ်ယောက်ပင်ဖြစ်သည်။

သည်လိုလူမျိုးကို ဟန်ထင်းရှီက တွေ့ချင်နေသည်မှာ ကြာပေပြီ။

တန့်ကျွေ့ရှင်၏သတင်းဆိုးများကို ကြားသည်မှာ ကြာခဲ့ပြီဖြစ်သည်။

တစ်နေ့တွင် တန့်ကျွေ့ရှင်ကို ဆုံးမရန်ရည်ရွယ်ထားခဲ့သည်။

ယခုတော့ ဟန်ထင်းရှီအဖို့ အဆင်ပြေသွားခဲ့သည်။

သူတွေ့လိုပါသည်ဆိုသော တန့်ကျွေ့ရှင်တစ်ယောက်ကို ရင်ဆိုင်တွေ့နေရလေပြီ မဟုတ်ပါလော။

တန့်ကျွေ့ရှင်သည် ကြေးစားတစ်ယောက်ပီပီ ဟန်ထင်းရှီ



ကို ပထမဆုံးအကြိမ်မှာပင် ချက်ချင်းသေဆုံးသွားနိုင်သည့် အဆိပ်လက်နက်ပုန်းဖြင့် စတင်တိုက်ခိုက်ခဲ့လေသည်။

သူ၏အဆိပ်လက်နက်ပုန်းကို အသာအယာ လက်နှင့်တောက်ထုတ်လိုက်သည်ကို တွေ့လိုက်ရသော် တန့်ကျွေ့ရှင်သည် ဟန်ထင်းရှီကိုကြည့်ပြီး လန့်သွားခဲ့သည်။

သိုင်းပညာတွင် အဆင့်မနိမ့်သူဖြစ်သည်ကို နားလည်လိုက်သည်။

တန်းတူရည်တူ ရင်ဆိုင်နိုင်သည်ထားဦး၊ ဟန်ထင်းရှီကို ကျော်နိုင်ရန် လွယ်ကူလိမ့်မည် မထင်။

ဤသည်ကို အကင်းပါးသော ကြေးစားလူသတ်သမား တန့်ကျွေ့ရှင်က သိလိုက်သည်။

တန့်ကျွေ့ရှင်၏နောက်မှ မီးခိုးရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကမူ သူတို့၏ဆရာတန့်ကျွေ့ရှင်၏အရိပ်အခြည်ကို အကဲခတ်ကြည့်နေသည်။

ဟန်ထင်းရှီက...

“ဒီမှာ တန့်ကျွေ့ရှင် ခင်ဗျားဟာ တော်တော်ရက်စက်တဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားနဲ့ကျုပ်က ဘယ်လိုရန်ငြိုးမှမရှိဘဲ ဘာကြောင့် ကျုပ်ကို အဆိပ်လက်နက်ပုန်းနဲ့ အသေသတ်ရတာလဲ”

မေးလိုက်လေသည်။

ထိုစကားကြားလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

တန့်ကျွေရှင်က အားပါးတရ ရယ်မောလိုက်သည်။

ပြီးမှ..

"ရက်စက်တယ်ဆိုတာ ကျုပ်အလုပ်ပဲ၊ ဒါကို မင်းလည်းသိပါတယ်"

ဟန်ထင်းရီက ဘာမှမပြောဘဲ နေလိုက်သည်။

တွန့်ကျွေရှင်က ဆက်ပြောလိုက်သည်။

"ကျုပ်မေးတာကို မင်းကဘာကြောင့် မဖြေရတာလဲ၊ ကျုပ်ကိုဆန့်ကျင်ယင် ဒီလိုပဲခံရလိမ့်မယ်ဆိုတာ မင်းသိသွားတာပေါ့၊ အခု မင်းကို သင်ခန်းစာပေးလိုက်ပြီ၊ ဒီတော့ မင်းမဝိုက်ပါနဲ့ မင်းဘယ်သူဆိုတာ ပြောစမ်း"

ထိုစကားကြောင့် ဟန်ထင်းရီမှာ ဝါးလုံးကွဲရယ်မောနေတော့သည်။

"ကျုပ်ရဲ့နာမည်ကို ဘာကြောင့်သိချင်နေရတာလဲ၊ ခင်ဗျား ဟာအဆင့်မြင့်သိုင်းသမားတစ်ယောက်၊ ဒါတင်မကသေးဘူး၊ ခင်ဗျားဆီမှာက လူတွေကိုသတ်ဖို့ အဆိပ်လက်နက်တွေလည်းရှိတယ်၊ ဒါပေမယ့် ကျုပ်ကိုတော့ နောက်ထပ်အဆိပ်လက်နက်ပုန်းနဲ့ တိုက်မယ်လို့တော့ မကြံရွယ်လိုက်နဲ့၊ ကိုယ့်ဒုက္ခကိုယ်ရှာသလိုဖြစ်သွားမယ်၊ မယုံယင်တော့ စမ်းကြည့်၊ ကျုပ်က ဘယ်အဆိပ်ကိုမှ မကြောက်ဘူး"



ဟန်ထင်းရီက မင်နှင့်မောင်းနှင့် ခပ်တည်တည်ပြောလိုက်သည်။

အမှန်တကယ်လည်း ဟန်ထင်းရီမှာ မည်သူ့ကိုမျှမကြောက်ပေ။

အထူးသဖြင့် တန့်ကျွေရှင်လို သိုင်းပညာရပ်ကို အလွဲသုံးစားလုပ်နေသည့် လူရမ်းကားကို ပို၍ပညာပေးချင်သည်။

ဟန်ထင်းရီသည် လူငယ်သော်လည်း သူ၏စိတ်ဓာတ် အစဉ်သဖြင့် တည်ကြည်ခိုင်မာသည်။

ဟန်ထင်းရီ ပြောစကားသည် အမှန်အတိုင်း ပြောနေခြင်းပေလော။

သို့တည်းမဟုတ် အတည်ပေါက်နှင့် ဟန်ဆောင်နေခြင်းလော။

တန့်ကျွေရှင်မှာ ဝေခွဲမရဖြစ်နေသည်။

မည်သို့ဆိုစေ လွယ်လွယ်နှင့် အလျှော့ပေးမည့်သူ တစ်ယောက်မဟုတ်သည်ကို ဟန်ထင်းရီက နားလည်ထားသည်။

တန့်ကျွေရှင်က...

"ဟိတ်..မင်းရဲ့သေတွင်းကတော့ ဒီတောအုပ်ထဲမှာပဲ၊ ဒါလောက် စကားများတဲ့လူတစ်ယောက် ဒီတောအုပ်ထဲမှာပဲ မြှုပ်ပစ်ထားခဲ့ရမယ်၊ ယက္ခနဲ့ကျားကြီး ဒီကောင်ကို မှတ်လောက်သားလောက်အောင် ပညာပေးလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ၏တပည့်နှစ်ယောက်ကို အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်ပေးသံဆုံးသည်နှင့်...

"ရှမ်း"

"ရှမ်း"

ယက္ခနှင့်ကျားကြီးတို့က ပြိုင်တူပင် ဓားကိုဆွဲထုတ်လိုက်ကြ၏။

"သေပေတော့"

ယက္ခနှင့်ကျားကြီးတို့က ဓားကိုယ်စီလေတွင် ဝှေ့ယမ်းလိုက်ယင်း ဟန်ထင်းရီထံသို့ ပြေးဝင်လာကြသည်။

လက်နက်မဲ့ လူတစ်ယောက်အား ဓားကိုယ်စီကိုင်လျက် တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်သည်မှာ တရားနည်းလမ်းမကျတပါ။

တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဆူးပြောင့်ခလုတ်ဖြစ်နေသော ဟန်ထင်းရီကို အသေသတ်ရေးသည်သာ အဓိကဖြစ်သည်။

လက်မရွံ့ ဓားသမားများ၏လက်သည် ဓားရိုးပေါ်သို့လက်ရောက်သွားသည်နှင့် သူတို့၏ဓားကို သွေးမသောက်ရဘဲ မည်သည့်အခါမျှ ဓားအိမ်အတွင်းသို့ ပြန်သွင်းရိုးထုံးစံမရှိခဲ့။

သည်လောက်အထိ မိုက်ကန်းလှသော လူရမ်းကားများဖြစ်သည်။



ထို့ကြောင့် သူတို့ကိုင်ဆောင်သော ဓားများကို သွေးသောက်ဓားဟု ကင်ပွန်းတပ်ထားကြသည်။

လူသတ်ရာတွင် လက်မရွံ့သူများပီပီ ယက္ခနှင့်ကျားကြီးတို့က ဘယ်ညာတစ်ဘက်စီခွဲ၍ ဟန်ထင်းရီထံသို့ လျှပ်တပြက် ဝင်တိုက်လိုက်ကြသည်။

ဟန်ထင်းရီက မြင်းညိုကြီးပေါ်တွင် ထိုင်ရာမှမထပါချေ။

သို့သော် သူက လက်နှစ်ဘက်လှုပ်ရှားလိုက်၏။

ထိုအခါ...

ဓားကိုယ်စီဝင့်၍ ဟန်ထင်းရီထံသို့ ပြေးဝင်လာသော ယက္ခနှင့်ကျားကြီးတို့နှစ်ယောက်သည် လက်ထဲတွင် ဓားများကိုင်ဆောင်ထားယင်း ဟန်ထင်းရီ၏မြင်းညိုကြီးဘေးတွင် တောင့်တောင့်ကြီးဖြစ်နေသည်။

ဟန်ထင်းရီ၏လှုပ်ရှားမှုသည် အလွန့်ပင်မြန်ဆန်လွန်းလှသည်။

သူ၏ဘယ်ညာလက်များသည် အတွင်းအားများကို စုစည်းလျက် ပြေးဝင်လာသော ယက္ခနှင့်ကျားကြီးတို့၏လည်တုပ်ကို လျင်မြန်စွာဖြင့် ဖမ်းကုတ်လိုက်ခြင်းဖြစ်သည်။

တနည်းအားဖြင့် အသေမသတ်လို၍ သွေးကြောပိတ်လိုက်ခြင်းဖြစ်သည်။

ကျားကြီးနှင့်ယက္ခတို့နှစ်ယောက်သည် ဓားကိုယ်စီကိုင်

www.burmeseclassic.com

www.burmeseclassic.com



လျှက် ကျောက်ရုပ်ကြီးများပမာ မလှုပ်မယှက် တောင့်တောင့်ကြီး ရပ်လျှက်ဖြစ်နေတော့သည်။

ထိုအခြင်းအရာကို မြင်လိုက်ရသော တန့်ကျေျရင်သည် အထူးပင် တုန်လှုပ်သွားခဲ့သည်။

သိုင်းပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားသူမီးမီး သည် တောသည်တောင်တပိုက်တွင် သူ့အားယှဉ်နိုင်သူရှာမှရှားလှသည်။

ယခု...

ဝတ်စုံဖြူနှင့်လူငယ်သည် ဘယ်နေရာမှ ရောက်လာခဲ့လေသနည်း။

ဝတ်စုံဖြူ၏ သိုင်းပညာအဆင့်သည် မြင့်ဖူးအောင် မြင့်မားလွန်းသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်၍သာ ယုံကြည်လိုက်ရခြင်းဖြစ်သည်။

ရိုးရိုးတန်းတန်း သိုင်းပညာချင်းယှဉ်ပြိုင်နိုင်မည် မဟုတ်သည်ကိုလည်း တန့်ကျေျရင် အကဲခတ်မိလိုက်သည်။

ပြီးနောက် မီးမီး၏တပည့်နှစ်ယောက်ကိုလည်း သွေးကြောပိတ်ထားပြီဖြစ်သည်။

တန့်ကျေျရင်က ဟန်ထင်းရီကို အပိုင်ကိုင်နိုင်ရန် ဉာဏ်နီဉာဏ်နက်များကို စဉ်းစားလိုက်သည်။

သူစဉ်းစားရသည်မှာ အဆိပ်လက်နက်ပစ်မလွဲသော နောက်ဆုံးတီထွင်ထားသည့် လက်နက်ပုန်းဖြင့် အပိုင်ပစ်ခတ်ရန်



တစ်လမ်းသာရှိတော့သည်။

ထိုလက်နက်ပုန်း ထိမှန်ခံရသူသည် မြွေပွေးအကိုက်ခံရသူထက်ပင် မြန်မြန်ဆန်ဆန် သေခြင်းကိုရင်ဆိုင်ရသည်။

တန့်ကျေျရင်သည် မီးမီးရှုံးနိမ့်နေသည်ကို သိပါလျှက် မိုက်မိုက်ကန်းကန်း ရှေ့ဆက်တိုက်ရန် ဆုံးဖြတ်နေခြင်းဖြစ်သည်။

ဟန်ထင်းရီ ပြောထားပြီးဖြစ်သည်။

သူက မည်သူ့အဆိပ်ကိုမျှ မကြောက်ပေ။

တန့်ကျေျရင်မှာ ဇဝေဇဝါဖြစ်နေသည်။

သူသည် ဟန်ထင်းရီ၏စကားကို ယုံရမလို မယုံရမလို ဖြစ်နေသည်။

သို့သော်...

မည်သို့ပင်ဖြစ်စေ သည်နယ်တပိုက်တွင် ကြေးစားတန့်ကျေျရင်ဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြပေသည်။

ယခု ဝတ်စုံဖြူနှင့်တွေ့မှ အရှုံးပေးရမည်လော။

တန့်ကျေျရင် ခံပြင်းသွား၏။

ဟန်ထင်းရီအား သူသေကိုယ်သေ တိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဟန်ထင်းရီက ပြုံးလိုက်ပြီး...

"ဘယ်လိုလဲ၊ တန့်ကျေျရင် ဘာတွေစဉ်းစားနေတာလဲ၊ ဘယ်နည်းနဲ့ ကျုပ်ကိုသတ်ချင်သေးသလဲ၊ ကျုပ်ကို လုပ်ကြံမယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မကြီးနဲ့ ခင်ဗျား တစ်ချက်ကလေးလှုပ်လိုက်တာနဲ့ မလွယ်ဘူး ဆိုတာ မှတ်ထားပါ”

ပြောလိုက်လေသည်။

ခပ်ကြွားကြွားလေသံဖြင့် ပြောဆိုခြင်းခံလိုက်ရသဖြင့် တန့်ကျော့ရင် ဒေါသထွက်သွား၏။

သို့သော် ဟန်ထင်းရီ၏ ပြောစကားသည် သူ့စိတ်ထဲမှ ကြံစည်နေသည့်စိတ်ကူးအား ဖော်ထုတ်ပေးလိုက်သဖြင့် သူသည် အမှန်ပင် ထိတ်ခနဲဖြစ်သွားသည်။

တန့်ကျော့ရင်သည် ဒေါသထွက်နေသော်လည်း တကယ်တမ်းကျတော့ သူကိုယ်တိုင် မလှုပ်ရဲပါချေ။

သူကြောက်နေမိသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် သူက ဟန်ကိုယ့်ဖို့နှင့် စိတ်ထိန်းကာ…

“ဟိတ်…မင်းငါ့ရဲ့တပည့်နှစ်ယောက်ကို ဘယ်လိုလုပ်လိုက်တာလဲ၊ သွေးကြောပိတ်လိုက်တယ် မဟုတ်လား၊ အခုချက်ချင်း ပြန်ဖွင့်ပေးစမ်း”

တင်းမာခက်ထန်သောလေသံဖြင့် အော်ငေါက်လိုက်လေသည်။

ဟန်ထင်းရီက…

“စိတ်ချပါ၊ ကျုပ် သူတို့ကိုမသတ်ပါဘူး၊ မစိုးရိမ်ပါနဲ့၊ စိုးရိမ်ရတာက ခင်ဗျားရဲ့အသက်ပဲ၊ ခင်ဗျားကို မေးစရာရှိတယ်၊ ကောင်း



ကောင်းဖြေယင်ဖြေ မဖြေယင် ကျုပ်အဆိုးမဆိုနဲ့”

သူ၏စကားသံသည် ပြောသည့်အတိုင်းတကယ်လုပ်မည့်ဟန်၊ လေသံကလည်း မာသည်။

တန့်ကျော့ရင်က စူးရဲသော မျက်လုံးအစုံဖြင့် ဟန်ထင်းရီအား ကြည့်နေသည်။ ရုတ်တရက်…

သူ၏လက်တစ်ဘက် လှုပ်ရှားသွားသည်။

သူက ဟန်ထင်းရီအလစ်တွင် အိတ်အတွင်းမှ အဆိပ်လက်နက်ပုန်းကို ထုတ်ယူရန် ကြိုးစားလိုက်ခြင်းဖြစ်သည်။

သို့သော် မရပါချေ။

ဟန်ထင်းရီက တန့်ကျော့ရင်၏ လှုပ်ရှားမှုကို အကဲခတ်နေသူပီပီ တန့်ကျော့ရင်၏လက်က ရင်ဖုံးအင်္ကျီအိတ်အတွင်းသို့ မရောက်မီမှာပင် ဟန်ထင်းရီ၏ လက်တစ်ဘက်က လှုပ်ရှားသွားခဲ့ပြီဖြစ်သည်။

“အား”

တန့်ကျော့ရင်သည် အားခနဲ တစ်ချက်သာ စူးစူးဝါးဝါး အော်လိုက်နိုင်သည်။

သူ၏ဘယ်ဘက်လက်ကို ကျန်လက်ဖြင့်ကိုင်လျက် ခွေခနဲ လဲကျသွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



"အား"

အသံတစ်ချက် ထွက်ပေါ်လာပြီး တန့်ကျော့ရင်မှာ မြေပေါ် လဲကျသွားသည်။

သူသည် ဟန်ထင်းရီအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"မင်း...မင်း"

စကားတစ်ထစ်ငေါ့ငေါ့ဖြင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

တန့်ကျော့ရင်က လက်နက်ပုန်းဖြင့် တိုက်ခိုက်ရန် ကြံစည်နေစဉ်မှာပင် ဟန်ထင်းရီ၏လက်တွင်းမှ ကြိုးတပ်သံမဏိလုံးတစ်လုံး ကဗိုးခနဲ ရောက်ရှိလာပြီး လှုပ်ရှားနေသောလက်ဖျံကို ထိမှန်သွားခဲ့သည်။

ထိမှန်သည်မှာ အံ့သြစရာမရှိသေး။

ထိုသံလုံးဖြင့် တစ်ဘက်လူ၏ လက်ဖျံကြောမှ သွေးကြောကို ပိတ်နိုင်သည်မှာ အထူးဂင်အံ့ဖွယ်ကောင်းလှပေသည်။

တန့်ကျော့ရင်မှာ မြေပေါ်တွင် ခွေခွေကလေးလဲကျနေ၏။

သူ၏အနီးသို့ ဟန်ထင်းရီက လျှောက်လာသည်။

တန့်ကျော့ရင်၏အဖြစ်ကို ကြည့်ပြီး သူက တစ်ချက်ပြုံးလိုက်သည်။

"ဘယ်လိုလဲ ကြောက်နေသလား။ သူများတွေကို တရား



လက်လွတ် လိုက်သတ်နေတဲ့ လူတစ်ယောက်က ဒါလောက်တောင် သွေးပျက်နေရသလား"

တန့်ကျော့ရင်က တစ်စုံတစ်ရာ ပြန်မပြောပါ။

သူ၏လက်မှ ဒဏ်ရာ၏ကိုက်ခဲနာကျဉ်မှုဝေဒနာကို အံကြိတ်ပြီးခံနေသည်။

တစ်သက်လုံး လူတကာဗိုလ်ကျခဲ့သမျှ ယခုတော့ ကောင်းကောင်းဝဋ်လည်လေပြီ။

ဟန်ထင်းရီသည် တန့်ကျော့ရင်အား တစ်ချက်စူးစိုက်ကြည့်လိုက်၏။

တန့်ကျော့ရင်မှာ လန့်သွားသည်။

သူ့တစ်ကိုယ်လုံးသည် ကျဉ်စက္ကာနှင့်တို့လိုက်သကဲ့သို့ တွန့်ခနဲဖြစ်သွားသည်။

နောက်တစ်ကြိမ် ဟန်ထင်းရီထံမှ ဆုံးမမှုကို ခံရလိမ့်ဦးမည်ဟု အထင်ရောက်ပြီး ကြောက်ရွံ့တုန်လှုပ်သွားခြင်းဖြစ်သည်။

သို့သော်...

ဟန်ထင်းရီက သူ့ကိုဂရုမစိုက်ပါ။

သူ့တပည့်နှစ်ယောက်ဘက်သို့ လျှောက်သွားလိုက်၏။

ပြီးလျှင် ပိတ်ထားသော သွေးကြောများကို ပြန်ဖွင့်ပေးလိုက်သည်။

"ယက္ခနဲ့ကျားကြီးတဲ့လား။ ဘယ်သူက ယက္ခ၊ ဘယ်သူက

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးလဲ"

ဟန်ထင်းရီက ခါးထောက်၍မေးလိုက်သည်။

"ကျွန်တော်က ယက္ခ၊ သူက ကျားကြီး"

ယက္ခဆိုသောသူက ပျာပျာသလဲ ဖြေလိုက်သည်။

သူတို့ဆရာတန်ကျွေ့ရှင် ကိုယ်တိုင် မြေပြင်တွင် လှိမ့်နေသည်ကို မြင်လိုက်ကတည်းက အခြေအနေမဟန်မှန်း ရိပ်စားမိသွားကြခြင်း ဖြစ်သည်။

"ယက္ခက ဘာလုပ်သလဲ၊ ကြေးစားလူမိုက်အလုပ်ပဲလား"

ဟန်ထင်းရီက လေသံခပ်မာမာဖြင့် မေးလိုက်သည်။

ယက္ခက ခေါင်းခါယမ်းကာ...

"မဟုတ်ပါဘူး၊ ကျွန်တော်က စိုက်ပျိုးရေးသမားပါ၊ သူ့ဆီမှာတပည့်ခံပြီး အကူအညီခေါ်လာလို့ လိုက်ခဲ့ရတာပါ"

ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ရှင်းပြနေပါသည်။

ဟန်ထင်းရီက ခေါင်းတညိတ်ညိတ်နှင့် ယက္ခအား အကဲခတ်ကြည့်ကာ...

"ဒီလိုဆိုတော့ ခင်ဗျားဟာ တရားတဲ့အလုပ်ကိုလုပ်တဲ့ လူတစ်ယောက်ပဲ၊ နောင်ကို ကြေးစားတွေနဲ့ မပေါင်းမိဖို့ သတိထားပါ"

"ဟုတ်ကဲ့"

ယက္ခက မာန်ချပြီး ခေါင်းညိတ်လိုက်သည်။

ဟန်ထင်းရီက ကျားကြီးဘက်သို့ လှည့်ပြီးမေးလိုက်ပြန်



သည်။ ကျားကြီးမှာလည်း ကြောက်ရွံ့နေ၏။

"ကျားကြီးကကော ဘာလုပ်လဲ"

ကျားကြီးက ပျာပျာသလဲပင်...

"ကျွန်တော်က ဒီတောထဲမှာ အမဲလိုက်သမားပါ၊ သူတို့က လာရောက်ပူးပေါင်းလို့ လိုက်လာခဲ့မိတာပါ"

မှန်ပါသည်။

ကျားကြီးသည် မုဆိုးတစ်ဦးဖြစ်သည်။

အမဲလိုက်သူများသည် သူ့ထံသို့သွားရောက် ချဉ်းကပ်ရသည်။

သူက ဒီနယ်တဝိုက်ရှိ တောတောင်ရေမြေသဘာဝကို မျက်စိမှိတ်သွားရောက်နိုင်လောက်အောင် နယ်ကျွမ်းသူတစ်ယောက်ဖြစ်သည်။

ဟန်ထင်းရီ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီ၊ အခု ခင်ဗျားတို့ ဘယ်ကို ဘာကိစ္စနဲ့သွားကြမှာလဲ"

ထပ်မံ မေးလိုက်သည်။

ထိုစကားကြောင့် ယက္ခနှင့်ကျားကြီးတို့နှစ်ယောက်သည် တစ်ဦးမျက်နှာတစ်ဦး ပြိုင်တူကြည့်လိုက်ကြလေသည်။

ကျားကြီးက ယက္ခကို မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယက္ခက ဟန်ထင်းရီ၏အမေးကို ဖြေဆိုရန် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

"ဒီလိုပါ၊ လုယန်မြို့ကို လိုက်ခဲ့ဖို့ ကျွန်တော်တို့ကို ခေါ်ပါတယ်၊ အကျိုးရှိမယ်လို့လည်း ပြောပါတယ်၊ ဘယ်လိုအလုပ်မျိုး လုပ်ရမယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး၊ သူ့ကိုကြောက်လို့သာ လိုက်လာရတာပါ"

ယက္ခက အမှန်အတိုင်းပင် ပြောလိုက်၏။

ဟန်ထင်းရီက သူတို့နှစ်ဦးအား အကဲခတ်ကြည့်လိုက်သည်။

သူတို့၏ အသွင်သဏ္ဌာန်မှာ ရိုးသားမှုအရိပ်အယောင်များ ထင်ရှားစွာ ပေါ်လွင်နေပါသည်။

သို့အတွက် ဟန်ထင်းရီသည် ထိုလူနှစ်ယောက်၏အပြောကို ယုံကြည်သွားပြီး သက်ပြင်းချလိုက်၏။

"ခင်ဗျားတို့ မသိယင် ကျုပ်ပြောပြမယ်၊ ဒီလိုဗျ လုယန်မြို့မှာ မနေ့ကလူသတ်မှုတစ်ခု ဖြစ်ပွားတယ်၊ အဲဒီလူသတ်မှုကို အမှုမှန်ဖော်ထုတ်မရအောင် လူဖုံးဆိုတဲ့လူက ဖျက်ဆီးဖို့ လှုံ့စနေတယ်၊ မျက်မြင်သက်သေတွေကို နှုတ်ပိတ်ဖို့ကြံရွယ်တယ်၊ အဲဒါကြောင့် ကြေးစားလူသတ်သမားတန့်ကျွေရှင်ကို ငှားတယ်၊ ခင်ဗျားတို့နှစ်ယောက်က အဖော်လိုက်လာတယ်၊ ရှင်းပြီလား"

ရှင်းပြလိုက်လေသည်။

"ဟင်"



"ဟာ"

ဟန်ထင်းရီ၏ ရှင်းပြမှုကြောင့် ယက္ခနှင့်ကျားကြီးမှာ ပြိုင်တူအသံထွက်သွားပြီး တအံ့တသြဖြစ်သွားကြလေသည်။

ဟန်ထင်းရီက ဆက်ပြောလိုက်သည်။

"ကဲပါလေ၊ နောင်ကို တရားလက်လွတ်ကိစ္စမျိုး မလုပ်မိဖို့ကြိုးစားကြပါ၊ ပြီးတော့ ခင်ဗျားတို့ ကျွန်တော်တို့ဟာ နှစ်ရှည်လများ ပင်ပင်ပန်းပန်း ကြိုးစားသင်ယူခဲ့ရတဲ့ သိုင်းပညာကိုလည်း အလွဲသုံးစားမလုပ်စေချင်ဘူး၊ တကယ် သိုင်းပညာကို မြတ်နိုးယင် သိုင်းပညာနဲ့ လူထုတွေ အထင်ကြီးလေးစားအောင် သိက္ခာရှိအောင် မှန်ကန်တဲ့လုပ်ရပ်နဲ့ ထိန်းသိမ်းကြပါ၊ သိုင်းပညာနဲ့ ဒုစရိုက်လုပ်ငန်းတွေ မလုပ်မိဖို့နဲ့ ဒုစရိုက်လုပ်ငန်းကို သိုင်းပညာနဲ့ တတ်အားသရွေ့ ကာကွယ်ကြပါ"

ဟန်ထင်းရီက ရှည်လျားစွာပြောယင်း တန့်ကျွေရှင်အား တစ်ချက်ကြည့်ကာ ဆက်ပြောလိုက်၏။

"ကဲ..အခုတော့ ခင်ဗျားတို့ရဲ့ဆရာကို ပြန်ခေါ်သွားပေတော့၊ ဒါဟာ သင်ခန်းစာပဲ၊ နောင်ကို ဒီလိုမျိုးထပ်လုပ်နေဦးမယ်ဆိုယင်တော့ ကျုပ် ဒီလိုခွင့်လွှတ်မှာ မဟုတ်ဘူး၊ ကဲ သွားနိုင်ပါပြီ"

ယက္ခနှင့်ကျားကြီးက ဟန်ထင်းရီအား ဦးညွှတ်အရိုအသေပေးလိုက်ပြီး...

"ခင်ဗျားရဲ့ကျေးဇူးကို မမေ့ပါဘူး၊ ခင်ဗျားရဲ့စကားတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်းမှတ်ထားပါမယ်"

ပြောလိုက်၏။

ပြီးနောက် လဲနေသောသူတို့၏ဆရာအား ဖေးမထူပေးလိုက်သည်။

ဟန်ထင်းရီက တန့်ကျွေးရင်ကိုကြည့်ကာ...

"ဒီမှာ တန့်ကျွေးရင် နောက်ထပ် ဒီလိုမျိုး မတရားမှုတွေ ထပ်လုပ်မယ်မကြံပါနဲ့၊ ခင်ဗျားရဲ့အသက်နဲ့ အလျော်ပေးရမယ်ဆိုတာ မှတ်ထားလိုက်ပါ။ အခုလည်း ခင်ဗျားဟာ အတော်ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်၊ အပြစ်မရှိတဲ့လူကို ဘာမဟုတ်တာလေးနဲ့ အသက်သေအောင် ခင်ဗျားက တိုက်ခိုက်လာတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားလို တရားမဲ့မလုပ်ပါဘူး၊ ဒါကြောင့် အဆိပ်လက်နက်ပုန်းကို နောက်တစ်ကြိမ် ထပ်မသုံးနိုင်အောင်တော့ ခင်ဗျားကို ဆုံးမလိုက်တယ်၊ ခင်ဗျားရဲ့ညာဘက်လက်ဟာ ဘယ်တော့မှ သွေးသောက်ဓားကို အသုံးပြုနိုင်မှာ မဟုတ်ဘူးဆိုတာ မှတ်လိုက်ပါ"

ပြောလိုက်လေသည်။

ထိုစကားကြားလျှင် တန့်ကျွေးရင်မှာ ဟန်ထင်းရီအား သတ်ပစ်ချင်လောက်အောင် မုန်းတီးသွား၏။

သူ၏မျက်နှာမှာ ခက်ထန်တင်းမာနေသည်။

နာကျည်းနေမှုကို ဘယ်လိုမှ ဖုံးကွယ်မရနိုင်ပါချေ။

အားမတန်၍ မာန်လျှော့လိုက်ခြင်းသာ ဖြစ်သည်။



သို့သော်...

နောက်ထပ် လက်နက်ပုန်းအသုံးပြု၍ မရအောင် ဟန်ထင်းရီက သူ့အားဆုံးမထားပြီးဖြစ်ပါသည်။

"ကိုင်း...သွားနိုင်ပါပြီ"

ဟန်ထင်းရီက လက်နှစ်ဘက်ဝှေ့ယမ်းကာ ပြောလိုက်လေသည်။

ယကွန်နှင့်ကျားကြီးတို့က တန့်ကျွေးရင်အား တွဲလျှက် ထိုနေရာမှ တရွေ့ရွေ့ထွက်ခွာသွားသည်။

ပြီးနောက် မြင်းပေါ်သို့တက်ကာ ဒုန်းစိုင်းထွက်ခွာသွားကြလေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မကြာမီ တောအုပ်အတွင်း သစ်ပင်များကြားမှ သူတို့သုံးဦးစလုံး ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ တဖြည်းဖြည်း ဝေး၍ဝေး၍ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ဟန်ထင်းရီက တန်ကျွေရင်တို့ သုံးဦးပျောက်ကွယ်သွားမှ တွေစ်ကိုယ်တည်း ပြုံးလိုက်မိသည်။

သူသည် တန့်ကျွေရင်ကို ဆုံးမလွှတ်လိုက်ရသဖြင့် ကျေနပ်လျှက်ရှိနေသည်။

အထူးသဖြင့် လုယန်မြို့ကလူသတ်မှုကို ခင်ရောက်နှောင့်ယှက်ခြင်းမပြုနိုင်ဘဲ ပြန်သွားရသည်ကို အထူးကျေနပ်နေမိသည်။

ဟန်ထင်းရီသည် အတန်ကြာအောင် ပြုံးနေပြီးမှ မြင်းညိုကြီးရှိရာသို့ လျှောက်သွားလိုက်ပြီး ခုန်တက်လိုက်သည်။

ပြီးနောက် လုယန်မြို့ဘက်ဆီသို့ ဦးတည်လျှက် ဒုန်းစိုင်းနှင်လိုက်လေသည်။

♠ ♠ ♠



တောလမ်းကလေးသည် သာတောင့်သာယာ ရှိလှသည်။

ကျေးငှက်သာရကာများ၏ သာယာနာပျော်ဖွယ်အသံလေးများသည် လွမ်းမောဖွယ်ကောင်းလှသည်။

အချိန်မှာ နေမွန်းတည့်ချိန် ရောက်ပြီဖြစ်သည်။

ယခုမှပင် သူ၏ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်လာမှန်း သတိရမိလိုက်တော့သည်။

ထို့ကြောင့် လုယန်မြို့ရှိ တည်းခိုခန်းသို့ အမြန်ရောက်ရှိစေရန် ခြေကုန်တင် ဒုန်းစိုင်းမောင်းနှင်ပြီး ပြန်လာခဲ့လေသည်။

လုယန်မြို့သို့အဝင် လူရှိတန်ကို့၏ အိမ်ဂေဟာခြံကြီးဆီသို့ လှမ်း၍ အကဲခတ်ကြည့်လိုက်မိသည်။

ထိုအခါ..

ခြံဝတွင် ခမောက်ကြီးတစ်လုံးအား ခပ်ငိုက်ငိုက် ဆောင်းထားသော လူဖုံးကို လှမ်းမြင်နေရသည်။

လူရှိတန်၏ အိမ်ခြံဝင်းအပြင်တွင် လူဖုံးသည် ခမောက်ကြီးကို အကာအကွယ်ယူယင်း ရုပ်ဖျက်၍ အဝင်အထွက်ကို စောင့်လှမ်းနေခြင်းဖြစ်သည်။

ဟန်ထင်းရီ မဲ့လိုက်၏။

အမှုအတွက် လူဖုံးသည် မည်သို့မည်ပုံ အကြံမ်းစားဖျက်ဆီးဦးမည်ဆိုသည်ကိုမူ မည်သူမျှ မသိရှိ။

မခန့်မှန်းနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ လူဖုံးကိုလည်း သည်အတိုင်း လက်ပိုက်ကြည့်ပြီး လွှတ်ထား၍ဖြစ်နိုင်တော့မည် မထင်။

ထိုကိစ္စကို ဆရာဝမ်ယုနှင့်တွေ့ဆုံတော့မှ ခွေးနွေးတိုင်ပင်ရန်လိုအပ်လာပြီဟု ဟန်ထင်းရိက ဆုံးဖြတ်လိုက်သည်။

ထိုအတွက် လူဖုံးအား ထိပ်တိုက်မတွေ့သေးဘဲ သူ၏တည်းခိုခန်းရှိရာသို့ပင် ခုန်းစိုင်းပြန်လာခဲ့လေတော့သည်။

ဒုတိယပိုင်းပြီး၏။

တတိယပိုင်းစတင်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

**သိပ္ပံအောင်**

# သူ့ရဲ့ကောင်းနှင့်မေတ္တာပန်းဆွ

(တတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၁၃၁၀၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၁၂၈၂၀၉၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## သူ့အကြံကိုယ့်အကြံ

တောအုပ်ကလေးတစ်ခုလုံး အေးချမ်းတိတ်ဆိတ်နေသည်။

ကျေးငှက်သာရကာများ၏ သာယာနာပျော်ဖွယ် အသံကလေးများသည် လွမ်းမောဖွယ်ကောင်းလှသည်။

တောအုပ်မြေကွက်လပ်တွင် မြင်းညိုတစ်ကောင် ရှိနေ၏။

မြင်းညိုအနီးတွင် လူရွယ်တစ်ယောက် တိတ်ဆိတ်စွာဖြင့် ရပ်နေသည်။

ယင်းလူရွယ်မှာ 'ဟန်ထင်းရီ' ဖြစ်သည်။

ဟန်ထင်းရီမှာ ခပ်ဆိတ်ဆိတ်ဖြင့် ရှိနေသော်လည်း သူ၏ မျက်နှာပေါ်တွင် ကျေနပ်သော အပြုံးရိပ်များ ဖြစ်ပေါ်နေလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြေးစားတန့်ကျော့ရှင်တို့ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

သူက ကျရောက်လာမည့် အနှောင့်အယှက်တစ်ခုကို ဖယ်ရှားလိုက်နိုင်၍ ဝမ်းသာနေသည် မဟုတ်ပါလား။

အထူးသဖြင့် လုယန်မြို့မှ လူရှီတန်၏ အရှုပ်အထွေးကို ဝင်ရောက်နှောင့်ယှက်ခြင်း မပြုနိုင်အောင် မောင်းထုတ်လိုက်နိုင်သည်ကို အထူးကျေနပ်နေမိသည်။

ဟန်ထင်းရှီသည် အတန်ကြာ ရပ်နေပြီးမှ ပေါ့ပါးစွာဖြင့် မြင်းညိုကြီးပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် လုယန်မြို့ဘက်သို့ ဦးတည်လျက် ဒုန်းစိုင်းနှင်လာခဲ့တော့သည်။

အချိန်မှာ နေမွန်းတည့်ချိန် ရောက်ပြီ ဖြစ်သည်။

ယခုမှပင် သူ၏ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်နေမှန်း သတိပြုမိလိုက်သည်။

ထို့ကြောင့် လုယန်မြို့ တည်းခိုရိပ်သာသို့ အမြန်ရောက်ရှိစေရန် ခြေကုန်တင် ဒုန်းစိုင်းမောင်းနှင်ပြီး ပြန်လာခဲ့၏။

လုယန်မြို့သို့ အဝင် လူရှီတန်၏အိမ်ဂေဟာကြီးဆီသို့ လှမ်း၍ ကြည့်ရှုအကဲခတ်ကြည့်လိုက်မိသည်။

ခြံဝတွင် ခမောက်ကြီး တကားကားဖြင့် လူဖုံးကို လှမ်း၍ မြင်နေရသည်။

လူရှီတန်၏အိမ်ခြံဝင်းအပြင်တွင် လူဖုံးသည် ခမောက်ကြီးကို အကာအကွယ်ယူယင်း ရှစ်ဖျက်၍ အဝင်အထွက်ကို စောင့်လှမ်းနေခြင်း ဖြစ်သည်။



အမှုအတွက် လူဖုံးသည် မည်သို့မည်ပုံ အကြမ်းဖက် ဖျက်ဆီးဦးမည်ဆိုသည်ကိုမူ မည်သူမျှ မသိရှိ မခန့်မှန်းနိုင်ပါချေ။

မည်သို့ဆိုစေ...

လူဖုံးကို ယခုအတိုင်း လက်ပိုက်ကြည့်၍ လွှတ်ထားခြင်းမှာ မဖြစ်နိုင်ပါချေ။

လူဖုံးသည် တနည်းနည်းနှင့် ကြိုးစားလာဦးမည် ဖြစ်ပါသည်။

လူဖုံး ကိစ္စကို အမှုထမ်းဝမ်းယူနှင့် တွေ့ဆုံတော့မှ ဆွေးနွေးတိုင်ပင်ရန် ဟန်ထင်းရှီ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူက လူဖုံးနှင့် ထိပ်တိုက်မတွေ့သေးဘဲ တည်းခိုရိပ်သာသို့ပင် ပြန်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအားခြံဝင်း...

ခြံဝင်းရှေ့တွင် လူတစ်ယောက်သည် ခမောက်ကြီး တကား ကဓူးဖြင့် ဣန္ဒြေမရနိုင်လောက်အောင် လူးလာခေါက်ပြန် လမ်း လျှောက်လျက် ရှိသည်။

ထိုလူသည် သူ၏မျက်နှာကို အများတကာ မြင်တွေ့မည် စိုးသဖြင့် ဝါးခမောက်ကြီးကို ရှေ့သို့ ငိုက်လျက် ဆောင်းထားသည်

သူသည် ခြံဝင်းအတွင်းသို့လည်း မဝင်နိုင်၊ အပြင်ဘက်တွင် ယောက်ယက်ခတ်နေသည်။

အမှန်စင်စစ် ထိန်းမနိုင် သိမ်းမနိုင်ဖြင့် ဒေါသယမ်းအို ပေါက်ကွဲနေခြင်း ဖြစ်၏။

ထိုသူကား လူရှိတန်၏ဦးလေးဖြစ်သူ လူဖုံးပင် ဖြစ်သည်

သူက ဝမ်ယုတို့လူစုအား အကြီးအကျယ် ဒေါသထွက်နေ ခြင်း ဖြစ်သည်။

သူစီစဉ်ထားသော အစီအစဉ်များ ပျက်ပြားသွားခဲ့ပြီ ဟုတ်လား။

ယခုထက်တိုင် ခေါ်ယူထားသော ကြေးစားလူမိုက်တန် ကျွဲရင်တို့လူစု ရောက်မလာသေးပါ။

သူ၏လူ ပြောပြချက်အရ ဝမ်းယု၏မိတ်ဆွေ ဟန်ထင်းရှီ ကြားဖြတ်ဟန့်တားခြင်း ဖြစ်ရမည်။

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တန့်ကျွဲရင်တို့လူစုကား ပေါ်မလာသေးပါချေ။

လူဖုံးမှာလည်း ပို၍ ဒေါသထွက်လာသည်။



ဟန်ထင်းရှီကြောင့် တန့်ကျွဲရင်တို့လူစု ရောက်လာတော့ မည် မဟုတ်ဟု ဆင်ခြင်လိုက်မိသည်။

လူဖုံး လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက် မိသည်။

လူဖုံးသည် ချီအင်းနှင့် ယိစင်းဖန်းတို့နှစ်ဦးအား အကြီး အကျယ် မျက်မုန်းကျိုးလျက် ရှိသည်။

အခွင့်အရေးရလျှင် သူ့တူ၏အသက်ကြွေးကို ပြန်ဆပ်ရန် အဆင်သင့် ရှိနေသူ ဖြစ်သည်။

အကယ်၍သာ ချီအင်းနှင့် ယိစင်းဖန်းတို့နှစ်ယောက်အား ခေါ်ယူထိန်းသိမ်းထားခြင်း မရှိလျှင် သူနှင့် ထိပ်တိုက်တွေ့ခဲ့ပြီး ဖြစ် မည်မှာ မြေကြီးလက်ခတ် မလွဲပါချေ။

ချီအင်းနှင့် ယိစင်းဖန်းတို့ အာဏာသားများ၏လက်ထဲ ရောက်နေသည့်တိုင် သူက ဒုက္ခပေးဖို့ပင် ကြိုးစားနေသည် မဟုတ် ပါလား။

လူဖုံးမှာ အသက်ကြီးသလောက် ဒေါသကြီးသူလည်း ဖြစ် သည်။

ချီအင်းတို့ ဒုက္ခရောက်စေရန် တနည်းမဟုတ်တနည်း ကြံ စည်အားထုတ်ဦးမည် ဖြစ်သည်။

လွယ်လွယ်နှင့် လက်လျှော့မည့် လူစားမျိုး မဟုတ်ပါချေ။

ဝမ်ယုတို့အနေဖြင့် ချီအင်းတို့အား ခေါ်ယူထိန်းသိမ်းထား သည်မှာ ခပ်ကောင်းကောင်း ဖြစ်နေသည်။

သို့မဟုတ်လျှင် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွား

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်သည်။

ယခုမူ နောက်ထပ် ရာဇဝတ်မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ထားသည်။

မည်သို့ဆိုစေ...

သက်သေများကို ဖျောက်ဖျက်ပစ်ပြီး ချိုအင်းနှင့် ယိစင်းဖန်းတို့အား ကြိုးစင်တင်ရန် အစီအစဉ် မှုက်ပြားသွားရသည့်အတွက် အထူးပင် ဒေါသထွက်လျက် ရှိသည်။

"တောက်"

လူဖုံးသည် ဒေါသကို မထိန်းနိုင်တော့ဘဲ တောက်တစ်ချက် ခေါက်လိုက်သည်။

"သိကြသေးတာပေါ့၊ မင်းတို့အားလုံး ငါ့အကြောင်း သိစေရမယ်"

လူဖုံးက သူ၏လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ကြုံးဝါးလိုက်သည်။

ရုတ်တရက် သူသည် တွေဝေကာ ငြိမ်သက်သွားလေသည်။

တစ်စုံတစ်ခုကို ကြံစည်အားထုတ်နေခြင်းပင် ဖြစ်သည်။

သူကြံစည်အားထုတ်နေသည်ကား ကောင်းသော ကိစ္စ၊ ကောင်းသော အကြံဉာဏ်များ ဖြတ်နိုင်မည် မထင်ပါချေ။

အတန်ကြာမှ သူက တစ်ချက်ရယ်မောကာ ဦးခေါင်းအဆတ်ဆတ် ညိတ်လိုက်၏။

သူ၏အကြံအစည်အား အလွန်သဘောကျသွား၏။

"ဟန်ကျလိုက်တာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ၊ သူတို့



အားလုံးကို ရှုပ်ထွေးအောင် လုပ်နိုင်ယင် ငါလုပ်ချင်ရာကို လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ပြီ၊ ပထမဆုံး မြို့စားကြီးနဲ့ သွားတွေ့မယ်၊ ဝမ်ယုတို့အုပ်စု တရားခံဘက်လိုက်တယ်၊ အမှုကို သေချာစွာ ရုံးတင်မစစ်တဲ့အကြောင်း တိုင်ကြားရမယ်၊ ပြီးတော့ ကဖော်ကသမားကျင်းပွဲ၊ ဒီကောင်က သက်သေဖြစ်နေတယ်၊ ကျင်းပွဲကို အစဖျောက်လိုက်ယင် ချိုအင်းတို့ သေဒဏ်ပေးခံရမှာ သေချာတယ်"

လူဖုံးသည် သူ့စိတ်ကူးသူ့အကြံအား သူကိုယ်တိုင် သဘောကျလျက် ရှိနေသည်။

လူဖုံးသည် သူအလွန်ချစ်သော တူတော်မောင်လူရှိတန် လုပ်ကြံခံရခြင်းမှာ ချိုအင်းနှင့် ယိစင်းဖန်းတို့ ပူးပေါင်းလုပ်ကြသည်ဟု ခေဆင်မခြင် တရားသေ စွဲမှတ်၍ ဒေါသပွားနေပါသည်။

ထို့ကြောင့်ပင် မည်သည့်နည်းနှင့်ဖြစ်ဖြစ် ချိုအင်းနှင့် ယိစင်းဖန်းတို့ သေဒဏ်ပေးခံရအောင် သူသည် နည်းမျိုးစုံ အသုံးပြုရန် မိုက်မဲစွာ ဆုံးဖြတ်ထားပါသည်။

လူဖုံးသည် တစ်စုံတစ်ခုကို ပြုလုပ်မည်ဆိုလျှင် ဖြစ်အောင် လုပ်တတ်သည်။

ချက်ချင်း အကောင်အထည် ဖော်တတ်သူတစ်ဦးလည်း ဖြစ်ပေသည်။

ယခုလည်း သူ၏ဆုံးဖြတ်ချက်နှင့်အတူ သူ၏ခြေလှမ်းများက မြို့စားဂေဟာသို့ ဦးတည်လျှောက်သွားနေသည်။

အမှုအတွက် အနှောင့်အယှက် ဖြစ်စေရန် သူ့ရောက်တိုင်ကြားဦးမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ ကြံစည်သည်ဖြစ်စေ ဝမ်ယုအဖို့ ခေါင်းကိုက်ရဦးမည်သာ ဖြစ်ပါသည်။

မည်သို့ ကြံသည်သည်ဖြစ်စေ ဝမ်ယုနှင့် လူဖုံးတို့၏ ပြိုင်ဆိုင်မှုသည်ကား ကြီးထွားလာခဲ့လေပြီ။

လူဖုံး မည်သို့ ကာကွယ်ပေးမည်နည်း။

ဝမ်ယုသည် အတွေ့အကြုံ ရင့်ကျက်သော မင်းမှုထမ်း အာဏာသားတစ်ယောက် ဖြစ်သည်။

ထို့အပြင် နာမည်ကောင်း ဆုတံဆိပ်များ ရရှိထားသော ဘုရင့်အထောက်တော် အမှုထမ်းတစ်ဦးလည်း ဖြစ်သည်။

သူနှင့်အတူ လိုက်ပါကူညီနေသူတစ်ဦးလည်း ရှိသေးသည်။

ထိုလူမှာ အသက်အရွယ်ငယ်သော်လည်း ကြောက်မက်ဖွယ် သိုင်းပညာရပ်များ တတ်မြောက်ထားသူ၊ မကောင်းမှုအား အလွန်ရွံမုန်းသူ ဖြစ်သည်။

သူတို့သုံးဦး၏ ပရိယာယ်ကြွယ်ကြွယ်ဖြင့် လှုပ်ရှားမှုများသည် အသည်းယားဖွယ် ဖြစ်သည်။ မည်သို့ဆိုစေ...

အမှန်တရားကို မည်သူက ဖုံးကွယ်ထားနိုင်အံ့နည်း။

အမှန်တရားဟူသည် တစ်နေ့တွင် အဖြစ်မှန် ပေါ်ပေါက်စမြဲပင် ဖြစ်၏။

ဝမ်ယုသည် ဤအမှုတွင် အမှုမှန် ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်နိုင်ပါမည်လော။

အနှောင့်အယှက်များကို ကျော်လွှားနိုင်ပါမည်လော။

♠ ♠ ♠



လုယန်မြို့၏ နာမည်ကြီး ညှော်ရိပ်သာတစ်ခု...

ဟန်ထင်းရီသည် စားသောက်ခန်းအတွင်းရှိ ထောင့်ကျသော စားပွဲတစ်လုံးတွင် ထိုင်လျက် စားသောက်ဖွယ်ရာများကို အရသာခံ၍ တမြုံ့မြုံ့ စားသောက်လျက် ရှိ၏။

သူက ပြတင်းပေါက်မှ နေပြီး အပြင်ဘက်မှ လူသွားလူလာများကို ငေးမောကြည့်နေသည်။

အချိန်မှာ နံနက်စာစားချိန် ဖြစ်၍ စားသောက်ခန်းမ အတွင်း၌ လူစည်ကားနေသည်။

လူစည်ကားသည့်အလျှောက် ခန်းမတစ်ခုလုံး ဆူဆူညံညံ ဖြစ်နေသည်။

ထိုစဉ် လူတစ်ယောက် ဝင်ရောက်လာပြီး ဟန်ထင်းရီစားပွဲဆီ တန်းတန်းမတ်မတ် လျှောက်သွားသည်။

ထိုလူအား မြင်လျှင် ဟန်ထင်းရီက ပြုံးယင်း...

"အစ်ကိုကြီးဝမ်ယုပါလား၊ လာဗျာ"

ထိုင်ခုံ ကမ်းပေးကာ ဖိတ်ခေါ်လိုက်၏။

ဝင်ရောက်လာသူမှာ ဝမ်ယုပင် ဖြစ်သည်။

ဝမ်ယုက ခပ်ပြုံးပြုံးဖြင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက်ထိုင်ချလိုက်၏။

"ငါ့ညီကတော့ ဖိမ်ပဲ၊ အေးအေးဆေးဆေး စားသောက်ခန်း အနားယူနေတယ်ပေါ့"

ဟန်ထင်းရီ ပြုံးလိုက်သည်။

"အစ်ကိုကြီး ထင်လို့ပါဗျာ၊ အစ်ကိုကြီးကသာ အလုပ်မှ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတာ ကျွန်တော်က စောစောကတည်းက အလုပ်တစ်ခု လုပ်ပြီးခဲ့ပြီ"

"ဟာ ဘယ်ဆိုးလို့လဲ၊ ငါ့ညီက အစောစောထပြီး ဘာတွေ လုပ်ခဲ့လို့လဲ၊ စောစောထ လမ်းလျှောက်ပြီးတော့ ဒီမှာ လာဇိမ်ကျနေတာပဲ မဟုတ်လား"

ဝမ်ယု၏စကားကြောင့် နှစ်ဦးစလုံး ပွဲကျသွားပြီး ပြိုင်တူ ရယ်မောလိုက်ကြ၏။

"ဒါနဲ့ ညကကိစ္စ ဘယ်လို အခြေအနေရှိလဲ"

ဝမ်ယုက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ငါ့ညီကို ပြောစရာ ရှိသေးတယ်"

ဟန်ထင်းရီ မျက်မှောင်ကုပ်သွားသည်။

"ဘာများလဲဗျ"

"ငါ့ညီ ပြန်သွားပြီးတဲ့နောက် ကျင်းပွဲဆီက စာတစ်စောင် ရခဲ့တယ်"

ဟန်ထင်းရီ စိတ်ဝင်စားသွားသည်။

"ကျင်းပွဲက ဘာတွေများ သတင်းလာပေးပြန်တာလဲ"

"ဒီလိုကွ၊ စာကို ခဲတစ်လုံးနဲ့ ထုပ်ပြီး ဌာနချုပ်ထဲ ပစ်သွင်းခဲ့တာ၊ ကျင်းပွဲကိုတော့ မတွေ့လိုက်ဘူး"

ဟန်ထင်းရီ စဉ်းစားမရ ဖြစ်သွားသည်။

"ကျင်းပွဲက ဘာကြောင့် ဒီလို လုပ်ရတာလဲ အစ်ကိုကြီးဆီ သူလာတွေ့ပြီး သတင်းပေးနိုင်တာပဲ မဟုတ်လား၊ ဒါနဲ့ စာထဲမှာ ဘယ်လိုအကြောင်းတွေးပါသလဲ"



"စာကတော့ ခပ်တိုတိုပါပဲ၊ အမိပွါယ်ကတော့ ဝက်ဝံဖြူကို ချည်ထားတဲ့ သံကြိုးကို ယိစင်းဖန်း ဖြုတ်နေတာကို သူကိုယ်တိုင် မြင်လိုက်တယ်ဆိုတာပါပဲ"

ဟန်ထင်းရီ အံ့သြသွားသည်။

"ဟင် သူပေးတဲ့ သတင်းက ဒါပဲလား"

"ဟုတ်တယ်၊ ငါ့ညီကကော ဘယ်လိုသဘောရသလဲ"

ဝမ်းယု၏စကားကြောင့် ဟန်ထင်းရီ အနည်းငယ် စဉ်းစားနေလိုက်သည်။

"ရှင်းရှင်းဝေဖန်ရမယ်ဆိုယင်တော့ ဒီစာရဲ့ သဘောကို မသကာဘူး၊ သတင်းပေးတဲ့လူဟာ သံသယ ဖြစ်စရာ အကောင်းဆုံးပဲ၊ သတင်းပေးသူဟာ ကျင်းပွဲ ဖြစ်တယ်ထားဦး၊ အမိကကျတဲ့ ဒီအချက်ကို ကျင်းပွဲ သိခဲ့မှာမဟုတ်ဘူး"

ဝမ်ယု အနည်းငယ် တွေဝေသွားသည်။

"ဒါကိုတော့ ကျင်းပွဲနဲ့ တွေ့မှပဲ သေသေချာချာ စစ်မေး ကြည့်ရမယ်"

ဟန်ထင်းရီ သက်ပြင်းချလိုက်သည်။

"တကယ်လို့ စာပေးတဲ့လူဟာ ကျင်းပွဲသာ ဖြစ်ခဲ့ယင် အခု လို ခိုးကြောင်ခိုးဝှက် လုပ်စရာ မလိုဘူး၊ ပြီးတော့ မနေ့က ကျွန်တော် တို့ ဆွေးနွေးနေတဲ့ အချက်အလက်တွေကို ကြားတဲ့လူ တစ်ယောက် ယောက်ရဲ့ လက်ချက်လို့ပဲ ကျွန်တော်ထင်တယ်၊ အစ်ကိုကြီး အနေနဲ့ အဲဒီ အချက်ကို တခြားလူ ပြောပြသေးလား"

ဝမ်ယု ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး"

ဟန်ထင်းရီ ခေါင်းညိတ်လိုက်၏။

"ဘယ်သူမှ မသိတာ အကောင်းဆုံးပဲ၊ ဒီသတင်းကိုသာ [illegible] ဦးလေး လူစုံသာ သိသွားယင် ဆူညံဆူညံ လုပ်မှာ သေချာတယ်၊ မြို့စားကြီးလဲ သိသွားနိုင်တယ်၊ ပြီးတော့ ကျင်းပွဲကို တွေ့ဖို့ မလွယ်ဘဲ ဖြစ်သွားလိမ့်မယ်၊ ကျင်းပွဲကို ရှာမတွေ့ခဲ့ယင် ချီအင်းနဲ့ ယိစင်းဖန်းတို့နှစ်ယောက် အသားလွတ် နစ်နာသွားလိမ့်မယ်၊ အဲဒါကိုတော့ အစ်ကိုကြီး သတိထားရလိမ့်မယ်"

ဝမ်ယုက သူ့အား အကဲခတ်ကြည့်ကာ...

"ချီအင်းနဲ့ ယိစင်းဖန်းတို့ကို ငါ့ညီ ဘယ်လိုထင်လဲ"

ဟန်ထင်းရီ တစ်ချက် စဉ်းစားလိုက်၏။

ပြီးမှ...

တွေးတွေးဆဆ လေသံဖြင့် ပြောလိုက်သည်။

"သူတို့နှစ်ယောက်ဟာ လက်တလော အခြေအနေအရ အနီးစပ်ဆုံး လူတွေပဲ၊ ဒါပေမယ့် လူရှိတန်ကို လုပ်ကြံမယ်ဆိုယင် ဝက်ဝံဖြူကိုတောင် အသုံးချစရာ မလိုဘူး၊ နောက်တစ်ချက်က သေသူရဲ့ ကိုယ်ပေါ်မှာ ခုနစ်စင်ကြယ် လက်နက်ပုန်းနှစ်ခုကို တွေ့ရတယ်၊ ဒါဟာ သက်သက်မဲ့ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်သွားတာပဲ၊ တကယ်လို့ လက်နက်ပုန်းနဲ့ လုပ်ကြံတယ်ဆိုယင် အမိက သွေးကြောနေရာတွေကို ထိမှန်ရမယ်၊ အခုတော့ သက်သက်မဲ့ ဒူးဆစ်နှစ်ဘက်ကိုမှ ရွေးချယ်ပြီး ထိုးသွင်းထားတာဟာ အတော့်ကို စဉ်းစားစရာ ကောင်းနေတယ်၊ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ



တော့ တရားခံဟာ ချီအင်းပဲ ဖြစ်နေတာပေါ့"

ဝမ်ယုက စကားအဆုံးတွင် သူ၏ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်၏။

ဦးနှောက်ခြောက်သွားသည်ဆိုသည့် သဘောပင် ဖြစ်သည်။

ဟန်ထင်းရီက အားပေးသော အပြုံးဖြင့် ပြုံးပြလိုက်ပြီး...

"ဒီအမှုက အတော်လေး ရှုပ်ထွေးပြီး ဦးနှောက်ခြောက်စရာကောင်းပါတယ်၊ ဒါပေမယ့် ကွင်းဆက်ကိုသာ ရှာနိုင်ယင် အမြေက ရှင်းသွားမှာပါပဲ၊ လက်ရှိမှာ သက်သေဟာ ကျင်းပွဲတစ်ယောက်သာ ရှိတယ်၊ သူ့ကို ထိန်းသိမ်းထားနိုင်မှ ဖြစ်မယ်"

"အစ်ကိုလဲ ကျင်းပွဲနောက်ကို လူလွှတ်ပြီး လိုက်ခိုင်းထားတယ်၊ ဒါပေမယ့် အခုထက်ထိတော့ သတင်းမရသေးဘူး"

"ကောင်းတယ်၊ သူ့ကို တွေ့အောင်ရှာမှ ဖြစ်မယ်၊ အဓိကကျတာ ကျင်းပွဲပဲ၊ ကျင်းပွဲကို မတွေ့ယင် ကွင်းဆက်မရှိဘဲ ဖြစ်နေလိမ့်မယ်၊ လက်ရှိ ဖမ်းထားတဲ့လူနှစ်ယောက်က အနေချောင်ခံနေရလိမ့်မယ်၊ [illegible] သက်သေကျင်းပွဲကို အစပျောက်ပစ်မှာကို စိုးရိမ်ရတယ်၊ တွေ့ယင်တော့ တနည်းနည်းနဲ့ ထိန်းထားဖို့ လိုတယ် အစ်ကိုကြီး"

ဟန်ထင်းရီ၏စကားကြောင့် ဝမ်ယု မျက်မှောင်ကုပ်သွား၏။

တဖန် ဟန်ထင်းရီအား အကဲခတ်ကြည့်ကာ...

"ငါ့ညီက ဘယ်လိုသတင်းတွေ ရထားလို့ ကျင်းပွဲကို အစ

www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ရှာ စိုးရိမ်နေတာလဲ"

ဟန်ထင်းရိကာ ခပ်ပြုံးပြုံးဖြင့်...

"အစ်ကိုကြီး အနေနဲ့ လူဖုံးကိုလည်း လွှတ်ပေးထားမနေနဲ့ အနီးကပ် စောင့်ကြည့်ဖို့ လိုလိမ့်မယ်"

"ဘာလဲ လူဖုံးက ကျင်းပွဲကို အစဖျောက်ပစ်မယ်လို့ ငါ့ညီက ထင်နေလို့လား"

"ဆိုပါတော့၊ ကျင်းပွဲကို အစဖျောက်ပစ်ယင် သူအလွန် မုန်းတီးနေတဲ့ ချီအင်းနဲ့ ယိစင်းဖန်းတို့နှစ်ယောက် သေဒဏ်ခံရဖို့ပဲ ရှိတယ် မဟုတ်လား၊ ဒီတော့ လူဖုံးက ဒီလို မလုပ်နိုင်ဘူးလို့ အစ်ကိုကြီး ပြောနိုင်မလား"

ဝမ်ယူ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"အင်း ငါ့ညီ အတွေးအခေါ် မဆိုးဘူး၊ ဒါဟာ ဖြစ်နိုင်တဲ့ အချက်တွေပါပဲ၊ ငါ့ညီကို ကျေးဇူးတင်ပါတယ်"

ဝမ်ယူက လိုက်လှဲစွာ ထောပနာ ပြုလိုက်သဖြင့် ဟန်ထင်းရိလည်း အားတက်ကြွာ ဆက်လက်၍ သူ့ ထင်မြင်ချက်ကို ဆက်လက် ပြောပြလိုက်သည်။

"ဖြစ်နိုင်ရုံတင်မကဘူး အစ်ကိုကြီး၊ ကျွန်တော် ဒီမနက် အစောကြီးကပြီး စုံစမ်းမှု ပြုခဲ့သေးတယ်"

"ဘာတွေများ ထူးခြားတာ တွေ့ခဲ့လဲ"

ဝမ်ယူက အားတက်သရောဖြင့် မေးလာသည်။

ဟန်ထင်းရိက တည်ကြည်သော မျက်နှာထားဖြင့်...

"ဒီနေ့ မနက် လူဖုံးက အတော်လေး လှုပ်ရှားနေတယ်



လှူလွှတ်ပြီး ကြေးစားသိုင်းသမားတန့်ကွေ့ရင်နဲ့ ချိတ်ဆက်နေတယ်၊ လူဖုံးဟာ အခမ္မနည်းသုံးဖို့ စိုင်းပြင်းနေတာ ထင်ရှားနေပြီ၊ တကယ်လို့ သူ့မှာ အကြံအစည် မရှိဘူးဆိုယင် အခုလိုမျိုး ကြေးစားလူမိုက်တွေနဲ့ ချိတ်ဆက်စရာ မလိုဘူး၊ သူသဘောမကျတဲ့ လူနှစ်ယောက်ကို ကျွန်တော်တို့က ဖမ်းထားလိုက်ပြီ မဟုတ်လား၊ ဒါကြောင့် အမှုက ခိုကကျတဲ့ သက်သေကို ဖျောက်ဖျက်ပစ်လိမ့်မယ်လို့ ကျွန်တော် ပြောခဲ့တာပေါ့၊ ကျင်းပွဲကိုသာ ရှင်းပစ်လိုက်ယင် ချီအင်းနဲ့ ယိစင်းဖန်း တို့နှစ်ယောက် သူဖြစ်လိုတဲ့အတိုင်း လူသတ်တရားခံ ဖြစ်သွားပြီပေါ့၊ လူဖုံးဟာ အတော်ဉာဏ်များတယ်၊ အစ်ကိုကြီး သူ့ကို သတိထားရ လိမ့်မယ်"

ဟန်ထင်းရိက တွေးတွေးဆဆဖြင့် သတိပေးစကား ပြောကြားလိုက်သည်။

ဝမ်ယုက တအံ့တသြ နားထောင်နေသလို သူ့စိတ်ထဲမှာလည်း ဟန်ထင်းရိကို အလွန်ပင် အားကိုးအားထား ပြုမိနေသည်။

သူက ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ငါ့ညီ ပြောပုံအရဆိုယင် လူဖုံးကိုလည်း အလွှတ်ပေးထားလို့ မဖြစ်ဘူး၊ အင်း သူ့ကို လူလွှတ်ပြီး စောင့်ကြည့်ခိုင်းတော့မှ ဖြစ်မယ်"

"တန့်ကွေ့ရင်ကိုတောင် ငှားတယ်ဆိုတော့ လူဖုံးဟာ မျက်မြင်သက်သေဖြစ်တဲ့ ကျင်းပွဲကို အဖျောက်ရှင်းမှာ အမှန်ပဲ"

"အင်း ကျင်းပွဲက အမှုမှန်ပေါ်ဖို့အတွက် အရေးကြီးတဲ့ သက်သေပဲ၊ ကျုပ်လဲ လူလွှတ်ရှာခိုင်းထားပြီးပါပြီ၊ မကြာခင်သတင်း

www.burmeseclassic.com

www.burmeseclassic.com



ရမှာ သေချာတယ်”

ဟန်ထင်းရိုက ဝမ်ယုအား အကဲခတ်ကြည့်ယင်း အကြံတစ်ခု ရလာသည်။

“ကျင်းပွဲကို ဖော်ထုတ်တဲ့နည်း ကျွန်တော်ရပြီ”

ဝမ်ယု အံ့သြသွားသည်။

“ဟော တယ်ဟုတ်ပါလား၊ အစ်ကိုကတော့ ခေါင်းပူပြီး အကြံထိုက်နေတယ်၊ ကျင်းပွဲဟာ အဝေးကို ရှောင်ပြေးသွားမယ်၊ ဒါမှမဟုတ် ရုပ်ဖျက်ပြီး လှုပ်ရှားနေသလား မပြောတတ်ဘူး၊ သူ့ကို တွေ့ဖို့ ခက်ခဲတာတော့ အမှန်ပဲ၊ ဆိုစမ်းပါဦး ငါ့ညီ စဉ်းစားထားတဲ့ကိစ္စ”

ကျင်းပွဲအား ဖမ်းမိနိုင်သော အကြံဖြစ်နေ၍ စိတ်ပါဝင်စားစွာ မေးလိုက်ခြင်း ဖြစ်သည်။

ဟန်ထင်းရိုက ချောင်းတစ်ချက် ဟန့်လိုက်ပြီး…

“ရယ်စရာများ ကောင်းနေမလားတော့ မပြောတတ်ဘူး၊ ကျွန်တော် ငယ်ငယ်က စိတ်ရှုပ်လာယင် ငါးသွားမျှားတဲ့ အကျင့် ရှိပါတယ်၊ အခုလဲ ကျွန်တော်တို့က ကျင်းပွဲကို ငါးတစ်ကောင် အဖြစ်နဲ့ မျှားယူရလိမ့်မယ်”

“ဟော့ ငါ့ညီရာ ကျင်းပွဲကို အယင်မသေးလိုက်နဲ့၊ သူ့ကို ငွေနဲ့ မြှူလို့လဲရချင်မှရတာ၊ အခုလောလောဆယ် ပြဿနာက ကျင်းပွဲက အဓိကဓာတ်ကောင် ဖြစ်နေတယ်၊ ခက်တာက သူက ငါတို့ကို ရှောင်ပုန်းနေတယ်၊ သူ့ကို မျှားဖို့ လွယ်မယ် မထင်ဘူး”

ဝမ်ယုက ဟန်ထင်းရိုကို တစ်ချက်ကြည့်လိုက်ယင်း ပြောလိုက်သည်။



ဟန်ထင်းရိုက ပြုံးလျက် တက်တက်ကြွကြွ ဖြစ်နေသည်။

“အစ်ကိုကြီးက မလွယ်ဘူးဆိုပေမဲ့ လွယ်တဲ့ နည်းတစ်ခုကို ကျွန်တော် စဉ်းစားမိထားတယ်”

“ဆိုစမ်းပါဦး”

“ကျွန်တော်တို့ရဲ့ လက်ထဲမှာ ကျင်းပွဲကို မျှားဖို့ ငါးစာကောင်းကောင်း ရှိနေတယ်၊ အခု ထိန်းသိမ်းထားတဲ့ ယိစင်းဖန်းဆီက ပဲ အကူအညီ တောင်းရလိမ့်မယ်”

“ဘယ်လို ယိစင်းဖန်းဆီက အကူအညီယူမယ် ဟုတ်လား”

ဝမ်ယုက တအံ့တသြဖြင့် ပြာမေးလိုက်သည်။

ဟန်ထင်းရို လက်ကာပြလိုက်၏။

“ဖြည်းဖြည်းပေါ့၊ ကျွန်တော့်စကား မဆုံးသေးပါဘူး”

ဝမ်းယုက အသာပြန်ငြိမ်နေလိုက်၏။

ဟန်ထင်းရိုက ဆက်ပြောလိုက်သည်။

“ယိစင်းဖန်းဆီမှာ ညီမတစ်ယောက် ရှိတယ်၊ သူ့နာမည်က ‘ယိဖုံး’ လို့ခေါ်တယ်၊ ကျင်းပွဲက ယိဖုံးကို တစ်ဘက်သတ် မေတ္တာပြီး အတင်းလိုက်ကပ်နေတယ်၊ ဒါကြောင့် ယိဖုံးကို ကျင်းပွဲ နှောင့်ယှက်လို့ မရတဲ့ နေရာကို ပို့ထားလိုက်တယ်၊ အခု ယိဖုံးကို ပြန်ခေါ်ခိုင်းပြီး အစ်မဖြစ်သူ အချုပ်ခန်းထဲ ရောက်နေတာ လာကြည့်ပါစေလို့မျိုး သုံးလေးရက်လောက် အယောင်ပြယင် ကျင်းပွဲတစ်ယောက် သိသွားမှာ သေချာတယ်၊ သူက မတွေ့ရတာ ကြာပြီ ဖြစ်တဲ့ ယိဖုံးကို တွေ့ဖို့ကြိုးစားမှာ ကျိန်းသေတယ်၊ ယိဖုံး ရှိတဲ့နေရာ မှာရောက်လာမှာပဲ၊ ဒီအခါကျမှ ကျွန်တော်တို့က ဖမ်းပြီး ခေါ်သွားလိုက်ရုံပေါ့။

www.burmeseclassic.com



ဘယ်လိုလဲ ကျွန်တော့်အကြံ မကောင်းဘူးလား"

ဝမ်ယူမှာ အကြိုးအကျယ် သဘောကျသွားလေသည်။

သူက စားပွဲအား တစ်ချက်ပုတ်ကာ...

"သိပ်ကောင်းတဲ့ အကြံပဲပေါ့။ ကျင်းပွဲဟာ သူတစ်ဖက်သတ် မေတ္တာရှိနေတဲ့ ယီဖုံးကို လာတွေ့မှာ သေချာတယ်၊ တို့ရဲ့ အမှုထမ်းတွေကို ရုပ်ဖျက်ပြီး စောင့်ဖမ်းခိုင်းမယ်၊ အနည်းဆုံး ကျင်းပွဲ ခိုအောင်းတဲ့နေရာကို တွေ့ရမှာ ကျိန်းသေတယ်"

စကားဆုံးလျှင် နှစ်ယောက်သား မြိုင်တူ ရယ်မောလိုက်ကြသည်။

"ကျင်းပွဲ မလွတ်စေရဘူး"

နှစ်ယောက်သား ပြိုင်တူ ပြောယင်း အရက်ခွက်ချင်း ဖွင့်လျက် မော့ချလိုက်၏။

နှစ်ယောက်စလုံး အရက်သောက်လိုက်၊ စကားပြောလိုက် စားသောက်လိုက်နှင့် ပွဲကျသွားတော့သည်။

♠ ♠ ♠



## တည်ကြွက်

အကြံသစ် ဥာဏ်သစ်များ ရှိ၍ ဝမ်းသာမဆုံး ဖြစ်၍မှ မဆုံးသေးမီ စိတ်ပျက်စရာ အဖြစ်တစ်ခုနှင့် ရင်ဆိုင်တိုးမိရပြန်သည်။

မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အကြောင်းကိစ္စတစ်ခုပင် ဖြစ်သည်။

လူရှိတန် လုပ်ကြံခံရမှုအတွက် အရေးယူဆောင်ရွက်ချက်ကို မကျေနပ်သဖြင့် လူ့ဖုံးက မြို့စားကြီးထံသို့ တိုင်ကြားလိုက်သည်။

ထို့ကြောင့် မြို့စားဂေဟာ၏အမိန့်အရ ဝမ်ယူသည် မြို့စားကြီးရှေ့သို့ ရောက်ခဲ့ရသည်။

"ဝမ်ယူ၊ အခုတလော လိုက်တဲ့ အမှုတွေမှာ တာဝန်မကျေတာကို တွေ့ရတယ်၊ မင်းရဲ့ အရည်အချင်းကို ယုံတယ်၊ မင်းရဲ့ သမာ

www.burmeseclassic.com



သမတ်စိတ်ကို နားလည်တယ်၊ ဒါပေမယ့် သူဌေးသား ပျောက်ဆုံးတဲ့ အမှုကိုလဲ အခုထိပေါ်အောင် မစုံစမ်းနိုင်သေးဘူး၊ အခု လာပြန်ပြီ၊ လူရှိ ၁၃ နဲ့ သေဆုံးမှု၊ ယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်ပြီး ပူးပေါင်းသတ်တဲ့အမှုဟာ ဘယ်လောက်ရှိုင်းစိုင်းတဲ့ အပြုအမူလဲ၊ ဒါကို မင်းက ကာကွယ်ပေးနေတယ်လို့ ငှပ်စွဲထားတယ်၊ ဒီအမှုကို သုံးရက် အတွင်း အပြီးသတ် ကျုပ်ဆီကို အစီရင်ခံရမယ်၊ ရှေ့ ပောာသည်မှာ လူဖုံးရဲ့ လျှောက်တင်ချက်”

ဝမ်ယုက လူဖုံး၏တိုင်ကြားစာကို လှမ်းယူလိုက်လေသည်။

ပြီးနောက်...

မြို့စားကြီးကို အရိုအသေပြုပြီး ပြန်ထွက်လာခဲ့သည်။

♠ ♠ ♠



ဝမ်ယုမှာ အလွန်စိတ်ထိခိုက်နေသည်။

သူ့တွင် အချိန်မရှိတော့ပါ။

မြို့စားကြီးက သုံးရက်အတွင်း အစီရင်ခံရမည်ဟု ရာဇသံ ပေးထားခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ခေါင်းရှုပ်ရှုပ်ဖြင့် ဟန်ထင်းရှီ တည်းခိုရာသို့ အပြေး ရောက်ရှိလာခဲ့သည်။

ဟန်ထင်းရှီက သူ့အား ဆီးကြိုလိုက်သည်။

“အစ်ကိုကြီးပါလား၊ ဘာတွေ ထူးလာပြန်ပြီလဲ ထိုင်လေ ဗျာ”

ဓမ်ယုက ဟန်ထင်းရှီ၏ဘေးတွင် ဝင်ရောက်ထိုင်ချထင်း သက်ပြင်းတစ်ချက် ချလိုက်၏။

စိတ်မောလူမော ဖြစ်နေ၍ ရုတ်တရက် စကားမပြောနိုင် သေးဘဲ အမောဖြေနေသည်။

ဟန်ထင်းရှီမှာ ဝမ်ယု အဖြစ်ကို ကြည့်ပြီး အားမလို အားမရ ဖြစ်နေမိသည်။

သူက ဝမ်ယုအား အကဲခတ်ကြည့်ကာ...

“ဒါနဲ့ အစ်ကိုကြီး၊ ယိစင်းဖန်းကို တွေ့ခဲ့ပြီးပြီလား”

ဝမ်ယု ခေါင်းညိတ်လိုက်သည်။

“ဒီလိုဆိုယင် သူ့ညီမ လိပ်စာကို ရခဲ့လား”

“နေရပ်လိပ်စာရလို့ အထူးအထောက်တော် စေလွှတ်ပြီး ခေါ်ခိုင်းထားတယ်”

“ဒီလိုဆိုယင် ပြီးနေပြီပဲ၊ ကျွန်တော်တို့ရဲ့ အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com



အတောင်အထည် ဖော်နိုင်တော့မှာ သေချာတယ်၊ ဒါနဲ့များ အစ်ကို ကြီးက ဘာကြောင့် စိတ်ပျက်နေရတာလဲ"

ဝမ်ယုက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထို့နောက် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

သူ၏စကားအဆုံးဝယ် ဟန်ထင်းရှိမှာ စိတ်မောလှမော ဖြစ်သွားသည်။

"အင်း ဒီအတိုင်းဆိုယင် အချိန်သုံးရက်ပဲ ရတော့တာပေါ့"

ဝမ်ယု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျင်းပွဲကို အမြန်တွေ့မှ ဖြစ်မယ်၊ ဒီအတော အတွင်း ကျင်းပွဲကို မတွေ့ယင်တော့ ပြဿနာပဲ၊ လက်ရှိ ဖမ်းဆီး ထားတဲ့ လူကိုပဲ စစ်ဆေးမှုများ ပြုလုပ်ပြီး တရားခံအဖြစ် ရှုပ်စွဲရ တော့မယ့် အခြေအနေ ရောက်သွားလိမ့်မယ်"

သူတို့နှစ်ယောက် အပြန်အလှန် ညည်းညူပြောဆိုနေစဉ်မှာ ပင် အထောက်တော်လောင်ကျန်းတစ်ယောက် သူတို့ထံသို့ ရောက် ရှိလာသည်။

ခရီးရောက်မဆိုက်မီမှာပင် ဝမ်ယုက လှမ်း၍ မေးမြန်း လိုက်သည်။

"ဘယ့်နှယ်လဲ၊ အခြေအနေ ဟန်ရဲ့လား"

လောင်ကျန်း ခေါင်းညိတ်လိုက်သည်။

ဝမ်ယု၏မျက်နှာ ဝင်းပသွားသည်။

"ဘယ်မှာလဲ"

လောင်ကျန်းက တံခါးဝဘက်သို့ လှည့်ကာ…



"မိန်းကလေး ဝင်ခဲ့တော့"

သူ၏စကားသံနှင့် မခြေးမနှောင်းမှာပင် မိန်းကလေးတစ် ယောက် ဝင်ရောက်လာသည်။

လှပချောမောပြီး ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်သော မိန်းကလေးတစ်ဦးပင် ဖြစ်သည်။

အသားအရေမှာ ဖြူဖွေးဝင်းစိုနေပြီး တကယ်ပင် ချောမော လှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်၏။

ဤတွင်မှ ဝမ်ယုက ယုံကြည်မိတော့၏။

"သြော်၊ ဒါကြောင့်လဲ ကျင်းပွဲက အရှုးအမူး ဖြစ်နေတာကိုး"

ရင်ထဲမှ မှတ်ချက်ချမိလိုက်သည်။

ထိုလှပလွန်းသော မိန်းကလေးမှာ 'ယိဖုံး' ဖြစ်သည်။

သူမက မဝံ့မရဲနှင့် လှမ်းလာပြီး မလှမ်းမကမ်းတွင် ရပ် လိုက်သည်။

ဝမ်ယုက ထိုင်ခုံအား ညွှန်ပြကာ…

"ထိုင်ပါဦး"

ယိဖုံးက အသာအယာ လှမ်းသွားကာ ထိုင်ချလိုက်၏။

ဝမ်ယုက သူမအား စေ့စေ့ကြည့်ကာ…

"မိန်းကလေးက ယိစင်းဖန်းရဲ့ညီမ ယိဖုံး ဟုတ်လား"

"ဟုတ်ကဲ့ရှင်၊ ကျွန်မယိဖုံးပါ"

သူမ၏အသံက ချိုလွင်သာယာလှပေသည်။

ဝမ်ယုက အသာပြုံးယင်း…

"ကျုပ်က ဒီမြို့က အာဏာသားခေါင်းဆောင် ဝမ်ယုပါ၊

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကျုပ်မိတ်ဆွေဆိုလည်း မမှားဘူး၊ ကျုပ်ညီငယ်ဆိုလည်း မမှားဘူးလို့ ပြောရမယ့် 'ဟန်ထင်းရီ'ပါ။ ဒီအမှုအတွက် ကူညီပေးနေသူပေါ့"

"ဟုတ်ကဲ့၊ အစ်ကိုကြီးတို့နဲ့ သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်၊ အားလည်းကိုးပါတယ်ရှင်"

ယိဖုံးက ဝမ်ယုနှင့် ဟန်ထင်းရီတို့အား ကြည့်ကာ အပြုံးလေးဖြင့် ပြောလာသည်။

"အေး တို့မှာ အချိန်သုံးရက်ဘဲ ရတော့တယ်၊ မင်းရဲ့ အစ်မကို ကယ်တင်ဖို့ မင်းရဲ့ အကူအညီ အများကြီး လိုအပ်တယ်"

ဝမ်ယုက ယိဖုံး နားလည်စေရန် အကြောင်းစုံကို ဖွင့်ပြောပြလိုက်သည်။

သူ၏စကား နားထောင်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဖြော်၊ ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါပြီ၊ ကျွန်မအနေနဲ့တော့ အစ်မယိစင်းဖန်းနဲ့ အစ်ကိုကြီးချီအင်းတို့မှာ အပြစ်မရှိဘူးလို့ ယုံကြည်ထားပါတယ်၊ ဒါကြောင့် အမှုမှန် ပေါ်ပေါက်စေဖို့ အစွမ်းကုန် ကူညီပါ့မယ်၊ ဘယ်လောက် အန္တရာယ်များများ ရင်ဆိုင်သွားမှာပါ၊ အပြစ်မရှိသူကို အပြစ်မကျရောက်စေချင်ပါဘူး"

ယိဖုံးမှာ ရုပ်ရည်ချောမောသလို စကားပြောရာတွင်လည်း သွက်လက်ကာ ယဉ်ကျေးသိမ်မွေ့သည်။

မဟုတ်မခံနှင့် သတ္တိရှိပုံလည်း ရသည်။

"ဒါဖြင့် ကျုပ်တို့ အစီအစဉ်ကို ပြောပြမယ်"



ဝမ်ယုက သူမအနေဖြင့် ကျင်းပွဲ ရောက်လာအောင် ကိုယ်ရောင်ဖြရမည့် အစီအစဉ်ကို နားလည်သဘောပေါက်အောင် ရှင်းပြလိုက်သည်။

ယိဖုံး လုပ်ဆောင်ရမည့် အချက်အလက် အပြည့်အစုံ၊ ဆက်သွယ်ရမည့် ကိစ္စအဝဝကို နားလည်သဘောပေါက်အောင် ရှင်းပြလိုက်သည်။

ထိုနေ့ ညနေတွင် ယိဖုံးသည် ဝတ်ကောင်းစားလှကို ဝတ်ဆင်လျက် လက်တွင် စားသောက်ဖွယ်ရာများ ထည့်ထားသော ခြင်းကို ဆွဲလျက် အချုပ်စခန်းသို့ ရောက်ရှိလာသည်။

အလွန်တစ်ရာ ချောမောလှပသော မိန်းကလေးတစ်ဦး ရောက်ရှိလာ၍ လူအများသည် ရုတ်ရုတ်သဲသဲ ဝိုင်းအုံကြည့်နေကြသည်။

ယိစင်းဖန်း၊ ချီအင်းတို့နှင့် ပတ်သက်သော မိန်းမချောလေးတစ်ယောက် စားသောက်ဖွယ်ရာများ လာပို့သော သတင်းသည် အနီးအနားတဝိုက်၌ ပျံ့နှံ့သွားတော့၏။

လူအများသည် လူသတ်မှုနှင့် ဆက်စပ်လျက် လှပသော မိန်းကလေးတစ်ဦး၏ အကြောင်း အမျိုးမျိုးသော သတင်းများ လွှင့်ထုတ်နေကြသည်။

ထိုသတင်းသည် ပုန်းလျှိုးကွယ်လျှိုး လုပ်နေသော ကျင်းပွဲ၏နားထဲသို့ ရောက်ရှိသွားတော့သည်။

ထိုမိန်းကလေးမှာ ယိဖုံးပင် ဖြစ်သည်ဟု တွက်ဆပြီး ကျင်းပွဲမှာ နေမထိ ထိုင်မသာ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖုံးအား မမြင်ရသည်မှာ ကြာပြီမို့ အလွန်ပင် မြင်တွေ့ချင်နေမိသည်။

သူက ခေါက်တုန့်ခေါက်ပြန် လျှောက်ယင်း အကြံထုတ်နေမိသည်။

ယိဖုံးအား တွေ့လိုသောကြောင့် ထောင်ချောက် ဖြစ်စေကာမူ သူက ဝင်တိုးမည်သာ ဖြစ်သည်။

နောက်ဆုံး သူက အကြံတစ်ခု ရလာသည်။

ရုပ်ဖျက်သွားရန်ပင် ဖြစ်သည်။

သူက ရုပ်ဖျက်ပညာ ကျွမ်းကျင်ကြောင်း မည်သူ တစ်ဦးတစ်ယောက်ကမှ မသိသောကြောင့် တစ်မျိုးကောင်းသွားသည်။

ယင်းပညာသည် ယခုအချိန်၌ အလွန်ပင် အသုံးဝင်လာခဲ့ပြီ ဖြစ်လေသည်။

သူက ရုပ်ဖျက်ရန် ပစ္စည်းများ စုလိုက်ပြီး ယိဖုံးအား သွားတွေ့ရန် ပြင်ဆင်လိုက်လေတော့သည်။

♠ ♠ ♠



## ရန်ငြိုး

စွမ်းအားခြဝင်း…

နံနက် ဝေလီဝေလင်း အချိန်တွင် စွမ်းအားခြဝင်းအတွင်းမှ မြင်းတစ်ကောင် ထိုးထွက်လာသည်။

မြင်းပေါ်တွင် မီးခိုးရောင်ဝတ်စုံနှင့်ခမောက်ဆောင်းထားသူ တစ်ဦး ထွက်ပေါ်လာသည်။

ထိုလူသည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တွင် လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

ခမောက်နှင့်လူက ကျေနပ်စွာ တစ်ချက် ပြုံးလိုက်လေသည်။

ထို့နောက် မြင်းဇက်ကြိုးကို ဆွဲကာ ဒုန်းစိုင်းထွက်ခွာသွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ခမောက်ဆောင်းထားသူ ထွက်ခွာသွားပြီ ဖြစ်သည်။

မရှေးမနှောင်းမှာပင် သစ်ပင်တစ်ပင်ပေါ်မှ လူနှစ်ယောက် ခုန်ဆင်းလာသည်။

ထိုလူနှစ်ယောက်သည် ဝမ်ယု အားထားရသော မင်းမှု ထမ်းနှစ်ယောက် ဖြစ်သည်။

ဝမ်ယုက လူဖုံးအား စောင့်ကြည့်ရန် သူတို့အား တာဝန် ပေးထားခဲ့သည် မဟုတ်ပါလား။

ထိုမင်းမှုထမ်းနှစ်ယောက်၏အမည်မှာ ထန်အုနှင့် ပုစုတို့ ဖြစ်သည်။

ထန်အုက ခမောက်ဆောင်းထားသူ ထွက်ခွာသွားရာသို့ တစ်ချက်မျှော်ကြည့်ယင်း...

"လူဖုံးတော့ ထွက်သွားပြီ၊ တို့ အခြေအနေသိအောင် လိုက် ကြယင် ကောင်းမယ်"

ပုစု ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဂုက်ထားသော မြင်းများကို ထုတ်ယူကာ ခမောက်ဆောင်းထားသူ ထွက်သွားရာဘက်သို့ ဒုန်းစိုင်းနှင်ကာ လိုက်ပါသွားကြလေတော့သည်။

♠ ♠ ♠



လုယန်မြို့ပြင် နှစ်မိုင်ခန့်အကွာတွင် ဘုံကျောင်းပျက်တစ် ခု ရှိသည်။

ခမောက်ဆောင်းထားသူသည် ဘုံကျောင်းပျက်ရှေ့သို့ ရောက်လျှင် မြင်းကို ရပ်တန့်လိုက်သည်။

ထို့နောက် တစ်ကိုယ်တည်း သဘောကျစွာ ပြုံးကာ...

"ငမိုက်သားတွေ လာကြပစေ ငါ့အကြောင်း တွေ့မယ်"

ရေရွတ်ယင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် မြင်းကို သစ်ပင်တစ်ပင်တွင် ချည်နှောင်ထား ယင်း ဘုံကျောင်းပျက်နောက်သို့ ကွေ့ပတ်လျှောက်သွားလေတော့ သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ထန်အုနှင့် ပုစုတို့သည် တရကြမ်း လိုက်လာကြသည်။

မကြာပါချေ။

ဘုံကျောင်းပျက်ရှေ့သို့ ရောက်လာကြသည်။

ခမောက်ဆောင်းထားသူ၏ အရိပ်အယောင်ပင် မတွေ့ရ ပါ။

"ဒီနားလေးတင် ပျောက်သွားတာပါ"

ပုစုက ရေရွတ်လိုက်၏။

ထန်အုက ဘေးဘီဝဲယာသို့ တစ်ချက် အကဲခတ်ကြည့်လိုက် ရာ ခမောက်ဆောင်းထားသူ၏ မြင်းအား တွေ့မြင်လိုက်ရသည်။

သူက မြင်းအား ညွှန်ပြယင်း…

"ဒီမှာ မြင်းရှိသေးတယ်"

ပုစုက လှမ်းကြည့်လိုက်သည်။

"ဟုတ်ပါရဲ့ ဒါဆို ဒီအနီးတဝိုက်မှာပဲ ရှိလိမ့်မယ်"

မှတ်ချက်ချကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက် နှစ်ယောက်သား အနီးပတ်ဝန်းကျင်တဝိုက် လိုက်လံရှာဖွေကြည့်လိုက်သည်။

သို့သော်…

လူရိပ်လူရောင်ပင် မတွေ့ရချေ။

ပုစု အံ့ဩသွားသည်။

"မြင်းတွေ့ပြီး လူ မတွေ့ဘူး၊ အတော် ထူးဆန်းပါလား"

ထန်အု မျက်မှောင်ကုပ်သွားသည်။

"ကေန္တ ငါတို့ နောက်ယောင်ခံလိုက်လာတာများ သိသွား



လို့များလား"

ပုစု ထိတ်သွားသည်။

"ဒါဆို သူက တို့ကို ပြန်ပြီး…"

"ဟား…ဟား…ဟား"

ပုစု၏စကားမဆုံးမီ တျွယ်လောင်သော ရယ်မောသံကြီး တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

နှစ်ယောက်စလုံး ရင်ထိတ်သွားကာ ရယ်မောသံ ထွက်ပေါ်ရာသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

ဤတွင် ဘုံကျောင်းပျက် ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသော ခမောက်နှင့်လူအား တွေ့လိုက်ရလေသည်။

ခမောက်ဆောင်းထားသူက အေးတိအေးစက် လေသံဖြင့်…

"မင်းတို့ ဘာကြောင့် ငါ့နောက်က တကောက်ကောက် လိုက်နေကြတာလဲ"

ပုစုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားသည်။

အတန်ကြာမှ ထန်အုက သက်ပြင်းချကာ…

"ခင်ဗျားက လူဖုံး မဟုတ်လား"

ခမောက်ဆောင်းထားသူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

ပြောပြောဆိုဆို ခမောက်အား ဆွဲချွတ်လိုက်သည်။

လူဖုံး၏အေးတိအေးစက် မျက်နှာ ပေါ်ထွက်လာ၏။

ထန်အုက အသာပြုံးကာ…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဆရာက ခင်ဗျားကို စောင့်ကြည့်ရမယ်လို့ မှာထားလို့ပါ"

"ဘာကွ"

လူဖုံး ရှုးရှူးရှားရှား ဖြစ်သွားသည်။

ပုစုတို့အား စူးရဲစွာဖြင့် ကြည့်ကာ...

"နေစမ်းပါဦး၊ ကျုပ်ကို ဘာကြောင့် စောင့်ကြည့်ခိုင်းရတာလဲ"

"ဒါတော့ မပြောတတ်ဘူး၊ ကျုပ်တို့က တာဝန်ပေးတဲ့အတိုင်း ဆောင်ရွက်ရတာပါ"

ပုစုက ကြားဝင်ပြောလိုက်သည်။

လူဖုံး နှာခေါင်းရှုံ့လိုက်၏။

"ကျုပ်တွေကို သတ်သွားတဲ့ တရားခံတွေကိုတောင် [illegible] မပေးနိုင်သေးဘူး၊ ကျုပ်ကိုလဲ မသင်္ကာသလို စောင့်ကြည့်နေတာ [illegible] တယ်၊ တော်တော်ကောင်းတယ်"

ပုစုက လူဖုံးအား အကဲခတ်ကြည့်ကာ...

"ခင်ဗျားအနေနဲ့ အခုလို အခြေအနေမျိုးမှာ ဘယ်မှ မသွားဘဲ [illegible] မြို့မှာပဲ ရှိနေသင့်တယ်၊ ဒါမှ ထူးခြားမှု ကြုံယင် [illegible] ပေးနိုင် [illegible] ပေါ့"

လူဖုံး၏မျက်နှာ ခက်ထန်တင်းမာသွားသည်။

"ကျုပ်ကို ဘယ်သူမှ အမိန့်ပေးလို့ မရဘူး၊ ကျုပ်ဘာသာ [illegible] နေချင် [illegible] မယ်၊ သွားချင်သွားမယ်၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

ထန်အုမှာ မောက်မာလွန်းသော လူဖုံးအား အမြင်ကတ [illegible]



သွားသည်။

"ကျုပ်တို့က တာဝန်အရ လုပ်ဆောင်နေရတယ်ဆိုတာ ခင်ဗျား သိထားပါ။ ခင်ဗျား သွားမယ်ဆိုယင် ဘယ်သွားမ [illegible]၊ ဘယ်လာမယ် ပြောပါ။ ဒီလိုမှ မဟုတ်ယင် ကျုပ်တို့က ကောက်ကောက်လိုက်ရလိမ့်မယ်"

လူဖုံး ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"ခေါက် မင်းတို့ အတော်တရားလွန်နေပြီ၊ ငါ့ နောက်က ဆက်လိုက်မယ်ဆိုယင် ငါ့အဆိုး မဆိုနဲ့"

စကားဆုံးလျှင် လှည့်ထွက်သွားသည်။

"ရပ်လိုက်"

ထန်အုက ဟန့်တားကာ လမ်းပိတ်ထားလိုက်သည်။

လူဖုံး စိတ်မထိန်းနိုင်တော့ပါ။

"သွားစမ်း"

အော်ငေါက်ကာ လက်ဝါးတစ်ဖက်ဖြင့် ရိုက်ထုတ်လိုက်သည်။

"ဝုန်း"

ထန်အုမှာ မထင်မှတ်ထားသောကြောင့် လက်ဝါးရိုက်ချက်မိကာ နောက်သို့ ယိမ်းယိုင်သွားလေသည်။

ပုစု ဒေါသထွက်သွားသည်။

ချက်ချင်းပင် ခါးမှ ဓားကို ဆွဲထုတ်ကာ ခုန်ဝင် [illegible] ခိုက်လိုက်လေသည်။

လူဖုံး မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကို ဝှေ့ယမ်းလိုက်၏။

လက်ထဲမှ ခမောက်သည် ပုစုထံ တိုးဝင်သွား၏။

ခမောက်ပစ်လွှင့်လာသော အရှိန်မှာ အလွန်ပြင်းထန်လှ၍ ပုစု ရင်ထိတ်သွားသည်။

သူက လက်ထဲမှ ဓားဖြင့် ကပျာကယာ ခုတ်ချလိုက်၏။

ယင်းခဏမှာပင် ဝင်းလက်သော အလင်းရောင်တစ်ချက် ဖြာထွက်သွားသည်။

"အား"

ပုစု နာကျင်စွာ အော်ဟစ်လိုက်သည်။

ခမောက်အတွဲနှင့်အတူ မြေပေါ် လဲကျသွားတော့သည်။

♠ ♠ ♠



မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ထန်အုမှာ ကြက်သေသေနေ၏။

ပုစုတစ်ယောက် မြေပေါ် လဲကျနေပြီ ဖြစ်သည်။

သူ၏ရင်ဝတွင် ကန့်လန့်ဖြတ် ဓားအထက်ရာကြီးတစ်ခု ဖြစ်ပေါ်နေသည်။

ထိုဒဏ်ရာမှ သွေးများ စီးကျနေသည်။

ပုစုက ခမောက်အား ခုတ်ချလိုက်ချိန်တွင် လူဖုံးက ရှေ့တိုးကာ ဓားဖြင့် တိုက်ခိုက်လိုက်သည် မဟုတ်ပါလား။

လူဖုံး၏လက်ထဲတွင် သွေးစွန်းနေသော ဓားတစ်လက် ကိုင်ဆောင်ထားသည်။

သူက အေးတိအေးစက် မျက်နှာဖြင့် ထန်အုအား စိုက်ကြည့်နေသည်။

ထန်အု မျက်စိမျက်နှာ ပျက်သွားသည်။

တကယ်တမ်း ရင်ဆိုင်မည်ဆိုလျှင် လူဖုံးအား မည်နည်းနှင့်မျှ ရင်မဆိုင်နိုင်ကြောင်း သူက သိထားသည် မဟုတ်ပါလား။

သူက ပုစု အလောင်းအား ညွှန်ပြကာ...

"ခင်...ခင်ဗျား သူ့ကို သတ်လိုက်တယ်"

လူဖုံးက အေးတိအေးစက်ဖြင့်...

"ဟုတ်တယ်၊ ဘာဖြစ်သလဲ"

"ခင်...ခင်ဗျား ရာဇဝတ်မှုသင့်ပြီ"

"ဟား...ဟား...ဟား"

လူဖုံး သဘောကျစွာ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖန် ထန်အုအား စိုက်ကြည့်ကာ...

"ကျုပ်က မင်းကိုပါ ရှင်းလိုက်ယင် ကျုပ်လက်ချက်ဆိုတာ ဘယ်သူက သိတော့မှာလဲ"

ထန်အု မျက်လုံးပြူးသွားသည်။

"ခင်...ခင်ဗျား"

သူက နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်သွားသည်။

လူဖုံး၏မျက်နှာပေါ်တွင် ရက်စက်သော အရိပ်အရောင်များ ထွက်ပေါ်လာသည်။

"မင်းတို့က ကျုပ်ကို လူသတ်ချင်အောင် စိတ်ဆွဲပေးနေတာကိုး"

ထန်အုက အခြေအနေ မဟန်မှန်း ရိပ်စားမိလိုက်သည်။

သူက နောက်လှည့်ကာ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

ယင်းခဏမှာပင် လူဖုံးက ရိပ်ခနဲ ရောက်ရှိလာသည်ကို သိလိုက်၏။

တဆက်တည်းပင် ကျောပြင်၌ နာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။

ထန်အုက ဒယီးဒယိုင် ဖြစ်သွားကာ လှည့်ကြည့်လိုက်၏။

လူဖုံးမှာ သူနှင့် နီးကပ်စွာ ရောက်ရှိနေချေပြီ။

ထန်အုက တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော် တစ်ကိုယ်လုံး အားအင်များ ဆုတ်ယုတ်နေသည်ဟု ခံစားမိလိုက်သည်။

လူဖုံး ပြုံးလိုက်သည်။



အလွန်ရက်စက်သော အပြုံးမျိုးပင် ဖြစ်သည်။

"မင်းအဖော်နဲ့အတူ ငရဲပြည်သွားပေတော့"

လူဖုံးက ပြောယင်း ဓားဖြင့် ထိုးသွင်းလိုက်၏။

ထန်အုက မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

"အား"

နာကျင်စွာ အော်ဟစ်ယင်း မြေပေါ် လဲကျသွားတော့၏။

လူဖုံးက အေးတိအေးစက်ဖြင့်...

"ကျုပ်ကို နှောင့်ယှက်တဲ့လူ မှန်သမျှ ကျုပ်ဓားချက် မိရမယ်ဆိုတာ မှတ်ထား"

ကြိမ်းမောင်းယင်း ဓားကို ပြန်လည်သိမ်းဆည်းလိုက်၏။

ယင်းနောက် သူ၏မြင်းပေါ်တက်ကာ ထွက်ခွာသွားတော့သည်။

ဘုံကျောင်းပျက်ရှေ့ဝယ် ထန်အုနှင့် ပုစုတို့ လဲကျနေ၏။

သခင်မဲ့သော မြင်းနှစ်ကောင်မှာ ရှည်လျားစွာ တစ်ချက်ဟီပြီး ခြေဦးတည့်ရာ ထွက်ခွာသွားကြလေသည်။

ဘုံကျောင်းပျက် ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းက မင်းမူနေလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဝူထိုင်မြို့...

ဝူထိုင်မြို့သည် လုယန်မြို့နှင့် အနီးကပ်ဆုံး မြို့တစ်မြို့ ဖြစ်သည်။

လူဝကြီးအရက်ဆိုင်...

လူဝကြီးအရက်ဆိုင်သည် ဝူထိုင်မြို့ အနောက်ဘက် လမ်းကြားလေးထဲတွင် ရှိသည်။

လူဝကြီးအရက်ဆိုင်သည် ဒုစရိုက်-အနက်ရောင်သမားများ စုတည်းချရာ နေရာတစ်ခုလည်း ဖြစ်၏။

ဆိုင်ပိုင်ရှင်လူဝကြီးသည်ပင် တစ်ချိန်က လမ်းစားပြဓားစ်ယောက် ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

♠ ♠ ♠



အရက်ဆိုင်မှာ မကျယ်ဝန်းပါ။

သို့သော် စားပွဲဝိုင်း ဆယ်ဝိုင်းမျှ ရှိ၍ ကျဉ်းလွန်းသည်ဟုလည်း မဆိုသာပါချေ။

ယနေ့...

ဆိုင်ထဲရှိ စားပွဲဝိုင်းသုံးလုံးတွင် ဧည့်သည်များ ရှိနေပေသည်။

စားပွဲဝိုင်းတစ်လုံးတွင် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေသည်။

တစ်ယောက်သည် ခွေးဘိုဖြူသွားကျိုးသန်စွာပြီး လက်တစ်ဘက်တွင် ပတ်တီးများ စည်းနှောင်ထားလေသည်။

ကျန်တစ်ယောက်မှာ ပိန်ပိန်ပါးပါးနှင့် အရွယ်ပင် အရပ်ရှည်သူတစ်ယောက် ဖြစ်သည်။

သူ့အား ရုတ်တရက် ကြည့်လျှင် ဖျိုင်းတစ်ကောင်နှင့် တူလှသည် ထင်ရပေမည်။

ကျန်တစ်ယောက်မှာကား တစ်ကိုယ်လုံး အမွေးအမျှင်များ ထူထပ်ကာ ခေါင်းတုံးပြောင်ရိတ်ထားသော လူသန်ကြီးတစ်ဦးပင် ဖြစ်သည်။

ထိုလူသုံးယောက်သည် မိုးလင်းကတည်းက ရောက်ရှိလာပြီး အရက်များကို တရစပ် သောက်နေလေသည်။

နှုတ်မှလည်း မကျေနပ်ချက်များကို ဖွင့်ထုတ်နေ၏။

ဖျိုင်းနှင့်တူသူနှင့် ခေါင်းတုံးကြီးတို့သည် ပတ်တီးစည်းထားသူ၏စကားကို နားထောင်ပြီး မျက်နှာများမှာ တင်းမာခက်ထန်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် တက်ခေါက်ကာ စားပွဲကို လက်သီးဖြင့် တဒုန်းဒုန်း ထုနေကြသည်။

လူဝကြီးသည် လူဆိုးလူမိုက်များနှင့် ယှဉ်ပါးနေသူမို့ ဤလို အပြုအမူများသည် အဆန်းမဟုတ်တော့ပါ။

ထို့ပြင် ထိုလူသုံးယောက်ကိုလည်း သူက ကောင်းစွာ သိထားပေသည်။

ဝတ်တီးစည်းနှောင်ထားသူသည် ဤနယ်တဝိုက် ကျော်ကြားနေသော ကြေးစားလူမိုက်တန်ကြေးရှင်ပင် မဟုတ်ပါလော။

ဗိုလ်နှင့်တူသူမှာ သံခြေထောက်ဆိုသူ ဖြစ်ပြီး အကျဉ်းစခန်းမှ လွတ်မြောက်လာသည်မှာ မကြာသေးသော လူမိုက်တစ်ဦးပင် ဖြစ်သည်။

ခေါင်းတုံးနှင့်လူကား ဤမြို့တွင် အလွန်ဆိုးသွမ်းပြီး မင်းမှုထမ်းများကပင် ကြောက်ရွံ့နေသော မြို့ခံလူမိုက်ခေါင်းဆောင်ကြီးဆိုသူပင် ဖြစ်သည်။

တကယ့် လူဆိုးလူမိုက်များသည် ဤနေရာ၌ လာရောက်စုဝေးနေပေသည်။

လူစုံလျှင် ပြဿနာတက်မည်ကို စိုးရိမ်ရသည်။

သို့သော် ဆိုင်ရှင်လူဝကြီးက ဂရုမစိုက်ပါ။

ကြောက်လန့်ခြင်း အလျဉ်းမရှိပါ။

ဤဆိုင်သို့ လာသော လူဆိုးလူမိုက်များသည် မည်သူ့ ပြဿနာ မဖြစ်ကြပါ။

အဘယ်ကြောင့်နည်း။



ဆိုင်ရှင်လူဝကြီးအား ကြောက်ရွံ့၍ပင် ဖြစ်ပါသည်။

♠ ♠ ♠

လူဝကြီး...

လူဝကြီး၏အမည်မှာ ဝူကျား ဖြစ်သည်။

ဝူကျားအား လူဆိုးလူမိုက်များက ပြဿနာ မရှာရဲသည့် အပြင် ရှိသေလေးစားစွာ ဆက်ဆံကြသည်။

အကြောင်းမှာ လူဝကြီးဝူကျားသည် သူတို့ထက် ပို၍ ဆိုးမိုက်နေသူ ဖြစ်သောကြောင့်ပင်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ဆယ်နှစ်ခန့်က ချောင်ယင်နယ်တွင် ဓားပြမှု ဆယ့်နှစ်ခု ဖြစ်ပွားခဲ့သည်။

ဓားပြအမည်မှာ 'သေမင်းပွဲစား'ဆိုသူပင် ဖြစ်သည်။

သေမင်းပွဲစားအား မင်းမှုထမ်းများက ဖမ်းဆီးရန် ခြေရာခံနေစဉ်မှာပင် အာမခံဌာနသုံးခု လုယက်ခြင်း ခံခဲ့ရသည်။

တရားခံမှာ သေမင်းပွဲစားပင် ဖြစ်သည်။

ချောင်ယင်နယ်စားသည် သေမင်းပွဲစားအား အသေရှင်ရှင် ဖမ်းပေးနိုင်လျှင် ဆုငွေပေးမည်ဟုပင် ကြေငြာရသည့်အထိ ဖြစ်သည်။

သိုင်းသမားများသည် သေမင်းပွဲစားအား လိုက်လံရှာဖွေကြသည်။

သို့သော် သေမင်းပွဲစားအား မဖမ်းမိသည့်အပြင် အသက်များပါ သေဆုံးခဲ့ရသည်။

သေမင်းပွဲစားသည် ရုပ်ဖျက်ပညာ ကျွမ်းကျင်ထက်မြက်သူလည်း ဖြစ်သည်။

သူက ရုပ်ဖျက်တိမ်းရှောင်ယင်း လိုက်လံရှာဖွေသူများအား သုတ်သင်ခဲ့ခြင်း ဖြစ်သည်။

နယ်စားကိုယ်ရံတော်သိုင်းသမားရှမ်းရိုတသည် သေမင်းပွဲစားအား ရှာဖွေနှိမ်နင်းရန် နယ်စားဂေဟာမှ ထွက်လာခဲ့သည်။

ထို့နောက်ပိုင်း သတင်းအစအနပင် မရအောင် ပျောက်ကွယ်သွားခဲ့သည်။

ရှမ်းရိုတသာမက သေမင်းပွဲစားသည်လည်း ပျောက်ကွယ်



သွားခဲ့သည်။

သူတို့နှစ်ယောက်စလုံး၏ သတင်းအား မည်သူကမျှ စုံစမ်း၍ မရခဲ့ကြပါ။

နောက်ဆုံးတွင် နယ်စားကြီးကိုယ်တိုင်က ရှမ်းရိုတနှင့် သေမင်းပွဲစားတို့ ထိပ်တိုက်တွေ့ဆုံမိပြီး သူသေကိုယ်သေ ရင်ဆိုင်ကာ နှစ်ဦးစလုံး သေဆုံးသွားသည်ဟု မှတ်ချက်ချခဲ့သည်။

ဤသို့ဖြင့် နှစ်များ ကြာလာသောအခါ သူတို့နှစ်ဦး အကြောင်းအား လူအများက မေ့လျော့သွားခဲ့ကြသည်။

သေမင်းပွဲစား၏ အခြားအမည်တစ်ခုမှာ 'ဝူကျား' ဖြစ်သည်။ ဤသည်ကို မည်သူကမျှ မသိပါ။

ဤအရက်ဆိုင်ပိုင်ရှင် လူဝကြီးသည် သေမင်းပွဲစားဝူကျားပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

www.burmeseclassic.com



လူဆိုးလူမိုက်များသည် ဂူကျားအား သေမင်းပွဲစားဟု သို့ ကြောက်ရွံ့ကြခြင်း မဟုတ်ပါ။

ဂူကျား၏သိုင်းပညာကြောင့် ဖြစ်သည်။

တစ်ခါက အာဏာသားများ ခေါင်းကိုက်ရသော ယက္ခနှစ် ဖော်သည် ဤနယ်မြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

သူတို့သည် ဂူထိုင်မြို့တွင် ခြေကုပ်ယူကာ ဓာတ်မြှုပ် သည်။

ဂူထိုင်မြို့ရှိ လူဆိုးလူမိုက်များ အပေါ်တွင်လည်း ဩဇာ လွှမ်းခဲ့သည်။

အများတကာ ကြောက်ရွံ့ရသော ယက္ခနှစ်ဖော်သည် အရက်မူးကာ လူဝကြီးဆိုင်တွင် သောင်းကျန်းခဲ့သည်။

ဆိုင်ကိုလည်း ဖျက်ဆီးရန် ပြင်ခဲ့၏။

ဂူကျားက သည်းမခံနိုင်တော့၍ တိုက်ခိုက်ခဲ့သည်။

သိုင်းကွက်သုံးကွက်အတွင်းမှာပင် ယက္ခနှစ်ဖော်သည် ဂူကျား၏လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။

ဂူကျားသည် ယက္ခနှစ်ဖော်၏အလောင်းကို ယူကာ အာ ဏာသားများ၏လက်ထဲသို့ အပ်ကာ ဆုငွေပင် ထုတ်ယူခဲ့သည်။

ထိုအချိန်မှစ၍ ဂူကျားအား ကြောက်ရွံ့သွားကြခြင်းပင် ဖြစ် သည်။

ဂူကျားက ခပ်အေးအေးသာနေသည်။

ကိုယ်နှင့် မဆိုင်လျှင် မည်သူ ဘာဖြစ်ဖြစ် လက်ပိုက်ကြည့် နေတတ်သူ ဖြစ်သည်။



သူ့အား ထိလျှင်တော့ လုံးဝသည်းခံတတ်သူ မဟုတ်ပါချေ။

ဂူကျားသည် ရက်စက်ကြမ်းကြုတ်သူ မှန်သော်လည်း မိမိ အကျိုးအမြတ်အတွက် အလွန်ကြည့်သူ လူစားမျိုးလည်း ဖြစ်ပေ တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်လွတ်ငါးလုံးသည် ကြမ်းပြင်ပေါ်တွင် ပုံကျနေပေ
တို့အတူ...

တန်ကျွေးရင်တို့၏မျက်နှာသည်လည်း အရက်ရှိန်ကြောင့်
နီမြန်းနေသည်။

သူက ဟန်ထင်းရှိနှင့် ဆုံတွေ့ကာ အရက်တကွဲ ရှုံးနိမ့်ခဲ့
ရသည်ကို မိတ်ဆွေများအား ရင်ဖွင့်နေခြင်း ဖြစ်သည်။

သံခြေထောက်က အရက်ခွက်ကို ဆောင့်ချလိုက်ပြီး...

"ဒီကောင်က ဘယ်လောက်တော်လို့လဲ၊ ငါနဲ့ တွေ့ရင်
အမှုန့်ကြိတ်ပစ်လိုက်မယ်"

အာလေးလျှာလေးနှင့် ပြောလာသည်။

ကျွဲကြီးက တန်ကျွေးရင်အား ကြည့်ကာ...

"မင်းရဲ့ အသုံးမကျတဲ့ တပည့်နှစ်ယောက်ကော"

တန်ကျွေးရင်က တစ်ချက်မဲ့ကာ...

"သတ္တိမရှိတဲ့ ကောင်တွေကို ခြေလက်ရိုက်ချိုးပြီး ဆုံးမ
လိုက်တယ်၊ ပြီးတော့ မောင်းထုတ်လိုက်တယ်"

ကျွဲကြီး သဘောကျသွားသည်။

"ကောင်းတယ်၊ ဒီလို ဆုံးမသင့်တယ်"

သံခြေထောက်က...

"ဒါနဲ့ မင်း အခု ဘာလုပ်မလဲ"

တန်ကျွေးရင်က...

"ငါ သူ့ကို မကျေနပ်ဘူး၊ ဒါပေမယ့်..."

သံခြေထောက် လက်ကာပြလိုက်သည်။



"တော်ပြီ၊ ဆက်မပြောနဲ့တော့၊ မင်း မကျေနပ်ဘူးဆိုရင်
မြန်မြန် ဆုံးမရမှာပေါ့၊ ငါတို့လည်း ရှိတယ်၊ ဒီလို ကောင်မျိုးကို
ကောင်းကောင်းကြီး ဆုံးမပစ်မယ်"

ကျွဲကြီးက ထောက်ခံလာသည်။

"ဟုတ်တယ်၊ ငါတို့ ပါရင် ဒီကောင် ခံရမှာ သေချာတယ်"

တန်ကျွေးရင် ဝမ်းသာသွားသည်။

သံခြေထောက်နှင့် ကျွဲကြီး ပါလာလျှင် ဟန်ထင်းရှိအား ရင်
ဆိုင်နိုင်မည်ဟုလည်း တွေးလိုက်မိသည်။

သူက တစ်ချက်ပြုံးကာ...

"မင်းတို့ ပါမယ်ဆိုရင် ဒီကောင့်ကို မှုစရာ မလိုတော့ဘူး
ပေါ့ကွာ"

ပြောရင်း အရက်ခွက်အား မော့ချလိုက်၏။

ကျွဲကြီးနှင့် သံခြေထောက်တို့မှာလည်း အရက်ခွက်အား
ပြိုင်တူ မော့ချလိုက်၏။

ထိုအခိုက်တွင် အရက်ဆိုင် အတွင်းသို့ လူတစ်ယောက် လှမ်း
ဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူကား လူဖုံးပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ လှဖုံး လှမ်းဝင်လာသည်။

တန့်ကျော်ရှင် မျက်နှာပျက်သွားသည်။

သူက လှဖုံးအား ရင်မဆိုင်ချင်ပါ။

အကြောင်းမှာ...

လှဖုံး ခိုင်းထားသော အလုပ်အား မလုပ်ခင် ဟန်ထင်
ကြောင့် ထပ်ခေါက်ပြန်လာခဲ့ရသည် မဟုတ်ပါလား။

သို့သော် လှဖုံးက သူရှိရာသို့ တန်းတန်းမတ်မတ် လျှော
လာသည်။

တန့်ကျော်ရှင်က မနေသာတော့ပါ။

"ခင်ဗျား ရောက်လာတာကိုး၊ ထိုင်ပါဗျာ"

လှဖုံးက ကျွဲကြီးနှင့် သံခြေထောက်တို့အား မသိပါ။

ထို့ကြောင့် တစ်ချက် အကဲခတ် ကြည့်လိုက်သည်။

တန့်ကျော်ရှင်က မိတ်ဆက်ပေးလိုက်၏။

"သူက သံခြေထောက်လို့ ခေါ်တယ်၊ သူကတော့ ကျွဲကြီ
ကျုပ်ရဲ့ မိတ်ဆွေတွေပါ"

ထိုအခါကျမှ လှဖုံးက ခေါင်းတစ်ချက်ညိတ်ကာ ဝင်ထ
လိုက်၏။

"ကျုပ်က လှဖုံးပါ"

ကျွဲကြီးနှင့် သံခြေထောက်တို့ ခေါင်းညိတ်လိုက်၏။

"လက်စသတ်တော့ တန့်ကျော်ရှင်ကို ငှားရမ်းတဲ့လူကိုး"

လှဖုံးက...

"ဟုတ်ပါတယ်"



သူက တန့်ကျော်ရှင်အား ကြည့်ကာ ဆက်ပြောလိုက်၏။

"မင်းက ဟန်ထင်းရှိန့် တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"သူက မောင်းထုတ်ခဲ့တယ်ပေါ့"

တန့်ကျော်ရှင်၏မျက်နှာ နီမြန်းသွားသည်။

"ကျုပ်က သူ့ကို အထင်သေးလိုက်မိလို့ပါ။ အခုလဲ ကျုပ်
မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီးပြီ၊ သူ့ကို မဖြစ်မနေ ဆုံးမမယ်"

ထိုစကားကြားလျှင် လှဖုံး ပြုံးလိုက်၏။

"ကောင်းတယ်၊ သူ့ကို ဆုံးမနိုင်ယင် ကျုပ်က ငွေတစ်
ထင်းပေးပါ့မယ်"

တန့်ကျော်ရှင်တို့သုံးယောက်စလုံး အံ့သြသွားကြသည်။

မျက်နှာတစ်ခုလုံးလည်း ဝင်းလက်သွားသည်။

တန့်ကျော်ရှင်က...

"ခင်ဗျား တကယ် ပြောတာလား"

"တကယ်ပေါ့"

သံခြေထောက်က ရယ်မောယင်း...

"ကြိုက်သွားပြီဗျာ၊ အခုလို ဆုကြေးလေးပါတော့ ပိုပြီး
င်ပြေသွားတာပေါ့"

လှဖုံးက သူတို့အား အကဲခတ်ကြည့်ကာ...

"မင်းတို့ ဘယ်တော့ သွားမလဲ"

တန့်ကျော်ရှင်က...

"ကျုပ်တို့က အလုပ်မှမရှိဘဲ၊ အခုပဲ သွားလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လူဖုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ အောင်မြင်ရင် ကျုပ်ဆီက ငွေတစ်သောင်း လာယူပါ၊ ဒီအရက်ပိုင်းကိုလည်း ကျုပ်ပဲ ရှင်းပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲဗျာ"

တန့်ကျွေရှင်က အဖော်နှစ်ယောက်အား မျက်စပစ်ပြလိုက်၏။

ထို့နောက်...

သုံးယောက်သား ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

သေမင်းပွဲစား

တန့်ကျွေရှင်တို့ ထွက်သွားပြီ ဖြစ်သည်။

လူဖုံးက ထိုင်ရာမှပင် မထပါ။

အရက်တစ်အိုးပင် ထပ်မှာ၍ သောက်လိုက်၏။

သူက အချိန်ဖြုန်းနေခြင်း မဟုတ်ပါ။

လူတစ်ယောက်အား စောင့်ဆိုင်းနေခြင်းပင် ဖြစ်သည်။

သူစောင့်စားနေသူသည် ကြေးစားလောကတွင် နာမည်ကြီးနေသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

သူ၏အမည်မှာ 'သွေးလက်ဝါး' ဖြစ်သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲတွင် တဖြည်းဖြည်း လူရှင်းသွားပြီး နောက်ဆုံး လူဖုံးတစ်ယောက်သာ ကျန်တော့သည်။

လူဖုံးသည် အရက်ကို ဖိမ်ဆွဲသောက်ယင်း သွေးလက်ဝါးအား စောင့်မျှော်နေသည်။

ကောင်တာစားပွဲမှ ဝူကျားသည် လူဖုံးအား အကဲခတ်ကြည့်နေ၏။

အကင်းပါးသူပီပီ လူဖုံးသည် တစ်စုံတစ်ရာသောကိစ္စ အတွက် ကြေးစားလူမိုက်များ ငှားရမ်းနေသည်ကို သတိပြုမိလိုက်၏။

သူက စိတ်ဝင်စားလာသည်။

ငွေကြေး ဖြိုးဖြိုးဖြက်ဖြက်ရလျှင် မိမိအတွက် အကျိုးရှိလျှင် လုပ်ဆောင်ရန်ပင် စဉ်းစားမိသည်။

လူဖုံး တစ်စုံတစ်ယောက်အား စောင့်ဆိုင်းနေမှန်း သိလျှင် သူက တိတ်ဆိတ်စွာပင် အခြေအနေကို စောင့်ကြည့်နေတော့၏။

♠ ♠ ♠



အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အရက်အိုးတစ်ဝက် ကျိုးသွားပြီ ဖြစ်သည်။

ထိုအချိန်တွင် ဆိုင်ဝ၌ လူရိပ်တစ်ခု ထင်ဟပ်လာသည်။

လူဖုံးက ခေါင်းမော့ကာ ကြည့်လိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် ဆိုင်ဝ၌ ရပ်နေသည်။

ထိုလူအား မြင်လျှင် လူဖုံး၏မျက်နှာ ပြုံးရွှင်သွားသည်။

သူစောင့်မျှော်နေသော သွေးလက်ဝါး ရောက်ရှိလာပြီ ဖြောတ်ပါလား။

ထိုစဉ်မှာပင် သွေးလက်ဝါးသည် ဆိုင်ထဲ လှမ်းဝင်လာတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လှုဖုံးရှေ့တွင် သွေးလက်ဝါးက ထိုင်ချလိုက်သည်။

လှုဖုံးက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

ထို့နောက် သွေးလက်ဝါးအား အကဲခတ်ကြည့်ကာ...

"ကျုပ် စာရေးပေးလိုက်တာ ရရဲ့လား"

သွေးလက်ဝါးက အေးတိအေးစက်ဖြင့်...

"ရလို့ ကျုပ်လာခဲ့တာပေါ့"

အပိုအလို မရှိသော စကားကြောင့် လှုဖုံး သဘောကျသွားလေသည်။

"ကောင်းပြီ၊ အလုပ်အတွက် ခင်ဗျား ဘယ်လိုသဘောရသလဲ"

သွေးလက်ဝါးက...

"လုယန် အချုပ်ခန်းထဲက ချီအင်းနဲ့ ယိစင်းဖန်းကို လုပ်ကြံပေးရမယ် မဟုတ်လား"

လှုဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သွေးလက်ဝါးက မေးစေ့အား လက်ဖြင့် ပွတ်ယင်း...

"ဒီအလုပ်က သာမန်ထက်စာယင် အန္တရာယ်များတယ်"

လှုဖုံး ပြုံးလိုက်သည်။

"ဒါကြောင့်လဲ ကျုပ်က ငွေငါးသောင်းပေးမယ် ဆုံးဖြတ်ထားတာပေါ့"

"ကျုပ်က ချူတို့နှစ်ယောက်ကို နှစ်ရက်အတွင်း ရအောင်ရှင်းပေးမယ်၊ ဒါပေမယ့်..."



လှုဖုံး မျက်မှောင်ကုပ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

သွေးလက်ဝါးက သူ့အား စိုက်ကြည့်လာသည်။

"ကျုပ်က ငွေတစ်သိန်း လိုချင်တယ်"

လှုဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ငွေတစ်သိန်းဆိုသည်မှာ နည်းနည်းနောနော အရေအတွက်မဟုတ်ပါချေ။

လှုဖုံး ငေးငိုင်သွားသည်ကို တွေ့လျှင် သွေးလက်ဝါးက အသာပြုံးလိုက်သည်။

"လှုပ်ရှားရမယ့် အန္တရာယ်နဲ့ ဒီလောက်တော့ ပေးသင့်ပါတယ်၊ ပြီးတော့ နှစ်ရက်အတွင်း ကိစ္စ မဖြစ်မြောက်ခဲ့ဘူးဆိုယင်ကျုပ်က တစ်ပြားတစ်ချပ်မှ မယူဘူး၊ အောင်မြင်မှသာ ယူမယ်"

လှုဖုံး တွေဝေသွား၏။

သွေးလက်ဝါး ပြောသည်မှာ သဘာဝကျလှ၏။

သူက ချီအင်းနှင့် ယိစင်းဖန်းတို့အား သေစေချင်သည့်အတွက် နောက်ဆုံးတွင် လက်ခံသဘောတူရန် ဆုံးဖြတ်လိုက်သည်။

သွေးလက်ဝါးက...

"ဘယ်လိုလဲ ခင်ဗျား သဘောတူလား"

လှုဖုံး ခေါင်းညိတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ငွေတစ်သိန်းဆိုတာ နည်းတာမှ မဟုတ်ဘဲ လူတစ်ယောက်ဟာ တစ်သိန်းနဲ့ တန်မတန် အရည်အချင်း စမ်းကြည့်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ရို့ လူတွေက ဘာမှ မဟုတ်ဘဲ ဟိတ်ဟန်ထုတ်လွှန်းကြတယ်"

အေးစက်စက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လူပုံနှင့် သွေးလက်ဝါးတို့သည် အသံထွက်ပေါ်လာရာဆီသို့ ငြိုင်တူပင် ကြည့်လိုက်မိကြတော့သည်။

♠ ♠ ♠



ငွေတစ်သိန်းဆိုသည်မှာ နည်းနည်းနောနော မဟုတ်ပါချေ။

ငွေတစ်သိန်းဆိုသော စကားကြောင့် လူဝကြီးဝှကျား ခေါင်းထောင်လာသည်။

လူတစ်ယောက်အား ရှင်းပစ်ရသည့် ကိစ္စမှာ မခက်ခဲလှဟု သူက ထင်မိသည်။

လူနှစ်ယောက်အား ရှင်းပစ်ရုံဖြင့် ငွေတစ်သိန်း ရရှိမည်ဖြစ်သည်။

အဘယ်မျှ လွယ်ကူလိုက်သနည်း။

လူကြီးဝှကျားမှာ ထိုအလုပ်အား လက်ခံလိုစိတ်များ ဖြစ်ပေါ်လာသည်။

တဆက်တည်းပင် သွေးလက်ဝါးကိုလည်း အမြင်ကတ်လာသည်။

သွေးလက်ဝါးသည် လိုတာထက် ပို၍ ဟိတ်ဟန်ထုတ်လွှန်းသည်ဟု သူက ထင်မိသည် မဟုတ်ပါလား။

ထို့ကြောင့် သူက လှောင်ပြောင် ပြောဆိုလိုက်ခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သွေးလက်ဝါးနှင့် လူဖုံး၏အကြည့်က လူဝကြီးငှက်ကျားထံ ရောက်ရှိနေ၏။

ငှက်ကျားက ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ကြည့်နေ၏။

သွေးလက်ဝါးက ခက်ထန်တင်းမာသော လေသံဖြင့်…

"ခင်ဗျား ဘာပြောတာလဲ"

ဟုမေးလိုက်၏။

လူဝကြီးငှက်ကျားက ကောင်တာနောက်မှ ထွက်လာသည်။

သူက သဘောကျစွာ ပြုံးယင်း…

"ကျုပ်က အမှန်တရားကို ပြောပြတာပါ။ တစ်ချို့လူတွေက တန်ရာတန်ရာကို နားမလည်ဘဲ ဟိတ်ဟန်ထုတ်လွန်းတယ်လေ"

"ခင်ဗျားစကားကြည့်ပြောယင် ကောင်းမယ်"

သွေးလက်ဝါးက ဝုန်းခနဲ ထရပ်ကာ အော်ဟောက်လိုက်၏။

ငှက်ကျားက အပြုံးမပျက်ပါ။

"ဘာလဲ ကျုပ်က အမှန်အတိုင်း ပြောတော့၊ မင်းက နာသွားတာလား၊ ကျုပ်အထင် ပြောရယင် မင်းဟာ အရည်အချင်း မရှိဘဲနဲ့ ငွေတစ်သိန်းကို လိမ်ယူနေတယ်လို့ ထင်မိတယ်"

သွေးလက်ဝါး ဒေါသမထိန်းနိုင်တော့ပါ။

"ကျုပ်ကို စော်ကားတဲ့အတွက် ခင်ဗျား နောင်တရစေမယ်"

စကားဆုံးလျှင် လျှပ်တစ်ပြက် ခုန်ထွက်ကာ တိုက်ခိုက်လိုက်တော့သည်။

ငှက်ကျား ရယ်မောလိုက်သည်။

"မင်း ဘာများ တတ်နိုင်မှာမို့လဲကွာ၊ ဟား…ဟား…ဟား"



ပြောယင်း သွက်လက်စွာ ရှောင်တိမ်းပေးလိုက်၏။

ပထမတွင် လူဖုံးက ဟန့်တားရန် ပြင်လိုက်သည်။

သို့သော် ထိုစိတ်ကူးအား ချက်ချင်းပင် ပယ်ဖျက်လိုက်သည်။ အကြောင်းမှာ…

သူက သွေးလက်ဝါး၏သိုင်းပညာအား မမြင်တွေ့ဘူးပါ။

လူဝကြီးသည် သိုင်းပညာ တတ်မြောက်ထားသူမှန်း သူက ရိပ်မိထားသည်။

သွေးလက်ဝါးက လူဝကြီးအား ယှဉ်ပြိုင်ခြင်းဖြင့် သူ၏ အရည်အချင်းအား သိနိုင်မည် မဟုတ်ပါလား။

သူက အေးအေးဆေးဆေးပင် ထိုင်၍ ကြည့်နေလိုက်လေသည်။

ထိုအချိန်တွင် သွေးလက်ဝါးမှာ ငှက်ကျားအား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေချေပြီ။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သွေးလက်ဝါး၏လှုပ်ရှားမှုများသည် အလွန်ပင် လျင်မြန်သည်။

လက်ဝါးရိပ်များသည် ဝူကျားး၏တစ်ကိုယ်လုံးအား လွှမ်းခြုံသွားသည်။

သို့တိုင် ဝူကျားက ခြေနှစ်လှမ်းမျှ လှုပ်ရှားပြီးသည်နှင့် ရှောင်တိမ်းပြီးသား ဖြစ်သွားသည်။

သူက သွေးလက်ဝါး တိုက်ခိုက်လာသမျှကို ရှောင်တိမ်းနိုင်ခဲ့သည်ချည်းပင် ဖြစ်လေသည်။

သိုင်းကွက်နှစ်ဆယ်ကျော်သွားပြီ ဖြစ်သည်။

ယခုတိုင် ဝူကျားး၏အင်္ကျီစကိုပင် ထိအောင် မတိုက်နိုင်ချေ။

နံဘေးမှ ကြည့်နေသော လူဖုံးမှာ အံ့သြသွားသည်။

ပြင်းထန်လွန်းသော သွေးလက်ဝါး၏တိုက်ခိုက်မှုအောက်ဝယ် ဝူကျားတစ်ယောက် မရှုမလှ ရှုံးနိမ့်သွားမည်ဟု သူက ထင်မှတ်ထားခဲ့ပေသည်။

ယခုမူ...

သွေးလက်ဝါးမှာ သိုင်းကွက်နှစ်ဆယ်ကျော် တိုက်ခိုက်ပြီးသည့်တိုင် အင်္ကျီစပင် မထိသေးပါ။

လူဖုံးမှာ သွေးလက်ဝါးထက် စာလျှင် လူဝကြီးအား သဘောကျလာကာ စိတ်ဝင်စားလာသည်။

သူက တိုက်ပွဲအား စိတ်ပါလက်ပါ အကဲခတ်ကြည့်ရှုလိုက်တော့သည်။



သွေးလက်ဝါး ချွေးပြန်နေသည်။

စိတ်ထဲတွင်လည်း စိုးရိမ်မှုများ ဖြစ်ပေါ်နေသည်။

သူက ဝူကျားအား ကြည့်ကာ...

"ခင်ဗျား ဘယ်သူလဲ"

ဟုမေးလိုက်သည်။

ဝူကျားက အသာပြုံးလိုက်သည်။

"ပွဲစား"

"ဘာဗျ"

မိမိအား လှောင်ပြောင်ပြောဆိုသည်ဟု ထင်မှတ်ကာ သွေးလက်ဝါးဒေါသထွက်သွားသည်။

သူက ဝူကျားအား အသေသတ်ရန် ဆုံးဖြတ်လိုက်သည်။

သူက လက်ဝါးတွင် အတွင်းအားများ စုစည်းလိုက်၏။

သူ၏မျက်နှာတစ်ခုလုံး နီမြန်းလာသလို လက်ဝါးနှစ်ဘက်သည်လည်း အနီရောင်တောက်ပလာ၏။

နာမည်ကျော်သွေးလက်ဝါးသိုင်းအား အသုံးပြုရန် ထုတ်ဖော်လာပြီ ဖြစ်သည်။

ယင်းသိုင်းကွက်အား ထိပ်တိုက်ရင်ဆိုင်ဝံ့သူ မရှိခဲ့ပါချေ။

ထိပ်တိုက်ရင်ဆိုင်သူသည် အတွင်းဒဏ် ဖြစ်ပေါ်စေနိုင်သည် မဟုတ်ပါလား။

သွေးလက်ဝါး၏တိုက်ခိုက်မှုသည် ရုတ်ခြည်းပင် နှေးကွေးသွားသည်။

သူက လက်ဝါးနှစ်ဖက်အား ဖြည်းဖြည်းချင်း တွန်းထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သူ၏တိုက်ခိုက်မှုသည် နေးကွေးသည်မှာ မှန်သော်လည်း ပြင်းထန်သော လေလှိုင်းအားသည် ဝန်းကျင်အနှံ့ ပျံ့နှံ့၍ နေလေသည်။

"အဓော် ကြောက်စရာကောင်းတဲ့ လက်ဝါးချက်ပဲ"

အကဲခတ်ကြည့်နေသော လူဖိုးက စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်သည်။

ဤသိုင်းကွက်အား လူဝကြီး မည်သို့ ချေဖျက်မည်နည်း။

လူဖိုးက စိတ်ဝင်စားစွာဖြင့် မျက်တောင်ပင် မခတ်ဘဲ ကြည့်နေမိလိုက်သည်။

လူဝကြီးဂူကျားက သွေးလက်ဝါး၏သိုင်းကွက်အား မြင်လျှင် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"မဆိုးဘူးဟေ့၊ ဘယ်လောက် ပညာပါသလဲဆိုတာ ကျုပ် လေ့လာကြည့်ဦးမယ်"

ပြောပြောဆိုဆို ခုံတစ်လုံးအား လှမ်းဆွဲကာ ရှေ့သို့ တွန်းထုတ်လိုက်သည်။

တစ်ဆက်တည်းပင် လက်ညှိုးတစ်ချောင်းဖြင့် လျှပ်တပြက် ထိုးနှက်တိုက်ခိုက်လိုက်သည်။

သွေးလက်ဝါး၏အားအရှိန်သည် တိုးဝင်လာသော ခုံပေါ်သို့ ကျရောက်သွားသည်။

"ဖျောင်း"

ခုံမှာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည်။



လက်ဝါးအား အရှိန်တန့်ရပ်သွားသည့် ခဏမှာပင် ဂူကျား လက်ညှိုးက လျှပ်တပြက် တိုးဝင်လာလေသည်။

သွေးလက်ဝါး အကြီးအကျယ် ထိတ်လန့်သွားသည်။

ဂူကျားက ပြန်လှည့်တိုက်ခိုက်လာသည့် ခဏမှာပင် သူက ဓက်တွေ့ရပြီ မဟုတ်ပါလား။

သူက လက်ဝါးအား ရုပ်သိမ်းကာ တိုးဝင်လာသော လက် ်အား လက်ဝါးစောင်းပုံသဏ္ဌာန်ပြောင်း၍ ခုတ်ချလိုက်၏။

ယင်းခဏမှာပင် ဂူကျား၏လက်ညှိုးမှာ ချက်ချင်းကွေး ာက်ကာ အပေါ်သို့ ပင့်တက်သွားသည်။

သွေးလက်ဝါး၏လက်ဝါးစောင်း မကျရောက်မီ ဂူကျား၏ ာ်ညှိုးကွေးမှာ လက်ကောက်ဝတ်သွေးကြောအား ဖမ်းထောက် သား ဖြစ်သွားသည်။

သွေးလက်ဝါး အထိတ်တလန့် ဖြစ်သွား၏။

သူ၏လက်တစ်ဖက်လုံးမှာ ထုံကျင်သွားလေသည်။

ယင်းခဏမှာပင် လက်ညှိုးမှတစ်ဆင့် လက်ငါးချောင်း ဏ္ဌာန် ပြောင်းလဲသွားပြီး လက်ကောက်ဝတ်အား ကုတ်ဆွဲလိုက် ာသည်။

"အား"

သွေးလက်ဝါး အထိတ်တလန့် အော်ဟစ်လိုက်သည်။

ဂူကျားက အသာပြုံးယင်း လက်ငါးချောင်းအား ပြန်ဖြန့် ၁ တွန်းထုတ်လိုက်သည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသ
သွေးလက်ဝါးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား
သူ၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေသည်။
လက်တစ်ဖက်တွင်လည်း သွေးကြောများ ပျက်စီး
သွေးချင်းချင်း နီရဲနေတော့သည်။

သွေးလက်ဝါးက မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ...

"ခင်ဗျား အသုံးပြုလိုက်တာ မရဏလက်ပွား သိုင်း
မဟုတ်လား"

အထိတ်တလန့်ဖြင့် မေးလိုက်သည်။

ဝူကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီသိုင်းကွက်ကို လောကပေါ်မှာ ကျုပ်
ယောက်တည်းပဲ တတ်ကျွမ်းထားတယ်"

သွေးလက်ဝါး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်
ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားပြီး...

"ဒါ..ဒါဖြင့် ခင်ဗျားဟာ.."

ဝူကျားက အသာပြုံးယင်း...

"ကျုပ်က သေမင်းပွဲစားလေ"

သွေးလက်ဝါး ထခုန်မိမတတ် ထိတ်လန့်သွားသည်။

ယင်းနောက် ရူးရူးဝါးဝါး တစ်ချက်အော်ကာ ဆိုင်
တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

♠ ♠ ♠

## အရောင်းအဝယ်

သွေးလက်ဝါး ထွက်ပြေးသွားပြီ ဖြစ်သည်။

လူဖိုးသည် ပါးစပ်အဟောင်းသားဖြင့် ဝူကျားအား ငေး
ကြည့်နေသည်။

ဝူကျားက ဘာမှမဖြစ်သည့်ဟန်ဖြင့် အသာအယာ ပြုံးပြ
သည်။

"ကျုပ်က တကယ့်အရည်အချင်း ရှိမရှိ စစ်ဆေးကြည့်လိုက်
ပါ၊ ခင်ဗျားအနေနဲ့ ငွေတစ်သိန်း မဆုံးတော့ဘူးပေါ့"

လူဖိုး သတိဝင်လာသည်။

သူက ဝူကျားအား စေ့စေ့ကြည့်ကာ...

"ခင်ဗျားက သေမင်းပွဲစား ဝူကျားဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

ဝူကျား ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျား သေသွားပြီဆို"

ဝူကျား ရယ်မောလိုက်၏။

"မသေလို့ ခင်ဗျားတွေ့နေရတာပေါ့"

လူဖုံး သက်ပြင်းချလိုက်သည်။

"ခင်ဗျားကော၊ ကိုယ်ရံတော်ရှမ်းရိတုကော ပျောက်ဆုံးသွားပြီး သေဆုံးသွားတဲ့သတင်း သိုင်းလောကမှာ အတော်လေးပြန့်ခဲ့တယ်လေ"

ဝူကျား၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ကျုပ်တို့နှစ်ယောက် တကယ်ပဲရင်ဆိုင်တွေ့ခဲ့ကြတယ်။ ဒါပေမယ့် ရှမ်းရိတုကို ကျုပ်သတ်ပစ်နိုင်ခဲ့တယ်၊ ကျုပ်လည်း မသေသာခဲ့ပါဘူး"

လူဖုံး ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်၏။

"ကျုပ် သဘောပေါက်ပြီ၊ ခင်ဗျားက ဒဏ်ရာတွေကို ဖေးဃင်း ခြေရာဖျောက် ဖာတ်မြှုပ်ခဲ့တာပေါ့ ဟုတ်လား"

ဝူကျား ရယ်မောလိုက်သည်။

"သိတ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်သာ အဲဒီအချိန်တုန်းက မရဏလက်ဝှား သိုင်းပညာကိုသာ ဆုံးခန်းတိုင်အောင် ဖာတ်မြောက်သင် ရှမ်းရိတုကို အလွယ်တကူ သုတ်သင်နိုင်မှာပဲ"

"ခင်ဗျား ခုနကတိုက်ခိုက်လိုက်တာ မရဏလက်ဝှားသိုင်းပညာရပ် ဟုတ်လား"



ဝူကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ဒီမှာဖာတ်မြှုပ်ယင်း မရဏလက်ဝှားသိုင်းပညာရပ်ကို အမတ်တကုတ်လေ့ကျင့်ခဲ့တာ အခုဆိုနောက်ဆုံးအဆင့် အောင်မြင်သွားပြီလေ"

သူက သဘောကျစွာ ရယ်မောယင်းမှ ဆက်ပြောလိုက်လေသည်။

"ကျုပ်ရဲ့ မရဏလက်ဝှား ထိမှန်သွားတဲ့နောက် ဒွေးလက်ဝါးအသက်မရှင်နိုင်တော့ပါဘူး၊ ကဲ သူ့ကိုခိုင်းမယ့်ကိစ္စ ကျုပ်ကို ပြောပါ၊ ကျုပ်ဆောင်ရွက်ပေးပါ့မယ်"

ထိုစကားကြားလျှင် လူဖုံး အလွန်တရာအံ့သြသွားမိလေသည်။

"ခင်..ခင်ဗျား တကယ်ပြောတာလား"

ဝူကျား ပြုံးလိုက်၏။

"ဘာလဲ ကျုပ်ကဒီလိုပဲ တစ်သက်လုံးဖာတ်မြှုပ်သွားမယ်လို့ထင်နေလို့လား"

လူဖုံး ကပျာကယာ လက်ကာပြလိုက်၏။

"ဒီသဘောမဟုတ်ပါဘူးဗျာ၊ ဒီကိစ္စဆောင်ရွက်ပေးမယ်ဆိုတော့ အံ့သြသွားမိလို့ပါ"

ဝူကျား ရယ်ကျဲကျဲဖြင့်...

"ဘာမှ အံ့သြမနေနဲ့ ကျုပ်က ခင်ဗျားကိစ္စဆောင်ရွက်ပေးမယ်၊ ငွေတစ်သိန်းရယင် ရှေ့ခရီးဆက်လို့ရပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက သိုင်းလောကထဲ ပြန်ထွက်တော့မယ်ပေါ့"

"ဒါပေါ့"

လူဖုံး၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

"ခင်ဗျား ကူညီမယ်ဆိုယင် ဝမ်းသာစရာပါပဲ၊ ကျုပ်က ခင်ဗျားကိုပဲ အလုပ်အပ်တော့မယ်"

သူက လုပ်ဆောင်ရမည့်ကိစ္စနှင့် အဖြစ်အပျက်များကို သေချာစွာ ရှင်းလင်းပြောပြလိုက်၏။

ဝူကျားက ဦးခေါင်းတဆတ်ဆတ် ညိတ်ယင်း နားထောင်နေသည်။ ပြီးမှ သဘောကျစွာဖြင့်...

"ကျုပ်တို့ အရောင်းအဝယ်တော့ဖြစ်ပြီ၊ ခင်ဗျား စိတ်အေးအေးထားပါတော့"

လူဖုံးက အိတ်ထဲမှ ငွေထုပ်လေးတစ်ထုပ် ထုတ်ယူကာ လှမ်းပေးလိုက်၏။

"အရောင်းအဝယ် ဖြစ်ပြီဆိုတော့ ဟောဒီမှာ ငွေငါးသောင်း စရံပွဲခပေါ့"

ဝူကျားက လှမ်းယူလိုက်သည်။

"ခင်ဗျားက အခုမှပွဲစားတစ်ယောက်နဲ့ တူလာပြီဗျ"

စကားဆုံးလျှင် ရယ်မောလိုက်သည်။

လူဖုံးကလည်း ရယ်မောလိုက်သည်။

သူတို့နှစ်ယောက်၏ ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာလေတော့သည်။

♠ ♠ ♠

## အဆက်အသွယ်

အချိန်သည် အကုန်မြန်သည်ဟု ဝမ်ယုထင်မိသည်။

နှစ်ရက်မြောက်သောနေ့ ရောက်လာပေတော့မည်။

ယခုထက်တိုင် ကျင်းပွဲ၏အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ယခုအတိုင်းဆိုလျှင် ချီအင်းနှင့်ယိစင်းဖန်းတို့နှစ်ယောက်၏ကံကြမ္မာမှာ စိုးရိမ်ဖွယ်ရာပင် ဖြစ်နေသည်။

"အချိန်က ဘာမှမရှိတော့ဘူး ကျင်းပွဲလာမှ လာပါ့မလား"

ဝမ်ယုက စိတ်ပူပင်သောကများစွာဖြင့် ညည်းညူလိုက်၏။

ဟန်ထင်းရီ အသာပြုံးလိုက်သည်။

"အစ်ကိုကြီးက ဘယ်လည်းစိုးရိမ်လွန်တာကိုး ငါးကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းယင် စိတ်ရှည်ရှည်နဲ့စောင့်ဖမ်းမှရတယ်၊ အစ်ကိုကြီး စိတ်ထဲက သိပ်လောနေယင် တစ်စုံတစ်ရာ လွဲချော်တတ်တယ်၊ သတိထားမှ ပေါ့ဗျာ"

ဟန်ထင်းရီက စိတ်သက်သာစေရန် အားပေးစကား ပြောနေရသည်။

♠ ♠ ♠

ဒုတိယမြောက်သောနေ့ ရောက်ရှိလာသည်။

လုယန်မြို့ နံနက်ခင်းတစ်ခု။

ထိုနေ့နံနက်ခင်းတွင် ယိဖုံးသည်လက်တွင် ခြင်းတောင်းတစ်လုံးကိုကိုင်ယင်း လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

သူမသည် နွဲ့နွဲ့နှောင်းနှောင်းဖြင့် လမ်းလျှောက်နေသည်။

လူအများ စိတ်ဝင်စားအောင်လည်း ဟန်အမူအရာ မသိမသာလုပ်ပြရသေးသည်။

သူမ၏အလုပ်တာဝန်ကလည်း သေးနုလှသည်မဟုတ်။

တမင်လုပ်ဇာတ်ခင်းရသည်မို့ စိတ်မောလှသည်။

သည်ကနေ့မှ ရာသီဥတုက သာယာလွန်းနေသည်။

ပြာလွဲ့သော မိုးကောင်းကင်အောက်တွင် လုယန်မြို့သူမြို့သားများသည် ဥဒဟိုသွားလာလှုပ်ရှားနေကြ၏။ ထိုအထဲတွင် ယိဖုံးတစ်ယောက်သည်လည်း အပါအဝင်ဖြစ်၏။

"ကျင်းပုံတစ်ယောက် ဘယ်ပျောက်နေပါလိမ့်၊ ဒီမြို့မှာရှိ



ကောရှိပါဦးမလား၊ သူမလာယင်တော့ ဒုက္ခပဲ"

ယိဖုံးက ခြေလှမ်းမှန်မှန်လျှောက်ယင်း စဉ်းစားလာခဲ့မိ၏။

သူမ၏အစ်မအတွက် အထူးပင်ဒုက္ခခံပြီး စိတ်ရှည်လက်ရှည် တာဝန်ကို ထမ်းရွက်နေခြင်းဖြစ်သည်။

ယိဖုံးနည်းတူ စိတ်ပူဝင်သောတရောက်နေသူများလည်း ရှိသေးသည်။

ဝမ်ယုနှင့် ဟန်ထင်းရီတို့ နှစ်ယောက်ပင်ဖြစ်သည်။

သူတို့နှစ်ယောက်ကလည်း ယိဖုံးကဲ့သို့ပင် ထပ်တူထပ်မျှ စိုးရိမ်ပူပန်နေမိသည်။

လမ်းမကြီးတလျှောက်တွင် ယိဖုံးကို အကာအကွယ်ပေးရန်နှင့် ကျင်းပုံအား စောင့်ဖမ်းရန် မင်းမှုထမ်းများကို အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် အစောင့်ချထားခဲ့သည်။

အစောင့်အကြပ်များ အပြည့်ချလျက် ကျင်းပုံအား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြသည်။

လမ်းမပေါ်တွင် လူများ ဥဒဟိုသွားလာနေကြသော်လည်း ရှုပ်ရှုပ်ထွေးထွေး မရှိလှပါချေ။

ယိဖုံးနှင့် ခပ်လှမ်းလှမ်းတွင် ဆေးမြစ်ရောင်းသည့် ဈေးသည်တစ်ယောက်၊ ပြီးတော့ ဗေဒင်ဆရာတစ်ယောက်။

ဗေဒင်ဆရာက ဆိုင်းဘုတ်ကို လက်တွင်ချိတ်ပြီး...

"လက္ခဏာကြည့်တယ်၊ ဗေဒင်တွက်တယ်"

ဟူ၍တစာစာ အော်လျှက်ရှိသည်။

ထို့အပြင်...

www.burmeseclassic.com

www.burmeseclassic.com



ရေသွားကြီးတစ်ပါးကလည်း မယောင်မလည်ဖြင့် ရှိနေ၏။

သူတို့အားလုံးသည် ယိဖုံးကို နောက်ယောင်ခံ လိုက်နေကြခြင်းဖြစ်သည်။

အကြောင်းမသိလျှင် ထိုလူများသည် ယိဖုံးအား လိုက်ပါဆောင်ရှောက်နေသူများဖြစ်ကြောင်း မည်သူက သိရှိနိုင်ပါမည်နည်း။

ထိုစဉ် လေလွင့်ကလေးတစ်ယောက်က ယိဖုံးအနီးသို့ ချဉ်းကပ်လာသည်။

လေလွင့်ကလေး၏အသက်မှာ ခုနစ်နှစ်ခန့်ပင် ရှိနိုင်မည်ထင်ရသည်။

အရိုးပေါ်အရေတင်လျှက် ပိန်လှီလွန်းလှသည်။

"အစ်မကြီး..အစ်မကြီး"

လေလွင့်ကလေးက ခေါ်လိုက်သည်။

ခေါ်သံကြောင့် ယိဖုံးက လှည့်ကြည့်လိုက်သည်။

လေလွင့်ကလေးကို တွေ့ရပြီး အံ့အားသင့်သွားရသည်။

"မမကို ခေါ်တာလား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

လေလွင့်ကလေးက တိုးညင်းသောလေသံဖြင့် ပြန်ပြောလိုက်သည်။

"အစ်မကို အဘွားအိုတစ်ယောက်က စာပေးခိုင်းလိုက်လို့ပါ"

ယိဖုံးမှာ ထိုစကားကြောင့် မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်



သွားလေသည်။

"ဘယ်က အဘွားအိုလဲ"

"ဟိုနားက"

လေလွင့်ကလေးက လက်ညှိုးထိုးပြယင်း ပြောလိုက်သော်လည်း စကားမှာ အဆုံးမသတ်နိုင်ပေ။

"ဟင်..တုတ်ကောက်နဲ့အဘွားကြီး အခုဘယ်ရောက်သွားသလဲ မသိဘူး"

လေလွင့်ကလေးက တအံ့တသြဖြင့် ပြောလိုက်သည်။

ယိဖုံး သက်ပြင်းချလိုက်၏။

"ကဲပါလေ၊ ထားပါတော့၊ မင်းစာကိုပဲ မမကိုပေးပါ"

လေလွင့်ကလေးက စာတစ်စောင်ကို ထုတ်ယူကာ မသိမသာ လှမ်းပေးလိုက်၏။

"ရော့..ကလေး မုန့်ဖိုးယူသွား"

လေလွင့်ကလေးက ခေါင်းခါယမ်းလိုက်သည်။

"နေပါစေ၊ အဘွားအိုက ကျွန်တော့်ကို မုန့်ကျွေးတဲ့အပြင် ငွေတစ်ရာတောင် ပေးသွားသေးတယ်"

လေလွင့်ကလေးက ပြောပြောဆိုဆိုဖြင့် ချာခနဲလှည့်၍ ထွက်သွားလေသည်။

ယိဖုံး အခက်တွေ့သွားသည်။

မည်သို့ဆက်လက် လှုပ်ရှားရမည်ကို မသိအောင်ဖြစ်သွားမိသည်။

မတတ်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာပင် လက်ထဲမှစာအား ဖွင့်ကာ မသိမသာဖတ်ရှုလိုက်သည်။

မမျှော်လင့်ပါဘဲ ယင်းစာမှာ ကျွင်းပွဲထံမှ ဆက်သွယ်သည့်စာပင်ဖြစ်နေတော့သည်။

စာထဲ၌ အောက်ပါအတိုင်း ရေးသားထားပေသည်။

"ယိဖုံး

မင်းအစ်မကို ကယ်တင်ချင်သလား။ တကယ်တမ်း ကယ်တင်ချင်တယ်ဆိုယင် မင်းတစ်ယောက်တည်း မြို့ပြင်အနောက်ဘက်က မိုးနဂါးဘုံကျောင်းကို လိုက်လာခဲ့ပါ၊ မင်းမျက်နှာကြောင့် ငါအခွင့်အရေးပေးမယ်၊ တကယ်လို့ မင်းက ဒီစာကို တခြားသူတစ်ယောက်ယောက်ကို ပြမယ်ဆိုယင် အခွင့်အရေးဆုံးရှုံးသွားပြီ မှတ်ပါ၊ ငါ အခုမင်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်၊ ဒါကို မမေ့နဲ့။

ကျွင်းပွဲ"

စာဖတ်၍ ဆုံးသွားသည်တွင် သူမ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားသည်။

ဘေးလူများ မသိရှိစေရန် ဟန်ဆောင်ခဲ့သော်လည်း မရနိုင်လောက်အောင်ပင် ဖြစ်နေသည်။

သူမက လမ်းဘေးရှိ ဆိုင်များဆီသို့ မျက်စိဝေ့ကာစား ကြည့်လိုက်သည်။

လူအတော်များများကို တွေ့နေရသည်။

ဆိုင်ထောင့်တစ်နေရာတွင် အဘွားအိုတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။



ကျွင်းပွဲ ဖြစ်နေမည်လော။

သူမက အသေအချာ ကြည့်သည်။

သို့သော် ကျွင်းပွဲနှင့်တူသူကို ရှာမတွေ့ပါချေ။

ထူးခြားသောသူ၏ အခြေအနေကြောင့် ထိစွတစ်ခုခုတော့ ပေါ်ပေါက်ပြီကို ရသေ့မှာန်ဆောင်၍ သူမအား လိုက်ပါစောင့်ကြပ်နေသော အထောက်တော်တစ်ဦးက ရိပ်မိသွားသည်။

သို့အတွက် အလျှုခံဟန်ဖြင့် သူမအနီးသို့ တိုးကပ်သွားသည်။

"မိန်းကလေး လှူတန်းနိုင်ပါတယ်၊ ကုသိုလ်ပွားများနိုင်ပါတယ်"

ရသေ့က အသံကျယ်ကျယ်ဖြင့် ပြောလိုက်ပြီးနောက် တဆက်တည်းပင် တိုးညှင်းသောလေသံဖြင့် ဆက်ပြောလိုက်သည်။

"ကျုပ်ကို ဆရာဝမ်ယုလွှတ်ထားတာပါ၊ အကြောင်းရင်း မြန်မြန်ပြောပါ"

ဤတွင် ယိဖုံးက လက်ထဲမှစာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားယင်း ပြန်ပြောလိုက်သည်။

"ဘာမှ မထူးပါဘူး"

ရသေ့၏မျက်လုံးအစုံက သူမ၏လက်ထဲမှ စက္ကူလိပ်ဆီသို့ ရောက်သွားသည်။

"မိန်းကလေးလက်ထဲက ဘာလဲ"

ယိဖုံး မျက်နှာပျက်သွားသည်။

"ဟို..ဒါ..ဒါက ကံကောင်းစေတဲ့ အဆောင်ပစ္စည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



**သူမသည်** ဟန်ဆောင်တတ်ပုံမပေါ်ပါ။

သူမ၏မျက်နှာတွင် ထူးခြားသည့် အသွင်အပြင်များကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။

ထို့ကြောင့် သူမ လိမ်ညာပြောသည်ကို ရသေ့ကြီးက မ စားမိလိုက်သည်။

ရသေ့ကြီးက ရှေ့သို့ခြေတစ်လှမ်းနှစ်လှမ်း ရွေ့လျားလိုက် သည်နှင့် ယိဖုံးသည် လမ်းကြားတစ်ခုအတွင်းသို့ ကွေ့ဝင်သွား တော့ သည်။

တစ်နေရာတွင် သူတောင်းစားအသွင် ရုပ်ဖျက်ထားသော အထောက်တော်တစ်ယောက် ရှိနေသည်။

သူတောင်းစားက သူတို့နှစ်ယောက်၏ လှုပ်ရှားမှုကို သ ပြုမိလိုက်သဖြင့် မသိမသာဖြင့် ယိဖုံးအနီးသို့ ချဉ်းကပ်လာသည်။

ယိဖုံးမှာ သူတောင်းစားယောင် ဆောင်သူသည် ဝမ်ယု တပည့်ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် အနီးသို့တိုးကပ်သွားပြီး လေသံဖြင့် ပြောလို သည်။

"မြို့ပြင်အနောက်ဘက်က မိုးနဂါးဘုံကျောင်းကို အမြန် လိုက်ခဲ့ပါ"

သူမက ညာဘက်မှာကိုင်ထားသည့်ဓာကို ဘယ်ဘက် ပြောင်းကိုင်လိုက်ပြီး ခြင်းတောင်းကို ညာဘက်သို့ပြောင်းကိုင်ယင်း ကျင်းပုံကို လူယောင်ပြခေါ် သွားခဲ့သည်။

သူတောင်းစားလုပ်သူက စဉ်းစားမနေအားပါ။



သူမနောက်သို့ မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်သွား ခဲ့သည်။

ရှေ့ဆုံးမှ လိုက်ပါနေသော သူတောင်းစားတလည်း နောက် လူများသိစေရန် စက္ကူဖြူရာစ်ခုပေါ်တွင် အလျင်အမြန်ရေးခြစ်ပြီး စက္ကူကို လုံးချေလျှက် ချထားခဲ့၏။

သူကမူ ယိဖုံးနောက်သို့ မသိမသာဖြင့် ဟန်မပျက် ဆက် လိုက်သွားခဲ့လေသည်။

နောက်မှ ရသေ့ကြီးက စက္ကူလုံးကို ကောက်ယူကာ အ လျင်အမြန် ဖတ်ရှုလိုက်၏။

ထို့နောက် ဆေးမြစ်ရောင်းသမားကို လှမ်းပေးယင်း ပြော လိုက်သည်။

"ဆရာဝမ်ယုထံ အမြန်သတင်းပို့လိုက်"

သူကိုယ်တိုင်ကမူ ဆက်၍နောက်ယောင်ခံလိုက်သွားခဲ့၏။

ဆေးမြစ်ရောင်းသမားနှင့် ဗေဒင်ဆရာတို့သည် ချက်ချင်း ချင်း နောက်ကြောင်းပြန်လှည့်သွားသည်။

ရသေ့ကြီးသည် နောက်မှလိုက်နေယင်း သူတောင်းစား အားမျက်ခြည်ပြတ်သွားသည်။

ရသေ့ကြီး မျက်မှောင်ကုပ်သွားသည်။

"ဘယ်ရောက်သွားပါလိမ့်"

သူက ဟိုဟိုသည်သည် ရှာဖွေကြည့်သော်လည်း သူ တောင်းစားအား မတွေ့ရပါ။

"မထူးပါဘူး မြို့အနောက်ဘက်ကို တန်းသွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ဆုံးဖြတ်ကာ မြို့အနောက်ဘက်သို့ ပြေးလွှားထွက်သွားသည်။

မကြာမီ အရိပ်ပင် မမြင်ရအောင် ပျောက်ကွယ်သွားတော့သည်။

ထိုအချိန်တွင် သူတောင်းစား တစ်ယောက်မှာမူ…

♠ ♠ ♠



## ကြွားလူ

သူတောင်းစားသည် လျှင်မြန်စွာဖြင့် လျှောက်နေ၏။

လမ်းချိုးတစ်ခုသို့ အရောက်တွင် လူတစ်ယောက်က ရှေ့သွားလမ်းကို ပိတ်ထားလိုက်သည်။

ထို့ကြောင့်…

သူတောင်းစားက သူ၏ခြေလှမ်းကို ရပ်တန့်လိုက်ရသည်။

လမ်းပိတ်ထားသူအား စိုက်ကြည့်ကာ…

"ခင်ဗျားက ကျုပ်သွားတဲ့လမ်းကို ဘာ့ကြောင့်တားရတာလဲ"

မကျေမနပ်ဖြင့် မေးမြန်းလိုက်သည်။

ထိုလူက တစ်ချက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရယ်မောသံသည် စူးရှကာ နားဝင်ဆိုးလှပေသည်။

ထိုလူက အတန်ကြာမှ ရယ်မောရာမှ ရပ်တန့်ကာ...

"မင်း အခုဘယ်သွားမလို့လဲ"

သူတောင်းစား မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ဘာသာ ဘယ်သွားသွား ခင်ဗျားအပူပါလို့လား"

ထိုလူက စိုက်ကြည့်လာပြီး...

"ဒီလမ်းထဲမှာ တောင်းရမ်းလို့ရမှာ မဟုတ်ဘူး။ မင်းက မြို့ထဲမှာမတောင်းရမ်းဘဲ လူရှင်းတဲ့နေရာကို ထွက်လာတာဟာ ထူးခြားမနေဘူးလား"

သူတောင်းစား မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထိုလူကိုလည်း မျက်လုံးပြူးတာ ကြည့်လိုက်၏။

ထိုလူက တစ်ချက်မဲ့ယင်း ဆက်ပြောလာသည်။

"ခုနက ဖြတ်သွားတဲ့ မိန်းကလေးက မင်းကိုဘာပြောသွားလဲ"

သူတောင်းစား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ထိုလူသည် အဘယ်ကြောင့် ဤအကြောင်းများကို သိထားပါသနည်း။

ထိုလူသည် မိမိတို့ လှုပ်ရှားမှုများကို အစအဆုံးစောင့် ကြည့်နေသည်ဟုလည်း ရိပ်စားမိလိုက်သည်။

တဆက်တည်းပင် အန္တရာယ်၏အငွေ့အသက်များကိုလည်း ခံစားမိလိုက်သည်။

သူတောင်းစား ပင့်သက်ရှိုက်လိုက်သည်။



"ဒါ ကျုပ်တို့ကိစ္စပါ"

ထိုလူ၏ မျက်နှာထားတင်းမာခက်ထန်သွားသည်။

"ဘာလဲ မင်းက မပြောချင်လို့လား။ ခုနကသွားတဲ့ မိန်းကလေးကို မသိဘူးလို့ ငြင်းချင်သေးလား"

သူတောင်းစား မချိုပြုံးပြုံးလိုက်သည်။

"သူ့နာမည်က ယိဖုံးလေ၊ ဒါကို လူတိုင်းသိတာပဲ"

ထိုလူက သူတောင်းစားထံသို့ တစ်လှမ်းချင်းတိုးကပ်လာနှိန်သည်။

"ဟေ့ ဒီမှာ စောစောက လမ်းမပေါ်မှာ မင်းက သူ့ဆီကို ခင်ပြီး စကားပြောတာတွေ့လိုက်တယ်၊ ဘာတွေပြောနေသလဲ၊ ငါ့ကို အမှန်အတိုင်းပြောစမ်း"

ထိုလူက သူတောင်းစားယောင်ဆောင်ထားသော အထောက်တော်အား အတင်းအကျပ်ပင်မေးနေသည်။

သူတောင်းစား သက်ပြင်းချလိုက်၏။

သူက ချောင်းတစ်ချက်ဟန့်ကာ...

"ခင်ဗျားက ကျုပ်တို့အကြောင်းတွေကို အတော်လေးသိနေပါလား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဒီဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ အကြောင်းတွေကို ငါမသိတာ ဘာမှမရှိဘူး"

သူတောင်းစား ပြုံးလိုက်သည်။

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုလူအား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"ဒါဖြင့် ကျုပ်တို့ကို ဘယ်လိုသတ်မှတ်ထားသလဲ"

ထိုလူက မဲ့ပြုံးပြုံးကာ...

"ယိုဖုံးနောက်က လိုက်ပါစောင့်ရှောက်ပေးနေတဲ့ ဝမ်ယွင်တပည့်တွေဆိုတာ ကျုပ်မသိဘဲ နေပါ့မလား"

သူတောင်းစား၏မျက်နှာပေါ်တွင် မယုံကြည်နိုင်သောဟန်များအထင်းသား ပေါ်လွင်လာသည်။

ထိုလူအား အထင်မသေးရဲတော့ပါ။

"ဟုတ်တယ်၊ ကျုပ်တို့က မင်းမှုထမ်းတွေပဲ၊ ဒါကို သိရက်နဲ့နှောင့်ယှက်ဖို့တာ အံ့ဩမိတယ်"

ထိုလူ နှာခေါင်းရှုံ့လိုက်သည်။

"အပိုစကားတွေ ပြောမနေနဲ့တော့ ကျုပ်မေးတာသာဖြေပါ၊ ဘာလဲ မင်းကနောက်မှ ရောက်လာမယ့် မင်းရဲ့အဖော်တွေကိုစောင့်ပြီး ငါ့ကိုရင်ဆိုင်ချင်တာလား"

သူတောင်းစားက ထိုလူအား စေ့စေ့ကြည့်လိုက်သည်။

ထိုလူသည် အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားလေသည်။

ဆံပင်များ ဖရိုဖရဲဖြစ်နေပြီး မျက်နှာမှာ ခံစားမှုကင်းမဲ့ဟန်ဖြင့် သွေးဆုတ်ဖြူရော်နေ၏။

အတွေ့အကြုံရင့်ကျက်သူပီပီ ထိုလူသည် အလွန်ပါးလွှာသော မျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်ကို သိလိုက်လေသည်။

သူက ထိုလူအား စေ့စေ့ကြည့်ကာ...



"ခင်ဗျား ဘယ်သူလဲ"

ထိုလူ ဒေါသထွက်သွားသည်။

"ကျုပ်မေးတာသာ ဖြေပါ၊ ကျုပ်ကို ပြန်မမေးပါနဲ့"

သူတောင်းစားလည်း မခံနိုင်တော့ပါ။

"ကျုပ်ကို မင်းမှုထမ်းတစ်ယောက်ဆိုတာ သိသားနဲ့ နှောင့်ယှက်တာဟာ အတော်လွန်လွန်းနေပြီ၊ ခင်ဗျားကို အချုပ်ခန်းထဲထည့်လို့ရတယ်ဆိုတာ နားလည်ထားပါ၊ ခင်ဗျား ဒုက္ခမရောက်ချင်ယင် ဖယ်ပေးပါ"

ထိုလူက ဂရုမစိုက်ပါ။

သူတောင်းစားအား လက်ညှိုးထိုးကာ...

"မင်း ဘာကောင်ပဲဖြစ်ဖြစ်၊ ကျုပ်ဂရုမစိုက်ဘူး၊ ကျုပ်ကို ဘယ်သူမှ ဒုက္ခပေးလို့မရဘူး၊ မင်းသာ ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ မှတ်ထားပါ"

ထိုလူသည် တမင်တကာ နှောင့်ယှက်နေမှန်း သိလိုက်သောကြောင့် သူတောင်းစား၏မျက်နှာ တင်းမာခက်ထန်သွားသည်။

ထိုလူက အေးတိအေးစက်ဖြင့် ကြည့်နေသည်။

သူတောင်းစားကလည်း ပြန်လည်စိုက်ကြည့်နေ၏။

အတန်ကြာအောင် တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေမိကြသည်။

ပြီးမှ သူတောင်းစားက ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့်...

"ခင်ဗျားက အတော်ခေါင်းမာတဲ့လူပဲကိုး၊ လမ်းဖယ်မလားမဖယ်ဘူးလား ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ပခုံးတွန့်လိုက်သည်။

"ကျုပ်မေးတာမဖြေဘဲ မဖယ်ပေးနိုင်ဘူး"

"ဒီလိုဆိုယင်တော့ ကျုပ်အဆိုးမဆိုနဲ့တော့"

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်းအ ခပ်ထန်ထန်ကြုံးဝါးလိုက်သည်။

တဆက်တည်းပင် သူဝှက်၍ယူဆောင်လာသော သံတုတ် တစ်ချောင်းနှင့် သံကြိုးတစ်ချောင်းကို ဆွဲထုတ်ယူလိုက်သည်။

"ဟား..ဟား..ဟား"

ထိုလူက သဘောကျစွာ ရယ်မောလိုက်သည်။

သူတောင်းစားအား အထင်သေးစွာဖြင့်ကြည့်ကာ...

"မင်းက တယ်လည်းသတ္တိကောင်းပါလား၊ တခြားလူကို လုပ်လို့ရမယ်၊ ကျုပ်ကိုတော့ မရဘူး။ အခုလိုအန်တုတာဟာ မှားမှန်း မင်းနောင်တရလိမ့်မယ်"

သူ၏လေသံက အေးစက်တင်းမာလွန်းလှသည်။

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်းက စကားမပြောတော့ပါ။

ညာသံတစ်ချက်ပေးယင်း လက်ထဲမှ သံကြိုးကို ဝှေ့ယမ်း ကာ အနက်ရောင်ဝတ်ဆင်ထားသူအား အပိုင်ရိုက်ချလိုက်လေသည်။

သူ၏လှုပ်ရှားပုံမှာ လျှင်မြန်လွန်းလှသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားသူက ရှောင်တိမ်းသွား နိုင်သည်။

သူ၏လှုပ်ရှားမှုမှာ သူတောင်းစားထက်ပို၍ လျှင်မြန်နေ



သည် မဟုတ်ပါလား။

"ချွမ်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာသည်။

သံကြိုးရိုက်ချက်က အုတ်တံတိုင်းကိုသာ ထိ၏။

အနက်ရောင်ဝတ်ဆင်ထားသူက သိုင်းပညာအဆင့် မြင့် မားပုံရသည်။

သူ၏လှုပ်ရှားမှုမှာ ဝင်ထားသည်ထက်စာလျှင် ပို၍အဆင့် မြင့်ပေသည်။

"ဝှီး"

လေတိုးသံများ ထွက်ပေါ်လာသည်။

သူတောင်းစားဟန်ဆောင်ထားသော အထောက်တော်၏ သံကြိုးကိုင်ထားသော ညာဘက်လက်က လှုပ်ရှားလာပြန်သည်။

သို့တစေ...

အနက်ရောင်ဝတ်ဆင်ထားသူက လက်တစ်ဘက် ဆတ်ခနဲ တွန်းထုတ်လိုက်သည်။

"ဝုန်း"

"အင့်"

သူတောင်းစားယောင် ဆောင်ထားသော အမှုထမ်းမှာ နောက်သို့ယိမ်းယိုင်သွားသည်။

သူက ခန္ဓာကိုယ် တည့်မတ်အောင် ပြန်ထိန်းထားလိုက်၏။

ယင်းခဏမှာပင် အနက်ရောင်ဝတ်ဆင်ထားသူက ရင်ထိုတ် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကပျာကယာ နောက်ဆုတ်သွားရန်ဟန်ပြင်လိုက်၏။

ယင်းခဏမှာပင် အနက်ရောင်ဝတ်ဆင်ထားသူ၏ လက်ဟစ်ဘက်က သူတောင်းစား၏ လက်တစ်ဘက်ကို ဖတ်ခနဲ ဖမ်းဆွဲထားလိုက်သည်။

သူ၏လက်တစ်ဘက်မှာ ရုန်းကန်၍မရအောင် ဖြစ်သွားတော့၏။

အနက်ရောင်ဝတ်ဆင်ထားသူ ရယ်မောလိုက်၏။

"ကဲ ဒီလောက်ဆိုယင် မင်းသိလောက်ပါပြီ၊ ငါမေးတာကို မှန်မှန်ပြောပေတော့"

ပြောယင်း ကျန်သော သူ၏လက်တစ်ဘက်က သူတောင်းစားယောင်ဆောင်ထားသော အထောက်တော်၏ ဝမ်းဗိုက်ကို ကုတ်ဆွဲလိုက်သည်။

ထိုလူ၏ ကျစ်လစ်သန်မာသော လက်ငါးချောင်းဖြင့် ဝမ်းဗိုက်ကို ကုတ်ဆွဲဖျစ်ညှစ်ခြင်းအဏီကို မရှိအောင်ခံလိုက်ရသည်။

"ချွမ်း"

သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်း၏လက်မှ နံကြိုးသည် လွတ်ကျသွားတော့၏။

သူ၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ကျဆင်းလာလေတော့သည်။

ထို့နောက်...

ထိုလူက သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်းအားလွှတ်ပေးလိုက်သည်။



ပြီးနောက် ပြင်းထန်သော လက်သီးတစ်လုံးကို သူ၏ရင်ဝသို့ ပစ်သွင်းလိုက်သည်။

"ဘုန်း"

"အွန့်"

သူတောင်းစားယောင်ဆောင်ထားသော အမှုထမ်းမှာ မသဲမကွဲညည်းညူလိုက်၏။

ထို့နောက် ခွေခွေကလေး လဲကျသွားတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူက အေးတိအေးစက် လေသံဖြင့်...

"မင်းကို ငါအခွင့်အရေးပေးမယ် ယိဖုံး မင်းကို ဘာပြောသွားသလဲ"

သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်း၏မျက်နှာ ရှုံ့မဲ့နေ၏။

သူက မနိုင်မှန်းသိ၍ အားမတန်သဖြင့် မာန်လျှော့ကာ ပြောကြားလိုက်သည်။

"မြို့အနောက်ဘက်က ဝါးတောလို့ပြောသွားတယ်"

အနက်ရောင်ဝတ်ဆင်ထားသူ ပြုံးလိုက်၏။

ဟန်မူရာကင်းမဲ့သော အပြုံးမျိုးပင်ဖြစ်သည်။

"မင်းက ငါ့ကို လိမ်ချင်တယ်ပေါ့ ဟုတ်လား၊ ကဲကွာ ဒီလောက်တောင် လိမ်ချင်ဦး"

ထိုလူက ပြောယင်း စိတ်ရှိလက်၌ ထိုးကြိတ်ကန်ကျောက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျာ"

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်းမှာ နာကျင်စွာအော်ဟစ်ယင်း လူးလှိမ့်ကာ တစ်ကိုယ်လုံး အညိုအမည်း စွဲသွားတော့သည်။

နာကျင်လွန်းသဖြင့် သတိလစ်မေ့မြောမတတ် ခံစားလိုက်ရသည်။

အနက်ရောင်ဝတ်ဆင်ထားသူက...

"ဒီတစ်ခါ လိမ်ပြောယင် ကျုပ်က မင်းရဲ့ခြေလက်တွေကို ချိုးပစ်မယ်၊ မင်းရဲ့လျှာကိုလည်း ဖြတ်ပစ်မယ်၊ ကဲ ပြောမှာလား မပြောဘူးလား"

သူ၏အသံသည် ခက်ထန်တင်းမာနေ၏။

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်း ရင်ထိတ်သွားသည်။

အနက်ရောင် ဝတ်ဆင်ထားသူသည် ပြောသည့်အတိုင်း တကယ်လုပ်မည့်သူဖြစ်ကြောင်း သူကနားလည်လိုက်ပြီဖြစ်သည်။

ထို့ကြောင့် ကြောက်ကြောက်ရွံ့ရွံ့ဖြင့်...

"ကျုပ်..ကျုပ်ပြောပါ့မယ်ဗျာ"

အနက်ရောင်ဝတ်ဆင်ထားသူ ပြုံးလိုက်၏။

သူက ကျေနပ်သွားဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး

"ဒါဖြင့် ပြောပါ"

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်းက မျက်စိစုံမှိတ်ကာ ပြောချလိုက်၏။



"မြို့ပြင် ၈ မိုးနဂါးဘုံကျောင်း"

သူက အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက သူ့အားစူးရဲစွာ စိုက်ကြည့်လိုက်သည်။

"မင်း သေချာတယ်နော်"

အမှုထမ်း ခေါင်းညိတ်လိုက်၏။

"သေချာပါတယ်ဗျာ၊ ကျုပ်မလိမ်ရဲပါဘူး"

အနက်ရောင်ဝတ်ထားသူ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ထို့နောက်...

အကျီရင်ဘတ်ကြားမှ ပစ္စည်းတစ်ခုအား ဆွဲထုတ်လိုက်လေသည်။

"ဟင်"

ထိုပစ္စည်းကိုမြင်လျှင် သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်း မျက်လုံးပြူးသွားလေသည်။

ထိုပစ္စည်းမှာ ဓားပါးလေးတစ်လက်ဖြစ်နေသည်။

သူက အနက်ရောင်ဝတ်ဆင်ထားသူအား အထိတ်တလန့်ကြည့်ကာ...

"ခင်..ခင်ဗျား ဘာလုပ်မလို့လဲ၊ ကျုပ် အမှန်အတိုင်းပြောတာပါ"

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်၏။

"မင်း အမှန်အတိုင်းပြောမှန်း သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမြင့်"

အနက်ရောင်ဝတ်ဆင်ထားသူ၏ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်ထွက်လာ၏။

"တခြားတစ်ယောက်က မေးယင်လည်း မင်းကအမှန်အတိုင်းပဲ ပြောမှာမဟုတ်လား၊ ဒီအတွက် နောက်ကြောင်းရှင်းအောင် ကျုပ်က ဟောဒီဓားကလေး လက်ဆောင်ပေးမလို့ပါ"

ထိုစကားကြောင့် သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်း အထိတ်တလန့်ဖြစ်သွားလေသည်။

သူက ကပျာကယာ ကုန်းရုန်းထရန် ပြင်လိုက်၏။

ထိုခဏမှာပင် အနက်ရောင်ဝတ်ဆင်ထားသူ၏လက်ထဲမှ ဓားပါးလေးသည် သူ၏ရင်ဝအား ထိုးဖောက်သွားတော့သည်။

"အား"

သူတောင်းစားဟန်ဆောင်ထားသော အမှုထမ်း နာကျင်စွာ အော်လိုက်၏။

ထို့နောက် မြေပေါ် ပုန်းခနဲ ပြန်လဲကျသွားသည်။

သူ၏ရင်ဝ အသည်းနှလုံးနေရာ၌ ဓားပါးလေးမှာ စိုက်ဝင်နေသည်။

ယခုတစ်ကြိမ်တွင် သူသည် မည်သည့်အခါမှ ပြန်ထလာနိုင်တော့မည် မဟုတ်ပါချေ။

အနက်ရောင်ဝတ်ဆင်ထားသူက ဓားပါးလေးအား ဆွဲနုတ်ယူလိုက်၏။

သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော အမှုထမ်း၏



အလောင်းကို တစ်ချက်ကြည့်လိုက်သည်။

"ကျုပ်ကိစ္စထဲ ဝင်ရှုပ်သူမှန်သမျှ ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်ဘူး"

တိုးတိုးပြောယင်း ကျောခိုင်းထွက်ခွာသွား၏။

မကြာမီ...

လူရှင်းသော လမ်းကြားကလေးအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လူလည်ကျင်းပွဲ

မြို့ပြင်အနောက်ဘက် မိုးနဂါးဘုံကျောင်း။

မိုးနဂါးဘုံကျောင်းမှာ လူသူစွန့်ပစ်ထား၍ ပျက်စီးယိုယွင်းနေပြီဖြစ်သည်။

လူသွားလူလာ မရှိသလောက်ပင်။

ယခင်က လူသွားလူလာ မပြတ်ခဲ့ပါ။

မိုးနဂါးဘုံကျောင်းသည် အမြဲလိုလို စည်ကားနေတတ်သည်။

ယခုမူ...

မိုးနဂါးဘုံကျောင်းအား မြို့ထဲ၌ပင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသောကြောင့် မြို့ပြင်သို့ သွားလာသူမရှိတော့၍



ထို့ကြောင့် အချိန်ကြာမြင့်လာသောအခါ မြို့ပြင် မိုးနဂါးဘုံကျောင်းမှာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိတော့၍ တဖြည်းဖြည်းပျက်စီးယိုယွင်းလာခဲ့တော့သည်။

မိုးနဂါးဘုံကျောင်းပျက်သို့ မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်။

ထိုမိန်းကလေးသည် ယိဖုံးပင်ဖြစ်သည်။

သူမသည် ဘုံကျောင်းပျက်ဝန်းကျင်ကို အတန်ကြာအောင် အကဲခတ် ကြည့်ရှုနေလိုက်၏။

လူသူကင်းမဲ့လျက် အလွန်အမင်း တိတ်ဆိတ်နေသည်။

ထို့ကြောင့်....

ယိဖုံးက ဘုံကျောင်းပျက်အတွင်းသို့ မဝင်သေးဘဲ အဝင်ဝတွင်ရပ်လျက်...

"ကျင်းပွဲ...ကျင်းပွဲ"

ဟု အော်ခေါ် လိုက်သည်။

သို့သော် မည်သည့်အသံမျှ မကြားရချေ။

ဘုံကျောင်းပျက်အတွင်း၌ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေတော့၏။

သူမသည် မိမိကိုယ်ကို အားတင်းသည့်အနေဖြင့် တိတ်တဆိတ်ယူဆောင်လာသော ဓားမြှောင်နှစ်လက်ကို ထုတ်ပြီး အသင့်ကိုင်ဆောင်ထားလိုက်သည်။

ထို့နောက်...

ဘုံကျောင်းပျက်အတွင်းသို့ ဖြည်းညင်းစွာ တစ်လှမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာခဲ့သည်။

ဘုံကျောင်းပျက်အတွင်းသို့ ရောက်ရှိသည်နှင့် ယိဖုံးသည် ခြေလှမ်းရပ်လိုက်သည်။

သူမသည် တစ်စုံတစ်ခုသော အသံကိုကြားလိုက်ရသည်ဟု ထင်မိသည်။

ထို့အပြင် ညှီစို့စို့အနံ့များကိုလည်း ရရှိလိုက်သည်။

သူမသည် ဖျို့အန်ချင်သလို ဖြစ်လာသည်။

သို့သော်...

အားတင်းကာ ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျှက် နားမျက်စိရှင်ရှင်ထားကာ အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ မည်သည့်အသံမျှ ပေါ်ထွက်လာခြင်းမရှိဘဲ တိတ်ဆိတ်သွားခဲ့ပြန်သည်။

ဘုံကျောင်းပျက်အတွင်းပိုင်းသည် မှောင်နေသည်မို့ ဘာမျှမမြင်ရပါချေ။

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

သူမက အားတင်းကာ အသံပြုလိုက်သည်။

မရှေးမနှောင်းမှာပင် ကုတ်ခြစ်သံများ ထွက်ပေါ်လာပြီး အဖြူရိပ်တစ်ခုသည် သူမ၏တူရူဆီသို့ ရိပ်ခနဲခုန်လွှားရောက်ရှိလာတော့သည်။

"ဟင်"

ယိဖုံးသည် ကြောက်အားလန့်အားဖြင့် ဓားနှစ်လက်ကို ဝှေ့ယမ်းလျှက် မိမိကိုယ်ကို ကာကွယ်လိုက်သည်။



သို့သော် ဓားနှစ်လက်ကို ဝှေ့ယမ်းယင်း ဟန်ချက်ပျက်ကာ သူမသည် ဖင်ထိုင်လဲကျသွားတော့၏။

ပထမဆုံး တွေ့လိုက်ရသည်မှာ ဖြူဖွေးသော ဝက်ဝံတစ်ကောင်၏ အစွယ်ငေါငေါနှင့် ပါးစပ်ကြီးသည် သူမနှင့် တစ်ပေကျော်ကျော်ခန့်အလိုလိုသို့ ရောက်ရှိလာသည်ကို ထိတ်လန့်စွာ တွေ့မြင်လိုက်ရသည်။

"အမယ်လေး"

ယိဖုံး အထိတ်တလန့်ဖြင့် ငယ်သံပါအောင် အော်လိုက်မိသည်။

"ဂရား...ဂရား"

ဝက်ဝံဖြူကြီးကလည်း ဒေါသတကြီး အော်လိုက်၏။

သို့သော် သူကရှေ့သို့ တစ်လက်မမျှပင် တိုးမလာပါချေ။

အဘယ်ကြောင့် ထိုနေရာတွင် ရပ်တန့်သွားသည် မသိရပါ။

ဝက်ဝံဖြူသည် ဒေါသထွက်လျှက် ယိဖုံးအား ကုတ်ခြစ်၍ အတင်းရုန်းကန်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့်...

ယိဖုံးမှာ နောက်သို့ အလျှင်အမြန်ဆုတ်လိုက်မိသည်။

မလှမ်းမကမ်းရောက်မှ အသေအချာ ပြန်ကြည့်လိုက်လေသည်။

"ဘုရား...ဘုရား ကံသိပေလို့ သံကြိုးနဲ့ချည်ထားလို့ပေါ့ ...သေးရဲ့ နို့မဟုတ်ယင်တော့ ဒုက္ခရောက်မှာ သေချာတယ်"

သူမက ဝက်ဝံဖြူ၏လည်ပင်းတွင် သံကြိုးချည်နှောင်ထား

www.burmeseclassic.com



သည်ကို သတိပြုမိတော့မှ စိတ်သက်သာရာရသွားလေသည်။

သို့တိုင်အောင် ဝက်ဝံဖြူသည် သူမအား ကုတ်ခြစ်ကိုက်ဖဲ့ရန် အတင်းကြိုးစားနေသည်။

သူမက လက်ထဲမှ ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ယင်း သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

ဤတွင်မှ ဝက်ဝံဖြူ၏ မျက်လုံးနှစ်ဘက်စလုံး ကန်းနေကြောင်းသိရတော့၏။

သူမသည် လူရှိတန်သေဆုံးသွားသည့်သတင်းကို ကြားသိထားရာ တအံ့တသြဖြစ်သွားမိသည်။

"ဟင်.. ဒီဝက်ဝံဖြူဟာ လူရှိတန်ကို ကိုက်သတ်ပစ်တဲ့ ဝက်ဝံဖြူကြီးနဲ့တူလိုက်တာ"

သူမက လွတ်ခနဲ ရေရွတ်လိုက်သည်။

ဝက်ဝံဖြူကြီးက လည်ပင်းတွင် သံကြိုးဖြင့် ချည်နှောင်ထားသည့်တိုင် လူစိမ်းနံ့ရပြီး ကိုက်သတ်ရန် အတင်းပင် ရုန်းကန်နေ၏။

ဝက်ဝံဖြူတွင် သံကြိုးချည်နှောင်ထားသဖြင့် လူကို ဒုက္ခမပေးနိုင်မှန်း ယိဖုံးက နားလည်လိုက်သည်။

သို့အတွက် ဝက်ဝံဖြူကို မိမိ၏ဓားနှစ်လက်ဖြင့် ထိုးသတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

ဘုံကျောင်းပျက် အပြင်ဘက်မှ စကားပြောသံတစ်ချက် ကြားလိုက်ရသည်။

"မင်းပြောတာ သိပ်မှန်တယ်၊ အဲဒါ လူရှိတန်ကို ကိုက်သတ်



ခဲ့တဲ့ ဝက်ဝံဖြူအစစ်ပဲ"

ယိဖုံး ရင်ထိတ်သွားသည်။

ကမန်းကတန်းပင် အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ဤတွင် အဘွားအိုတစ်ဦးသည် ဘုံကျောင်းပျက်အတွင်း ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

အသံမှာ ယောကျ်ားသံဖြစ်နေသည့်အတွက် ထိုအဘွားအိုမှာရုပ်ဖျက်ထားသော ကျင်းပုံ့ပင် ဖြစ်ရမည်ဟု ယိဖုံးက တွက်ဆမိလိုက်သည်။

ပုံသဏ္ဌာန်က ယောကျ်ားမပီ၊ မိန်းမမကျ အကြည့်ရဆိုးလှသည်။

အကျည်းတန်သည်ဟုဆိုက ပို၍မှန်ကန်ပေမည်။

ယိဖုံးက အဘွားအိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

"ရှင်က ကျင်းပုံ့မဟုတ်လား"

ဟုမေးလိုက်သည်။

ထိုအခါ အဘွားအိုက သဘောကျစွာ ရယ်မောလိုက်လေသည်။

တဆက်တည်းပင် မျက်နှာပေါ်မှ သားရေမျက်နှာဖုံးတစ်ခုကို ခွာချလိုက်၏။

ဤတွင် ကျင်းပုံ့၏ အရုပ်ဆိုးသော မျက်နှာကြီးပေါ်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပွဲက ယိဖုံးအား စေ့စေ့ကြည့်ကာ...

"ဒီလိုကျတော့လည်း မိန်းကလေးက ကျုပ်ကို မှတ်မိသေး ပဲကိုး"

ကျင်းပွဲက ကျယ်လှသော ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲလျှက် သဘောကျစွာဖြင့် ရယ်မောနေတော့၏။

ယိဖုံးကို မတွေ့ရသည်မှာ နှစ်လ ကြာရှည်ခဲ့ပြီ မဟုတ် ပါလား။

ယိဖုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မကို ဒီနေရာမှာ ချိန်းတာက ဘယ်လိုသဘောလဲ"

ကျင်းပွဲက ရယ်ကျဲကျဲဖြင့်...

"ဘယ်သူမှ မသိအောင်လို့ပါ၊ တော်ကြာ ကျုပ်တို့အကြော စည်တွေကို တခြားလူက သိသွားမှာစိုးလို့ပါ"

ယိဖုံးက...

"ကျွန်မရဲ့အစ်မကို ကယ်တင်နိုင်မယ့်နည်းလမ်း ရှိတယ် ဟုတ်လား"

ကျင်းပွဲ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘယ်လိုနည်းလမ်းမျိုးလဲ၊ မြန်မြန်ပြောစမ်းပါရှင်"

သူမက အလောတကြီး မေးလိုက်၏။

ကျင်းပွဲ ပြုံးလိုက်သည်။

"ညီမကလည်း ဘာကြောင့် လောနေရတာလဲ၊ စောစော ဖြုတ် ဆိုင်ပါဦး"



ပြောပြောဆိုဆိုပင် ကျင်းပွဲက နှစ်ယောက်ထိုင်ရန်အတွက် နေရာရှင်းလိုက်၏။

ထို့နောက် အေးအေးလူလူပင် ထိုင်ချလိုက်သည်။

ယိဖုံးက မထိုင်ပါ။

သူမက အစ်မဖြစ်သူအား ကယ်တင်နိုင်မည့် နည်းလမ်းကို အလွန်ပင်သိချင်နေမိသည်။

ကျင်းပွဲကတော့ အေးတိအေးစက် ဟန်မူရာဖြင့်ရှိနေလေ သည်။

သူ့အားကြည့်ရင်း ယိဖုံး စိတ်မရှည်နိုင်တဲ့ ဖြစ်သွားလေ သည်။

"ကဲ..ရှင်ပြောမယ့်စကား ပြောမှာဖြင့် မြန်မြန်ပြော၊ မိန်း ကလေးတစ်ယောက်တည်း ဒီလိုနေရာမျိုးမှာ မသင့်လျော်ဘူးရှင့်"

သူမက မကျေမနပ်ဖြင့် ပြောလိုက်၏။

"ညီမကို မတွေ့ရတာ အတော်ကြာပြီနော်၊ ညီမက အရင် ကထက် ပိုလှလာတယ်"

ကျင်းပွဲက သူပြောလိုရာကိုသာ ဇွတ်ပြောနေ၏။

"ဒီမှာ ရှင် ဒီအကြောင်းတွေ ပြောချင်လို့လား"

ယိဖုံးက ခပ်ငေါက်ငေါက်လေး ပြောလိုက်၏။

"ဟဲ...ဟဲ...ဟဲ"

ကျင်းပွဲက အခြောက်တိုက် ရယ်မောလိုက်သည်။

ယိဖုံး အားမလိုအားမရဖြင့် စိတ်မရှည်နိုင်အောင် ဖြစ်မိ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင်က အမူအရာတွေ အမျိုးမျိုးလုပ်ပြမနေနဲ့၊ ရှင် အမူအရာတွေကို ကြည့်ရအောင် လာခဲ့တာ မဟုတ်ဘူး"

"ကြော်..ညီမရယ်၊ ကျုပ်က ညီမအပေါ် ဘယ်လောက် ယောဇဉ်ကြီးသလဲဆိုတာ ညီမ သိသင့်ပါတယ်"

ယိဖုံး ဒေါပွလာသည်။

"ရှင် တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ ဒီဝက်ဝံဖြူ ရှင့် လက်ထဲ ဘယ်လိုရောက်လာရတာလဲ"

ကျင်းပွဲ ရယ်မောလိုက်၏။

"သူ့ကို ကျုပ်က အသက်နဲ့လဲပြီးခေါ်ခဲ့ရတာ၊ ကံသီလို့ သေတယ်၊ ဒါပေမယ့် အခုတော့ ကျုပ်မိတ်ဆွေဖြစ်နေပါပြီ"

ကျင်းပွဲက ပြောပြောဆိုဆို ဝက်ဝံဖြူဘက်သို့ မျက်ခုံး လှုပ်လိုက်သည်။

"ဟော့ကောင် ဖြူ၊ ငါ့ကို သိတယ်မဟုတ်လား"

ကျင်းပွဲ၏အသံ ကြားလိုက်သည်နှင့် ဝက်ဝံဖြူသည် ဓား စောက ရိုင်းစိုင်းသော ကြမ်းတမ်းသောအသွင်လက္ခဏာများ ရှည် ခြည်းပျောက်ကွယ်သွားပြီး ယဉ်ပါးသည့် ခွေးလိမ္မာတစ်ကောင်ပမာ သခင်၏အနားတွင် အသာအယာဝပ်တွားလျက် နေသည်။

ဤသည်ကို တွေ့ရလျှင် ယိဖုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။

ကျင်းပွဲက ဝက်ဝံဖြူအား ပွတ်သပ်ပေးလိုက်ပြီး...

"တွေ့တယ်မဟုတ်လားညီမ၊ ကျုပ်မိတ်ဆွေဘယ်လောက် လိမ္မာတယ်ဆိုတာ မျက်မြင်ပဲ၊ ဒါပေမယ့် ဒီကောင်ကြီးက အရှေ့



အစားကြီးတယ်၊ လူငါးယောက်စာကို တစ်ခါတည်းစားနိုင်တယ်၊ ကြာ ရင်တော့ ကျုပ် မွဲပြာဖြစ်သွားမှာ သေချာတယ်။ ဒါပေမယ့် တစ်နေ့ နေ့ တစ်ချိန်ချိန်မှာတော့ ကျုပ် သူ့ရဲ့အစာ ဖြစ်မလား၊ သူကပဲ ကျုပ် ရဲ့အစာဖြစ်မလားဆိုတာ မပြောတတ်ဘူး"

ကျင်းပွဲသည် ဝက်ဝံဖြူအကြောင်းကို အမွှန်းတင်ပြော ကြားယင်း အချိန်ဆွဲနေ၏။

"ကဲ..ဒီလောက်လေရှည်ရယင် တော်ရောပေါ့။ လိုရင်းကို ပြောယင် ကောင်းမယ်"

ယိဖုံးက သည်းမခံနိုင်သည့်အဆုံး ဖြောင့်ပင်ဖွင့်ပြောလိုက် လေသည်။

ကျင်းပွဲ၏မျက်နှာ တည်သွားသည်။

"ညီမက ဒီလောက်လောနေမှတော့ ကျုပ်ပြောပြပါ့မယ်"

သူက ချောင်းတစ်ချက် ဟန့်တားယင်း စကားဆက်လိုက် သည်။

"ယိစင်းဖန်းနဲ့ ချီအင်းတို့ မလွှပ်သာအောင် ကျုပ်က မင်း မှုထမ်းဌာနကို စာတစ်စောင်ပို့ခဲ့တယ်၊ အခုဆိုယင် သူတို့နှစ်ယောက် ရဲ့ကံကြမ္မာဟာ ကျုပ်လက်ထဲမှာပဲရှိနေတယ်၊ ကျုပ်လက်ခုပ်ထဲက ရေလို သွန်လိုသွန် မှောက်လိုမှောက်နိုင်တယ်လေ"

ယိဖုံးမှာ ကျင်းပွဲအား စိတ်ထဲမှ အတော်လေးရွံ့မုန်းသွား မိလေသည်။

သူမက မဲ့ပြုံးပြုံးယင်း...

"မမနဲ့ အစ်ကိုကြီးချီအင်းတို့ဟာ ဘယ်နည်းနဲ့မှ တရားခံ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးဆိုတာ ကျွန်မသိထားတယ်၊ ရှင်ရှောက်လုပ်လို့ သူ့ကို ပြီးခုကွဲရောက်ရတာ၊ ရှင်ဟာ အတော်အကျင့်မကောင်းတဲ့လူပဲ"

သူမက ဒေါသသံလေးဖြင့် ပြောလိုက်သည်။

သို့သော်....

ကျင်းပွဲက စိတ်ဆိုးဟန်မပြဘဲ ရယ်ကျဲကျဲမျက်နှာထားပြီး

"ဟဲ..ဟဲ..ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ကံကြမ္မာ အဆိုးအကောင်းဟာ ကျုပ်လက်ထဲမှာ ရှိနေတယ်၊ ကျုပ်သာ ဒီအတိုင်း လက်ပိုက်ကြည့်နေမယ်ဆိုယင် သူတို့နှစ်ယောက်စလုံး လူ့သတ်မှုနဲ့ သေဒဏ်အပြစ်ပေးခံရမှာ သေချာတယ်"

ကျင်းပွဲ၏ ဟန်တစ်လုံးပန်တစ်လုံး ခြောက်လှန့်သည့်စကားလုံးများကြောင့် ယိဖုံး၏မျက်နှာသည် ဣန္ဒြေပင် မဆောင်နိုင်သကွက်ခနဲ ပျက်သွားသည်။

အကင်းပါးလွန်းသော ကျင်းပွဲသည် လျှို့ဝှက်စွာ ပြုံးလိုက်မိသည်။

ထို့နောက် ဟန်မပျက် နှစ်သိမ့်စကား ပြောလိုက်လေ၏

"ဒီလောက်လည်း စိုးရိမ်မသွားပါနဲ့ ညီမရယ်၊ ညီမနဲ့ကျုပ်မြို့စားကြီးထံအတူသွားပြီး လူသတ်တရားခံဟာ သူတို့နှစ်ယောက်မဟုတ်တဲ့အကြောင်း အစစ်ခံလိုက်ယင် ဒီကိစ္စဟာ ချက်ချင်းပြီးပြတ်သွားမှာပါ၊ ဘယ်လိုသဘောရသလဲ"

ကျင်းပွဲက ဘူ့စကားကို ဆက်ပြောယင်း မေးလိုက်သည်။

ယိဖုံးသည် ကျင်းပွဲ၏စကားကိုကြားရလျှင် ဝမ်းသာအားရဖြစ်သွားမိသည်။



"ဒါဆိုယင် ကျွန်မတို့ အခုသွားကြယင် ကောင်းမယ်"

သူမက လောဆော်လိုက်၏။

ကျင်းပွဲ၏မျက်နှာ ဖြူးဖြီးဖြီးဖြစ်သွား၏။

"သွားတာပေါ့ ညီမရယ်"

သူက ပြောယင်း ယိဖုံး၏လက်ကလေးအား ဆုပ်ကိုင်လိုက်လေသည်။

ယိဖုံးက ဆတ်ခနဲ ရုန်းထွက်ကာ နောက်ဆုတ်ရှောင်တိမ်းလိုက်သည်။

ကျင်းပွဲအား ခပ်စိမ်းစိမ်းကြည့်ကာ..

"ရှင် ဒါဘာလုပ်တာလဲ"

ဒေါသတကြီး မေးလိုက်လေသည်။

ကျင်းပွဲက ဘက်ပြင်းချကာ...

"ကျုပ်က ညီမကို မေတ္တာရှိနေတာ ကြာပါပြီ၊ လက်ကလေးတော့ ကိုင်ခွင့်ရှိမယ် ထင်ပါတယ်"

ယိဖုံး အံကြိတ်လိုက်သည်။

"ရှင်ဟာ အခွင့်အရေးသမားတစ်ယောက်ပဲ၊ ကျွန်မ အခုလိုက်လိုက်လျှောလျှော ဆက်ဆံတာဟာ ကျွန်မရဲ့အစ်မကိစ္စကြောင့်ဆိုတာ မှတ်ထား၊ နို့မဟုတ်ယင် ရှင့်ကို မျက်နှာချင်းတောင် မဆိုင်ဘူး"

"ဖြော်..ပြောရက်လိုက်တာ ညီမရယ်၊ ကျုပ်ကညီမအပေါ်မေတ္တာရှိသလောက် ညီမကတော့ ကျုပ်အပေါ် အတော်စိမ်းကားနိုင်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပွဲက အပျော့ဆွဲလေသံလေးဖြင့် ပြောကာ ထရပ်လာလေသည်။

ယိဖုံးက အလစ်မပေးပါ။

သူမက ဓားနှစ်လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ပြီး...

"ရှင် ရှေ့တိုးမယ်မကြံနဲ့၊ ဓားဖျားမှာ အသက်ပါသွားမယ် ရှင်က သိုင်းပညာ မတောက်တခေါက်တတ်ရုံနဲ့ ဘဝင်မြင့်ပြီး ထင်ရာလျှောက်လုပ်ဖို့ စိတ်မကူးနဲ့၊ ပြီးတော့ ရှင်သိအောင် ပြောရဦးမယ်"

ကျင်းပွဲက မျက်မှောင်ကုပ်ယင်း...

"ဘာများပါလိမ့်"

ယိဖုံးက...

"ဒီအမှုကို ကိုင်တွယ်တဲ့လူဟာ အာဏာသားခေါင်းဆောင်ဝမ်ယု ကိုင်တိုင်သာမကဘဲ သိုင်းလောကလူစွမ်းကောင်း တစ်ယောက်လည်း ပါသေးတယ်၊ သူ့နာမည်က ဟန်ထင်းရှိလို့ခေါ်တယ် သိုင်းပညာ သိပ်တော်တာ၊ ရှင် ကောင်းကောင်းသတိထားနေပါ"

တခြားယောကျ်ားတစ်ယောက်အပေါ် ယိဖုံးက အထင်ကြီးတလေးတစားဖြင့် ပြောလာသောကြောင့် ကျင်းပွဲ ဒေါပွသွားမိလေသည်။

သူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဟန်ထင်းရှိ သိုင်းပညာဘယ်လောက်တော်တော် ကျုပ်ဂရုမစိုက်ဘူး၊ အခု ပြဿနာမှာ သူ့ဘာများ တတ်နိုင်မှာတဲ့လဲ၊ ညီမအနေနဲ့ သူများကို အရမ်းအထင်မကြီးသင့်ဘူး"



"အထင်ကြီးတော့ကော ဘာဖြစ်လဲ၊ ဟန်ထင်းရှိဟာ တကယ့်ထူးချွန်ထက်မြက်တဲ့ လူတော်တစ်ယောက်ပဲ"

"တိတ်စမ်း"

ကျင်းပွဲက ဒေါသတကြီး အော်ဟစ်လိုက်၏။

သူ၏မျက်နှာတစ်ခုလုံးလည်း တင်းမာခက်ထန်သွားသည်။

"မင်းက သူ့ကိုအထင်ကြီးပြီး ကျုပ်ကို အထင်သေးတယ်ပေါ့ ဟုတ်လား၊ ကျုပ်ကို အထင်သေးယင် မှားမယ်ဆိုတာ မှတ်ထားပါ"

ယိဖုံး ခေါင်းခါယမ်းလိုက်သည်။

"ရှင့်ကို ကျွန်မ လုံးဝအထင်မကြီးဘူးဆိုတာ သိထားစမ်းပါ၊ ကဲပါ ရှင် ကျွန်မနောက်သာ အေးအေးဆေးဆေး လိုက်ခဲ့ပါတော့"

"ဟား..ဟား..ဟား"

ကျင်းပွဲ ဟားတိုက်ရယ်မောလိုက်၏။

ထို့နောက် လေသံမာမာဖြင့်...

"မင်းခေါ်တဲ့နောက်ကို ကျုပ်က လိုက်ရမယ် ဟုတ်လား၊ အတော် ရယ်စရာကောင်းတာပဲ"

"ရှင်လိုက်မလား၊ မလိုက်ဘူးလား"

ကျင်းပွဲက သူမအား စေ့စေ့ကြည့်ကာ...

"ကျုပ် မလိုက်ဘူးဆိုယင်ကော"

ယိဖုံး ဒေါသထွက်လာသည်။

လက်ထဲမှဓားအား တစ်ချက်ဝှေ့ယမ်းယင်း...

"ကျွန်မ ကောင်းကောင်းခေါ်နေတာ မလိုက်ယင်တော့ ရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့နည်းနဲ့ခေါ်သွားရလိမ့်မယ်"

ထိုစကားကြောင့် ကျင်းပွဲ ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲသွားတော့သည်။

"ဩော်..မင်းက ကျုပ်ကိုဖမ်းလားဆီးလား လုပ်ချင်တယ်ဆိုပါတော့"

ကျင်းပွဲက မထီမဲ့မြင် ရယ်မောယင်း အားမရသေးဘဲ သူ့စကားကို ဆက်ပြန်သည်။

"ကျုပ်က မင်းအပေါ် မေတ္တာရှိလို့ သည်းခံနေတယ်မှတ်ပါ။ မင်းကို ကြောက်နေတယ်လို့ မထင်လိုက်နဲ့ ကျုပ်သည်းမခံနိုင်ယင်တော့ မင်းမလွယ်ဘူး"

ကျင်းပွဲက ပြောယင်း တဖြည်းဖြည်း ရှေ့သို့ချဉ်းကပ်လာသည်။

သူ၏မျက်လုံးအိမ်ထဲတွင် ဒေါသမီးလျှံများဖြင့် ဝင်းဝင်းတောက်လျှက်ရှိသည်။

သူ၏ခြေလှမ်းများက သူ့ထံသို့ တစ်လှမ်းချင်းတိုး၍လျှောက်လာသည်။

အန္တရာယ်ပေးတော့မည်ကို ယိဖုံးက သိလိုက်သည်။

ထို့ကြောင့်...

လက်ဦးမှုရယူသောအနေဖြင့် လျှပ်တပြက်တိုးထွက်ကာ လက်ထဲမှ ဓားနှစ်လက်ဖြင့် ကျင်းပွဲအား တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ အလွန်ဝင် လျင်မြန်လှပေသည်။

သူမ တိုက်ခိုက်လာမည်ဟု ကျင်းပွဲက ထင်မထားမိပါချေ။



တကယ်တမ်း တိုက်ခိုက်လာသောအခါ သူက အထိတ်လန့်ဖြစ်သွားရသည်။

ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

သို့ပါလင့် မဆိုစလောက် နောက်တုံ့သွား၍ သူ၏ဝဲဘက်က်မောင်းတွင် ဓားရှစ်ထိသွားလေသည်။

"အွန့်"

ကျင်းပွဲ မသဲမကွဲ ညည်းညူလိုက်၏။

သူ၏လက်မောင်းမှ သွေးများဖြာထွက်လာသည်။

ကျင်းပွဲ ဒေါသခြောင်းခြောင်း ထွက်သွားတော့သည်။

ယိဖုံးအား စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ...

"မင်းက ငါ့ကိုတကယ် သေစေချင်တယ်ပေါ့လေ၊ ကောင်းယ်၊ သိပ်ကောင်းတယ်၊ မင်းက ရက်စက်တော့ ငါကလည်း ပြန်ပြီးက်စက်ရမှာပေါ့။ မင်းကို ဝက်ဝံစာကျွေးပစ်မယ်၊ ငါ့အတွက် ငါ့မိတ်ဆွေက ဘုန့်ပြန်လိမ့်မယ်"

ကျင်းပွဲသည် ဒေါသတကြီးနှင့် အရှုးကြီးပမာ သွေးရူးသွေးန်းခြိမ်းခြောက်သံက ကြောက်စရာကောင်းနေ၏။

သူ၏ဟန်ပန်မှာ တကယ်လုပ်မည့်ပုံပင်။

ကျင်းပွဲသည် နောက်သို့ပြန်ဆုတ်လိုက်ပြီး ဝက်ဝံဖြူကိုဉ်နှောင်ထားသည့် သံကြိုးကို ဖြည်းယင်း ပြောလိုက်သည်။

"ဟေ့..ဖြူ ဒီမိန်းကလေးကို ကိုက်သတ်ပေတော့၊ အရိုးသားမကျန်အောင် တစ်စစီ လုပ်ပေတော့"

ကျင်းပွဲက ဘယ်လက်ဖြင့် သံကြိုးကိုဖြုတ်ပြီး ညာလက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မည်းမည်းသဏ္ဍာန် အရာတစ်ခုကို ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။

"ဝုန်း"

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာသည်။

မကြာမီ..

အဖြူရောင်အခိုးအငွေ့များ ထွက်လာတော့သည်။

"ဟင်"

ယိဖုံး ရင်ထိတ်သွားသည်။

ထိုအခိုးအငွေ့များသည် မေ့ဆေးငွေ့များဖြစ်မှန်း ယိဖုံးရိပ်စားမိလိုက်သည်။

ထို့ကြောင့် အသက်ကိုမရှူဘဲ အောင့်နေလျှက် နောက်သို့ ခုန်ဆုတ်လိုက်သည်။

သို့တစေ...

လျှပ်တပြက်အတွင်း ဖြစ်ပျက်သွားသည့်အတွက် အငွေ့အသက်အနည်းငယ်ကိုမူ ရှူရှိုက်မိလိုက်၏။

သို့ဖြစ်၍ သူမ၏ခန္ဓာကိုယ်သည် အနည်းငယ် ယိမ်းယိုင်သလို ဖြစ်လာသည်။

ထို့ကြောင့် လေကောင်းလေသန့်ရရှိမည့် အပြင်ဘက်သို့ ယိဖုံးက ထွက်ပြေးခဲ့သည်။

ကျွင်းပုံ့ကလည်း အခွင့်ကောင်းကို လွယ်လွယ်နှင့် လက်လွှတ်မခံပါချေ။

သူမနောက်သို့ အတင်းပင်ပြေးလိုက်သည်။



နောက်မှ ဝက်ဝံဖြူကလည်း အတင်းခုန်ထွက်လိုက်လာတော့သည်။

ယိဖုံးသည် မဟန်နိုင်တော့သည့်အတွက် ဘုံကျောင်းဖျက် အပြင်ဘက် မြက်ခင်းပေါ်အရောက်တွင် မူးမေ့လဲကျသွားတော့သည်။

သူမ လဲကျသွားရာသို့ ဝက်ဝံဖြူကလည်း ထိုးခဲရန် အတင်းခုန်လွှားလိုက်သွားသည်။

ဝက်ဝံဖြူက ယိဖုံးကို တကယ်ပင် ကိုက်တော့မည့်အနေကိုမြင်လိုက်သည့်အတွက် ကျွင်းပုံ့သည် ကပျာကယာဖြင့် ဝက်ဝံဖြူကို လှမ်းဟောက်လိုက်ရသည်။

"ဟေ့...ဖြူ အခုချက်ချင်း ရပ်လိုက်စမ်း"

ကျွင်းပုံ့က နောက်မှပြေးလိုက်လာပြီး ဝက်ဝံဖြူ၏ကုပ်တွင် ချည်နှောင်ထားသော သံကြိုးကို တအားဆွဲပြီး ခပ်လှမ်းလှမ်းသစ်ပင်တွင် သွားရောက်ချည်နှောင်ထားလိုက်သည်။

"ကဲ..ဖြူ မင်း ဒီသစ်ပင်အောက်မှာပဲ နေနဲ့ပေဦးတော့ကွာ"

ကျွင်းပုံ့က ဝက်ဝံဖြူကို သစ်ပင်အောက်တွင် ချည်နှောင်ထားခဲ့ပြီး ယိဖုံး လဲကျနေရာသို့ ပြန်လည်လျှောက်လာသည်။

သူက ယိဖုံးဘေးတွင် ဒူးထောက်လျှက် ထိုင်ချလိုက်လေသည်။

ထို့နောက်.

သူ၏ကြမ်းတမ်းသော လက်တစ်ဘက်ဖြင့် သူမ၏ပါးပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ပွတ်သပ်ကြည့်လိုက်သည်။

"ထယ်ချောတယ်လုတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ ငါ ဘယ်အခါက ကောင်းမှုကြောင့် ဒီလောက်လှပတဲ့ မိန်းကလေးနဲ့ တွေ့ခွင့်ရခဲ့တာလဲ၊ ဟန်ကျလိုက်တာကွာ"

သစ်ပင်အောက်မှ ဝက်ဝံဖြူက ဟိန်းဟောက်လျက် ဒေါ နေသည်။

"တောက်"

ကျင်းပွဲက တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိသေး သည်

"ဟေ့ကောင်..မင်းက ငါကောင်းစားနေတာကို မလိုလား ဘူးလားကွ"

ကျင်းပွဲက တိရစ္ဆာန်ကို လှမ်းပြီးကြိမ်းမောင်းလိုက်သေး သည်။

ဝက်ဝံဖြူကမူ ချည်နှောင်ထားသော သံကြိုးကို အတင်းပင် ရုန်းထွက်နေပေသည်။

ဝက်ဝံဖြူနှင့်အတူနေရသည်မှာ ရက်ပိုင်းမျှသာ ရှိပေသေး သည်။

ထို့ကြောင့်....

ဝက်ဝံဖြူ၏ စရိုက်လက္ခဏာကို ကျင်းပွဲ မသိပါ။

သဘောမပေါက်ခဲ့ပါချေ။

အမှန်စင်စစ် ကျင်းပွဲနောက်တွင် လူတစ်ယောက်ရှိနေသော ကြောင့် ဝက်ဝံဖြူက ဒေါသတကြီးဖြစ်နေခြင်း ဖြစ်လေသည်။



ရမက်ဇောကြွယ်နေသည့် ကျင်းပွဲကား သတိမမူ အလျှင်း မသိပါချေ။

ထိုလူသည် အနီရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားကာ သရဲ မျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်။

ထိုလူသည် ဟန်မူရာကင်းစွာဖြင့် ရပ်နေ၏။

"ဂရား..ဂရား"

ဝက်ဝံဖြူက ထိုသူကို မပြီးဟိန်းဟောက်နေသည်။

ယောက်ယက်ခတ်နေသော ဝက်ဝံဖြူ၏ အပြုအမူကို သင်္ကာမကင်းဖြစ်၍ ကျင်းပွဲက နောက်သို့လှည့်ကြည့်လိုက်လေသည်။

"ဟာ"

ကျင်းပွဲ တုန်လှုပ်ချောက်ချားသွားသည်။

သူ၏နောက်တွင် အန္တရာယ်ပေးမည့်သူ တစ်ယောက် ရောက်ရှိနေသည် မဟုတ်ပါလား။

သူက ကမန်းကတန်းပင် ဂုန်းခနဲ ထရပ်လိုက်လေသည်။

သရဲမျက်နှာဖုံးနှင့်လူက မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရပ်နေ၏။

ကျင်းပွဲမှာ ထိုလူအားကြည့်ယင်း အလိုလိုပင် ကျောချမ်း သွားမိသည်။

"ခင်..ခင်ဗျား ဘယ်သူလဲ"

သူက ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်၏။

ထိုလူက အေးတိအေးစက်လေသံဖြင့်...

"မင်းက ကျင်းပွဲ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကျင်းပွဲက လွတ်ခနဲ ဖြေလိုက်မိ၏။

ထိုလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒါဆို အတော်ပဲ ငါ့နောက်လိုက်ခဲ့"

ကျင်းပွဲ ရင်ထိတ်သွားသည်။

"မလိုက်ဘူး၊ ကျုပ်က ဘာဖြစ်လို့လိုက်ရမှာလဲ"

"စကားမရှည်နဲ့၊ လိုက်ခဲ့စမ်း၊ ကျုပ်စကား နားမထောင်ယင် အသားနာလိမ့်မယ်"

ထိုလူ၏လေသံက တင်းမာခက်ထန်နေ၏။

ပြောသည့်အတိုင်း တကယ်လုပ်မည့်သူဟု ကျင်းပွဲ ဆင်ခြင်လိုက်မိသည်။

သူက အခြေအနေမဟန်မှန်း သဘောပေါက်လိုက်သည်။

ချက်ချင်းပင် ဓားပါးလေးတစ်လက် ထုတ်ယူကာ ထိုလူအား တိုက်ခိုက်လိုက်သည်။

သူက လက်ဦးမှုယူကာ လျှပ်တပြက် တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်လေသည်။

သရဲမျက်နှာဖုံးနှင့်လူ ဒေါသထွက်သွားသည်။

"မင်းတ မတောက်တခေါက် ပညာလေးနဲ့အာခံချင်တာကိုး"

ပြောယင်း ခြေတစ်ဘက်ဆန့်ထုတ်လိုက်သည်။

သူ၏ခြေထောက်မှာ အလွန်လျင်မြန်သော အရှိန်ဖြင့် ကျင်းပွဲ၏ဗမ်းဗိုက်ဆီသို့ တိုးဝင်သွားလေသည်။



"ဝုန်း"

"အွန့်"

ကျင်းပွဲမှာ မသဲမကွဲညည်းညူယင်း နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရသည်။

သရဲမျက်နှာဖုံးနှင့်လူက...

"ပြောစမ်း...ငါနဲ့လိုက်ခဲ့မလား"

ကျင်းပွဲ အံတင်းတင်းကြိတ်လိုက်၏။

"မလိုက်ဘူး"

အော်ပြောကာ လက်ထဲမှဓားဖြင့် ပြေးဝင်တိုက်ခိုက်လိုက်ပြန်သည်။

သရဲမျက်နှာဖုံးနှင့်လူ ရယ်မောလိုက်၏။

"ခေါင်းမာတဲ့လူဟာ အသားနာရတတ်တယ်ကွ"

ပြောယင်း ကျင်းပွဲ၏ဓားကိုင်လက်အား ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်သည်။

ကျင်းပွဲ၏လက်မှာ ပြွတ်တူဖြင့် ဖမ်းညှပ်ထားခြင်းခံရသလို ရုန်းထွက်မရတော့ပေ။

"လွှတ်...လွှတ်"

ကျင်းပွဲက အတင်းပင်ရုန်းကန်နေ၏။

သရဲမျက်နှာဖုံးနှင့်လူသည် စိတ်မရှည်တော့ပါ။

ဖမ်းဆွဲထားသောလက်အား ဆတ်ခနဲ ဆွဲလှည့်လိုက်တော့သည်။

"ဖျောက်"

www.burmeseclassic.com

www.burmeseclassic.com



"အား"

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာပြီးနောက် ကျင်းပွဲ၏နာကျင်သော အော်သံနက်ကြီး ထွက်ပေါ်လာလေသည်။

ထိုလူက ကျန်လက်တစ်ဘက်ဖြင့် သူ၏ဝမ်းဗိုက်ကို ထိုးသွင်းလိုက်၏။

ကျင်းပွဲမှာ မျက်နှာမဲ့သွားပြီး ပျော့ခွေကျသွားလေသည်။

ထိုလူက ကျင်းပွဲအား ပခုံးပေါ်ထမ်းတင်လိုက်သည်။

သူက မလှမ်းမကမ်းတွင် လဲကျနေသော ယိဖုံးအားကြည့်ကာ ခြေလှမ်းရပ်သွားသည်။

ပြီးမှ ခေါင်းကို အသာခါယမ်းလိုက်သည်။

"ဒီကိစ္စ ကျင်းပွဲနဲ့ပဲဆိုင်တာပဲ၊ သူက ဘာမှမဆိုင်ပါဘူးလေ"

တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

ထို့နောက် ပေါ့ပါးသောခြေလှမ်းအစုံဖြင့် လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠



မြေပေါ်၌ ယိဖုံးတစ်ယောက် လဲကျနေသည်။

သရဲမျက်နှာဖုံးနှင့်လူမှာ ကျင်းပွဲအား ထမ်းခေါ်ကာထွက်သွားပြီဖြစ်သည်။

ဘုံကျောင်းဖျက်၊ ပတ်ဝန်းကျင်တွင် ဓက်ဝံဖြူ၏ ဟိန်းဟောက်သံကသာ ကြီးစိုးနေ၏။

မကြာမီ...

လူရိပ်တစ်ခုသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် ဘုံကျောင်းပျက်ရှေ့သို့ရောက်လာသည်။

ထိုလူမှာ သူတောင်းစားယောင်ဆောင်ထားသော မင်းမှုထမ်းဆီမှ သတင်းနှိုက်ယူသွားသော အနက်ရောင်ဝတ်ဆင်ထားသူဖြစ်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက လဲကျသော ယိဖုံးနှင့် သံကြိုးဖြင့် ချည်နှောင်ခြင်းခံရသော ဓက်ဝံဖြူတို့အားကြည့်ကာ အံ့ဩနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်စုံတစ်ယောက်အား ရှာဖွေကြည့်လိုက်၏။ ကျင်းပွဲတစ်ယောက် ပျောက်ချင်းမလှ ပျောက်ကွယ်နေလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ဒေါသထွက်သွားသည်။

"ကျင်းပွဲ မင်းပုန်းလို့လွတ်မလား"

ကြိမ်းမောင်းယင်း နေရာအနှံ့ လိုက်လံရှာဖွေလိုက်သည်။ သို့သော် ကျင်းပွဲ၏အရိပ်အယောင်ကိုပင် မတွေ့ရချေ။

"ကျင်းပွဲ ဘယ်ရောက်သွားသလဲ"

အနက်ရောင်ဝတ်ဆင်ထားသူမှာ မတွေးတတ်အောင်ဖြစ်သွားလေသည်။

ထိုစဉ် ဝက်ဝံဖြူက သူ့အားကြည့်ကာ ဒေါသတကြီးအော်ဟစ်နေလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် ကျင်းပွဲအားမတွေ့ရသည့်အထဲ ဝက်ဝံဖြူက ရန်လိုနေ၍ အလွန်ပင်ဒေါသထွက်သွားတော့သည်။

"မင်းကများ ငါ့ကိုမာန်မဲနေသေးတယ်၊ အသားနာတာမမှတ်သေးဘူးကိုး၊ ဒီတစ်ခါတော့ မင်းကို ဘဝပြောင်းပစ်မယ်"

သူက အင်္ကျီလက်ကြားမှ တစ်စုံတစ်ရာအား ဆွဲထုတ်လိုက်သည်။

ထိုအရာမှာ သံမဏိဖြင့် ပြုလုပ်ထားသော ဝက်ဝံလက်သည်းနှင့်တူသည့် ထူးဆန်းသော လက်နက်တစ်မျိုးပင် ဖြစ်လေသည်။



နေရောင်တွင် ထိုသူ၏လက်ထဲမှ သံမဏိဝက်ဝံလက်သည်းမှာ တဝင်းဝင်းတပြောင်ပြောင်ဖြင့် တောက်ပြောင်လျှက်ရှိနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူက ယိုဖုံးအား တစ်ချက်ကြည့်လိုက်သည်။

"မင်းလည်း ငါ့ကိုစွတဲ့ဝင်ရှုပ်တဲ့အတွက် ချမ်းသာမပေးနိုင်ဘူး၊ ဒီကနေ့ မင်းနဲ့ဝက်ဝံဖြူကို သတ်မယ်၊ ပြီးတော့ ကျင်းပွဲအလှည့်ပဲ"

ထိုလူက ပါးစပ်ထဲမှ တတွတ်တွတ်ရေရွတ်ယင်း ယိုဖုံးအနီးသို့ရောက်သွားလေသည်။

သူက ကြာကြာပင် ကြည့်မနေပါ။

လက်ထဲမှ ဝက်ဝံလက်သည်းဖြင့် အဆုံးစီရင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အနက်ရောင်ဝတ်ဆင်ထားသူက လှည့်ကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အကြံသမား

အနက်ရောင်ဝတ်ဆင်ထားသူက ယိဖုံးအား မတိုက်ခိုက်ဖြစ်တော့ပါ။

ရောက်လာသူနှင့် မျက်နှာချင်းဆိုင်လိုက်၏။

ထိုလူမှာ ရသေ့ယောင်ဆောင်ထားသော မင်းမှုထမ်းပင်ဖြစ်သည်။

ထိုလူ၏အမည်မှာ လုထိဖြစ်ပြီး သူတောင်းစားအဖြစ် ဟန်ဆောင်ထားသော မင်းမှုထမ်းထက် သိုင်းပညာတော်သူဖြစ်သည်။

လုထိက အနက်ရောင်ဝတ်ဆင်ထားသူအားကြည့်ကာ—

"မင်း ဘယ်သူလဲ၊ ဘာကြောင့် သတိမေ့နေတဲ့ မိန်းကလေးတစ်ယောက်ကို သတ်ဖြတ်ချင်ရတာလဲ၊ နောက်ပြီး ကျင်းပွဲကော



ဘယ်မှာလဲ"

မေခွန်းများ တရစပ် မေးလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသူ မဲ့လိုက်၏။

လုထိအား စိုက်ကြည့်ကာ—

"မင်းတို့ မင်းမှုထမ်းတွေက အတော်စကားကြောရှည်ပါလား၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး မနေချင်တော့ဘူးနဲ့တူတယ်"

ထိုစကားကြောင့် လုထိ ရင်ထိတ်သွားသည်။

"မင်း ငါတို့ကို သိတယ်ဟုတ်လား"

အနက်ရောင်ဝတ်ဆင်ထားသူ မဲ့လိုက်၏။

"မင်းတို့ သူတောင်းစားတို့က အတူတူပဲမဟုတ်လား"

လုထိသည် ယခုမှပင် သူတောင်းစားအား သတိရသွား၏။

သူတောင်းစားသည် သူ့ထက်အယင် ထွက်လာခြင်းဖြစ်ရာ ဤနေရာသို့ အယင်ရောက်ရပေမည်။

ယခုမူ သူတောင်းစားအား မတွေ့ရပါ။

သူတောင်းစား ဘယ်ရောက်နေပါသနည်း။

လုထိ၏စိတ်ထဲ စနိုးစနောင့်ဖြစ်သွားလေသည်။

သူက အနက်ရောင်ဝတ်ဆင်ထားသူအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"သူတောင်းစား ဘယ်မှာလဲ"

အနက်ရောင်ဝတ်ထားသူက ရယ်မောလိုက်သည်။

"ငရဲပြည် ရောက်သွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

လုထိ၏အသံ ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်..သူက ဒီနေရာကို လမ်းညွှန်လိုက်တယ်၊ ဒါကြောင့် ကျုပ်က အခမဲ့ရဲပြည်ပို့ပေးခဲ့တာပေါ့"

"ခင်..ခင်ဗျား"

လုထိ တုန်လှုပ်ချောက်ချားသွားသည်။

သူတောင်းစားသည် အနက်ရောင်ဝတ်ဆင်ထားသူ၏လက်ချက်ဖြင့် သေဆုံးသွားပြီဖြစ်ကြောင်း သူကသိလိုက်တော့သည်။

ထိုသို့ သိလိုက်သည်နှင့် တပြိုင်နက် ဒေါသချောင်းချောင်းထွက်သွားတော့သည်။

"ခင်ဗျား တရားဥပဒေလက်က ပြေးမလွတ်ဘူး၊ အခုချက်ချင်း အဖမ်းခံပါ"

"ဟား..ဟား..ဟား"

အနက်ရောင်ဝတ်ဆင်ထားသူက ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား ဟားတိုက်ရယ်မောလိုက်လေတော့သည်။

"မင်းက ငါ့ကိုဖမ်းမယ် ဟုတ်လား၊ ကောင်းပြီ လာဖမ်းလှည့်ပါ"

လုထိမှာ ပမာမခန့် ဟန်မူရာကြောင့် ဒေါသမထိန်းနိုင်တော့ပါချေ။

ဝှက်ထားသော ဓားတစ်လက် ထုတ်ယူလိုက်ပြီး အနက်ရောင်ဝတ်ဆင်ထားသူအား တိုက်ခိုက်လိုက်လေသည်။



သူ၏တိုက်ခိုက်မှုမှာ ပညာသားပါလှပြီး အဓိကသွေးကြောနေရာများအား ဦးတည်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ ပြုံးလိုက်၏။

"မဆိုးဘူးပေါ့၊ ဒါပေမယ့် ငါ့ကိုနိုင်အောင် မတိုက်နိုင်ပါဘူး"

သူက ပြောယင်း ခြေလှမ်းများရွေ့လျားကာ ရှောင်တိမ်းပေးလိုက်လေသည်။

လုထိ တိုက်ခိုက်သမျှကို အသာအယာပင် ရှောင်ထွက်သွားနိုင်ခဲ့သည်။ လုထိ ရင်ထိတ်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် ကြောက်စရာကောင်းသူတစ်ဦးဖြစ်မှန်း သူကရိပ်စားမိလိုက်သည်။

သို့သော် သူက အလျှော့ပေးရန် စိတ်မကူးပါချေ။

"ယား"

ညာသံတစ်ချက်ပေးကာ သိုင်းကွက်ပြောင်းလဲကာ တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုသည် ပို၍လျင်မြန်လာပြီး ပို၍ပြင်းထန်လာလေသည်။

ဓားချက်တိုင်းသည် အလွန်ကြောက်စရာကောင်းနေပေတော့သည်။

ယခုတစ်ကြိမ်တွင် အနက်ရောင်ဝတ်ဆင်ထားသူမှာ မပေါ့ဆရဲတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဓားရိပ်များသည် အနက်ရောင်ဝတ်ဆင်ထားသူ၏ တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားသူက ပြန်လည်တိုက်ခိုက်လိုက်သောအခါတွင်မူ ဓားရိပ်များ ကွယ်ပျောက်သွားပြီး လုထိမှာနောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်ပေးလိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက စကားမပြောတော့ပါ။

သူက လုထိအား သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားပြီ မဟုတ်ပါလား။

နေရောင်အောက်တွင် အနက်ရောင်ဝတ်ဆင်ထားသူ၏ လက်နက်ဖြစ်သည့် ဝက်ဝံလက်သည်းမှာ ဝင်းပြောင်နေသည်။

သူက ထိုလက်နက်အား ဓွေယမ်းကာ လုထိအား ပြင်းထန်စွာ တိုက်ခိုက်နေ၏။

လုထိမှာ အသေအလဲပင် ခုခံကာကွယ်နေရလေသည်။

တိုက်စစ်မှ ခံစစ်သို့ပြောင်းကာ တဖြည်းဖြည်း နောက်ဆုတ်ပေးနေရလေသည်။



တစ်ကြိမ်တွင် အနက်ရောင်ဝတ်ဆင်ထားသူ၏ ဝက်ဝံလက်သည်းသည် သူ၏ရင်ဝသို့ တန်းတန်းမတ်မတ် တိုးဝင်လာသည်။

လုထိက အထိတ်လန့်ဖြင့် ဓားကိုဝင့်တင်လိုက်သည်။

"ချွမ်း"

မြည်သံနှင့်အတူ ဝက်ဝံလက်သည်းမှာ အပေါ်သို့မြောက်တက်သွားသည်။

လုထိက သွက်လက်စွာဖြင့် ဓားကိုလွှတ်နေသော ရင်ဝဆီသို့ထိုးသွင်းလိုက်၏။

သို့သော်...

အနက်ရောင်ဝတ်ဆင်ထားသူ၏ လှုပ်ရှားမှုက သူ့ထက်ပို၍လျင်မြန်နေသည်။

အပေါ်ထောင်တက်သွားသော ဝက်ဝံလက်သည်းအား ချက်ချင်းပင် အောက်သို့ပြန်ဆွဲချလိုက်၏။

လုထိ၏ဓားချက်က ရင်ဝသို့မရောက်မီ ဝက်ဝံလက်သည်းက သူ့ဓားကိုင်လက်အား ဆွဲခြစ်သွားတော့သည်။

"အား"

လုထိ အထိတ်တလန့် အော်လိုက်သည်။

သူ၏ဓားကိုင်လက်တစ်ခုလုံး သွေးချင်းချင်းနီရဲနေ၏။

ဓားကိုပင် ကောင်းစွာမကိုင်နိုင်တော့ဘဲ လွှတ်ချပေးလိုက်ရသည်။

အနက်ရောင်ဝတ်ဆင်ထားသူက စကားတစ်လုံးမျှ မပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုးခနဲ ရှေ့တိုးလာပြီး ဝက်ဝံလက်သည်းဖြင့် တိုက်ခိုက်လာ ပြန်သည်။

လုထိ ကပျာကယာ ခေါင်းငုံ့ရှောင်တိမ်းလိုက်၏။

သို့တိုင် မလွတ်မြောက်ဘဲ လည်ဂုတ်သားအား ခွဲခြမ်း သွားသည်။

အကျီစနှင့်အတူ အသားဖတ်ကြီးတစ်ခုသည် လက်နက် ဆန်းတွင် ချိတ်လျက်သားကပ်ပါသွားလေသည်။

လုထိသည် နာကျဉ်လွန်းသဖြင့် ယော်သံပါအောင် စူးစူးဝါးဝါး အော်လိုက်သည်။

ရုတ်တရက် မြေပေါ်သို့လှဲချလိုက်ပြီး လွတ်ရာသို့ပြေးထွက် ရှောင်ရှားရန် ကြိုးစားလိုက်သည်။

သို့သော် မရပါချေ။

ထိုလူသည် လုထိထက် အဆတစ်ရာလျင်သည်။

လုထိ မပြေးနိုင်ပါ။

သူက အနက်ရောင်ဝတ်ဆင်ထားသူအား အထိတ်တလန့် ဖြင့် မော့ကြည့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက ရယ်မောယင်း...

"မင်းလည်း မင်းအဖော်နောက် လိုက်သွားပေတော့"

ပြောယင်း ဝက်ဝံလက်သည်းဖြင့် ကုတ်ခွဲချလိုက်သည်။

"ခင်...ခင်ဗျား"

လုထိ ကပျာကယာ လူးလှိမ့်ရန် ကြိုးစားလိုက်သည်။

သို့သော် ဝက်ဝံလက်သည်းက သူ၏လည်မျိုသို့ ကျရောက်



လာလေသည်။

ယခုတစ်ကြိမ်တွင်တော့ လုထိမှာ ဝက်ဝံလက်သည်း ကြောင့် အသက်ပျောက်သွားရတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူက လုထိ၏အလောင်းကို ခြေထောက်ဖြင့် ထပ်မံကန်ကျောက်လိုက်ပြန်သည်။

"ဝုန်း"

လုထိ၏ခန္ဓာကိုယ်မှာ အတော်ဝေးဝေးသို့ လွင့်စင်ထွက် သွားတော့သည်။

"ဒါဟာ ကြားဝင်ချက်သူတွေအတွက် လမ်းဆုံးပဲပေါ့"

အနက်ရောင်ဝတ်ဆင်ထားသူက ရေရွတ်လိုက်၏။

တဖန် သူ၏စူးရှထက်မြက်သော မျက်လုံးအစုံက မြက်ခင်း ပေါ်တွင် ခွေခွေလေးလဲကျနေသော ယိဖုံးထံ ရောက်သွားပြန်သည်။

သူက ယိဖုံးထံ လျှောက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ဟူး"

အဝတ်အစားလေတိုးသံနှင့်အတူ လူရိပ်တစ်ခုသည် ယိဖုံး အနီးသို့ လျင်မြန်စွာ ရောက်ရှိလာတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ယိုဖုံးအနီးသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူသည် မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခမောက်တစ်လုံး ဆောင်းထားပေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက...

"ခင်ဗျားကရော နှောင့်ယှက်ချင်သေးသလား"

အေးစက်သောလေသံဖြင့် မေးလိုက်သည်။

ခမောက်ဆောင်းထားသူ တစ်ချက်ရယ်မောလိုက်၏။

"မင်းက နှောင့်ယှက်တယ်လို့ယူဆယင် မှားသွားမှာပေါ့ ကျုပ်က မင်းကိုကူညီနေတာလေ"

ထိုလူ၏အသံမှာ ရင်းနှီးကျွမ်းဝင်ဖူးသောအသံဖြစ်နေခြင်းကြောင့် အနက်ရောင်ဝတ်ဆင်ထားသူ အလွန်ပင် အံ့သြသွားမိလေသည်။

ခမောက်ဆောင်းထားသူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ မေးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ"

ခမောက်ဆောင်းထားသူက ရယ်မောလိုက်ပြန်သည်။



"ငါ ဘယ်သူလဲဆိုတာ မင်းမသိဘူးလား"

အနက်ရောင်ဝတ်ဆင်ထားသူ ဇဝေဇဝါဖြစ်သွား၏။

"ခမောက်ချွတ်လို့ မရဘူးလား"

သူက စဉ်းစားမရသဖြင့် မေးလိုက်သည်။

ခမောက်ဆောင်းထားသူက ဘာမှပြန်မပြောပါ။

ခေါင်းပေါ်မှ ခမောက်အား ဆွဲချွတ်လိုက်လေသည်။

ဤတွင်...

အသက်ငါးဆယ်ဝန်းကျင်ခန့် လူကြီးတစ်ယောက်၏ မျက်နှာသွင်ပြင်ပေါ် လွင်လာတော့သည်။

ထိုလူအားမြင်လျှင် အနက်ရောင်ဝတ်ဆင်ထားသူမှာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

သူ၏မျက်နှာပြင်ပေါ်တွင် အလွန်အံ့သြသော အရိပ်အယောင်များ ထင်ဟပ်နေ၏။

ခမောက်ဆောင်းထားသူမှာ လူဖုံးပင်ဖြစ်ပါသည်။

လူဖုံး ပြုံးလိုက်သည်။

"မင်း သိပ်အံ့သြနေသလား"

အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်၏။

လူဖုံးက ခမောက်ကို ချိုင်းကြားတွင်ညှပ်ကာ ပတ်ဝန်းကျင်အားအကဲခတ်ကြည့်လိုက်သည်။

ထို့နောက် အေးတိအေးစက်လေသံဖြင့် ပြောလိုက်၏။

"ဒီမှာစကားပြောဖို့ မသင့်ဘူး၊ ဒါကြောင့် ငါ့နောက်လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်ပြလိုက်၏

သို့သော် သူ၏မျက်လုံးအစုံက မြက်ခင်းပြင်ပေါ်တွင် လဲ နေသော ယိဖုံးထံ ရောက်သွားပြန်သည်။

"ဘာလဲ မင်းက နောက်ထပ်ရာဇဝတ်မှုကျူးလွန်ချင်သေး လို့လား၊ အခုလို အချိန်မျိုးမှာ ငါစီစဉ်ထားသမျှ နှာခံတာ အကောင်း ဆုံးပဲ၊ သူ့ကိစ္စရှင်းဖို့ ငါစီစဉ်ထားပြီးပြီ"

သူက ဒေါသသံဖြင့် လှမ်းဟောက်လိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူ သက်ပြင်းချလိုက်၏။

လူဖုံးက ချာခနဲလှည့်ကာ ထွက်ခွာသွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ကောက်ကောက် အောင် လိုက်ပါသွားလေသည်။

သူတို့သည် ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးထွက်သွား ကြသည်မို့ တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွား ကြတော့သည်။

သူတို့ ပျောက်ကွယ်သွားပြီး မကြာမီ လူသုံးယောက် ရောက်ရှိလာကြတော့သည်။

ထိုလူသုံးယောက်သည်ကား...

♠ ♠ ♠



မင်းမှုထမ်းဌာန...။

ယနေ့တွင် မင်းမှုထမ်းဌာနတစ်ခုလုံး အလုပ်ရှုပ်နေကြ၏။

ကျင်းပွဲ၏ သတင်းအား ခြေရာခံမိပြီ မဟုတ်ပါလား။

ဝမ်ယုနှင့်ဟန်ထင်းရီတို့သည် အမှုထမ်းငါးယောက်ခန့်ခေါ် ကာမြို့ပြင်သို့ အလျင်အမြန် ထွက်ခွာသွားကြသည်။

သူတို့ မြို့ပြင်သို့ ရောက်ကာနီးတွင် လဲကျသေဆုံးနေသော သူတောင်းစားအား တွေ့လိုက်ရသည်။

သူတို့က စစ်ဆေးကြည့်နေသည့်အတွက် အနည်းငယ်မျှ အချိန်ကုန်လွန်သွားခဲ့သည်။

နောက်ဆုံးတွင် ကျင်းပွဲကိစ္စနှင့် ပတ်သက်ဆက်နွှယ်နိုင် သည်မို့ အလွန်ပင် စိတ်ပူသွားမိကြလည်။

"အစ်ကိုကြီး...စီစဉ်စရာရှိတာ စီစဉ်ပြီး လိုက်လာခဲ့ပါ၊ ကျွန် တော်အမြန်သွားမှဖြစ်မယ်"

ဟန်ထင်းရီက မြို့ပြင်မိုးနဂါးဘုံကျောင်းသို့ အလျင်အမြန် ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် သူတောင်းစားအလောင်းအား သေချာစွာ ... ဆေးပြီးနောက် အလွန်ပါးလွှာထက်မြက်သော ဓားတစ်လက်ဖြ... သတ်ဖြတ်ခြင်းခံလိုက်ရကြောင်း နားလည်လိုက်သည်။

သူက အမှုထမ်းများဘက်လှည့်ကာ...

“လောက်ဂူ၊ လောက်ရယ်”

“အမိန့်ရှိပါ ဆရာ”

“အာဝိုးအလောင်းကို သယ်သွား၊ ငါမြို့ပြင်ကို လိုက်သွားမယ်၊ ယိစန်းနဲ့ယိစု ငါ့နောက်လိုက်လှဲ့၊ မုကျန်းက ဒီနေရာတဝိုက်... သဲလွန်စရှာထားပါ”

သူက တာဝန်များခွဲဝေပေးကာ ယိစန်းနှင့်ယိစုတို့အားခေါ်ပြီး မြို့ပြင်သို့ ထွက်ခဲ့သည်။

လောက်ဂူးနှင့်လောက်ရယ်သည် သူတောင်းစား(ခေါ်) အာဝိုး၏အလောင်းအား သယ်ဆောင်ကာ ရွာနသို့ပြန်လာခဲ့ကြတော့သည်။

♠ ♠ ♠

## မကျော့ပွဲ

ဟန်ထင်းရှီသည် မိုးနဂါးဘုံကျောင်းသို့ အလျင်အမြန်ပင် ရောက်ရှိလာခဲ့သည်။

သူရောက်လာသောအခါတွင် ဘုံကျောင်းပျက်တစ်ဝိုက်ရှင်းလင်းနေသည်။

လဲကျသေဆုံးနေသော လူကိုတစ်ယောက်မှလွဲ၍ မည်သူမျှ ရှိနေပါချေ။

ဟန်ထင်းရှီ အံ့ဩသွားသည်။

ကျင်းပွဲကိုလည်းကောင်း၊ ယိဖုံးကိုလည်းကောင်း အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းပဲ့က ယိဖုံးကို တစ်နေရာများခေါ်သွားတာသား"

ထိုသို့တွေးယင်း ချက်ချင်းပင် ခေါင်းခါယမ်းလိုက်မိသည်။

"မဖြစ်နိုင်ဘူး၊ ယိဖုံးရဲ့သိုင်းပညာဟာ ကျင်းပဲ့ထက်သာတာပဲ"

သူက ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်မိလေသည်။

မြက်ပင်များ ပိပြားနေပြီး သွေးကွက်များပေကျံနေသော နေရာသို့ သွားရောက်စစ်ဆေးကြည့်လိုက်၏။

"အင်း..ဒီနေရာမှာ တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့ပုံရတယ်"

"ကျင်းပဲ့အနေနဲ့ လုထိကိုလည်း ယှဉ်နိုင်မှာမဟုတ်ဘူး။ ကျင်းပဲ့နဲ့ယိဖုံးက ပျောက်နေတယ်၊ လုထိကလည်း သေဆုံးနေတယ်၊ ဒါဟာ ကြားဘူတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲဖြစ်ရမယ်၊ အင်း ဒီလူဟာ သူတောင်းစားဆီက သတင်းနှိုက်ယူပြီး နှုတ်ပိတ်သွားသူပဲ ဖြစ်ရမယ်"

သူက အဖြစ်အပျက်များကို ဆက်စပ်စဉ်းစားကြည့်လိုက်လေသည်။

ယခု တွေးသောအတွေးသည် အဖြစ်နိုင်ဆုံးဟုလည်း သုံးသပ်လိုက်မိသည်။

သူက လုထိအလောင်းအား စစ်ဆေးကြည့်ရန် လျှောက်လှမ်းသွားသည်။

ထိုစဉ် နောက်ကျောဘက်မှ လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



ငွေရောင်တောက်ပသော အပ်ကလေးငါးချောင်းသည် တိတ်တဆိတ် ပစ်လွှင့်လာလေသည်။

ဟန်ထင်းရီ ရင်ထိတ်သွားသည်။

သို့သော်...

သူက သတိကြီးသူတစ်ယောက် ဖြစ်ရကား ခန္ဓာကိုယ်အား သိမ်းရွှဲ့လိုက်ပြီး အကျီလက်ဖြင့် ဝှေ့ယမ်းလိုက်လေသည်။

"တောက်..တောက်"

အပ်ကလေးများသည် လမ်းကြောင်းလွှဲသွားကာ အနီးရှိ သစ်ပင်တစ်ပင်၏ ပင်စည်တွင် သွားရောက်စိုက်ဝင်ကုန်တော့သည်။

ဟန်ထင်းရီက မျက်စိနှင့်နားကို လျှင်လျှင်ထားကာ အပ်ကလေးများပစ်လွှင့်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

မည်သည့်လူရိပ်လူရောင်မျှပင် မတွေ့ရပါချေ။

ဟန်ထင်းရီ နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်သည်။

တစ်စုံတစ်ယောက်သည် သူ့အား ချောင်းမြောင်းလုပ်ကြံရန်ရိပ်စားမိလိုက်သည်။

ထိုခဏမှာပင် ရှေ့မျက်နှာချင်းဆိုင်ရှိ သစ်ပင်မှ သစ်ရွက်များလှုပ်ယမ်းသွားကာ ဝင်းလက်သော အလင်းရောင်တန်းများ ထွက်ပေါ်လာပြန်သည်။

ဟန်ထင်းရီက ရင်ဆိုင်ရန်ပြင်စဉ်မှာပင် နောက်ကျောဘက်မှ မြားပျံသံလက်ကလည်း တိတ်တဆိတ် ပစ်လွှင့်လာလေသည်။

ဟန်ထင်းရီ ရင်ထိတ်သွားသည်။

တဆက်တည်းပင် ရန်သူမှာ တစ်ယောက်မဟုတ် ဆင်ခြင်

www.burmeseclassic.com



လိုက်မိသည်။

သူက တွေဝေမနေအားပါ။

ဝဲဘက်အကျီလက်ဖြင့် အစ်ကလေးများအား ခါထုတ်… ယာဘက်လက်က ဓားကိုဆွဲထုတ်လိုက်ပြီး ဓားကို နောက်ပြန်… ယမ်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ အလွန်ပင် လျင်မြန်လှပေသည်။

အဆိပ်အစ်ကလေးများမှာ ပြုတ်ကျသွားသည့်နည်း… ဓားပါးကလေးများမှာလည်း ဓားချက်ကြောင့်မြေပေါ်ပြုတ်ကျသွား… လေသည်။

ယခု နောက်ထပ်လက်နက်ပုန်းများ ပစ်လွှင့်လာခြင်း မ… တော့ပါချေ။

♠ ♠ ♠



လူနှစ်ယောက်…။

လူနှစ်ယောက်သည် ဟန်ထင်းရှီအား ရှေ့နောက်ညှပ်ကာ ရပ်နေကြသည်။

အရပ်ရှည်ရှည်နှင့်လူမှာ သစ်ပင်ပေါ်မှခုန်ဆင်းလာသူဖြစ်သည်။

ထိုလူမှာ သံခြေထောက်ပင်ဖြစ်သည်။

ဓားပျံပစ်လွှင့်ခဲ့သူမှာ ကျွဲကြီးပင်ဖြစ်ပါသည်။

သူတို့သည် တန့်ကျောရင်ကိစ္စအား မကျေနပ်ရာမှ ဝင်ပါလာခဲ့ခြင်းပင်ဖြစ်သည်။

သံခြေထောက် ပြုံးလိုက်သည်။

“မင်းရဲ့လှုပ်ရှားမှုက တကယ်ပဲမြန်ဆန်လှပါတယ်”

ဟန်ထင်းရှီအား ချီးကျူးလိုက်သည်။

ကျွဲကြီး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းရဲ့အဆိပ်အစ်ကို ကာကွယ်နိုင်တဲ့နောက် တော့ငါ့ရဲ့ ဓားပျံဟာ ဘယ်လိုလုပ် အန္တရာယ်ပေးနိုင်တော့မှာလဲ"

ဟန်ထင်းရီက ဘာမျှပြန်မပြောပါ။

ထိုလူနှစ်ယောက်အား စေ့စပ်စွာ အကဲခတ်ကြည့်လိုက်ပြီး

"ခင်ဗျားတို့ကို ကျုပ်မသိပါလား၊ ဘာကြောင့် ရန်ရှာရတာ လဲဗျာ"

မကျေမနပ်ဖြင့် မေးလိုက်လေသည်။

သံခြေထောက် ပြုံးလိုက်လေသည်။

"မင်းက ဟန်ထင်းရီ မဟုတ်လား"

သူက ပြန်လည်မေးခွန်းထုတ်လိုက်သည်။

ဟန်ထင်းရီ အံ့ဩသွားသည်။

မိမိက ထိုလူအားမသိပါ။

ထိုလူက မိမိအား သိနေပေသည်။

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ဟန်ထင်းရီပဲ ခင်ဗျားတို့က ဘယ်သူ တွေလဲ"

သံခြေထောက်က ရယ်ကျဲကျဲဖြင့်...

"ကျုပ်က သံခြေထောက်ပါ"

သူက ကျွဲကြီးအား ညွှန်ပြယင်း ဆက်ပြောလိုက်သည်။

"သူကတော့ ကျွဲကြီးပါ"

ကျွဲကြီးက ရှေ့သို့လျှောက်လာပြီး...

"မင်း ကျုပ်တို့ကိုသိလား"



ဟုမေးလိုက်သည်။

ဟန်ထင်းရီ ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ကျွဲကြီး သဘောကျသွားသည်။

"ဟုတ်တယ်၊ ကျုပ်တို့လည်း မင်းကိုမသိဘူး"

ဟန်ထင်းရီ သက်ပြင်းချလိုက်၏။

"ဒါဆိုများ ကျုပ်ကို ဘာကြောင့် ရန်ပြုချင်ရတာလဲ"

သူ၏လေသံမှာ စိတ်ပျက်လက်ပျက် နိုင်လှပေသည်။

"ကျုပ်တို့နဲ့ မပတ်သက်ပေမယ့် ကျုပ်တို့မိတ်ဆွေတစ် ယောက်နဲ့တော့ ပတ်သက်နေတယ်"

သံခြေထောက်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

ဟန်ထင်းရီ မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားတို့ မိတ်ဆွေတစ်ယောက်ကြောင့် ဟုတ်လား"

သံခြေထောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဟန်ထင်းရီ စိတ်ဝင်စားသွားသည်။

"ခင်ဗျားတို့ မိတ်ဆွေက ဘယ်သူလဲ"

သံခြေထောက်၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ပျောက် ကွယ်သွားပြီဖြစ်လေသည်။

သူက ဟန်ထင်းရီအား စေ့စေ့ကြည့်ကာ...

"သူ့ကို မင်းကောင်းကောင်းသိမှာပါ၊ သူ့နာမည်က တန့် ကျွေ့ရင်လို့ခေါ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဟန်ထင်းရီ အံ့သြသွားမိသည်။

တဆက်တည်းပင် ဤလူနှစ်ယောက် အဘယ်ကြောင့် ရန်ရှာမှန်းလည်း သဘောပေါက်သွားသည်။

ထိုလူနှစ်ယောက်သာ တန့်ကျွေရင်ကိစ္စနှင့် ပတ်သက်ပြီး မိမိအား ရန်ရှာတော့မည် မဟုတ်ပါလား။

သူက သက်ပြင်းတစ်ချက်ချကာ...

"တန့်ကျွေရင်ဟာ ကြွေးစားတစ်ယောက်ပဲ၊ အခုလည်း အရုပ်အထွေးတစ်ခုထဲ ပါဝင်ခွက်ဇက်ချင်တာမို့ ကျုပ်က ဆုံးမလိုက်တာပဲ၊ ဒီကိစ္စအတွက် မကျေနပ်ဘူးဆိုယင် ကြိုက်သလို ရှင်းနိုင်တယ်"

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကျွဲကြီးက မိုက်တီမိုက်ကန်းဖြင့်...

"ကောင်းပြီ ကျုပ်တို့မိတ်ဆွေအတွက် မင်းကိုပြန်ပြီး ဆုံးမရမယ်"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ပြင်လိုက်သည်။

ဟန်ထင်းရီက လက်ကာပြလိုက်သည်။

"ခဏနေပါဦး"

ကျွဲကြီးက သူ့အားစူးစိုက်ကြည့်လိုက်သည်။

"မင်း ဘာပြောချင်လို့လဲ"

ဟန်ထင်းရီက လူထိအား ညွှန်ပြလိုက်သည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ"



ကျွဲကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ရောက်လာတဲ့အချိန်မှာ သူသေနေပြီ"

"ဒါဖြင့် မိန်းကလေးတစ်ယောက်ကိုကော တွေ့မိသေးလား"

ကျွဲကြီး လှို့ဝှက်စွာ ပြုံးလိုက်သည်။

"တွေ့မိပါတယ်"

ဟန်ထင်းရီ၏မျက်နှာ ဝင်းလက်သွားသည်။

"သူ ဘယ်ရောက်သွားလဲ"

ကျွဲကြီးက မဲ့လိုက်သည်။

"မင်းက ကျုပ်တို့ကို နိုင်မယ်ဆိုယင်တော့ ပြောပြဖို့ဝန်မလေးပါဘူး၊ အခုတော့ စောပါသေးတယ်"

ဟန်ထင်းရီ သက်ပြင်းချလိုက်သည်။

ယိဖုံးအတွက် မျှော်လင့်ချက်ရှိနေသေး၍ တော်သေးသည်ဟုစိတ်ထဲ တွေးမိလိုက်သည်။

ယိဖုံး၏သတင်းအား ကြားသိရန်မှာ ထိုလူနှစ်ယောက်အား အနိုင်ရမှသာဖြစ်ပေလိမ့်မည်။

ဟန်ထင်းရီက လက်ထဲမှဓားအား တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး...

"ကောင်းပြီ၊ ကျုပ်ကြိုးစားပြီး ယှဉ်ကြည့်ပါ့မယ်"

ကျွဲကြီးက သံခြေထောက်အား ကြည့်ကာ မျက်ရိပ်ပြလိုက်သည်။

သံခြေထောက်က အသာအယာ ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား အခြေအနေကို အကဲခ
ကြည့်လိုက်ပြီး..

"ယား"

ပြိုင်တူညသံပေးကာ ဟန်ထင်းရီအား တိုက်ခိုက်လိုက်
တော့သည်။

ဟန်ထင်းရီက သူတို့နှစ်ယောက်၏ လှုပ်ရှားမှုအား မျက်
မသုန် အကဲခတ်ကြည့်ကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်

♠ ♠ ♠



ကွဲကြီးက တိုက်ခိုက်ယင်းမှ ပုဆိန်တစ်လက် ထုတ်ယူလိုက်သည်။

သံခြေထောက်ကလည်း တစ်တောင်ခန့်ရှိသော ဓားတစ်လက် ထုတ်ယူကာ တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ အသွင်သဏ္ဍာန်ကွဲပြားပြီး အတွဲညီလှပေသည်။

ဟန်ထင်းရီအား မလှုပ်သာအောင် ဝိတ်ဆို့တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

ဟန်ထင်းရီက ဓားကို စက်ဝိုင်းသဏ္ဍာန်ဝှေ့ယမ်းကာ တုန့်ပြန်တိုက်ခိုက်လိုက်သည်။

သိုင်းကွက်လေးငါးကွက်မျှ ယှဉ်ပြိုင်စဉ်မှာပင် သံခြေထောက်၏သိုင်းပညာသည် ကွဲကြီးထက် အဆင့်မြင့်ကြောင်း ဟန်ထင်းရီ ရိပ်စားမိလိုက်သည်။

ထို့ကြောင့် သူက သံခြေထောက်အား အဓိကထား၍ တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားစက်ဝန်းသည် သံခြေထောက်အားလွမ်းခြုံသွားလေသည်။

သံခြေထောက်က ဓားကိုငှေယမ်းကာ ကာကွယ်ယင်း ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်နေသည်။

သူ၏ခြေထောက်သည် ဓားထက်ပို၍ဒုက္ခပေးနိုင်စွမ်းရှိကြောင်း ဟန်ထင်းရီ ကောင်းစွာနားလည်ထားသည်။

ထို့ကြောင့် သူက ခြေထောက်အား ပို၍သတိကြီးစွာ ထားနေရလေသည်။

သည်ကြားထဲ ကျွဲကြီး၏မုဆိန်ချက်များကလည်း လွန်စွာအနှောင့်အယှက်ပေးလေသည်။

ဟန်ထင်းရီက စိတ်ရှည်ရှည်ထားကာ ပြန်လည်တိုက်ခိုက်နေ၏။

သူ၏ဓားချက်များသည် ဖြာခွဲထွက်လာကာကျွဲကြီး၏ မုဆိန်သွားနှင့် ထိတွေ့မိသွားသည်။

ကျွဲကြီးမှာ လက်တစ်ဘက်လုံး ထုံကျဉ်သွားသည်မို့ ထိတ်လန့်သွားမိလေသည်။

သူက နောက်ဆုတ်ရန် ပြင်လိုက်စဉ်မှာပင် ဟန်ထင်းရီ၏ ဝဲဘက်လက်ဖြင့် တွန်းထုတ်ခြင်းခံလိုက်ရသည်။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ကျွဲကြီးမှာ အတော်ဝေးဝေးသို့လွင့်စင်သွားလေသည်။

ကျွဲကြီးခံလိုက်ရသောကြောင့် သံခြေထောက် အံ့သြမှင်



တက်သွားမိသည်။

ထိုအချိန်မှာပင် ဟန်ထင်းရီ၏ဓားက ရင်ဝတည့်တည့်သို့ တိုးဝင်လာသည်။

သံခြေထောက်က ဓားဖြင့်ခံပေးယင်း ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

ဟန်ထင်းရီက လက်ဝါးစောင်းဖြင့် ခပ်ဖွဖွခုတ်ချလိုက်၏။

"ဒုတ်"

"အား"

သံခြေထောက် နာကျင်စွာ အော်ဟစ်ယင်း ခွေခနဲလဲကျသွားလေသည်။

သူက ကမန်းကတန်း ထရပ်ရန်ဟန်ပြင်လိုက်သည်။

သို့သော် ဟန်ထင်းရီ၏ဓားက သူ၏လည်မျိုအား ချိန်ရွယ်ထားပြီးဖြစ်နေသည်။

သံခြေထောက်၏ နဖူးပေါ်တွင် ချွေးများကျဆင်းလာ၏။

သူက အသက်ပင် ရဲရဲမရှူရဲပါ။

ဟန်ထင်းရီက အနည်းငယ် အားစိုက်လိုက်သည်နှင့် သူ၏ အသက် သေဆုံးသွားရမည် မဟုတ်ပါလား။

မလှမ်းမကမ်းတွင် ကျွဲကြီးမှာ လဲကျနေ၏။

သူက နံရိုးနှစ်ချောင်းကျိုးသွားသဖြင့် အော်ဟစ်ညည်းညူနေလေသည်။

ကျွဲကြီးအနေဖြင့် သံခြေထောက်အား ကယ်ရန်မှာနေသာ သာရထားသော ဝေဒနာကို အံကြိတ်ခံနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံး ဟန်ထင်းရီအား ရှုံးနိမ့်သွား[ကြ]
ဖြစ်သည်။

ဟန်ထင်းရီက သံခြေထောက်အား စိုက်ကြည့်လိုက်သ[ည်]

"ခင်ဗျားတို့ ရှုံးသွားပြီ"

"ဟုတ်တယ်၊ ရှုံးသွားပြီ"

သံခြေထောက်က အသက်မပါသလိုဖြေလိုက်၏။

ဟန်ထင်းရီ အသာပြုံးလိုက်သည်။

"ခင်ဗျားအသက်က ကျုပ်လက်ထဲမှာရှိတယ်ဆိုတာ န[ား]
လည်ရဲ့လား"

သံခြေထောက် မဲ့ပြုံးပြုံးလိုက်သည်။

"မင်း အပိုတွေပြောမနေနဲ့ သတ်ချင်သတ်လိုက်"

သူ၏လေသံမှာ အလွန်ခံပြင်းမှန်း သိသာလှသည်။

ဟန်ထင်းရီ သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့လိုများ လူ့အသက်ကို တန်ဖိုးမထားတဲ့လူတ[စ်]
ယောက်လို့ ကျုပ်ကို ထင်နေလို့လား"

စကားဆုံးလျှင် ချိန်ရွယ်ထားသောဓားကို ရုပ်သိမ်းလိုက်[သ]

သံခြေထောက်၏မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလ[ဲ]
သောအရိပ်အယောင်များ ထင်ဟပ်လာသည်။

သူက ဓားပြန်ရုပ်သွားသည်နှင့် တပြိုင်နက် ခုန်ထ[ကာ]
တိုက်ခိုက်လိုက်သည်။

သို့သော် ဟန်ထင်းရီက ဤသို့တိုက်ခိုက်လာမည်ကို ရိပ်မိ
ထားသည့်အလား နောက်ဆုတ်ရှောင်တိမ်းပေးလိုက်သည်။



သံခြေထောက် ရင်ထိတ်သွားသည်။

သူ၏တိုက်ခိုက်မှု မထိရောက်သည်ကို သိလိုက်လျှင် ချက်
[...]းပင် နောက်ဆုတ်ရန် ပြင်လိုက်၏။

ထိုခဏမှာပင် ဟန်ထင်းရီ၏ ပြင်းထန်သော လက်သီး
[...]က သူ၏ရင်ဝတည့်တည့်ကိုးဝင်လာတော့သည်။

"ခွပ်"

"အွန့်"

သံခြေထောက် မသဲမကွဲညည်းညူလိုက်၏။

မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး မြေပေါ်ခွေကျသွားတော့
[...]ည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



သံခြေထောက်နှင့် ကျွဲကြီးတို့ မြေပေါ်ခွေခွေကလေး လဲကျနေ၏။

ဟန်ထင်းရိက သံခြေထောက်အား စေ့စေ့ကြည့်ကာ…

"ကျုပ်မေးတာကို အမှန်အတိုင်းဖြေပါ"

သံခြေထောက်က သူ့အားထိတ်လန့်စွာဖြင့် ကြည့်လိုက်၏။

ဟန်ထင်းရိအား မယှဉ်နိုင်မှန်းလည်း ကောင်းစွာ သဘောပေါက်လိုက်ပြီဖြစ်သည်။

"ယိဖုံး ဘယ်မှာလဲ"

ဟန်ထင်းရိက တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

သံခြေထောက် သက်ပြင်းချလိုက်သည်။

"လူတစ်ယောက် လက်ထဲမှာ"

ဟန်ထင်းရိ မျက်မှောင်ကုပ်သွားသည်။

"ဘယ်သူလဲ"

"မင်းသိပါတယ်"

ဟန်ထင်းရိ တွေဝေသွားသည်။

သို့သော် တစ်စုံတစ်ရာကို စဉ်းစားမိသွားပြီး မျက်လုံးအစုံဝင်းလက်သွားသည်။

"တန့်ကျေးရင်"

သူက လွှတ်ခနဲ ရေရွတ်လိုက်၏။

သံခြေထောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူ အခုဘယ်မှာလဲ"



သံခြေထောက်က ပါးစပ်ဟလိုက်သည်။

ထိုစဉ်မှာပင် အေးစက်သောစကားသံ တစ်ချက်ထွက်ပေါ်လာသည်။

"ကျုပ် ဒီမှာရှိတယ်"

ဟန်ထင်းရိက အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်မိသည်။

ထိုအခါ…

ဘုံကျောင်းပျက်ထဲမှ လှမ်းထွက်လာသော တန့်ကျေးရင်အားတွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တန့်ကျွေ့ရှင်တို့သည် လှုဖုံးတို့ထွက်ခွာပြီးနောက် မိုးနဂါးဘုံကျောင်းမျက်ရှေ့သို့ ရောက်ရှိလာသည်။

တန့်ကျွေ့ရှင်သည် ယိဖုံးအား တွေ့သောအခါ ဝမ်းသာသွားသည်။

ဤနေရာသို့ ဟန်ထင်းရီ ရောက်လာမည်ဖြစ်ကြောင်း စုံစမ်းသိရှိထားသည် မဟုတ်ပါလား။

သူက ယိဖုံးနှင့် အကြံပ်ကိုင်ရန် စဉ်းစားမိလိုက်သည်။

ယိဖုံးက မေ့ဆေးငွေ့မိထားကြောင်း တွေ့ရလျှင် အသင့်ပါလာသောဆေးပေါင်းငွေ့ဖြင့် ဖြေပေးလိုက်၏။

ထို့နောက် သွေးကြောဝိတ်ကာ ဘုံကျောင်းမျက်ထဲ ဝှက်ကာ ဟန်ထင်းရီအား စောင့်ဆိုင်းနေခဲ့သည်။

သံခြေထောက်နှင့် ကျွဲကြီးတို့သည် ဝက်ဝံဖြူအား လွှတ်ပေးလိုက်ပြီး ဟန်ထင်းရီအား လုပ်ကြံရန် ပုန်းအောင်းနေလိုက်ကြသည်။

ယခု သံခြေထောက်နှင့် ကျွဲကြီးတို့ ခံလိုက်ရသည်ကို တွေ့လျှင် မနေနိုင်တော့ဘဲ လှမ်းထွက်လာခြင်းဖြစ်လေတော့သည်။

♠ ♠ ♠



တန့်ကျွေ့ရှင်သည် တစ်လှမ်းချင်း လှမ်းထွက်လာ၏။

သူ၏လက်တစ်ဘက်က ယိဖုံးအားချုပ်ကိုင်ထားလေသည်။

ဟန်ထင်းရီက သံခြေထောက်အား ကျော်ခိုင်းလိုက်၏။

သူက တန့်ကျွေ့ရှင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ခင်ဗျားက အမှတ်မရှိသေးဘူးကိုး"

တန့်ကျွေ့ရှင် ပြုံးလိုက်သည်။

"ဒီတစ်ခါတော့ မင်းဘာမှ မတတ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

ဟန်ထင်းရီ၏မျက်နှာ တင်းမာသွားသည်။

သူက တစ်လှမ်းချင်း ရှေ့တိုးလာ၏။

"ရပ်လိုက်"

တန့်ကျွေ့ရှင်က ဟန့်တားလိုက်သည်။

သူက ယိဖုံးအား မေးငေါ့ပြကာ...

"မင်း ရှေ့ဆက်တိုးမယ်ဆိုယင် ငါက သူ့ကိုသတ်ပစ်လိုက်မယ်"

ထိုစကားကြောင့် ဟန်ထင်းရီ၏ခြေလှမ်းများ တုန့်ခနဲရပ်တန့်သွားသည်။

တန့်ကျွေ့ရှင် သဘောကျသွားသည်။

ဟန်ထင်းရီအား ယိဖုံးဖြင့် ချုပ်ကိုင်နိုင်မည်ဟုလည်း ယုံကြည်သွားသည်။

"မင်းလက်ထဲက ဓားကိုချလိုက်ပါ"

သူက ထပ်မံ အမိန့်ပေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင်းရီ သက်ပြင်းချလိုက်၏။

သူက စိတ်ရှည်ရှည်ထား၍ အခွင့်ကောင်းကိုစောင့်ဆိုင်းရန် တွေးမိလိုက်သည်။

"ပြောနေတာ မကြားဘူးလား။ ဓားချလိုက်"

ဟန်ထင်းရီ ဘာမှမပြောပါ။

လက်ထဲမှ ဓားအား ပစ်ချလိုက်သည်။

"ဒူးထောက်လိုက်ပါ"

ဟန်ထင်းရီ အံတင်းတင်းကြိတ်လိုက်သည်။

သူက ဒူးထောက်ချလိုက်သည်။

"ဟား...ဟား...ဟား"

တန့်ကျွေ့ရင် သဘောကျစွာ ရယ်မောလိုက်သည်။

ယိဖုံးနှင့် အကြပ်ကိုင်ကာ ဟန်ထင်းရီအား သုတ်သင်ရန် သူကစိတ်ကူးထားလေသည်။

သူ၏မျက်နှာပေါ်တွင် ကောက်ကျစ်စဉ်းလဲသော ဟန်မူရာများဖြစ်ပေါ်လာသည်။

သူက လက်တစ်ဘက်မြှောက်လိုက်သည်။

ထိုခဏမှပင် လေတိုးသံနှင့်အတူ လူရိပ်များ ပြေးလွှားလာသည်ကိုတွေ့လိုက်ရသည်။

တန့်ကျွေ့ရင် အံ့သြမှင်တက်စွာဖြင့် လူရိပ်များအား ကြည့်မိလိုက်သည်။

ယင်းခဏမှာပင် ဟန်ထင်းရီက အခွင့်အရေးကို ပြည့်ဝစွာ အသုံးချလိုက်သည်။



သူက မြေပေါ်မှ ကျောက်ခဲတစ်လုံးအား ကောက်ယူကာ ပစ်ပေါက်လိုက်သည်။

တဆက်တည်းပင် ဓားကိုကောက်ယူကာ ခုန်ထွက်သွားလိုက်သည်။

အရှေ့ဘက်မှ လေတိုးသံကြောင့် တန့်ကျွေ့ရင် သတိဝင်ကာ လှည့်ကြည့်လိုက်၏။

ထိုအခါ...

"ဒုတ်"

ဟန်ထင်းရီ ပစ်လွှင့်လိုက်သော ကျောက်ခဲက သူမြှောက်ထားသောလက်အား ထိမှန်သွားလေသည်။

တန့်ကျွေ့ရင်မှာ လက်တစ်ဘက်လုံး ထုံကျဉ်သော ဝေဒနာကို ခံစားလိုက်ရပြီး နောက်သို့ယောင်ယမ်းကာ ဆုတ်ပေးလိုက်သည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ဟန်ထင်းရီသည် ရိပ်ခနဲရောက်လာပြီး ဓားဖြင့် ထိုးသွင်းလာသည်။

တန့်ကျွေ့ရင် အထိတ်တလန့်ဖြင့် ရှောင်တိမ်းပေးလိုက်၏။

သို့တိုင် မလွတ်မြောက်တော့ပါချေ။

"အား"

နာကျင်စွာ အော်ဟစ်ယင်း လဲကျသွားတော့သည်။

ယင်းအချိန်မှာပင် ပြေးလွှားလာသော လူရိပ်များလည်း ရောက်ရှိလာသည်။

ဝမ်ယုတို့ လူစုပင်ဖြစ်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



တန်ကျွေ့ရင်မှာ ဟန်ထင်းရီ၏ဓားချက်ကြောင့် သေဆုံးသွားပြီဖြစ်သည်။

ဝမ်ယုတို့က သံခြေထောက်နှင့်ကျွဲကြီးတို့အား ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

ဟန်ထင်းရီက ယိဖုံး၏သွေးကြောအား ဖြင့်ပေးလိုက်သည်။

ယိဖုံးမှာ ယခုမှပင် လှုပ်ရှားလာနိုင်တော့သည်။

သူမသည် အန္တရာယ်မှ လွတ်မြောက်လာရသည့်အတွက် ဟန်ထင်းရီအား အထူးပင်ကျေးဇူးတင်နေမိတော့သည်။

"ဘယ်လိုဖြစ်တာလဲ ညီမ၊ ကျင်းမဲ့ကော"

ဟန်ထင်းရီက မေးလိုက်သည်။

ယိဖုံးက ကျင်းမဲ့နှင့် တွေ့ဆုံပြီး မေ့မေ့ဆေးငွေ့မိသွားပြီး ဘာမှမသိတော့ကြောင်း သူမ သတိရချိန်တွင် တန်ကျွေ့ရင်က သွေးကြောပိတ်ကာ ဖမ်းဆီးထားကြောင်း ပြောပြလိုက်လေသည်။

ဝမ်ယု လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျင်းမဲ့ ပျောက်ဆုံးသွားတာ အတော်လေးထူးဆန်းနေတယ်၊ တစ်စုံတစ်ယောက်ရဲ့ လက်ချက်ဖြစ်နိုင်တယ်၊ ဒါနဲ့ သူတို့က ဘယ်လိုလုပ်ရောက်လာပြီး ညီလေးကို ရန်ရှာကြတာလဲ"

တန်ကျွေ့ရင်တို့အား ညွှန်ပြကာ မေးလိုက်၏။

ဟန်ထင်းရီက အဖြစ်အပျက်များအား ပြောပြလိုက်၏။

အတန်ကြာမှ လေပူတစ်ချက်မှုတ်ထုတ်ကာ...

"ကျင်းမဲ့က ပျောက်ဆုံးသွားပြီ၊ အချိန်လည်းမရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ"



ဟန်ထင်းရီက တစ်ချက်စဉ်းစားလိုက်သည်။

ပြီးမှ ဝမ်ယုအား အကြံပေးလိုက်သည်။

"တန်ကျွေ့ရင်က လူဖုံးနဲ့ပတ်သက်တဲ့လူတစ်ယောက်ပဲ၊ သူတို့ကလည်း တန်ကျွေ့ရင်နဲ့ ပတ်သက်သူတွေဆိုတော့ လူဖုံးနဲ့ ပတ်သက်ပြီး စစ်မေးရမယ်"

ဝမ်ယု ခေါင်းညိတ်လိုက်သည်။

ထို့နောက် သံခြေထောက်နှင့် ကျွဲကြီးထံသို့ လှမ်းသွားလိုက်ပြီး...

"မင်းတို့ကို တန်ကျွေ့ရင်က ခေါ်လာတာ ဟုတ်လား"

လေသံမာမာဖြင့် မေးလိုက်၏။

သံခြေထောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဟန်ထင်းရီကို လုပ်ကြံဖို့ဟုတ်လား"

"ဟုတ်ပါတယ်၊ သူက အကူအညီတောင်းလို့ ကျုပ်တို့က လိုက်လာရတာပါ"

ကျွဲကြီးက ဝင်ပြောလိုက်သည်။

ဝမ်ယု ပြုံးလိုက်သည်။

"တန်ကျွေ့ရင်ကို ဘယ်သူလွှတ်လိုက်တာလဲ"

ကျွဲကြီး မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဘယ်သူမှ မလွှတ်ပါဘူး၊ သူ့ဘာသာ မကျေနပ်လို့လာတာပါ"

ဝမ်ယု၏မျက်နှာ တင်းမာခက်ထန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက လိမ်ချင်နေတာကိုး၊ အမှန်အတိုင်းပြောယင် သက်သာမယ်ဆိုတာ သိထားပါ၊ ဆက်ပြီး လိမ်မယ်ဆိုယင်တော့ ကျုပ်အဆိုးမဆိုနဲ့"

ကျွဲကြီးနှင့် သံခြေထောက်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ဝမ်ယုက ဆက်ပြောလိုက်သည်။

"တန့်ကျွေ့ရှင်က လူတစ်ယောက်အတွက် အလုပ်လုပ်ပေးတယ်၊ အဲဒီလူက လူဖုံးပဲ"

သံခြေထောက်နှင့် ကျွဲကြီးတို့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"မင်းတို့ကို လူဖုံးလွှတ်လိုက်တယ်ဆိုတာ ကျုပ်သိတယ်၊ ဘာငြင်းချင်သေးလဲ"

သံခြေထောက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ တန့်ကျွေ့ရှင် အတွက် မကျေနပ်တာက တစ်ကြောင်း၊ လူဖုံးကငွေတစ်သောင်းပေးမယ်ဆိုတာကတစ်ကြောင်းမို့ ကျုပ်တို့လိုက်လာခဲ့တာပါ"

သူက လိမ်မရသည့်အဆုံး အမှန်အတိုင်း ပြောလိုက်၏။

ဝမ်ယု ကျေနပ်သွားသည်။

သူက တပည့်နှစ်ယောက်အား မျက်ရိပ်ပြလိုက်သည်။

တပည့်နှစ်ယောက်က ချက်ချင်းပင် ဖမ်းဆီးခေါ်ဆောင်သွားတော့သည်။

ဟန်ထင်းရှီက ဝမ်ယုအားကြည့်ကာ...



"အစ်ကိုကြီး စိတ်အေးအေးထားလို့ရပြီ"

ဝမ်ယု မျက်မှောင်ကုတ်သွားသည်။

"ဘာကိုလဲ ညီလေး"

"လူရှိတန်အမှုအတွက်ပေါ့"

သူက ချောင်းတစ်ချက်ဟန့်ကာ ရှင်းပြလိုက်၏။

"အခု ပြဿနာက လူဖုံးဝင်ရှုပ်လို့ မြို့စားကြီးက အချိန်သုံးရက်ပဲပေးခဲ့တယ် မဟုတ်လား၊ အခု တန့်ကွက်ခဲ့တဲ့ လူဖုံးကိုယ်တိုင်ကဒီပြဿနာထဲမှာ မသမာမှုတွေ ပြုနေခဲ့တာ ထင်ရှားတယ်၊ သံခြေထောက်တို့ကို မြို့စားကြီးရှေ့မှာ ဝန်ခံခိုင်းယင် အဖြေကရှင်းသွားမှာပဲ၊ မြို့စားကြီးအနေနဲ့ လူဖုံးရဲ့ကန့်ကွက်ချက်ကို အတည်ပြုပေးလို့မရတော့ဘူး၊ ဒါကြောင့် ကျင်းပွဲကို မတွေ့သေးသည့်တိုင် အမှုမှန်ဖော်ထုတ်ဖို့အတွက် လိုလောက်တဲ့အချိန်ကို မြို့စားကြီးဆီမှာ ထပ်တိုးတောင်းပေါ့၊ လိုလောက်တဲ့အချိန် မြို့စားကြီးကပေးမှာ သေချာတယ်"

ထိုစကားကြားလျှင် ဝမ်ယုမှာ အလွန်ပင်ဝမ်းသာသွားလေသည်။

သူကဟန်ထင်းရှီ၏ ပခုံးအား အသာအယာပုတ်လိုက်ပြီး...

"ငါ့ညီရဲ့ အကြံကတော့ တကယ်ကို သင့်လျော်လှပါတယ် လူဖုံးအနေနဲ့လည်း ဘာမှမတတ်နိုင်တော့ဘူး၊ အစ်ကိုတို့ အမှုကိုအချိန်ယူပြီး ဖော်ထုတ်နိုင်ပြီပေါ့"

ဟန်ထင်းရှီ၏ ဉာဏ်သွားပုံကို ယိဖုံးလည်း ကြိတ်၍ချီးကျူးမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဟန်ထင်းရီအား ကြည့်မိလိုက်သည်။

ဟန်ထင်းရီကလည်း လှမ်းကြည့်လိုက်သည်နှင့်အကြည့်ချင်း ဆုံသွားသည်။

သူမက ကပျာကယာ ခေါင်းငုံ့ထားလိုက်လေသည်။

ဟန်ထင်းရီကလည်း မျက်နှာပူသွား၏။

သူက စကားလမ်းကြောင်း လွှဲလိုက်သည်။

"နောက်ထပ်သဲလွန်စတစ်ခု ရှိသေးတယ်"

ဝမ်ယုမှာ အမှုအတွက် တဖြည်းဖြည်းအားတက်လာသည်။

ဟန်ထင်းရီအကူအညီဖြင့် အမှုအား အမြန်ဆုံးဖော်ထုတ်နိုင်မည်ဟု သူကယုံကြည်မိသည်။ ထို့ကြောင့်...

အလောသုံးဆယ် မေးလိုက်သည်။

"ဘယ်လို သဲလွန်စများလဲ ငါ့ညီ"

ဟန်ထင်းရီက တည်ကြည်သော မျက်နှာထားဖြင့်...

"လုထိသေဆုံးပြီးမှ သံခြေထောက်တို့လူစု ရောက်လာတာ ဝက်ဝံဖြူကို သံခြေထောက်တို့က လွှတ်ပေးလိုက်တော့ လုထိကို သတ်တာ ဝက်ဝံဖြူမဖြစ်နိုင်တော့ဘူး။ ဟောဒီမှာ လုထိရဲ့ဒဏ်ရာကိုကြည့်ဦး"

သူက လုထိအလောင်းအား ညွှန်ပြလိုက်၏။

ဝမ်ယုက သေသေချာချာ အကဲခတ်ကြည့်လိုက်ပြီး...

"သူဟာ ဝက်ဝံလက်သည်းဒဏ်ရာနဲ့ သေဆုံးနေတာပဲ၊ ဝက်ဝံဖြူသတ်တာ မဖြစ်နိုင်ဘူးဆိုတော့ အတော်လေး ထူးဆန်းနေပြီ"



ဟန်ထင်းရီ ပြုံးလိုက်သည်။

"ဒါဟာ ထူးဆန်းတာ မဟုတ်ဘူး။ သဲလွန်စပဲ"

ဟန်ထင်းရီစကားကြောင့် ဝမ်ယုနှင့်ယိဖုံးတို့ အလွန်စိတ်ဝင်စားသွားကာ နားစွင့်လိုက်ကြသည်။

ဟန်ထင်းရီက ဆက်ပြောလိုက်သည်။

"လူသတ်တရားခံဟာ ဝက်ဝံဖြူသတ်တယ်လို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခဲ့ပုံရတယ်၊ သူအသုံးပြုတဲ့လက်နက်ဟာ ဝက်ဝံလက်သည်းပုံဖြစ်ရမယ်၊ ဒါမှလည်း ဒီလိုဒဏ်ရာမျိုးရမှာမဟုတ်လား၊ ပြီးတော့ လုထိကို သတ်သွားသူဟာ လူရှိတန်ကို သတ်သွားတဲ့လူ ဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ လူရှိတန်နဲ့လုထိတို့ရဲ့ ဒဏ်ရာက တထေရာတည်း တူညီနေတယ်လေ"

ဝမ်ယု ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ငါ့ညီပြောတာ ဖြစ်နိုင်ချေများတယ်"

ဟန်ထင်းရီက...

"ပြီးတော့ တရားခံဟာ ကျင်းပုံကို ဖမ်းခေါ်သွားတာဖြစ်ယင်ဖြစ်၊ ဒါမှမဟုတ်ယင် တစ်နေရာရာမှာ နှုတ်ပိတ်လိုက်ပုံရတယ်"

ယိဖုံးက တစ်ချက်စဥ်းစားကာ ဝင်ပြောလာ၏။

"အဲဒီလူကိုမိယင် အမှုမှန်ပေါ်ဖို့ များသွားပြီပေါ့နော်"

ဟန်ထင်းရီ ခေါင်းညိတ်လိုက်၏။

"ဒါပေါ့ သူ့ကိုမိယင် အဖြေပေါ်ဖို့ များတယ်"

ဝမ်ယုက စိတ်မသက်သာစွာဖြင့်...

"အဲဒီတရားခံကို ရှာဖို့က ကောက်ရိုးပုံထဲ ပျောက်တဲ့အပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရှာသလိုပဲ ထင်တယ်"

ဟန်ထင်းရီ ပြုံးလိုက်ပြန်သည်။

"သိမ်လည်း စိတ်မပျက်ပါနဲ့ဗျာ၊ သူ့ကိုရှာဖို့ မျှော်လင့်ချက် ရှိပါသေးတယ်"

"ဘယ်လိုမျှော်လင့်ချက်လဲ"

"ဝက်ဝံဖြူက လူသတ်သမားရဲ့အနံ့ကို သိလိမ့်မယ်၊ ဒါ ကြောင့် သံခြေထောက်တို့က လွှတ်ပေးလိုက်တဲ့အခါမှာ အရှုံးရယ် မပြဘဲ ပြေးထွက်သွားတာပေါ့၊ ဒါဟာ တရားခံနောက်ကို လိုက်သွား တာပဲဖြစ်မယ်"

သူက သံခြေထောက်တို့ထံမှ စုံစမ်းရသမျှကို ထောက်ချင့် ၍ ချင့်ချိန်ကာ ပြောကြားလိုက်၏။ ဝမ်ယု ခေါင်းညိတ်လိုက်သည်။

"အင်း...ဝက်ဝံဖြူဟာ မျက်စိကန်းနေပေမယ့် အလွန်အနံ့ခံ အာရုံကောင်းတဲ့ သတ္တဝါတစ်ကောင်ပဲ၊ သူက တရားခံ နောက်လိုက် သွားမယ်ဆိုယင် သိစ်ကောင်းမှာပဲ"

ဟန်ထင်းရီက ယိဖုံးဘက်လှည့်ကာ...

"ညီမက အစ်ကိုကြီးဝမ်ယုနဲ့ ပြန်လိုက်သွားပါ"

"အစ်ကိုက ဘယ်သွားမလို့လဲ"

ယိဖုံးက စိုးရိမ်စွာဖြင့် မေးလိုက်သည်။

ဟန်ထင်းရီ သက်ပြင်းချလိုက်သည်။

"ဒီဝန်းကျင်တစ်ဝိုက်မှာ လိုက်လံရှာဖွေကြည့်မယ်လေ"

သူက ဝမ်ယုအား လှမ်းပြောလိုက်သည်။

"အစ်ကိုကြီးက မြို့စားကြီးနဲ့တွေ့ပြီးယင် တပည့်တွေကို



လွှယန်မြို့ ခယ်မိုင်အနီး လိုက်လံရှာဖွေခိုင်းပါ၊ တရားခံနဲ့ပတ်သက်တဲ့ သတင်းတစ်ခုခုတော့ ကြားရမယ်ထင်တယ်"

"အေး"

ဝမ်ယုမှာ အလွန်ပင် တက်ကြွနေ၏။

တရားခံအား ဖော်ထုတ်ရန် အချိန်သည် မဝေးတော့ ကြောင်း ခံစားမိလိုက်သည်။ သူက ယိဖုံးဘက်လှည့်ကာ...

"ကဲ မိန်းကလေး သွားကြစို့"

ယိဖုံးက ဟန်ထင်းရီအားကြည့်ကာ...

"အစ်ကို သတိထားသွားနော်"

စိုးရိမ်သံလေးဖြင့် ပြောလိုက်၏။

ဝမ်ယုက သူတို့နှစ်ယောက်အား ကြည့်ကာ ခေါင်းတညိတ် ညိတ်ဖြစ်နေ၏။

"စိတ်ချပါ ညီမရယ်"

သူက အပြုံးလေးဖြင့် ဆိုလိုက်၏။

ဝမ်ယုက လုထိ၏အလောင်းအား ပခုံးပေါ် ထမ်းလိုက်၏။ ထို့နောက် ယိဖုံးအားခေါ်ကာ ထွက်သွားလေသည်။

ဟန်ထင်းရီ သက်ပြင်းချလိုက်၏။

ထို ... ကလေး၏ အမူအရာများသည် အတော်လေး ပြောင်းလဲလာသည်ဟု ခံစားမိလိုက်သည်။

ဟန်ထင်းရီ သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိ တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

တာရားခံ

တောင်ခြေတစ်ခုမှ တောအုပ်ညို့ညို့တစ်ခု...။

ပင်ခြေရှုပ်ထွေး၍ သစ်ပင်ချုံနွယ်များ ထူထပ်သည့် တောအုပ်တစ်ခုပင် ဖြစ်သည်။

ထိုတောအုပ်ရှေ့တွင် လူရိပ်သဏ္ဍာန်နှစ်ခု ပြေးလွှားနေသည်။

ထိုလူနှစ်ယောက်သည် တောအုပ်အတွင်းရှိ တစ်ခုသော လူသွားလမ်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ထိုလူနှစ်ယောက်ကား လူဖိုးနှင့် အနက်ရောင်ဝတ်ဆင်ထားသူပင် ဖြစ်သည်။



တောအုပ်အတွင်းသို့ ဦးဆောင်ဝင်ရောက်သွားသူမှာ လူဖိုး င်ဖြစ်သည်။

လူဖိုးသည် ဝက်ဝံဖြူကိုက်သတ်၍ သေဆုံးသွားသည်ဆို သာ လူရှိတန်၏ဦးလေးပင်ဖြစ်သည်။

လူရှိတန်၏ ဓာတ်ရုပ်တွင် မမျှော်လင့်ဘဲ ပါဝင်လှုပ်ရှားနေ တစ်ဦးလည်းဖြစ်သည်။

သူက မိမိ၏တူဖြစ်သူ လူရှိတန် တကယ်ပင် ရက်ရက်စက် က်အသတ်ခံရသည်အထင်ဖြင့် ပူဆွေးသောကရောက်ခဲ့ရသည်။

အပင်ပန်းခံ၍ ရာဇဝတ်မှုမကင်းသော လုပ်ဆောင်ချက် းကို တူဖြစ်သူအတွက် စွန့်စွန့်စားစားဆောင်ရွက်ခဲ့သည်။

သူက တဖွတ်ထိုးလုပ်ဆောင်ယင်းမှ အမှားများဆက်တိုက် ။းလွန်လာခဲ့မိသည်။

သူက နောက်မဆုတ်ဘဲ ဆက်လက်တောင်ရွက်ခဲ့သည်။

ယခုလည်း ယိဖိုးအား တန့်ကျေးရင်တို့လက်ထဲအပ်ထားခဲ့ ာ ဟန်ထင်းရီနှင့်ရင်ဆိုင်နိုင်ရန် စီစဉ်ပေးခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အတွင်း မြေကွက်လပ်တစ်ခုသို့ အရောက်တွင် လှဖုံး၏ခြေလှမ်းများ ရပ်တန့်သွားသည်။

သူ၏မျက်လုံးအစုံက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဤနေရာတွင် နားခိုရန်အကောင်းဆုံးနေရာအဖြစ် သတ်မှတ်လိုက်ပြီး ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်သည်။

ပြီးလျှင် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး နောက်မှလိုက်လာသော မျက်နှာဖုံးစွပ်ထားသူအား လှမ်းမေးလိုက်သည်။

"နေစမ်းပါဦး၊ ငါနားမလည်လို့ မေးစမ်းပါရစေ၊ မင်းကဘာတွေ လျှောက်လုပ်နေတာလဲ၊ ဘယ်လိုကြောင့် ဒီလိုမျိုး လုပ်ဖို့အတွေးအခေါ် ဝင်သွားတာလဲ"

လှဖုံးက အနက်ရောင်ဝတ်ဆင်ထားသူအား စူးစူးစိုက်စိုက်ကြည့်ပြီး နားမလည်နိုင်သော ဟန်မူရာဖြင့်မေးလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူက တစ်စုံတစ်ရာ မဖြေပါချေ။

ဆိတ်ဆိတ်နေလေသည်။

"မင်းကတော့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီလို့ ထင်နေတယ်၊ ငါမှာတော့ ခမောက်တကားကားနဲ့ စိတ်ပူလိုက်ရတာ လွန်ပါရော"

လှဖုံးက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး ပြောလိုက်၏။

"ဦးလေးက ဘာကြောင့် ဒီလောက်တောင် စိုးရိမ်နေတာလဲ"



လှဖုံး၏မျက်နှာက ခက်ထန်သွားသည်။

"မင်း ဘယ်လောက်သိလို့လဲ၊ အရေးထဲမှာ ကျင်းပွဲက ပျောက်နေရာက ပြန်ပေါ်လာတယ်။ မင်းဘာနားလည်လို့လဲ"

"ကျင်းပွဲ ပြန်ပေါ်လာတာနဲ့ ဦးလေးမောတာဘာဆိုင်လဲ"

လှဖုံး မသိမသာ ပြုံးလိုက်သည်။

"မင်းတော်တော် ညံ့သေးတာပဲ၊ ကျင်းပွဲကို အကြောင်းရှိယင်ကယ်ဆယ်လို့ရအောင် ခမောက်ကြီးကို အကာအကွယ်ယူပြီး သူ့နောက်လိုက်ကြည့်ရတယ်၊ တကယ်လို့ အရေးအကြောင်း ဖြစ်ပေါ်လာခဲ့ယင် ကျင်းပွဲကို ကယ်သင့်ကယ်ရမယ်၊ ဒါမှမဟုတ် တစ်ခါတည်း နုတ်ပိတ်သင့်ယင် နုတ်ပိတ်လိုက်ရမှာပဲ၊ ဒါပေမယ့် ကျင်းပွဲကိုကယ်ဆယ်ပြီး ငါခေါ်သွားမယ်လို့ စိတ်ကူးခဲ့သေးတယ်"

"ဦးလေးက ကျင်းပွဲကို ဘယ်လိုရည်ရွယ်ချက်နဲ့ ကယ်ဆယ်ချင်တာလဲ၊ ခိုင်လုံတဲ့အကြောင်းတစ်ခုတော့ ရှိမှာပေါ့၊ ကျွန်တော်သိပါရစေ"

အနက်ရောင်ဝတ်ဆင်ထားသူ၏အမေးကြောင့် လှဖုံး တွေဝေသွားသည်။

ပြီးမှ သူက ရှင်းပြလိုက်သည်။

"ဒါက ဒီလိုရှိတယ်ကွ၊ ဒီအမှုမှာ မျက်မြင်သက်သေဆိုလို့ ကျင်းပွဲတစ်ယောက်ပဲရှိတယ်၊ သူ့ကို ဝမ်ယုတို့က ရှာမတွေ့ခဲ့ပေမဲ့ ချီအင်းနဲ့ ယိစင်းဖန်းတို့ ရာဇဝတ်မှုသင့်ပြီ၊ ပြီးတော့ ကျင်းပွဲကိုခေါ်ထားယင် အဖြစ်အပျက်အမှန်ကိုလည်း သိရမယ်၊ ကျင်းပွဲက ကြားထဲက ပျောက်ဆုံးသွားတယ်၊ ဒါပေမယ့် အခုတော့ မလိုပါဘူး၊ ကာ

www.burmeseclassic.com

www.burmeseclassic.com



ယက်ရှင်ကိုယ်တိုင်နဲ့ တွေ့နေရပြီပဲ"

"ဒီလိုဆို ကျွန်တော့် ဖန်တီးမှုတွေ ဦးလေးသိသွားပြီပေါ့"

လှဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခုတော့ မင်းဓာတ်ရှုပ်က ရှင်းသွားပြီလေ၊ ဟိုတုန်းကတော့ အဖြစ်မှန်မသိခဲ့လို့ အတော်လေး ဒေါသထွက်ခဲ့ရတယ်၊ ချီအင်းနဲ့ယိစင်းဖန်းတို့ကိုလည်း ငါက တိုက်ခိုက်ခဲ့သေးတယ်"

"ကျွန်တော် တွေ့ပါတယ်"

လှဖုံး အံ့သြသွားသည်။

"ဟေ..ဟုတ်လား၊ အဲဒီတုန်းက မင်းအိမ်ထဲမှာပဲ ရှိသေးလို့လား၊ တစ်နေရာရာက ချောင်းကြည့်နေတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

လှဖုံးက အံ့သြလွန်းသဖြင့် သူကထင်မြင်ယူဆချက်ကို အလောသုံးဆယ် မေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက သက်ပြင်းချလိုက်၏။

"ဒီလိုလည်း မဟုတ်ပါဘူး၊ အမှန်က ကျွန်တော် အိမ်အပြင်ရောက်နေခဲ့ပါပြီ၊ ဒါပေမယ့် အဲဒီအချိန်မှာ ကျင်းပဲ့ဟာ အိမ်ထဲက သုတ်ခြေတင်ထွက်ပြေးသွားတာကို ကျွန်တော် လှမ်းမြင်လိုက်တယ်၊ ကျွန်တော် ဒီကောင်ကို မသင်္ကာဘူး၊ ကျွန်တော့်ရဲ့ ဖန်တီးလုပ်ဆောင်ချက်တွေကို မျက်မြင်ကိုယ်တွေ့ သိသွားပြီလို့ သံသယဖြစ်ခဲ့တယ်၊ ဒါကြောင့် အိမ်ဂေဟာထဲပြန်ဝင်ခဲ့ရတယ်၊ အဓိကအကြောင်းကတော့ ထွေထွေထူးထူး ဘယ်လိုအခြင်းအရာတွေကို သိသွားတယ်ဆိုတာ သိချင်လို့ ပြန်ဝင်ခဲ့တာပါ"



"ဝမ်ယုနဲ့တွဲနေတဲ့ လူငယ်သိုင်းသမားဟန်ထင်းရိုကို မင်းသိသလား"

"မသိပါဘူး၊ ဒါပေမယ့် သူ့ရဲ့လျင်မြန်ဖျတ်လတ်တဲ့ လှုပ်ရှားမှုနဲ့ မျက်စိလျှင်မှုကိုတော့ အကဲခတ်ရိပ်စားမိပါတယ်၊ သူဟာ သိုင်းပညာအဆင့်မြင့်မားတဲ့ လူတစ်ယောက်ပဲဖြစ်တယ်၊ တကယ်လို့ ဟန်ထင်းရိုနဲ့ကျွန်တော် ရင်ဆိုင်မယ်ဆိုယင် ကျွန်တော်နိုင်ဖို့ မသေချာဘူး"

သူက သက်ပြင်းတစ်ချက်ချကာ ဆက်ပြောလိုက်၏။

"ဒါကြောင့် အိမ်ထဲပြန်ဝင်တဲ့အခါမှာ တိတ်ရိတ်မဝင်ဘဲ အကာအကွယ်ယူပြီး ဝင်ခဲ့တာပေါ့၊ မှောင်ရိပ်မှာ ပုန်းခိုယင်း အခြေအနေကို ကျွန်တော်စောင့်ကြည့်နေခဲ့တာပဲ၊ ဟန်ထင်းရိုရဲ့ လျင်မြန်ဖျတ်လတ်မှုကြောင့် ဦးလေးတို့ တိုက်ပွဲကို ဝင်ရောက်ရပ်စဲပေးလိုက်တာကို ကျွန်တော်တွေ့ခဲ့တယ်၊ ဒါပေမယ့် ဟန်ထင်းရို ဘာတွေပြောနေတယ်ဆိုတာတော့ ကျွန်တော်မသိဘူး"

လှဖုံး သက်ပြင်းချလိုက်သည်။

"အင်း..တကယ်တော့ မင်းဟာ ငါတို့တိုက်ပွဲအခြေအနေကို အသေအချာသိရှိမယ် မထင်ဘူး၊ တကယ်တမ်းပြောရယင် တိုက်ပွဲမှာ ငါရှုံးသွားနိုင်တယ်၊ ဘာကြောင့်လဲဆိုယင် ချီအင်းက ပညာလျှို့ထားလို့ပဲ"

ထိုစကားကြောင့် အနက်ရောင်ဝတ်ဆင်ထားသူ အတော်လေးအံ့သြသွားလေသည်။

"မယုံနိုင်စရာပဲလား၊ ဘယ်လိုကြောင့် ချီအင်းက အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ထက်နေရပါလိမ့်၊ သူ့ရဲ့အကြောင်းကို ကျွန်တော် အသိဆုံးပါ။ သူ့ရဲ့ သိုင်းပညာဟာ တတိယတန်းစားအဆင့်လောက်သာ ရှိတယ်၊ ဒါကြောင့် ဒီပွဲမှာ ဦးလေးအနိုင်ရသွားမယ်လို့တောင် ကျွန်တော်က တွက်ဆထားမိတယ်၊ အခုတော့ ဘယ့်နှယ်ကြောင့် သူက ပညာလျှို့ထားရတာလဲ"

"ဒါကြောင့် မင်းသိပ်ညံ့တယ်လို့ ငါပြောတာပေါ့၊ ချီအင်းနဲ့ပေါင်းသင်းလာတာကြာပြီ ဒါနဲ့တောင် သူ့အကြောင်းကို စုံစုံလင်လင်မသိခဲ့ဘူး၊ မင်းက ကိုယ့်ကိုကိုယ် အထင်ကြီးတာများတယ်"

လူဖိုးက အားမလိုအားမရဖြင့် သူ၏တူအား မာန်မဲနေပါတော့သည်။

စင်စစ် အနက်ရောင်ဝတ်ဆင်ထားသူသည်ကား လူရှီတန်ပင်ဖြစ်ပါတော့သည်။

လူရှီတန်သည် အကြံအစည်တစ်ခုဖြင့် သူက အားလုံးအပေါ် လှည့်စားထားခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

လူဖိုးက လူရှီတန်အားကြည့်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"မင်းဟာ အတော်နုံအတဲ့ လူတစ်ယောက်ပဲ၊ ဒီမှာ ကျောက်စိမ်းလက် ချီရှန်းကျင်းကို မင်းကြားဖူးလား"

လူရှီတန် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သိုင်းပညာအလွန်တော်သူတစ်ယောက်လို့ ကြားသိထားပါတယ်"

"အေး...မသိယင်မှတ်ထား၊ ချီအင်းဟာ ကျောက်စိမ်းလက်



ချီရှန်းကျင်းရဲ့ မောင်အရင်းပဲကွ"

"ဗျာ"

လူဖိုး၏စကားကြောင့် လူရှီတန် အလွန်အံ့ဩသွားရသည်။

သူက လူဖိုးအားကြည့်ကာ မယုံကြည်နိုင်သောလေသံဖြင့် မေးလိုက်၏။

"ချီ...ချီအင်းဟာ ကျောက်စိမ်းလက်ချီရှန်းကျင်းရဲ့ မောင်အရင်း ဟုတ်လား"

လူဖိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ မင်းအသက်ကယ်ခဲ့ဖူးတဲ့ ကျေးဇူးကိုထောက်ပြီး မင်းကို ကျေးဇူးဆပ်ချင်လို့ မင်းဆီမှာ အမှုထမ်းခဲ့တာပဲ၊ တကယ်တမ်းယှဉ်မယ်ဆိုယင် မင်းသူ့ကိုအနိုင်ရဖို့ မသေချာဘူး"

လူဖိုးသည် တူဖြစ်သူအတွင်းကျကျ သိရှိနားလည်စေရန် စိတ်ရှည်လက်ရှည်ဖြင့် အဖြစ်မှန်ကို ရှင်းပြနေသည်။

လူရှီတန် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျွန်တော် လုံးဝမသိခဲ့ဘူး၊ သူဟာ ချီရှန်းကျင်းရဲ့မောင်အရင်းလို့ သတင်းအစအနတောင် မသိခဲ့ရဘူး၊ တော်တော်နေနိုင်တဲ့လူပဲ၊ ချီရှန်းကျင်းဟာ သိုင်းပညာတော်သလို ရန်သူလည်းများတယ်"

လူဖိုး ခေါင်းညိတ်လိုက်သည်။

"ဒီအချက်ကြောင့် ချီအင်းက သူတို့ရဲ့အကြောင်းစုံကို မင်းကိုဖွင့်ဟမပြောခဲ့တာ ဖြစ်မှာပေါ့၊ ပြီးတော့ သူ့အတွက်နဲ့ မင်းမှာလည်း ရန်များမှာ စိုးရိမ်လို့ဖြစ်မှာပေါ့၊ ဒါဟာ သူ့ရဲ့စေတနာပဲ ဖြစ်မယ်၊ သူ့အနေနဲ့ အင်မတန်ထက်မြက်တဲ့ ကျောက်စိမ်းလက်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာကို လေ့လာထားတာကို တစ်စုံတစ်ရာမပြောဘဲ ရှေ့နှုတ်ပိတ်နေခဲ့တာဟာ တနည်းအားဖြင့်တော့ သူ့ရဲ့စေတနာကို ပြသတဲ့သဘောဝဲ"

လှရှိတန် စိတ်ဝင်စားလာသည်။

"ကျောက်စိမ်းလက်သိုင်းပညာရပ်အကြောင်း ကျွန်တော်ကြားဖူးပါတယ်၊ ဦးလေးသိသလောက် ပြောပြပါဦး"

လှဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဒီလိုကွ၊ ကျောက်စိမ်းလက်သိုင်းပညာဆန်းကို ငါ့အနေနဲ့ အတွင်းကျကျတော့ မသိဘူး၊ ဒါပေမယ့် ငါသိသလောက် မင်းကို ပြောပြပါ့မယ်"

လှရှိတန်က ဘာမျှမပြောဘဲ စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။

လှဖုံးက ချောင်းတစ်ချက်ဟန့်ကာ သူ့စကားကို ဆက်လိုက်သည်။

"ကျောက်စိမ်းလက်သိုင်းပညာကို သင်ချင်တိုင်းလည်း သင်လို့မရဘူး၊ အခြေခံသိုင်းပညာကို ကောင်းကောင်းတတ်မြောက်ထားရမယ်၊ အထူးသဖြင့် အတွင်းအားကောင်းတဲ့လူ ဖြစ်ရမယ်၊ အတွင်းအားလေ့ကျင့်မှုမရှိယင်လည်း သင်ကြားတတ်မြောက်နိုင်မှာ မဟုတ်ဘူး"

"အတော်စည်းစနစ်ကြီးတဲ့ ပညာရပ်ပဲ"

"ဒါပေါ့၊ အတွင်းအားကျင့်စဉ်ကို သီးခြားလေ့ကျင့်ရတယ်၊ ပြီးတော့မှ အဲဒီအတွင်းအားနဲ့ ပေါင်းစပ်ပြီး ကျောက်စိမ်းလက်သိုင်း



ပညာကို သင်ကြားလေ့ကျင့်ရတယ်"

လှရှိတန်က ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေသည်။

"ထူးဆန်းတဲ့ သိုင်းပညာရပ်ဆိုတော့ လူတိုင်း မတတ်မြောက်နိုင်ဘူးပေါ့"

"မှန်တယ်၊ လူတိုင်း မတတ်မြောက်နိုင်သလို အမြင် လူတွေလည်း လေ့ကျင့်လို့မရအောင် လျှို့ဝှက်ထားတဲ့ပညာဆန်း တစ်ခုပဲ၊ အဲဒီကျောက်စိမ်းလက်သိုင်းပညာကို သူတို့ရဲ့မိသားစုသာ သင်ကြားခွင့်ရှိတယ်၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဒီသိုင်းပညာတတ်မြောက်သွားယင် အတွင်းအားထုတ်ဖော်တဲ့အခါ လက်နှစ်ဘက် ဟာ ကျောက်စိမ်းရောင်သမ်းလာတယ်၊ အဲဒီအခါမှာလိုသလို အသုံးချတိုက်ခိုက်နိုင်စွမ်းရှိလာတယ်၊ ကျောက်စိမ်းလက်ထိယင် တော်ရုံကုစားလို့မရဘဲ သိုင်းပညာဆုံးရှုံးသွားရလေ့ရှိတယ်"

လှရှိတန်က စိတ်ဝင်စားလွန်း၍ ငြိမ်၍နားထောင်နေ၏။

လှဖုံးက…

"ဒါပေမယ့် ခုနက ငါပြောတဲ့အခြေအနေက ကျောက်စိမ်းလက်ပညာကို အောင်မြင်စွာ တတ်မြောက်တဲ့ပညာရှင်ကိုပြောတာနော်၊ ချီအင်းအနေနဲ့ကတော့ တတ်မြောက်တယ်ဆိုပေမယ့် ထိပ်တန်းရောက်အောင် မလေ့ကျင့်နိုင်သေးဘူးလို့ ဟန်ထင်းရီပြောပြချက်အရ သိရတယ်"

လှရှိတန် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"အခုလို သိထားတော့ ပိုကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် အားလုံးကို သုံးသပ်ကြည့်မယ်ဆိုယင် ချိအင်းအနေနဲ့ မင်းကိုသတ်ဖို့ ဝက်ဝံဖြူကို အသုံးချစရာမလိုဘူး၊ ကိုယ်တိုင်ရင်ဆိုင်နိုင်တာပဲ မဟုတ်လား"

"အင်း..ဒါကြောင့် အထူးစုံးရိမ်နေတာ မဟုတ်လား"

လှုဖုံးက သူ့အားတစ်ချက်ကြည့်ကာ..

"ငါက မြို့စားကြီးကို တိုင်တန်းပြီး အခြေအနေရှုပ်ထွေးအောင်လုပ်ခဲ့တယ်၊ သူတို့ကလည်း ငါ့ကို မယုံသင်္ကာဖြစ်နေတာမို့ ကြေးစားဌားပြီး ပြဿနာကို ပိုပြီးရှုပ်ထွေးအောင် လုပ်လိုက်တယ်၊ ငါကတော့ ဘာဆက်လုပ်ရမယ်ဆိုတာ နောက်ကွယ်ကနေ အခြေအနေစောင့်ကြည့်ခဲ့တယ်၊ ဒီအချိန်မှာ တိတ်တဆိတ်လှုပ်ရှားနေတဲ့ မင်းကို သတိထားမိခဲ့တာပဲ၊ မင်းက မျက်နှာဖုံးစွပ်ထားပေမယ့် ငါက ငယ်ငယ်လေးကတည်းက ကြည့်ရှုစောင့်ရှောက်ခဲ့သူဆိုတော့ မင်းရဲ့ အမူအရာနဲ့ လှုပ်ရှားဟန်ကို ကြည့်လိုက်ရုံနဲ့ မှတ်မိတယ်၊ ပြီးတော့ မင်းရဲ့သိုင်းပညာကိုငါကပဲ သင်ကြားပေးခဲ့တာ မဟုတ်လား၊ မင်း ဘယ်လိုပဲ ရုပ်ဖျက်ထားပါစေ၊ ငါ့ကိုတော့ တပတ်ရိုက်လို့မရဘူး"

လှုရှိတန် ပြုံးလိုက်သည်။

သူကပါးလွှာသော မျက်နှာဖုံးအား ခွာချလိုက်၏။

ဤတွင်...

လှုရှိတန်၏ရုပ်သွင် ပေါ်ထွက်လာသည်။

"ဒီလိုဆိုယင် လမ်းမှာ သူတောင်းစားကို ကျွန်တော် အပြတ်ရှင်းပစ်ခဲ့တာ ဦးလေးမြင်လိုက်တယ်ပေါ့"

"ဒါပေါ့ မင်းအန္တရာယ်ကင်းအောင် အခြေအနေကိုတောင် စောင့်ကြည့်ပေးခဲ့သေးတယ်၊ ပြီးမှ မင်းနောက်ကို လိုက်လာခဲ့တာပဲ"

"ဪ..ဒီလိုကိုး"

"မင်းဟာ ငါမျှော်လင့်ထားသလို ဖြစ်မလာဘူး၊ စိတ်မိုက်စိတ်ရိုင်းတွေ တစ်နေ့ထက်တစ်နေ့ များလာတယ်၊ ဒေါသကြီးလာတာနဲ့အမျှ ထစ်ခနဲဆို သိုင်းပညာအားကိုးနဲ့ လူသတ်ချင်လာတယ်၊ မင်းဘာကြောင့် ဒီလောက်ရက်စက် ကြမ်းကြုတ်လာသလဲဆိုတာ ငါတောင်စဉ်းစားလို့မရတော့ဘူး၊ မင်းကို ငယ်ငယ်လေးကတည်းက အစစအရာရာ ငါအလိုလိုက်ခဲ့တယ်၊ အဆင့်အတန်းမြင့်မြင့်ထားခဲ့တယ်၊ ဒါပေမယ့် မင်းဟာ ငါ့မျက်နှာကိုမထောက်ဘူး၊ လုပ်ချင်ရာကို အတင်းလျှောက်လုပ်နေခဲ့တယ်၊ အခုဆိုယင် မင်းကြောင့် ငါအမှားများစွာကျူးလွန်ခဲ့ပြီ ဒါပေမယ့် ငါဖန်တီးတဲ့ဇာတ်ကို ငါနိုင်အောင်ကမှာပါ"

လှုရှိတန်က လှုဖုံးအား အကဲခတ်ကြည့်ယင်း..

"ယိဖုံးဟာ ယိစင်းဖန်းရဲ့ညီမပဲ၊ သူဟာ အစ်မဖြစ်သူလွတ်မြောက်ဖို့ ဒီကိစ္စထဲ ဝင်ရှုပ်နေတာ၊ သူ့ကိုဘာကြောင့် ရှင်းမပစ်ခဲ့တာလဲ"

လှုဖုံး သက်ပြင်းချလိုက်၏။

"မင်းနဲ့ပတ်သက်တဲ့ကိစ္စမှာ ငါအတော်လေးလှုပ်ရှားခဲ့တယ် ငါ့အနေနဲ့ နောက်ဆုတ်ဖို့ကလည်း မလွယ်တော့ဘူး၊ ဒါကြောင့်ဆက်ပြီးကရမှာပဲ"

"ဦးလေးက ဘာတွေလုပ်ဆောင်ခဲ့လို့လဲ"

လှုရှိတန်က နားမလည်နိုင်စွာဖြင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လှဖိုးက မချိပြုံးပြုံးလိုက်သည်။

"ငါက ကြေးစားတွေ ငှားခဲ့တယ်"

"ဒါကို ကျွန်တော်သိပါတယ်၊ တန့်ကျွေးရှင်တို့လူစု မဟုတ်လား"

လှဖိုး လှို့ဝှက်စွာ ပြုံးလိုက်၏။

"မင်းကို ငါတစ်ခုမေးမယ်"

လှရှိတန် ခေါင်းညိတ်လိုက်၏။

"မေးပါ"

"သေမင်းပွဲစား ဂူကျားရဲ့အကြောင်း မင်းကြားဖူးလား"

"ကြားဖူးတာပေါ့၊ သူဟာ သိုင်းပညာတော်ပြီး အင်မတန် ရက်စက်တဲ့ သိုင်းသမားတစ်ယောက်ပဲ၊ သေဆုံးသွားတာလား ခေတ်မြုပ်သွားတာလား၊ ဘယ်သူမှ ရေရေရာရာ မသိဘူး၊ သူ့သတင်းပျောက်သွားတာ အတော်လေးကြာသွားပြီ၊ ဒါနဲ့ အခုကိစ္စနဲ့သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

လှဖိုး လက်ကာပြလိုက်၏။

"သိပ်လည်း မလောဝါနဲ့၊ မင်းမသိတဲ့အချက်က သူမသေသေးဘူး"

"ဗျာ"

လှဖိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"သူ မသေဘူး ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ ခေတ်မြုပ်ပြီး သိုင်းပညာဆန်းတစ်ခုကိုကြိုးစားလေ့ကျင့်နေတာပဲ၊ အခုအောင်မြင်သွားလို့ ခေတ်မြုပ်မ



နေတော့ဘဲ ပြန်လှုပ်ရှားလာပြီ"

"ဦးလေး ဒီအကြောင်းတွေ ဘယ်လိုလုပ်သိလဲ"

"ဟား...ဟား...ဟား"

လှဖိုး သဘောကျစွာ ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ...

"ငါက သူနဲ့တွေ့ပြီးပြီကွ"

လှရှိတန်၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွား၏။

လှဖိုးအား မယုံကြည်နိုင်စွာဖြင့်ကြည့်ကာ...

"သေမင်းပွဲစားနဲ့ ဦးလေးတွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

လှရှိတန်မှာ အာခေါင်များ ခြောက်ကပ်သလို ခံစားလိုက်ရသည်။

လှဖိုးက တည်ကြည်သော မျက်နှာထားဖြင့်...

"မင်းကိစ္စနဲ့ပတ်သက်ပြီးချီအင်းနဲ့ယိစင်းဖန်းတို့ကို မကျေနပ်ခဲ့ဘူး၊ ချီအင်းဟာ ကျောက်စိမ်းလက်သိုင်းပညာ တတ်မြောက်ထားတဲ့အပြင် ဟန်ထင်းရီလည်း ရှိသေးတယ်၊ ဒါကြောင့် ချီအင်းနဲ့ယိစင်းဖန်းကို သုတ်သင်ဖို့ ဂူကျားကို ကြေးစားငှားခဲ့တယ်၊ ဟန်ထင်းရီကို ရှင်းပစ်ဖို့ တန့်ကျွေးရှင်နဲ့ မိတ်ဆွေနှစ်ယောက်ကို စေခိုင်းထားတယ်၊ ယိဖိုးကို အသုံးချပြီး သူတို့က ဟန်ထင်းရီကို လုပ်ကြံလိမ့်မယ်"

လှရှိတန်၏မျက်နှာ ဝင်းပသွားသည်။

"ဦးလေးရဲ့အကြံအစည်က တကယ်ကောင်းတယ်လား၊ ဒါကြောင့် ယိဖိုးကို ထားရစ်ခဲ့တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြစ်သူ၏ အကြံအစည်ကို လွန်စွာပင် သဘောကျနှစ်မြို့က်သွားလေသည်။

အစီအစဉ်သာ ဖြစ်မြောက်ပါက သူ၏ရန်သူများ အားလုံးရှင်းလင်းသွားပြီဖြစ်သည်။

လူဖုံးက သက်ပြင်းတစ်ချက် လေးပင်စွာချလိုက်၏။

"အကြံအစည်အောင်မြင်ယင် ကိစ္စမရှိပေမယ့် မအောင်မြင်ယင် ငါ့အတွက် ပြဿနာရှိနိုင်တယ်၊ ဒါကြောင့် အခြေအနေကို ကြည့်ရမယ်၊ ဘယ်သူကမှ လုပ်ကြံလို့မအောင်မြင်ဘူးဆိုယင် ငါ့အပေါ်အပြစ်ပုံကျလာမှာပဲ"

လူရှိတန် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဘာတစ်ခုမှ အဆင်မပြေယင် ဘာဆက်လုပ်မလဲ၊ သူတို့ကဦးလေးကို ခြေရာခံလိုက်ကြမှာ သေချာတယ်"

လူဖုံး လက်ကာပြလိုက်၏။

"ဒီအတွက် ဘာမှမပူနဲ့၊ ငါအားလုံး စီစဉ်ထားပြီးပြီ၊ အစကတည်းက ရှေ့တိုးနိုင်အောင် စီစဉ်ခဲ့သလို နောက်ဆုတ်နိုင်အောင်လည်း စီစဉ်ခဲ့တယ်၊ ဘာတစ်ခုမှ ဖြစ်မလာဘဲ အန္တရာယ်က ကိုယ့်ဘက်လှည့်လာမယ်ဆိုယင် ဒီဒေသက အမြန်ဆုံးရှောင်ပြေးသွားကြမယ်"

"ဒီက ရှောင်ပြေးမယ် ဟုတ်လား"

"ဘာလဲ မင်းက အဖမ်းခံပြီး သေဒဏ်အပြစ်ပေးခံယူမလို့လား"

လူရှိတန်၏မျက်နှာ ရှုံ့မဲ့သွား၏။



လူဖုံးက ဆက်ပြောလိုက်သည်။

"သူတို့က သေဆုံးသွားသူဟာ မင်းမဟုတ်ဘူးလို့ သံသယဖြစ်နေပုံရတယ်၊ မင်းအနေနဲ့ အယင်ရှောင်ပုန်းနေတာကောင်းမယ်၊ အခုကိစ္စကို ငါပဲကြည့်စီစဉ်လိုက်မယ်"

မိမိအပေါ် သံယောဇဉ်ကြီးမားလှသော လူဖုံးအားကြည့်ပြီး လူရှိတန် စိတ်မကောင်းဖြစ်သွားသည်။

သူက အံတစ်ချက်ကြိတ်ကာ...

"ကျွန်တော် ယောက်ျားပဲ၊ လုပ်ရဲယင်ခံရဲပါတယ်"

"မင်းပါးစပ်ပိတ်ထားစမ်း၊ ငါက နှစ်ယောက်စလုံး လက်မြောက်ဖို့ အခြေအနေမပေးမှပြောတာ၊ အဲဒီအခါကျယင် မင်းတစ်ယောက်ပဲ ဒီကအဝေးဆုံးကို ထွက်သွားရမယ်၊ ဘာမှ နောက်ဆုံတင်းရာမလိုဘူး၊ ငါပြောတာ နားလည်လား"

"ကျွန်တော်..."

လူရှိတန်က စောဒကတက်ရန် ဟန်ပြင်လိုက်၏။

လူဖုံးက လက်ကာပြလိုက်သည်။

"တော်ပြီ၊ ဆက်မပြောနဲ့တော့၊ ငါက အသက်ကြီးပါပြီ၊ ဒီတစ်ခါတော့ ငါ့စကားကို မင်းနားထောင်သင့်တယ်"

လူရှိတန်၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

"ငါက မင်းအတွက်ပြောတာပါ၊ ငါ့စေတနာကို နားလည်သင့်တယ်၊ ငါ့စကားကို နားထောင်သင့်တယ်"

လူရှိတန် ပင့်သက်ရှိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဦးလေးစကားကို မြေဝယ်မကျ နားထောင်မယ်"

လှဖုံး ကျေနပ်သွားသည်။

"ဒီလိုမှပေါ့"

သူတ လှရှိတန်၏ပခုံးအား ကြင်နာစွာသိုင်းဖက်လိုက်သည်။

သူတို့သည် ရာဇဝတ်ဘေး ပြေးမလွတ်ဟူသောစကားကို ယုံကြည်ဟန်မတူပါ။

ဥပဒေအား လက်တစ်လုံးခြား လုပ်ရန်၊ ရှောင်ပြေးရန်ကြံ စွယ်ထားကြပေသည်။

သူတို့သည် ရှောင်ပြေးလွတ်မြောက်နိုင်ပါမည်လော။

♠ ♠ ♠

## သူနိုင်ကိုယ်နိုင်

ဝက်ဝံဖြူသည် နှာသီတရှူးရှူးပေးကာ တဟုန်ထိုးပြေးလွှားသွားနေသည်။

တစ်ခါတစ်ရံတွင် ချောင်းငယ်မြောင်းငယ်များကို ခုန်ကျော်သွားခဲ့သလို အကွေ့အကောက်ပေါင်းများစွာကိုလည်း ကျော်လွှားခဲ့သည်။

နောက်ဆုံးတွင် တောအုပ်ကလေးတစ်ခုသို့ ရောက်ရှိလာခဲ့သည်။

မည်သည့်လမ်းကို ဝင်မည်နည်း။

တောအုပ်အတွင်းသို့ဝင်ရန် လမ်းများကလည်း များ

www.burmeseclassic.com

www.burmeseclassic.com



ပြားလွန်းလှသည်။

သို့သော် ဝက်ဝံဖြူသည် နှာခေါင်းတရှုံ့ရှုံ့ဖြင့် လမ်းကလေး တစ်ခုအတွင်းသို့ ဝင်ရောက်သွားတော့သည်။

♠ ♠ ♠



လူဖုံးနှင့်လူရှိတန်တို့က တောအုပ်ထဲမှ ထွက်ရန်ပြင်လိုက်သည်။ ထိုစဉ် ဝက်ဝံ အော်ဟစ်မာန်ဖီသံကို ကြားလိုက်ရ၏။

လူဖုံး မျက်လုံးပြူးသွားသည်။

လူရှိတန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီကောင်က သူ့အပေါ် နှိပ်စက်ထားခဲ့တဲ့အတွက် အငြိုးကြီးတာကိုး၊ အခုအချိန် သူ မလိုအပ်တော့ဘူး ဒီလောက်အမုတ်သည်းခြေကြီးတဲ့ကောင် တစ်ခါတည်း ရှင်းပစ်လိုက်မယ်"

လူရှိတန်က ဝက်ဝံလက်သည်းလက်နက်ဆန်းကို အသင့်ပြင်ထားလိုက်လေသည်။

ဝက်ဝံဖြူသည် အနံ့ခံယင်း တောအုပ်ထဲ ဝင်လာသည်။

မြေကွက်လပ်ရှေ့သို့ရောက်လျှင် ခြေလှမ်းများ ရပ်တန့်သွားကာ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

ထို့နောက် ဒေါသတကြီးဖြင့် လူရှိတန်အား ခုန်အုပ်ကာ တိုက်ခိုက်လိုက်၏။

လူရှိတန်ကလည်း တုန့်ပြန်တိုက်ခိုက်လိုက်သည်။

လူဖုံး မနေနိုင်တော့ပါ။

ဓားဆွဲထုတ်ကာ ဝက်ဝံဖြူအား တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရာ ဝက်ဝံဖြူမှာ စူးစူးဝါးဝါးအော်မြည်ကာ သေဆုံးသွားတော့သည်။

ဝက်ဝံဖြူ သေဆုံးသွားသည်နှင့် တပြိုင်နက် လူဖုံးနှင့်လူရှိတန်တို့သည် တောအုပ်ထဲမှ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင်းရီသည် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ယင်း ခြေရာခံလိုက်ခဲ့သည်။

မကြာမီ သူ၏နားထဲတွင် ဝက်ဝံဖြူအော်သံသဲ့သဲ့အားကြား မိသလိုရှိလေသည်။

ထို့ကြောင့်...

အားတက်သွားကာ အသံထွက်ပေါ်ရာသို့ မှန်းဆကာထွက် သွားတော့သည်။

မကြာမီ တောအုပ်တစ်ခုအနီးသို့ ရောက်လာသည်။

အသံမှာ ပျောက်သွားပြီဖြစ်၍ မည်သည့်နေရာသို့ လိုက် ရှာရမှန်းမသိ ဖြစ်သွားလေသည်။

ထိုစဉ်မှာပင် တောအုပ်ထဲမှ လူနှစ်ယောက် လှမ်းထွက်လာ သည်ကို တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်ကိုမြင်လျှင် ဟန်ထင်းရီမှာ ပါးစပ်အ ဟောင်းသား ဖြစ်သွားလေသည်။

အကြောင်းမှာ..

ထိုလူနှစ်ယောက်သည် လူဖိုးနှင့်လူရှီတန်တို့ ဖြစ်နေကြ သည် မဟုတ်ပါလား။

♠ ♠ ♠



လူဖိုးသည် မမျှော်လင့်ဘဲ ဟန်ထင်းရီအားတွေ့လျှင် မျက် နှာကွက်ခနဲ ပျက်သွားလေသည်။

လူရှီတန်၏မျက်နှာမှာမူ တင်းခနဲ ဖြစ်သွားသည်။

ဟန်ထင်းရီ သဘောကျစွာ ရယ်မောလိုက်သည်။

"ဘယ်လိုလဲ၊ နောက်ဆုံးတော့ ခင်ဗျားတို့ လှည့်စားလို့မ ရတော့ဘူး မဟုတ်လား"

"မင်း ဘယ်လိုလုပ် လိုက်လာနိုင်တာလဲ"

လူဖိုးက တအံ့တဩဖြင့် မေးလိုက်သည်။

ဟန်ထင်းရီက အသာပြုံးလိုက်သည်။

"လွတ်သွားတဲ့ ဝက်ဝံဖြူနောက်ကို ခြေရာခံလိုက်ခဲ့တာပေါ့ ဝက်ဝံဖြူဟာ သူ့အမုန်းဆုံးလူရဲ့ အနံ့ကိုခံပြီး ရှာဖွေမယ်ဆိုတာ တွေးမိခဲ့တယ်လေ၊ အခုတော့ ခင်ဗျားတို့ကို တွေ့ရပြီပေါ့"

သူက လူရှီတန်ဘက်လှည့်ကာ မေးလိုက်၏။

"ခင်ဗျားအဖြစ် ဟန်ဆောင်ထားခဲ့သူက သူ့ခြေသားကျွန်း စွန်းမဟုတ်လား"

"ဟုတ်တယ်၊ သူ့ကိုသတ်ပြီး ငါသေသလို ဟန်ဆောင်ထား ခဲ့တာပဲ"

"အခုတော့ ခင်ဗျားတို့ ပြေးမလွတ်တော့ပါဘူး"

လူရှီတန် ရယ်မောလိုက်၏။

"မင်းရဲ့ သိုင်းပညာတော်မှန်း ငါသိတယ်၊ ဒါပေမယ့် မင်း တစ်ယောက်တည်းနဲ့ ဘာများတတ်နိုင်မှာလဲ"

မိမိတို့နှစ်ယောက်ပေါင်းတိုက်လျှင် ဟန်ထင်းရီအား အနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရမည်ဟု သူကကျိန်းသေ တွက်ဆထား၏။

လှဖိုးစာလည်း ဤကဲ့သို့ပင် ထင်မှတ်ထားသည်။

ထိုစကားကြောင့် ဟန်ထင်းရှိ၏ရင်ထဲ ထိတ်ခနဲဖြစ်သွားမိသည်။

သို့သော် မျက်နှာအမူအရာကား တစ်စက်လေးမှ မပျက်ပါချေ။

သူက အသာအယာပြုံးယင်း...

"ကျုပ်က မကြောက်လို့ ခစ်ယောက်တည်းလာတယ်ဆိုတာ မှတ်ထားပေါ"

လှရှိတန်က ဦးလေးဖြစ်သူဘက် လှည့်ကာ...

"ကဲ..ဦးလေး ဒီအရှုပ်ကောင်ကို ကျွန်တော်တို့ ရှင်းပစ်ကြတာပေါ့"

ဟန်ထင်းရှိ လိုက်လာပုံလောက်လျှင် တန့်ကျွဲရင်တို့ အခြေအနေ ဆိုးသွားပြီဖြစ်ကြောင်း လှဖိုး နားလည်လိုက်၏။

သူ၏အကြောင်းများသည်လည်း တနည်းနည်းနှင့်ပေါ်သွားမည်ဟုလည်း ဆင်ခြင်လိုက်မိသည်။

ထို့ကြောင့် လှရှိတန်၏စကားကို ကြားရသောအခါ သဘောတူလိုက်၏။

"ကောင်းတယ်ဟေ့၊ သူ့ကိုရှင်းပစ်ကြတာပေါ့"

ပြောယင်း သူကပင် စတင်တိုက်ခိုက်လိုက်၏။

လှရှိတန်ကလည်း ဝက်ဝံလက်သည်းဖြင့် တိုက်ခိုက်လိုက်လေသည်။



ဟန်ထင်းရှိ မပျော့ပါဆရဲပါ။

ဓားဆွဲထုတ်၍ သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တောအုပ်ရှေ့တွင် တိုက်ပွဲတစ်ခု ပြင်းထန်စွာဖြစ်ပေါ်လာလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံများ တဟူးဟူးထွက်ပေါ်နေ၏။

သံသံချင်း ထိခတ်သံလည်း ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ဟန်ထင်းရီမှာ တိုက်ခိုက်မှုများအား ခုခံပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

လူဖုံးနှင့်လူရှိတန်တို့က အတွဲညီစွာ တိုက်ခိုက်နေ၏။

တစ်ယောက်ချင်းရင်ဆိုင်ရလျှင် အကြောင်းမဟုတ်သော်လည်း ယခု နှစ်ယောက်ဖြစ်နေသောကြောင့် အခက်တွေ့နေမိသည်။

သို့တိုင်အောင် သူ့အား ဒုက္ခမပေးနိုင်သေးပါချေ။

"ယား"

လူရှိတန်က ညာသံပေးကာ ဝက်ဝံလက်သည်းဖြင့် အတင်းဒိုင်းချလိုက်သည်။

လူတစ်ယောက်သာဆိုလျှင် ကိစ္စတုံးသွားမည်မှာ သေချာမှုပေသည်။



ဟန်ထင်းရီက မျက်စိလျင်သည်။

ရုတ်တရက် တိုက်ခိုက်လာမှုကို အသင့်တော်ဆုံးသိုင်းကွက်ဖြင့်ရှောင်တိမ်းလိုက်နိုင်သည်။

ဟန်ထင်းရီ၏ ခုခံကာကွယ်နည်းက အသည်းယားစရာပင်။

ခြေစုံရုပ်လျှက် နောက်ကျွမ်းတစ်ပတ်ပစ်၍ ဝက်ဝံလက်သည်းလက်နက်ဆန်းကို ခြေဖျားဖြင့် ခတ်ထုတ်လိုက်သည်။

လှလှပပပင် ရှောင်တိမ်းနိုင်ခဲ့သည်။

ဟန်ထင်းရီ အသုံးပြုလိုက်သည့်အကွက်မှာ လက်နက်မဲ့လေဝဲကာကွယ်နည်းပင်ဖြစ်သည်။

လူရှိတန်သည် ကျိန်းသေတွက်ချက်ပြီး အပြတ်ရှင်းလိုက်သော်လည်း အချည်းနှီးဖြစ်သွားသည့်အတွက် ဒိုသ၍ဒေါသထွက်လာသည်။

လေထဲမှ ဟန်ထင်းရီ ပြန်အကျတွင် သူကထပ်ဆင့်၍ မနားတမ်းသူ၏လက်နက်ဆန်းဖြင့် တိုက်ခိုက်ပြန်သည်။

လူဖုံးကလည်း ရှောင်တိမ်းမည့်ဘက်သို့ မှန်းဆကာ ဓားဖြင့်ထိုးသွင်းလိုက်သည်။

ဟန်ထင်းရီ ရင်ထိတ်သွားသည်။

သူက ဓားကို တရစပ်ဝှေ့ယမ်းကာ ခုခံလိုက်၏။

တဆက်တည်းပင် လူဖုံး၏ဓားကိုင်လက်ကို ခြေဖျားဖြင့်ခတ်လိုက်သည်။

လူဖုံး၏ ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။

ဟန်ထင်းရီက မြေပေါ်ခြေအကျတွင် လူရှိတန်က ရှေ့တိုး

www.burmeseclassic.com

www.burmeseclassic.com



ကာတိုက်ခိုက်လိုက်သည်။

ဟန်ထင်းရီက နောက်ဆုတ်လိုက်၏။

သို့တိုင် မလွတ်မြောက်ပါ။

လူရှိတန်က ဝက်ဝံလက်သည်း လက်နက်ဆန်းမှ လက်ကိုင်ဘုကို နှိပ်လိုက်သည်။

ဝက်ဝံလက်သည်း ရှည်ထွက်လာပြီး သူ၏ပခုံးမှ အင်္ကျီစအား ဆွဲဖြဲသွားသည်။

နီရဲသောသွေးများ ဖြာထွက်လာသည်။

လူရှိတန်က လက်ကိုင်ဘုအား ပြန်နှိပ်လိုက်လျှင် မူလအတိုင်း ဖြစ်သွားလေသည်။

ထိုလက်နက်သည် အလွန်ကြောက်စရာကောင်းသောလက်နက်ဖြစ်ကြောင်း ဟန်ထင်းရီ ရိပ်စားမိသွားပြီဖြစ်သည်။

လူရှိတန် သဘောကျစွာ ဖြီးလိုက်သည်။

"ဘယ်လိုလဲ ကျုပ်ရဲ့လက်နက်ဆန်းက မကောင်းဘူးလား"

လှောင်ပြောင် ပြောဆိုလာသည်။

ဟန်ထင်းရီက ဘာမှမပြောပါ။

ဒဏ်ရာမှသွေးထွက် မလွန်စေရန် ဒဏ်ရာတဝိုက်ရှိသွေးကြောများကို ထိုးပိတ်လိုက်လေသည်။

ဟန်ထင်းရီ ဒဏ်ရာရသွား၍ လူဖုံး အားတက်လာ၏။

ဟန်ထင်းရီအား သုတ်သင်ရှင်းလင်းနိုင်မည်ဟုလည်း ယုံကြည်လာမိသည်။

ဟန်ထင်းရီအား သုတ်သင်နိုင်လျှင် သူတို့အကြောင်းကို



လူအများ သိနိုင်မည်မဟုတ်တော့ဟု တွေးမိလိုက်သည်။

သူက အားတက်လာပြီး ဟန်ထင်းရီအား ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

လူရှိတန်ကလည်း လက်နက်ဆန်းအား တို၍တမျိုး ရှည်၍တဖုံအသုံးပြု၍တိုက်ခိုက်လိုက်သည်။

ဟန်ထင်းရီမှာ တဖြည်းဖြည်း အခက်တွေ့လာ၏။

အထူးသဖြင့် လူရှိတန်၏လက်နက်ဆန်းအား သတိကြီးစွာထားကာ ရင်ဆိုင်နေရသောကြောင့် တိုက်ခိုက်မှုမှာ မြန်သင့်သလောက် မမြန်တော့ပါချေ။

ဟန်ထင်းရီက အားမလျှော့ပါ။

အံတင်းတင်းကြိတ်ကာ ခုခံတိုက်ခိုက်နေ၏။

သူ့တွင် မျှော်လင့်ချက်တစ်ခု ရှိနေသည်မှာ သူလာရာလမ်းတလျှောက်တွင် ဝမ်ယုတို့လိုက်လာနိုင်အောင် အမှတ်အသားများထားရစ်ခဲ့သည် မဟုတ်ပါလား။

"ချွမ်း"

လူရှိတန်၏လက်နက်ဆန်းက ရှည်ထွက်လာသည်။

ဟန်ထင်းရီက ဓားကိုပင့်တင်ကာ ခုခံလိုက်၏။

တဆက်တည်းပင် ခြေဖြင့် ကန်ကျောက်လိုက်သည်။

လူရှိတန် ရင်ထိတ်သွားသည်။

သူက ကပျာကယာ နောက်ဆုတ်လိုက်သည်။

ထိုစဉ် လူဖုံး၏ဓားက ဟန်ထင်းရီ၏ နံကြားသို့ ဝင်းခနဲဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ထင်းရီက ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်ပေးယင်း လက်ဝါးတစ်ဘက် ရိုက်ထုတ်လိုက်၏။

လူဖုံးက ဘေးသို့ရှောင်တိမ်းလိုက်ရာ ဟန်ထင်းရီက ဓား ဖြင့်ရှပ်ဆွဲလိုက်သောကြောင့် ဓားဒဏ်ရာရသွားလေတော့သည်။

"အား"

လူဖုံး လွှတ်ခနဲ အော်လိုက်၏။

သူ၏ရင်ဝ၌ ဓားဒဏ်ရာတစ်ချက် ရသွားလေသည်။

ဦးလေးဖြစ်သူ ခံလိုက်ရသောကြောင့် လူရှီတန် ဒေါသ ခြောင်းခြောင်း ထွက်သွားလေသည်။

"သေပေတော့"

အော်ငေါက်ကာ ကမူးရှူးထိုး ခုန်ဝင်ကာ တိုက်ခိုက်လိုက် တော့သည်။

"ချွမ်း"

လက်နက်ဆန်းနှင့်ဓား ထိတွေ့သံ ကျယ်လောင်စွာ ထွက် ပေါ်လာလေသည်။

ဟန်ထင်းရီကလည်း ကျန်လက်တစ်ဘက်ဖြင့် ရိုက်ထုတ်လိုက်၏။

လူရှီတန်ကလည်း လက်ငါးချောင်းဖြင့် ကုပ်ချလိုက်၏။

တိုက်ခိုက်မှုမှာ ပြိုင်တူလိုလိုပင်ကျရောက်သွားတော့သည်။

"ဝုန်း"

"အား"

ကျယ်လောင်သောအသံနှင့်အတူ စူးရှသောအော်သံများ ထွက်ပေါ်လာသည်။



ဟန်ထင်းရီ၏လက်ဝါးသည် လူရှီတန်၏ရင်ဝအား ရိုက်မိ သွားသည်။

ထို့အတူ...

လူရှီတန်၏လက်ငါးချောင်းသည် ဒဏ်ရာရထားသော ဟန် ထင်းရီ၏ပခုံးအား ကုပ်ဆွဲမိသွားလေသည်။

လူရှီတန်က တမင်ဝင် ဒဏ်ရာရထားသောနေရာအား ရွေး ချယ်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လူရှိတန်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏ရင်ဘတ်တစ်ခုလုံး အောင့်သက်သက်နှင့် နာကျဉ်နေ၏။

အကယ်၍ ဒဏ်ရာရထားသောလက်ဖြင့် တိုက်ခိုက်ခြင်းမဟုတ်ဘဲ အခြားလက်ဖြင့် တိုက်ခိုက်ပါက မုချသေဆုံးရမည်ဖြစ်သည်။

ယခုမူ ဒဏ်ရာရထားသော လက်မို့ အားလျော့သွားခြင်းကြောင့် သက်သာရာရသွားလေသည်။

ဟန်ထင်းရီမှာလည်း မသက်သာပါ။

ဒဏ်ရာရထားသောလက်အား ထပ်မံတိုက်ခိုက်ခြင်းခံရသဖြင့် အသည်းခိုက်အောင်ပင် နာကျဉ်သွားမိလေသည်။

ဒဏ်ရာမှလည်း သွေးများစိမ့်ထွက်လာသည်။

သွေးကြောအချို့ ပျက်စီးသွား၍ လက်တစ်ဘက်လုံး တစစ်စစ်နာကျဉ်ကာ လှုပ်ရှား၍မရနိုင်လောက်အောင် ဖြစ်သွား၏။

ယခု...

သုံးဦးစလုံး ဒဏ်ရာကိုယ်စီရသွားပြီဖြစ်ပါသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ အကဲခတ်ကြည့်နေကြသည်။

သူတို့က အခွင့်ကောင်းချောင်းနေသလို အမောဖြေနေကြခြင်းလည်းဖြစ်သည်။

သူတို့သည် တစ်ဦးအခြေအနေ တစ်ဦးလေ့လာယင်း...

"ယား"



ညာသံကိုယ်စီပေးကာ တိုက်ခိုက်လိုက်ကြပြန်သည်။

လူဖုံးနှင့်လူရှိတန်တို့မှာ ဒဏ်ရာကိုယ်စီရထားသော်လည်း နှစ်ယောက်ဖြစ်၍ ခံသာနေသေး၏။

ဟန်ထင်းရီမှာကား ဓားကိုင်လက်တစ်ဘက်တည်းဖြင့်သာ တိုက်ခိုက်နေရ၏။

သူ၏အခြေအနေမှာ မဟန်တော့သော်လည်း သူက အလျှော့မပေးပါ။

အားတင်းကာ တိုက်ခိုက်နေ၏။

သူက နောက်ဆုံးကြိုးစားခြင်းအနေဖြင့် အထက်မြက်ဆုံးဓားကွက်များအား ထုတ်ဖော်အသုံးပြုလိုက်လေသည်။

ဓားရိပ်လူရိပ်များ ပူးကပ်သွားသည်။

"ဝုန်း"

ကျယ်လောင်သောအသံများလည်း ထွက်ပေါ်လာသည်။

ဟန်ထင်းရီ၏ဓားချက်က လူရှိတန်၏လက်နက်အား ရိုက်ဖယ်လိုက်သည့်အပြင် ဝဲဘက်နံကြားအား ရှပ်ထိသွားသည်။

လူရှိတန် နာကျဉ်စွာအော်ယင်း နောက်ဆုတ်သွား၏။

ဟန်ထင်းရီမှာလည်း လူဖုံး၏ခြေကန်ချက်မိကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

ဟန်ထင်းရီက ခန္ဓာကိုယ်အား မနည်းပင်ထိန်းထားလိုက်ရသည်။

လူဖုံးနှင့်လူရှိတန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

"မင်း ဘယ်လိုနေလဲ"

လှဖုံးက မေးလိုက်သည်။

လှရှိတန်က မဲ့ပြုံးပြုံးလိုက်သည်။

"ရတယ်၊ ကျွန်တော် ဘာမှမဖြစ်သေးဘူး၊ သူ့ကိုအမြန်ဆုံး သုတ်သင်နိုင်အောင်သာ ကြိုးစားပါ"

လှဖုံးက ရင်ဘတ်မှဒဏ်ရာကို တစ်ချက်ငုံ့ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"စိတ်ချ..သူ မကြာခင်သေရမှာပါ"

နှစ်ယောက်သား တိုင်ပင်ပြောဆိုယင်း ထပ်မံတိုက်ခိုက် ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ရပ်လိုက်စမ်း"

ဟန့်တားသံနှင့်အတူ လူတစ်စု ပြေးလွှားရောက်ရှိလာသည်။

ထိုလူစုအားမြင်လျှင် လှဖုံးနှင့်လှရှိတန်တို့မှာအကြီးအကျယ်မျက်နှာပျက်သွားကြလေတော့သည်။

ဝမ်ယုသည် မင်းမှူထမ်းဆွယ်ယောက်ခန့်ကို ဦးဆောင်ကာလိုက်လာပြီ မဟုတ်ပါလား။

♠ ♠ ♠



ဝမ်ယုသည် သံခြေထောက်တို့အား မြို့စားကြီးထံ အပ်နှံကာအကျိုးအကြောင်း ရှင်းပြလိုက်သည်။

မြို့စားကြီးက လှဖုံး၏သွေးထိုးမှုကို သိမြင်သွားသောကြောင့် ဝမ်ယုအား အရှုံမှန်ပေါ်ပေါက်စေရေးအတွက် လုံလောက်သောအချိန်ကို ပေးခဲ့လေသည်။

ဝမ်ယုသည် ဌာနၶ စီမံစရာရှိသည်များကို စီမံပြီးမင်းမှူထမ်းများအားခေါ်ကာ မြို့ပြင်သို့ပြန်ထွက်ခဲ့သည်။

ယိဖုံးလည်း လိုက်ပါလာခဲ့သည်။

သူတို့သည် မြို့ပြင်တဝိုက် သဲလွန်စရှာယင်း ဟန်ထင်းရီချထားခဲ့သော အမှတ်အသားများအား တွေ့ရှိခဲ့သည်။

သူတို့က ထိုအမှတ်အသားများအတိုင်း အမြန်ဆုံးပင် ခြေရာခံလိုက်ခဲ့ကြတော့သည်။

နောက်ဆုံးတွင် ဟန်ထင်းရီတို့ထံ ဆိုက်ဆိုက်မြိုက်မြိုက်ပင်ရောက်ရှိသွားတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



မင်းမှုထမ်းများသည် လူဖုံးနှင့်လူရှိတန်တို့အား ဝိုင်းရံထားလိုက်ကြ၏။

ဝမ်ယုတို့ရောက်လာမှပင် ဟန်ထင်းရှီမှာ သက်ပြင်းချနိုင်တော့သည်။

ယိဖုံးက စိုးရိမ်စွာဖြင့် သူ၏ဒဏ်ရာများအား စည်းနှောင်ပေးလိုက်သည်။

ဝမ်ယုက နားမလည်နိုင်စွာဖြင့်...

"ဘယ်လိုဖြစ်တာလဲ၊ လူရှိတန်က မသေပါလား"

ဟန်ထင်းရှီ မချိပြုံးပြုံးလိုက်သည်။

"သူက အစကတည်းက မသေပါဘူး"

"ဒါဖြင့်"

သူ၏စကားမဆုံးမီ ဟန်ထင်းရှီက ဖြတ်ပြောလိုက်၏။

"သူနဲ့ကိုယ်လုံးကိုယ်ပေါက်ချင်းတူတဲ့ ကျွန်းစွန်းကိုသတ်ပြီး ရုပ်ဖျက်ထားခဲ့တာပဲ"

သူက အကျိုးအကြောင်း ပြောပြလိုက်၏။

ဝမ်ယု ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"လက်စသတ်တော့ ဒီလိုကိုး"

လူဖုံးနှင့်လူရှိတန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ထို့နောက် ဝိုင်းရံထားသော မင်းမှုထမ်းများအား တိုက်ခိုက်ကာထွက်ပြေးရန် ကြံစည်လိုက်ကြ၏။

မင်းမှုထမ်းများက စနစ်တကျဖြင့် ပိတ်ဆို့တိုက်ခိုက်လိုက်



ကြလေသည်။

ဝမ်ယုလည်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားသည်။

အခြေအနေမှာ ရှုပ်ထွေးသွားသည်။

မင်းမှုထမ်းသုံးယောက်မှာ ဒဏ်ရာရသွားပြီး တစ်ဦးမှာ လူဖုံး၏ဓားချက်မိကာ သေဆုံးသွားသည်။

လူဖုံးမှာလည်း ကျန် မင်းမှုထမ်းများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားလေသည်။

"အား"

လူရှိတန်မှာလည်း ဝမ်ယု၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်း ထန်စွာရကာ ဒူးထောက်ကျသွားသည်။

ဝမ်ယုမှာ သူ၏လည်ပင်းပေါ်သို့ ဓားတင်ထားလိုက်သည်။

လူရှိတန် မလှုပ်သာတော့ပါ။

သူက ခေါင်းငိုက်စိုက်ချထားလိုက်တော့သည်။

မင်းမှုထမ်းများသည် လူရှိတန်အား ကြိုးဖြင့်တုပ်နှောင်ကာ ဖမ်းဆီးလိုက်ကြသည်။

ရာဇဝတ်ဘေး ပြေးမလွတ်နိုင်မှန်း လူရှိတန်တစ်ယောက် ကောင်းစွာ သိထားခဲ့ပြီတကား။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## ပွဲစားနှင့်ပညာသည်

မင်းမှုထမ်းဌာန…။

မင်းမှုထမ်းဌာနသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူသည် တရားခံတစ်ယောက်အား ဖမ်းဆီးလာသည်။

ထိုတရားခံမှာ ကျင်းပွဲပင်ဖြစ်လေသည်။

လာပို့သူမှာ အာဏာသားဝတ်စုံ ဝတ်ဆင်ထားသည်။

ထိုလူ၏မျက်နှာသည် ခက်ထန်တင်းမာနေ၏။

"ဝမ်ယုကော"

ထိုအချိန်တွင် ဝမ်ယုမှာ ဟန်ထင်းရှီနောက် လိုက်သွားသဖြင့်…



"ဆရာဝမ်ယု အရေးတကြီးကိစ္စနဲ့ အပြင်ထွက်သွားပါတယ်"

မင်းမှုထမ်းတစ်ဦးက ဖြေလိုက်၏။

သူတို့သည် ထိုအာဏာသားကို မသိကြပါ။

ထိုအာဏာသားမှာ ဝမ်ယုအားသိနေသောကြောင့် ဝမ်ယု၏မိတ်ဆွေဟု ထင်မှတ်သွားကြသည်။

အာဏာသားက…

"ကျုပ်က လုယန်နယ်စားကြီးလက်အောက်က အမှုထမ်း ကောက်ချိန်ပဲ၊ ဝမ်ယုလိုက်နေတဲ့အမှုအတွက် လိုနေတဲ့သက်သေကို တွေ့လို့ ဖမ်းခေါ်လာခဲ့တာ"

အားလုံးမှာ ကောက်ချိန်အား လေးစားသွားကြ၏။

ကျင်းပွဲသည် ဝမ်ယု အလိုရှိနေသူတစ်ဦးပင်။

ကျင်းပွဲကြောင့် သူတို့များစွာ အလုပ်ရှုပ်ခဲ့ရသည် မဟုတ်ပါလား။

ကောက်ချိန်က ကျင်းပွဲအား မင်းမှုထမ်းတစ်ယောက်၏ လက်ထဲသို့အပ်ကာ…

"သူ့ကို သေသေချာချာ ချုပ်ထားလိုက်"

တဖန် ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ကာ မေးလိုက်လေသည်။

"လက်ရှိ ဘယ်သူတာဝန်ယူထားလဲ"

သူ၏ခပ်မာမာဟန်နှင့် နယ်စားအရှိန်အဝါတို့ကြောင့် အားလုံးမှာ အလိုလိုကြောက်ရွံ့ရှိသေနေကြ၏။

မင်းမှုထမ်းတစ်ယောက်က လှမ်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့နာမည် သန်းဖုံးပါ၊ ဆရာဝမ်ယုရဲ့ လက်ထောက်ပါ၊ လက်ရှိအချိန်မှာ ကျွန်တော် တာဝန်ယူထားရပါတယ်"

ကောက်ချိန်က သူ့အားစေ့စေ့ကြည့်လိုက်သည်။

"သံသယဖြစ်လို့ ချုပ်နှောင်ထားတဲ့ ချီအင်းနဲ့ယိစင်းဖန်းကို ကျုပ်တွေ့ချင်တယ်၊ သူတို့ကို စစ်မေးစရာနည်းနည်းရှိတယ်၊ တကယ်လို့ ကျုပ်ထင်တာမှန်ယင် မကြာခင် တရားခံကိုမိတော့မယ်"

တရားခံကို မိတော့မည်ဆိုသောကြောင့် သန်းဖုံး၏မျက်နှာဝင်းလက်သွားသည်။

သူက ထွေထွေထူးထူးစဉ်းစားမနေတော့ပါချေ။

"ကျွန်တော့နောက် လိုက်ခဲ့ပါ"

ကောက်ချိန်အား ခေါ်ဆောင်ကာ အချုပ်ခန်းဆီသို့ ဦးတည်သွားလေသည်။

ကောက်ချိန်၏မျက်နှာပေါ်တွင် လျှို့ဝှက်သောအပြုံးရိပ်တစ်ခုထွက်ပေါ်လာသည်။

အမှန်စင်စစ် ကောက်ချိန်သည်ကား ရုပ်ဖျက်ထားသောသေမင်းပွဲစားဝူကျားပင်ဖြစ်လေသည်။

သူက မြို့ပြင်တွင် ကျင်းပွဲအား ဖမ်းဆီးထားပြီး အခွင့်အရေးကိုချောင်းမြောင်းနေခဲ့သည်။

ဝမ်ယုတို့ ထွက်သွားပြီးမှ တရားခံကျင်းပွဲအား ဖမ်းခေါ်လာဟန်ဖြင့် ပုံမှားရိုက်ကာ ဝင်လာခဲ့ခြင်းဖြစ်သည်။

မကြာမီ ချီအင်းတို့အား တွေ့ရတော့မည်ဖြစ်သည်။

ထိုအခါ သူက အလွယ်တကူ လုပ်ကြံသတ်ဖြတ်မည်ဟု ဆုံးဖြတ်ထားလေသည်။

♠ ♠ ♠

"ကျွိမ်း"

အချုပ်ခန်းတံခါးဖွင့်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အခန်းထဲ၌ ချီအင်းရှိနေသည်။

ချီအင်းနှင့် ယိစင်းဖန်းတို့အား သီးခြားခွဲ၍ချုပ်ထားလေသည်။

သန်းဖုံးက ဦးညွတ်ယင်း…

"ဆရာတွေ့ချင်တဲ့ ချီအင်းပါပဲ"

ဝူကျား ရယ်ချင်သွားသော်လည်း မရယ်ဖြစ်ပါ။

သူက အချုပ်ခန်းအတွင်း လှမ်းဝင်လိုက်ပြီး…

"ချီအင်းဆိုတာ မင်းနော်"

"ဟုတ်ပါတယ်"

ချီအင်းက အကဲခတ်ကြည့်ယင်း ဖြေလိုက်၏။

သူ၏စိတ်ထဲတွင် အန္တရာယ်အငွေ့အသက်များ ခံစားလိုက်ရပြီး ထိုလူသည် မှုမမှန်ဟု ခင်ခြင်မိလိုက်သည်။

ထို့ကြောင့် သတိကြီးစွာထားနေလိုက်၏

ဝူကျားက ဘာမှမပြောတော့ပါ။

ဝမ်ယု ပြန်မလာမီ သူ၏ကိစ္စပြီးမြောက်အောင် ဆောင်ရွက်ရမည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်တစ်ဘက် မြောက်တက်သွားသည်။

"ဒုတ်"

"အင့်"

သန်းဖိုးမှာ ဘာမှန်းပင် မသိလိုက်ချေ။

ဇက်ပိုးတစ်ခုလုံး ကျဉ်တက်သွားပြီး မေ့လဲကျသွားတော့သည်။

ချိုအင်း အံ့အားသင့်သွားသည်။

"ခင်..ခင်ဗျား ဘာလုပ်လိုက်တာလဲ"

ဝူကျား ရယ်မောလိုက်၏။

"မင်းနားလည်အောင် ပြောရမယ်ဆိုယင် လူဖိုးက မင်းနဲ့ ယှဉ်ပြိုင်ဖို့ကျူပ်ကို ငှားခဲ့တာပဲ"

စကားဆုံးလျှင် ချိုအင်းအား တိုက်ခိုက်လိုက်လေသည်။

ချိုအင်းက ရှောင်တိမ်းလိုက်သည်။

ထို့နောက် အချုပ်ခန်းအတွင်း သူတပြန်ကိုယ်တပြန် တိုက်ခိုက်နေတော့သည်။

ဝူကျားမှာ ချိုအင်းသည် သိုင်းပညာအဆင့် မမြင့်ဟု အထင်သေးခဲ့သည်။

တကယ်တမ်း ရင်ဆိုင်လိုက်သောအခါ ချိုအင်း၏သိုင်းပညာသည် အဆင့်မြင့်ကြောင်း ဆင်ခြင်လိုက်မိသည်။

ထို့ကြောင့် မရဏလက်ပွားသိုင်းပညာအား ထုတ်ဖော်အသုံးပြုလိုက်လေသည်။

သူ၏သိုင်းကွက်မှာ ကြောက်မက်ဖွယ်ကောင်းအောင်



ပြောင်းလဲသွားသောအခါ ချိုအင်း ရင်ထိတ်သွားသည်။

သူက အခြေအနေ မဟန်မှန်းသိလျှင် ကျောက်စိမ်းလက်သိုင်းပညာကို ထုတ်ဖော်အသုံးပြုကာ ခုခံကာကွယ်လိုက်ရလေသည်။

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက် ထွက်ပေါ်လာသည်။

ချိုအင်းမှာ နောက်သို့လေးငါးလှမ်းမျှ ဆုတ်သွားရသည်။

ဝူကျားမှာလည်း နောက်သို့ခြောက်လှမ်းမျှ ဆုတ်ပေးလိုက်ရသည်။

သူ၏မျက်နှာပေါ်တွင် အံ့ဩသောဟန်မူရာများ ဖြစ်ပေါ်လာသည်။

"မင်းက ကျောက်စိမ်းလက်သိုင်းပညာကို တတ်မြောက်ထားတယ် ဟုတ်လား"

ချိုအင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝူကျားမျက်နှာ ကွက်ခနဲပျက်သွား၏။

စိတ်ထဲမှလည်း လူဖိုးအား ကြိတ်၍အပြစ်တင်လိုက်မိ၏။

လူဖိုး၏စကားအား ယုံကြည်၍ ချိုအင်းအား အလွယ်တကူ ရှင်းပစ်နိုင်မည်ဟု သူက ထင်မှတ်ထားခဲ့သည်။

ယခုမူ ချိုအင်းသည် ကျောက်စိမ်းလက်သိုင်းပညာကိုပင် တတ်မြောက်နေ၏။

အခြေအနေမှာ မိမိမျှော်မှန်းထားသလောက် မလွယ်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလိုက်သည်။

သို့သော် နောက်ဆုတ်ရန် လမ်းမရှိတော့ပါ။

မဖြစ်ဖြစ်သည့်နည်းနှင့် ရှင်းပစ်နိုင်အောင် ကြိုးစားရပေတော့မည်။

သူက လက်ညှိုးနှစ်ချောင်း ပူးကပ်ကာ ချီအင်း၏ရင်ဝသို့ ချိန်ရွယ်ထိုးသွင်းလိုက်၏။

အနီးသို့ရောက်မှ လက်နှစ်ဘက် ရုတ်ခြည်းခွဲထွက်သွားပြီး ချီအင်း၏ဝဲယာ ဂျိုင်းအောက်ဆီသို့ တိုက်ခိုက်လိုက်လေသည်။

သူက နောက်ဆုံးအဆင့်ဖြစ်သော 'ငရဲလမ်းစေညွှန်ရာ' သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ချီအင်းမှာ ကျောက်စိမ်းလက်သိုင်းပညာအား ပညာ ကုန်မရရှိထားခြင်းကြောင့် မည်သို့တုန့်ပြန်ရမှန်းမသိ ဖြစ်သွား၏။

သူက ဝူကျား၏လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည့် အခြေအနေတွင်...

"အား"

ဝူကျားမှာ ရူးရူးဝါးဝါး အော်ဟစ်ယင်း လဲကျသွားတော့သည်။

သူ၏နောက်တွင် သွေးစွန်းနေသော ဓားကိုကိုင်ကာ ရပ်နေ သော သန်းဖုံးအား တွေ့လိုက်ရလေသည်။

သန်းဖုံးသည် အချိန်မီ ပြန်လည်သတိရလာပြီး ဝူကျားအား တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠



လုယန်မြို့၌ ဖြစ်ပေါ်ခဲ့သော လူရှိတန်၏ဇာတ်ရှုပ်မှာ ပြီးဆုံးသွားပြီ ဖြစ်သည်။

လူရှိတန်သည် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများစွာကြောင့် သေဒဏ်အပြစ်ပေးခြင်း ခံလိုက်ရလေသည်။

ကျင်းပွဲကိုလည်း အကျဉ်းစခန်းတွင် ဖမ်းချုပ်ထားလိုက်၏။

ဝမ်ယုမှာ ပျော်မဆုံးအောင် ဖြစ်နေသည်။

ဟန်ထင်းရှိ၏ကြိုးစားမှုဖြင့် အမှုမှန်ပေါ်လာသောကြောင့် ဟန်ထင်းရှိအား အလွန်ပင်ကျေးဇူးတင်နေမိသည်။

ထို့အတူ ချီအင်း၊ ယိစင်းဖန်းနှင့်ယိဖုံးတို့ကလည်း အထူးပင် ကျေးဇူးတင်နေကြသည်။

အားလုံး ပြဿနာများ ပြီးဆုံးသွားချိန်တွင် ဟန်ထင်းရှိသည် ခရီးထွက်ရန် ပြင်ဆင်ခဲ့သည်။

သူသည် ဒုစရိုက်မှုများ နှိမ်နင်းရန်အတွက် လှည့်လည်ခရီးထွက်ရဦးမည် မဟုတ်ပါလား။

ဝမ်ယု၊ ချီအင်း၊ ယိစင်းဖန်းနှင့်ယိဖုံးတို့က မြို့ပြင်တိုင် လိုက်လံပို့ဆောင်ခဲ့သည်။

ယိဖုံး၏မျက်နှာသည် ညှိုးရော်နေသည်။

"အစ်ကို ပြန်လာဦးမှာလား ဟင်"

သူမက ဝမ်းနည်းသောလေသံဖြင့် မေးလိုက်သည်။

ဟန်ထင်းရှိ ခေါင်းညိတ်လိုက်၏။

"အစ်ကို တစ်နေ့တော့ ရောက်အောင်ပြန်လာခဲ့ပါ့မယ်"

ဤစကားသည် ရင်ထဲမှ ထွက်ပေါ်လာသောစကားပင်

www.burmeseclassic.com

www.burmeseclassic.com



ခြစ်လေသည်။

ယိဖုံး၏မျက်လုံးများ အရောင်တောက်ပသွား၏။

"ကျွန်မ အစ်ကို့ကို စောင့်မျှော်နေပါ့မယ်"

ထိုစကားကို ဟန်ထင်းရီက အကြွင်းမဲ့ယုံကြည်ထားလေသည်။

သူက အားလုံးကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။

ယိဖုံးသည် မျက်ရည်များ ရစ်ဝိုင်းလျက် မျက်စိတဆုံးငေးကြည့်နေမိသည်။

သူမ၏ရင်ထဲ၌လည်း ဟန်ထင်းရီတစ်ယောက် ကျန်းသေပြန်လာမည်ဟု ယုံကြည်ထားပေသည်။

မေတ္တာစစ် မေတ္တာမှန်ဆိုပါက တစ်ချိန်တွင် ပြန်လည်နီးစပ်ရမည် မဟုတ်ပါလား။

ဟန်ထင်းရီမှာ မြင်းကိုနှင်ယင်း လုယန်မြို့နှင့် ဝေးသည်ထက်ဝေးကွာသွားလေတော့သည်

ပြီးပါပြီ။

BURMESE CLASSIC

www.burmeseclassic.com